

The
YATI
MAGAZINE
Vol. 11,No.118 January,2014
FLASH BACK FASHION
TO STRENGTHFUL NEW YEAR
KYAW THU & ZARGANAR'S GREETINGS
MUSIC PLUS YATI

MEDIA GROUP
Asian Fame Media Group

| ငွေသော်တာ | ဟိန်းလတ် |
|---|---|
| ဥက္ကဋ္ဌ | ဒုဥက္ကဋ္ဌ |
| ceo@popularmyanmar.com | hanelatt@popularmyanmar.com |

The YATI MAGAZINE VOL-11, NO.118, JANUARY, 2014
စာပေအနုပညာမဂ္ဂဇင်း



| | |
|---|---|
| Editorial & Technical Director | ဖိုးနိုင်လင်း (ponainglin@gmail.com) |
| Art Director | မောင်မောင်အောင် (cartoonmma@gmail.com) |
| စီမံဒါရိုက်တာ | ဒီဇိုင်းပန်းချာန် (pannzan@gmail.com) |
| အယ်ဒီတာ | နွေးနွေးစစ်အောင် (nwaynwaysisaung@gmail.com) |
| အမှုဆောင်အယ်ဒီတာ | မြင့်သူဇာထွန်း (zarkalay174@gmail.com) |
| | ဖြိုးစုပိုပို (phyoesupopo@gmail.com) |
| တဗျာအယ်ဒီတာ | လင်းထိပ်သျှင် |
| လက်ထောက်အယ်ဒီတာ | သီတာစိုး |
| ဒီဇိုင်းတာဝန်ခံ | ထွန်းထွန်းလင်း |
| ဒီဇိုင်း | လင်းထွဋ် |
| လက်ထောက်ဒီဇိုင်း | ဝင်းဝင်းလှိုင် |
| စာစီစာရိုက် | ခင်သက်လှိုင် |
| စာပြင် | ဥမ္မာအေး |
| ကြော်ငြာအဖွဲ့ | ဇော်ဇော်အောင် (မန်နေဂျာ) (advertising@popularmyanmar.com) |
| | မေသင်းခိုင် |
| ဘဏ္ဍာရေးအဖွဲ့ | မိုးယုမာ (လက်ထောက်အထွေထွေ မန်နေဂျာ)၊ ခင်ငြိမ်းစုအေး (ဒု-မန်နေဂျာ)၊ နီလာဝင်း (လ/ထ မန်နေဂျာ) |
| ဖြန့်ချိရေးအဖွဲ့ | ဇော်လင်းဦး၊ သက်ထွန်းအောင်၊ ညီညီနိုင်၊ သောင်းမြတ်ကျော်၊ ထူးထူးအောင် |
| ရတီဓာတ်ပုံပညာရှင် | အေးဇော်မိုး (စက်မှု)၊ ဝဏ္ဏခွာနီး၊ ကိုနိုင် (ပေါ်ပြူလာ) |

| | |
|---|---|
| မျက်နှာဖုံးရှင် | မေဂရေ့စ် |
| ဓာတ်ပုံ | အေးဇော်မိုး (စက်မှု) |
| ဒီဇိုင်း | မောင်မောင်အောင် |
| ထုတ်ဝေသူ | ဒေါ်နန်းကလျာဝင်း (၀၄၃၀၈) |
| ဥပဒေအကြံပေး | ဦးအီနစ် (တရားရုံးချုပ်ရှေ့နေ) |
| ဖလင် | Eagle |
| အတွင်းကာလာခွဲ | ကမ္ဘာဦး |
| စာအုပ်ချုပ် | ရွှေသမီး |
| တန်ဖိုး | ၂၀၀၀ |
| အုပ်ရေ | ၁၅၀၀ |
| ပုံနှိပ် | ငွေကုံကော် (မြ-၀၆၁၆၁)၊ အောင်သိန်းသန်း(မြ-၀၅၉၉၂) |

**အယ်ဒီတာအဖွဲ့ရုံးခန်း**
အမှတ်-၁၅၀/၁၆၀၊ ၃၅ လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၁-၂၄၉၁၆၅၊ ၀၁-၃၈၅၄၉၅၊ ၀၁-၃၇၂၈၃၄
စာတိုက်သေတ္တာအမှတ်-၁၄၀
e-mail address : yatimagazine@gmail.com
facebook address : http://www.facebook.com/yatimagazine

**မန္တလေးရုံးခွဲ**
အမှတ် ၉၁၊ ၆၈ လမ်း၊ ၃၃ × ၃၄ လမ်းကြား၊ မန္တလေးမြို့။
ဖုန်း-၀၁၀၅၀၀၀၃၈၀၊ mandalayoffice@popularmyanmar.com

**ကြော်ငြာကိုယ်စားလှယ်**
ထိုက်ကြော်ငြာလုပ်ငန်း (မန္တလေး)
အမှတ်-၂၁၃၊ ၃၆ လမ်း၊ ၈၄×၈၅ လမ်းကြား၊ မန္တလေးမြို့။
၀၉-၂၀၀ ၅၅၇၂၊ ၀၉-၉၁၀ ၄၆၇၇၂



**ဒို့တာဝန်အရေးသုံးပါး**
- ပြည်ထောင်စု မပြိုကွဲရေး ... ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ... ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ... ဒို့အရေး

**ပြည်သူ့သဘောထား**
- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**
- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**
- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**
- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# အယ်ဒီတာ နှုတ်ခွန်းဆက်



တစ်နေ့က ပုဂ္ဂလိကကျောင်းတစ်ကျောင်း၏ ပညာရည်ထူးချွန်သော ကျောင်းသူ ကျောင်းသားများ ဂုဏ်ပြုချီးမြှင့်ပွဲတစ်ခုကို တက်ရောက်ဖြစ်ခဲ့သည်။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက နိုင်ငံတော်အတွက် ပညာရေးကဏ္ဍ၏ အရေးပါပုံနှင့် ပုဂ္ဂလိကကျောင်းဆရာများ၏ ကျေးဇူးဖြင့် ယခုကဲ့သို့ ပညာထူးချွန်သူ ကျောင်းသူ ကျောင်းသားများ ပေါ်ပေါက်လာခြင်းအတွက် ဝမ်းမြောက်ကြောင်း မုဒိတာစကား ချီးမြှင့်သွားသည်။ ထို့အပြင် ပြည်သူ့လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာစိုးရင် (ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်ဟောင်း) ကလည်း ကျူရှင်ဆရာများ၏ အခန်းကဏ္ဍကို မီးမောင်းထိုး ချီးကျူးစကားပြောကြားသွားခဲ့သည်ကို နားကြားခဲ့ရ၏။ ယခုအခါ ပညာရေးဝန်ကြီးဌာနက ကိုယ်ပိုင်ပုဂ္ဂလိကကျောင်းများကိုလည်း တရားဝင် ဖွင့်လှစ်ပေးခဲ့ပြီဖြစ်ရာ ကောင်းသောပညာရေးပြိုင်ဆိုင်မှုများ မြင်တွေ့လာရသည်။ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်များတွင်လည်း အဆောင်နေကျောင်းသူ ကျောင်းသားများကို စတင်လက်ခံတော့မည်ဖြစ်ကြောင်း သတင်းကောင်းတွေ အဆက်မပြတ် ကြားနေရသည်။ နိုင်ငံခြားတက္ကသိုလ်များနှင့် ပူးပေါင်းသင်ကြားပေးမည့် အစီအစဉ်များလည်း လုပ်ဆောင်နေပြီဖြစ်၍ အနာဂတ်မြန်မာ့ပညာရေး၏ ရွှေရောင်တောက်မည့် နေ့ရက်များကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုနေမိသည်။

ကမ္ဘာ့ကုလသမဂ္ဂ၏ ၂၀၁၂ အစီရင်ခံစာတစ်ခုတွင် မြန်မာပြည်သည် နိုင်ငံ ၂၀၀ အနက် ပညာရေးတွင် ၁၉၉ အဆင့်တွင် ရောက်နေကြောင်း သိရသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၊ နဝတ၊ နအဖခေတ်များတွင် ပညာရေးကို မျိုးစုံစမ်းသပ်ခဲ့ကြသည်။ ယခု ၂၀၁၃ အထိလည်း ထိုအစမ်းသပ်ခံပညာရေး၏ဆိုးကျိုးများက ရိုက်ခတ်နေဆဲ။ ၁၉၆၀ ပြည့်နှစ်များဆီက အရှေ့တောင်အာရှတွင် မြန်မာ့ပညာရေးအဆင့်သည် ဂုဏ်ထည်ခဲ့၏။ မြန်မာတက္ကသိုလ်များမှ ဘွဲ့ရပုဂ္ဂိုလ်များသည် နိုင်ငံတကာပညာရပ် အသီးသီးတွင် ဂုဏ်ယူဝင့်ကြွားဖွယ်ရာ ပုဂ္ဂိုလ်များဖြစ်ခဲ့သည်။ စနစ်သစ်ပညာရေး၊ ဒေသကောလိပ်ပညာရေး၊ ဝိဇ္ဇာသိပ္ပံခွဲလိုက်၊ တွဲလိုက်၊ အမိကဘာသာမေဂျာစနစ်တွေလုပ်လိုက်ဖြင့် မြန်မာ့ပညာရေးသည် တဖြည်းဖြည်း ဝဲဩဃများအလယ်တွင် စုန်းစုန်းမြုပ်မတတ်ဖြစ်ခဲ့၏။ ထိုအချိန်တွင် အရှေ့တောင်အာရှ အခြားနိုင်ငံပညာရေးများက တည်ငြိမ်စွာဖြင့် ကျော်တက်သွားကြ၏။ မြန်မာကျောင်းသားတို့သည် ထိုင်း၊ မလေးရှား၊ စင်ကာပူစသည့် နိုင်ငံများတွင် သွားရောက်ပညာသင်ကြရသည်အထိ အဆင့်လျော့ကျသွားသည်။

မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသူ ကျောင်းသားများမှာလည်း တစ်ပွဲတိုး အလွတ်ကျက် အာဂုံဆောင်ပညာရေးထဲတွင်သာ နစ်မျောနေကြ၏။ မနက်ကျောင်းတက်၊ ညနေကျူရှင်တက်၊ ညဘက် Guide နှင့်စာကျက်စသဖြင့် လုံးချာလည်နေကြသည်။ စာကြည့်တိုက်အသုံးချမှု၊ ထိုးထွင်းကြံဆတတ်မှု၊ စာတွေ့ကို လက်တွေ့ဖော်ဆောင်နိုင်မှုတို့ အားနည်းခဲ့ကြသည်။ ဒီကြားထဲ စာပေးစာယူတို့၊ အဝေးသင်တို့ကပါ ပေါပေါလောလောဘွဲ့ရများကို မွေးထုတ်လာခဲ့ရာ ထိုသူထိုသူတို့က ဆရာ၊ ဆရာမတွေ ပြန်ဖြစ်ကြ၊ မတတ်သည့်သူက မသိသူကို ယောင်ဝါးဝါးဖြင့် သင်ပေးကြ။ သို့ဖြင့် ပညာ ရွှေအိုး လူမခိုးဆိုသည့် ဆောင်ပုဒ်အဓိပ္ပာယ်ပင် ပျောက်လာသည်။ ပညာကို ဘယ်ခိုးပါ့မလဲ။ အသုံးမှ မကျတာဟု ပြောစမှတ်ပြုလာကြသည်။ ကိုယ်သင်ယူတတ်မြောက်ခဲ့သည့်ပညာဖြင့် အသုံးချခွင့်မရ၊ အသုံးလည်း မချတတ်ကြ၍ ရသည့်ဘွဲ့က တခြား လုပ်ရသည့်အလုပ်ကတစ်မျိုး ပြောင်းဆန်ကုန်ကြသည်။ လူနပ်ချမ်းသာခေတ်ထဲတွင် အမှီကောင်း၊ အနိုကောင်း၊ အခိုးကောင်းသူတွေက ချမ်းသာကြွယ်ဝကြပြီး ပညာတတ်ဆိုသူတွေက တုံးအောက်ကဖားဖြစ်ကြလေရာ ပညာကို လူငယ်များက အထင်မကြီးချင်တော့။ ကမ္ဘာမှာက 'ပညာခေတ်' ကြီး ပေါက်ကွဲဖြစ်တည်နေစဉ်တွင် မြန်မာက ပညာကို တန်ဖိုးမထားကြသလို ဖြစ်လာရာ၊ နိုင်ငံ၏ ရှေ့ရေးကား မတွေးရဲစရာ။

ယခုတော့ နိုင်ငံတော်အစိုးရကအစ ပေါ်လစီသစ်များ ချမှတ်ကာ မြန်မာ့ပညာရေးကို အစမှအဆုံးတိုင် ပြန်လည်ပြုပြင်တော့မည်ဖြစ်၍ နှောင်းခေတ်လူငယ်များအနေဖြင့် ကံကောင်းကြလေစွဟု အကြိုမုဒိတာပွားအပ်ပါသည်။

**အယ်ဒီတာအဖွဲ့**

# yati contents

VOL.11, NO.118, JANUARY.2014





2.. အယ်ဒီတာနှုတ်ခွန်းဆက်

ကဗျာ

7... မောင်လင်းကြည်၊ မောင်သင်းခိုင်၊
ကွန်စစ်ကောင်း၊ အောင်ဘညို၊ လူအိမ်၊
ဖေယျာလင်း

ကာတွန်း

13...မြေဇာ၊ မောင်မောင်၊ မောင်မောင်အောင်၊
လူကြီးမင်း

ရတီအထူးကဏ္ဍ

17...ခွန်အားရှိသော အတိတ် နှုတ်ခွန်းဆက်များ
အယ်ဒီတာအဖွဲ့

25...Flash Back Fashion
ကြယ်စင်လှိုင်း
ဖြိုးစုပိုပို

29...To Strengthful New Year
ဆန်းတိုးနိုင်၊ နေဝင်း၊ နန်းခေးမား၊ မာရီနာ
သီတာစိုး၊ အိအိထွေး

38..Cover Image
မေဂရေ့စ်
ဖြိုးစုပိုပို

52...ထိန်းသိမ်းဆန်းသစ် မြန်မာ့အလှစစ်
ကြည်သာမောင်ဝင်း၊ အလင်္ကာခေတ်
*Candle Rose* ၊ သီတာစိုး

61...MOD MOM
မြတ်သီရိလင်း၊ သားသားဟဲ၊ ညီညီဟဲ
ဖြိုးစုပိုပို

65...Audience of Celebrities' Choice
အေးမြတ်သူ၊ နိုင်ဇော်အောင်
သီတာစိုး

72...Music Plus Yati
ဖမ်နူး
*Zigzag*

75...Strengthful Greetings
ကျော်သူ၊ ဇာဂနာ၊ လင်းသိုက်ညွန့်၊
ဝင်းမင်းကောင်း၊ သီရိထွေ
အယ်ဒီတာအဖွဲ့

83...Greatest Hits of Make up
Toe Toe
ဖြိုးစုပိုပို






88...သူပြောတဲ့သူ့အကြောင်း
အိုင်ရင်းဖင်မာမြင့်
သီတာစိုး
97...သူတို့ပြောတဲ့ P
ရွှေကူမေနှင်း၊ မင်းချစ်သူ၊ဆောင်းဦးလှိုင်
ဖြိုးစုဝိုဝို
91...Beyond the Women
ဒေါ်ကလျာပြည့်ဝေသျှန်
ဖြိုးစုဝိုဝို
168...Women Forum
အနာဂတ်အားရဲ့ အမျိုးသမီးများ
အယ်ဒီတာအဖွဲ့


ရတီနိုင်ငံတကာ


22...စိတ်ထားမွန်မြတ်ပြီးဖက်ရှင်ကျတဲ့ မင်းသမီး
အော်ဒရေဟတ်ပ်ဘန်း
သိမ့်နှင်းအိမ်


# yati contents

VOL 11, NO 118, JANUARY, 2014











103...အင်္ဂလန်ထီးနန်း တတိယမြောက်နန်းလျာ
မင်းသားငယ် George ရဲ့တစ်မူထူးခြားတဲ့
အသွင်အပြင်လေးများ
နန်းစံမဒီ
106...Super Model
FREJA BEHA ERICHSEN
တင်လတ်သန္တာဝိုလ်
177...International News
ဖြိုးဖြိုး
182...အင်္ဂလန်နှင်းဆီ ကိတ်ဝင်းဆလက်
လန်းဦးမယ့် A Little Chaos
ရဲသစ်
184...ရတီကိုရီးယား
ဇင်မြင့်စံ
188...Film Feeling
ဖြိုးဖြိုး
144...မမရတီအမေးအဖြေ












# yati contents

VOL.11, NO.118, JANUARY, 2014


ရတီအသောအထွေ

192...ယနေ့မှစ တောနင့်တောင် အပေါင်မခံရ

*နကွတ်နီ*

196...Funny Photo

197...ကတ်သီးကတ်သတ် ပြောတဲ့

တောက်တီးတောက်တဲ့

ရတီကျန်းမာရေး

111...လှပစိုပြည်ရတီမေ

လိမ်းခြယ်မှုအတွက်စတင်ခြင်း

*မိုးကုတ်ပေါက်ပေါက်*

115...Health Life Style In Food

ပန်းဂေါ်ဖီစားကြမယ်

*ဒေါက်တာဇာနည်ဝင်း*

118...Family Doctor

ရတီဆောင်းပါး

20...ရဟန်းနှင့်အပြုံးတောအုပ်

*မေမွှဂဂီ*

80...စာမျက်နှာသစ်ဖွင့်လှစ်သူများ

*နှင်း*

174...လက်ကိုင်ဖုန်းပေါ် ကဇက်တီးရိုးယားများ

*ကျော်ဦး*

မန္တလေးအတွေး၊ မန္တလေးအရေး

140...ကြိုတင်ဘွတ်ကင်လုပ်လိုက်ချင်

*ကိုထွန်း (လမ်း-၈၀)*

ဖူးနသစ်လွင်ကဗျာဥယျာဉ်

146...ခိုင်လွန်း၊ မောင်မောင်စိုးလင်း၊

ကျော်လွင်ဦး(ပျဉ်းမနား)၊

နွေဝေနှင်း(မန္တလာမြေ)၊

ရွှေဂါး(မတ္တရာ)၊ မိုးအိပ်မက်၊ ကိုနတ်၊

ရွှေကြယ်မိုး

# yati contents

VOL.11, NO.118, JANUARY, 2014

ရတီပေဒင်
171...ဒေါက်တာမြတ်သစ် (မန္တလေး)

Yati Digest
176...တယ်လီဖုန်း ယဥ်ကျေးမှု
အလေ့အကျင့်ကောင်းများ
ကိုလင်းမာန်အောင်

ရတီဝေဖန်ရေး
166...ဒါရိုက်တာ မီးပွား၏
'အချစ်ကသင့်အားပြုစားခဲ့သော်'
မောင်အိမ်စံ






ရည်ညွှန်းဖွဲ့သီ ချစ်သူဆီ

160...လွမ်းချင်းတစ်ပုဒ်ထဲကဒဏ္ဍာရီ
မြနှင်းပုံ


ရတီဝတ္ထုတို
120...အာဂပြိုး
မာန်(တောင်လုံးပြန်)
124...ကုလားမခြေထောက်
ထက်မြတ်နိုင်ဇင်
130...တက်ခတ်သား
လှမြင့်အောင်(တောင်ကုတ်)
134...ရွက်မဲ့လှေ
ညိုရင့်
153...ရေနစ်သောမိုးကောင်းကင်
မမိုးမြေ

ပန်းချီသရုပ်ဖော်
မြတ်မင်းဟန်၊ အောင်ကျော်၊ စိုးသော်တာ၊
ခေတ်ဘုန်းမို၊ လင်းငြိမ်၊ လူကြီးမင်း၊
ငအိမ်ထက်မြတ်၊ ပန်းချာန်







# ရွာခြေတစ်ခေါက်ပြန်ဦးမှ


"သူ့အမေမှ မရှိတော့တာ
လာချင်မှ လာတော့မှာပေါ့..."
"သူ့အမေ မသေခင်က
မှာခဲ့တယ်လေ...
တို့မရှိလည်း၊ ရှိသလိုပင်
ရွာကို ဝင်ဟဲ့တဲ့...
အမေ့စကား နားထောင်တဲ့သား
အားရင် လာမှာပေါ့..."
"ရွာချစ်တဲ့သူ ယာချစ်တဲ့သူ
ချောင်းချစ်တဲ့သူ ထနောင်းချစ်တဲ့သူ
မန်ကျည်းချစ်တဲ့သူ ဆီး(ဇီး)ချစ်တဲ့သူ
ရွာအဝင်လမ်းချစ်တဲ့သူ တမာပင်တန်းချစ်တဲ့သူ
မြူထရင် နေမရ
နွေလဆို ပြန်လာမှာပါဟဲ့"
သူတို့စကား
နားထဲမှာ ကြားနေ ...
ခါနွေအပေါက်မှာ
ရွာခြေတစ်ခေါက်ပြန်ဦးမှ...။

မောင်လင်းကြည်

Poem
yati january 2014


# ရေလိုခန်းခြောက်ပစေသား

- လက်ပံတောင်းတောင်က
  လယ်တီဆရာတော်ဘုရားကြီးရဲ့
  စေတီတော်နဲ့ သာသနိက
  အဆောက်အဦတွေဟာ သမိုင်းဝင်
  အမွေအနှစ်တွေဖြစ်တယ်။
- ကြေးနီစီမံကိန်းကြောင့်
  စံပယ်တောင်၊ ကြေးစင်တောင်နဲ့
  လက်ပံတောင်းတောင်တွေဟာ
  မြေပြင်ပေါ်က ကွယ်ပျောက်သွားတော့မယ်
  တောင်တန်းတွေနဲ့အတူ
  စေတီပုထိုးနဲ့ သာသနိက
  အဆောက်အဦတွေလည်း ပျောက်ကွယ်သွားကြမှာပါပဲ။
- လယ်တီဆရာတော်ဘုရားကြီးဟာ
  နိုင်ငံတော်ရဲ့မျက်နှာဖြစ်တယ်
  နိုင်ငံတော်ရဲ့မျက်နှာကို မငဲ့ညှာ
  အိုးမည်းသုတ်ဖို့ကြိုးစားခဲ့တာ ဘယ်သူတွေလဲ
- ပြောတော့ ဗုဒ္ဓဘာသာစစ်စစ်ကြီးတွေဆို
  သူတစ်ပါးကိုတော့ မှိုချိုးမျှစ်ချိုး
  အားမနာပ လျှာရိုးမရှိတိုင်း
  "မွန်ရာယ်" တွေလို့ မဟားတရား
  မြိန်ရေရှက်ရေ ပြောတတ်လိုက်ကြတာ
  အရပ်ကတို့ရေ... ခုတော့ ကြည့်ကြစမ်းပါဦး
  ကျောင်းကန်ဇရပ်တွေကိုဖျက် ဘုရားကိုဖြို
  ၂၁ ရာစုသောနတ္ထိရှိတွေ ဖြစ်နေပါကလား
  လက်စသတ်တော့ သူတို့ကိုယ်တိုင် "မွန်ရာယ်"
  ဖြစ်မှန်းမသိ ဖြစ်နေတယ်ဆိုတာကို
  သိများမှ သိပါလေစ သူတို့လိုလူတွေ
  ရှိတော့ရှိတယ် ရှားတော့မရှားဘူး
  ခုတစ်လော လက်ရဲဇက်ရဲပိုပြီးတော့
  ပြည်သူကို နေလိုမီးလို ကျင့်သုံးလာတယ်။
- ရဟန်းသံဃာတော်တွေနဲ့
  လယ်တီဆရာတော်ဘုရားကြီးရဲ့
  အမွေအနှစ်ကို ထိန်းသိမ်းဖို့
  ဗုဒ္ဓသာသနာတော်ကို အသက်ပေးပြီး
  စောင့်ရှောက်ကာကွယ်ဖို့
  ပြည်သူတွေနဲ့အတူ တစ်လုံးတစ်စည်း
  ရဟန်းသံဃာတော်တွေဟာ
  လက်ပံတောင်းစီမံကိန်း ဖျက်သိမ်းဖို့
  အကြမ်းမဖက် ငြိမ်းချမ်းစွာ
  ဆန္ဒပြ ထုတ်ဖော်ပြသခဲ့တယ်။
- တန်ဆောင်မုန်းလပြည့်ည
  ကြယ်ပေါင်းစုံနဲ့ည
  ဗုဒ္ဓဘာသာဝင်တို့ရဲ့ထွတ်မြတ်တဲ့ည
  ဆန္ဒပြနေကြတဲ့ သံဃာထုစခန်းအတွင်း
  လပြည့်ဝန်း တိမ်မည်းတိမ်လိပ်တွေထဲက
  ရုန်းထွက်ပြီး အလင်းအလှူပေးနေတယ်။



- မောင်ရှင်ဆိုင်းထမ်း ရေမှုတ်မကမ်းခင်
  ပတ္တမြားရည် မယိုစီးခင်
  အရုဏ်လင်းကြက်မတွန်ခင်
  သံဃာထုရဲ့သပိတ်စခန်းကို
  စစ်မြေပြင်လို သဘောထားပြီး
  စစ်ရေးမဟာဗျူဟာနဲ့ အကြမ်းဖက်
  ချေမှုန်းသိမ်းပိုက်ကြတယ်။
- မီးသတ်ပိုက်တွေနဲ့ပက်
  မီးလောင်ပုံး(နပမ်း) တွေပစ်သွင်း
  အော်သံ၊ ဆူသံ၊ ကမ္ဘာပျက်သလို ဘဝင်ညှဲ
  ဖရိုဖရဲ လဲသူ၊ ကွဲသူ မီးလောင်ပြင်ထဲ
  သင်္ကန်းတွေမီးစွဲ၊ သံဃာတော်တွေမီးလောင်
  လက်ပံတောင်းတောင်ရဲ့အရုဏ်ဦး
  ဝေသာလီပြည် ဘီလူးဝင်သလိုပါပဲ။
- ရဟန်းရှင်လူ ပြည်သူတွေနဲ့
  စံပယ်တောင်၊ ကြေးစင်တောင်
  လက်ပံတောင်း တောင်တန်းတွေရဲ့
  ချစ်ခြင်းကိုဖြိုခွင်းခဲ့ကြတဲ့
  သောနတ္ထိရှိလက်သစ်တွေဖတ်ဖို့
  (တောင်တွင်း ရှင်ငြိမ်းမယ်)ရဲ့
  အိုင်ချင်းတစ်ပိုဒ်ကို မေတ္တာရှေ့ထားပြီး
  မျှဝေပေးလိုက်ပါတယ်။
  (တို့ချစ်ခြင်း ကွင်းအောင်တစေ နှေတိုင်းမွေ့ တဲ့
  သက်ကြီးဝန်တို မြင်တိုင်း မုန်းစရာ (ဂုံး)မအို
  ရေလိုခန်းခြောက်ပစေသား)...။ ။

မောင်သင်းနိုင်




## စာမေးပွဲ


ပုစ္ဆာကို ကိုယ်တိုင်တွက်ကြဖို့ ပြောတာပါ
တခြားလူတွက်ထားတဲ့ အဖြေကို
လေနာ်းထစ် မယုံကြည်လိုက်ကြဖို့ ပြောတာပါ
ဘုရားရှင်တောင်မှ
"ငါဘုရားဟောကြားသော တရားဖြစ်၍လည်း
မယုံကြည်လေနှင့်" လို့ မိန့်ကြားခဲ့သေးတာပဲ
ကိုယ်တိုင်တွက်ကြဖို့ ပြောတာပါ
"၁ နှင့် ၁ ပေါင်းလျှင် မည်မျှရရှိမည်နည်း" ဆိုလျှင်
"၁ + ၁ = ၂. အဖြေ = ၂" ဆိုသလိုမျိုး
ကိုယ်တိုင်တွက်ကြဖို့ ပြောတာပါ
ပုစ္ဆာတွေ အများကြီးလာလိမ့်မယ်
ပေးထားချက်တွေ အများကြီးနဲ့ လာလိမ့်မယ်
ငရဲတစ်ဝိသာထဲက ကုသိုလ်တစ်ပဲနုတ်လျှင်
စိတ်ပျက်ခြင်း မည်မျှကျန်မည်နည်း ...
ကိုယ်ကျိုးစီးပွားကိုတည်ပြီး နာမည်ကြီးလိုခြင်းနှင့် မြှောက်လျှင်
ဗရုတ်သုတ်ခတွေ မည်မျှရရှိမည်နည်း ... စသဖြင့် ...စသဖြင့်...

မြင်းကို ချီထစ်ပေါင်းပေးလိုက်လျှင်
မည်သို့သော သတ္တဝါ ရရှိမည်နည်း...
လှေထဲရှိ ငါးခုံးမ ၉၉ ကောင်ထဲသို့
ပုပ်နေသော ငါးခုံးမ ၁ ကောင်ပေါင်းလိုက်လျှင်
လှေတစ်စီးလုံး၌ အနံ့အသက်ကောင်းကောင်း
ဘယ်နကောင်ရရှိမည်နည်း...စသဖြင့် ...စသဖြင့်...
နိုင်ငံရေးနယ်ချဲ့ခြင်းနှင့် စီးပွားရေး နယ်ချဲ့ခြင်းပေါင်းလျှင်
အခြားနိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေး အားမခံချက်
မည်မျှရရှိမည်နည်း...
ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးအား
နိုင်ငံကြီး ၅ နိုင်ငံက ဝိုင်းစားလျှင်
မှန်ကန်မှုအကြွင်း မည်မျှရရှိမည်နည်း ...စသဖြင့်...စသဖြင့်...
တစည နှင့် NDF ပေါင်းလျှင်
ပန်းပင်ဘယ်နပင်ရရှိမည်နည်း...
NLD ထဲက ဒေါ်အောင်ဆန်းစုကြည်အား နုတ်လျှင်
ဝမ်းသာပျော်ရွှင်မှု မည်မျှ ကျန်ရှိမည်နည်း...စသဖြင့်...စသဖြင့်...
နိုင်ငံရေးသမားကိုတည်ပြီး ခရိုနီနှင့်မြှောက်လျှင်
စိတ်ချရမှု မည်မျှထွက်လာမည်နည်း...
အနာဂတ်ထဲမှ အတိတ်ကို နုတ်လိုက်လျှင်
အမှန်တရား မည်မျှကျန်ရှိမည်နည်း...စသဖြင့် ...စသဖြင့်...
စံလင်းဆန္ဒ လင်းထိပ်သျှင်ဆန္ဒ
တိုးလွင်မာန မောင်နီးမာန လူအိမ်မာန
လှသန်းဒေါသ အောင်ဘညိုဒေါသ ကြည်ဇော်အေးဒေါသ
ဟိန်းမြတ်ဇော်ဒေါသ
ထိုစိတ်ဓာတ်တွေ အားလုံးပေါင်းလျှင်
ပြင်းအား မည်မျှရှိသော ငလျင်ကို ရရှိမည်နည်း...
ဂန္ထဝင်ကိုတည်ပြီး ချေဗွေတားရားနှင့် မြှောက်လျှင်
အရှိန်အဟုန်ကောင်းကောင်း နည်းစနစ်အသစ်တွေ
မည်မျှထွက်ပေါ်လာမည်နည်း...စသဖြင့်...စသဖြင့်...စသဖြင့်
ခဲရာခဲဆစ် / လွယ်လွယ်ကူကူ
ပုစ္ဆာတွေ အများကြီးလာလိမ့်မယ် ...စသဖြင့် ...စသဖြင့်...စသဖြင့်...
ရှေ့ရေးရှေ့ရာစာမေးပွဲမှာ
"သုညနှင့် သုညပေါင်းလျှင် မည်မျှရရှိမည်နည်း" ဆိုတဲ့ ပုစ္ဆာမျိုးတွေ
စိတ်ပျက်ဖွယ်ရာ
ရွံရှာဖွယ်ရာ
အကြိမ်ကြိမ်အခါခါ တွေ့ရနိုင်တယ်...စသဖြင့် ... စသဖြင့်....။

ကွန်စစ်ကောင်း

Poem

yati january 2014




# ရှင်းတမ်း

ငါတို့ နှစ်ငါးဆယ်မှာ
ဘကြီးအောင်တွေနဲ့...။

ငါတို့ နှစ်ငါးဆယ်မှာ
မြင်းထိန်းငတာတွေနဲ့ ...။

ငါတို့ နှစ်ငါးဆယ်မှာ
သံပရာသီးကြိုးကြားဥ လုပ်သူတွေနဲ့ ...။

ငါတို့ နှစ်ငါးဆယ်မှာ
သားတရားစီရင်ခန်းတွေနဲ့...။

ငါတို့ နှစ်ငါးဆယ်မှာ
တည့်တည့်ပစ်တဲ့ သေနတ်တွေနဲ့ ...။

ငါတို့ နှစ်ငါးဆယ်မှာ
ဝါးစိမ်းတုတ်တွေနဲ့ မီးလောင်ပုံးတွေနဲ့ ...။

ငါတို့ရဲ့နှစ်ငါးဆယ်မှာ
မြွေလိုအရေခွံလဲသူတွေ
ပုတ်သင်ညိုလို အရောင်ပြောင်းသူတွေ
လိပ်လို ကိုယ့်ဘက်ယက်တဲ့ တိရစ္ဆာန်တွေနဲ့ ...။

ငါတို့ရဲ့နှစ်ငါးဆယ်မှာ
သာကူးတွေ၊ နာဘူးတွေ၊ ဂန်ဒူးတွေနဲ့ ...။

ဩော် ...နှစ်ငါးဆယ်မှာ
ငါတို့ အစိုးမရခဲ့ကြပါလား ...။ ။

အောင်ဘညို

Poem


yati january 2014




## ပဋိပက္ခ

အရာချခံလိုက်ရ
နန်းကျဘုရင်တစ်ပါးဆီကလာတယ်
ပါဝါမဲ့ အာဏာမဲ့ အရာရာမဲ့
ရွှေနန်းတော်ဆီနောက်ကြောင်း ပြန်လှည့်ခွင့်မရှိတော့သူ
အပယ်ခံတစ်စုဆီကလာတယ်
အပြောင်းအလဲမလိုလား
တည်ဆဲ၌ အရသာတွေ့
ခေတ်ကိုနောက်ပြန်ရွှေ့ချင်သူ
တစ်စုဆီကလာတယ်
အဝေးကွင်းမကစားလို
အိမ်ကွင်း၌သာ ဗိုလ်ဆွဲချင်
အာဏာနဲ့ငွေအရောင်းအဝယ်တည့်နေသူ
တစ်စုဆီကလာတယ်
ဘယ်သူသေသေ၊ သေချင်သလောက်သေ
အကုန်လုံးသေလည်းသေ
ငါတစ်ယောက်တည်းကျန်နေ မကောင်းဘူးလား
ငတေတစ်စုဆီကလာတယ်
ငါ့သား ငါ့သမီး ငါ့လူမျိုး ငါ့ဘာသာတရား ငါ့နိုင်ငံတော်ကြီး
နေရာတကာ ငါစည်းတွေများလွန်း
အဝိဇ္ဇာဆို့နေတဲ့ ပြဿနာတချို့ဆီကလာတယ်
သတိမရှိရင်တော့ အဓိပတိတွေတောင် ဖောက်ပြန်တတ်တာပါပဲ
အရာရာ သတိမလစ်မှ အရှိအဖြစ်ကို မြင်နိုင်ပေလိမ့်
ရာစုနှစ်တစ်ဝက်ကျော် လိုက်ဆယ်ခဲ့ရ
သက်နုစ ဒီမိုကရေစီလေးပါ
အပင်မဖြစ်ခင် အကိုင်းကိုအရင်သွားမချိုးလိုက်ကြပါနဲ့
ဒီတစ်ခါနစ်ရင်
ခေတ်သစ်ဆိုတာလည်း ရှိနိုင်တော့မှာ မဟုတ်ဘူး။ ။

လှအိမ်




# နောက်တစ်လုံး
# ထရေးဒါးစ်မှာတွေ့ရှိ

ဒီတစ်ခါ ဘာကောင်ပေါက်မလဲ
ယခင်လို အစိမ်းပဲလား
မစိမ်းတစိမ်း မကျက်တကျက်လား
ကံ မတရားထူးသူမို့ ဗလာပဲလား

မြို့လယ်ကောင်မှာ
ဥကြီးတစ်လုံး
အားလုံးဝိုင်းပတ်ကြည့်ကြပေါ့
ဝိုင်းကြီးပတ်ပတ်ဒူဝေဝေပေါ့
တစ်ယောက်တစ်ပေါက်ပေါက်ကြပေါ့

ဘယ်လိုပဲပေါက်ပေါက်
ဘာပဲနောက်ဆုံးပေါက်


"အဲ့ပေါက်ကြီးကိုကာကွယ်မည်
အဲ့ပေါက်ကြီးကို ကာကွယ်မည်..."

ပေါက်တဲ့သဘော မပြောတော့ပါဘူး
ဘနဖူး သိုက်တူးကြည့်ရင် တစ်နိုင်ငံစာ ထွက်နိုင်တယ်
အဲဒါကြီးကို ပေါက်ချင်တာ
အဲ့မှာ ဘာကောင်ပေါက်နေလဲ

ဒီဥဘယ်ကလာသလဲ...
ဘယ်ဘက်ကလာလာ ညာဘက်ကလာလာ
ဖလားတို့ ကကိုင်လျက်ပါ
ဖလားထဲမှာဘာဥ...။ ။


ဖေယျာလင်း

Poem
yati january 2014






မင်းတို့စေ့စပ် ကြောင်းလမ်းထားတာကို ဖျက်သိမ်းလိုက်ပြီဆို ဟုတ်လား။
ဟုတ်တယ်ကွာ သဘောထားချင်း မတိုက်ဆိုင်လို့-
ဒီလိုဆို မင်းဘက်က နစ်နာတာပေါ့-
အို။ မဟုတ်ဘူး။ စေ့စပ်ပွဲမှာ လက်စွပ် ချင်းလဲတာ။ ငါ့လက်စွပ်က ငါးမူးသား၊ သူ့လက်စွပ်က တစ်ကျပ်သား၊ ပြန်မပေးပဲ ထားလိုက်တော့။ ကိုယ်မြတ်တာပေါ့ကွ၊ ဟား။ ဟား။
2013


ကဲ..ဂျင်
ဆိုကြစမ်း...
2013



လူသားတိုင်းဟာ နေ့သစ်တွေရောက်လာ တိုင်း ပိုမိုကောင်းမွန်တဲ့ အခြေအနေတွေကို ရရှိဖို့ မျှော်လင့်တတ်ကြပါတယ်။
ယခုလို နှစ်တစ်နှစ်ရဲ့စာမျက်နှာသစ်ကို စတင်ဖွင့်လှစ်လိုက်ချိန်မှာလည်း အကောင်းဆုံးနှစ် ဖြစ်လာဖို့ တောင့်တကြပါတယ်။
လူမှုဘဝထဲမှာပဲဖြစ်ဖြစ်.. လုပ်ငန်းခွင်နဲ့ စီးပွားရေးလောကထဲမှာပဲဖြစ်ဖြစ်.. နိုင်ငံရေး မျက်နှာစာပဲဖြစ်ဖြစ် မှားယွင်းခဲ့တဲ့ လမ်းဟောင်း များကို ပြန်လည်မလျှောက်ချင်ကြတာ သဘာဝပါ။
ဒါကြောင့် နှစ်တစ်နှစ်ကုန်ဆုံးတိုင်း ဖြတ်သန်းလွန်မြောက်ခဲ့တဲ့ကာလကို ပြန်လည်သုံးသပ် ရင်း ရှေ့ဆက်ဖို့ ဘာတွေ ပြင်ဆင်ကြမလဲဆိုတာကို ချမှတ်ကြရမှာပါပဲ။
မျှော်လင့်ချက်စိတ်ကူးသစ်တွေနဲ့ ရှင်သန် နိုးထနေကြမယ့် ရတီပရိသတ်များအတွက် ၂၀၁၄ လမ်းမကို မျှော်လင့်ရင်း ရင်ခုန်ခံစားနိုင်ဖို့ ယခင် ၂၀၁၃ နှစ်သစ်ကာလက နှုတ်ခွန်းဆက်ခဲ့ကြသူ နိုင်ငံ့ခေါင်းဆောင်များရဲ့ ပဋိညာဉ်စကားအချို့ကို စုစည်းတင်ဆက် လိုက်ပါတယ်။

# ခွန်အားရှိသော
# အတိတ်နှုတ်ခွန်းဆက်များ





## ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး

၂၀၁၃ ခုနှစ်စမှ နှစ်သစ်ကူး နှုတ်ဆက်တဲ့အနေနဲ့ လူတိုင်း ကျန်းမာပျော်ရွှင်ပြီး တစ်ဦးနဲ့ တစ်ဦး နားလည်မှုရှိရှိနဲ့ ပူးပေါင်းဆောင်ရွက်နိုင်ကြစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။



## နိုင်ဂျီးရီးယားသမ္မတ ဂွတ်လပ်ဂျိုနသန်

ဒီနှစ်သစ်မှာ အမျိုးသားစည်းရုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေး၊ တိုးတက်ရေးတို့ကို ပိုမိုစိတ်ဝင်တစား ဦးစားပေးလုပ်ကြရမယ်။ ဒီအတွက် ကျွန်တော်တို့ ပိုမိုညီညွတ်ကြဖို့၊ လုံ့လဉဿဟကို ပိုစိုက်ထုတ်ဖို့ လိုပါတယ်။

## မြောက်ကိုရီးယား ခေါင်းဆောင် ကင်မ်ဂျုံအမ်

ပြည်သူတွေရဲ့ လူနေမှုအဆင့်အတန်း ထပ်မံတိုးမြှင့်ဖို့ လိုအပ်ပါတယ်။ အရင်စိတ်ဓာတ်မျိုးတွေနဲ့ပဲ စီးပွားရေး ခိုင်မာတောင့်တင်းဖို့ ပိုမိုကြိုးစားကြရမယ်။ ခေါင်းဆောင်ပိုင်းနဲ့ ပြည်သူတွေက ယုံကြည်စိတ်နဲ့ အောင်မြင်မှုကို သေချာပေါက် ရယူဖို့ သတ္တိစွမ်းပကား ရှိကြရမယ်။ တောင်ကိုရီးယားနဲ့ ထိပ်တိုက်ရင်ဆိုင်မှု လျှော့ချပြီး ပြန်လည်ပေါင်းစည်းရေးကို ကြိုးစားကြရမယ်။





## ပုပ်ရဟန်းမင်းကြီး

၂၀၁၃ ဟာ ငြိမ်းချမ်းရေးနှစ် ဖြစ်မယ်လို့ မျှော်လင့်ပါတယ်။ ကမ္ဘာကြီးဟာ ခေနရှင်ဝါဒ၊ အကြမ်းဖက်ဝါဒနဲ့ ရာဇဝတ်မှုတွေရဲ့ ထိန်းချုပ်မှု အောက်မှာရှိနေဆဲပါ။ နှစ်သစ်ဆိုတာ ခရီးတစ်ခုနဲ့ တူပါတယ်။ ထာဝရဘုရားရှင်ရဲ့ တန်ခိုးတော် နဲ့ လူတိုင်း၊ မိသားစုတိုင်း၊ နိုင်ငံတိုင်းနဲ့ ကမ္ဘာကြီး တစ်ခုလုံး ငြိမ်းချမ်းရေးကို လျှောက်လှမ်းတဲ့လမ်းကို စတင်လျှောက်လှမ်းနိုင်ကြပါစေ။



## ဖင်လန်သမ္မတ ဆောက်လီနီအင်နစ်ကို

ဖင်လန်နိုင်ငံကို ကမ္ဘာကြီးနဲ့ တံခါးဖွင့်ဆက်ဆံတဲ့အစဉ်အလာကို ဆက်လက်ထိန်းသိမ်းကြရမယ်။ ကုန်သွယ်ရေး၊ ငြိမ်းချမ်းမှုတည်ဆောက်ရေး၊ နိုင်ငံတကာဆက်ဆံရေးတွေကို ခုနှစ်သစ်က စပြီး အရင်ကထက် ပိုဦးစားပေးလုပ်ဆောင်ကြဖို့ နှစ်သစ်ကူးမှာ ပြည်သူကို တောင်းဆိုပါတယ်။

## အမေရိကန်သမ္မတ ဘားရက်အိုဘားမား

ဒီနေ့ လူတိုင်းလိုလို အနည်းဆုံး တစ်ရက်တော့ အနားရကြမှာပဲ။ တချို့လည်း ရက်ထပ်ကြာကြာ အနားရကြမှာပါ။ ဒါမှလည်း လူတွေက သူတို့ဘာသာ သူတို့ အားအင်ပြည့်ဖြိုး၊ စိတ်ဓာတ် လန်းဆန်းကြမှာပါ။ ဒါလည်း အရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ၂၀၁၃ မှာ ကျွန်တော်တို့ လုပ်စရာတွေ အများကြီးရှိနေလို့ပါ။





## ဦးသိန်းစိန်

ပွင့်လင်းလွတ်လပ်မှုများ မရှိခဲ့ဘဲ အထီးကျန် ဆန်ခဲ့ရတဲ့ ကျွန်တော်တို့ လူ့အဖွဲ့အစည်းမှာ ပြုပြင်စရာ၊ ပြောင်းလဲစရာတွေနဲ့ ပြည့်နှက်နေတာကို ကျွန်တော်တို့အားလုံး သိရှိကြပါတယ်။ ကျွန်တော်တို့အနေနဲ့ ယခုလို ပြုပြင်ပြောင်းလဲရေးကာလမှာ အကောင်းဆုံးအခြေအနေကို မျှော်လင့်ပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ အကောင်းဆုံးမျှော်လင့်တာ သဘာဝကျတဲ့ ကိစ္စဖြစ်ပါတယ်။ မျှော်လင့်ချက်တွေအတွက် ဆန္ဒထုတ်ဖော်တောင်းဆိုပိုင်ခွင့်လည်း ရှိကြပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ လူ့အဖွဲ့အစည်းတစ်ရပ်လုံးအတွက် အရေးကြီးဆုံးကတော့ အခုလက်ရှိဖော်ဆောင်နေတဲ့ ပြုပြင်ပြောင်းလဲမှုများကတစ်ဆင့် သေချာရေရာတဲ့ အနာဂတ်ဖြစ်အောင် တည်ဆောက်ရေးပဲ ဖြစ်ပါတယ်။ လွတ်လပ်ပွင့်လင်းမှုရှိလာတဲ့ အခြေအနေကို ရင့်ကျက်မှုရှိရှိနဲ့ တုံ့ပြန်နိုင်မှသာ ကျွန်တော်တို့ရဲ့ တူညီတဲ့ ရည်မှန်းချက်ကို အရောက်လှမ်းနိုင်မှာ ဖြစ်ပါတယ်. . . . . . . . .

. . . . . . . . . မကြာမီမှာ ကျရောက်တော့မယ့် လွတ်လပ်ရေးနေ့နဲ့ ဆက်စပ်ပြီး ကျွန်တော်တွေးမိတဲ့ အကြောင်းအရာတစ်ခုကို ပြည်သူလူထုကြီးကို မျှဝေလို ပါတယ်။ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအနေနဲ့ လွတ်လပ်ရေးရယူစဉ်က စုစည်းနိုင်ခဲ့တဲ့ ညီညွတ်မှုအင်အားအတိုင်း နိုင်ငံသားတစ်ဦးချင်း၊ တစ်ယောက်ချင်းစီက လက်တွဲလုပ်ဆောင်နိုင်မယ်ဆိုပါလျှင် ယခုကြုံတွေ့နေရတဲ့ အပြောင်းအလဲတွေ၊ စိန်ခေါ်မှုတွေကို မလွဲမသွေ ကျော်လွှားနိုင် မယ်ဆိုတဲ့အတွေးပဲ ဖြစ်ပါတယ်။



## ဒေါ်အောင်ဆန်းစုကြည်

ဒီဇင်ဘာ ၃၁ ရက်နေ့ည

နိုင်ငံတစ်နိုင်ငံရဲ့ တကယ့်အနှစ်သာရဟာ နိုင်ငံသူ၊ နိုင်ငံသားတွေပါ။ နိုင်ငံသူ၊ နိုင်ငံသားတွေ အရည်အချင်းရှိမှ နိုင်ငံလည်း တိုးတက်မယ်။ နိုင်ငံလည်း အဆင့်ရှိမယ်။ ဒါကြောင့်မို့ ကျွန်မရဲ့ နှစ်သစ်ကူးဆုတောင်းလေးက အင်မတန်မှ ရိုးသားပါတယ်။

ကျွန်မတို့ရဲ့ ပြည်သူပြည်သားများ တစ်နေ့ထက်တစ်နေ့ ပိုပြီးအရည်အချင်းတွေ တိုးတက်နိုင်ပါစေ။ ကိုယ့်ရဲ့တာဝန်တွေကို ကိုယ်သိသိနဲ့ ကိုယ်ရသင့်ရထိုက်တဲ့ အခွင့်အရေးအတွက် လုပ်ရဲကိုင်ရဲပါစေလို့ ကျွန်မအနေနဲ့ ဆုတောင်း မေတ္တာပို့လိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်။



# ရဟန်းနှင့် အပြုံးတောအုပ်

ဓမ္မဂင်္ဂါ

ကျေးငှက်တေးသီသံတွေကို နာပျော်မှု မရှိတော့တာ ဘယ်လောက်ကြာပြီတဲ့လဲ။

ဗာရာဏသီရောက် ရဟန်းတစ်ပါးရဲ့ သွေ့ခြောက်လှတဲ့ နေ့ရက်တွေအတွက် နောင်တရဖို့ လိုလေမလား။ သူသည် အခန်းကျဉ်းလေးထဲတွင် ထိုင်ကာ ကွန်ပျူတာကီးဘုတ်ကို တချက်ချက်ရိုက်ရင်း ဝါကျတချို့ စရေးဖြစ်သည်။

မကြာမီ ရွှေပြည်ကြီး၏ အပြုံးတောအုပ်တွင် သူ့စိတ်နှလုံးကို ပြန်လည်ရောနှောစိုက်ပျိုးခွင့်ရတော့မည်။ အပြုံးငတ်သူအတွက် အမဲ့တဒဂ်သည်ကြာရှည်၏။ မဇ္ဈိမတွင် ခြောက်နှစ်တာ အပြုံးမဲ့နေ့ရက်များကို သူ ဖြတ်သန်းခဲ့ရပြီးပြီပဲ။

ပိဋကတ်စာမျက်နှာများပေါ် ဖြတ်သန်းရစဉ်က ခံစားမြင်သိခဲ့ရသော ဘီစီခြောက်ရာစုမဇ္ဈိမ၏ ခမ်းနားသောအသွင်အပြင်နှင့် သိမ်မွေ့သော စိတ်နှလုံးပိုင်ရှင်တို့၏ သိတ၊ ဟသိတအပြုံးများက ကာလကတ္တားမြို့တော် ဆူဘတ်ချန္ဒရာဘို့စ် လေဆိပ်မှ ထွက်သည်နှင့် ပျောက်ရှသွားပြီးဖြစ်ကြောင်း သေချာခဲ့သည်။

မူလပကတိ ရွှေပြည်ကြီးသား မြန်မာတစ်ယောက်၏ စိတ်အခြေခံနှင့် တိုက်ဆိုင်မှုမရှိ၊ ကွဲပြားခြားနားလှသော ခေတ်သစ်မဇ္ဈိမ၏ ဖော်ရွေမှုကင်း၊ ရိုင်းပင်းမှုမရှိသည့် ယဉ်ကျေးမှုအခင်းအကျင်းကို သူ ဘဝင်မကျခဲ့။

ခုတော့ မဖြိုမ၏ မပျော်ခြောက်နှစ်၊ ပျော်ခြောက်နှစ်ကာလ ကုန်ဆုံးသွားခဲ့ပြီ။

Yeah ...Freedom from the Smileless days!

သို့ပေမင့် ရွှေပြည်ကြီး၏ ပစ္စက္ခအရေးအရာ အသိုက်အမြုံအပြောင်းအလဲများက အဲဒီအပြုံးတွေကို ခုတ်ထွင်ထားခဲ့ရင်ရော. . .။ ရွှေပြည်ကြီး၏ အသွေးအသားမှန်သမျှကို တူးဆွနေကြသည်။

အပြုံးငှက်တို့များဖြင့် ဖြုဟ္ဒစိုရ်စိမ်းလန်းမှုပြုံးတီးနေသော တစ်ရံရောဆီက အပြုံးတောအုပ်ကြီး . . .။

သူ နည်းနည်းတော့ ပူစပ်စပ်ဖြစ်သွားသည်။ ဝေဒနက္ခန္ဓာများလည်း မလုံမခြုံဖြစ်သွားရ၏။

ရွှေပြည်ကြီးက ပြောင်းလဲနေသည်နှင့် ပြောင်းလဲနေပြီကြားထဲ ခပ်မှုံးမှုံးလျှောက်နေရဟန်တူသည်။

သတင်းစာမျက်နှာများကို ဖတ်ကြည့်မိလေတိုင်း မနာလိုဝန်တိုမှု၊ ပဋိပက္ခ၊ ဝိရောဓိနှင့် ရန်လိုချင်သော စကားလုံးတို့ဖြင့် ရွှေပြည်တော်ကို မျှော်နေကြသည်။

ရွှေပြည်တော်ရယ် မျှော်လေတိုင်း ဝေး. . . . . . . .

ဓူဝံကြယ်စင် မြင်နေလည်း ဝေး. . .။

ဖြုဟ္ဒစိုရ်တန်ဖိုးများနဲ့ ဘာဖြစ်လို့များ အုတ်မြစ်မချနိုင်ကြသေးပါလိမ့်။ ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်တတ်တော့ သူတစ်ပါးကိုလည်း ခွင့်မလွှတ်တတ်တော့လေပြီလား။

အိပ်ရာက နိုးထလေတိုင်း အကျိတ်အခဲတစ်ခုက ရင်ဘတ်တိုင်းကို ဆောင့်တိုးနေကြဆဲပဲထင်သည်။ အာယာတတရားဆိုတာ အနှောင်အဖွဲ့ တစ်မျိုးပါပဲလေ။

ဗုဒ္ဓအရှင်ရဲ့ အကျောမေန ဇိနေ ကောဓံ ရန်လိုမှုကို မေတ္တာနဲ့ အနိုင်ယူ ဒေသနာဆိုတာ မေ့ကထိကန္ဒတ်ဖျားက ထွက်ကျလာတဲ့အခါသာ သာဓုခေါ်ကောင်းရုံပဲ ဖြစ်မယ်ထင်ရဲ့။

တကယ်တော့ မိတ်ဆွေရဟန်းတော်တစ်ပါး ပြောဖူးသလို ငါတို့အမျိုးတွေက စက္ကူပေါ်က ဗုဒ္ဓဘာသာဝင်တွေ (Buddhists on the paper) တဲ့။

လွန်ခဲ့သောနှစ်က မြောက်ဝန်ရိုးစွန်းက စကင်ဒီနေဗီယန်းနိုင်ငံများကို နှံ့လုနီးပါး ရောက်သွားခဲ့သည်။

ဗုဒ္ဓတရားတော်နှင့်ညီညွတ်သည့် နေထိုင်မှုအနုပညာ ( The Buddhist Art of Living) ထွန်းကားသီးပွင့်နေတာ ငြိမ်းချမ်းပျော်ရွှင်ဖွယ်ရာကိုယ်တိုင်မြင်ခဲ့ရသည်။

ဗုဒ္ဓဘာသာဆိုသော ဆိုင်းဘုတ်ကြီးများ မတွေ့ခဲ့ရ။ ထိုနိုင်ငံ၊ ထိုလူမျိုးတို့က ဗုဒ္ဓအရှင်၏ မင်္ဂလာတရားတော်များကို လက်တွေ့ကျင့်သုံးဆောက်တည်နေကြသည်။

မင်္ဂလာတရားတော်များသည် ထိုနိုင်ငံများတွင် လမ်းပြမြေပုံ (Road Map)အစစ်ဖြစ်နေသည်။ အေးချမ်းလှသော စကင်ဒီနေဗီယန် အပြုံးများကို သူ မမေ့. . ။ After you ကျင့်ဝတ်ကို သူ မြတ်နိုးခဲ့ရသည်။

ဒီကမ္ဘာပေါ်မှာ လူသားတစ်ဦးနဲ့တစ်ဦး နူးညံ့ခြင်းပြိုင်ပွဲ မရှိတာကိုတော့ ကျွန်တော်က ရယ်သွမ်းသွေးလိုလှပါတယ်ဟု ရေးဖွဲ့ခဲ့သော ကဗျာဆရာကြီး မောင်ချောနွယ်သည် ရွှေပြည်ကြီး တစ်ခုတည်း၏ အခင်းအကျင်းကိုသာ စိတ်မောစွာ မြင်သွားတာပဲဖြစ်ပေမည်။။

(မော်ဒန်ကဗျာကဝိကြီးခမျာ ကျားတံဆိပ်တစ်လုံးနဲ့ မြောက်ဝင်ရိုးစွန်းမှာ မုဒိတာစကားလုံးတွေ ရေးဖွဲ့မသွားရရှာ. . )

နော်ဝေနိုင်ငံသားတို့၏ စိတ်ရှုခင်းကို ကြည့်ပါလေဦး။ နိုင်ငံအညွန့်အညှောက် လူငယ်မျိုးဆက်လေးများကို အစုအပြုံလိုက်သတ်ဖြတ်ခဲ့သည့် လူသတ်သမားကိုပင် ခွင့်လွှတ်နိုင်ကြလေသည်တဲ့။

ဥပဒေကသာ အပြစ်ကို သုတ်သင်ပေးလိမ့်မည်. . ဟူသောအတွေးအခေါ်ဖြင့် တိမ်းပါးသွားကြရှာသည့် လူငယ်မျိုးဆက်လေးများ၏ ကျန်ရစ်သူမိသားစုများကို ဘယ်လိုနှစ်သိမ့်ကြမလဲ ဆိုသည်ကိုသာ ဦးတည်ခဲ့ကြသည်။

ကျန်ရစ်သူတို့၏ မျက်ရည်များကိုသာ သောကစင်အောင် သုတ်ပေးဖို့ ကြိုးစားခဲ့ကြသည်။

နောက်ထပ်သေနတ်သံများ မကြားရလေအောင် လူသတ်သမား၏ နောက်ကြောင်းဘဝကို ခြေရာခံကြသည်။။ ဘယ်လိုစိတ်ဒဏ်ရာတွေနဲ့များ ကြီးပြင်းခဲ့ပါသလဲ။ ဒီလို စိတ်အနာမျိုး လူဘယ်နှစ်ဦးဆီ ကူးစက်နေခဲ့ပြီလဲ။ ကြိုတင်ကာကွယ်ဖို့ ပြင်ဆင်ကြသည်။

ရွှေပြည်ကြီးမှာလည်း စိတ်အနာတွေက များလှပါပကော။ စိတ်အနာတွေပေါ် ဖိဖိမနင်းကြဖို့။ နာနေသူတွေကိုယ်တိုင်လည်း မေတ္တာဆေးဝါးသောက်သုံးကုသကြဖို့။ မလွယ်မှန်းသိပေမယ့် တခြားနည်းလမ်းတွေက မီးခိုးတွေ အူလွန်းတယ်။ ထမင်းအိုးလေးတွေ မှောက်လွန်းတယ်။စာသင်ခန်းလေးတွေ မှောင်လွန်းတယ်။

ဘာပဲဖြစ်ဖြစ်. . ရွှေပြည်ကြီး၏ ပျောက်ဆုံးလောင်ကျွမ်းနေသော အပြုံးတောအုပ်များကို ပြန်လည်စိုက်ပျိုးကြရပါဦးမည်။

သူကိုယ်တိုင်မှာရော. . . အပြုံးအခက်အလက်တွေ ဝေဆာနေပါသေးရဲ့လား။

သစ်ပင်တစ်ပင်၏ ရယ်သံကို ကြားမိသလိုလို. . .

**မေွှဂင်္ဂါ**

ရွှေပြည်ကြီးကပြောင်းလဲနေသည်နှင့် ပြောင်းလဲနေပြီကြားထဲ ခပ်မှုံးမှုံးလျှောက်နေရဟန်တူသည်။ သတင်းစာမျက်နှာများကို ဖတ်ကြည့်မိလေတိုင်း မနာလိုဝန်တိုမှု၊ ပဋိပက္ခ၊ ဝိရောဓိနှင့် ရန်လိုချင်သော စကားလုံးတို့ဖြင့် ရွှေပြည်တော်ကို မျှော်နေကြသည်။












# စိတ်ထားမွန်မြတ်ပြီး ဖက်ရှင်ကျတဲ့ မင်းသမီး အော်ဒရေဟတ်ပ်ဘန်း

သိမ့်နှင်းအိမ်

ဟောလီးဝုဒ် ရွှေခေတ်ကာလများဆီက ရုပ်ရှင်လောကမှာ အောင်မြင်မှုတွေရသလို ဖက်ရှင် မင်းသမီးအဖြစ် အသိအမှတ်ပြုခံရသူက ဗြိတိန်မင်းသမီး အော်ဒရေဟတ်ပ်ဘန်းပါ။ အမေရိက ရုပ်ရှင်သမိုင်းရဲ့ အကြီးမြတ်ဆုံး တတိယမြောက် အမျိုးသမီးအဖြစ် အမေရိကန်ရုပ်ရှင် အင်စတီကျု့က သတ်မှတ်ထားပြီး နိုင်ငံ တကာမှာဖက်ရှင်ကျကျ အလှဆုံးဝတ်ဆင်တတ်သူအဖြစ်လက်ခံထားတဲ့ အပြင်ဘယ် အချိန်ကြည့်ကြည့် သဘာဝကျကျ လှပသူအဖြစ်လည်း အသိအမှတ်ပြုထားပါသည်။

ဟတ်ပ်ဘန်းကို ဘယ်လ်ဂျီယံနိုင်ငံ ဘရက်ဆဲလ်ခရိုင် ixelles ဒေသမှာ မွေးဖွားခဲ့ပါတယ်။ ကလေးဘဝက ဘယ်လ်ဂျီယံနိုင်ငံ၊ အင်္ဂလန် နဲ့ နယ်သာလန်နိုင်ငံတွေမှာ နေထိုင်ခဲ့ဖူးပါတယ်။ ဘဲလေးအက ကို အမ်စတာဒမ်နှစ်မှာနေစဉ်က လေ့လာသင်ယူခဲ့ပြီး ဆက်လက် ဆည်းပူးနိုင်ဖို့အတွက် ၁၉၄၈ ခုနှစ် မှာ လန်ဒန်သို့ ပြောင်းရွှေ့ နေထိုင်ခဲ့ကာ West End ဂီတပြဇာတ်ရဲ့သံစုံတီးဝိုင်းမှာပါဝင်ဖျော်ဖြေခဲ့ဖူးပါတယ်။

ဗြိတိန်ရုပ်ရှင်ဇာတ်ကား အများအပြားနဲ့



ဘရော့ဒ်ဝေးရုပ်ရှင်ထုတ် လုပ်ရေးရဲ့ Gigi ရုပ်ရှင်ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ခဲ့ပြီး နောက် ၁၉၅၃ ခုနှစ်မှာ Roman Holiday ရုပ်ရှင်ဇာတ်ကားမှာ အဓိက ဇာတ်ဆောင်နေရာက ပါဝင်သရုပ်ဆောင်ခဲ့ပြီး အော်စကာဆုရရှိခဲ့ပါတယ်။ အဲဒီ နောက်ပိုင်းမှာ Sabrina, The Nun's Story, Breakfast at Tiffany's, Charade, My Fair Lady နဲ့ Wait Until Dark စတဲ့ နာမည်ကြီး ရုပ်ရှင်ဇာတ်ကားတွေမှာ ပါဝင်သရုပ်ဆောင်ခဲ့ပြီး အော်စကာဆု၊ ရွှေကမ္ဘာလုံးဆုတွေ ရရှိခဲ့ကာ BAFTA ဆုအတွက် ဆန်ခါတင်ရွေးချယ်ခံခဲ့ရပြီး ဘရော့ဝေးရုပ်ရှင်ထုတ်လုပ်ရေးရဲ့ Online ပြဇာတ်ရုပ်ရှင်နဲ့ တိုနီဆု ချီးမြှင့်ခံရပါတယ်။ သူက အော်စကာ၊ အမ်မီ၊ ဂရမ်မီနဲ့ တိုနီဆုစတဲ့ ဆုတံဆိပ် ပေါင်းများစွာကို ရရှိပိုင်ဆိုင်ထားတဲ့ သူတစ်ယောက်ပါ။ အမေရိကသမိုင်းမှာ Roman Holiday ရုပ်ရှင် ဇာတ်ကားတစ်ကားတည်းနဲ့ အော်စကာဆု၊ ရွှေကမ္ဘာလုံးဆု၊ BAFIA ဆုနဲ့ တိုနီဆုစတဲ့ ဆုကြီးလေးဆုကို ပိုင် ဆိုင်ထားတဲ့ ပထမဆုံးရုပ်ရှင် မင်းသမီးပါ။

နောက်ပိုင်း ဇာတ်ကားရိုက်ကူးမှုအနည်းငယ်သာ လက်ခံခဲ့ပြီး U N I C E F အဖွဲ့အစည်းရဲ့ အဖွဲ့ဝင် တစ်ဦးအဖြစ်ဘဝကို မြှုပ်နှံခဲ့ပါ တယ်။ ၁၉၈၈ ခုနှစ်မှ ၁၉၉၂ ခု ကြားကာလ တွေမှာ အာဖရိကရှိ ဆင်းရဲချို့တဲ့ဒေသ၊ တောင်အာဖရိကနဲ့ အာရှမှာ ပရဟိတလုပ်ငန်းတွေ လုပ်ကိုင်ရင်း မွေ့ပျော်ခဲ့ပါတယ်။ UNICEF ရဲ့ Goodwill သံတမန် တစ်ဦးအနေနဲ့ အားတက် သရော လုပ်ဆောင်ခဲ့တာကြောင့် ၁၉၉၂ ခုနှစ်မှာ Presidential Medal of Freedom ဆုကို ရရှိခဲ့ပါတယ်။ ဒါပေမဲ့ ဟတ်ပ်ဘန်း ကံမကောင်းရှာ ပါဘူး။ ဆုရပြီး တစ်လအကြာမှာ ၁၉၉၃ ခုနှစ် အစောပိုင်းမှာ အူအတက်ကင်ဆာနဲ့ နေအိမ်မှာ ကွယ်လွန်ခဲ့ပါတယ်။ ကွယ်လွန်ချိန်မှာ အသက် ၆၃ နှစ် ရှိပါပြီ။

အမြဲတစေ စတိုင်ကျသူ ဟက်ပ်ဘန်းက ဖက်ရှင်နဲ့ ပတ်သက်တဲ့ လိုက်နာရမယ့် အချက်တွေ သတ်မှတ်ထားပါတယ်။ ဘယ်တော့ ကြည့်ကြည့်စမတ်ကျစေဖို့ ဘာတွေ ဘယ်လိုတွဲဖက်ဝတ်ဆင်ရမယ်ဆိုတာကို သတ်မှတ်ထားပါတယ်။ Sabrina ရုပ်ရှင်ဇာတ်ကားနဲ့ Breakfast at Tiffany ရုပ်ရှင်ဇာတ်ကားမှာ ဝတ်ခဲ့တဲ့ အနက်ရောင် ဝတ်စုံဆိုရင် ကမ္ဘာနဲ့အဝန်း အင်မတန်ကျော်ကြားခဲ့ပါတယ်။ သူနဲ့လည်း လိုက်ဖက်လွန်းပြီး ဝတ်စုံနဲ့အတူ Accessories တွေကိုလည်း အတွဲညီညီ ဝတ်ဆင်ထားပါတယ်။ အရောင်ရင့်ရင့်တွေကို ကြိုက်နှစ်သက်သူဟတ်ပ်ဘန်းဟာ ထသွားထလာအတွက်ဆိုရင်ဂျင်းဘောင်းဘီကို အမြတ်တနိုး ဝတ်ဆင်ပါတယ်။ လည်ဟိုက်အကျႌတွေက သူ့အသည်းစွဲပါပဲ။ ဝတ်စုံနဲ့ လိုက်တဲ့ အဆင်တန်ဆာတွေကိုလည်း လိုက်လျောညီထွေဖြစ်အောင် ဝတ်ဆင်လေ့ရှိပါတယ်။ ဘယ်ဝတ်စုံနဲ့မဆိုလည်စီးပဝါ၊ နေကာမျက်မှန်၊ လက်အိတ်၊ ပုလဲစတာတွေကို ဖက်ရှင်ကျနအောင် ဝတ်တတ်ပါတယ်။ စတိုင်ကျကျလှပသူအဖြစ် သတ်မှတ်ခဲ့ရဖို့ အဝတ်အစားဝတ်တတ်ရုံမက ကိုယ်နေဟန်ထား ပြောပုံဆိုပုံ အမူအရာတွေက သိပ်ကိုအရေးကြီးတယ်လို့လည်း သူကဆိုထားပြန်ပါတယ်။ ဟက်ပ်ဘန်းက လက်ဝတ်ရတနာပစ္စည်းထဲမှာ ပုလဲကို ခုံမင်နှစ်သက်ဆုံးဖြစ်ပြီး အတုတွေ ဝတ်တာထက် အစစ်ကိုသာ ဝတ်ဆင်သင့်ကြောင်း သေးသေးပိစိလေးပဲဝတ်နိုင်ပါစေ အတုထက်အစစ်ကသာ ကိုယ့်ကို တန်ဖိုးရှိစေတယ်လို့ သူက အဓိပ္ပာယ်ဖွင့်ဆိုပါတယ်။

ရုပ်ရည်ချောမောလှပသလို အောင်မြင်မှုတွေဆင့်ကဲပိုင်ဆိုင်ထားပေမယ့် မောက်မာသူတစ်ယောက် မဟုတ်ခဲ့ပါဘူး။ ဖြူစင်စိတ်ထားနဲ့ ချို့ငဲ့ဒေသက ဒုက္ခရောက်ပြည်သူတွေကို စိတ်ရောကိုယ်ပါနှစ်မြှုပ်ကူညီခဲ့ပါတယ်။ ကာလကြာရှည် UNICEF ရဲ့ သံတမန်တစ်ဦးအဖြစ် ထမ်းဆောင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဟတ်ပ်ဘန်းကို ဂုဏ်ပြုတဲ့အနေနဲ့ UNICEF ရဲ့ နယူးယောက်ဌာနချုပ်မှာ ဟတ်ပ်ဘန်း စိတ်ဓာတ် အမည်ရသူရဲ့ ရုပ်တုကို ဖွင့်လှစ်ထားရှိပါတယ်။

**သိမ့်နှင်းအိမ်**

Ref; Wiki



# *Flash Back Fashion*

**MODEL**
KYAL SIN HLAINN
**DESIGNER**
AYE AYE THWE
(AAT FASHION)
**PHOTO**
KO NAING (POPULAR)
**ARRANGED BY**
PHYOE SU PO PO







# To Strengthful NEW YEAR





# To Strengthful NEW YEAR

**Model**
San Toe Naing
**Designer**
Sharta
**Photo**
Ko Naing (Popular)
**Arranged by**
Ei Ei Htwe





# To Strengthful NEW YEAR

**Model**
Nay Win
**Designer**
Sharta
**Photo**
Ko Naing (Popular)
**Arranged by**
Ei Ei Htwe





# To Strengthful NEW YEAR

**Model**
Nang Khay Mar
**Make-up**
Hello
**Designer**
Thwin Su Htwe
**Photo**
Aung Zaw (Love Space)
**Arranged by**
Thida Soe





# To Strengthful NEW YEAR

**Model**
Marina
**Designer**
Thwin Su Htwe
**Photo**
Aung Zaw (Love Space)
**Arranged by**
Thida Soe




model . may grace / drapping designer . mudra (much & more fashion) / make up . gucci aung
photo . aye zaw moe (setthmu) / arranged by phyoe su po po
cover image




















# ယဉ်ကျေးမှုရတနာ အရိုးလည်း မပုံး အံ့မခန်းဆန်းသစ်မှု အရွက်လည်း ပေါ်ခဲ့တဲ့ မြန်မာ့ဆီးဂိမ်းဖွင့်ပွဲည




အံ့သြပျော်ရွှင်မှုကို ဖော်ပြရန် လူတို့၏ မျက်နှာတွင် သင်္ကေတများများ မရှိပါ။ ထို့အတူ အံ့သြပျော်ရွှင်မှုအတွက် ထုတ်ဖော်ဟစ်ကြွေးလိုက်မိသည့် အသံတို့ကလည်း ကွဲပြားမှုမရှိ။ ဤနည်းတူ အံ့သြပျော်ရွှင်မှုကို အလိုအလျောက် တုံ့ပြန်မှုများကလည်း တူညီပါသည်။

ထိုအရာမှာ အရယ်အပြုံးများ၊ အားရပါးရ ဟစ်ကြွေးလိုက်သော ဝမ်းခေါင်းသံများဖြစ်သည်။ တစ်နေရာတည်းဆီမှ တိုင်ပင်မထားဘဲ ပြိုင်တူ ပေါ်ထွက်လာသော တစ်ခဲနက်အသံလှိုင်း၏ အင်အားက လူတိုင်း၏နှလုံးသားကို တသိမ့်သိမ့် တုန်ခါသွားစေခဲ့သည်။ အကယ်၍ အထက်ပါ အရာများကို အမည်နာမတပ်မည်ဆိုပါက ဇာတိမာန်၊ ဂုဏ်သိက္ခာ၊ ဝင့်ကြွားမှုနှင့် နိုင်ငံချစ်စိတ်များဟူ၍သာ ဆိုရတော့မည်ဖြစ်သည်။

၂၇ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပွဲတော် (SEA Games) ကို မြန်မာ့မြေပေါ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရပြီး နောက် ဒီဇင်ဘာ ၁၁ ရက်နေ့က နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီး၌ ကျင်းပခဲ့သော ဖွင့်ပွဲမြင်ကွင်းများဆီမှ အထက်ပါ အရာများက ပျံ့လွင့်တုန်ဟည်းခဲ့ပါသည်။

တံခါးပိတ်မှုများစွာဖြင့် ဆွံ့အ နောက်ကျကျန်ခဲ့သော မြန်မာနိုင်ငံအတွက် ထိုအားကစားပြိုင်ပွဲကြီးက လက်ရှိအပြောင်းအလဲများစွာနှင့်အတူ ထပ်မံထွန်းတောက်ခဲ့သော အလင်းရောင်တစ်ခုဟု ဆိုနိုင်ပါသည်။

PHOTO: ASIAN FAME MEDIA GROUP



အဆင့်မြင့်နည်းပညာသုံး အလင်းအမှောင် သရုပ်ဖော်ပုံရိပ်များ၊ ပုဂံခေတ် ရိုးရာယဉ်ကျေးမှု အက အလှတေးသရုပ်ဖော်၊ အာဆီယံဆယ်နိုင်ငံ ကိုယ်စားပြုရိုးရာအကများ၊ မြန်မာတိုင်းရင်းသား ပြည်ထောင်စုညီညွတ်မှုကို ဖော်ညွှန်းသည့် စုပေါင်းအကများ စသည် စသည်တို့ဖြင့် အံ့မခန်း လှပ၍ ဂုဏ်သိက္ခာရှိသော ပွဲတော်တစ်ခုကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။

မြန်မာ မြန်မာ အော်ဟစ်အားပေးသံများ၊ လက်ခုပ်သံများနှင့် ကောင်းကင်ယံပေါ် သံစုံ မြည်ဟိန်း၍ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် တိုးတက် သွားသော ရောင်စုံမီးရှူးမီးပန်းများကလည်း အိမ်ရှင်နိုင်ငံ၏ တာဝန်ကျေမှုစွမ်းအားကို ပြသ နေသကဲ့သို့ပင်။

အထင်သေးမှုများ၊ မယုံကြည်နိုင်မှုများနှင့် စိန်ခေါ်မှုများစွာတို့အလယ် နှစ်ပေါင်းများစွာ မျက်နှာငယ်ခဲ့ရသော 'မြန်မာ' ဟူသည့် နိုင်ငံတစ်ခု နှင့် ပြည်သူ၊ ပြည်သားတို့အတွက်မူ မင်းညီ မင်းသားအသွင်ဖြင့် နတ်ရထားပေါ်မှ ညို့ကို ဆွဲကာ ငင်လိုက်သော မြားတစ်စင်း ထွန်းညှိလိုက် သည့် မီးတိုင်ကြီး၏ အလင်းနှင့်အတူ တစ်သက် တစ်ခါ ဂုဏ်ယူဝင့်ကြွားစွာ အသံထွက်ပျော်ရွှင်ခွင့် ရသည့် လွတ်လပ်မှုသည်လည်း အောင်ပွဲများစွာ ဖြင့် ကမ္ဘာတည်ပါစေဟု မျှော်လင့်ဆုတောင်းနေမိ ပါတော့သည်။





မော်ဒယ် - ပိုးအိထွန်း (မန္တလေးတိုင်းဒေသကြီး)၊ မိတ်ကပ် - ခင်စန်းဝင်း၊



မော်ဒယ် - အိစက်မွန် (ပဲခူးတိုင်းဒေသကြီး)၊ မိတ်ကပ် - ခင်စန်းဝင်း၊ မိုဟိုင်နာ - ဖိုးတုတ်ဖေါ်ဖေါ်



မော်ဒယ် - ဆွေဆွေအောင် (တနင်္သာရီတိုင်းဒေသကြီး)၊ မိတ်ကပ် - ခင်စန်းဝင်း၊ မိုဟိုင်နာ - ငြိမ်းဖိုးအောင်




CAMBODIA


BRUNEI


INDONESIA


MODEL : KYI THAR MAUNG WIN / MUA : ROYAL STYLE & FASHION/ PHOTO AND CREATIVE : CANDLEROSE
ထိန်းသိမ်းဆန်းသစ်
မြန်မာ့အလှစစ်





# ထိန်းသိမ်းဆန်းသစ် မြန်မာ့အလှစစ်

မော်ဒယ်-အလက်ာခေတ်
မိတ်ကပ်- Gucci အောင်
ဒီဇိုင်နာ- မျိုးမင်းစိုး
လက်ဝတ်ရတနာ- ငွေထီးသုံးလက်
ဓာတ်ပုံ- တင်ကိုထွန်း
စီစဉ်သူ- သီတာစိုး
















# MOD MOM

**Model** Myat Thiri Lin, Thar Thar Hal, Nyi Nyi Hal
**Photo** Ko Naing (Popular) **Arranged by** Phyoe Su Po Po






Bis for



# AUDIENCE OF
# CELEBRITIES' CHOICE

ARRANGED BY THIDA SOE

ဒီကဏ္ဍလေးမှာ အောင်မြင်တဲ့ အနုပညာရှင်တွေကို အလှည့်ကျဖိတ်ခေါ်ပြီး တင်ဆက်လာခဲ့တာဟာ အခုအချိန်မှာတော့ ရတီပရိသတ်တွေနဲ့ တစ်သားတည်း ဖြစ်နေခဲ့ပါပြီနော်။ ပရိသတ်နဲ့ တစ်သားတည်းဖြစ်ခဲ့တဲ့ ဒီကဏ္ဍလေးမှာ ယခုလအတွက် ပါဝင်မယ့်သူတွေကတော့ မော်ဒယ် သရုပ်ဆောင် အေးမြတ်သူနဲ့ အနုပညာနဲ့ ပတ်သက်ရင် ထိတွေ့မှုရှိတဲ့ HardWare Technician နိုင်ဇော်အောင်တို့ရဲ့ ပုံရိပ်များပဲ ဖြစ်ပါတယ်။ နှစ်သစ်ရဲ့ အစဖြစ်တဲ့ ဇန်နဝါရီလရဲ့ လတ်ဆတ်အေးမြတဲ့ အငွေ့အသက်တွေနဲ့ အတူ Celebrity နဲ့ Audience တို့ရဲ့ လတ်ဆတ်တဲ့ အပြုံးတွေနဲ့ ပျော်ရွှင်နေတဲ့ ပုံရိပ်တွေက ပရိသတ် ရင်ထဲကို ဝင်ရောက်ခိုဝင်နိုင်မယ်လို့ ယုံကြည်မိပါတယ်ရှင်။ နှစ်သစ်မှာ ရတီပရိသတ်ကြီးအားလုံး လိုအင်ဆန္ဒများ ပြည့်ဝကြပါစေလို့ ဒီကဏ္ဍလေးက တစ်ဆင့် ရတီဝိုင်းတော်သားများက ဆုတောင်းပေးလိုက်ပါတယ်နော်။



**Model** - Aye Myat Thu, Naing Zaw Aung
**Make up** - Phyo(KSW)
**Dress for Audience** - KUDOS Fashion Bar
**Photo** - Aung Zaw(Love Space)







# ပရိသတ်အမေးအနုပညာရှင်အဖြေ

**အစ်မအနုပညာလောကကို စလုပ်တုန်းက အစ်မကြုံတွေ့ခဲ့ရတဲ့ အခက်အခဲလေးတွေကို ပြောပြပေးပါဦး။**

အခက်အခဲကတော့ သူ့နေရာနဲ့သူရှိတာပေါ့နော်။ အခက်အခဲရှိပေမယ့်လည်း ဝါသနာပါတော့ ကြိုးစားခဲ့ရတာပဲလေ။ ကိုယ့်ဘာသာကိုယ်လည်းလေ့လာတယ်။ ဝါရင့်အနုပညာရှင်တွေနဲ့ အတူ သရုပ်ဆောင်ရရင်လည်း သူတို့သရုပ်ဆောင်တာတွေကို အနီးကပ်လေ့လာခွင့်ရတော့ လေ့လာတာပေါ့နော်။ အဓိကကတော့ ကိုယ်လုပ်တဲ့အလုပ်က ကိုယ်ဝါသနာပါတဲ့ အလုပ်ဆိုရင် အခက်အခဲတွေကို ပိုပြီး ကျော်လွှားနိုင်တာပေါ့။ ဘယ်အလုပ်ပဲဖြစ်ဖြစ် အခက်အခဲဆိုတာကတော့ နေရာတိုင်းမှာ ရှိတာပဲလေ။ နိုင်ငံခြားက အခွေတွေကိုလည်း လေ့လာစရာရှိတယ်။ အတုယူစရာရှိတာကို အတုယူတယ်။

**အစ်မက ဘယ်လို ဖက်ရှင်မျိုးတွေကို ဝတ်ရတာသဘောကျလဲ။**

အစ်မကတော့ အစ်မနဲ့ အဆင်ပြေပြီး သက်သောင့်သက်သာဖြစ်စေတဲ့ ဝတ်စုံလေးတွေကို ရွေးချယ်ပြီး ဝတ်ဖြစ်ပါတယ်။ အဓိကကတော့ သွားရတဲ့ ပွဲပေါ် မူတည်ပြီး ရွေးချယ်ဖြစ်တာများပါတယ်။ အပြင်မှာ ဆိုရင်တော့ ပေါ့ပေါ့ပါးပါး ပုံစံလေးတွေ ဝတ်ဖြစ်တာများပါတယ်။

**အစ်မရဲ့ ပုံစံက မိန်းမသိပ်မဆန်ဘူးနော်။**

ဟုတ်တယ်။ အစ်မက အစ်ကိုနဲ့ အတူတူကြီးပြင်းခဲ့ရတာလေ။ အဲဒါကြောင့် အစ်မရဲ့ ပုံစံက မိန်းမမဆန်ဘူးဖြစ်နေတာ။ အရင်တုန်းကဆိုရင် မိန်းမဆန်တဲ့ ပုံစံတွေ သိပ်မဝတ်ဖြစ်ဘူး။ စကားပြောရင်တောင် အစ်မက "ကျွန်တော်ကျွန်တော်" နဲ့ ပြောနေတာလေ(ရယ်လျက်)။ အနုပညာအလုပ်ကို စလုပ်တဲ့အချိန်မှာတော့ မိန်းမဆန်တဲ့ အဝတ်အစားတွေဝတ်ပြီး အလှတွေပြင်တတ်လာတာပေါ့နော်။

**အစ်မအနေနဲ့ အချစ်နဲ့ ပတ်သက်ပြီး အဓိပ္ပာယ်ဖွင့်ဆိုပါဆိုရင်. . .**

၅၂၈ အချစ်ကတော့ မိဘ၊ မောင်နှမ အချစ်ဆိုတော့ အေးချမ်းတာပေါ့။ ၁၅၀၀ ကတော့ နည်းနည်းပူလောင်တာပေါ့နော်။ ဘယ်လိုအချစ်မျိုးပဲဖြစ်ဖြစ်၊ နားလည်မှုတွေ၊ စာနာမှုတွေရှိဖို့က အဓိကပါပဲ။ ၁၅၀၀ အချစ်ကတော့ ပိုပြီး နားလည်မှုတွေ၊ စာနာမှုတွေရှိဖို့ လိုအပ်တယ် လို့ ထင်ပါတယ်။ သူစိမ်းနှစ်ယောက် တွေ့ဆုံကြတာဖြစ်တဲ့အတွက် အစစအရာရာကို သည်းခံနိုင်စွမ်းတွေရှိနေရာမှာပေါ့နော်။ အစ်မကတော့ အဲဒီလောက်ပဲ ပြောပြတတ်ပါတယ် မောင်လေးရယ်။

**အစ်မသရုပ်ဆောင်ခဲ့ရတဲ့ ဇာတ်ကားတွေထဲမှာ အကြိုက်ဆုံးနဲ့ အမှတ်ရဆုံး ဇာတ်ရုပ်ရှိလား။**

အစ်မက ဇာတ်ကားတွေကို သေချာစိစစ်ရွေးချယ်ပြီးမှ ရိုက်တာပါ။ ကိုယ်သရုပ်ဆောင်တဲ့ ဇာတ်ကားတိုင်းမှာ အတတ်နိုင်ဆုံးသရုပ်တူအောင် သရုပ်ဆောင်ပါတယ်။ ဇာတ်ကားအတွက် လိုအပ်တာတွေကိုလည်း အမြဲကြိုတင်စီစဉ်ဖြစ်တယ်။ အစ်မသရုပ်ဆောင်ထားတဲ့ ဇာတ်ကားတိုင်းကို အစ်မကတော့ အားရကျေနပ်ခဲ့ပါတယ်။ အနုပညာလောကကို စဝင်တုန်းကတော့ သရုပ်ဆောင်အပိုင်းမှာ နည်းနည်းအားနည်းတာတွေ ရှိတာပေါ့နော်။ အခုနောက်ပိုင်းမှာတော့ သရုပ်ဆောင်တာ အသားကျနေပါပြီ။ ပရိသတ်ကလည်း အစ်မရဲ့ ဇာတ်ကားလေးတွေကို အားပေးကြတဲ့အတွက် အရမ်းကို ပီတိဖြစ်ခဲ့ရပါတယ်။ အစ်မကလည်း ပရိသတ်တွေအတွက် အမြဲကြိုးစားနေပါတယ်။



# အနုပညာရှင်မေးပရိသတ်အဖြေ

**မောင်လေးရဲ့ နာမည်ကို ပြောပြပါဦး၊ မောင်နှမကရော ဘယ်နှယောက်ရှိလဲ ဒီForm ကိုရော ဘယ်လိုတင်ဖြစ်ခဲ့တာလဲ။**

ကျွန်တော့်နာမည်ကတော့ နိုင်ဇော်အောင်ပါ။ ကျွန်တော့်မှာ အစ်ကိုနှစ်ယောက်ရှိပါတယ်။ ကျွန်တော်နဲ့ဆိုရင်တော့ သုံးယောက်ပေါ့။ ရတီမင်္ဂဇင်းကတော့ ကျွန်တော်အမြဲဖတ်နေကျပါ။ ဒီကဏ္ဍကို အစကတည်းက စိတ်ဝင်စားခဲ့တာပါ။ ကျောင်းကိစ္စတွေနဲ့ အလုပ်ကိစ္စတွေကြောင့် မတင်ဖြစ်ခဲ့ဘဲ အခုအစ်မအလှည့်ကျမှ တင်ဖြစ်ခဲ့တာပါ။

**အစ်မရဲ့ ဇာတ်ကားတွေရောကြည့်ဖြစ်လား၊ အစ်မသရုပ်ဆောင်တာကို ဘယ်လိုမျိုး အကြံဉာဏ်တွေပေးချင်သေးလဲ။**

ဟုတ်. . . ကြည့်ဖြစ်ပါတယ်။ ချောကလက်ဘေဘီကားကိုလည်း ကြည့်ပါတယ်။ အမှန်အတိုင်းပြောရရင် ကျွန်တော်က မြန်မာကားအကြည့်နည်းပါတယ်။ နယ်က အဒေါ်တွေလာမှ သူတို့ငှားကြည့်တာကို လိုက်ကြည့်တာပဲရှိတယ်။ အစ်မက ရိုးရိုးပုံစံလေးတွေဝတ်တာနဲ့ ပိုလိုက်တယ်။ ပါးချိုင့်လေးပါတော့ ချစ်ဖို့ကောင်းတာပေါ့နော်။ ဒါကတော့ ပရိသတ်တစ်ယောက်အနေနဲ့ ကျွန်တော့်အမြင်ကို ပြောတာပါ။ ပြီးတော့ အစ်မက ပွင့်ပွင့်လင်းလင်းနဲ့ ခင်ဖို့အရမ်းကောင်းပါတယ်။

**မောင်လေးက အနုပညာနဲ့ ပတ်သက်ပြီး ဝါသနာပါလား။ အခုလိုအစ်မနဲ့ ဓာတ်ပုံရိုက်ပြီးရင် အနုပညာအလုပ်တွေကို ဆက်လုပ်ဖို့ရော အစီအစဉ်ရှိလား။**

အနုပညာနဲ့ပတ်သက်ပြီး ဝါသနာကတော့ သိပ်မပါပါဘူး။ တစ်ခါတစ်ခါတော့ စိတ်ကူးရှိတာပေါ့နော်။ ဘယ်လိုလူမျိုး နာမည်ကြီးသွားရင် ဘာလုပ်မယ်ဆိုပြီးတော့ စိတ်ကူးမိတာတွေရှိတယ်။ ဆက်လုပ်ဖို့ အစီအစဉ်ကတော့ မပြောတတ်သေးပါဘူး။ ကွန်ပျူတာသင်တန်းတွေကလည်း တက်ရမှာ ရှိသေးတယ်ဗျ။


**အနုပညာနဲ့ ပတ်သက်ပြီး လုံးဝဆက်စပ်မှုမရှိဘဲ အခုလိုမျိုးအစ်မနဲ့ ဓာတ်ပုံတွဲရိုက်ရတော့ မောင်လေးအနေနဲ့ ဘယ်လိုမျိုးခံစားမိလဲ။**

နည်းနည်းတော့ ကြောက်တာပေါ့နော်။ ပထမဆုံးဝတ်စုံနဲ့ ဓာတ်ပုံစရိုက်တုန်းက ကြောက်နေတာ။ "အစ်မက မကြောက်နဲ့ သူငယ်ချင်းနဲ့ ရိုက်သလိုသဘောထား"ဆိုလို့သာ နည်းနည်းတော်သွားတာ (ရယ်လျက်)။ ကျွန်တော့်ကို တွဲခေါ်ပြီး၊ သင်ပေးပြီး ဓာတ်ပုံရိုက်ရတဲ့ အတွက် အစ်မကို အရမ်းအားနာမိပါတယ်။ ဓာတ်ပုံဆရာရော၊ အစ်မရောတော်တော် ပင်ပန်းသွားတာပေါ့။ နောက်ပြီးတော့ အစ်မက ကျွန်တော့်ကို ရွေးတဲ့ အတွက်လည်း အရမ်းကျေးဇူးတင်ပါတယ်။

**မောင်လေးနဲ့ အနာဂတ်အတွက်ကော ဘယ်လိုမျိုးစဉ်းစားဆုံးဖြတ်ထားလဲ။**

အနာဂတ်အတွက်ဆိုရင်တော့ Computer Network Administrator တစ်ယောက်အဖြစ်နဲ့ပဲ ဖြတ်သန်းသွားမှာပါ။ မော်ဒယ်လုပ်တာကတော့ တစ်ခါတလေ ခုလိုမျိုးဆိုရင်တော့ လုပ်ဖြစ်မှာပါ အစ်မ။ ကျွန်တော့်ဘဝအတွက်ကတော့ Network သမားအနေနဲ့ပဲ ဖြတ်သန်းသွားမှာပါ။

**သီတာစိုး**



# ရတီမဂ္ဂဇင်းရဲ့ ချစ်ပရိသတ်ကြီးအတွက် သတင်းကောင်း
# Audience of Celebrities' Choice

**အစီအစဉ်**

ပရိသတ်ကြီးအားလုံး မင်္ဂလာပါ။ ရတီမဂ္ဂဇင်းကိုအားပေးနေကြတဲ့ ပရိသတ်တွေ အတွက် "Audience of Celebrities' Choice" ဆိုတဲ့ ကဏ္ဍလေးတစ်ခု ဖွင့်လှစ်ပေးထားပါတယ်။

**အခွင့်အရေး**

၂၀၁၄ ဧပြီလထုတ် ရတီမဂ္ဂဇင်းအတွက် <u>ဖြိုးငွေစိုး</u> နဲ့အတူ ရတီစာမျက်နှာပေါ်မှာ အလန်းစားအိုက်တင်၊ အလန်းစား အပြင်အဆင်တွေနဲ့ ဓာတ်ပုံတွဲရိုက်ခွင့်ရမှာ ဖြစ်ပါတယ်။

**ထူးခြားချက်များ**

ဒီကဏ္ဍရဲ့ထူးခြားမှုတစ်ခုကတော့ ဓာတ်ပုံရိုက်ခွင့်ရမယ့် ပရိသတ်ကို မဂ္ဂဇင်းက ရွေးချယ်မှာမဟုတ်ဘဲ အနုပညာရှင်ကိုယ်တိုင်က ရွေးချယ်မှာဖြစ်ပါတယ်။

**မိတ်ကပ်၊ အဝတ်အစား**

ရွေးချယ်ခံရတဲ့ ပရိသတ်တွေအတွက် အဝတ်အစားနဲ့ မိတ်ကပ်ကိုတော့ ရတီမဂ္ဂဇင်းကနေစီစဉ်ပေးမှာနော်။

**စည်းကမ်းချက်များ**


(၁) အောက်ဖော်ပြပါဖြတ်ပိုင်းနဲ့တကွ 5"x7" အရွယ်ရှိ
(တစ်ကိုယ်လုံးပြည့် အလှ ဓာတ်ပုံတစ်ပုံ၊ ဘေးတိုက်မြင် ဓာတ်ပုံတစ်ပုံ၊ မျက်နှာအပြည့်ပုံတစ်ပုံ)
(၂) အသက် ၁၅ နှစ်မှ ၃၀ နှစ်အတွင်းရှိ အမျိုးသား၊ အမျိုးသမီးမည်သူမဆို
(၃) မိဘ(သို့) အုပ်ထိန်းသူခွင့်ပြုချက်လက်မှတ်
(၄) ရွေးချယ်ခံရရင် ရတီမဂ္ဂဇင်းမှ ဆက်သွယ်ပေးမှာဖြစ်ပြီး ရတီမဂ္ဂဇင်းမှ စီစဉ် ပေးတဲ့ အစီအစဉ် ရက်ချိန်းများအတိုင်း အတိအကျလာရောက်ပေးရန်

ချစ်ပရိသတ်ကြီးရေ . . . ကိုယ်နှစ်သက်တဲ့ သရုပ်ဆောင်နဲ့ ဓာတ်ပုံအတူ တွဲရိုက်ရမယ့် အခွင့်အရေးကို လက်လွတ်မခံဘဲ **<u>၂၀၁၄ ဖေဖော်ဝါရီလ ၁၀ ရက် (တနင်္လာနေ့)</u>** နောက်ဆုံးထားပြီး စာအိတ်ပေါ်မှာ "Audience of Celebrities' Choice" ရတီ စာပေအနုပညာမဂ္ဂဇင်းလို့ လိပ်မူပြီး အမှတ် ၁၅၀/၁၆၀၊ ၃၅ လမ်း(အလယ်) ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ အမြန်ဆုံး ပို့လိုက်ကြပါနော်။

*ပြီးခဲ့တဲ့လတွေမှာ ရွေးချယ်မခံရတဲ့ပရိသတ်တွေလည်း ဒီကဏ္ဍမှာ ကိုယ်နှစ်သက်တဲ့ သရုပ်ဆောင်တွေ ပါဝင်လာတဲ့အခါ အောက်ပါပုံစံအတိုင်း ဖြည့် စွက်ပြီး ထပ်မံပေးပို့နိုင်ကြပါတယ်။*

မှတ်ချက်

ဒီကဏ္ဍကို လစဉ် အနုပညာရှင်တစ်ယောက်စီနဲ့ အလှည့်ကျစီစဉ်ပေးသွားမှာဖြစ်လို့ ပါဝင်ချင်တဲ့ ဝါသနာရှင်ပရိသတ်တွေ စောင့်မျှော် အားပေးလိုက်ကြပါဦးနော်။



အမည် ----------------------------------------
မွေးသက္ကရာဇ် ----------------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------------------------------------
ပညာအရည်အချင်း ----------------------------------------
အလုပ်အကိုင် ----------------------------------------
အနုပညာလှုပ်ရှားမှု ----------------------------------------
အိမ်ထောင်ရှိ/မရှိ ----------------------------------------
အရပ်အမြင့် ----------------------------------------
နေရပ်လိပ်စာ ----------------------------------------
ဖုန်းနံပါတ် ----------------------------------------



Music PLUS yati

# ထိုတနင်္ဂနွေက ဖမ်းနူးနှင့် တွေ့ခဲ့သည်

Zigzag

သူ့အသံက ထူးခြားသည်။ သူ့ဟန်က ထူးခြားသည်။ သူ့ဆံပင်တွေက ထူးခြားသည်။ ထူးခြားမှုတွေနဲ့ ပြည့်နှက်နေသည့် သီချင်းသည် မလေးတစ်ယောက်။ သို့သော် သူက ဝုန်းခနဲ ထတောက်ခဲ့သည့် မီးတောက်မီးစတော့မဟုတ်။ ဖွဲမီးလေးတစ်စလို သီချင်းချစ်သူတွေကြားကို တရွေ့ရွေ့လေး တိုးဝင်ကာ တငွေ့ငွေ့လေးဖမ်းစား ခဲ့သည်။ ဒီသီချင်းသည် မလေးနှင့် တနင်္ဂနွေ နေ့ကတွေ့ခဲ့သည်။ သူ့ကြည့်ရတာအသက် တော်တော် ငယ်ငယ် ကတည်းက သီချင်းကို ကျွမ်းကျင်စွာ သီဆိုနိုင် ခဲ့ပုံ. . .

"ဟုတ်တယ်၊ ဖမ်းနူးငယ်ငယ်ကတည်း က ကလေးသီချင်း

မြူးဇစ်သီအိုရီတွေ
သိသင့် သလောက်တော့
အကုန်သိနေရမယ်ရှင့်
ပင်ကိုသံကို ဘုရားက ပေးထားပြီးပြီ
ကျန်တဲ့ လေ့လာအားနဲ့
ကိုယ့်ရဲ့အားထုတ်ကြိုးစားမှုတွေက
တွန်းပို့ပေး သွားမှာပါ။ ဘုရားပေးတဲ့
အသံအားနည်းမှု
ရှိကောင်းရှိပေမဲ့လည်း
လေ့လာအားထုတ်မှု
ပြင်းပြမယ်ဆိုရင်



လေးတွေဆိုတယ်၊ သီချင်းလေးတွေက အသံသာတယ်လေ။ ချိုချိုလေးတွေ ကြိုက်တယ်။ နောက် 20 years before သီချင်းတွေ ဆိုတယ်၊ မကော်နီရဲ့သီချင်း တာဇံ၊ ပြီးတော့ မဟေမာရဲ့သီချင်းတွေ ဆိုတယ်။ LEO အဖွဲ့လည်း တအားကြိုက်ခဲ့တာလေ။ အမ်တီဗီလို ပုံစံမျိုးလေးတွေ ကြိုက်လွန်းလို့ ခဏခဏကြည့်တယ်။ လိုက်ဆို၊ လိုက်ညည်းတယ်။ အဲဒါဆိုရုံ သက်သက်မဟုတ်ဘူးရှင့်၊ ဟန်တွေဘာတွေ ထုတ်ပြီးဆိုတာ"

ပြောရင်း မိန်းကလေးက ရယ်နေသည်။ နောက်ပိုင်းတော့ သူက ခရစ်ယာန်မိန်းကလေးပီပီ ဘုရားကျောင်းမှာsolo သီချင်းတွေ ဆိုဖြစ်ခဲ့သည်။ သူ့အဖေက ချင်းရိုးရာသီချင်း အယ်လ်ဘမ်တွေ စီစဉ်ထုတ်လုပ်သူဖြစ်သည့်အားလျော်စွာ အခွင့်အလမ်းက သူ့အတွက်ပေါ်လာခဲ့သည်။ အသက်ဆယ်နှစ် အရွယ်မှာပဲ 'သူ့နေရာနှင့် သူ့အမည်' ရှိတေးအယ်လ်ဘမ်ထုတ်ဝေခဲ့သည်။

**"အဓိကကတော့ ကိုယ့်အသံ color နဲ့ လိုက်ဖက်မယ့် သီချင်းတွေ ရွေးချယ်ဆိုမယ်ဆိုရင် အောင်မြင်တဲ့နေရာကို အသေအချာရောက်မှာပါ"**

"အဲဒါက Gospel song တွေပါ။ လင်းမှပဲ အသံသွင်းတယ်။ T4 Band နဲ့ ၊ ကိုဖိုးကလဲက bass ၊ ကိုတွတ်ကီက drums ၊ ဦးဇော်မျိုးထွန်းက guitar ၊ နောက် လီယိုနာ့မောင်မောင်လွင် တို့နဲ့ ၊ အဲဒီတုန်းက စတူဒီယိုဝင်တာကို ကောင်းကောင်း သဘောပေါက်သွားတယ်။ ဦးစောနုဆီမှာလည်း vocal training သွားလုပ်တယ်"

သည့်အရင် ဒီမိန်းကလေးက ရေဒီယို သီချင်းလေးတွေလည်း အသံသွင်းဖူးသေးသည်။ သူ့အဖေနောက် တကောက်ကောက်လိုက်ရင်း စတူဒီယိုဆိုသည့်အသိုက်အဝန်းထဲမှာ သူကျင်လည်ခွင့်ရခဲ့သည်။ ၂၀၀၀ ပြည့်နှစ်မှာ ကမ္ဘာမြေရဲ့ချစ်ကဗျာ တေးအယ်လ်ဘမ်ထွက် ဖြစ်ခဲ့သည်။ အချစ်ကြီးလေး ဆိုသည့် သီချင်းလေး တစ်ပုဒ်က သူ့ကို ဖမ်နူးလို့ အမည်နာမတွင် သွားအောင် Hit ဖြစ်စေခဲ့သည့်သီချင်းတစ်ပုဒ်။ အဲသည်နောက် Chemistry အဖွဲ့နှင့် တက်ရောက်သင်ကြားနေသည့် ကျောင်းပညာရေးက တစ်ဖက်နှင့်မို့ ဂီတက ပြတ်တောက်ပြတ်တောက် ဖြစ်သွားသေးသည်။

"ကျောင်းက သုံးနှစ်ဆက်တက်ရမယ့်ဟာ၊ ငါးနှစ်တက်ဖြစ်သွားတယ်။ သီချင်းတွေက တစ်ဖက်နဲ့ ဗျာများသွားတဲ့ နေ့ရက်တွေပေါ့။ ၂၀၀၃ လောက်ကျမှ သီချင်းတွေ အသေအချာ ပြန်ဆိုဖြစ်တယ်။ show တွေလိုက်ဆိုတယ်။ အဲဒီတုန်းက စုပေါင်းအယ်လ်ဘမ်တွေ ခေတ်စားလာချိန်ဆိုတော့ အဲဒီခွေတွေမှာလည်း ပါဝင်သီဆိုခဲ့ရတယ်။ ဂီတအလုပ်တွေ ပုံမှန်လေးလုပ်ဖြစ် နေခဲ့တဲ့ ကာလတွေပေါ့"



အဝေးတစ်နေရာဆီ ပြန်ရောက်သွားသည့် မျက်ဝန်းလေးတွေကို ပြန်ခေါ်ယူလိုက်ရသည်။ ပစ္စုပ္ပန်မှာ ပြန်လည်ကခုန်လိုက်ကြသည်။ vocal power နှင့်ပတ်သက်သည့် လိုအပ်ချက်တွေ အကြောင်း ဖလှယ်ဖြစ်ကြပြန် သည်။

" perfect ဖြစ်တဲ့ အသံကိုလိုချင်ရင် အိပ်ရေးတော့ ဝဝအိပ်ရတယ်၊ သက်လုံကောင်းဖို့ ရေကူးတာ၊ ပြေးတာတွေ လုပ်သင့်တယ်။ ကိုယ့်ရဲ့စားသောက်နေထိုင်မှုကိုလည်း ဂရုစိုက်ရမယ်၊ အပူ၊ အအေးမျှတအောင် နေထိုင်ဖို့ သိပ်အရေးကြီးတယ်။ အပူ၊ အအေးမမျှတခဲ့ရင် လည်ချောင်းနာမယ်၊ အသံဝင်မယ်၊ ပြီးတော့ အသံမှာ နှာခေါင်းသံပါလာမယ်။ ကျေနပ်စရာအသံကို ရမှာမဟုတ်တော့ဘူး။ အဆီအဆိမ့်တွေ ရှောင်သင့်တယ်။ တချို့ကျတော့လည်း အဆီအဆိမ့်လေး နည်းနည်းစားလိုက်ရမှ ဆိုရတာ စိုပြည်တယ်လို့ ရှိကြတယ်။ တစ်ယောက်တစ်မျိုးပေါ့၊ အရေးကြီးတာက heartbeat ကို တအားမြင့်တက်စေတဲ့ ကော်ဖီတို့၊ လက်ဖက်ရည်တို့ ရှောင်နိုင်ရင် ပိုကောင်းတယ်"

လူတိုင်းမှာ အရေးအကြီးဆုံးအချိန်တွေ ကိုယ်စီရှိသည်။ စတူဒီယိုဝင်ချိန်က အဆိုသမား တစ်ဦးအတွက် အရေးအကြီးဆုံးအချိန်ပေါ့။ တချို့က အသံသွင်းချင်ဇောကပ်ကာ date ယူ မြန်မြန်ဝင်ပစ်လိုက်ကြသည်။ စတူဒီယိုဝင်မည့် အချိန်နှင့်ပတ်သက်ပြီး မိန်းကလေးက လိုအပ်ချက်တွေကို ဆွေးနွေးပြောပြခဲ့သေးသည်။

"လူတိုင်းကတော့ စတူဒီယိုထဲဝင်ရင် စိတ်လှုပ်ရှားကြတယ်။ ဖမ်နူးကိုယ်တိုင်လည်း အပြင်မှာ ဘယ်လောက်ပေါ့ပေါ့ပါးပါးဖြစ်ဖြစ်၊ စတူဒီယိုထဲဝင်ပြီဆိုရင် စိတ်လှုပ်ရှားတယ်။ စိတ်တွေ relax ဖြစ်ပြီဆိုမှ အသံသွင်းတယ်။ အဓိကက ကိုယ့်ကိုယ်ကိုယ် သက်သောင့်သက်သာ အနေအထားမျိုး အရင်ရအောင်ယူပြီးမှ အသံသွင်းယူသင့်တယ်။ စိတ်ကြိုက်အားရတဲ့ အသံအနေအထားမျိုးရချိန်မှာ ဝင်ဖို့ပြောတာပါ။ မဟုတ်ရင် အချိန်လည်းကုန်၊ လူလည်းပင်ပန်းတယ်။ duty ခ စရိတ်တွေလည်း ပိုကျသွားလိမ့်မယ်"

အဆိုသမားတိုင်းလိုလို ကျား၊ မ မရွေး၊ Show တွေမှာ အဝတ်အစားဖက်ရှင် ခုနောက်ပိုင်း ပိုဂရုစိုက်လာကြသည်။ ဒီမိန်းကလေးလည်း ဂီတလောကထဲကလူ၊ ဒီလိုပဲဖြစ်လိမ့်မည်ပေါ့။

"ဟုတ်တယ်ရှင့်၊ အဝတ်အစားဖက်ရှင်ကို လည်း အဓိကထားပြင်ဆင်တယ်။ ကိုယ်ဆိုမယ့် သီချင်း၊ ကိုယ်ပေးချင်တဲ့ message နဲ့ လိုက်ဖက်မယ့်ပုံစံ၊ သီဆိုလှုပ်ရှားမယ့်စတိုင်နဲ့ သင့်တင့်မယ့် ပုံစံ ကြိုတင်ပြင်ဆင်တယ်။ dancer တွေနဲ့ဆိုရင် လည်း သူတို့ ဝတ်မယ့်color နဲ့ တိုင်ပင်ပြီး ကိုယ် လည်း ဘာ color ဝတ်မယ်ဆိုပြီး ကြိုတင်ပြင်ဆင်ပါ တယ်"

သည့်နောက် အွန်လိုင်းအဆိုသမားတွေ အကြောင်း စကားပြောဖြစ်ကြသည်။ ကိုယ့် သဘောနှင့်ကိုယ် အပျော်ဆိုထားသည့်သီချင်း တွေကို အွန်လိုင်းမှာတင်ကြသည်။ မိမိသီချင်း လည်းမဟုတ်။ မိမိ creation လည်းမဟုတ်။ ဂီတနှင့်ပတ်သက်ပြီး အားထုတ်မှုမပေါ်လွင်။ မလိုအပ်သည့်ဆွဲဆောင်မှုမျိုးဖြင့် အွန်လိုင်း ပရိသတ်ကို ဖြားယောင်းကာ ရုပ်သံဖိုင်ကို တင်ထားသည့်အဆိုသမားမျိုးကို နာမည်ကြီး မီဒီယာတွေက အွန်လိုင်းအဆိုတော်ဟု သတ်မှတ်ကာ အတည်ပေါက်ကြီးအင်တာဗျူးလုပ် ရေးသား ဖော်ပြနေကြသည့် ကိစ္စ။ ဖမ်နူးက ဒီကိစ္စကို သိပ်မရ။ အနည်းအကျဉ်းပြောပြဖြစ်သည်။ ဂီတ လောကထဲ ထဲထဲဝင်ဝင်ကျင်လည်နေသည့် အဆို တော်တစ်ယောက်အနေနှင့် ဒါကို မည်သို့ သဘောထားမည်နည်း။ သူ့သဘောက ရှင်းပါ သည်။

"ခေတ်ရေစီးကြောင်း အရ အွန်လိုင်းဆိုတာ အရှုပ်အပွန်ပြင်းပြင်း နဲ့ ဖြစ်နေချိန် မီဒီယာတွေက လွတ်လပ်ပွင့်လင်းမှု ရှိလာချိန်ဆိုတော့ ဒါလည်း ဖြစ်မှာပါပဲ။ တစ်ခုတော့ ရှိတာပေါ့။ ကိုယ့်ဘက်က ဝမ်းစာတွေ အများကြီးရှိထား မယ်ဆိုရင်တော့ ပိုကောင်းပါတယ်။ တစ်ဖက်တစ်လမ်းက ကြည့် မယ်ဆိုရင်မီဒီယာတွေရဲ့ တွန်းအားတွေကြောင့် ပိုပြီး လူသိသွားမယ်၊ အပေါင်း လက္ခဏာရှုထောင့်ကပြောရ ရင် သူ့ဘက်ကဂီတကို တကယ် ဝါသနာပါတယ်ဆို ရင် ရှေ့ဆက်ကြိုးစားရင် ကြိုးစားသလောက် နေရာ တစ်ခုအခိုင်အမာရလာမှာ ပါ။ ဒီအခွင့်အရေးကို မိမိရ ရဆုပ်ကိုင်ပြီး ရှေ့ဆက် အား ထုတ်သွားမယ်ဆိုရင် သူ့အ တွက်လည်းရည်ရွယ်ချက် လေး ကောင်းသွားမယ်လို့ပဲ မြင်မိပါတယ်"

ဒါဖြင့် ဂီတလောကထဲဝင်မည့် အဆိုတော် တစ်ဦးအနေနှင့် မည်သည့်အရည်အချင်းတွေ ရှိသင့်သည်ဟု ထင်ပါသနည်း။ မိန်းကလေးက တွေးတွေးဆဆလေး ပြောပြပေးခဲ့သည်။

"ကိုယ့်မှာရှိနေတဲ့ အသံကတော့ ဘုရားပေး ထားတဲ့ အသံပဲပေါ့၊ မျိုးဗီဇသီအိုရီတွေ သိသင့် သလောက်တော့ အကုန်သိနေရမယ်ရှင့်၊ ပင်ကိုသံ ကို ဘုရားက ပေးထားပြီးပြီ၊ ကျန်တဲ့ လေ့လာအား နဲ့ ကိုယ့်ရဲ့အားထုတ်ကြိုးစားမှုတွေက တွန်းပို့ပေး သွားမှာပါ။ ဘုရားပေးတဲ့အသံ အားနည်းမှု ရှိကောင်းရှိပေမယ့်လည်း လေ့လာအားထုတ်မှု ပြင်းပြမယ်ဆိုရင် ရှေ့တန်းကိုရောက်မှာပါ။ အဓိကကတော့ ကိုယ့်အသံ color နဲ့ လိုက်ဖက် မယ့် သီချင်းတွေ ရွေးချယ်ဆိုမယ်ဆိုရင် အောင် မြင်တဲ့နေရာကို အသေအချာရောက်မှာပါ"

ဒါဖြင့် ဖမ်နူး အောင်မြင်တဲ့နေရာကို ရောက် ပြီလားမေးလျှင် မိန်းကလေးက အသံလွင်လွင် ကလေးနှင့် ရယ်မောနေပါသည်။ ဘုရားပေး သလောက်ကျေနပ်ပါသည်တဲ့။ **Zigzag**

# STRENGTHFUL GREETINGS

နှစ်တစ်နှစ် ကူးပြောင်းမှုဆိုတာဟာ ခရီးတစ်ခုအဆုံးသတ်ပြီး နောက်ခရီးသစ်တစ်ခု စတင်ခြင်းဖြစ်ပါတယ်။

ဒါကြောင့် ပြန်လည်သုံးသပ်ဆင်ခြင်ခြင်း၊ အသစ်သစ်သော သန္နိဋ္ဌာန်များ ချမှတ်ခြင်းတွေကို ပြုလုပ်ကြရပါတယ်။ ဒီကဏ္ဍလေးဟာလည်း နှစ်ဟောင်းမှာ အိပ်မောကျနေသူများကို ရင်ခုန်နိုးထလာစေမှာပါ။

ကိုယ့်ရှေ့မှောက်ကို တော့တော့ဆိုင်ဆိုင် ရောက်ရှိလာပြီဖြစ်တဲ့ နှစ်သစ်ကို ကြိုဆိုရင်း ရတီပရိသတ်များလည်း ခွန်အားတစ်စုံတစ်ရာကို ပိုင်ဆိုင်ပါစေလို့ ရတီဝိုင်းတော်သားများက ဆုတောင်းပေးလိုက်ပါတယ်။

**အယ်ဒီတာအဖွဲ့**




## ကျော်သူ

**အောက်ခြေကနေ လူတန်းစားအလွှာစုံအထိ ထိတွေ့ခဲ့ဖူးတဲ့ ဦးကျော်သူရဲ့ ၂၀၁၄ အတွက် mission statement က ဘာပါလဲ။**

ကျွန်တော် ၂၀၁၄ mission statement က ကျွန်တော်က အများပြည်သူလူထုရဲ့ အပူကို ငြိမ်းပေးရမှာပဲ။ ရသသတို့သားရဲ့ ထုံးကိုမှုပြီးတော့ လုပ်နေရတာပဲ။ **နာရေး၊ ကျန်းမာရေး၊ ပညာရေး၊ သဘာဝဘေး၊ စစ်ဘေး ဒါတွေအားလုံးက ကျွန်တော်နဲ့ပတ်သက်နေတယ်။** လူသားတွေရဲ့လိုအပ်ချက်အားလုံးကို ကျွန်တော်ဖြည့်ပေးရမှာပဲ။

**လာမယ့်နှစ်သစ်အတွက် ဦးကျော်သူရဲ့ နှုတ်ခွန်းဆက်စကားနဲ့ ခံယူချက်ကလေးကိုလည်း ပြောပါဦး။**

နှစ်သစ်ထဲမှာ မြန်မာပြည်သူလူထု၊ ကမ္ဘာ့ပြည်သူလူထုတွေအားလုံး သောကကင်းဝေး ငြိမ်းချမ်းစွာနဲ့ တကယ့်လူလူချင်းစာနာစိတ်တွေ ဖြစ်ပေါ်လာဖို့ အဓိက ဆုတောင်းတယ်။ ဆုတောင်းလို့လည်းပြီးတော့မှာ မဟုတ်ဘူး။ ဆုတောင်းတိုင်းလည်း ပြည့်တာမဟုတ်ဘူး။ ဒါကြောင့် မျှော်လင့်ချက်နဲ့ပဲ အသက်ရှင်နေတာပဲ။ မျှော်လင့်ချက်မှာလည်း ပြည်သူပြည်သား တစ်ဦးချင်းကိုယ်ပိုင်ကလည်း ငြိမ်းချမ်းသာယာဖို့ အားလုံးမှာ တာဝန်ရှိတယ်။ ငြိမ်းချမ်းသာယာဝပြောဖို့ ကိုယ့်ဘဝရပ်တည်နိုင်ရေးအတွက် အားလုံးမှာ တာဝန်ရှိတယ်။ ဒီလိုမျှော်လင့်ချက်နဲ့ပဲ လုပ်လို့ရတယ်။ မျှော်လင့်ရုံနဲ့ မရဘူး။ လုပ်လည်း လုပ်ဆောင်ရမယ်။ ခုဖြစ်ပျက်နေတဲ့ မြေသိမ်းတာတွေက အစပေ့ါ။ အစိုးရက ဘယ်လိုပဲဖြစ်ဖြစ် လူမိုက်တွေကို ဘယ်လိုပဲ ၄ား၄ား ဒီလူမိုက်တွေကလည်း ကိုယ့်ကိုခိုင်းတာကို ဘာကို ခိုင်းတာလဲ၊ ဘာအတွက်လဲ ဒါကို စဉ်းစားဆင်ခြင် အသိဉာဏ်နဲ့ ဆုံးဖြတ်ရမယ်။ သူများခိုင်းတိုင်း လုပ်တယ်ဆိုရင် ဘယ်တော့မှ ခေါင်းဆောင်ဖြစ်လာမှာ မဟုတ်ဘူး။ ခိုင်းမှလုပ်ရင် ကျွန်ပဲ။ မြန်မာပြည်မှာ ကျွန်ဘဝကနေ လွတ်မြောက်ဖို့ အရေးကြီးတယ်။ ကိုယ့်အသိစိတ်ဓာတ်နဲ့ လုပ်သင့်လုပ်ထိုက်တာ လုပ်၊ မလုပ်သင့်မလုပ်ထိုက်တာမလုပ်နဲ့။ အသိဉာဏ်တွေရှိဖို့ အရေးကြီးတယ်။



# ဇာဂနာ

**ဦးဇာဂနာရဲ့ ၂၀၁၄ အတွက် mission statement ကို ပြောပါဆိုရင် ဘယ်လိုဖြေမှာပါလဲ။**

ကျွန်တော် ဇာဂနာရဲ့ ၂၀၁၄ အတွက် mission statement ကိုပြောပါဆိုရင် မြန်မာနိုင်ငံမှာရှိတဲ့ လူငယ်တွေ ၂၀၂၀ မှာ 'နေပြည်တော်ကို သွားကြမယ်' ဆိုတဲ့ mission ရှိတယ်။ လူငယ်အများစုကို နေပြည်တော်မှာရှိတဲ့ ပြည်သူ့လွှတ်တော်ကို သွားစေချင်တဲ့ဆန္ဒရှိတယ်။ အဓိပ္ပာယ်ကတော့ လူငယ်တွေကို ဦးဆောင်စေချင်တဲ့သဘောပါပဲ။ ဒါကြောင့် ၂၀၁၄ မှာ ကျွန်တော်လူငယ်အများစုကို နိုင်ငံရေးနဲ့ ပတ်သက်တဲ့ အသိအမြင်ပညာဗဟုသုတတွေကို ဖြန့်ဖြူးပေးဖို့ စီမံထားတာရှိတယ်။ ၂၀၁၄ ဇန်နဝါရီလမှာ Home မှာ စုံနံ့သာဆိုပြီး မဂ္ဂဇင်းတစ်အုပ်ထုတ်ဝေမယ်။ အဓိကကတော့ နိုင်ငံရေးနဲ့ ပတ်သက်တဲ့ အသိပညာစာအုပ်တွေ ထုတ်ဖို့လည်း အချက်အလက်တွေ စုဆောင်းတာတွေ အများကြီးရပြီ။ တစ်လ တစ်ခါ နိုင်ငံရေးအမြင်၊ ဗဟုသုတတွေကို ပို့ချပေးဖို့လည်း ဆရာတွေကို ဖိတ်ထားတာ ရှိတယ်။ ပြီးရင် ရုပ်ရှင်နဲ့ပတ်သက်ရင်တော့ မှတ်တမ်းပုံရိပ်တွေ မှတ်တမ်းရုပ်ရှင်တွေ မှတ်တမ်းတင်ဖို့သင်တန်းတွေပေးမယ်။ ဘာလို့လဲဆိုတော့ တစ်ခေတ်ကိုတစ်ခေတ်ကူးပြောင်းတဲ့အခါမှာ မှတ်တမ်းက သိပ်အရေးပါလို့ပါပဲ။ ဒါတွေက ၂၀၁၄ မှ ၂၀၂၀ အထိ ကျွန်တော့်ရဲ့ mission statement တွေပါပဲ။

**၂၀၁၄ အတွက် မြန်မာပြည်သူတွေကို နှုတ်ခွန်းဆက်စကားလေး ပြောပေးပါဦး။**

၂၀၁၄ ရဲ့ နှုတ်ခွန်းဆက်စကားဆိုရင် တော့ မြန်မာပြည်သူပြည်သားများ အရာရာကို မျက်ခြေမပြတ်ကြပါနဲ့လို့ ပြောချင်တယ်။




# လင်းသိုက်ညွန့်

**လူငယ်ပညာပေးဟောပြောပွဲတွေ ဆက်တိုက်ပြုလုပ်လာခဲ့တဲ့ လင်းသိုက်ညွန့်ရဲ့ ၂၀၁၄ အစီအစဉ်ကို သိချင်ပါတယ်။**

ကျွန်တော်ကတော့ ဒီ ၂၀၁၄၊ ဇန်နဝါရီလ ၅ ရက်နေ့မှာ ဆရာကြီးဦးကျော်ကျော်လှိုင် (Smart) နဲ့အတူ အမျိုးသားဇာတ်ရုံမှာ စာပေဟောပြောပွဲလေး လုပ်ပါမယ်။ ဟောပြောပွဲရဲ့ ခေါင်းစဉ်ကိုတော့ 'How to Step Your New Year 2014' လို့ ပေးထားပါတယ်။ နှစ်သစ်မှာ ကျွန်တော်တို့တစ်တွေ ဘယ်လိုတိုးတက်အောင် လုပ်ရမယ်။ နှစ်တစ်နှစ်ကို ဘယ်လိုအောင်မြင်အောင် ဖြတ်သန်းရမယ်ဆိုတာတွေကို အဓိက ဆွေးနွေးသွားကြမှာပါ။

**နှစ်သစ်မှာ ပရိသတ်တွေကို ပြောချင်တဲ့ ဆုတောင်းစကားကရော . . .**

အခု ၂၀၁၄ အတွက် ကျွန်တော်က ရတီ စာဖတ်ပရိသတ်ကို ပြောချင်တာကတော့ ဒီ ၂၀၁၄ က ကျွန်တော်တို့မြန်မာနိုင်ငံက ဒီမိုကရေစီနိုင်ငံဖြစ်တာ ၄ နှစ်မြောက်ပေါ့။ ဒါကြောင့် ဒီနှစ်မှာ New Myanmar, New Country နဲ့အတူ တစ်ဦးတစ်ယောက်ချင်း အောင်မြင်မှုကနေ နိုင်ငံတိုးတက်မှုအထိ လှမ်းနိုင်ဖို့ ဆုတောင်းပေးချင်ပါတယ်။



# ဒေါ်ဝင်းမင်းကောင်း

**အရင်ဆုံး အစ်မတို့ရဲ့ Lotteria ဆိုင်အကြောင်းနဲ့ အခုမြန်မာပြည်မှာ ဘယ်နှဆိုင်ဖွင့်ပြီးသွားပြီလဲဆိုတာ ပြောပြပေးပါလား။**

Lotteria ဆိုတာက Asia No.1 QSK (Quick Service Restaurant) ဖြစ်ပြီး ကိုရီးယားနိုင်ငံမှာတော့ ၁၉၇၉ မှာကတည်းက စတင်ခဲ့တာပေါ့။ အခုဆိုရင် ၃၄ နှစ်ရှိပြီး ဆိုင်ခွဲပေါင်း ၂၀၀၀ ကျော်နဲ့ လည်ပတ်နေတာ ပေါ့။ အစ်မတို့မြန်မာပြည်မှာတော့ ၂၀၁၃ မှစပြီး ဖွင့်ခဲ့တာ။ ပထမဖွင့်တာက Junction Square မှာ နောက်ဒုတိယဆိုင်ကိုတော့ Pearl Cando မှာ ဖွင့်ခဲ့တယ်။ အခု ၂၀၁၄ မှာတော့ တတိယ မြောက်ဆိုင်အနေနဲ့ တရုတ်တန်းအနီး လမ်းမ တော်မှာ ဖွင့်ဖြစ်ခဲ့တယ်။ Lotteria ဆိုင်က Korea, Japan, Vietnam, Indonesia, China နိုင်ငံတွေမှာ ပါရှိပါတယ်။

**Lotteria အနေနဲ့ တခြား ထူးထူးခြားခြား ဘယ်လို activity တွေမှာ ပါဝင်တာမျိုး ရှိသေးပါလဲ။**

Lotteria ရဲ့ Social activity အနေနဲ့ Lotteria Myanmar ရဲ့ 2013 - 2014 Brand Ambassador အဖြစ် နိုင်ငံကျော်အဆိုတော်၊ သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်ကို ခန့်အပ်ခဲ့တယ်။ ပြေတီဦးပညာရေး Foundation ကိုလည်း တတ်နိုင်တဲ့ဘက်ကနေ ပါဝင်လှူဒါန်းခဲ့တယ်။ နောက်လည်း အစ်မတို့က အခွင့်အရေးရရင် တတ်နိုင်ဘက်ကနေ ကူညီသွားချင်ပါတယ်။

**၂၀၁၄ အတွက် ရတီပရိသတ်အတွက် ဆုတောင်းစကားလေး ပြောပြပေးပါဦး။**

ရတီပရိသတ်အားလုံး ပျော်ရွှင်ကြပါစေ။ အစ်မတို့ Lotteria ကလည်း အစားအသောက်တွေကို သန့်ရှင်းလတ်ဆတ်ပြီး ကောင်းမွန်တဲ့ အရသာတွေကို စားသုံးသူတွေကို ပေးသွားမှာပါ။ ဝန်ထမ်းတွေကလည်း Service ကို အထူး ဂရုစိုက်ပြီး ဝန်ဆောင်မှုပေးသွားပါမယ်။




# သီရိဆွေ

**၂၀၁၃ ခုနှစ်ထဲမှာ ထူးထူးခြားခြားလေး ဘာတွေများ လုပ်ဖြစ်ခဲ့လဲ၊ ဘာတွေ ကြုံတွေ့ခဲ့ရသေးလဲ။**

ဘဝမှာ မေ့လို့မရတဲ့ နှစ်တစ်နှစ်ထဲမှာ ပါတာပေါ့နော်။ ကောင်းတာတွေရော၊ ဆိုးတာတွေရော အများကြီး ကြုံတွေ့ခဲ့ရပါတယ်။

**၂၀၁၃ ကို ပြန်ကြည့်မိတဲ့အခါမှာရော ကိုယ့်ကိုယ်ကိုယ် ဘာတွေပြင်ဆင်ဖို့လိုလဲဆိုပြီး ပြန်သုံးသပ်မိတာတွေ ရှိလား။**

နှစ်ကုန်မှ ပြန်သုံးသပ်တယ်လို့တော့ မဟုတ်ပါဘူး။ ဒါတွေက ကိုယ့်အတွက် အမြဲတမ်း ပြင်ဆင်သုံးသပ်နေရတာပါပဲ။

**၂၀၁၄ ခုနှစ်တရော ညီမလေးအတွက် ဘယ်လိုမျိုးထူးခြားမယ့် နှစ်မျိုးဖြစ်မလဲ။**

မျှော်လင့်ချက်တွေ ပြည့်ဝမယ့်နှစ်လို့ ညီမ မျှော်မှန်းထားပါတယ်။ မင်္ဂလာရှိသော နှစ်တစ်နှစ်ပေါ့။

**၂၀၁၄ မှာ ဘယ်လိုမျိုး ကြိုးစားမှုတွေ၊ ဘယ်လိုမျိုး ခွန်အားတွေနဲ့ ကျော်ဖြတ်မယ်လို့ စဉ်းစားထားလဲ။**

ညီမတို့ ငယ်ငယ်တုန်းကတော့ New Year ဆိုရင် အပြင်ထွက်တာပေါ့နော်။ ငယ်ငယ်တုန်းကတော့ တအားပိန်တဲ့အတွက် နည်းနည်း ပြည့်ပြည့်ဖြိုးဖြိုးဖြစ်လာဖို့၊ ဆယ်ကျော်သက်တုန်းကတော့ အရပ်နည်းနည်းပိုရှည်လာဖို့၊ နောက်ကျတော့ အဆိုတော်ဖြစ်ဖို့ အခွင့်အလမ်းပေါ်လာဖို့ ဆိုတဲ့ resolutions လေးတွေ ရှိခဲ့ဖူးတယ်။ ဒါပေမဲ့ တဖြည်းဖြည်းနဲ့ အသက်တွေ ရလာတဲ့အခါမှာတော့ သူလို ကိုယ်လိုပါပဲ။ ညီမက စိတ်ချမ်းသာချင်တယ်။ မိဘအပေါ် တာဝန်ကျေတဲ့ သားသမီးဖြစ်ချင်တယ်။ ၂၀၁၄ ကတော့ စိတ်ထဲမှာ မှတ်မှတ်ထင်ထင်ရှိနေမယ့် နှစ်ပေါ့နော်။ ကိုယ့်မင်္ဂလာသတင်းလည်း ရှိတယ်လေ။ ဘာပဲပြောပြော ကိုယ့်ဘဝတစ်ဆစ်ချိုးလို့လည်း ပြောလို့ရတဲ့ အနေအထားပေါ့။ ညီမကတော့ အကောင်းဆုံးတွေပဲ မျှော်လင့်ထားတဲ့ သူ မဟုတ်ပေမယ့် ရွေးချယ်ထားပါတယ်။

**နှစ်သစ်အတွက် ပရိသတ်ကိုရော ဘယ်လိုမျိုးစကားလက်ဆောင် ပေးချင်ပါသလဲ။**

ဆုတောင်းပေးချင်ပါတယ်။ ပရိသတ်အားလုံး ပြီးမြောက်အောင်မြင်တဲ့ အလုပ်အကိုင်တွေ လုပ်နိုင်ပါစေ။ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာနဲ့ အများအကျိုး ဆောင်ရွက်ပေးနိုင်တဲ့ သူများဖြစ်ကြပါစေလို့ ဆုတောင်းပေးပါတယ်။



# တမျက်နှာသစ် ဖွင့်လှစ်သူများ

နှင်း

Future starts today. Not tomorrow.

(by Sheikh Mohammed)

သဲကန္တာရကို အိုအေစစ်ဖြစ်အောင် ဖန်တီးဖို့အရာဟာ အိပ်မက်ဆန်ပါသလား။ ဒါပေမဲ့ အိပ်မက်ဆန်သော မျှော်လင့်ချက်တွေကိုပဲ ကျွန်မတို့ လူသားတွေ အကြိမ်ကြိမ် မက်ခဲ့ကြပါတယ်။ အထူးသဖြင့် အခုလို နှစ်တစ်နှစ်ရဲ့ စာမျက်နှာသစ်တွေ တစ်ကျော့ပြန်လည်ဖွင့်လှစ်ချိန်တိုင်းမှာ ခွန်အားတွေ အသစ်မွေးဖွာရင်းနဲ့ပေါ့။ ဒီခွန်အားနဲ့ အနာဂတ်နှစ်သစ်ကို ဘာလို့ ကျွန်မတို့ မနက်ဖြန်ရောက်တဲ့အထိ စောင့်နေမှာလဲ။

ကျွန်တော်တို့ရဲ့ အနာဂတ်ဟာ မနက်ဖြန် မဟုတ်ပါဘူး . . . ဒီနေ့ကစပါတယ် . . . လို့ ဆိုလာသူက ဒူဘိုင်းမြို့ရဲ့အုပ်ချုပ်သူ ဇော်ဘွား ရှိတ်မိုဟာမတ်ပဲ ဖြစ်ပါတယ်။

သူဟာ အတွေးအခေါ်အသစ် စိတ်ကူး အသစ်အဆန်းတွေနဲ့ နိုင်ငံကို တိုးတက်စေခဲ့သူ အဖြစ် တိုင်းပြည်အုပ်ချုပ်သူ လူတန်းစားတွေ အလယ်မှာ နာမည်ကျော်ခဲ့တယ်။ သူဟာ သူတစ်ပါးထက် အရာရာ သာလွန်ကောင်းမွန် အောင် ကြိုးစားခဲ့တဲ့သူအဖြစ်လည်း နာမည်ကျော် ခဲ့တယ်။

စိတ်ကူးစိတ်သန်းအသစ်တွေကို လက်တွေ့ ကျကျ အကောင်အထည်ဖော်နိုင်ခဲ့သူအဖြစ်လည်း သမိုင်းရှိခဲ့တယ်။

အမြင်သစ် အတွေးသစ်တွေမှန်သမျှ သူက လက်တွေ့ဘဝထဲကို ဆွဲခေါ်သွင်းနိုင်ခဲ့တယ်။

ကမ္ဘာပေါ်မှာရှိသမျှ ထင်ရှားကျော်စောခြင်း တွေအားလုံး သူ့နိုင်ငံတစ်နိုင်ငံတည်းမှာသာ ရှိစေ ရမယ်ဆိုတဲ့ စိတ်ကူးသစ်တွေ အကြံဉာဏ်သစ် တွေနဲ့ အိပ်မက်တွေ မက်မဆုံးခဲ့သူလည်း ဖြစ်ခဲ့ တယ်။

သူမက်ခဲ့သမျှ အိပ်မက်တွေကိုလည်း တကယ့်လက်တွေဘဝမှာ ချပြနိုင်အောင် အား ထုတ်ခဲ့တယ်။

ကမ္ဘာ့အမြင့်ဆုံးအဆောက်အဦ ကမ္ဘာ့အကြီး ဆုံး ဗလီ ကမ္ဘာ့အကြီးဆုံး ရွှေပင်းစင်တာ ကမ္ဘာ့ ဈေးအကြီးဆုံးဟိုတယ် သဘာဝမဟုတ်တဲ့ Man-Made Island တွေ ကမ္ဘာပေါ်မှာ ပထမဆုံး မောင်းသူမဲ့ မက်ထရိုတွေနဲ့ ကန္တာရတိုင်းပြည်လေး ကို ကမ္ဘာကသိအောင် ကြိုးစားခဲ့သူခေါင်းဆောင် ကောင်းတစ်ယောက်မို့ ပြည်သူတွေရဲ့ ချစ်ခင် လေးစားခြင်းကို အတိုင်းအဆမရှိ ရရှိနေသူ တစ်ဦးလည်း ဖြစ်ပါသေးတယ်။

သူ့ရဲ့ ကြိုးစားအားထုတ်မှုကြောင့် ကန္တာရ ထဲက လူဦးရေ ၁၀ သန်းလောက်ပဲရှိတဲ့ နိုင်ငံ လေးဟာ ထိပ်တန်းရောက်နေတဲ့ အခြားနိုင်ငံတွေနဲ့ တန်းတူရင်ပေါင်တန်းနိုင်ခဲ့ပါတယ်။

သူ့ရဲ့ ထူးခြားချက်တစ်ခုကတော့ တချို့ တချို့သော ခေါင်းဆောင်တွေလို ကိန်းကြီးခန်းကြီး မနေတတ်ဘဲ သာမန်လူတစ်ယောက်လို ပြည်သူ တွေကြားမှာ တစ်သားတည်း ရှိနေတတ်တဲ့ အချက်လေးပါ။

တစ်ခါတစ်ရံမှာ သူ့ကို ပြည်သူတွေကြားမှာ မီးရထားစီးနေတာတွေ့ရတတ်သလို တစ်ခါတစ်ရံ မှာတော့ သဲကန္တာရထဲမှာ နိုင်ငံခြားခရီးသွားတွေကို ရေနွေးကြမ်းငှဲ့ပေးပြီး ဧည့်ခံနေတာကို တွေ့ရ တတ်ပါတယ်။ တခါတလေမှာလည်း တက္ကသိုလ် ကောလိပ်က ထမင်းစားဆောင်မှာ ကျောင်းသား တွေနဲ့တန်းတူ နေ့လယ်စာစားနေတာကို တွေ့ရ တတ်ပါတယ်။



သူနဲ့ သူ့မိသားစုဝင်တွေကို လုံခြုံရေးတွေ သက်တော်စောင့်တွေမပါဘဲ သာမန်ခရီးသည်တွေ လို လေဆိပ်မှာတွေ့ရတတ်တဲ့ အချိန်တွေလည်း ရှိပါသေးတယ်။ ညဘက်မှာ သူ့ကို နေရာတော် တော်များများမှာ သာမန်ပြည်သူတစ်ယောက်လို မကြာခဏ တွေ့ရသူတွေလည်း ရှိပါတယ်။ ကား ကို ကိုယ်တိုင်မောင်းပြီး ကန္တာရညနေချမ်းတွေကို သာမန်ပြည်သူတစ်ယောက်လို ရိုးရိုးစင်းစင်းဖြတ် သန်းလေ့ရှိတဲ့ ခေါင်းဆောင်မို့ သူ့ကို ပြည်သူတွေ က ချစ်ခင်လေးစားကြပါတယ်။

♦

အမျိုးသမီး အခွင့်အရေးအပြည့်အဝရှိတဲ့ အာရပ်ပြည်လို့ သက်သေထူနိုင်ခဲ့တဲ့ စံပြ အမျိုး သမီးတစ်ယောက်ကိုလည်း အစိုးရအုပ်ချုပ်သူ တွေကြားမှာ တွေ့ရပါသေးတယ်။

၂၀၁၃ ရဲ့ ထိပ်တန်းအာရပ်အမျိုးသမီး ၁၀၀ စာရင်းမှာ ထိပ်ဆုံးကနေရာယူခဲ့သူကတော့ အသက် ၅၁ နှစ်အရွယ် Sheikha Lubna ပါ။ သူမကတော့ ယူအေအီးနိုင်ငံရဲ့ နိုင်ငံခြား ကုန်သွယ်ရေးဝန်ကြီးတာဝန်ကို ထမ်းဆောင်နေတဲ့ ပထမဆုံးသော အမျိုးသမီး ဝန်ကြီးတစ်ဦးပါ။ ယူအေအီးနိုင်ငံရဲ့ ပြည်နယ်တစ်ခုက ဇော်ဘွား မိသားစုထဲက မွေးဖွားလာတဲ့ သူမဟာ ယခင်က ယူအေအီးနိုင်ငံရဲ့ စီးပွားရေးနဲ့ စီမံကိန်းဝန်ကြီး တာဝန်ကိုလည်း ထမ်းဆောင်ခဲ့သူပါ။ အင်မတန် ထက်မြက်ထူးချွန်တဲ့ အာရပ်အမျိုးသမီး တစ်ယောက်မို့ သူမရရှိထားတဲ့ အုပ်ချုပ်ရေးပိုင်း ဆိုင်ရာ ရာထူးအဆင့်အတန်းနဲ့ ထိုက်တန်သူလို့ ဆိုလို့ရပါတယ်။

♦

နောက်တစ်ယောက်ကတော့ ယူအေအီးမှာ အခြေချနေထိုင်တဲ့ ပါလက်စတိုင်းနိုင်ငံသူ ဆူဇာနာဆိုတဲ့ အာရပ်ပျိုဖြူလေးပါ။ သူမဟာ ထင်ရှားကျော်ကြားလှတဲ့ အာရပ်အမျိုးသမီး ၁၀၀ စာရင်းမှာ နံပါတ် ၁၆ နေရာမှာရှိပါတယ်။ သူမ ဟာ နိုင်ငံတကာက ထင်ရှားကျော်ကြားလှတဲ့ တောင်တွေနဲ့ ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ကို တက်နိုင်ခဲ့တဲ့ ပထမဆုံးအာရပ်ပျိုဖြူလေး တစ်ယောက်အဖြစ် ထင်ရှားပါတယ်။ သူမရဲ့ ဒုတိယအိပ်မက်ကတော့ ကမ္ဘာပေါ်မှာရှိတဲ့ တိုက်ကြီး ခုနစ်တိုက်လုံးမှာရှိတဲ့ အမြင့်ဆုံးတောင် တွေအားလုံးကို တက်ဖို့ပါပဲလို့ ဆိုပါတယ်။

သူမနဲ့တွေ့ဆုံခဲ့တဲ့ ဆွေးနွေးပွဲလေးကတော့ သူမရဲ့အတွေ့အကြုံတွေကို ရှင်းလင်းပြောကြားတဲ့ အတားအဆီးများကို တွန်းလှန်ကျော်လွှားခြင်း ဆိုတဲ့ ဟောပြောပွဲလေးပါ။ အိပ်မက်တွေကို လက်တွေ့ဘဝထဲကိုရောက်လာအောင် ကြိုးစား ရမှာက ကျွန်မတို့ကိုယ်တိုင်ပဲ ဖြစ်ပါတယ်လို့ ဆိုပါတယ်။ ကိုယ့်ရဲ့အိပ်မက်တွေ ဖြစ်လာနိုင်တယ် မဖြစ်နိုင်ဘူးရယ်လို့ အဆုံးအဖြတ်ပေးမယ့်သူဟာ မိမိကိုယ်တိုင်ပဲ ဖြစ်ပါတယ်။ တကယ်တမ်း လက်တွေ့ဘဝမှာ မဖြစ်နိုင်ဘူးဆိုတဲ့ အိပ်မက် ရယ်လို့ မရှိဘူးဆိုတာ ဧဝရက်တောင်ပေါ်ကို ရောက်ခဲ့တဲ့ ပထမဆုံး အာရပ်အမျိုးသမီး တစ်ယောက်အနေနဲ့ ရဲရဲကြီးပြောရဲပါတယ်လို့ သူမက ခပ်ပြုံးပြုံးလေးပဲပြောလာခဲ့ပါတယ်။

မျက်မှောက်ကာလ အာရပ်ကမ္ဘာမှာ အာရပ် အမျိုးသမီးတွေကဏ္ဍသစ်တွေ စိုက်ထူလာတာဟာ အားတက်စရာ ဂုဏ်ယူစရာ အပြောင်းအလဲလို့ ဆိုလို့ရပါတယ်။


♦

ကာတာနိုင်ငံလေးမှာ အမျိုးသမီး အင်ဂျင် နီယာတွေ အမျိုးသမီးဆရာဝန်တွေ ပေါ်ထွက် လာခဲ့တာ ကမ္ဘာကလူတွေ မြင်တွေ့ခဲ့ကြတယ်။ အခုလည်း ကာတာနိုင်ငံရဲ့ ပထမဆုံး အမျိုးသမီး တရားသူကြီးတစ်ယောက်အဖြစ် ကျွန်မ ရပ်တည်လာနိုင်ခဲ့ပြီ။ ဒါဟာ အိပ်မက်တစ်ခု အကောင်အထည်ပေါ်လာတာပါပဲ။ သူများတွေ အတွက် သိပ်မထူးဆန်းလှဘူးဆိုပေမယ့် ကျွန်မ တို့အာရပ်ကမ္ဘာက အုပ်ချုပ်သူတွေရဲ့ ပွင့်လင်း တိုးတက်လာတဲ့ စေတနာကို ကျေးဇူးတင်ရပါ တယ်" လို့ ဆိုလာသူက မာဟာမန်ဆူးဆိုတဲ့ ကာတာနိုင်ငံသူတစ်ယောက်ပါ။ သူမက အာရပ် ကမ္ဘာရဲ့ ထိပ်တန်းအမျိုးသမီး ၁၀၀မှာ နံပါတ် ၆ နေရာမှာ ရှိနေခဲ့သူလေးပါ။

ကျွန်မတို့ နေ့စဉ်နဲ့အမျှ တွေ့နေရတဲ့ ခေတ်

သစ်အာရပ်ပျိုဖြူတွေဟာ ကျွန်မတို့ တွေးထင်ထားသလို သံကွန်ချာအောက်မှာ ဘဝကို ခြောက်သွေ့စွာ ဖြတ်သန်းနေရသူတွေ မဟုတ်တော့ပါဘူး။ လက်တွေ့ကျကျ တွေးခေါ်မြော်မြင်ပြီး အိပ်မက်တွေကို တကယ့်ဘဝမှာ ချပြနိုင်သူတွေအဖြစ် ရှေ့တန်းကို ရောက်လာကြပါပြီ။

ကျွန်မ တက်ခဲ့ဖူးတဲ့သင်တန်းတစ်ခုမှာ အင်မတန် သွက်လက်ချက်ချာတဲ့ အာရပ်နိုင်ငံဖွား နည်းပြဆရာမလေးတစ်ယောက်နဲ့ တွေ့ခဲ့ရဖူးပါတယ်။ သူနဲ့စကားစမြည်ပြောဖြစ်တော့ သူ့မိသားစုနဲ့ ပက်သက်ပြီး ထူးထူးခြားခြား မှတ်ချက်ပေးလာပါတယ်။ "ကျွန်မက ဒီမြေမှာမွေး ဒီမြေမှာ ကြီးလာတာမှန်ပါတယ်။ ကျွန်မအမျိုးသားက အစဉ်အလာကြီးတဲ့ အာရပ်မိသားစုက မွေးဖွားလာတဲ့ လေယာဉ်မှူးတစ်ယောက်ပါ။ ကျွန်မတို့မှာ သားလေးတစ်ယောက်ပဲ ရှိပါတယ်။



လင်ရောမယားရော အလုပ်လုပ်နေတဲ့ မိသားစုမှာ သားသမီးအများကြီးမလိုချင်ပါဘူး တစ်ယောက်တည်းနဲ့ ကျွန်မတို့အတွက် လုံလောက်ပါတယ်။ ဒီနေရာမှာ သိပ်ရယ်စရာကောင်းတဲ့ အချက်ကတော့ ကျွန်မမိသားစုနဲ့ ကျွန်မအမျိုးသားရဲ့မိသားစု မတူကွဲပြားတဲ့အချက်ပါပဲ။

ကျွန်မတို့အိမ်မှာ မိသားစုဝင် သုံးယောက်ပဲ ရှိပါတယ်။ ကျွန်မအမျိုးသားကတော့ သူ့မှာ ညီအစ်ကို မောင်နှမ ဘယ်နှယောက်ရှိသလဲဆိုတာတောင် မမှတ်မိနိုင်အောင် များပြားလှတဲ့ မိသားစုက ဆင်းသက်လာတာပါ။ မိသားစု တွေ့ဆုံပွဲတွေကို ကျွန်မရဲ့ အမျိုးသားရဲ့အဖေက သူ့ခြံကျယ်ကြီးထဲမှာ ကျင်းပတတ်ပါတယ်။ ယောက္ခမကြီးက သူ့ရဲ့ အိမ်ထောင်ဖက်လေးယောက်ကမွေးလာတဲ့ သားသမီးတွေနဲ့ သူ့ရဲ့ မြေးတွေအရေအတွက်ကိုတောင် မမှတ်မိရှာတော့ပါဘူး။ ကျွန်မကိုယ်တိုင်လည်း ကျွန်မအမျိုးသားကလွဲလို့ သူ့မိသားစုဝင်တွေကို စုံလင်အောင် မမှတ်နိုင်ပါဘူး။အဲ့လောက်ကို မိသားစုများပြားလွန်းပါတယ်။

ဒါပေမဲ့ ကျွန်မတို့ခေတ်မှာတော့ ကျွန်မရော ကျွန်မခင်ပွန်းပါ တစ်လင်တစ်မယား စနစ်ကိုပဲ သဘောကျပါတယ်။ သားသမီးလည်း တစ်ယောက်နှစ်ယောက်ထက်ပိုပြီး မလိုချင်ပါဘူး"

ကျွန်မတွေ့ဘူးသမျှ အာရပ်ပျိုဖြူလေးတွေဟာလည်း ခေတ်နဲ့အညီ လိုက်လျောညီထွေ ရှိကြပါတယ်။ အစဉ်အလာ မလေ့ဟောင်းတွေအောက်က ရုန်းထွက်လာကြပါတယ်။

အာရပ်ကလေးများ ပုံပြင်စာအုပ်ထုတ်ခဲ့သူ အထက်တန်း ကျောင်းသူလေးတစ်ယောက်က စာပေပွဲတော်တစ်ခုမှာ သူမရဲ့ အိပ်မက်တစ်ခုကို ပြောပြဘူးပါတယ်။ "ကျွန်မ ငယ်ငယ်တုန်းက ကုလားအုပ်ပုံပြင်တွေနဲ့ ကြီးပြင်းလာခဲ့တယ်။ စာအုပ်တွေထဲမှာ ရုပ်ရှင်တွေထဲမှာ ကုလားအုပ်ပေါင်းစုံကို မြင်ဖူးခဲ့တယ်။ ကိုယ်တိုင် ပုံပြင်တစ်ပုဒ်ဖန်တီးဖို့ စိတ်ကူးရှိလာတဲ့ အချိန်ကျတော့ ကျွန်မကိုယ်တိုင် နေ့စဉ်ရက်ဆက်ဆိုသလို သဲကန္တာရထဲကိုသွားခဲ့တယ်။ ကုလားအုပ်တွေရဲ့ သဘာဝကို အနီးကပ်လေ့လာခဲ့တယ်။ မိဘ ဘိုးဘွားတွေဆီက ကုလားအုပ်နဲ့ ပက်သက်ပြီး သိချင်တာတွေ မေးမြန်းခဲ့တယ်။ စာသင်ကျောင်းတွေကို ကိုယ်တိုင်ကိုယ်ကျသွားပြီး ကလေးတွေဘယ်လို ပုံပြင်ဇာတ်ကောင်တွေကို နှစ်သက်လဲဆိုတာ အချိန်ယူပြီးလေ့လာခဲ့တယ်။ နောက်ဆုံးမှာတော့ ကျွန်မရဲ့ စိတ်ကူးစိတ်သန်းလေးနဲ့ ကုလားအုပ်ပုံပြင်လေးတစ်ပုဒ်ကို ဖန်တီးနိုင်ခဲ့တယ်။ ပုံပြင်ဇာတ်လမ်းတိုတိုလေးကို ဆန်းသစ်တဲ့ အတွေးအခေါ်နဲ့ ဖန်တီးနိုင်ခဲ့တယ်ဆိုပေမယ့် အဲဒီအတွက် အချိန်တွေ အများကြီးပေးပြီး လေ့လာအားထုတ်ခဲ့ရတယ်။ အဲ့ဒီအတွက်လည်း ကျွန်မ သိပ်ကျေနပ်မိပါတယ်။ တကယ်တော့ ကျွန်မတို့ မလုပ်နိုင်ဘူးဆိုတဲ့ အလုပ်ရယ်လို့ မရှိပါဘူး. . ကြိုးစားမယ်ဆိုရင် ဘာမဆို ဖြစ်ပါတယ်"

◆

ယူအေအီးနိုင်ငံလေးဟာ နှစ်ပေါင်းငါးဆယ်ကျော်ကာလအတွင်းမှာ အံ့မခန်းလောက်အောင် တိုးတက်လာခဲ့ပါတယ်။ ကန္တာရထဲက သဲပုံကြီးတွေကြားက ထိုးထိုးထောင်ထောင်ထွက်လာတဲ့ အိပ်မက်တိုင်းပြည်တစ်ခုကို မြင်ရသူတိုင်း လေးစားအားကျကြပါတယ်။ ချီးမွမ်းစကားဆိုကြပါတယ်။ သဲကန္တာရ နိုင်ငံလေးဟာ မဖြစ်နိုင်ဘူးဆိုတဲ့ အရာရယ်လို့ မရှိဘူးလို့အမြဲတမ်း သက်သေပြနေတဲ့ နိုင်ငံလေးပါ။ ချစ်ချစ်တောက် ပူပြင်းခြောက်သွေ့လွန်းတဲ့ နွေကာလတွေမှာတောင် မိုးအတုလို့ခေါ်တဲ့ တိမ်ခြေမိုးတွေကို ဖန်တီးပြီး နိုင်ငံရဲ့ ရာသီဥတုကို ထိန်းသိမ်းနေတဲ့ နိုင်ငံလေးပါ။ Cloud Seeding လို့ခေါ်တဲ့ မိုးအတုကိုတော့ ရေခဲခြောက်နဲ့ Silver Iodine ကို အသုံးပြုပြီး ဖန်တီးရပါတယ်။ ဒီလိုမိုးအတုမျိုးကို နွေကာလတွေမှာ ဖန်တီးပြီး ကန္တာရကို စိမ်းလန်းစေတဲ့ အုပ်ချုပ်သူ ဇော်ဘွားတစ်ယောက်ရဲ့ မနက်ဖြန်ကို မစောင့်ပါနဲ့ဆိုတဲ့ စကားလေးကို ကျွန်မ သိပ်သဘောကျပါတယ်။

သူဟာ သဲပုံအတိပြီးတဲ့ ကန္တာရကို အိုအေစစ်လို ဖန်တီးနိုင်ခဲ့သူပါ။ ကျွန်မတို့ အာရှတိုက်မှာလည်း ပြာပုံအတိပြီးခဲ့တဲ့ မီးလောင်ပြင်ကို အာရှကျားဖြစ်အောင် အသက်သွင်းနိုင်ခဲ့တဲ့ နိုင်ငံတစ်နိုင်ငံရှိပါတယ်။ ဟီရိုရှီးမားဒဏ်ကြောင့် တစ်နိုင်ငံလုံး ပြာပုံဖြစ်ခဲ့ရပြီး အနုမြူဒဏ်ကြောင့် ဒုက္ခိတ ဖြစ်ကျန်ခဲ့သူတွေ ပြာပုံထဲက ရုန်းထွက်ခဲ့တာ ဖီးနစ်ငှက်တွေလိုပါပဲ။ အနုမြူကြောင့်လည်း စိတ်ဓာတ်ခွန်အား မကျခဲ့သလို အကြိမ်ကြိမ်ခံစားနေရတဲ့ ငလျင်မုန်တိုင်းတွေကိုလည်း သူတို့ မမှုကြပါဘူး။

သုညဘဝကို ဘယ်လိုပဲရောက်ရောက် ပြန်လည်ထူထောင်ရေးအတွက် စိတ်ခွန်အားအမြဲပြည့်ဝနေသူမို့ သူတို့ရဲ့ စာမျက်နှာတွေတိုင်းဟာ သစ်ဆန်းလှပနေခဲ့ပါတယ်။

ယုံကြည်ချက် တစ်ခု မျှော်လင့်ချက်တစ်ခု အိပ်မက်တစ်ခုဟာ ကျွန်မတို့ရဲ့ နေ့သစ်တိုင်းကို ခွန်အားသစ်တွေနဲ့ နိုးထစေသလို ပိုပြီးတော့လည်း အသက်ဝင်စေပါတယ်။

အထူးသဖြင့် အခုလို နှစ်တစ်နှစ်ရဲ့စာမျက်နှာအသစ်တစ်ခုကို ဖွင့်လှစ်လိုက်တိုင်း ယုံကြည်ချက်အသစ် မျှော်လင့်ချက်အသစ်တွေနဲ့ သစ်လွင်တဲ့ နေ့ရက်တွေကို မြင်ယောင် အိပ်မက်မက်တတ်ကြပါတယ်။ ဒါပေမဲ့ ကျွန်မတို့ မက်မိတဲ့ အိပ်မက်တွေကို အိပ်ရာထဲမှာ ချန်မထားခဲ့ဘဲ လက်တွေ့ဖြစ်လာအောင် ကြိုးစားဖို့ပဲ လိုတာပါ။ သဲကန္တာရကို အိုအေစစ်ဖြစ်အောင် ပြောင်းလဲနိုင်တဲ့ အိပ်မက်ရဲ့ အောင်မြင်မှုမျိုး ပြာပုံထဲက မဆုတ်မနစ် ကြိုးစား ရုန်းထွက်ခဲ့တဲ့ ဖီးနစ်ငှက်တွေရဲ့ လှုံ့လဝီရိယမျိုး မွေးဖွားနိုင်စေဖို့ . . . . . .


ရတီချစ်သူတွေအားလုံး နှစ်သစ်မှာ ခွန်အားသစ်တွေနဲ့ ကြည်နူးနိုင်ကြပါစေ။

**နှင်း**

Future starts today. Not tomorrow.
(by Sheikh Mohammed)

# Greatest Hits Of TOE TOE

## Best Make-up Artist Asia Award



ဖြိုးဆုပိုပို

ပြီးခဲ့တဲ့ ၂၀၁၃ နှစ်ကုန်ပိုင်းအတွင်းမှာ မြန်မာပြည်သူလူထုအကြား စိတ်ဝင်စားဖွယ် သတင်းတွေ ပြန့်ခဲ့ပါတယ်။ ဒီသတင်းတွေထဲမှာ 2013 Miss Universe ပွဲကို မြန်မာနိုင်ငံကိုယ်စားပြု Miss Universe Myanmar မိုးစက်ဝိုင် ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့တဲ့ သတင်းလည်း ပါခဲ့ပါတယ်။ မိုးစက်ဝိုင်ကို 2013 Miss Universe ပွဲမှာ ၈၇ နိုင်ငံသော နိုင်ငံသူတွေကြားမှာ ပွဲလယ်တင့်စေဖို့ ပံ့ပိုးပေးခဲ့ကြတဲ့ အသိပညာရှင်၊ အတတ်ပညာရှင်တွေများစွာ ရှိခဲ့ကြပါတယ်။ ဒီအထဲကမှ တစ်ဦးဖြစ်တဲ့ မိတ်ကပ်ပညာရှင် တိုးတိုးနဲ့ ဒီလရဲ့ Greatest Hits of ကဏ္ဍအတွက် တွေ့ဆုံခွင့်ရခဲ့ပါတယ်။





**● ရုရှားနိုင်ငံမော်စကိုမြို့မှာ ကျင်းပခဲ့တဲ့ Miss Universe ပြိုင်ပွဲအတွက် အန်တီတိုးက ကြိုးစားပေးခဲ့ရတဲ့အပိုင်းကို ပြောပြပေးပါလား။**

အန်တီတိုးတို့နိုင်ငံက နှစ်ပေါင်း ၅၂ နှစ်ကြာ အထိ Miss Universe ပွဲကို ဝင်ပြိုင်ဖို့ အခွင့်အရေးဆုံးရှုံးခဲ့ရတယ်။ အခု ဒီ ၂၀၁၃ ကျမှ ပြိုင်ပွဲဝင်ပြိုင်ခွင့်ရခဲ့တယ်။ ဒီတော့ တို့တိုင်းပြည်က တခြားနိုင်ငံတွေကြားမှာ တခြားနိုင်ငံတွေလိုပဲ ပွဲလယ်တင့်နေဖို့ အန်တီတိုးလည်း ကူညီခဲ့တာပါ။ အန်တီတိုးက မိတ်ကပ်ပိုင်းဆိုင်ရာ၊ ဖိနပ်၊ Swimming Suite နောက်ပြီး National Costume ဒါတွေကို ပံ့ပိုးပေးခဲ့တယ်။ အကြံဉာဏ်ပေးတယ်။ ကိုယ်တိုင်လည်း လိုက်ပါပြီး အကူအညီ တောင်းပေးရတာတွေရှိခဲ့တယ်။ ပြိုင်ပွဲဝင် အယောက် ၂၀ လုံးကို မိတ်ကပ်လိမ်းပေးတယ်။ Profile ဓာတ်ပုံရိုက်တာကအစ အားလုံး ကူညီပေးခဲ့တယ်။

**● အန်တီတိုးက ဒီနိုင်ငံက ရွေးတဲ့ပွဲမှာလည်း ဒိုင်အဖြစ်ပါဝင်ခဲ့တယ်ဆိုတော့ အဲဒီတုန်းက ရွေးချယ်ခဲ့တဲ့ စံနှုန်းတွေကိုလည်း သိချင်ပါတယ်။**

ဒါက အရေးကြီးဆုံးပဲ။ ဘာလို့လဲဆိုတော့ နိုင်ငံပေါင်း ၈၇ နိုင်ငံက Miss တွေကြားမှာ သွားပြိုင်ရမှာလေ။ ကိုယ့်နိုင်ငံသူကိုလည်း သွားပြိုင်တဲ့အခါမှာ သူများထက် မသာရင်နေ၊ ဆုကြီးတွေမချိတ်ရင်နေ၊ ဒါပေမဲ့ သူများနိုင်ငံသူထက် မနိမ့်ကျဖို့တော့ အရေးကြီးတယ်။ ဒီတော့ ဆန်ခါတင်အဆင့်ဆင့် ရွေးချယ်ခဲ့ကြတယ်။ နံပါတ်တစ်က အရပ်အမောင်း၊ ခန္ဓာကိုယ်ကြံ့ခိုင်မှု စွမ်းရည်၊ နံပါတ်နှစ်က အသားအရေ၊ ပြီးတော့ သူတို့ရဲ့ Social Skilly လို့ခေါ်တဲ့ အများနဲ့ပြုမူပြောဆို ဆက်ဆံပုံပေါ့။ အသေးစိတ်လေ့လာပြီးမှ ပြိုင်ပွဲဝင်တွေအားလုံးထဲကမှ အဆင့်အတန်း အမြင့်ဆုံးကို ရွေးချယ်ခဲ့ကြတာပါ။ အန်တီတိုးတို့ရွေးတာမှာ language ကို လုံးဝမစဉ်းစားခဲ့ကြဘူး။ အင်္ဂလိပ်စာတတ်မှ Miss ဖြစ်ရမယ်ဆိုရင် ရုပ်ဆိုးပြီး အင်္ဂလိပ်စာတတ်တဲ့ သူတွေဖြစ်လာမှာပေါ့။ တတ်ရင်တော့ ပြည့်စုံတာပေါ့။ အခု Universe ပွဲမှာပဲ ကြည့်ပါ။ နောက်ဆုံး Final မှာ တက်လာတဲ့ နိုင်ငံသူ ၅ ယောက်မှာ ၂ ယောက်ပဲ အင်္ဂလိပ်လို ပြောတာ။ ကျန်တဲ့ သုံးယောက်က စကားပြန်နဲ့ပဲ ပြောကြတာ။ တကယ်အရည်အချင်းတွေကိုပဲ ကြည့်ခဲ့ကြတာပေါ့။



**● မိုးစက်ဝိုင်ကို ရွေးချယ်ပြီးတော့လည်း ပရိသတ်တချို့နဲ့ ပြိုင်ပွဲဝင်တချို့က ဝေဖန်မှုတွေများခဲ့တယ်။ အဲဒီအပေါ် အန်တီ တိုး ဘယ်လိုသုံးသပ်ပေးချင်ပါသလဲ။**

ဒါကတော့ အန်တီတိုးတို့ မြန်မာလူမျိုးတွေက အသိပညာရှင်၊ အတတ်ပညာရှင် ပေါ်ပေါက်လာရင် လူအချင်းချင်း အသိအမှတ်ပြု၊ ကြိုဆိုတာမျိုးမလုပ်ဘဲ အမျိုးစုံကဲ့ရဲ့ပစ်တင်ဝေဖန်ကြတာ အကျင့်လိုကို ဖြစ်နေတယ်။ ကိုယ့်ကိုယ်ကိုယ် ကောင်းအောင်ကြိုးစားပြီး ဒီလိုလူမျိုးတစ်ဦး ပေါ်ပေါက်လာရင် အသိအမှတ်ပြုရမယ်။ ကြိုဆိုရမယ်။ ပြီးရင် ပံ့ပိုးပေးသင့်ရင် ပံ့ပိုးပေးရမယ်။ ဒီလို ဝိုင်းပြီးကူညီလိုက်ရင် ပိုပြီးကောင်းမှာပေ့ါ။ နောက်ပြီး အန်တီတိုးတို့ ဒိုင်တွေကိုလည်း လာဘ်စားသယောင်ယောင်တွေ ပြောခဲ့ကြတယ်။ ဒိုင်တွေအားလုံးက ပညာတတ်တွေ၊ အဆင့်အတန်း ရှိတဲ့သူတွေပါပဲ။ ဒါမျိုးလည်း မလုပ်ကြပါဘူး။ မှန်ကန်မှုက အဓိကပါပဲ။ မှန်ကန်မှုကို ငွေနဲ့ မလဲကြပါဘူး။ ဒီပွဲကိုလုပ်တဲ့ Organization ကလည်း အမှန်ဆို သူတို့လုပ်လို့ရတယ်။ ဒါပေမဲ့ မလုပ်ကြဘူး။ အန်တီတိုးတို့ ဒိုင်တွေကိုပဲ ရှေ့တန်းတင်ပြီး ရွေးတာပါ။

**● အန်တီတိုးတို့ကရော မိုးစက်ဝိုင်ကို ရွေးချယ်ခဲ့ပြီးနောက် သူ့ကို ဘယ်လိုပံ့ပိုးမှုတွေနဲ့ ကြိုးစားပေးဖြစ်ခဲ့ပါသလဲ။**

အန်တီတိုးကတော့ ကိုယ်ပိုင်တဲ့အပိုင်းကို သင်ပေးခဲ့ရတယ်။ Miss တစ်ယောက်က မိတ်ကပ် ကိုယ်တိုင် ပြင်တတ်ရမယ်။ ကိုယ့်မျက်နှာရဲ့ အားနည်းချက်၊ အားသာချက်တွေကို သိထားရမယ်။ Stage ပေါ်မှာ လှမယ့် မိတ်ကပ်ပုံစံ၊ Shooting မိတ်ကပ်ပုံစံ ဒါတွေကို သင်ပေးရတယ်။ Miss Universe ရဲ့ စည်းမျဉ်းစည်းကမ်းအရ Miss တွေအားလုံးက ကိုယ်တိုင် မိတ်ကပ်လိမ်းရတယ်။ ဘယ် Make-up Artist မှ ခေါ်လိမ်းခွင့် မရှိဘူး။ ဒီတော့ အန်တီတိုးက မိုးစက်ဝိုင်ကို မိတ်ကပ်လိမ်းပုံအသေးစိတ်ကို သေချာကို လက်ထပ်သင်ပေးရတယ်။ Make-up ဆိုတာ အသစ်တစ်ဖန် ပြန်လည်ဖွဲ့စည်းတာကို ပြောတာပဲ။ Make-up နဲ့ ကိုယ့်ရုပ်ကို ပိုလှသွားအောင် လုပ်တာကို သင်ပေးရတယ်။ ပြိုင်ပွဲ တောက်လျှောက်မှာ အားလုံး သူကိုယ်တိုင်ပဲ ပြင်ရတယ်။ ဒါကလည်း ၈၇ ယောက်လုံး လိမ်းရတာ။ National Costume ပွဲအတွက် ဆံပင်ကျတော့ အန်တီတိုးက ဆံထုံးကို သေချာထုံးပြီး ဘူးနဲ့ထည့်ပေးလိုက်တယ်။ ဟိုရောက်တော့ သူ့ဆံပင်ကို သူကိုယ်တိုင် အပြောင်သိမ်းပြီး အန်တီတိုး ထည့်ပေးလိုက်တဲ့ ဆံထုံးလေးကို အပေါ်ကနေ ကလစ်နဲ့ထိုးပြီး ပြင်တာပေ့ါ။ ဒါတွေကို အားလုံး ဒီမှာကတည်းက အန်တီတိုးက သင်ပေးရတယ်။ တခြားသူတွေကလည်း Gym ကစားပုံတို့၊ ပေါင်းသင်းဆက်ဆံရေးတို့ သင်ပေးကြတယ်။ Personal grooming ကိုလည်း သင်ပေးကြတယ်။

**● အန်တီတိုးက ရုရှားအထိ လိုက်ပါသွားခဲ့တော့ ဟိုရောက်တဲ့အချိန်မှာ တခြားနိုင်ငံက Miss တွေကြားမှာ ကိုယ့်နိုင်ငံသူ Miss လှပတင့်တယ်နေဖို့ဆိုပြီး စိုးရိမ်ပူပန်တာမျိုးရော ဖြစ်ခဲ့ပါသလား။**

ရာနှုန်းပြည့်ကို ဖြစ်တာပေ့ါ သမီးရယ်။ ကိုယ့်မျက်စိထဲမှာလည်း မြင်လိုက်တာနဲ့ တန်းပြီး အမှတ်ပေးချင်တဲ့ Miss တွေကလည်း ငါးယောက်လောက်ရှိတယ်။ အရမ်းလှတယ်ဆိုပြီးပေ့ါ။ သူတို့တွေက training တွေ ကောင်းထားတော့ အများအလယ်မှာထင်းနေအောင်လှကြတယ်။ သွားတွေကအစ လှကြတယ်။ ညီပြီးစီနေတာပဲ။

**● National Costume က အန်တီတိုး ဆင်ယင်ပေးခဲ့တယ်နော်။ ကိုယ်ဆင်ပေးမယ့် ဝတ်စုံအတွက် စိတ်ကူး၊ idea ကိုရော အန်တီတိုး ဘယ်လို စဉ်းစားဖြစ်ခဲ့တာပါလဲ။**

အန်တီတိုးက အသစ်ဖန်တီးဖို့ အချိန်မရခဲ့ဘူး။ အချိန်က အရမ်းကပ်နေတယ်။ ဒီတော့ ရှိတဲ့ဟာမှာပဲ ထပ်ပြီး ဖြည့်ပေးလိုက်ရတာ။ ထဘီက နဂိုရှိပြီးသား၊ အင်္ကျီတို့၊ ပုဝါတို့ကတော့ ထပ်ချုပ်ပေးထားတာပါ။ ဘယ်လို idea နဲ့ လုပ်ခဲ့တာလဲဆိုတော့ ကိုယ့်မြန်မာ culture ကို ပေါ်လွင်စေတာကိုပဲ



လုပ်ခဲ့တာပါ။ မြန်မာအငွေ့အသက်ပါအောင် ဒေါင်းပုံပါတဲ့ ရွှေခါးပတ်၊ ရွှေဘီး၊ စိန်ဆံထိုး ဒါတွေပါတယ်။ တကယ့်ကို နန်းဆန်စေတဲ့ ဟန်မျိုးကို ဖန်တီးပေးခဲ့တာပါ။ ဒီဝတ်စုံက ဘာကိုအခြေခံပြီး ဖန်တီးထားတာလဲ ဆိုတာ အန်တီတိုးက သေချာစာနဲ့ရေးပြီး တင်ရတယ်။ မိုးစက်ဝိုင်ဝတ်စုံ ဝတ်ပြီး လျှောက်တဲ့အချိန်မှာ နောက်ကနေ ရှင်းပြပေးတယ်။ အဲဒီတော့ အန်တီတိုးက ဝတ်စုံအကြောင်း အသေးစိတ် စာနဲ့ရေးပြီးတင်ရတာ။ ဒီအတိုင်း ချုပ်ချင်တာချုပ်ပြီး ဝတ်ပေးလို့ မရဘူး။ နိုင်ငံတိုင်းက တင်ရတယ်။ တို့မြန်မာတွေက ဘယ်လို မိန်းမတွေလည်းဆိုတာ ရေးရတယ်။ မြန်မာဝတ်စုံရဲ့ အနှစ်သာရကို ရေးပြရတယ်။ အမှန်ကတော့ ဝတ်စုံပိုင်းဆိုင်ရာမှာ တခြားနိုင်ငံတွေမှာ ဘယ်လိုရွေးလဲဆိုတော့ ဘန်ကောက်မှာ Miss Universe ပွဲ တစ်နှစ်ကျင်းပဖူးတယ်။ အဲဒီတုန်းက အန်တီတိုး အတွေ့အကြုံတချို့ ရှိခဲ့တယ်။ သူတို့က National Costume အတွက် နိုင်ငံတွင်းက Fashion Designer တွေကို ပုံစံတွေတင်ဆိုပြီး တင်ခိုင်းလိုက်တာ။ သူတို့တင်လာတဲ့အထဲကမှ အကောင်းဆုံးကို Organization ကရွေးတာ။ နိုင်ငံတိုင်းက အဲဒီလို ရွေးကြတာပါ။ အမှန်က ဒီမှာလည်း အဲဒီလို လုပ်ရမှာ။ လက်သင့်ရာ အဆင်ပြေရာကိုပဲ ရွေးပြီး လုပ်ခိုင်းလို့ မရဘူး။

**● ဒီဝတ်စုံနဲ့ ပတ်သက်ပြီး ပရိသတ်တွေက နှစ်သက်ကြတဲ့ သူတွေရှိသလို တချို့ကလည်း ဝေဖန်ခဲ့ကြတယ်။ အဲဒီအပေါ် ဝတ်စုံဖန်တီးသူတစ်ယောက်အနေနဲ့ ခံစားချက်ကိုလည်း သိချင်ပါတယ်။**

အခု Miss Universe ပွဲမှာ National Costume အတွက် ဆုရသွားတဲ့ နီကါရာဂွါနိုင်ငံက ဝတ်စုံကိုကြည့်ကြည့်ပါ။ သူတို့က ရသင့်လို့ကို ရတာ။ ဖန်တီးထားတာ ကြိုးစားထားတာ အရမ်းကောင်းတယ်။ ဘယ်နေရာမှာမှ အားမလျှော့ထားဘူး။ ဒီမှာ ကိုယ်က ရချင်လို့မရဘူး။ တကယ် ရသင့်တဲ့ဝတ်စုံက ရသွားတာပါ။ ကိုယ့်ဝတ်စုံက အများကြားထဲမှာတော့ ထူးခြားပါတယ်။ သူတို့ မြင်ဖူးနေကြအတောင်တွေ ဘာတွေနဲ့ မတူဘူးလေ။ ဝတ်ထားတဲ့ လက်ဝတ်လက်စားတွေကအစ ထူးခြားတယ်။ ဝေဖန်တာတော့ ဝေဖန်ပါ။ ရပါတယ်။ အန်တီတိုးက ဘာမှ မတုံ့ပြန်လိုပါဘူး။ ဒီဝတ်စုံကိုလည်း အန်တီတိုးက သေချာစီစဉ်ပေးခဲ့တာပါပဲ။

**● Miss Universe ပြိုင်ပွဲဆိုတာ တစ်ကမ္ဘာလုံးက စောင့်ကြည့်ပြီး စိတ်ဝင်စားကြတဲ့ ကမ္ဘာ့ အဆင့် (၁) ပြိုင်ပွဲပါ။ ဒါပေမဲ့ ဒီလိုပြိုင်ပွဲမှာ သွားပြိုင်ခဲ့တဲ့ မိုးစက်ဝိုင်ရဲ့ ရလဒ်ကို ဒီက ပြည်သူတွေတချို့က အားမရကြဘူး။ အဲဒီအပေါ် အန်တီတိုးရဲ့ ခံစားချက်ကို သိချင်ပါတယ်။**

အမှန်ကတော့ ပြိုင်ပွဲဝင်တဲ့သူကြောင့်ထက် နိုင်ငံကြောင့်ပါ။ တကယ်တမ်းတော့ အားမရတာ။ မျိုးချစ်တော့ ကရုဏာဒေါသော ဖြစ်ကြတာပါ။ ရစေချင်ကြတာပေါ့။ အမှန်တော့ အန်တီတိုးတို့နိုင်ငံက ဒီပွဲဝင်ပြိုင်တာ သိပ်ကို ဝါနုသေးပါတယ်။ ဒီပွဲရဲ့ စည်းကမ်း၊ အတွေ့အကြုံ၊ အဆင့်အတန်းကိုက ကြည့်ပဲကြည့်ဖူးကြတာလေ။ မကြုံဖူးကြသေးဘူး။ နိုင်ငံပေါင်း ၈၇ နိုင်ငံမှာမှ တစ်ယောက်ပဲ ရွေးတာလေ။ အန်တီတိုးတို့ မြန်မာက ဘယ်လို လုပ်ရနိုင်မှာလဲ။ အန်တီတိုးတို့ တိုင်းပြည်က ပြောင်းလဲမှုအခြေအနေ တိုးတက်မှုနဲ့ နည်းပညာအတွေ့အကြုံဗဟုသုတက လိုသေးတယ်လေ။ သူများနိုင်ငံမှာဆိုရင် ဥပမာ-အခု အန်တီတိုး မော်စကို ရောက်တော့ စားသောက်ဆိုင် တစ်ခုဝင်ရင် Menu Book မှာ ဘာတွေပါလဲဆိုရင် ကိုယ်မှာမယ့် အစားအသောက်ဘေးမှာ ကယ်လိုရီ၊ ကာဘိုဟိုက်ဒရိတ် ဘယ်လောက်ပါလဲဆိုတာ ဘေးမှာ rating တွေနဲ့ ပါပြီးသားပဲ။ စားသုံးသူက ကယ်လိုရီကိုညှိပြီး စားကြည့်ရုံပဲ။ ဒါက အသေးအဖွဲ ဥပမာပါ။ သူများနိုင်ငံမှာ ကျန်းမာရေး အသိက ဒီလိုတွေရှိတာ။ ဒီနိုင်ငံမှာ ဒီလိုအတွေးတွေ မရှိကြဘူး။ ဒါတွေကအစ လိုသေးတယ်။






● **National Director အဖြစ် မြန်မာနိုင်ငံက နောက်နှစ်တွေမှာ ဆက်ရနေမယ်ဆိုရင်ရော အန်တီတိုးဘက်က အမြဲပါဝင်ပံ့ပိုးပေးသွားမှာလား။**

ဒါကတော့ သူတို့ပေါ်ပဲ မူတည်ပါတယ်။ အန်တီတိုးကတော့ ဘယ်အဖွဲ့အစည်းကပဲဖြစ်ဖြစ် လာပြီး အကူအညီတောင်းခဲ့ရင် အန်တီတိုးက ပေးမှာပါပဲ။ ကိုယ်က ဝါသနာရှင်မဟုတ်ဘူးလေ။ Professional တစ်ယောက်အနေနဲ့ လာပြီး အကူအညီတောင်းရင် ကိုယ်နိုင်တဲ့ဘက်က ကူညီဖို့ အဆင်သင့်ပါပဲ။



● **အခုဆိုရင် Miss Universe ပွဲကို မြန်မာနိုင်ငံက ကိုယ်စားပြုအနေနဲ့ နှစ်စဉ်ဝင်ပြိုင်ဖို့ အလားအလာတွေရှိနေတော့ ပြိုင်ပွဲဝင်ချင်ကြတဲ့ မိန်းကလေးတွေက ဘာတွေပြင်ဆင်ထားရဖို့လိုပြီး လေ့ကျင့်ထားရမယ်ဆိုတာတွေကို ပြောပြပေးပါ။**

အခု Miss ရသွားတဲ့ ဗင်နီဇွဲလားနိုင်ငံသူက ၁၄ နှစ်သမီးကတည်းက Training ပေးထားတာ။ အခု သူ့အသက် ၂၅ နှစ်ဆိုတော့ ၁၁ နှစ်တောင် သူ့ကို Training ပေးထားတာ။ အရပ်အမောင်း၊ လမ်းလျှောက်ပုံ၊ ပြင်ဆင်ခြယ်သတာ၊ ရယ်တာ အားလုံးသင်ပေးထားတာ။ သူတို့နိုင်ငံမှာ ကလေးတွေကို ၂ နှစ်သမီးလောက်ကတည်းက အိမ်မှာ ဒေါက်ဖိနပ်စီးခိုင်းပြီး လမ်းလျှောက်လှဖို့ ကျင့်ပေးထားတာ။ ဒါက နိုင်ငံဖွံ့ဖြိုးမှုနဲ့လည်း ဆိုင်တယ်။ Miss Universe Myanmar Organization က လုပ်ပေးရမယ်။ အခုရွေးပြီး အခုသွားပြိုင်ခိုင်းလို့ မရဘူး။ သွားပြိုင်မယ့် Miss ကလည်း Personality လိုတယ်။ Organization က Fund တောင့်တောင့်တင်းတင်းနဲ့ သေသေချာချာ ပံ့ပိုးပေးနိုင်မှဖြစ်မှာ။ လူတစ်ယောက်ကို ၁၄ နှစ် ၁၅ နှစ် Training ပေးဖို့အတွက် ကုန်ကျစရိတ်က နည်းမှာမဟုတ်ဘူးလေ။ ဒါကြောင့် နိုင်ငံတစ်နိုင်ငံရဲ့ လူနေမှုဘဝပုံစံမြင့်တင်ဖို့လိုတယ်လို့ ပြောတာ။ ကိုယ့်နိုင်ငံက နိုင်ငံတကာအဆင့်မီတဲ့နိုင်ငံမဟုတ်ရင်တော့ ကိုယ့် Miss က ရမှာမဟုတ်ဘူး။ ဝင်ပြိုင်ချင်တဲ့ကလေးတွေကလည်း သူတို့တွေ ဘယ်လိုပြိုင်ပြီး ဘယ်လို စံချိန်စံညွှန်းတွေနဲ့ ရွေးလည်းဆိုတာ လေ့လာရမယ်။ ပြီးရင် ကြိုးစားအားထုတ်မှု၊ Lifestyle၊ ပညာအရည်အချင်း၊ အထွေထွေဗဟုသုတ၊ Health Education ဒီအပိုင်းတွေမှာ ကိုယ်တိုင် အားထုတ်မှုတွေ ရှိထားရမယ်။

ဖြိုးစုပိုပို

# သူပြောတဲ့ သူ့အကြောင်း

# IRENE ZIN MAR MYINT

THIDA SOE



**အိုင်ရင်းရဲ့ အပျော်ရွှင်ဆုံး အချိန်များ**

အိုင်ရင်းအတွက် ပထမဆုံး ပျော်ရွှင်တဲ့ အချိန်တွေ ဆိုရင်တော့ စာမေးပွဲအောင်စာရင်း ထွက်တဲ့ အချိန်တွေပါ။ ထူးထူးခြားခြား အိုင်ရင်း ပျော်တဲ့အချိန်က နှစ်တိုင်း နှစ်တိုင်း ခရစ္စမတ် ဆိုရင် အရမ်းပျော်ပါတယ်။ ငယ်ငယ်လေးက တည်းက မိဘတွေက ခရစ္စမတ်ဆိုရင် ပျော်အောင် trainလုပ်ပေးခဲ့ပါတယ်။ ဘာမှမဟုတ်ဘဲ အင်္ကျီ အသစ်၊ ဘောင်းဘီအသစ်လေးတွေ ဝတ်ရတာ ကိုပဲ စိတ်ထဲမှာ ပျော်နေတာပေါ့နော်။ အသက်ကြီး လာလေလေ အဲဒါတွေ ပျောက်သွားလားဆိုတော့ အဲဒါတွေကတော့ ဘယ်တော့မှ ပျောက်မသွား ပါဘူး။ အခုလက်ရှိ ဘဝမှာ အိုင်ရင်း အရမ်းပျော် ရတဲ့ အချိန်ကတော့ Shwe FM မှာ အိုင်ရင်းဆု ရခဲ့တဲ့ အချိန်ပါ။

**အိုင်ရင်းသည်းမခံပေးနိုင်တဲ့ လုပ်ရပ်**

အိုင်ရင်းမလုပ်ဘဲနဲ့ အိုင်ရင်းကို ပြောတဲ့ အရာတွေဆို သည်းမခံနိုင်ဘူး။ အိုင်ရင်းအနေနဲ့ ဝုန်းဝုန်းဒိုင်းဒိုင်းဖြေရှင်းတာမျိုးတော့ တစ်ခါမှ မရှိခဲ့ပါဘူး။ အိုင်ရင်းစိတ်ထဲမှာ အိုင်ရင်း မလုပ်ဘဲနဲ့ ခံရတဲ့ဟာမျိုးဆို လုံးဝသည်းမခံနိုင်ဘူး။ သူများကိုလည်း သူများမလုပ်ဘဲနဲ့ မပြောချင် ဘူး။ ကိုယ်မလုပ်ဘူးဆိုရင်ကိုယ့်ကိုလည်း မပြောနဲ့ မကြိုက်ဘူး။ အမိကကတော့ ယောကျ်ားလေးနဲ့ ပတ်သက်ပြီး စတာ၊ နောက်တာကို အိုင်ရင်း လုံးဝမကြိုက်ဘူး၊ အစ်ကိုတွေကလည်း သုံး ယောက်တောင်ရှိတော့ အိုင်ရင်းမျက်နှာပျက်ရင် အိုင်ရင်းကိုပြောမယ့် အစ်ကိုတွေက အများကြီး ပဲလေ။

**အိုင်ရင်းရဲ့ အကြည်ညိုဆုံး စံပြပုဂ္ဂိုလ်**

အိုင်ရင်းအတွက် စံပြပုဂ္ဂိုလ်ဆိုရင်တော့ အမေပေါ့။ ဖေဖေဆုံးသွားတာက အိုင်ရင်း ၆ တန်းကတည်းက ဆုံးသွားတာလေ။ အဲဒီအချိန် မှာ ဆိုရင် အမေက အရွယ်ကောင်းလေးပဲ ရှိ သေးတယ်။ အဲဒီလိုအချိန်မျိုးမှာဆိုရင် အိုင်ရင်းတို့ ကို တခြားမျက်နှာငယ်စရာ အကြောင်းအရာတွေ မဖန်တီးခဲ့ဘူး။ အမေက မုဆိုးမအနေနဲ့ အိုင်ရင်း တို့ ဒီအသက်အရွယ်ရောက်တဲ့အထိ တစ်ယောက် တည်း ရိုးရိုးသားသား ကြိုးစားပေး ခဲ့တယ်။ အဲဒီ အတွက်ကြောင့် အမေက အိုင်ရင်းရဲ့ စံပြပုဂ္ဂိုလ် ပါ။ Music အနေနဲ့ ဆိုရင်တော့ အိုင်ရင်း တကယ့် idol က စလင်းဒီယွန်ပါ။

**မိဘနဲ့ ပတ်သက်ပြီး အိုင်ရင်းရဲ့ စိတ်သဘောထား**

အိုင်ရင်းကရတဲ့ အနုပညာကြေးတွေကို ငါးကျပ်တောင် မယူပါဘူး။ အမေ့ကို အကုန်ပြန် အပ်တာပါ။ အိုင်ရင်းကတော့ အမေပြန်ပေးတာကို ယူတာပေါ့နော်။ လိုချင်တာတွေကို အမေ ဝယ်ပေးမှပဲ ယူဖြစ်တယ်။ ပြီးတော့ အိုင်ရင်းမှာ မုန့်ဖိုးဆိုတာ မရှိပါဘူး။ အိုင်ရင်းရဲ့ အခုလက်ရှိ





အခြေအနေအရဆိုရင်တော့ အပြည့်အဝ ပြန်ပြီး လုပ်ကျွေးနိုင်တယ်လို့ ထင်ပါတယ်။

**အိုင်ရင်းရဲ့ ပရဟိတလှုပ်ရှားမှုများ**

အိုင်ရင်းကတော့ အဖွဲ့အစည်းနဲ့ လုပ်တာမျိုး မရှိပါဘူး။ မြန်မာနိုင်ငံမှာ အခုဆိုရင် ကချင်စစ်ဘေးဒုက္ခသည်တွေ၊ ရခိုင်စစ်ဘေးဒုက္ခသည်တွေ ရှိတယ်လေ။ အဲဒီလိုနေရာ မျိုးတွေမှာ လှူဖို့ပွဲတွေ လုပ်ရင် အိုင်ရင်းကို ခေါ်ကြတယ်။ ခေါ်တဲ့ အချိန်တိုင်းမှာလည်း အိုင်ရင်းက အနုပညာကြေး မယူဘဲ လုပ်ပေးတာ တွေရှိတယ်။ အရမ်းဝေးတဲ့ နေရာ တွေဆိုရင် စီစဉ်သူတွေဘက်က ပြန်ပေးကြတယ်။ အဲဒီအခါကျရင်တော့ ရန်ကုန်မှာ ယူတဲ့ ဈေးလောက်တောင်မရှိဘဲနဲ့ အိုင်ရင်း အဝေးကြီး ကိုသွားပြီး ကူညီပေးခဲ့ပါတယ်။ အဓိကကတော့ ဒုက္ခသည်တွေအတွက် ပိုပြီးပါဝင်ဖြစ်တာပေါ့နော်။ ပြီးတော့ အိုင်ရင်းတို့က ခရစ်ယာန်ဖြစ်တဲ့ အတွက် ခရစ်ယာန်မိဘမဲ့ ကျောင်းတွေမှာ တစ်ဖက်တစ်လမ်းကနေ ကူညီပေးပါတယ်။ အိုင်ရင်းကလည်း အဖေမရှိတဲ့ဘဝမှာ တော်တော်ကြာကြာ ဖြတ်သန်းခဲ့ရတာပဲလေ။

**တစ်ချိန်မှာ ကိုယ့်သမိုင်းကြောင်းကို ဒီလိုကျန်ခဲ့စေချင်တယ်။**

အိုင်ရင်းကတော့ ပရိသတ်ရဲ့ ရင်ထဲမှာ အဓိကကျန်ခဲ့စေချင်တာကတော့ နာမည်ကောင်းလေးတစ်ခုနဲ့ အရှင်းဆုံး လူတစ်ယောက်အနေနဲ့ ကျန်ခဲ့စေချင်တယ်။ အိုင်ရင်းက အတတ်နိုင်ဆုံး ဖြူစင်အောင်နေတယ်။ ရိုးရိုးသားသား ရှိတဲ့ နေရာကို ရောင်ရဲတင်းတိမ်နိုင်တယ်။ ပြီးတော့ အောင်မြင်မှုကို ဘာနဲ့မှမလဲဘူး၊ တကယ်ရိုးသားတယ်ဆိုတဲ့ အမြင်လေးနဲ့ ပုံရိပ်လေး ကျန်ခဲ့စေချင်ပါတယ်။

**အနုပညာရှင်လောကမှာ အိုင်ရင်းကြုံတွေ့ရတဲ့ အခက်အခဲများ**

အနုပညာကို စလုပ်တုန်းကတော့ ခက်ခဲတာပေါ့နော်။ အောက်ကလာကြည့်တဲ့ ပရိသတ်ကိုမပြောနဲ့ ကိုယ်ကိုယ်တိုင်က ဘာလုပ်ရမှန်းတောင် မသိဘူး။ ဘာသီချင်းဆိုရမှန်းလည်း မသိဘူးဆိုတော့ မသိတာတွေကများနေတာပေါ့နော်။ ဘုရားကျောင်းမှာ သီချင်းဆိုတာက ဒီလိုပဲ ဆိုလိုက်တာလေ၊ ငယ်ငယ်ကတည်းက မေမေပါဝင်စေချင်တယ်။ ဒါပေမဲ့ တကယ်တမ်း Stage Show ကျတော့ မတူတော့ဘူး။ အောက်ကလည်း ပြောချင်ရာပြော ကိုယ်တွေလည်း ဘာလုပ်လို့ လုပ်မှန်းမသိဘူး ဖြစ်နေတာပေါ့နော်။ ဒါကလည်း လူတိုင်းကြုံတွေ့ခဲ့မယ်လို့ ထင်ပါတယ်။ ဒါပေမဲ့ အဲဒီအခက်အခဲတွေကို ကြောက်တဲ့စိတ်တစ်ခုတည်းနဲ့ ကြိုးစားခဲ့ရတာ။ အဲဒီအချိန်ကတော့ အဆိုးဆုံး အချိန်ပဲ အစ်မ။ ကိုယ့်ကိုသိတဲ့ ပရိသတ်က Melody World ကြည့်တဲ့သူတွေပဲရှိတာလေ။ ကြည့်ဖို့ မအားတဲ့သူတွေကျတော့ ကိုယ့်ကို ဘယ်သူလဲဆိုပြီး ကြည့်တာပေါ့နော်။ တကယ်တမ်း စင်ပေါ်ကို စပြီးတက်ရတဲ့အချိန်မှာတော့ အခက်အခဲနဲ့ စိုးရိမ်ထိတ်လန့်မှုက ၁၀၀ ရာခိုင်နှုန်းအပြည့်အဝရှိခဲ့တာပေါ့။

**ပရိသတ်နဲ့ ကိုယ်နဲ့ တစ်သားတည်းဖြစ်သွားခဲ့တဲ့ အောင်မြင်မှု**

အိုင်ရင်းအတွက် ပထမဆုံးကတော့ "နှလုံးသားအရင်းအနှီး" သီချင်းနဲ့စပြီး ပရိသတ်နဲ့ အိုင်ရင်း တစ်သားတည်း ကျခဲ့တယ်။ ပြီးတော့ အိုင်ရင်း ကံကောင်းတာတစ်ခုက သီချင်း တစ်ပုဒ်လုံးကို ပရိသတ်က ရနေတော့ကံကောင်းတာပေါ့နော်။ အချို့အရာလေးတွေကို ပရိသတ်ကတစ်ကြောင်း၊ နှစ်ကြောင်းပဲရတယ်။ ပြီးရင် ကိုယ်ဘာသာကိုယ်ပဲ ပြန်ဆိုရတာလေ။ အိုင်ရင်းရဲ့ "နှလုံးသားအရင်းအနှီး"ဆိုတဲ့ သီချင်းလေးက ရင်မှာခံစားဆိုတဲ့ သီချင်းအစလေးကိုဆိုလိုက်တာနဲ့ ပရိသတ်က အစ၊ အဆုံးကို လိုက်ဆိုတာ။ တစ်ပုဒ်လုံးလောက်အထိကိုရတဲ့ သီချင်းမျိုးကို ပိုင်ဆိုင်ခဲ့ရတဲ့အတွက်လည်း တကယ်ကို ဝမ်းသာပါတယ်။ နောက်ဒုတိယအနေနဲ့ဆိုရင် "ယိမ်းလိုက်"အခွေလေးပေါ့နော်။ "နှလုံးသား အရင်းအနှီး"က ပေါက်တဲ့အရှိန်လေးနဲ့ အိုင်ရင်းရဲ့ "ယိမ်းလိုက်" အခွေလေးကို ပရိသတ်က စိတ်ဝင်စားတာပေါ့နော်။ ယိမ်းလိုက်အခွေထဲမှာ ပါတဲ့ 'ဒဏ်ရာများနဲ့'၊ 'ပြန်လှည့် မကြည့်ဘူး'၊ 'သမီးရဲ့မေမေ'သီချင်းတွေကတော့ အိုင်ရင်းဘယ်မှာဆိုဆို တောင်းကြတဲ့ သီချင်းလေးတွေပါပဲ။

**အိုင်ရင်းကြိုက်နှစ်သက်တဲ့ Fashion ပုံစံ**

အိုင်ရင်းက လူထွားတဲ့အထဲမှာပါတဲ့ အတွက်ကြောင့် အရမ်းတိုတာလေးတွေ မဝတ်ဘူးရှင့်။ အိုင်ရင်းက ယောကျ်ားလေးတွေကြားမှာ ကြီးပြင်းခဲ့ရတဲ့ အတွက်ကြောင့် Rock ဆန်တာကို ပိုကြိုက်ပါတယ်။ အမြဲတမ်းလိုလိုတော့ Rocker ကြီးတွေလို မဝတ်ဖြစ်ပါဘူး။ အိုင်ရင်းဆိုတဲ့ သီချင်းတွေကလည်း Rock ဘက်ကသွားတာ မဟုတ်တော့ ပွဲပေါ်မှာ မူတည်ပြီး ဝတ်ဖြစ်ပါတယ်။ အပြင်မှာ ဆိုရင်တော့ တီရှပ်နဲ့ ဂျင်းဘောင်းဘီကို ဝတ်ဖြစ်တာများပါတယ်။ အိုင်ရင်းက ဟိတ်နဲ့ဟန်နဲ့ နေရတာကို သိပ်မကြိုက်ဘူး။

**Melody World ပေါ်က အိုင်ရင်း**

Melody World ကတော့ အိုင်ရင်း အနုပညာလမ်းကြောင်းပေါ်ရောက်အောင် လှေကားလုပ်ပေးလိုက်တာပေါ့နော်။ အိုင်ရင်းကတော့ Melody World ထက် အရှေ့ကို ကျေးဇူးတင်ရမယ် ဆိုရင် ဦးချိုပြုံးပေါ့။ Melody World ကတော့ ခေါင်းစဉ်ပေါ့။ ဦးချိုပြုံးကတော့ Producer ပေါ့နော်။ ဒီကလေးတွေက ဖြစ်လာမလားမဖြစ်လာမလား မသိဘဲနဲ့ ပိုက်ဆံတွေ အကုန်အကျခံပြီး ရိုက်တယ်၊ လွှင့်ပေးတယ်။ အိုင်ရင်းတို့ကတော့ ကျေးဇူးအများကြီးတင် ရမှာပေါ့နော်။ အိုင်ရင်းကတော့ Melody World ခေါင်းစဉ်အောက်ကနေ Producer ဦးချိုပြုံးကို ကျေးဇူးအများကြီးတင်ပါတယ်။ အစိမ်းသက်သက်ကြီး TV ပေါ်မှာ ပေါ်လာဖို့က မလွယ်ပါဘူး။ ဦးချိုပြုံးက ကူညီပေးခဲ့လို့သာ TV ပေါ် ရောက်တယ်၊ TV ပေါ်ကနေမှ အိုင်ရင်းတို့ကို ပရိသတ်တွေ သတိထားမိစေပါတယ်။

**အိုင်ရင်းရဲ့ အနာဂတ်အစီအစဉ်**

အိုင်ရင်းအနေနဲ့ အနုပညာ အလုပ်တွေကိုပဲ ကြိုးစားပြီး လုပ်ဖြစ်နေပါတယ်။ မေမေ စီစဉ်တဲ့ အပေါ်မှာပဲ အိုင်ရင်းက ခေါင်းညိတ်၊ ခေါင်းခါလုပ်တာပဲ ရှိပါတယ်။ ကျန်တာတော့ ဘာမှမစဉ်းစားရသေးပါဘူး။ အခုအချိန်မှာ စီးပွားရေး ကိစ္စတွေကို စိတ်မဝင်စားလို့ အိုင်ရင်းကတော့မသိဘူး။

**သီတာစိုး**



# BEYOND THE WOMEN

## ဒေါ်ကလျာပြည့်ဝေသျှန်

VICE PRESIDENT
( Business Development - Inyaland Business Technology)

ARRANGED BY PHYOE SU PO PO

'ဒေါ်ကလျာပြည့်ဝေသျှန်' ဆိုရင် 'ပြည့်ဝေသျှန်' ရတနာဆိုင်နဲ့ တွဲမြင်မိကြမှာပါ။ ပြည့်စုံတဲ့ ဘဝကနေ ကြိုးစားရသူမို့လို့ အခက်အခဲ နည်းမယ်လို့ ထင်စရာပါ။ ဒါပေမဲ့ သူခံစားခဲ့ရတဲ့ လောကဓံအကောင်းတွေကြားမှာ လောကဓံအဆိုးတွေလည်း ရှိခဲ့တယ်ဆိုတာ ဒီအင်တာဗျူးမှာ အနည်းအကျဉ်းဖတ်ရမှာပါ။ အမျိုးသမီးတစ်ဦးဖြစ်ပေမယ့် ရွှေနဲ့ကျောက်မျက်အကြောင်းအရာသာမက IT နည်းပညာနဲ့ ဆက်စပ်တဲ့ hp (Hewlett Packard) ကိုယ်စားလှယ်လုပ်ငန်း၊ သတ္တု တွင်းတူးခြင်း လုပ်ငန်းတွေကို အာရုံစိုက်လုပ်နိုင်သလို တစ်ချိန် တည်းမှာ မိသားစုအရေးကိုလည်း ဂရုတစိုက် ရှိနေနိုင်ပြန်တယ်။ လူဆိုတာ Human Factor ရှိတတ်ကြတာချည်းပဲမို့ ကိုယ်တိုင်ရဲ့ ကျန်းမာရေး ကလည်း ယုယပေးရသေးတာ။ ဒီလို လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးတွေကို ဟန်ချက်ညီအောင် လုပ်ဆောင်နေတဲ့ မိန်းမသားရဲ့ ပြောစကားတွေကို ဖတ်ရှုကြည့်ရအောင်။

**အစ်မက ရတနာလုပ်ငန်းကို ဘယ်အချိန်မှာ စပြီးလုပ်ဖြစ်ခဲ့တာပါလဲ။**

အစ်မ ဒီရတနာလုပ်ငန်းကို စခဲ့တာက ၁၉၉၆ မှာပါ။ အဲဒီတုန်းက ဗိုလ်ချုပ်ဈေးမှာ Jewel Palace ဆိုပြီး ရှိခဲ့တယ်။ 96 ကို Visit Myanmar Year ဆိုပြီး သတ်မှတ်တဲ့အချိန်ပေါ့။ နိုင်ငံခြားသားတွေဝင်လာတဲ့ အချိန်မှာ ကုန်သွယ်ရေးဝန်ကြီးဌာနအောက်ကနေ မြန်မာ့ရတနာကို တရားဝင် export permit ရအောင် လုပ်ခဲ့တယ်။ ပြီးတော့ ကုန်သွယ်ရေးလက်အောက်ကနေ Jewel Palace ဆိုပြီး ဖွင့်ခဲ့တာ။ ကောင်တာတွေနဲ့ပေါ့။ အဲဒီမှာ အစ်မက စဖြစ်ခဲ့တာ။ ပထမဆုံး ကိုယ့်ရဲ့ကိုယ်ပိုင် Business ပြည့်ဝေသျှန်ရဲ့ အင်္ဂလိပ်စာလုံး PWS ဆိုင်ဆိုပြီး စဖွင့်ခဲ့တာ။ ပထမဆုံး ကိုယ့်ရဲ့ နာမည်နဲ့ ကိုယ်ပိုင်စလုပ်ခဲ့ပေမယ့်လည်း အစ်မရဲ့ဘိုးဘွားမျိုးရိုးအစဉ်အဆက်က ဒီရတနာလုပ်ငန်းကို အစဉ်အလာအတိုင်း လုပ်ခဲ့တော့ ကိုယ့်မိသားစုထဲမှာ ကိုယ်က စပြီး စွန့်ဦးတီထွင်ပြီး စလုပ်ခဲ့တဲ့သူတော့ မဟုတ်ဘူး။ အဲဒီတုန်းက အစ်မ ၁၀ တန်းအောင်ပြီးခါစ အရွယ်ငယ်ငယ်လေးပဲ ရှိသေးတာ။ ဒါပေမဲ့လည်း Generation by Generation က ဒီရတနာလုပ်ငန်းကိုလုပ်ခဲ့တော့ အစ်မအနေနဲ့က ရတနာနဲ့ပတ်သက်တဲ့ သိထားသင့်တဲ့ ဗဟုသုတကိုသိသင့် သလောက်သိပြီးဖြစ်တယ်။ ကျောက်ကို ကြည့် ရုံနဲ့ ဘာလဲဆိုတာ ခွဲပြီးသိတယ်။ နောက်ပြီး စွန့်ဦးလုပ်တဲ့သူတွေ ကြုံရလေ့ရှိတဲ့ အရင်းအနှီးနဲ့ ပတ်သက်တဲ့ ခက်ခဲမှုတွေ မရှိခဲ့ဘူး။ ဒါပေမဲ့ အစ်မမှာ ဘာတွေခက်ခဲခဲ့လဲဆိုတော့ အစ်မ သိထားတဲ့အရာတွေက ရိုးရာဓလေ့အတိုင်းပဲ သိထားတာ။ နောက်ပိုင်းနိုင်ငံတကာနဲ့ ပြောဆို ဆက်ဆံရတဲ့ ကျောက်မျက် အခေါ်အဝေါ်တွေ၊ terms တွေကို လေ့လာရတယ်။ ကျောက်မျက်ရဲ့ ပညာမဟုတ်ဘဲ ကျောက်မျက်အခေါ်အဝေါ်တွေကို သင်ယူရတယ်။

**ဒါဆို ပထမဆုံး အစ်မရဲ့လုပ်ငန်းမှာ တွေ့ရတဲ့ စိန်ခေါ်မှုက ဘာသာစကားဆိုရင် မှန်ပါသလား။**

ဟုတ်ကဲ့ပါ။ ကျောက်မျက်ရဲ့ knowledge တွေကို နိုင်ငံတကာသုံးဘာသာနဲ့ လေ့လာရတယ်။ နောက်ပြီး ရွှေနဲ့ပတ်သက်တာပေါ့။ အစ်မတို့ရဲ့ မြန်မာ့ရိုးရာမှာ ရွှေက အဝါရောင်ပဲလေ။ အဲဒီ အချိန်တုန်းကဆိုရင် ရွှေရည်ကို သတ်မှတ်ရင် ဒင်္ဂါးရည်၊ မူးရည်၊ မတ်ရည်၊ ပဲရည် ဒီလိုပဲသုံးတာ။ ဒါပေမဲ့ နိုင်ငံတကာမှာကျတော့ ကာရတ်နဲ့ သုံးကြတယ်။ ဒီလို အခေါ်အဝေါ် ခြားနားမှုတွေ ရှိတယ်။ ပြီးတော့ ပါဝင်တဲ့ percent လည်းခြားနားတယ်။ ရွှေမှာ အဝါရောင်အပြင်ရွှေဖြူ ဆိုတာလည်း ရှိတာ သိရတယ်။ ပလက်တီနမ်ကို ပြောတာမဟုတ်ပါဘူး။ ရွှေဖြူဆိုတာက ရွှေထဲကို ဖြူစေတတ်တဲ့ ပစ္စည်းတစ်ခု ထပ်ထည့်ထားတာကို white gold လို့ခေါ်တာ။ ပလက် တီနမ်က Pt၊ ရွှေက Au ဒြပ်ပေါင်း ကို မတူဘူး။ အစ်မတို့ဆီက လူတော် တော်များများက ပလက်တီနမ်နဲ့ရွှေဖြူကို သိပ်မကွဲကြဘူး။ အစ်မက ဒါတွေကို သင်ယူရတယ်။ ရွှေကို အဝါရောင်အပြင် အဖြူရောဖန်တီးလို့ရသလို အမည်းရောင်တို့၊ လိမ္မော်ရောင်တို့ အစိမ်းရောင်တို့ဖြစ်အောင်လည်း လုပ်လို့ရတယ်။ သူတို့ထည့်ပေါင်းတဲ့ ဒြပ်ပေါင်းပေါ် မူတည်ပြီး ရွှေက အဝါရောင် ဂုဏ်သတ္တိကနေ ပြောင်းနိုင်တယ်ဆိုတာတွေကို လေ့လာပြီး သိလာရတယ်။

**ပလက်တီနမ်နဲ့ ရွှေဖြူကို ဘာမှနားမလည်တဲ့သူ တစ်ယောက်ဝယ်မယ်ဆိုရင် ဘယ်လိုကြည့်ပြီး ခွဲနိုင်မလဲ အစ်မ။ နောက်ပြီး ဒီနှစ်ခုရဲ့ သိပ်သည်းမှုနဲ့ တန်ဖိုးကရော ဘယ်လိုတွေကွာခြားလဲဆိုတာ စာဖတ်ပရိသတ်ကို ဗဟုသုတအနေနဲ့ ပြောပြပေးပါလား။**

ဒီနှစ်ခုရဲ့ Chemical Composition က တူကို မတူဘူး။ အရည်အသွေးလည်း မတူဘူး။ ပလက်တီနမ်က Pt ဒြပ်ပေါင်း၊ ရွှေက Au ဒြပ်ပေါင်း။ ဒြပ်မတူရင် ဂုဏ်သတ္တိတွေက မတူဘူး။ အစ်မတို့က မြန်မာလိုပြောရင် မီးပေါင်အားလို့ ပြောတယ်။ ပျော်ဝင်နိုင်တဲ့အားပေါ့။ ရွှေဆိုရင် 1080°C ဆိုရင် အရည်ပျော်သွားတယ်။ ပလက်တီနမ်က 2200°C မှ အရည်ပျော်တယ်။ ဒီတော့ Hardness ကလည်း ကွာတယ်။ ရွှေရဲ့မာမှုနဲ့ ပလက်တီနမ်ရဲ့မာမှုကွာတယ်။ နောက်ပြီး နန်းဆွဲနိုင်တဲ့အားမှာလည်း အရမ်းကွာတယ်။ ဥပမာ - ရွှေတစ်ကျပ်သားကို ၁၀ ပေအထိ နန်းဆွဲနိုင်ရင် ပလက်တီနမ်က နန်းဆွဲနိုင်တဲ့ ခံနိုင်ရည်မရှိဘူး။ ရွှေက ပွန်းပဲ့နိုင်တယ်။ ပလက်တီနမ်ကတော့ပွန်းပဲ့နိုင်မှုခံတယ်။ တန်ဖိုးလည်း ကွာတာပေါ့။

**ဘဝမှာ ခက်ခဲပင်ပန်းဆုံးဆိုတဲ့ အချိန်တွေကို ကြုံတွေ့ခဲ့ရဖူးပါသလား။ အဲဒီ လို အချိန်တွေမှာ အစ်မဘယ်လို ကျော်လွှားခဲ့ပါသလား။**



အစ်မဘဝမှာ အခက်အခဲဆိုရင် လုပ်ငန်းနဲ့ ပတ်သက်ရင်တော့ ခုနကပြောတဲ့ နည်းပညာသစ်တွေကို သင်ယူရတဲ့အခက်အခဲ၊ ရိုးရာလုပ်ငန်း ရိုးရာအုပ်ချုပ်မှုတွေကို ဒီဘက်ခေတ် Management System ကို ပြန်ပြောင်းရတဲ့ အခက်အခဲ၊ အရောင်းပိုင်းမှာလည်း Marketing Strategy ကို ပြောင်းရတဲ့အခက်အခဲတွေရှိခဲ့တယ်။ ဒါတွေကို အစ်မက ကြိုးစားလေ့လာပြီး သင်ယူရတယ်။ နောက်ပြီး အစ်မတို့ အဘိုးအဘွားတွေခေတ်တုန်းက ပန်းထိမ်

ပညာဆိုတာက ပန်းထိမ်ဆရာဆီမှာ ထမင်းစားကျွန်ခံပြီး သင်ယူ ရတဲ့ ခေတ်။ အစ်မတို့ခေတ်မှာက သင်တန်းကျောင်း တွေပေါ်လာပြီ။ ပညာတစ်ခုက အလွယ်တကူ သင်လို့ရတဲ့ အချိန်ဖြစ်သွားပြီ။ အစ်မတို့ခေတ်က ပညာတတ်တွေနဲ့ အလုပ်လုပ်တဲ့ခေတ်ကိုရောက်သွားပြီ။ ဒီလိုပြောင်းလဲမှုတွေကြားမှာ အစ်မတို့က အလုပ်လုပ်ရတယ်။ ဒါက Management Sector ပိုင်းပေါ့။ နောက်ပြီး Customer တွေရဲ့ knowledge တွေကလည်း ပြောင်းကုန်တယ်။ အရင်တုန်းကကျတော့ ယုံကြည်မှုနဲ့ အလုပ်လုပ်ကြတာ။ ဟိုးအရင်တုန်းက ပစ္စည်းရောင်းတာ မဟုတ်ဘူး။ ကိုယ့်ဂုဏ်သိက္ခာနဲ့ ကိုယ့်ကိုယ်ကိုယ် ရောင်းစားတာနဲ့ တူတယ်။ အစ်မတို့ခေတ်မှာကျတော့ ယုံကြည်မှုအပြင် ဘယ်နေရာမှာမဆို အရည်အသွေးဆိုတာပါ ပါလာတယ်။ နောက်ပြီး ဒီရတနာပစ္စည်းကို ဝယ်ကြတာမှာ အရင်တုန်းက မရှိဝမ်းစာ၊ ရှိတန်ဆာဆိုပြီး ဝယ်ကြပေမယ့် အစ်မတို့ခေတ်မှာက အဲဒီဟာတွေအပြင် ဖက်ရှင်တစ်ခုအနေနဲ့ ဝတ်လာကြတယ်။ ဒီတော့ဖက်ရှင်ကျတဲ့ ဒီဇိုင်းမျိုးတွေကိုလည်း ဖန်တီးရတယ်။ ဒီလိုစိန်ခေါ်မှုတွေကို ကျော်လွှားခဲ့ရတယ်။ အစ်မရဲ့ ဘဝမှာကျတော့ သာမန်ပြောရရင် အစ်မဘဝက အစကတည်းက ပြည့်ပြည့်စုံစုံနဲ့ နေခဲ့ရတယ်။ စီးပွားရေးအရ၊ ပညာရေးအရ ပြည့်စုံတယ်လို့ သာမန်အားဖြင့် ယူဆလို့ရတယ်။ အိမ်ထောင်ရေးပိုင်းမှာလည်း အစ်မကိုချစ်တဲ့ သူနဲ့ လက်ထပ်ခွင့်ရခဲ့တယ်။ ပြည့်စုံတဲ့ဘဝတစ်ခုပဲပေါ့။ နှစ်ဖက်မိဘတွေကလည်း သဘောတူ ကြည်ဖြူတယ်။ အစ်မအသက် ၂၄ နှစ်မှာ အိမ်ထောင်ကျတယ်။ ၂၅ နှစ်မှာ သားကြီးကို မွေးတယ်။ ၂၈ နှစ်မှာ သားငယ်လေးကို မွေးတယ်။ သားတွေရဲ့အဖေနဲ့ ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင်နဲ့ နေခဲ့ကြတယ်။ ဒီတော့ အစ်မက ဘယ်လိုထင်ခဲ့လဲဆိုတော့ အစ်မတို့က ဒီအတိုင်းပဲ တစ်သက်လုံးဖြစ်နေမယ်လို့ ထင်ခဲ့တယ်။ တစ်ဦးလိုအပ်ချက်ကို တစ်ဦးက ဖြည့်ဆည်းရင်းနေခဲ့ကြတယ်။ အိမ်ထောင်ရေးနဲ့ ပတ်သက်ပြီး သားသမီးနဲ့ ပတ်သက်ပြီး အစ်မက ခက်ခက်ခဲခဲမရှိခဲ့ဘူး။ ၂၈ နှစ်အရွယ်ထိ ဘာမှမရှိခဲ့ဘူးပေါ့နော်။ ဒါပေမဲ့ အစ်မ ဘယ်တုန်းကမှ မျှော်လင့်မထားတဲ့ သေခြင်းတရား က ရောက်လာတယ်ပေါ့။ ကိုယ့်မျက်စိရှေ့မှာ ဖြစ်တာတွေ ပျက် တာတွေ မြင်နေရပေမယ့် အစ်မ ကိုယ်တိုင်ကြုံရမယ်လို့ တစ်ခါမှ မတွေးမိခဲ့ဘူး။ အစ်မအသက် ၂၈ နှစ်မှာ အစ်မရဲ့အမျိုးသားက အစ်မ ဘယ်တုန်းကမှ မျှော်လင့်မထားတဲ့ပုံစံနဲ့ ကွယ်လွန်သွားခဲ့ရ တယ်။ သားငယ်လေးက ၆ လပဲရှိသေးတယ်။ အစ်မဘဝက ပြည့်စုံခဲ့တော့ အစ်မက ဘဝမှာ လိုချင်တယ်ဆိုတာ မရှိခဲ့ဘူး။ ဒါပေမဲ့ ကိုယ့်ဘဝရဲ့ အလိုအပ်ဆုံး အစ်မအလိုချင်ဆုံးက ပျက်စီးသွားခဲ့တယ်။ အဲဒီလိုဖြစ်သွားတော့ ဒီကလေးနှစ်ယောက်ရဲ့တာဝန်တွေအကုန်လုံးက အစ်မတစ်ယောက်တည်းပေါ် လုံးဝရောက်လာတယ်။ အစ်မ ခင်ပွန်းရှိစဉ်တုန်းကတော့ အစ်မက စီးပွားရေး လုပ်တယ်ဆိုပေမယ့် အောင်မြင်ချင်လို့ဆိုတာ အပြင် မရှိခဲ့ဘူး။ ဒါပေမဲ့ ခင်ပွန်းမရှိတော့ဘူး ဆိုတော့ တာဝန်၊ ဝတ္တရား ဆိုတာပါ ပါလာရပြီပေါ့။ မိသားစုတာဝန်တွေပေါ့။ တာဝန်ယူမှုတွေပါလာတော့ သာမန်နဲ့မတူတော့ဘူး။ ဘဝအတွက် နေထိုင် ရပ်တည်မှုမှာ သားတွေအတွက် အများကြီးစဉ်းစားရတယ်။ ဒီတော့အစ်မဘဝရဲ့ challenge က တာဝန်ယူမှုဆိုရင် မမှားဘူး။ မိသားစုတစ်ခုကို တာဝန်ယူရင် စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအားလုံးပါပြီ။

**ဒီတော့ အစ်မရယ် စီးပွားရေးမှာရော အစ်မခင်ပွန်းမရှိတော့တဲ့ နောက်ပိုင်းမှာ အစ်မအတွက် ခက်ခဲတယ်ဆိုတာမျိုး ရှိခဲ့ဖူးပါသလား။**

အစ်မ ခင်ပွန်းရှိတုန်းက အစ်မ စီးပွားရေး လုပ်တယ်ဆိုတာ မိသားစုစားဝတ်နေရေးအတွက် ဆိုတာထက် အစ်မတို့ရဲ့ မိဘမျိုးရိုးရဲ့ tradition လုပ်ငန်းကို လုပ်တယ်ဆိုတာပါပဲ။ စီးပွားဖြစ်ချင်တာထက် အောင်မြင်မှုရချင်တယ်။ ဒါပေမဲ့ ခင်ပွန်းကွယ်လွန်သွားတော့ အများကြီးကွာသွားတယ်။ အဲဒီအချိန်မှာ အသက် ၂၈ နှစ်အရွယ် မုဆိုးမတစ်ယောက်ရဲ့အခက်အခဲက လူမှုရေးပိုင်းတွေမှာပဲ။ အစ်မက ကိုယ့်ရဲ့ဂုဏ်သိက္ခာပိုင်းလည်း မထိခိုက်အောင် လုပ်ငန်းပိုင်းမှာလည်း အောင်မြင်အောင် အများကြီး adjustment လုပ်ခဲ့ရတယ်။ အစ်မတို့ရဲ့ မြန်မာ့လူမှုဝန်းကျင်မှာက အသက် ၂၈ နှစ်အရွယ် အိမ်ထောင်မရှိတဲ့ အပျိုတစ်ယောက်အတွက် အပျိုဆိုတဲ့ ဂုဏ်နဲ့တင့်တယ်နေပေမယ့် ၂၈ နှစ်ပဲ ရှိသေးတဲ့ မုဆိုးမတို့



တစ်ခုလပ်တို့အတွက်ကကျတော့ အကြည့်ခံရတဲ့ မျက်လုံးတွေက မတူတော့ဘူး။ ဒါက အစ်မတို့ ပတ်ဝန်းကျင်က လူတွေရဲ့ အတွေးအခေါ်တွေပေ့ါ။ အစ်မဆိုရင် စီးပွားရေးလည်း အောင်မြင်တယ်။ လူမှုရေးအရ ပြောစရာမရှိ အောင်လည်း နေခဲ့တယ်။ ဒါပေမဲ့ စီးပွားရေးလုပ်လို့ လူတွေနဲ့ ပြောဆိုဆက်ဆံတဲ့အခါ မိန်းမတွေလည်း ပါသလို ယောကျ်ားတွေလည်း ပါတာပဲ။ ဒီမှာ မိန်းမတွေရဲ့ သဝန်တိုစိတ်ဆိုတာတွေက ပါလာပြီ။ ဒါကြောင့် အစ်မက အများကြီးဆင်ခြင်ရတယ်။ ဥပမာ - အစ်မက အလုပ်ကိစ္စ ဖုန်းပြောချင်တာ သူ့အမျိုးသားနဲ့ ပြောချင်တာ။ ဒါပေမဲ့ အစ်မ သူ့မိန်းမနဲ့ပဲ ကြားခံပြီး ပြောရတယ်။ အစ်မ မုဆိုး မဖြစ်ပြီး ၂ နှစ်လောက်အတွင်းမှာ ဒီအခက်အခဲ တွေ အများကြီးတွေ့ရတယ်။ ယောကျ်ားတွေထဲ မှာလည်း ကိုယ့်ကို လေးစားမှု၊ မလေးစားမှုမှာ တချို့တွေကအမြင်တစ်မျိုးလေးတွေ ရှိလာကြတယ်။ အစ်မကတော့ ကိုယ့်ရဲ့ ကိုယ်ကျင့်တရားနဲ့ ဂုဏ်သိက္ခာကိုပဲ ပိုပြီးရှေ့တန်း တင်ပြီး ဒီအကြည့်တွေကြားမှာ နေခဲ့တယ်။ depression တွေလည်း ရခဲ့တာပေ့ါ။ လူတွေ အပေါ်မှာ ပိုပြီးနားလည်သွားတယ်။ ၂ နှစ်ကျော် ပြီးချိန်မှာ အစ်မက တော်တော်လေး အဆင်ပြေပြေ နေနိုင်သွားတယ်။

**အမျိုးသမီးတစ်ဦးဖြစ်တဲ့ အစ်မအတွက် mining လို အလုပ်မျိုးကိုလုပ်တဲ့အခါ ဘယ်လို အခက်အခဲတွေနဲ့ ရင်ဆိုင်ရလေ့ရှိပါသလဲ။**

အစ်မတို့က မြန်မာနိုင်ငံ မှာဆို အသေးစား လုပ်ကွက် လို့ခေါ်တဲ့ ဧက ၅၀ ရွှေတူးတဲ့ လုပ်ငန်းကိုစတယ်။ အခက်အ ခဲတွေမှာ ဘာတွေရင်ဆိုင်ရလဲဆိုတော့ management ပိုင်းမှာပဲ အဓိကပါ။ ဒါပေမဲ့ အစ်မကနဂိုကတည်းက ပညာ ရှင်ကို အားကိုးတဲ့စိတ်ရှိတယ်။ ဒါကြောင့် သူ့ရဲ့ သက်ဆိုင်ရာ ကဏ္ဍအလိုက်မှာ တတ်ကျွမ်း တဲ့ပညာရှင်ကို အားကိုးလိုက်တော့ အခက်အခဲကတော့ သိပ်မရှိပါဘူး။ အစ်မရဲ့ စိတ်ဖိစီးမှုက ဒီပညာရှင်တွေကို ဘယ်လို management လုပ်ရမလဲဆိုပြီး learning လုပ်ရတဲ့အပိုင်းပဲ ရှိပါတယ်။

**လူအများစုက အမျိုးသမီးတွေက အမျိုးသားတွေထက် စွမ်းဆောင်ရည်နိမ့်တယ်လို့ သတ်မှတ်ကြတယ်။ အဲဒီလို သတ်မှတ်ချက်ကို အစ်မ လက်ခံပါသလား။**

အစ်မအနေနဲ့ဆိုရင်တော့ ဒါကို လက်ခံတယ်။ တော်တော်များများက လက်ခံချင်မှ လက်ခံလိမ့်မယ်။ အစ်မက အခုဆိုရင် next marriage နဲ့ပေ့ါ။ ကိုယ်ချစ်တဲ့သူ နောက်တစ်ယောက်နဲ့ လက်ထပ်ပြီး ပျော်ရွှင်စရာကောင်းတဲ့ ဘဝတစ်ခုကို တည်ဆောက်ထားပါတယ်။ အစ်မ အမျိုးသားက အမြဲပြောတယ်။ ယောကျ်ားနဲ့မိန်းမက ကွာခြားမှုမရှိဘူးဆိုပြီးပေ့ါ။ အစ်မက ဒီလို မတွေးဘူး။ ကွာတယ်။ ဉာဏ်ရည်ချင်းတူတဲ့ ယောကျ်ားတစ်ယောက်နဲ့ ဉာဏ်ရည်ချင်းတူတဲ့ မိန်းမချင်းယှဉ်ရင်တော့ စွမ်းဆောင်နိုင်ရည်မှာ မိန်းမက နိမ့်တာပါပဲ။ ဉာဏ်ရည်ချင်းမတူရင်တော့ မပြောဘူးနော်။ ဘာလို့လဲဆိုတော့ အစ်မတို့ရဲ့ ခန္ဓာကိုယ်မှာ အပိုပါလာတဲ့ပစ္စည်းတွေ ကြောင့်လို့ အစ်မကတော့ ယူဆတယ်။ အစ်မတို့မှာ ကလေးမွေးရတယ်။ မိန်းမတွေမှာပဲရှိတဲ့ အာဝေဏိကဒုက္ခဖြစ်တဲ့ တစ်လတစ်ကြိမ် ဓမ္မတာလာခြင်း၊ ပြီးတော့ အစ်မတို့ရဲ့ ခန္ဓာကိုယ်ဖွဲ့စည်းတည်ဆောက်မှုနဲ့ အစ်မတို့ရဲ့ ကြံ့ခိုင်နိုင်တဲ့စွမ်းအားက ဘယ်လိုနည်းနဲ့မှ ယောကျ်ားတွေနဲ့မယှဉ်နိုင်ဘူး။ ယောကျ်ားတွေမှာ ဒီဒုက္ခတွေ မရှိဘူးလေ။ အစ်မက discrimination လုပ်တာ မဟုတ်ပါဘူး။ ကိုယ့်ထက်ညံ့တဲ့ ယောကျ်ားတစ်ယောက်နဲ့ယှဉ်ရင်တော့ နိမ့်မှာမဟုတ်ဘူးလေ။ နောက်ပြီး အစ်မတို့မှာ မိခင်စိတ်ဆိုတာရှိတော့ ပြတ်သားမှုမှာ ယောကျ်ားတွေနဲ့ ယှဉ်ရင် အစ်မတို့က မပြတ်သားနိုင်ကြဘူး။





**အစ်မတို့က မိဘမျိုးရိုးအ လိုက်ရွှေပန်းထိမ် အလုပ်ကို အစဉ် အဆက်လုပ်ကိုင်ခဲ့တာဆိုတော့ မြန်မာ့ ပန်းထိမ် အဆင့်အတန်းကို အစ်မဘယ်လို သုံးသပ်မိပါသလဲ။**

မြန်မာတွေရဲ့ ကျောက်မျက်ရတနာနဲ့ ပတ်သက်တဲ့နားလည်မှုကို သုံးသပ်ရင်တော့ မြန်မာ့ ပန်းထိမ်လုပ်ငန်းကို နိုင်ငံတကာနဲ့ သတ်မှတ်ရင် အဆင့်မီတယ်လို့ သတ်မှတ်ရမှာပေ့ါ။ ဘာလို့လဲဆိုတော့ ရိုးရာယဉ်ကျေးမှုအမွေလေ။ အစ်မတို့ လုပ်နိုင်တာမျိုးကို တခြားနိုင်ငံတွေမှာ လုပ်ဖို့က ခဲ ယဉ်းလိမ့်မယ်။ ဥပမာ - အစ်မတို့ ရဲ့ ရွှေဆိုင်းလုပ်ငန်းဆိုပါတော့။ ပန်းထိမ်လုပ်ငန်းဆိုတာက ယဉ်ကျေးမှုနဲ့ ဆက်နွယ်နေတယ်။ နိုင်ငံတကာနဲ့ ယှဉ်ရင် အစ်မတို့ရဲ့ ယဉ်ကျေးမှုနဲ့ အစ်မတို့ရဲ့ တတ်တဲ့ knowledge တွေက အတူတူပဲလို့ အစ်မကယူဆတယ်။ ဒါပေမဲ့ ခေတ်ရဲ့ demanding တောင်းဆိုမှုမှာတော့ မတူဘူး။ ဘာလို့လဲဆို တော့ ရိုးရာတီထွင်မှုနဲ့ ခေတ်ရဲ့ တီထွင်မှုက ကွာတာကိုး။ အစ်မတို့ဆီမှာ လိုနေ တာက qua-lity control ပိုင်းပဲ။ quality control ဆိုတာက သချၤာတွက်သလို အမြဲမှန်ကန်နေရမယ်။ လက်မှုပစ္စည်းတစ်ခု မဟုတ်တော့ဘူး။ နိုင်ငံတကာမှာက ခေတ်မီ စက်ကိရိယာတွေရှိတယ်။ ဥပမာ -ရွှေရဲ့အရည်အသွေးကို စစ်ဆေးတဲ့အခါ ရွှေရဲ့ density အတွင်းထဲမှာပါတဲ့ ပါဝင်မှုတွေရဲ့ percentage ကို နောက်ဆုံးပေါ် testing machine တွေနဲ့ အတိအကျ ratio တွေနဲ့ တွက်လို့ရတယ်။ အစ်မတို့ ရိုးရာယဉ်ကျေးမှုမှာတော့ မှတ်တိုက်တဲ့ နည်းပညာနဲ့သွားတယ်။ ဒီတော့ quality control ပိုင်းမှာတော့ နိုင်ငံတကာ အဆင့်အတန်းနဲ့ ကွာတယ်။ အစ်မတို့နိုင်ငံက လက်မှုနိုင်ငံ၊ စက်မှုနိုင်ငံမဟုတ်ဘူး။ ဒီတော့ manufacture product လိုမျိုး အမြောက်အမြား ထုတ်လုပ်တဲ့ နေရာမှာ လူအင်အားကို အများကြီးသုံးရတော့ ကုန်ကျစရိတ်တွေ ပိုပြီးများတယ်။

**မြန်မာပြည်က customer တွေကရော နိုင်ငံတကာက သတ်မှတ်ချက်အဆင့်အတန်းတွေကို တကယ်နားလည်ပြီး လက်ခံကြရဲ့လား။ နိုင်ငံတကာမှာတော့ ဒီပစ္စည်းကိုလက်ခံပြီး ဒီမှာတော့ လက်မခံဘူးဆိုတာမျိုးရော ရှိပါသလား။**

ရှိပါတယ်။ ဒါက အစ်မတို့အတွက် big challenge ပါပဲ။ customer တွေနဲ့ ဆက်ဆံမှုပါ အစ်မတို့ရဲ့ အခက်ခဲဆုံးအပိုင်းပါပဲ။ ဘာလို့လဲဆိုတော့ customer တွေမှာ အစ်မတို့ရဲ့ မိရိုးဖလာ ရှေးရိုးစွဲသင်ကြားလာမှုတွေမှာ အစ်မတို့နဲ့ အခုချိန်မှာ မတူတော့။ ရွှေကို မီးရှို့လိုက်လို့ အလင်းရောင်ထွက်နေရင် ဒါက မီးလင်းခေါက်။ ၁၀၀ ရာခိုင်နှုန်း gold လို့ သတ်မှတ်ကြပေမယ့် အစ်မတို့က စံချိန်စံညွှန်းစစ်တဲ့ စက်တွေနဲ့ စစ်လိုက်တဲ့အချိန်မှာ သူက မီးလင်းပေမယ့် ၁ ရာခိုင်နှုန်း၊ ၀. ၁ ရာခိုင်နှုန်း စသဖြင့် တခြားအရာတွေ ပါနေတတ်တာကို တွေ့ရတယ်။ ဒီတော့ အမြင်အားဖြင့် မီးလင်းပေမယ့် ၁၀၀ ရာခိုင်နှုန်း Gold မဟုတ်ဘူး။ ဒါတွေကို ပြောပြတော့ သူတို့ က နားလည်နိုင်မှုအားကနည်းတယ်။ နောက်ပြီး ကျောက်မျက်ရတနာတွေနဲ့ ပတ်သက်တဲ့ကိစ္စ တွေမှာလည်း ဒီလိုပဲ။ ဥပမာ - ဒီကျောက်က မိုးကုတ်ကထွက်တဲ့ ကျောက်အစစ်။ အဘွား လက်ထက်တုန်းကတော့ ဘယ်လောက်ပေးရတယ်ပေါ့။ အဲဒီအချိန်မှာ အဲဒီ quality က အဲဒီဈေး ဖြစ်ပေမယ့် ဒီအချိန်မှာတော့ အဲဒီဈေး ဖြစ်ချင်မှပဲ ဖြစ်တော့မယ်။ အရင်တုန်းက cut လုပ်ပြီး သွေးတဲ့နည်းပညာမရှိသေးတော့ လုံးချောတွေ သွေးထားတယ်။ အဲဒီတော့ တချို့လုံးချောတွေက ပြန်ပြီးတော့ cut လုပ်ပြီး သွေးလို့ရပေမယ့် တချို့ ကျောက်တွေက ပြန်သွေးလို့မရဘူး။ ဒီအတွက် ဈေးနှုန်းကွာဟချက်က ရှိတယ်။ ဒါပေမဲ့ ရိုးရာအစွဲ မှာက ပတ္တမြားလုံးချောမှ တန်ဖိုးပိုရှိတယ်လို့ စွဲနေတာမျိုးတွေ ရှိတယ်။ ဒါတွေကလည်း အစ်မတို့ရဲ့ အခက်အခဲပဲပေါ့။ နောက်ပြီး မီးဖုတ်ကျောက်တွေပေါ့။ မီးဖုတ်ထားတဲ့ ကျောက်တိုင်းက တန်ဖိုးမရှိဘူးမဟုတ်ပါဘူး။ ဒါပေမဲ့ လူတွေမှာက မီးဖုတ်ကျောက်ဆိုရင် တန်ဖိုးမရှိဘူးဆိုတဲ့ အမြင်မျိုး အတွေးမျိုးရှိနေတတ်တယ်။ အခုက ခေတ်မီနည်းပညာတွေကြောင့် ခေတ်က ပြောင်းသွားပြီ။ ဒါတွေကို အစ်မတို့က အများကြီးညှိနှိုင်းပြီး လုပ်ရတယ်။

**နိုင်ငံတကာ ဈေးကွက်မှာရော မြန်မာ့ရွှေနဲ့ မြန်မာ့ကျောက်မျက်ရတနာတွေက ရောင်းပန်းပွင့်ပါရဲ့လား။**

ဒါကိုပြောရင် တော့ နှစ်ပိုင်းခွဲ ပြောရလိမ့်မယ်။ မြန်မာရွှေက အခုချိန်ထိ နိုင်ငံတကာ ဈေးကွက်ကို တရားဝင် export မလုပ်ဖူးသေးဘူး။ ဒီတော့ ရွှေနဲ့ ပြောရင်တော့ မြန်မာ့ရွှေလို့ ပြောလို့မရဘူး။ ဒါပေမဲ့ ရွှေကတော့ ဒီဒြပ်ပေါင်းပဲဖြစ်တော့ ဘယ်က ရွှေဖြစ်ဖြစ်အတူတူပဲပေါ့။ အစ်မတို့နိုင်ငံက ရွှေတွေ အများကြီးထွက်တယ်။ ဒီတော့ နောင်တစ်ချိန်မှာ ထုတ်ကုန်တစ်ရပ်အနေနဲ့ ဖြစ်လာနိုင်တယ်။ ရတနာကျတော့ မတူဘူး။ ရတနာက သူ့ရဲ့ Crystal Com-position က သူဖြစ်ပေါ်လာတဲ့ နေရာပေါ်မှာ မူတည်ပြီးအရောင် အသွေးကကွာခြားတယ်။ ကမ္ဘာပေါ်မှာ မြန်မာ့ပတ္တမြား၊ မြန်မာ့ ကျောက်စိမ်းပေါ့။ မြန်မာပြည်က ထွက်တဲ့ ရတနာတွေက ကမ္ဘာပေါ်မှာ အကောင်းဆုံးလို့ ဒီနေ့ဒီအချိန်အထိ သတ်မှတ်ထားတယ်။ အဲဒီအတွက် ကမ္ဘာ့ဈေးကွက်မှာ မြန်မာ့ရတနာက နံပါတ်တစ်နေရာမှာ ရှိနေပါတယ်။

**အစ်မအနေနဲ့ ပြောရရင်တော့ ရွှေနဲ့မြန်မာ့ရတနာတွေကို ထုတ်ကုန်တစ်ခုအနေနဲ့ထုတ်ပြီး ပြည်ပဈေးကွက်ဝင်ဖို့ ကြိုးစားသင့်တယ်လို့ ထင်ပါသလား။**

ဒီကိစ္စက နူးညံ့သိမ်မွေ့ပါတယ်။ လူတွေမှာ အမြင်အမျိုးမျိုးရှိနိုင်ပါတယ်။ အစ်မအမြင်နဲ့ ပြောရရင်တော့ export လည်း လုပ်သင့်တယ်။ import လည်း လုပ်သင့်တယ်။ ဘာလို့လဲဆိုတော့ ဥပမာ - အစ်မတို့နိုင်ငံက ရွှေတွေထွက်တယ်။ တချို့ကျောက်မျက်ရတနာတွေကျတော့ အစ်မတို့နိုင်ငံမှာ မထွက်တာရှိတယ်။ ဒါဆို ဒီလိုကျောက်မျိုးတွေကို အစ်မတို့က import လုပ်ပြီး အစ်မတို့နိုင်ငံကထွက်တဲ့ ရွှေနဲ့ ဒီက လူအင်အားနဲ့ပေါင်းပြီး value added လုပ်ပြီး export ပြန်လုပ်ရင် အစ်မတို့နိုင်ငံက အမြတ်အစွန်းပိုရနိုင်တယ်။ ဒါမျိုးကလုပ်သင့်တယ်။ value added လုပ်ရင် အစ်မတို့က ဘယ်လို အကျိုးကျေးဇူးတွေ ရမလဲ ဆို တော့ လူတွေ အလုပ်အကိုင် အခွင့်အရေးများတယ်။ နည်းပညာ သစ်တွေကို လေ့လာနိုင်မယ်။ နိုင်ငံတော်အတွက် tax တွေလည်းတိုးလာနိုင်တယ်။

**နိုင်ငံတကာနဲ့ ဆက်သွယ်ပြီး လုပ်ငန်းတွေ လုပ်နေတဲ့ အစ်မအနေနဲ့ မြန်မာပြည်ရဲ့ FDI (Foreign Direct Investment) နဲ့ ပတ်သက်ပြီး ဘာများဆွေးနွေးချင်ပါသလဲ။**

အစ်မက စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ပါ။ စီးပွားရေးပညာရှင်တစ်ယောက် မဟုတ်ဘူး။ ဒါမျိုးက စီးပွားရေးပညာရှင်တွေပြောတာက ပိုမှန်လိမ့်မယ်။ ဒါပေမဲ့ အစ်မရဲ့ တတ်သလောက် အမြင်အနေနဲ့ ပြောရရင်တော့ FDI က ခွင့်ပြုရမယ်။ လုပ်ရမယ်။ ဒါပေမဲ့ တစ်ခုတော့ ရှိတယ်။ အစ်မတို့က တိုင်းရင်းသားလုပ်ငန်းရှင်တွေကိုပဲ အတင်း ကာကွယ်နေလို့ မရဘူး။ အဲဒီလိုပဲ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူတွေကိုလည်း အရမ်း favour ပေးလို့မရဘူး။ ခွင့်ပြုပေးမှ အစ်မတို့နိုင်ငံက tax တိုးလာနိုင်တယ်။ အစ်မတို့နိုင်ငံမှာလည်း နည်းပညာသစ်တွေရမယ်။ ပြိုင်ဆိုင်မှုတွေလည်း ရှိလာတော့ တီထွင်မှုရှိလာပြီး တိုးတက်မယ်။ ခွင့်ပြုတဲ့အချိန်မှာ ဥပဒေနည်းလမ်းက တိတိကျကျလိုက်နာရမယ်ဆိုတဲ့ အသိပညာရှိသင့်တယ်။ ရရှိလာနိုင်တဲ့ tax တွေနဲ့ ကိုယ့်နိုင်ငံကို ပိုပြီးကောင်းအောင် ဖန်တီးလို့ရမယ်။

**tax ဆိုလို့ အစ်မရယ် လုပ်ငန်းရှင်တော်တော်များများက ရှောင်ဖို့နဲ့ ဆောင်တဲ့အခါမှာလည်း လျှော့ပြီးဆောင်ဖို့ပဲ ကြိုးစားကြတယ်။ ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး အစ်မ ဆွေးနွေးပေးပါဦး။**

အစ်မက အစ်မအဖေက ဝန်ထမ်း တစ်ယောက်။ အစ်မအမေရဲ့မျိုးရိုးက စီးပွားရေး လုပ်ငန်းရှင်တွေ။ အစ်မကလည်း စီးပွားရေး လုပ်ငန်းရှင်ပေါ့။ ဒီတော့ အစ်မအနေနဲ့ဆိုရင် နိုင်ငံရဲ့ tax ကို စားသုံးခဲ့သူတစ်ယောက် ဖြစ်ခဲ့ဖူးတယ်။ အဖေကဝန်ထမ်းကိုးနော်။ နိုင်ငံသား တစ်ယောက်အနေနဲ့ ပြောရရင် နိုင်ငံတစ်နိုင်ငံ အတွက် tax က မဖြစ်မနေလိုအပ်တယ်။ နိုင်ငံကိုအချုပ်အချာတည်ဖို့ နိုင်ငံတိုးတက်ဖို့အတွက် လိုအပ်တယ်။ ဒါကြောင့် နိုင်ငံသား တစ်ယောက်အနေနဲ့ tax က ပေးသင့်တယ်။ ဒါပေမဲ့ စီးပွားရေးလုပ်ငန်းရှင် တစ်ယောက်အနေနဲ့ ကြည့်တော့ ဒီ tax ရဲ့ Rules & Regulation တွေက မဖြစ်သင့်တာတွေ ရှိနေပြန်တယ်။ နောက်ပြီး အစ်မတို့ ပေးဆောင်လိုက်တဲ့ taxတွေက ပြုန်းတီးမှုတွေရှိနေတယ်။ ဒီတော့လက်ခုပ်နှစ်ဖက်တီးသလို ရောင်းသူဝယ်သူအသ



တူလိုမျိုး ဖြစ်သွားတာပေ့ါ။ ဒီတော့ အစ်မတို့ tax တွေကို ပြန်းတီးမှု မဖြစ်အောင် လုပ်တဲ့ system ရှိရင် စီးပွားရေး လုပ်ငန်းရှင်တွေက ပေးဆောင်ကြမှာပါ။ အစ်မကတော့ ကိုယ်ဆောင်ရမယ့် အခွန်အခအားလုံးကို ဆောင်ပါတယ်။

**အစ်မက မိခင်တစ်ယောက်ဖြစ်တဲ့အတွက် ပညာရေးနဲ့ပတ်သက်ပြီး အကြံပြုလိုတဲ့အချက်တွေ မိဘအချင်းချင်း ဝေမျှချင်တာတွေရှိရင် ပြောပြပေးပါ။**

လူ့ဘောင်လောကတစ်ခုလုံးမှာ အရေးကြီးဆုံးက ပညာရေးပါ။ ပညာရေးမှာ နှစ်ပိုင်းရှိတယ်။ သင်ယူတာရယ် လေ့လာတာရယ်ပါ။ နုနယ်တဲ့ ကလေးတွေမှာ ၂ ခုလုံး လုပ်ရပါတယ်။ အစ်မရဲ့ သားတွေကိုလည်း အစ်မက နှစ်ခုလုံးကို လုပ်ပေး တယ်။ အခုခေတ်က အစ်မတို့နဲ့ မတူတော့ဘူး။ မတူတာမှ စားသောက်ပုံက အစ ပြောင်းသွားတယ်။ အရင်တုန်းက အစ်မတို့က ထမင်းကိုပဲကြိုက် နှစ်သက်ကြပေမယ့် ဒီခေတ်ကလေးတွေကတော့ နိုင်ငံတကာနဲ့ ထိတွေ့ ဆက်ဆံလာစရာ များလာ တာနဲ့ အမှုအဲဒီက အစားအသောက် တွေဖြစ်ခေါက်ဆွဲခြောက်တွေ ဟမ်ဘာဂါ၊ ပီဇာဒါတွေပဲ ကြိုက်တာမျိုးလည်း ဖြစ် နိုင်တယ်။ ဒီလို ပြောင်းလဲ သွားတာကို မိဘတွေ လက်ခံနိုင်ရမယ်။ အမိက ကျန်းမာရေးနဲ့ ညီညွတ်တာကို စားသုံးတတ်အောင်ပဲ သင်ပေးရမယ်။ ပညာရေးမှာလည်း မြန်မာ့ပညာ ရေးစနစ်ရှိသလို ပုဂ္ဂလိကဖွင့်တဲ့ International School တွေရှိလာပြီ။ ဒီနှစ်ခုမှာ ဘာကွာလဲ ဆိုတော့ ကွာတာမရှိပါဘူး။ Interna-tional School တွေတက်လို့ ကလေးတွေ ကိုယ်နှုတ်အမူအရာတွေ ရိုင်းလာတယ်လို့ ပြောကြတယ်။ ဒါက မိဘနဲ့ပဲ ဆိုင်ပါတယ်။ မိဘက သွန်သင်ပေးပေ့ါ။ ဘာသာရေးလည်း ဒီလိုပါပဲ။ ပညာရေးနဲ့ အတူ ဘာသာရေးကို မိဘတွေက educate လုပ်ပေးထားရမယ်။ ကလေးတွေရဲ့ အတွေးက ဘာသာရေးနဲ့ဆိုင်တယ်။ ဘာသာ တိုင်းက philosophy က လာတာပါ။ လူတစ် ယောက်ရဲ့ ဆက်စပ်တွေးခေါ်မှုက သူ့ဘာသာရဲ့ အခြေခံပါပဲ။ လူကြီးနဲ့ လူငယ် ဆက်ဆံရေးမှာလည်း လူ့လောကရဲ့ ကျင့်ဝတ် ဝတ္တရားတွေကို သင်ထားပေးရမယ်။ ကလေးတွေရဲ့ (Why) တွေကို ပြန်ဖြေတဲ့အခါ သေချာနားလည်အောင် ရှင်းပြပေးနိုင်ရမယ်။

**အမျိုးသမီးတစ်ယောက်အတွက် အရေးကြီးဆုံးကိစ္စက ဘာဖြစ်မလဲ အစ်မ။**

အမျိုးသမီးဆိုတာမှာ အိမ်ထောင်မရှိတဲ့သူနဲ့ အိမ်ထောင်ရှိတဲ့ သူဆိုပြီး နှစ်မျိုးခွဲပြောရလိမ့်မယ်။ အိမ်ထောင်မရှိတဲ့သူအတွက် ဆိုရင်တော့ အောင်မြင်မှု၊ သူ့ရဲ့ဘဝမှာ သူ့ခြေထောက်ပေါ်သူရပ်တည်နိုင်မှု၊ နောက်ပြီး ဂုဏ်သိက္ခာပေ့ါ။ အဲဒါတွေက အရေးကြီးတယ်။ အိမ်ထောင်ရှိတဲ့ အမျိုးသမီးကျတော့ အရာအားလုံးက အရေးကြီးတယ်။ ကိုယ့်ရဲ့လင်ယောကျ်ားအပေါ် နားလည်မှု၊ သားသမီးတွေအပေါ် ချစ်ခင်မှု၊ အတွေးအခေါ်မှန်ကန်မှု ဒါတွေက အရေးကြီးတယ်။ ဘယ်လို



မိန်းမအတွက်မဆို အရေးကြီးဆုံးကတော့ ကိုယ်ကျင့်တရားနဲ့ ဂုဏ်သိက္ခာပါပဲ။

**ဒါဆိုရင် မိသားစုတစ်ခုမှာ အိမ်ထောင်ရှင်မတစ်ယောက်ရဲ့ အခန်းကဏ္ဍက ဘယ်လောက်အထိ အရေးပါပါသလဲ။**

အရမ်းကို အရေးပါတာပေ့ါ။ အစ်မတို့မှာက မိခင်စိတ်ဆိုတာ ရှိတယ်။ အစ်မတို့ဆိုရင် နှစ်ဦးလုံး အလုပ်လုပ်ကြတယ်။ နှစ်ယောက်လုံး မနက် ၈ နာရီခွဲ ရုံးတက်တယ်။ ညနေ ၅ နာရီခွဲ ရုံးဆင်းတယ်။ ဒါပေမဲ့ မနက်ခင်းရဲ့ breakfast ကို သူက မစီစဉ်ရဘူး။ အစ်မက စီစဉ်ရတယ်။ ဘယ်သူကမှ အစ်မကို မခိုင်းဘူး။ အစ်မက မိခင်စိတ်ကြောင့် လုပ်ချင်လွန်းလို့လုပ်တာ။ ကိုယ့်သားတွေစားဖို့၊ ကိုယ့်ခင်ပွန်းစားဖို့ သူတို့ဝတ်ဖို့အဝတ်အစား။ အရာအားလုံး စီစဉ်ပေးချင်တာလေ။ အစ်မတို့က မိန်းမဆိုတဲ့ ဗီဇကြောင့် လုပ်ကြတာလေ။ အိမ်ထောင်ရှင်မဆိုတာ coordinater လို ဖြစ်နေတာပါ။

**လုပ်ငန်းတစ်ခုအောင်မြင်ဖို့ အတွက် teamwork ကို ဘယ်လို ဖော်ဆောင်ရမယ်ဆိုတာ ရှင်းပြပေးပါလား။**

လုပ်ငန်းအောင်မြင်ဖို့က teamwork က အရေးကြီးသလို သက်ဆိုင်ရာ ပညာရှင်တွေရဲ့ ကျွမ်းကျင်မှုကို fully authority ကို တတ်နိုင်သလောက်ပေးခြင်းက ပိုပြီးအရေးပါတယ်။ ကုမ္ပဏီတစ်ခု မှာ department တွေ အများကြီး ရှိလိမ့်မယ်။ ငွေကြေးကို ထိန်းချုပ်တဲ့ ဌာနရှိမယ်။ သုံးစွဲမယ့်ဌာနရှိမယ်။ production လုပ်တဲ့ ဌာနရှိမယ်။ ဒီကဏ္ဍအလိုက် သူတို့မှာ လုပ်ပိုင်ခွင့်ရှိရမယ်။ အစ်မက ကိုယ့်လုပ်ငန်းက ဝန်ထမ်းတွေကို ဆိုင်ရာကဏ္ဍအလိုက် ပညာရှင်တွေထားထားတယ်။ အစ်မကိုယ်တိုင်ကလည်း ဒီကုမ္ပဏီက ဝန်ထမ်းတစ်ယောက် အနေနဲ့ ခံယူထားတယ်။ အစ်မက ပိုင်ရှင်ပါဆိုတဲ့စိတ် ဘယ်တော့မှ မထားဘူး သူတို့နဲ့ အတူတူ အလုပ်လုပ်တယ်။ ဒါကြောင့် အစ်မအနေ နဲ့ team-work နဲ့ ပတ်သက်ပြီး အခက်အခဲမရှိခဲ့ပါဘူး။

**ဖြိုးစုပိုပို**

President Priority Progress President Priority Priority Progress President Priority Progress Presi



# သူတို့ပြောတဲ့ P

ဒီလမှာတော့ P စာလုံးတွေထဲကမှ လူအများ စိတ်ဝင်စားကြတဲ့ President အပါအဝင် Priority နဲ့ Progress စကားလုံးတွေကို စာရေး ဆရာမ ရွှေကူမေနှင်း၊ တေးရေးမင်းချစ်သူနဲ့ ကိုဆောင်းဦးလှိုင်တို့က ဆွေးနွေးပေးခဲ့ကြပါတယ်။

President Priority Progress President Priority Progress President Priority Progress President Priority Progress Presi

# ရွှေကူမေနှင်း

## President

President ဆိုတာကတော့ Dictionary မှာ ကြည့်ရင် အဓိပ္ပာယ်တွေ အမျိုးမျိုးဖွင့်ထားတယ်။ ဒါပေမဲ့ လူအများစုသိတဲ့ အဓိပ္ပာယ်ကတော့ သမ္မတပေါ့။ အမှန်ကတော့ President ဆိုတာ သမ္မတအပြင် သဘာပတိ၊ ခေါင်းဆောင်လို့လည်း ပြောလို့ရတယ်။ အသင်းအဖွဲ့တစ်ခုရဲ့ အကြီးအကဲကို ခေါ်တာပေါ့။ ဒီတော့ ဒီလိုအကြီးအကဲ တစ်ယောက်က အဖွဲ့တစ်ခုကို ဦးဆောင်ဖို့က အတွေ့အကြုံအများကြီး လိုတယ်။ စာအုပ်ထဲက နည်းတွေအတိုင်း ပြဿနာကို ဖြေရှင်းလို့မရဘူး။ တွေ့လာတဲ့ အခြေအနေပေါ် မူတည်ပြီး ကိုင်တွယ်ဖို့က အတွေ့အကြုံကောင်းတွေ လိုတယ်။ ပညာရှိဖြစ်ဖို့အပြင် အတွေ့အကြုံလိုတယ်။ အတွေ့အကြုံအပြင်အားလုံးအပေါ် သစ္စာရှိဖို့၊ မှန်ကန်ဖို့၊ စိတ်ကောင်းရှိဖို့ လိုတယ်။ အထူးသဖြင့်တော့ ဘက်လိုက်တဲ့ စိတ်မရှိရဘူး။ ဘက်လိုက်တဲ့စိတ်ရှိရင် တစ်ဖွဲ့လုံးခံရမယ်။ ဒါက အဖွဲ့အစည်းတစ်ခုရဲ့ အကြီးအကဲမှာရှိရမယ့် အရည်အချင်းပေါ့။ သမ္မတဆိုရင်တော့ သူက နိုင်ငံ့ဥသျှောင်လေ။ သူက ပိုပြီးအရေးကြီးတယ်။ သမ္မတမှာ ပါဝါတွေရှိတယ်။ သူ့ရဲ့ပါဝါတွေကိုသုံးပြီး အရာတော်တော်များများကို ဆုံးဖြတ်နိုင်တယ်။ သမ္မတက တစ်တိုင်းပြည်လုံးနဲ့ဆိုင်တော့ တစ်တိုင်းပြည်လုံးအပေါ် သစ္စာရှိဖို့လိုတယ်။ စိတ်ကောင်းရှိရမယ်။ ဒါကြောင့် အခြေခံဥပဒေတွေ ကြည့်လိုက်ရင် ဘယ်ပါတီက ကိုယ်စားလှယ်ပဲ သမ္မတဖြစ်ဖြစ်၊ သမ္မတဖြစ်သွားရင် သူ့ရဲ့ပါတီကနေ နုတ်ထွက်ပေးရမယ်ဆိုတာ ပါတယ်။ နောက်မို့ဆိုရင် သူ့ပါတီကို သူက ဘက်လိုက်နေမှာပေါ့။ သမ္မတဖြစ်ရင် သူက ဘယ်ပါတီကိုမှ ကိုယ်စားမပြုရတော့ဘူး။ ပါတီစွဲကင်းကင်းနဲ့ တစ်တိုင်းပြည်လုံးအပေါ် သစ္စာရှိရမယ်။ သူများပြောတိုင်း လိုက်မလုပ်ဖို့ ဉာဏ်ရည်ပညာနဲ့လည်း ပြည့်စုံရမယ်။ သမ္မတတိုင်းမှာ အကြံပေးတွေရှိတယ်။ အကြံပေးတွေ ပြောတာလည်း နားထောင်ပြီး ကိုယ်တိုင်ကလည်း သုံးသပ်နိုင်စွမ်းရှိရမယ်။ အများအားဖြင့် နိုင်ငံတကာမှာ မိန့်ခွန်းတွေကို အကြံပေးတွေက ရေးပေးတာပါပဲ။


“

သမ္မတက
တစ်တိုင်းပြည်လုံးနဲ့ဆိုင်တော့
တစ်တိုင်းပြည်လုံး အပေါ်
သစ္စာရှိဖို့လိုတယ်။
စိတ်ကောင်းရှိရမယ်။ ဒါကြောင့်
အခြေခံဥပဒေတွေ
ကြည့်လိုက်ရင် ဘယ်ပါတီက
ကိုယ်စားလှယ်ပဲ
သမ္မတဖြစ်ဖြစ်၊
သမ္မတဖြစ်သွားရင်
သူ့ရဲ့ပါတီကနေ နုတ်ထွက်ပေး
ရမယ်ဆိုတာ ပါတယ်။
နောက်မို့ဆိုရင် သူ့ပါတီကို
သူက ဘက်လိုက်နေမှာပေါ့။
သမ္မတဖြစ်ရင် သူက
ဘယ်ပါတီကိုမှ




## Priority

Priority ဆိုတာ ဦးစားပေးပေါ့။ ဥပမာ - တနင်္ဂနွေနေ့မှာ ရုပ်ရှင်သွားကြည့်မလား။ ပန်းခြံသွားမလား။ အိမ်မှာနေပြီး မုန့်စားမလား။ ရွေးခိုင်းတာမျိုးပေါ့။ Priority မှာ တစ်ဦးချင်းအနေနဲ့၊ အဖွဲ့အစည်းအနေနဲ့၊ နိုင်ငံအနေနဲ့ ရှိတယ်။ တစ်ဦးချင်းအနေနဲ့ဆိုရင်တော့ ဥပမာ - သူ တက္ကသိုလ်ဝင်ခွင့် လျှောက်တဲ့အခါ ဘယ်မေဂျာကို ရွေးမလဲဆိုတာ သူ့ဦးစားပေးအဆင့်ပေါ့။ တစ်ဦးချင်းအနေနဲ့ ဦးစားပေးရွေးတာမှာ သူရွေးတာရဲ့မှားခြင်း၊ မှန်ခြင်းကို သူတစ်ဦးပဲခံရတယ်။ ကောင်းတယ်၊ ဆိုးတယ်လည်း သူပဲခံရမှာ။ ဒီတော့ တစ်ဦးချင်း Priority က ဘာမှ ပြဿနာမရှိဘူး ပြောရမယ်။ ဒါပေမဲ့ အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်ခုအတွက်ကကျတော့ အဲဒီလို

မဟုတ်တော့ဘူး။ ဦးစားပေးလမ်းကြောင်းရွေးတဲ့အခါ အရမ်းအရေးကြီးတယ်။ ဥပမာ - အခု ကျွန်မတို့နိုင်ငံမှာ ဦးစားပေးရွေးကြတဲ့အခါ ငြိမ်းချမ်းရေးကို ရွေးမလား၊ အပစ်အခတ်ရပ်စဲရေးကို ရွေးရမလား။ အငြင်းအခုံဖြစ်နေကြတယ်။ တချို့ကလည်း ငြိမ်းချမ်းရေးရမှ အပစ်အခတ်ရပ်စဲမယ်။ တချို့ကကျတော့လည်း အပစ်အခတ်ရပ်စဲမှ ငြိမ်းချမ်းရေးရမယ်ဆိုပြီး အငြင်းပွားမှုတွေရှိတယ်။ အရမ်းအရေးကြီးတယ်။ ဒီတော့ မှန်မှန်ကန်ကန် ဆုံးဖြတ်ရတော့မယ်။ ဘာလို့လဲဆိုတော့ မှားသွားရင် တစ်ပြည်လုံး ခံရမှာလေ။ Priority ကို ရွေးတဲ့အခါ ဉာဏ်ရှိပြီး အတွေ့အကြုံရှိရမယ်။ နိုင်ငံအပေါ်လည်း သစ္စာရှိရမယ်။ ပြည်သူတွေအပေါ်လည်း စိတ်ကောင်းထားပြီး ဆုံးဖြတ်ရမယ်။

# Progress

Progress ဆိုတာကတော့ တိုးတက်တာကို ပြောတာပေါ့။ လူဖြစ်လာကတည်းက လူက မွေးကတည်းက လူကြီးအဖြစ် မွေးလာတာမဟုတ်ဘူး။ ကလေးအရွယ်ကနေမှ တဖြည်းဖြည်း Progress ဖြစ်အောင် ကြိုးစားရတာ။ ရုပ်ပိုင်းဆိုင်ရာအရရော ဦးနှောက်ဉာဏ်ရည်ဖွံ့ဖြိုးမှုအတွက်ရော ကြိုးစားရတာ။ ဒါက လူတိုင်းရဲ့ Progress ပဲ။ ဒီလိုပဲ လူ့ဘဝမှာလည်း Progress တွေရှိတယ်။ လူဆိုတာ အဆုံးမရှိ တိုးတက်လို့ရတယ်။ သူ့ကို ဘယ်အထိပဲ တိုးတက်ရမယ်လို့ တားမြစ်ထားတာ မရှိဘူး။ လူ့ရဲ့ စွမ်းအားက အဆုံးမရှိ တိုးတက်အောင် ကြိုးစားလို့ရတယ်။ မမျှော်မှန်းထားတဲ့ကိစ္စမျိုးတောင် တီထွင်နိုင်အောင် ကြိုးစားလို့ရတယ်။ ဒါကြောင့်လည်း လူ့သမိုင်းမှာ ကြီးမားတဲ့ Progress တွေ ဖြစ်ခဲ့တာ။ လူတွေရဲ့ Progress မှာ ကျောက်လက်နက်ကစပြီး လေယာဉ်ပျံ၊ ကွန်ပျူတာအထိ ရှိလာတာ။ လူဆိုတာရောက်နေတဲ့နေရာမှာ ဘယ်တော့မှ ရပ်မနေဘူး။ ကျောက်ဂူထဲမှာ မီးတွေမွှေးပြီး ထားရာကနေ ရေအားကနေ လျှပ်စစ်၊ နေရောင်ခြည်စွမ်းအင် ဒါတွေအထိ ဖြစ်လာတယ်။ ဒီလိုတိုးတက်တာက လူတွေက မရပ်မနားစဉ်းစားပြီး မပြတ်လုပ်နေလို့ တိုးတက်တာပါ။ Progress မှာတော့ တစ်ဦးချင်းအတွက်လည်း ကောင်းတာပဲ။ အများအတွက်လည်း ကောင်းတာပဲ။ ဒါတွေအပြင် စိတ်အရည်အသွေး တိုးတက်အောင်လည်း လုပ်ရမယ်။ စိတ်အဆိုးတွေကို စိတ်အကောင်း ပြင်နိုင်ရင်လည်း ဒါက Progress ပါပဲ။ လူတစ်ဦးချင်းစီမှာ Progress တွေရှိလာရင် မိသားစု၊ ရပ်ရွာ၊ နိုင်ငံ၊ နောက်ဆုံး တစ်ကမ္ဘာလုံး တိုးတက်ရင် ဒါကောင်းတာပဲပေါ့။

## မင်းချစ်သူ

# President

President ဆိုတာက နိုင်ငံတစ်နိုင်ငံရဲ့ ခေါင်းဆောင်သမ္မတကို ပြောတာပါ။ အဖွဲ့အစည်းတစ်ခုရဲ့ အကြီးအကဲကိုလည်း President လို့ ခေါ်ကြပါတယ်။ ဘာပဲဖြစ်ဖြစ် President ဆိုတာ ဦးဆောင်သူပါပဲ။ အဲဒီတော့ ဦးဆောင်သူကောင်းရင် ရှေ့ဆောင်နွားလားဖြောင့်ဖြောင့်သွားရင် နောက်နွားတစ်သိုက် ဖြောင့်ဖြောင့်လိုက်တယ်ဆိုသလိုပါပဲ။ အမေရိကမှာတော့ သမ္မတစနစ်က ဂျော့ချ်ဝါရှင်တန်ကနေ အခု အိုဘားမားအထိဆိုရင် ၄၄ ဆက်လောက်ရှိပြီ။ ကျွန်တော်တို့ မြန်မာပြည်မှာတော့ ဒီမိုကရေစီသမ္မတက စဝ်ရွှေသိုက်ပြီးရင် အခု ဦးသိန်းစိန်ပေါ့။ ပထမဆုံးကတော့ ဒီသမ္မတကြီးကိုရတာ ကျွန်တော်တို့

“

တိုင်းပြည်နဲ့ ချိပြီးပြောရရင်
ကျွန်တော်တို့နိုင်ငံမှာ
အရင်ကာလတွေတုန်းက
တော့ နီးရာမားကြောက်ပြီး
ဦးစားပေးရတာပဲ။
ဒီလိုအခြေအနေတွေထဲမှာ
နေထိုင်ခဲ့ရတော့
ကျွန်တော်တို့တစ်တွေက
ဘာကို ဦးစားပေးမလဲမေးရင်
Shock ဖြစ်နိုင်တာကို
ဦးစားပေးလိုက်ကြတာပဲ။
တိုင်းပြည်တစ်ပြည်မှာ
ဘာကို ဦးစားပေးသင့်လဲ။



ကံကောင်းပါတယ်။ သမ္မတကြီးကို ကျွန်တော်တို့ ယုံကြည်ချင်ပါတယ်။ တိုင်းပြည်ကြီးကို ကောင်းစေချင်ကြတယ်။ ဒါပေမဲ့ ဒါက သမ္မတကြီးတစ်ယောက်တည်း ကောင်းနေရုံနဲ့ ပြီးတာမဟုတ်ဘူး။ ကျွန်တော်တို့ ဒီသမ္မတကြီးကိုရတာ ကံကောင်းတယ်ဆိုပေမယ့် ကံမကောင်းခဲ့တာက နှစ်တွေအများကြီး ရှိခဲ့တာလေ။ ကံကောင်းတာက ၂ နှစ်လောက်ပဲ ရှိသေးတာ။ ကျွန်တော်တို့ မြန်မာပြည်ကြီး ဒီမိုကရေစီစနစ် ကြာကြာစံသွားပြီး ပြည်သူတွေ အမှန်တကယ် ရွေးချယ်တဲ့ သမ္မတကြီးတွေ အုပ်ချုပ်တာပဲ ခံချင်တာက ပြည်သူတွေရဲ့ ဆန္ဒပါပဲ။ အခု သမ္မတကတော့ ကျွန်တော်တို့ အရတော်တယ် ပြောရမယ်။ ကျွန်တော်တို့မရွေးလိုက်ရတဲ့ သမ္မတပေမယ့်လည်းပေါ့။ ပြည်သူအားလုံးရဲ့ ဆန္ဒကတော့ သမ္မတကို ပြည်သူကိုယ်တိုင် ရွေးချင်ကြတာ သဘာဝပါပဲ။ အခုလာမယ့် ၂၀၁၅ မှာတော့ ဒီလိုအခွင့်အရေးမျိုးကို ကျွန်တော်တို့ လိုချင်တယ်ဗျ။ နယကဂုဏ် ၆ ပါးနဲ့ညီပြီး အဂတိတရားမလိုက်စားတဲ့သူမျိုး လိုချင်တယ်။

# Priority

Priority ဆိုတာကတော့ ဦးစားပေးအဆင့်ပေါ့။ ဦးစားပေးမှုက တိုင်းပြည်နဲ့ ချိန်ပြီးပြောရရင် ကျွန်တော်တို့နိုင်ငံမှာ အရင်ကာလတွေတုန်းကတော့ နီးရာစားကြောက်ပြီး ဦးစားပေးရတာပဲ။ ဒီလိုအခြေအနေတွေထဲမှာ နေထိုင်ခဲ့ရတော့ ကျွန်တော်တို့တစ်တွေက ဘာကို ဦးစားပေးမလဲ မေးရင် Shock ဖြစ်နိုင်တာကို ဦးစားပေးလိုက်ကြတာပဲ။ တိုင်းပြည်တစ်ပြည်မှာ ဘာကိုဦးစားပေးသင့်လဲ။ စစ်စရိတ်ကို ဦးစားပေးရမလား။ ကလေးတွေရဲ့ ပညာရေးလား။ ပြည်သူတွေရဲ့ ကျန်းမာရေးလား။ ဒါတွေကို သေချာသုံးသပ်သင့်တယ်။ ကျွန်တော်တို့ခေတ်မှာဆိုရင် ပညာရေးစနစ်က ခဏ ခဏ ပြောင်းတာနဲ့တိုးတယ်။ မြန်မာစာသည် တို့စာ ဆိုတဲ့စနစ်နဲ့ တိုးခဲ့တော့ မြန်မာစာကိုတော့ သီချင်းရေးတတ်ရုံ တတ်ခဲ့တယ်ပေါ့။ အင်္ဂလိပ်စာကို ၅ တန်းရောက်မှ သင်ရတော့ အားနည်းကုန်တယ်။ စာမေးပွဲအောင်ရုံ၊ ဘွဲ့ရရုံဆိုတာတွေ အများကြီးဖြစ်လာခဲ့တယ်။ တကယ်ကို ဦးစားပေးသင့်တာကို ဦးစားပေးခြင်းခံရတဲ့ တိုင်းပြည်မျိုးဖြစ်စေချင်တယ်။ အမှန်ကတော့ အားလုံးအဆင်ပြေမှာကို ဦးစားပေးရမယ်။ တစ်ဦးတစ်ယောက်အဆင်ပြေတာကို ဦးစားပေးနေလို့ မရဘူး။ အခု ကျွန်တော်တို့ တိုင်းပြည်မှာ ဆင်းရဲမွဲတေမှုကို ပပျောက်အောင် ဦးစားပေးပြီး လုပ်နေတယ်တဲ့။ ဒါပေမဲ့ ဒီနိုင်ငံမှာ ဆင်းလည်း မဆင်းရဲ၊ ချမ်းလည်း မချမ်းသာဘဲ ကျပ်တည်းနေတဲ့သူတွေ တစ်ပုံကြီးပဲ။ ဒီတော့ ဘာကို ဦးစားပေးသင့်လဲ




သေချာစဉ်းစားရမယ်။ ကျွန်တော့်ဘဝမှာ ဆိုရင်လည်း အရင်က သီချင်းရေးတာက အောင်မြင်ဖို့ အဓိက ဦးစားပေးပေါ့။ ဒါပေမဲ့ အောင်မြင်တော့လည်း မပြီးသွားဘူး။ တခြားဦးစားပေးတွေ ရှိလာတယ်။ ကိုယ့်မိသားစုစားဝတ်နေရေး ပြေလည်အောင်ဆိုတာ ကျွန်တော်အပါအဝင် အားလုံးရဲ့ ဦးစားပေးဖြစ်နေတယ်။

# Progress

Progress ကတော့ ခရီးဘယ်လောက်ပေါက်တယ်ဆိုတာကို ပြောတာပေါ့။ ဖွံ့ဖြိုးတိုးတက်တာကို ပြောတာပေါ့။ ကိုယ်တို့ဘဝ လူ့သက်တမ်းမှာ ခရီးဘယ်လောက် ရောက်ခဲ့လဲ။ ကိုယ့်တိုင်းပြည်ကြီးက နှစ်နှစ်အတွင်း ဘယ်လောက်အထိ ခရီးပေါက်ခဲ့လဲ။ ဒါကို ပြောတာပါ။ Progress ဆိုတာ မပြီးသေးဘူး။ လုပ်နေဆဲကို ပြောတာ။ လုပ်ခဲ့တဲ့အရွေ့ကို တိုင်းတာပဲ။ ကျွန်တော်က ၁၉၆၀ မှာ မွေးတယ်။ ၆၂ ခုနှစ်မှာ ဗိုလ်ချုပ်ကြီး နေဝင်း တက်လာတယ်။ မြန်မာ့နည်းမြန်မာ့ဟန်နဲ့ တိုင်းပြည်ကို အုပ်ချုပ်လိုက်တာ ဘယ်လောက်ခရီးပေါက်ခဲ့လဲဆိုတော့ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံထဲ စာရင်းပေါက်သွားတယ်။ ၂၆ နှစ် ချိတက်လိုက်တာပေါ့။ အခု ဒီနှစ်နှစ်အတွင်းမှာတော့ တော်တော်လေး ခရီးပေါက်ပါတယ်။ ကျွန်တော့်ဘဝမှာ ဘယ်လောက်ခရီးပေါက်လဲဆိုတာက ကျွန်တော့် သီချင်းတွေက သက်သေခံလိမ့်မယ်။ နောက်ပြီး သမိုင်းဖြစ်ရပ်တွေက ညာလို့မရဘူး။ လူတွေက ပြောကြတယ်။ ကိုယ့်သမိုင်းကို ကိုယ်ရေးတယ်လို့ ပြောပေမယ့် အမှန်က ကိုယ်ရေးတာ မဟုတ်ဘူး။ ကိုယ့်ရဲ့လုပ်ရပ်တွေအပေါ်မှာ အများက သတ်မှတ်တာကမှ ကိုယ့်သမိုင်းပဲ။

## ဆောင်းဦးလှိုင်

# President

President ဆိုတာကို ဒီနေ့ ကမ္ဘာမှာ အသုံးများတာက သမ္မတကို ပြောတာပဲ။ ဒါပေမဲ့ တချို့အဖွဲ့အစည်းတွေမှာတော့ အကြီးအကဲတွေ၊ ဥပမာ - President of the Association ဆိုပြီး သုံးကြတယ်။ ဒီနေ့ ၂၁ ရာစုမှာတော့ President ဆိုတာနဲ့ သမ္မတပါပဲ။ အမှန်ကတော့ အဖွဲ့အစည်း တစ်ခုရဲ့ အကြီးအကဲဥက္ကဋ္ဌကို President လို့ ခေါ်တာပါပဲ။ သမ္မတဆိုတာကလည်း အကြီးအကဲ ပဲလေ။ နိုင်ငံတစ်နိုင်ငံကို ဦးဆောင်တဲ့ အကြီး အကဲက သမ္မတပဲလေ။ ဒီလိုလူမှာ ဘယ်လို အရည်အချင်းတွေရှိသင့်လဲဆိုတော့ နှစ်ပိုင်းရှိ တယ်။ ပြည်သူလူထုဘက်က ဖြစ်စေချင်တဲ့ အရည်အချင်းမျိုးမှာ သမ္မတဆိုတာ အများပြည်သူ က တကယ်ကို ရွေးချယ်တင်မြှောက်ထားတဲ့သူ ဖြစ်သင့်တယ်။ အများပြည်သူနဲ့ နိုင်ငံအကျိုးကို ရှေးရှုဆောင်ရွက်နိုင်စွမ်း ရှိရမယ်။ အများပြည်သူ ကို ကိုယ်စားပြုရမယ်။ ပြည်သူတွေရဲ့ဆန္ဒတွေ အိပ်မက်တွေကို သူက အကောင်အထည်ဖော်နိုင် စွမ်းရှိလား မရှိလားဆိုတာတော့ ပြည်သူတွေက ရွေးချယ်တင်မြှောက်တဲ့အချိန်မှာတော့ မသိနိုင် ဘူးပေါ့။ ဒါက သူ တာဝန်ထမ်းဆောင်တဲ့သက်တမ်း အတွင်းမှာ ဘယ်လောက် အထိ ဆောင်ရွက်နိုင်စွမ်း ရှိလဲဆိုတာသိရမှာပါ။ ဒီမို ကရေစီနိုင်ငံ တော်တော် များများကတော့ သမ္မတကို တိုက်ရိုက်ရွေးချယ် တင် မြှောက်ကြတယ်။ ကျွန် တော် တို့နိုင်ငံမှာကျတော့ သမ္မတကို ပြည်သူလူထုက တိုက်ရိုက် ရွေးချယ်တင် မြှောက်ခွင့် မရကြဘူး။ ပြည်သူလူထု ရွေးချယ် လိုက်တဲ့ ကိုယ်စားလှယ် တွေ တစ်နည်းအားဖြင့် ပြောရရင် မဲအများဆုံးနဲ့ နိုင်သွားတဲ့ ပါတီကြီးကသာ


> ဘယ်ကမ္ဘာ့ခေါင်းဆောင်ကို မဆို အင်္ဂလိပ်လို သူတင် ငါတင် ပြောနိုင်စွမ်း ရှိစေချင်တယ်။ အသံပြဲဇာ လေးလည်း ရှိရမယ်။ ဒါမှ Speech ပေးရင် နားထောင်လို့ ကောင်းမှာမျိုး။ ကိုယ်ကျင့်တရားနဲ့ စိတ်စေတနာဖြူသူလည်း ဖြစ်စေချင်တယ်။ အရေးကြီးဆုံးက Talents & Wisdom လည်း ကောင်းစေချင်တယ်။



ပြန်ပြီးရွေးချယ်ကြတယ်။ အာဏာရတဲ့ ပါတီကြီးရဲ့သဘောဆန္ဒလမ်းစဉ် အတိုင်းပဲ သမ္မတကို ရွေးကြတယ်။ အခု ၂၀၁၅ မှာ နောက်ထပ် ပါတီက အနိုင်ရရင် သူကလည်း သူ့ရဲ့ သဘောဆန္ဒအတိုင်း သမ္မတကို ရွေးလိမ့်မယ်။ သူတို့တစ်တွေ ရွေးချယ်လိုက်တဲ့ပုဂ္ဂိုလ်က ပြည်သူလူထုရဲ့ အိပ်မက်ထဲက သမ္မတလိုမျိုး ဖြစ်ချင်မှ ဖြစ်လိမ့်မယ်။ ဒါက အခု ကျွန်တော်တို့နိုင်ငံမှာ ဖြစ်နေတာပဲပေါ့။ ဒါပေမဲ့ နိုင်ငံတကာမှာလည်း ပြည်သူလူထုက တိုက်ရိုက်ရွေးချယ်ထားပေမယ့်လည်း သူတို့ရွေးလိုက်တဲ့သမ္မတက သူတို့ထင်သလို ဖြစ်မလာတာမျိုးတွေလည်း ရှိတာပဲ။ ဒီမိုကရေစီဆိုတာကလည်း နိုင်ငံအသီးသီးက ကိုယ့်စံချိန်စံညွှန်း၊ ကိုယ့်ပုံစံနဲ့ သတ်မှတ်ထားကြတာပဲ။ အခုလောလောဆယ်တော့ ကမ္ဘာမှာ အမေရိကန်တို့၊ အိန္ဒိယတို့က ဒီမိုကရေစီသိပ်စစ်တယ်လို့ ပြောကြတယ်။ ကျွန်တော်တို့ဆီမှာတော့ ပြောင်းလဲကာစအချိန်ပေါ့။ ဒီမိုကရေစီနိုင်ငံတွေအတွက်တော့ သမ္မတဆိုတာ အရေးကြီးဆုံးပဲ။ သူ့ကြောင့် နိုင်ငံက တိုးတက်သွားနိုင်သလို သူ့ကြောင့်ပဲ နိုင်ငံက ချွတ်ခြုံကျသွားနိုင်တယ်။ မိသားစုတစ်ခုရဲ့ President ဆိုရင်လည်း အဲဒီအိမ်ရဲ့ အိမ်ထောင်ဦးစီးပေါ့။ ကျွန်တော်ကတော့ နောင်လာမယ့် President ကို ဘယ်လိုပုဂ္ဂိုလ်မျိုး ဖြစ်စေချင်သလဲဆိုရင် ဥပမိရုပ်လေးလည်း ကောင်းရမယ်။ လူရှိသေ ရှင်ရိုသေရုပ်မျိုးရှိမှ လူတွေ ရှင်တွေက ရိုသေမှာဗျ။ နောက်ပြီး ဘယ်ကမ္ဘာ့ခေါင်းဆောင်ကိုမဆို အင်္ဂလိပ်လို သူတင်ငါတင် ပြောနိုင်စွမ်း ရှိစေချင်တယ်။ အသံဩဇာလေးလည်း ရှိရမယ်။ ဒါမှ Speech ပေးရင် နားထောင်လို့ ကောင်းမှာ ဗျ။ ကိုယ်ကျင့်တရားနဲ့ စိတ်စေတနာဖြူသူလည်း ဖြစ်စေချင်တယ်။ အရေးကြီးဆုံးက Talents & Wisdom လည်း ကောင်းစေချင်တယ်။ နောက်ပြီး တိုင်းပြည်အပေါ်မှာ အရင်တုန်းကလည်း ဘယ်လို အမြတ်ထုတ်မှုမှ မလုပ်ခဲ့ဖူးတဲ့ သမိုင်းကြောင်းလှတဲ့ ပုဂ္ဂိုလ်မျိုးပေါ့။ ဒါမှလည်း ပြည်သူလူထုက နိုင်ငံတကာက သူတွေကြားမှ 'ငါတို့ သမ္မတ' က ဆိုပြီး ကြွားကြွားလေး ပြောနိုင်မှာပေါ့။

# Priority

Priority ကတော့ အဓိကထားလုပ်ရမယ့် ဦးစားပေးလုပ်ရမယ့် အလုပ်ရည်ရွယ်ချက်ကို ပြောတာ။ မိသားစုတစ်စုက စီးပွားရေးကို Priority ထားတာလား။ ကျန်းမာရေးကို ထားတာလား။ ပညာရေးကိုလားဆိုတာတွေပေါ့။ နိုင်ငံကြီးနဲ့ ချိသွားရင်တော့ ဒါတွေအားလုံးက အရေးပါသွားပြီပေါ့။ နိုင်ငံတိုးတက်ဖို့ကျတော့ ဘက်စုံတိုးတက်မှ ဖြစ်မယ်။ ဒါကို အုပ်ချုပ်သူတွေက သဘောပေါက်ထားရမယ်။ ဦးစားပေးရမယ့် ကိစ္စတွေကို တကယ်ဦးစားပေးဖို့ လိုတယ်။ စိတ်စေတနာကောင်းဖို့လည်း လိုသေးတယ်။ လူတစ်ယောက်အတွက် Priority ကကျတော့ အချိန်နဲ့လိုက်ပြီး ပြောင်းတတ်တယ်။ ဥပမာ - အမေရိကန်နိုင်ငံဆိုရင် သူတို့နိုင်ငံက လူတွေ စားဝတ်နေရေး မပူရဘူး။ မစားနိုင် မဝတ်နိုင်တဲ့ သူတွေကို အစိုးရက စီစဉ်ပေးတယ်။ သူ့နိုင်ငံက ချမ်းသာတယ်လေ။ ဒီတော့ သူတို့က ဘာကို ဦးစားပေးလဲဆိုတော့ အကြမ်းဖက်မှုပပျောက်ရေးတို့၊ မူးယစ်ဆေးဝါးကိစ္စတွေကို ဦးစားပေးတယ်။ အဲဒီလိုနိုင်ငံရဲ့ Priority နဲ့ ဒီနေ့မြန်မာနိုင်ငံရဲ့ Priority နဲ့က ဘယ်လိုနည်းနဲ့မှ မတူနိုင်ဘူး။ ကျွန်တော်တို့ တိုင်းပြည်ကကျတော့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စတွေကို လုပ်ရမှာ။ Priority က လက်ရှိရောက်နေတဲ့ နေရာနဲ့ အချိန်ပေါ်မူတည်ပါတယ်။ ကျွန်တော်ဆိုရင် ၁၅ နှစ်သားက Priority တွေက ပညာတတ်လူငယ်ဖြစ်ဖို့၊ အနုပညာအလုပ်တွေလုပ်မယ်ဆိုတော့ ဒီအလုပ်တွေမှာ အောင်မြင်တဲ့ အနေအထားရောက်အောင် ကြိုးစားဖို့က ကျွန်တော့်ရဲ့ Priority ပဲ။ အဓိကက ကျွန်တော့်အတွက် ဦးစားပေးတွေပဲပေါ့။ လူငယ်ဘဝရဲ့ Priority က မိမိကောင်းဖို့၊ မိမိတော်ဖို့၊ မိမိအတွက်ပဲပေါ့။ ကျွန်တော် လူလတ်ပိုင်း ၂၇၊ ၂၈ ရောက်တော့



ကျွန်တော့် အိမ်ထောင်ရေး၊ ကျွန်တော့်မိသားစုက ကျွန်တော့်ရဲ့ ဦးစားပေးတွေ ဖြစ်သွားတယ်။ ကျွန်တော့်အသက် ၃၅ နှစ်လောက်မှာတော့ ကျွန်တော့်ရဲ့ Priority က လူမှုရေးလုပ်ငန်းတွေဆီ ပြောင်းသွားတယ်။ အခု ကျွန်တော် ၄၂ နှစ်အရွယ် Priority က ကိုယ့်ကိုမွေးခဲ့တဲ့ ဒီရေဒီမြေအတွက် ဖြစ်သွားတယ်။ Priority ဆိုတာ ကိုယ့်ရဲ့ကြုံတွေ့ရတဲ့ ဘဝ၊ ခံစားချက်၊ ခံယူချက်နဲ့ နေထိုင်ရမှုပုံစံတွေပေါ် မူတည်ပြီး ပြောင်းသွားတတ်ပါတယ်။

# Progress

Progress ဆိုတာ တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်တာကို ပြောတာ။ သူ့အဓိပ္ပာယ်က တော်တော်ကို ကျယ်ပြန့်တယ်။ Success နဲ့တောင် မတူဘူး။ သူက အခြေတကျ ခိုင်ခိုင်မာမာ တိုးတက်အောင်မြင်မှုဆို မှန်လိမ့်မယ်။ Step by Step နဲ့ Success ဖြစ်တာကို Progress လို့ ခေါ်တာပါ။ ကျွန်တော်တို့ musician တွေ တခြား Pop Artist တွေအတွက်ဆိုရင်တောင် Progress က သိပ်မရင်းနှီးဘူး။ ကျွန်တော်တို့အတွက်က Success တွေ Fame တွေနဲ့ပဲ ကျွန်တော်တို့က ပြောလို့ရတယ်။ "တစ်နေ့ တစ်လံ ပုဂံဘယ်ရွှေ့" ဆိုသလို လူတစ်ယောက်က သူ့ဘဝရဲ့ ရည်မှန်းချက်တွေကို တဖြည်းဖြည်းချင်း အောင်မြင်အောင် လုပ်သွားရင် Progress ရတာပေါ့။ သူ့ရဲ့ Priority တွေ၊ Hopes တွေ ဘယ်လောက်ဆုပ်ကိုင်ထားနိုင်လဲ။ နိုင်ငံတစ်နိုင်ငံရဲ့ Progress ကို ပြောရမယ်ဆိုရင်တော့ စောစောကပြောခဲ့တဲ့ President တွေ၊ Priority တွေနဲ့ အများကြီး သက်ဆိုင်နေတယ်။ အဲဒီနိုင်ငံရဲ့ President က ရွေးချယ်ပြီး ဦးစားပေးတဲ့ လုပ်ငန်းတွေက ဘယ်လောက်ထိ Progress တွေ ဖြစ်နေလဲဆိုတာပေါ့။ တိုးတက်မှုကို တစ်နှစ်တည်ဆောက်မလား။ ၄ နှစ်လား။ ၁၀ နှစ်လား။ နှစ် ၁၀၀ လား။ ဒါကလည်း အဲဒီ President ရဲ့ ဦးဆောင်နိုင်စွမ်းနဲ့ စွမ်းဆောင်ရည်တို့နဲ့ ဆိုင်တယ်။ Talents တွေ၊ Wisdom တွေရှိတဲ့သူ ဦးဆောင်ရင်တော့ Progress က မြန်မှာပေါ့။ အရည်အချင်း ရှိတဲ့သူဆိုရင် ဥပမာ - မလေးရှားနိုင်ငံရဲ့ဝန်ကြီးချုပ် မဟာသီယာမိုဟာမက်ဆိုရင် ၁၉၈၈ ဝန်းကျင်လောက်မှာ မလေးရှားမှာ မီးတွေ ခက်ခဲကြတယ်။ သူက ပြောတယ်။ သူ့ကို သုံးနှစ် အချိန်ပေး။ သုံးနှစ်အတွင်း အဆင်မပြေရင် သူ နုတ်ထွက်မယ်ဆိုပြီး ပြောတယ်။ အဲဒီသုံးနှစ်ပြီးတော့ မလေးရှားမှာ ဒီနေ့ဆိုရင် မီးပျက်တယ်ဆိုတာ လုံးဝမကြားဖူးကြဘူး။ ဒီသဘောပါပဲ။

ဖြိုးစုပိုပို



# အင်္ဂလန်ထီးနန်းရဲ့ တတိယမြောက်နန်းလျာမင်းသားငယ် George ရဲ့ တစ်မူထူးခြားတဲ့ အသွင်အပြင်လေးများ

နန်းစံမဒီ

ကင်းဘရစ်ချ်မြို့စား မင်းသားဝီလျံနဲ့ ကြင်ရာတော်ကိတ်မစ်ဒယ်လ်တန်တို့ရဲ့ ပထမဆုံး ရင်သွေး လေး George Alexander Louis ကို ဇူလိုင်လ ၂၂ ရက်နေ့၊ ညနေ ၄ နာရီ ၂၄ မိနစ်က ဖွားမြင်ခဲ့တာကြောင့် အင်္ဂလန်တစ်နိုင်ငံလုံးသာမက တစ်ကမ္ဘာလုံးကပါ ဝမ်းသာခဲ့ရပါတယ်။ မွေးဖွားပြီး ၃ လအကြာမှာတော့ သူ့ကို ခရစ်ယာန်ဘာသာဝင်အဖြစ်သွတ်သွင်းခြင်း တစ်နည်း ကင်ပွန်းတပ်ပွဲကို အောက်တိုဘာ ၂၃ ရက်က စိန့်ဂျိမ်း(စ်)နန်းတော်ရဲ့ ဝတ်ပြုကိုးကွယ်ရာ အဆောင်မှာ ကျင်းပခဲ့ပါတယ်။ မိသားစုဝင်များ အပါအဝင် အထူးဖိတ်ကြားသည်တော် ၂၁ ဦးပဲပါပြီး ဝီလျံရဲ့မိခင် လေဒီဒိုင်ယာနာကို လေးစားသော အားဖြင့် သူမရဲ့ အသုဘအခမ်းအနားအတွက် ဆုတောင်းခဲ့တဲ့ ဝတ်ပြုဆောင်မှာပဲ အားလုံးဟာ စုဝေးခဲ့ကြပါတယ်။

မွေးဖွားပြီး တစ်ရက်အကြာ ဇူလိုင်လ ၂၃ ရက်နေ့က မိဘနှစ်ပါးနဲ့အတူ စိန့်မေရီဆေးရုံရှေ့မှာ ပထမဆုံးဓာတ်ပုံအရိုက်ခံခဲ့ရတဲ့ တစ်ရက်သား လေးက သူ့ကိုထုပ်ပိုးထားတဲ့ အဖြူရောင်စောင်ထဲကနေ သူ့လက်နှစ်ဖက်ကို ထုတ်ထားတဲ့ပုံဟာ တစ်ကမ္ဘာလုံးရဲ့ စိတ်ဝင်စားမှုကို ခွဲယူနိုင်ခဲ့ပါတယ်။ ဒုတိယသူ့ရဲ့ပုံကို ကမ္ဘာတစ်ဝန်းကို ပြသစဉ်ကတော့ သူ့မိခင်ကိတ်ရဲ့မိဘတွေပိုင်တဲ့ ဘာ့ခ်ရှိုင်းယားပြည်နယ်က အိမ်မှာ မိခင်၊ ဖခင်တို့နဲ့အတူ ကိတ်ရဲ့အချစ်တော် ခွေးနှစ်ကောင်ခြံရံပြီး ရိုက်ထားခဲ့တာပဲ ဖြစ်ပါတယ်။

အခု တတိယမြောက် ကမ္ဘာကို ပြသတဲ့ပုံကတော့ သုံးလပြည့်ပြီး တစ်ရက်အကြာမှာ ခရစ်ယာန်ဘာသာရဲ့ ထုံးတမ်းဓလေ့အဖြစ် ဘာသာရေးအခမ်းအနားတစ်ရပ်အနေနဲ့ ဂျော်ဒန်မြစ်ရေဖြင့် ရေဖျန်းခြင်းမင်္ဂလာကို ပြုလုပ်တဲ့ အခမ်းအနားဓာတ်ပုံများပဲ ဖြစ်ပါတယ်။ ရေဖျန်းမင်္ဂလာပွဲပြီးတဲ့နောက်မှာတော့ အမှတ်တရဓာတ်ပုံတွေလည်း ရိုက်ခဲ့ပါတယ်။ ဒီအခမ်းအနားတစ်ခုလုံးရဲ့ ဓာတ်ပုံအတွက် Celebrity တွေကို ရိုက်ကူးပေးနေကျ ဂျေဆင်ဘဲလ်က တာဝန်ယူပေးထားပါတယ်။

### ရေဖျန်းမင်္ဂလာပွဲ

ဒီပွဲမှာတော့ မင်းသားငယ်ဟာ တော်ဝင်ကလေးငယ်တိုင်း ဘာသာရေးသွတ်သွင်းပွဲမှာ ဝတ်ဆင်ခဲ့ရတဲ့ ဝတ်ရုံရှည်လွှမ်းခြုံပြီး မိခင်၊ ဖခင်နဲ့အတူ ဘုန်းတော်ကြီးရှေ့မှာ ရေဖျန်းခြင်းမင်္ဂလာကို ခံယူခဲ့ပါတယ်။ မင်းသားငယ်ဝတ်ဆင်ခဲ့တဲ့ ဝတ်ရုံဟာ ၁၉၄၁ ခုနှစ်ကတည်းက တော်ဝင်ကလေးငယ်တိုင်း ရေဖျန်းမင်္ဂလာပွဲမှာ ဝတ်ဆင်ခဲ့ရတဲ့ ဝတ်ရုံဖြစ်ပြီး ဒီဝတ်စုံကို ပထမဆုံးဝတ်ဆင်ရတဲ့တော်ဝင်ကတော့ Queen Victoria ရဲ့ အကြီးဆုံးသမီးတော်ပဲ ဖြစ်ပါတယ်။

မင်းသားငယ် George အတွက် ခေါင်းကိုင်မိဘ (God Parents) အဖြစ် ၇ ဦး ရွေးခဲ့ပြီး ယခင်တော်ဝင်များနဲ့ ခြားနားစွာ နေထိုင်ပြုမူတတ်တဲ့ လေဒီဒိုင်ယာနာရဲ့သားတော်ပီသတဲ့ ဝီလျံမင်းသားဟာ သူ့ရဲ့သားတော်အတွက် ခေါင်းကိုင်မိဘတွေကို အခြားတော်ဝင်တွေနဲ့ ခြားနားစွာ သူ့ဘဝရဲ့အရေးကြီးတဲ့ ပုဂ္ဂိုလ်တွေဖြစ်တဲ့ သာမန်အရပ်သား ၅ စုံတွဲနဲ့ တော်ဝင် ၂ စုံတွဲကိုရွေးပေးခဲ့ပါတယ်။ သူတို့တစ်တွေကတော့. .



### (၁) အိုလီဗာဘိတ်ကာ (Oliver Baker)

သူကတော့ ပထမဆုံးရွေးချယ်ခံရတဲ့သူဖြစ်ပြီး စိန့်အင်ဒရူးစ်တက္ကသိုလ်မှာ ဝီလျံတို့မောင်နှံနဲ့ အရင်းနှီးဆုံးဖြစ်ခဲ့တဲ့ သူငယ်ချင်းများအနက် တစ်ဦးဖြစ်ပါတယ်။

### (၂) အားလ်ဂရော့စ်ဗန်းနား (Earl Grosvenor)

ဝက်စ်မင်စတာမြို့စားရဲ့ သားတော် အားလ်ကတော့ ဒုတိယမြောက်ခေါင်းကိုင်ဖခင် ဖြစ်ပြီး တော်ဝင်နဲ့ ပတ်သက်ရင် ပထမဆုံးပါဝင်ခဲ့တဲ့သူ တစ်ဦးပဲ ဖြစ်ပါတယ်။

### (၃) ဂျေမီလိုးသားပင့်ကာတန် (Jamie Lowther Pinkerton)

သူကတော့ ကင်းဘရစ်ချ်မြို့စားမောင်နှံ ဝီလျံနဲ့ကိတ်ရဲ့ ကိုယ်ရေးအရာရှိအဖြစ် တာဝန်ယူပေးခဲ့ဖူးသလို မင်းသားဟယ်ရီအတွက်လည်း ၂၀၀၅ ခုနှစ်မှ ၂၀၁၂ ခုနှစ်တိုင် တာဝန်ယူခဲ့ပြီး အခုတိုင် အပါးတော်မြဲအဖြစ် မင်းသားနှစ်ပါး အနားမှာ အချိန်ပိုင်း တာဝန်ယူနေဆဲပဲဖြစ်ပါတယ်။

### (၄) ဂျူလီယာဆမ်မြူရယ်လ် (Julia Samuel)

သူမကတော့ ဝေလမင်းသမီးဒိုင်ယာနာရဲ့ အခင်မင်ဆုံး သူငယ်ချင်းတစ်ဦးပဲ ဖြစ်ပါတယ်။

### (၅) ဇာရာဖီးလစ္စ (Zara Phillips)



သူမက ဝီလျံမင်းသားရဲ့အဒေါ် အန်းန်မင်းသမီးရဲ့သမီးတော်ဖြစ်တာကြောင့် ဝီလျံမင်းသားရဲ့ တစ်ဝမ်းကွဲညီမဖြစ်ပြီး တော်ဝင်သွေးအပြည့်ပါသူများအနက် တစ်ဦးတည်းသော ခေါင်းကိုင်မိဘဖြစ်လာရသူပဲဖြစ်ပါတယ်။ ဝီလျံမင်းသားဟာ သူ့ဖခင်မင်းသားကြီး ချားလ်ရဲ့ အစ်မတော်၊ သူ့အဒေါ် အန်းန်မင်းသမီးသာမက ဝက်စ်ဆက်စ်မြို့စားဆိုဖီ အစရှိတဲ့ သူ့အဒေါ်တွေကို ရွေးချယ်ခြင်းမရှိဘဲ သူ့ညီမကိုသာ ရွေးချယ်ခဲ့ပါတယ်။



### (၆) ဝီလျံဗန်န်ကက်ဆန်မ် (William Van Cutsem)

သူကတော့ မင်းသားဝီလျံရဲ့ ငယ်စဉ်ကတည်းက ခင်မင်ခဲ့ရတဲ့ သူငယ်ချင်းပဲ ဖြစ်ပါတယ်။

### (၇) ဒေးဗစ်ဂျာဒင်းပေတာဆန်နဲ့ဇနီး အမ်မီလီးယား (David Jardie Paterson & Emilia)

သူတို့တစ်တွေကတော့ ကိတ်ရဲ့ မာလ်ဘိုရို

ကောလိပ်က သူငယ်ချင်းစုံတွဲပါ။ ကိတ်ရဲ့ မင်္ဂလာဆောင်မှာလည်း တက်ရောက်ခွင့်ရခဲ့သူတွေလည်း ဖြစ်ပါတယ်။

မင်းသားငယ်ရဲ့ ဝတ်ရုံကို အင်ဂျီလာကယ်လီဆိုတဲ့ ဘုရင်မကြီးရဲ့ ဝတ်စုံချုပ်လုပ်ပေးတဲ့ သူက ဖန်တီးခဲ့တာဖြစ်ပြီး ၁၈၄၀ ပြည့်နှစ်က ဗိတိုရိယဘုရင်မကြီးရဲ့ ခွင့်ပြုချက်နဲ့ ဖန်တီးထားတဲ့ Lily Font ကိုလည်း ခေါင်းမှာ တွေ့မြင်ရပါတယ်။ မင်းသားရဲ့ ရေဖျန်းမင်္ဂလာအတွက် ပရိတ်ရေကိုတော့ ဂျော်ဒန်မြစ်မှ ခပ်ယူခဲ့တာပဲ ဖြစ်ပါတယ်။

ဒီရေဖျန်းမင်္ဂလာပွဲပြီးတဲ့အခါမှာတော့ အဘိုးဖြစ်သူ ချားလ်မင်းသားကြီးနဲ့ ကြင်ရာတော် ကမီလာတို့က ကလဲရင့်စ်စံအိမ်မှာ ဧည့်သည်တော်တွေကို ကော်ဖီနဲ့အတူ အခမ်းအနားကိတ်ကို တွဲဖက်ပြီး ဧည့်ခံခဲ့ပြီး ကိတ်မုန့်ဟာ ဝီလျံမင်းသားရဲ့ မင်္ဂလာဆောင်မှာကျွေးတဲ့ Wedding Cake မျိုး ဖြစ်တယ်လို့ ဒီပွဲကိုတက်ရောက်ခဲ့ရတဲ့ အဆိုတော်မလေး ရှရယ်လ်ကိုးလ်က ပြောပြထားပါတယ်။

ဒီပွဲမှာ ကိတ်ဟာ သူ့မသားငယ်ရဲ့ ဝတ်ရုံနဲ့ အရောင်တူ MCQueen ရဲ့လက်ရာ ခရင်မ်ရောင် ဝတ်စုံကို ဝတ်ထားပြီး ဆံပင်ကိုလည်း ရိုးရိုးလေးပဲ ပြင်ဆင်ထားခဲ့ပါတယ်။




## မိဘနှစ်ပါးပြောပြတဲ့ George ရဲ့ အကြောင်း

ဂျော့ (George) ဆိုတဲ့သားငယ်ကို ဖခင် ဝီလျံမင်းသားက သူ့ညီဟယ်ရီကို ခေါ်တဲ့အတိုင်း ‘လူနောက်ကလေး’ လို့ ချစ်စနိုးခေါ်ပါတယ်။ မင်းသားငယ်ဟာ အငိုသန်သူဖြစ်ပြီး အလွန်အမင်း အသံကျယ်သူဖြစ်ကြောင်းကို သူတို့နှစ်ဦးရဲ့ ပထမဆုံးရင်သွေးလေး မွေးပြီးနောက် တက်ရောက်တဲ့ Tusk Conservation Awards မှာ ပြောကြားခဲ့ပါတယ်။ ဒီပွဲကို အောက်တိုဘာလ ၂၄ ရက်နေ့က ကျင်းပတာဖြစ်ပြီး မင်းသားက ရွှေပွဲလာပရိသတ်များကို “ကျွန်တော်တို့နှစ်ဦးက ဖုန်းကို မကြာခဏဖွင့်ပြီး ကြည့်နေတာ မြင်ရင် စိတ်မဆိုးကြပါနဲ့။ ဂျော့ကို အိမ်မှာ ထားခဲ့ရတာမို့ သူ့အခြေအနေ ကောင်း၊ မကောင်း စစ်ဆေးနေရတာမို့ပါ။ ဒီညနေခင်းကလေးက ကျွန်တော်တို့နှစ်ဦး သူမပါဘဲ ပထမဆုံးအပြင်ထွက်တဲ့ပွဲလေးဆိုတော့ အိမ်မှာ ခြသေ့်ဟိန်းသံနဲ့တူတဲ့ သူ့အသံတွေ ညံနေပြီလားလို့ဆိုတာ လှမ်းမေးနေရလို့ပါ” လို့ အရွှန်းဖောက်ပြောကြားခဲ့ပါတယ်။

ဝီလျံမင်းသားနဲ့ ကိတ်ဟာ ပရိသတ်ရှေ့မှာ မမောပန်းတဲ့ပုံစံဖမ်းထားပေမယ့် အတွင်းသိများ ပြောတာကတော့ ဂျော့ဟာ အငိုသန်ပြီး ကိတ်ဟာ ညတွေမှာ အိပ်ရေးဝအောင် မအိပ်ရဘဲ နို့ထတိုက်ရကြောင်း ပြောပြကြပါတယ်။

ဝီလျံဟာ နွေးထွေးသူဖြစ်ပြီး သူ့သားနဲ့ပတ်သက်ရင် သူ့ဖခင်ချားလ်မင်းသားလို အေးတိအေးစက်စိတ်မရှိဘဲ စတင်မွေးဖွားပြီး ကမ္ဘာကိုပြသတဲ့နေ့ကတည်းက သူ့သားလေးဟာ မွေးဖွားရက်ကျော်တဲ့အတွက် စိတ်ထဲမှာ စိုးရိမ်မိနေကြောင်း၊ အဆုတ်မကောင်းမှာ စိုးရိမ်ပြီး သူ့အသံကျယ်လောင်စွာကြားရမှ စိတ်အေးခဲ့ရကြောင်း၊ သူ့သားလေးဟာ လူထွားကြီးမို့ (၈ ပေါင် ၆ အောင်စ) စိတ်ပျော်ရွှင်ရကြောင်း ပြောခဲ့သူပါ။

သူ့သားလေးကို တစိမ့်စိမ့်ကြည့်ပြီး တဖြည်းဖြည်းကျဲပါးလာတဲ့ သူ့ဆံပင်တွေကို ဟာသဖောက်တဲ့အနေနဲ့ “တော်ပါသေးရဲ့. . . သူက ကျွန်တော့်ထက် ဆံပင်သန်လို့” ပြောခဲ့တဲ့အတွက် အားလုံးဟာ ပျော်ရွှင်ခဲ့ရပါတယ်။

ပြည်သူနဲ့ ဆက်နွယ်ရရင် ဝီလျံဟာ အမြဲနွေးထွေးတဲ့စိတ်သဘောရှိသူ ဖြစ်တာကြောင့် ဗြိတိန်ပြည်သူတွေဟာ ဂျော့မွေးဖွားခြင်းအတွက် အလွန်အမင်းပျော်ရွှင်ပြီး အခုဆို Time မဂ္ဂဇင်းကြီးရဲ့ ကမ္ဘာတစ်ဝန်း ဩဇာတိက္ကမကြီးသူများ အယောက် ၁၀၀ စာရင်းမှာ သူ့ရဲ့မိခင်ကိတ်တစ်နည်း ကက်သရင်းဟာ ဘားရက်အိုဘားမား၊ ပုပ်ရဟန်းမင်းကြီးနဲ့တန်းတူ စာရင်းဝင်နေပါပြီ။

## အများနဲ့မတူတဲ့ ဂျော့ရဲ့ ထူးခြားချက်များ

(၁) ဂျော့ဟာ (၁၃. ၇. ၂၀၁၃) ဆိုတဲ့ Due Date ကို ကျော်လွန်ပြီး ၉ ရက်အကြာမှာ မွေးဖွားခဲ့ပါတယ်။ သူ့မိခင် ကက်သရင်းဟာ သူ့ကို သူ့ဖခင်နဲ့ဦးလေးမွေးဖွားခဲ့ရာ စိန့်မေရီ ဆေးရုံမှာ ၁၁ နာရီကျော် ဗိုက်နာပြီး ဗြိတိသျှ စံတော်ချိန် ၄း ၂၄ မှာ သဘာဝအတိုင်း မွေးဖွားခဲ့ပါတယ်။ မွေးဖွားပြီးစအချိန် ကိုယ်အလေးချိန် ၈ ပေါင် ၆ အောင်စ ရှိပါတယ်။

(၂) သူ့ဖခင်နဲ့မိခင်ဟာ နောက်ကျတဲ့သားအတွက် ပူပင်သောကများခဲ့ရပြီး July လ ၂၂ ရက်နေ့မနက် ၅း၃၀ နာရီမှာ ဗိုက်စနာလာတဲ့အတွက် ကင်ဆင်တန်နန်းတော်ကနေ ရဲအစောင့်အရှောက်မပါဘဲ ဝီလျံမင်းသားကိုယ်တိုင် ကားမောင်းသွားခဲ့ပြီး ဆေးရုံမှအိမ်သို့ ပြန်ခေါ်လာတော့လည်း ဝီလျံမင်းသားကိုယ်တိုင်ပဲ ကားမောင်းခဲ့တာမို့ ဘယ်တော်ဝင်မှ မရခဲ့ဖူးတဲ့ ဖခင်မင်းသားရဲ့ အထူးဂရုစိုက်ခြင်းကို ခံခဲ့ရသလို ပထမဆုံးသေးခံကို လဲလှယ်ပေးသူကလည်း ဖခင်ပဲဖြစ်ပါတယ်။

(၃) တော်ဝင်ကလေးမှန်ရင် မွေးဖွားပြီးတာနဲ့ အထိန်းတော်တွေရောက်လာပြီဖြစ်ပေမယ့် ဂျော့အတွက် သူ့မိခင်ကိတ်က အထိန်းမထားဘဲ မွေးပြီး ပထမ ၆ ပတ်၊ တစ်နည်း တစ်လခွဲလုံး သူ့မိဘများရှိရာ ဘာ့ခ်ရှိုင်းယားစံအိမ်မှာ သွားနေခဲ့ပါတယ်။ ကနေ့ အသက် ၃၁ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကိတ်ရဲ့ ဆုံးဖြတ်ချက်ဟာ တော်ဝင်တို့ရဲ့ ရိုးရာဓလေ့ကို ချိုးဖောက်ခဲ့တာပဲ ဖြစ်ပါတယ်။ ဝီလျံကို မွေးဖွားစဉ်က ဒိုင်ယာနာမလုပ်ခဲ့တဲ့ ပုံစံအသစ်လေးလည်း ဖြစ်ပါတယ်။ ဒီအတွက် ကိတ်က အခုလို ရှင်းပြထားပါတယ်။

“ကျွန်မမိခင် (ကာရိုးလ်မစ်ဒယ်လ်တန်) ဟာ ကျွန်မတို့မောင်နှမသုံးဦးစလုံးကို အထိန်းမခေါ်ဘဲ တစ်ဦးတည်းစောင့်ရှောက်ခဲ့သူပါ။ ဒါကြောင့် ကျွန်မရဲ့ကလေးကို ကျွန်မမိသားစုရဲ့စောင့်ရှောက်ကူညီမှုအောက်မှာထားရတာ ကျွန်မအတွက် စိတ်လုံခြုံမှုအပြည့် ရှိပါတယ်။ ကျွန်မ အမေလောက် ကလေးအပေါ် စောင့်ရှောက်မှု နည်းနာတွေကို ဘယ်သူမှ သင်ပေးနိုင်မှာ မဟုတ်ပါဘူး”

(၄) ဒါကြောင့် ဂျော့ဟာ တော်ဝင်ကလေးငယ်များအနက် ပထမဆုံးပြင်ပလူနေမှုဘဝနဲ့ ထိတွေ့ခွင့်ရတဲ့ အငယ်ဆုံးတော်ဝင်ကလေးငယ်ဖြစ်လာပြီး သူ့ဖခင်ဝီလျံတောင် သူ့အရွယ်မှာ ဒီအခွင့်အရေးမရခဲ့ဘဲ သူ့မိခင်ဒိုင်ယာနာနဲ့အတူ ကလေးထိန်း ဘာဘရာဘားနက်စ်၊ သူနာပြုအန်နာဝဲလက်စ်နဲ့ နေခဲ့ရသူပါ။

*ဂျော့ရဲ့ အမူအကျင့်တွေဟာ စောင့်ကြည့်သူပရိသတ်များအတွက် စူးစမ်းစွဲမက်ဖွယ်ရာတွေ ကျန်ရှိနေပါသေးတယ်။*

ရွှေ့လဆက်ရန်
နန်းစံမဒီ



Fashion နဲ့ပတ်သက်လို့ Hot အဖြစ်ဆုံး Supermodel ကတော့ Freja Beha Erichsen ဖြစ်ပါတယ်။ Freja ဟာ အလှအပကုန်ပစ္စည်း Maybelline ရဲ့ Spokesmodel လည်း ဖြစ်တာကြောင့် Maybelline အလှကုန်ပစ္စည်းကြော်ငြာများ မှာလည်း သူ့ကိုတွေ့ရမှာ ဖြစ်ပါတယ်။ Freja ဟာ Supermodel ဖြစ်တာကြောင့် မဟာ ကြယ်ပွင့်အဆင့်မှာရှိတဲ့ အပြင် ဖက်ရှင်စတိုင်နဲ့ ပတ်သက်လို့လည်း ထင်ရှား ကျော်ကြားသူ၊ အများအာရုံစိုက်ခြင်း ခံရသူ ဖြစ်ပါတယ်။ စူပါ မော်ဒယ် Freja နဲ့ စကား စမြည်ပြောဆို ကြည့်ရာမှာ . . .

# SUPERMODEL FREJA BEHA ERICHSEN

တင်လတ်သန္တာဝိုလ်



**“**

**ကျွန်မမှာ ခုရှိနေတဲ့ Chanel က ဖိနပ်တွေ၊ လက်ကိုင်အိတ်တွေကိုလည်း ကျွန်မတစ်သက်လုံး သုံးမှာက တော့ အသေအချာပဲ။**


ကျွန်မရဲ့စတိုင်က ရိုးစင်းပါတယ်။ ထင်ရှားတောက်ပတာမျိုး မဟုတ်ပါဘူး။ နည်းနိုင်သမျှ အနည်းဆုံးပြင်ဆင်တာမျိုးပါ။ ကျွန်မမှာ T-Shirts တွေ အများကြီးရှိပြီး ကျွန်မရဲ့အကြိုက်ဆုံး ဒီဇိုင်နာထဲက တစ်ယောက်အပါအဝင်ဖြစ်တဲ့ Rick Owens ရဲ့ သားရေဂျက်ကတ်တစ်ထည် ရှိတယ်။ ဒါတွေနဲ့ဝတ်ဖို့ Acne Jeans နဲ့ Catbird လို့ အမည်ရတဲ့ နယူးရောခ် Website တစ်ခုက ဆွဲကြိုးတွေရှိတယ်။

ကျွန်မရဲ့အဝတ်အစား၊ အသုံးအဆောင်ပစ္စည်းတွေအပေါ်မှာ ကျွန်မသိပ်ပြီး သစ္စာရှိတယ်။ ကျွန်မမှာ ဟိုးအရင်ကတည်းကရှိတဲ့ Proenza Schouler လက်ကိုင်အိတ်က ခုဆို စုတ်ပြတ်သတ်နေပြီ။ ဒါပေမဲ့ ခုထိ ကျွန်မကိုင်နေတုန်းပဲ။ ကျွန်မမှာ ခုရှိနေတဲ့ Chanel က ဖိနပ်တွေ၊ လက်ကိုင်အိတ်တွေကိုလည်း ကျွန်မတစ်သက်လုံး သုံးမှာက တော့ အသေအချာပဲ။

Karl Lagerfeld (ကမ္ဘာကျော်ဒီဇိုင်နာ) က ရယ်စရာတွေ ပြောတတ်တဲ့သူဖြစ်ပါတယ်။ ဟာသဉာဏ်ရှိသလို တကယ်လည်း တီထွင်ဖန်တီးနိုင်စွမ်းရှိတဲ့သူ ဖြစ်ပါတယ်။ သူ့ဆီမှာ အကြံဉာဏ်သစ်တွေ အဆက်မပြတ်ရှိနေတတ်တယ်။ သူ့ရဲ့ကြောင်ကလေး Choupette နဲ့တော့ တစ်ခါမှ မတွေ့ဖူးသေးဘူး။ ဒီကြောင်မလေးက Online မှာ အရမ်းပေါ်ပြူလာ ဖြစ်တယ်လို့ ပြောကြတယ်။



“ နူးညံ့မှုနဲ့
မာကျောမှုကြားမှာ
ဟန်ချက်ညီနေတာကို
ကျွန်မက
သဘောကျတာ။




Twitter, Facebook, Instagram တွေပေါ်မှာ ကျွန်မ မရှိဘူး။ အေးဆေးအကြံဉာဏ်တွေ၊ ဓာတ်ပုံတွေကို တစ်ယောက်နဲ့တစ်ယောက် မျှဝေခံစားလိုတဲ့လူတွေအတွက် ဒါတွေက အရေးပါ၊ အကျိုးရှိတယ်ဆိုတာ ကျွန်မသိပေမယ့် ကျွန်မအတွက်တော့ မဟုတ်ဘူး။

Denmark က လမ်းတစ်လမ်းမှာ လျှောက်နေရင်း ကျွန်မက မော်ဒယ်အဖြစ် ရှာဖွေတွေ့ရှိခြင်းခံရသူဖြစ်ပါတယ်။ အဲဒီအရင်ကတော့ ကျွန်မက ဖက်ရှင်နဲ့ ထိတွေ့ခြင်းမရှိခဲ့ပါဘူး။ ဒီလောကမှာကတော့ ပင်ကိုအရှိအတိုင်းနေဖို့ အရေးကြီးတယ်လို့ ထင်တယ်။ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားဖို့လည်းလိုတယ်။ ပုံသေကားကျ၊ သမားရိုးကျပုံစံမျိုးနဲ့အံဝင်အောင် အပေးအယူလုပ်ဖို့ မလိုဘူးလို့လည်း ကိုယ့်ဘာသာသိနေရမယ်။

ကျွန်မက အရပ်တော်တော်ရှည်တော့ ဒေါက်မြင့်ဖိနပ်တွေ စီးဖို့မလိုဘူး။ နောက်ပြီး အလုပ်မှာက ဒီဒေါက်မြင့်ဖိနပ်တွေပဲ စီးနေရတော့ အပြင်မှာတော့ဖိနပ်ပါးတွေပဲစီးဖြစ်တာ များတယ်။ ကျွန်မမှာ အနက်ရောင် Boots တွေတော့ အများကြီးရှိတယ်။ Rag & Bone က ဖိနပ်တွေ ဝယ်ထားတာလည်း တော်တော်များတယ်။







Valentino က အလှဆုံးဝတ်စုံတွေကို ဖန်တီးနိုင်တယ်။ သူ့ဝတ်စုံတွေက ဆွဲဆောင်နိုင်စွမ်းရှိသလို မိန်းမလည်းဆန်တယ်။ ဒါပေမဲ့ တစ်ဖက်မှာ အစွန်းရောက်တာမျိုးလေးလည်း ရှိနေတယ်။ အဲဒီလို နူးညံ့မှုနဲ့ မာကျောမှုကြားမှာ ဟန်ချက်ညီနေတာကိုကျွန်မကသဘောကျတာ။

ကျွန်မရဲ့ဆံပင်က အရင်ကထက် စာရင်နည်းနည်းပိုရှည်လာပြီ။ အရင်ကလူတကာလိုက်လုပ်ပြီး ကြိုက်ကြတဲ့ Freja ပုံစံထက်ပေါ့။ ဆံပင်ရှည်တာ မြန်လွန်းလို့ ကိုယ်တိုင်ပဲ ညှပ်ပစ်လိုက်တာ။ ကျွန်မရဲ့အလှပြုပြင်ရေးနည်းလမ်းကလည်း နည်းနည်းလေးပါပဲ။ တကယ့်ကို နည်းပါးရိုးစင်းတဲ့ ပြုပြင်ထိန်းသိမ်းမှုလို့ ပြောနိုင်ပါတယ်။ Maybelline Eyeliner နဲ့ Mascara လေး နည်းနည်းသုံးတယ်။ တစ်ခါတလေတောက်ပတဲ့ နှုတ်ခမ်းနီတွဲပြီးဆိုးလိုက်တယ်။ ဒါပါပဲ။

ကျွန်မလေ့ကျင့်ခန်းတွေ သိပ်မလုပ်ဘူး။ ကျန်းမာရေးနဲ့ညီညွတ်တဲ့ Organic အစားအစာတွေ စားတယ်။ တတ်နိုင်သမျှ လမ်းလျှောက်ဖို့ကြိုးစားတယ်။ Denmark မှာနေခဲ့တုန်းကကျေးလက်မှာ အပျော် ခြေလျင်ခရီး အမြဲသွားနေခဲ့တာ။

အခုတော့ New York မှာနေတာ သုံးနှစ်ရှိပါပြီ။ ဒီအရပ်ဒေသမှာ မယုံနိုင်စရာ စွမ်းအားတွေရှိတယ်။တီထွင်ဖန်တီးရှင်တွေလည်း အများကြီးရှိတယ်။အံ့အားသင့်စရာကြီးကျယ် လှတဲ့ အနုပညာနဲ့ တေးဂီတတွေကလည်း အများကြီးမို့ လုပ်စရာမရှိတာတို့၊ ပျင်းဖို့တို့ကို အချိန်မရှိဘူး။

တင်လတ်သန္တာဗိုလ်



# လှပစိုပြည် ရတီမေ

## မိတ်ကပ် လိမ်းခြယ်မှုအတွက် စတင်ခြင်း

မိုးကုတ်ပေါက်ပေါက်

သင်ဟာ ဘယ်လောက်ဘဲ အနုပညာလက်ရာ ပြောင်မြောက်စွာ ဖန်တီးနိုင်စေတဲ့ ပညာရှင် ဖြစ်ပါစေ အရည်အသွေး ကောင်းမွန်တဲ့ အကူ ကိရိယာနဲ့ အလှကုန်ပစ္စည်းကောင်းများ မရှိခဲ့ရင်တော့ လက်ရာမြောက်စွာ ဖန်တီးဖို့ ခက်ခဲပါလိမ့်မယ်။ ဥပမာ Micheleangelo ပါရမီရှင်တောင်မှ Sitstine Caaple ကို ဆေးသုတ်ဖို့ ဖြစ်နိုင်မှာ မဟုတ်သလိုပါ။ အကောင်းဆုံးလက်ရာ ဖန်တီးနိုင်ဖို့အတွက် ဒီအချက်က အလွန်အရေးကြီးပါတယ်။ ဒါပေမဲ့ တစ်ခါတည်းနဲ့ ထွက်ပြီး လိုအပ်မယ့်ပစ္စည်းတွေကို ဝယ်ဖို့မဟုတ်ပါဘူး။ တကယ်လို့ အဲဒီလိုသာ ဝယ်ခဲ့မယ်ဆိုရင်လည်း တချို့ကို သင်နှစ်သက်မှာ မဟုတ်သလို တချို့ မလိုအပ်တာတွေကိုလည်း ဝယ်မိတတ်ပါတယ်။ ဒါကြောင့် အချိန်ယူ စုဆောင်းစေချင်ပါတယ်။ သင်ဟာ တကယ်တော့ အကောင်းဆုံး ကိရိယာ ပစ္စည်းနှစ်ခုကို ပိုင်ဆိုင်ပြီးသားပါ။ အဲဒီနှစ်ခုကတော့ သင့်ရဲ့ လက်နဲ့ လက်ချောင်းထိပ်တွေပါပဲ။ ကျွန်တော် လက်တွေ့ရာဖွေတွေ့ရှိခဲ့တဲ့ အကြောင်းအရာကတော့ မျက်နှာကို မိတ်ကပ်

လိမ်းခြယ်ပြင်ဆင်ရာမှာ သင့်လက်ချောင်းထိပ်ဖျား လေးများဟာ မျက်နှာကို ထိတွေ့ရာမှာ အသားနဲ့ အသား (Skin to Skin) ထိတွေ့ခြင်းဖြစ်တဲ့ အတွက် လက်ချောင်းရဲ့ အငွေ့ဓာတ်ကိုတော့ ဘယ်အကူ ကိရိယာပစ္စည်းကမှရနိုင်မှာ မဟုတ် ပါဘူး။ အချိန်ဆိုတဲ့ အရာကတော့ အရေးကြီး ဆုံးအကူကိရိယာလို့ ကျွန်တော် ယုံကြည်ပါတယ်။ ဒီအချိန်ကပဲ သင့်ကို အလေ့ကျင့်ရစေဖို့၊ အကောင်းဆုံး နည်းလမ်းတွေရဖို့ ဖန်တီးပေးမှာပါ။ သတိထားရမယ့် အချက်ကတော့ တန်ဖိုးရှိပြီး မှန်ကန်တဲ့ အရာများ ရရှိဖို့အတွက်လည်း ထိုက် တန်တဲ့တန်ဖိုးနဲ့ အချိန်ကို ပေးဆပ်ရတဲ့ အချိန် တွေပါပဲ။

အလှကုန်ပစ္စည်းတွေဝယ်ယူရာမှာ အရည်အသွေးကောင်းဆုံး ပစ္စည်းတွေကို ရွေးချယ်ဝယ်ယူဖို့ လိုအပ်ပါတယ်။ သင်မျှော်မှန်း ထားတာထက် ပိုမိုကုန်ကျပါလိမ့်မယ်။ ဒါပေမဲ့ ရေရှည်မှာတော့ ပစ္စည်းကောင်းတွေဟာ ကြာရှည် ခံ အသုံးခံတဲ့အတွက် ပိုပြီးတွက်ခြေ ကိုက်ပါတယ်။ တန်ဖိုး ကြီးမားတဲ့ အကောင်းဆုံး ပစ္စည်းတွေကို ဝယ်ယူ ရမယ်လို့ ဆိုလိုတာ မဟုတ်ဘူး။ ဈေးကွက် မှာ တစ်ခါတစ်ရံ တန်ဖိုးနည်းပြီး အရည်အသွေး ကောင်းတဲ့ မိတ်ကပ်အရည် တစ်ပုလင်းဟာ တန်ဖိုးကြီးမားတဲ့ မိတ်ကပ်ရည် တစ်ပုလင်းထက် မိမိအသားအရောင်နဲ့ ပိုပြီးလိုက်ဖက်တယ်။ ပိုပြီး ကြာရှည်ခံမယ်။ ပိုပြီးညီညာအောင်ပွတ်ဆွဲ လိမ်းခြယ်တဲ့ နေရာမှာ အဆင်ပြေချောမွေ့တယ် ဆိုရင် အဲဒီ မိတ်ကပ်ရည်ဟာ သင့်အတွက်အသုံး တည့်တဲ့ အရည်အသွေးကောင်း ပစ္စည်းတစ်ခု ပါပဲ။ အခုခေတ်မှာတော့ ဈေးနှုန်းနဲ့ အရည် အသွေးကို ချင့်ချိန်နှိုင်းယှဉ်လို့ရတဲ့ အလှကုန် ပစ္စည်း တံဆိပ်တွေ မြောက်မြားစွာ ပေါ်ထွက်နေ ပါပြီ။ တကယ်တမ်း သင်ဆုံးဖြတ်ရမှာက ဘယ် ပစ္စည်းဟာ သင့်အတွက် အကောင်းဆုံးဖြစ်မလဲ၊ ဘယ်ပစ္စည်းတွေကို သင်ဝယ်ယူ စုဆောင်းရမလဲ ဆိုတာပါပဲ။ တကယ် အရေးကြီးတဲ့ အကောင်းဆုံး အလှကုန်ပစ္စည်းနဲ့ ကိရိယာဆိုတာ သင်ဖန်တီး ချင်တဲ့ အမျိုးမျိုးသော အသွင်အပြင်တွေ (Different Look) များကို ဖန်တီးရာမှာ အသုံးဝင် ဖို့ လိုအပ်ပါတယ်။ အဲဒီလို ဖန်တီးမယ်ဆိုရင် တော့ စိတ်ရှည်သည်းခံနိုင်ဖို့က အဓိက လိုအပ်ပါ တယ်။ ဘယ်တုန်းကမှ မိတ်ကပ်ကို ဘယ်လို လိမ်းရတယ်ဆိုတာ သင်ပေးမှ တတ်တာထက် မိမိကိုယ်တိုင် လေ့ကျင့် သင်ယူခြင်းဟာ ပို ကောင်းပါတယ်။ မိတ်ကပ်စတင် လိမ်းခြယ် စဉ်ကာလမှာ အမှားပေါင်းများစွာကို မှားခဲ့ကြပါ လိမ့်မယ်။ မလျှော့တဲ့ ဇွဲ ၊ လုံ့လနဲ့ ကြိုးစားလုပ် ဆောင်သွားမယ်။ အချိန်ယူပြီး လေ့ကျင့်သွားမယ် ဆိုရင်တော့ တဖြည်းဖြည်းနဲ့ သေချာတိကျစွာ ပြင်ဆင် နိုင်တတ်တဲ့သူ ဖြစ်လာမှာပါ။ တဖြည်း ဖြည်းနဲ့ ပိုကောင်းသထက်ကောင်းတဲ့ လက်ရာ တွေ ထွက်ပေါ်လာမှာပါ။ ကျွန်တော် ဆိုရင်လည်း နေ့စဉ်နေ့တိုင်း အတွေ့ကြုံ အသစ်တွေကို လေ့ လာနေဆဲပါ။



တစ်ဖက်မျက်နှာမှာ ဖော်ပြထားတဲ့ မိတ်ကပ်ပစ္စည်းတွေကတော့ ကျွန်တော် အကြိုက် ဆုံး မိတ်ကပ်တွေနဲ့ အရောင်တွေပဲ ဖြစ်ပါတယ်။ ကျွန်တော် မိတ်ဆွေတွေထဲမှာ အလှကုန် လုပ်ငန်းကို လုပ်ကိုင်နေတဲ့သူတွေ များစွာရှိပါ တယ်။ ဒါပေမဲ့ ဘယ်အလှကုန် ကောင်းပါတယ်လို့ မညွှန်း လိုပါဘူး။ တချို့ အလှကုန်ပစ္စည်းတွေဟာ ဈေးကွက်မှာ ပေါ်လာပြီး မကြာမီ ပျောက်သွား တတ်ကြပါတယ်။ ဘာကြောင့်လည်းဆိုတော့ အလှကုန်ကုမ္ပဏီတွေဟာ ရာသီအလိုက် အရောင် နဲ့ မိတ်ကပ်ပစ္စည်းတွေကို ထုတ်လုပ်ကြတာ ဖြစ် ပါတယ်။ ဖော်ပြထားတဲ့ မိတ်ကပ်အလှကုန် ပစ္စည်းတွေကို ရှေ့လာမယ့်လတွေမှာ ဖော်ပြမယ့် မိတ်ကပ်သင်ခန်းစာတွေကြရင် ဆက်လက်အသုံး ပြုသွားမှာ ဖြစ်ပါတယ်။ သင်နှစ်သက်မယ့် အကောင်းဆုံး မိတ်ကပ်ပစ္စည်းတွေကို အမှတ် တံဆိပ်များစွာထဲမှ ရွေးချယ်ဝယ်ယူသင့်ပါတယ်။ အမှန်ပြောရမယ်ဆိုရင် မိတ်ကပ် ပစ္စည်းတွေဟာ




1
2
3
4
5
6
7
8
9
10
11
12
13
14
15
16
17
18
19
20
21
22
23
24
25
26
27
28
29
30
31
32
33
34
35
36
37
38
39
40
41
42
43
44
45
46
47

မျက်လုံး ပြနိုင်စွမ်း မရှိပါဘူး။ မျက်လုံး ပြနိုင်စွမ်းရှိတာက တော့ သင့်ရဲ့တီထွင် ဖန်တီးလိမ်းခြယ်မှုပါပဲ။

(၁) အရောင်မပါသော အပြောင်အလက်ပါသည့် အောက်ခံမိတ်ကပ်ရည်
(၂) ရွှေရောင် အပြောင်အလက်ပါသော မိတ်ကပ်ရည်
(၃) သဘာဝအသားရောင် မိတ်ကပ်ရည်၊ natural beige)
(၄) အရောင်နုသော (အလင်းပြန်နိုင်စွမ်းရှိသော) မိတ်ကပ်ရည်
(၅) အညိုရင့်ရောင် မိတ်ကပ်ရည်
(၆) အရောင်မပါသော ပေါင်ဒါ
(၇) အပြာရောင်တောက်တောက် အိုင်းရဲဒိုး
(၈) သံပရာစိမ်းရောင် Eye Shadow
(၉) ရွှေဝါရောင် Eye Shadow အမှုန့်
(၁၀) ကြေးဝါရောင် အပြောင်အလက်ပါ သော Eye Shadow အမှုန့်
(၁၁) ကြေးညိုရောင် အပြောင်အလက်ပါသော Eye Shadow အမှုန့်
(၁၂) အနက်ရောင် Mascara
(၁၃) အနက်ရောင် လိုင်နာခဲတံ
(၁၄) အညိုရောင် လိုင်နာခဲတံ
(၁၅) အဖြူပျက်ရောင် အပြောင်ပါသော Eye Shadow
(၁၆) Basic Brown Powder Eye Shadow အညိုရောင် Eye Shadow အမှုန့်
(၁၇) Drak Blue Eye နက်ပြာ Eye Shadow အမှုန့်
(၁၈) မက်မွန်သီးရောင် Eye Shadow အမှုန့်
(၁၉) ပန်းသခွား (သို့) နှင်းဆီပါးနီအစို
(၂၀) ပန်းရဲ ပါးနီမှုန့်
(၂၁) အဝါရောင် Eye Shadow အစို
(၂၂) အမည်းရောင် Eye Shadow အစို
(၂၃) အညိုရောင် မျက်ခုံးမွေးဆွဲခဲတံ
(၂၄) မျက်ခုံးမွေးဆွဲ ခဲတံရွှေရောင်
(၂၅) အညိုရောင် ပေါင်ဒါ Eye Shadow
(၂၆) နှုတ်ခမ်းနီ အနီရောင်
(၂၇) အရောင်နုသော (အလင်းပြန်နိုင် သော) နှုတ်ခမ်းနီ ခဲတံ
(၂၈) အရောင်ရင့် အလင်းပြန်နိုင်သော နှုတ်ခမ်းနီခဲတံ
(၂၉) မျက်စဉ်းရည်
(၃၀) သဘာဝကျသော နှင်းဆီရောင် နှုတ်ခမ်းနီအစို
(၃၁) နားထိုးတံ (ဝါဂွမ်းနဲ့လုပ်)
(၃၂) စုပ်ယူနိုင်စွမ်းရှိသော ဝါဂွမ်းချပ်လေးများ
(၃၃) မဲနယ်ရောင် အပြောင်အလက်ပါသော နှုတ်ခမ်းနီ
(၃၄) အနီရောင် နှုတ်ခမ်းဆိုးအရည်ကြည်
(၃၅) ကွေကာအုပ်ရောင် နှုတ်ခမ်းနီအဆီ
(၃၆) ပျားရည်ကဲ့သို့ ဝါညိုညို မိတ်ကပ်အတောင့်
(၃၇) ရေမြှုပ်အဝိုင်း
(၃၈) ကြေးနီရောင် နှုတ်ခမ်းဆိုးဆေးအဆီ
(၃၉) နီညိုရောင် နှုတ်ခမ်းဆိုးဆေးအရည်
(၄၀) သွေးနီရောင် နှုတ်ခမ်းဆိုးဆေး အရည်
(၄၁) အရောင်မပါသော နှုတ်ခမ်းဆိုးဆေး အဆီ
(၄၂) ငွေရောင်အပြောင်အလက်ပါသော ပေါင်ဒါမှုန့်
(၄၃) အောက်ခံမိတ်ကပ်လိမ်းရန် ရေမြှုပ်
(၄၄) အရောင်နု Concealer (အပြစ်အနာဆာများကို ဖုံးကွယ်နိုင်သော အောက်ခံမိတ်ကပ်များထက် သိပ်သည်းဆ ပိုများသော မိတ်ကပ်)
(၄၅) မျက်တောင်တုများ
(၄၆) မျက်နှာအစိုဓာတ်ပေးသောခရမ်
(၄၇) မျက်တောင်ကော့သောညှပ်

ကျွန်တော် နှစ်သက်သဘောကျတဲ့ မိတ်ကပ်လိမ်းရာမှာ အသုံးပြုရတဲ့ ကိရိယာပစ္စည်းတွေကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။

အပေါ်ထပ်မှစ၍ ရေတွက်ရာတွင်

(၁) ကြီးမားသော ပေါင်ဒါ Brush
(၂) အရွယ်အလတ်စား ပေါင်ဒါ Brush (မိတ်ကပ်အရည်များကို ညှိရာတွင်လည်း အသုံးပြု နိုင်သည်။)
(၃) မျက်နှာကို အရောင်အနုအရင့် ပုံဖော်ရာတွင် အသုံးပြုသော စုတ်တံ(Eye Shadow ခြယ်သရာတွင်လည်း အသုံးပြုနိုင်)
(၄) အဝိုင်းပုံစံ Eye Shadow Brush များ
(၅) နူးညံ့သော Eye Shadow Brush အသေး
(၆) သေးငယ်သော Brush အပြား
(၇) နူးညံ့သော Eye Shadow စုတ်တံ အဝိုင်း
(၈) Eye Shadow Brush အသေး (မျက်ခုံးမွေး ဆွဲရာတွင်လည်း အသုံးပြုနိုင်)
(၉) အစက်အပြောက်များကို ဖုံးကွယ်ရာတွင် အသုံးပြုသော Concealer စုတ်တံ
(၁၀) မျက်ခုံးမွေးနဲ့ မျက်တောင်ဖီရန် ဝက်မှင်ဘီး
(၁၁) ဇာဂနာ (မျက်ခုံးမွေးနုတ်ရန်၊ မျက်တောင်တုတပ်ရန်)
(၁၂) နှုတ်ခမ်းနီစုတ်တံအပြား

မိုးကုတ်ပေါက်ပေါက်





# HEALTHY LIFESTYLE IN FOOD

# ပန်းဂေါ်ဖီစားကြမယ်

ဒေါက်တာဇာနည်ဝင်း

လက်တင်ဘာသာစကားဖြစ်တဲ့ Caulis (မုန်လာထုပ်) နဲ့ Flower (ပန်း) တို့ကို ပေါင်းစပ်ပြီး ခေါ်ဝေါ်သော Cauliflower ကို မြန်မာလိုတော့ ပန်းမုန်လာ (သို့) ပန်းပွင့် (သို့) ပန်းဂေါ်ဖီလို့ခေါ်ကြပြီး တစ်နှစ်ပတ်လုံးလိုလို မြန်မာပြည်တွင်းမှာ ရရှိနိုင်ပါတယ်။ အခုလိုဆောင်းဦးရာသီမှာတော့ လှိုင်လှိုင်ပေါပေါ ပိုရတတ်ပါတယ်။ ပန်းဂေါ်ဖီမှာ အရောင်အားဖြင့် အဖြူ၊ အစိမ်း၊ ခရမ်းရောင်နဲ့ တစ်ခါတစ်ရံမှာ လိမ္မော်ရောင်တို့ ရှိတတ်ပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံမှာတော့ အဖြူရောင်နဲ့ အစိမ်းရောင်ကိုပဲ အများဆုံးတွေ့ရလေ့ရှိပါတယ်။

WH Foods ရဲ့ ဓာတ်ခွဲစမ်းသပ်ချက်များအရ ၁၀၀ ဂရမ်ရှိတဲ့ ပန်းဂေါ်ဖီ (အဖြူ) ထဲမှာ ကျန်းမာရေးကို အထောက်အကူဖြစ်စေသော

- ပရိုတင်းဓာတ် ၁. ၉၈ မီလီဂရမ်
- ကစီဓာတ် ၅. ၂ ဂရမ်
- အဆီဓာတ် ၀. ၂ ဂရမ်
- အမျှင်ဓာတ် ၂. ၅ ဂရမ်
- ဗီတာမင် A ၈ မိုက်ခရိုဂရမ်
- ဗီတာမင် C ၈၈. ၁ မီလီဂရမ်
- ဗီတာမင် E ၀. ၀၄ မီလီဂရမ်
- ဘီတာကယ်ရိုတင်း (B Carotene) ၉၃ မိုက်ခရိုဂရမ်
- Lutein + Zeaxanthin ၄၂ မိုက်ခရိုဂရမ်
- ဗီတာမင် B6 ၀. ၂၂၂ မီလီဂရမ်
- ဗီတာမင် K ၂၀. ၂ မိုက်ခရိုဂရမ်
- ဖောလစ်အက်စက် ၅၇ မိုက်ခရိုဂရမ်နဲ့



- ကယ်လိုရီ ၂၅ တို့ အသီးသီးပါဝင်နေပါတယ်။

ဆိုးကျိုးကိုဖြစ်စေတတ်သော ကိုလက်စထရော လုံးဝမပါရှိခြင်းကြောင့် ကျန်းမာရေးနဲ့ ညီညွတ်တဲ့ ဟင်းသီးဟင်းရွက် ဖြစ်ပါတယ်။ WH Foods ရဲ့ ထောက်ခံချက်မှာတော့ နေ့စဉ်စားသောက်သင့်သော Menu ဖြစ်တယ်လို့ ပါရှိထားပါတယ်။

ပန်းဂေါ်ဖီမှာ ကင်ဆာဖြစ်စေတတ်သော ဓာတ်များကို လျော့ချပေးနိုင်တဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်း (Antioxidants) အများအပြားပါဝင်ခြင်းကြောင့် အစာအိမ်ကင်ဆာ၊ ဆီးအိမ်ကင်ဆာ၊ သည်းခြေအိတ်ကင်ဆာများကို ကာကွယ်တားဆီးပေးနိုင်ကြောင်း နိုင်ငံတကာကင်ဆာဂျာနယ်များတွင် ဖော်ပြထားပါတယ်။ ကနေဒါနိုင်ငံဆေးသိပ္ပံပညာရှင်များ၏ စမ်းသပ်ချက်များအရ ပန်းဂေါ်ဖီ (အဖြူ) ထဲတွင် indole - 3 - Carbinol ဓာတ်တစ်မျိုးပါဝင်နေခြင်းကြောင့် ရင်သားကင်ဆာနှင့် မမျိုးဥအိမ်ကင်ဆာ ကလာပ်စည်းများ တိုးပွားမှုကို ရပ်တန့်စေနိုင်ခြင်းကြောင့် အမျိုးသမီးများ ပုံမှန်စားသုံးပေးသင့်ကြောင့် အကြံပေးထားပါတယ်။ ထို့အပြင် ပန်းဂေါ်ဖီမှာ အမျှင်ဓာတ်လုံလောက်မျှတစွာ ပါဝင်ခြင်းကြောင့် အစာချေစနစ်ကို တိုးတက်ကောင်းမွန်စေပြီး အူမကြီးကို ကောင်းစွာလှုပ်ရှားအလုပ်လုပ်စေခြင်းကြောင့် ဝမ်းချုပ်တတ်သူများအတွက် သင့်တော်ကောင်းမွန်စေပြီး အူမကြီးကင်ဆာဖြစ်ပွားခြင်းမှလည်း ကာကွယ်ပေးနိုင်ပါတယ်။

Allicin ဓာတ်ပေါင်းစုပါရှိသဖြင့် နှလုံးကြွက်သားကို သန်မာစေပြီး နှလုံးသွေးကြောပိတ်ဆို့မှုကို ကာကွယ်ပေးနိုင်ပါတယ်။ ခန္ဓာကိုယ်အတွက် မလိုအပ်သော ကိုလက်စထရောကို ချပေးနိုင်ခြင်းကြောင့်လည်း လေဖြတ်ခြင်းနှင့် နှလုံးကြွက်သားပုပ်ခြင်းတို့ကို ကာကွယ်ပေးနိုင်ပါတယ်။

ကိုယ်ဝန်ဆောင်မိခင်လောင်းများနှင့် ကိုယ်ဝန်ဆောင်ရန် အစီအစဉ်ရှိနေသော မိခင်လောင်းများ မဖြစ်မနေ စားသုံးသင့်တဲ့ ပန်းဂေါ်ဖီမှာ ဖော်လစ်အက်စစ်ဓာတ် လုံလောက်စွာ ပါဝင်နေပါတယ်။

ဗီတာမင် C ၊ မဂ္ဂနီစီယမ်ဓာတ်များနှင့် Beta - Carotene ၊ Phytonutrients များ ကြွယ်ဝစွာ ပါရှိခြင်းကြောင့် ခန္ဓာကိုယ်မှာ မလိုအပ်သော Free radical များကို သုတ်သင်ရှင်းလင်းနိုင်ပြီး အရွယ်မတိုင်မီ အိုမင်းရင့်ရော်ခြင်းများကို ကာကွယ်ပေးပါတယ်။ ဗီတာမင် K နှင့် အိုမီဂါ 3 ဖက်တီးအက်စစ်များ မြင့်မားစွာပါရှိခြင်းကြောင့်





အဆစ်အမျက်ရောင်ရမ်းခြင်း၊ လေးဖက်နာရောဂါ၊ အဝလွန်ရောဂါ၊ ဆီးချိုရောဂါနှင့် အူမကြီး အမြွေးရောင်ရမ်းခြင်း ရောဂါများကို ကာကွယ်ပေးနိုင်သည့်အပြင် Purine ဓာတ်က ခန္ဓာကိုယ်တွင်း Uric Acid ထုတ်လုပ်မှုကို အားမပေးသည့် အတွက် ဂေါက်ရောဂါကို ကာကွယ်နိုင်ပါတယ်။

ဆံပင်ကျွတ်တတ်သူများနှင့် ဆံပင်ပါးသူများ အတွက် ဗီတာမင် B ပေါများစွာပါသော ပန်းဂေါ်ဖီကို စားသုံးခြင်းဖြင့် ဆံကေသာကို ကျန်းမာသန်စွမ်းစေနိုင်ပါတယ်။ ထို့အပြင် ဗီတာမင်စီနှင့် Selenium တို့ ပါဝင်ခြင်းကြောင့် ကိုယ်ခံစွမ်းအားကို တိုးပွားစေနိုင်ပြီး ပြင်ပရောဂါများ အလွယ်တကူ ကူးစက်ခြင်းတို့မှ ကာကွယ်ပေးနိုင်ပါတယ်။ ခန္ဓာကိုယ်တွင်းမှ ပျက်စီးနေသော တစ်ရှူးများကို ပြန်လည်ပြုပြင်ရာတွင်လည်း ကူညီပေးနိုင်ပါတယ်။ ကယ်လိုရီအနည်းငယ်သာ ပါဝင်သောကြောင့် ကိုယ်အလေးချိန်ထိန်းချင်သူများနှင့် အဝလွန်သူများအတွက် အထူးသင့်တော်ပါတယ်။



ပန်းဂေါ်ဖီအစိမ်းတွင် ရင်သားကင်ဆာဖြစ်စေတတ်သော ဓာတ်တိုးပစ္စည်းကို ဆန့်ကျင်တတ်သော Phytonutrients များ ပါဝင်ခြင်းကြောင့် ရင်သားကင်ဆာဖြစ်နှုန်းကို လျှော့ချပေးနိုင်ပါတယ်။ ပန်းဂေါ်ဖီသည် ကျန်းမာရေးကို အထောက်အကူပြုသည် မှန်သော်လည်း အရာရာတွင် တန်ဆေး၊ လွန်ဘေးဆိုသလိုပင် အလွန်အကျွံစားမိပါက လေပွစေတတ်ခြင်းကြောင့် အစာမကြေဖြစ်တတ်သူများ၊ လေပွတတ်သူများ အလွန်အကျွံ မစားသင့်ပါ။ ကြေညက်အောင် ဝါးစားပြီး ရေများများသောက်ပေးပါက လေပွ သက်သာစေပါတယ်။

ပန်းဂေါ်ဖီကို ဝယ်ယူရာမှာ အထုပ်ကျစ်ကျစ်၊ ဖြူဖြူ၊ အရွက်စိမ်းစိမ်းကိုရွေးပြီး ဝယ်ရပါမယ်။ ဒါပေမဲ့ မှိုပွင့်လို အပွင့်ဖြူဖြူများနှင့် အပွင့်ပေါ်မှာ အမည်းစက်များပါနေတာကို မရွေးသင့်ပါဘူး။ မှိုပွင့်လို ဖြူဖြူများကို လက်နဲ့သပ်ကြည့်ပါက ပန်းဝတ်မှုန်တွေကဲ့သို့ ပါလာတတ်ပါတယ်။ ထိုအမှုန်များက မှိုတွေပါပဲ။ ရက်ကြာသွားပြီး မလတ်ဆတ်တော့သည့် ပန်းဂေါ်ဖီတွေမှာ ဖြစ်တတ်ပါတယ်။

ပန်းဂေါ်ဖီကို ကြော်ချက်ရာမှာ အာဟာရ ပိုရအောင်နှင့် ပါဝင်သည့်အာဟာရဓာတ်များ မဆုံးရှုံးရအောင် အရင်ဆုံး ဆားရည်နှင့်စိမ်ပြီး ကြော်ပါက ပိုကောင်းမွန်ပါတယ်။ ထို့အပြင် နွားနို့အနည်းငယ်ထည့်ဖြည့်ပြီး ကြော်ပါက ပိုကောင်းမွန်စေတတ်ပါတယ်။

အာဟာရပြည့်ဝကျန်းမာကြပါစေ။

**ဒေါက်တာဇာနည်ဝင်း**

# သိထားရမည့် HIV Knowledge


Globalization ခေတ်မှာ HIV/AIDS ကို မသိသူမရှိသလောက်ပါပဲ။ ဒါပေမဲ့ တော်တော်များများဟာ ဒီရောဂါနဲ့ပတ်သက်လို့ ပေါ့ပေါ့တန်တန် သဘောထားကြဆဲဆိုတာကို တွေ့ရှိနေရပါတယ်။

AIDS ဆိုတာ Human Immunodeficiency Virus လို့ခေါ်တဲ့ လူ့ကိုယ်ခံစွမ်းအားကို ကျဆင်းစေတဲ့ ဗိုင်းရပ်စ်ပိုးတစ်မျိုးကြောင့်ဖြစ်ပေါ်တာပါ။ ကမ္ဘာပေါ်မှာ HIV 1 နဲ့ HIV 2 ဆိုပြီး Virus အမျိုးအစား ၂ မျိုးရှိပါတယ်။


HIV 2 အမျိုးအစားကိုတော့ အာဖရိကတိုက်မှ ရောဂါကူးစက်ခံရသူများထံမှာ အဓိကတွေ့ရပြီး ကျန်နေရာဒေသများမှာတော့ HIV 1 ကြောင့် ရောဂါကူးစက်ခံနေရပါတယ်။ ဒီ HIV ရောဂါပိုးဟာ လူ့ခန္ဓာကိုယ်ထဲဝင်ပြီဆိုတာနဲ့ ရောဂါပိုးဟာ လူ့ခန္ဓာကိုယ်ရဲ့ ခုခံအားတွေကို ဖျက်ဆီးပစ်တာပါပဲ။ ရောဂါပိုးဟာလူ့ခန္ဓာကိုယ်ရဲ့ခုခံအားတွေကို ကျဆင်းစေတာကြောင့် ပြင်ပက အခြားရောဂါပိုးတွေ မူလက ခန္ဓာကိုယ်ထဲမှာရှိပေမယ့် ရောဂါမဖြစ်အောင် ခန္ဓာကိုယ်ခုခံမှုစနစ်က ခုခံပေးထားတဲ့ ပိုးတွေက ထကြွသောင်းကျန်းပြီး ရောဂါပိုးကူးစက်ခံရတဲ့လူမှာ ရောဂါပေါင်းစုံဝင်တော့တာပါပဲ။

ဒီအခြေအနေကို AIDS ခုခံအားကျဆင်းမှုရောဂါစုလို့ ခေါ်ဆိုကြပါတယ်။ ရောဂါပိုးကူးစက်ခံရသူဟာ ခန္ဓာကိုယ်ရဲ့ခုခံနိုင်စွမ်းပေါ်မူတည်ပြီး AIDS ရောဂါအဆင့်ဖြစ်ဖို့ လအပိုင်းအခြားမှ နှစ်အထိ ကြာတတ်ပါတယ်။ AIDS အဆင့်ကို ရောက်ပြီဆိုရင်တော့ ရောဂါခံစားရတဲ့လူဟာ ရောဂါပိုးမျိုးစုံရဲ့ နှိပ်စက်မှုဒဏ်ကို အလူးအလဲခံရပြီး အသက်ဆုံးရှုံးရတဲ့ရက်ကို မျှော်နေသူတစ်ယောက်ဖြစ်သွားမှာပါ။ ဒါ့အပြင် ပတ်ဝန်းကျင်အသိုင်းအဝိုင်းကပယ်ပြီး လျစ်လျူရှုမှုကိုလည်း ခံကြရတတ်ပါတယ်။ ဒါဖြင့် ဒီရောဂါအကြောင်းနဲ့ ဒီရောဂါမဖြစ်အောင်ကာကွယ်နည်းတွေကို သိဖို့လိုအပ်တာပေါ့။ ဒါကို ရတီပရိသတ်များအတွက် အကြမ်းဖျင်းဖော်ပြပေးလိုက်ပါတယ်။

## AIDS ရောဂါ






ကူးစက်ရောဂါ

ကူးစက်ပုံ

ကာကွယ်ရန်

| ကူးစက်ပုံ | ကာကွယ်ရန် |
| --- | --- |
| သွေးသွင်းခြင်း | ကျန်းမာအောင်နေထိုင်ပါ။ အကယ်၍ သွေးသွင်းရန် လိုအပ်ခဲ့ပါက မဖြစ်မနေ သွေးစစ်ပြီးမှ သွင်းပါ။ |
| ရောဂါပိုးရှိသူ မိခင်မှ သန္ဓေသားသို့ | HIV ပိုးရှိသူ ကိုယ်ဝန်ဆောင်မိခင်မီးဖွားမည်ဆိုပါက တတ်ကျွမ်းသော ဆရာဝန် (သို့) ကျန်းမာရေးဝန်ထမ်းများနှင့်သာ ဆောင်ရွက်ပါ။ |
| ဆေးထိုးအပ်၊ ဓား၊ ထက်မြက်ချွန်မြသော ပစ္စည်းကိရိယာများကို မျှဝေသုံးစွဲခြင်း | - တစ်ခါသုံးဆေးထိုးအပ်ကိုသာ သုံးပါ။<br>- တစ်ခါသုံးမဟုတ်သည့်ခွဲစိတ်ကိရိယာများကဲ့သို့သောပစ္စည်းများကို သေချာစွာ ပိုးသတ်ပြီးမှ သုံးစွဲပါ။<br>- ဆေးမင်ကြောင်ထိုးခြင်းကို ရှောင်ကြဉ်ပါ။<br>- မူးယစ်ဆေးဝါးထိုးသွင်းခြင်းကို ရှောင်ကြဉ်ပါ။ |
| လိင်ဆက်ဆံခြင်း | - လိင်အပျော်အပါးဆက်ဆံခြင်းကို ရှောင်ပါ<br>- မိမိအိမ်ထောင်ဖက်အပေါ် သစ္စာရှိပါ။<br>- အကာအကွယ်ပစ္စည်း (Condom) အသုံးပြုပါ။ |


# မာန်အာဂပြုံး

(တောင်လုံးပြန်)

ဝတ္ထုတိုရသ







ကျွန်တော့်ရှေ့တွင် လက်သီး လက်မောင်းတန်းကာ ကြွေးကြော် ဆန္ဒပြနေကြသူများ၊ သူတို့ကို ဝိုင်းဝန်းအကဲခတ်နေကြသူများ၊ သတင်းယူနေသည့် မီဒီယာများဖြင့် မဟာဗန္ဓုလပန်းခြံသည် စောစော စီးစီး စည်ကားသိုက်မြိုက်နေသည်။

ကြွေးကြော်နေသူများက အသက်အရွယ်ရနေပြီဖြစ်သော ဦးကြီး၊ ဒေါ်ကြီးအရွယ်များက အများစုဖြစ်သည်။ အသံဝါဝါနှင့် အမျိုးသမီးကြီးက လက်ကိုင်အော်လံကို သုံးကာ တိုင်သံပေး၏။ ထိုင်သပိတ်များက လိုက်ဆိုနေကြသည်။ ကျွန်တော်လည်း ဖုံးဖုံးကို ဖုန်းဆက်၍ မရသေးသဖြင့် ကော်ဖီမစ်တစ်ခွက်မှာရင်း ထိုဆန္ဒပြထိုင်သပိတ်ပွဲကို ဆက်၍အကဲခတ်နေတော့သည်။

''သယ်န်းကျွန်းမြို့နယ်၊ မိချောင်းကန် (၁) (၂) (၃)၊ ဘယ်သူ့မြေလဲ × × × ငါတို့မြေ၊ ငါတို့မြေ"

"ဒါ တပ်ပိုင်မြေလား × × × မဟုတ်ဘူး၊ မဟုတ်ဘူး"

"နစ်နာလျော်ကြေးပေးခဲ့လား × × × မပေးဘူး၊ မပေးဘူး"

"ကာကွယ်ရေးဦးစီးချုပ်က ပြန်ပေးခိုင်းတယ်ဆိုတာ ဟုတ်လား × × × ဟုတ်တယ်၊ ဟုတ်တယ်"

"ဒါ တပ်ပိုင်မြေဆိုတာ ဟုတ်သလား × × × မဟုတ်ဘူး၊ မဟုတ်ဘူး"

ကြွေးကြော်သံများက မရပ်နားကြချေ။

ကျွန်တော်လည်း အလုပ်ချိန်စောလွန်းနေသဖြင့် ဘာများ ထူးခြားလာပါလိမ့်မလဲဟု မျှော်တွေးကာ စောင့်ကြည့်နေပါသည်။ ဘာမှ မထူးပါချေ။ မနက် ၈ နာရီ ကာလ ဝန်းကျင်မှစတင်ခဲ့သော ထိုဆင်းရဲသား မြန်မာအမျိုးသား၊ အမျိုးသမီး သက်ကြီးရွယ်အိုတို့၏ ဆန္ဒပြကြွေးကြော်မှုသည် ဘာမှ ထူးမလာသေး။

မနက် ကိုးနာရီကျော်တွင် ကျွန်တော် ဆူးလေဘုရားလမ်းသို့ ထွက်လာခဲ့သည်။ လမ်းသွားလမ်းလာများလည်း သွားလာမြဲ။ ဈေးဆိုင်များလည်း ဖွင့်နေမြဲ။ ကားများလည်း သွားလာမြဲ။ မြို့တော်၏ အချက်အချာအကျဆုံး မြို့တော်ခန်းမကြီးတစ်ဝိုက်သည်ပင် အေးအေးလူလူရှိလှ၏။ သြော်. . . ဒီမိုကရေစီဆိုသည့် အရသာမှာ ဤသို့ပါလားဟု ကျွန်တော် တွေးမိသည်။ စင်စစ် ဆန္ဒပြကြွေးကြော်နေသူများသည်လည်း သူတို့အလုပ်သူတို့လုပ်နေကြခြင်းပင်။ မြို့သူမြို့သားများမှာလည်း ကျွန်တော်ကဲ့သို့ပင် ဖြစ်မည်။ ကြံ့တုန်းကြည့်လိုက်၏။ အာရုံစိုက်လိုက်၏။ တွေးတောကြောင့်ကြမှုလေး ဝင်ခဲ့၏။ မြင်ကွင်းဆန်းမို့ ခေတ္တငေးမိ၏။ ပြီးတော့လည်း ကိုယ့်အလုပ်ရှိရာ ကိုယ်လာခဲ့ရသည်ကော။

ကျွန်တော် အတွေးကောင်းနေဆဲ ကားဟွန်းသံတစ်ချက်ကြောင့် ပလက်ဖောင်းပေါ်မှ ငဲ့ကြည့်လိုက်မိသည်။ လူတစ်ယောက် အားပါးတရ ကျွန်တော့်ကို ခေါ်နေခြင်းပင်။

"ဟော့လူ လာပါဗျ။ လာ လာ ကားပေါ်တက်"

"

အပြုံးဗျ . . .
ကိုစိုးရေ. . .အပြုံး. .
ကျွန်တော့်ဘဝ
ပြောင်းလဲလာခဲ့တာ
အဲဒီအပြုံးပဲဗျ
သိလား၊
ဟား ဟား . . .

ကျွန်တော် ဝမ်းသာအားရဖြင့် ကားရှေ့ခန်းကို ဝင်ထိုင်မိသည်။ နောက်မှ ကားများက သိပ်မကြည် ကြ။ ကားဂိတ်လည်းဖြစ်၊ ဆူးလေ ဝိုင်းပတ်လမ်းမကြောလည်း ဖြစ်နေ သည်မို့ အလုအယက်မောင်းကြရ သည်ကိုး။

"ကိုတောက်၊ ဘယ်က ဘယ်လို ဖြစ်"

ကျွန်တော် သူ့ကို နှုတ်ခွန်းဆက် သည်။ သူက ခွန်းတုံ့မပြန်အားသေး။ သူ ကျူးလွန်မိသော ယာဉ်ကြော ပိတ်ဆို့မှုအတွက် နောက်မှ ကား သမားကို လက်ပြကာ တောင်းပန် နေရသေးသည်။ ပြီးတော့မှ လီဗာ ကို ဖိကာနင်းချလိုက်၏။ ပြီးတော့ ကားမှန်အနက်ကို ခလုတ်ပြန်တင် လိုက်တော့သည်။ အခုမှပင် သူ့ကား ကြီးကို ကျွန်တော် အကဲခတ်မိသည်။ အော်တိုဂီယာ၊ အကောင်းစားဆိုဖာ ထိုင်ခုံများနှင့် ဖိမ်ခံကားပါတကား။ မတ်တူးအမျိုးအစားဆိုသည်ကို တော့ သိသည်။ အသေးစိတ်တော့ ကျွန်တော်မသိ။

"ကဲ . . . ဘယ်တုံးဗျ။ လက်ဖက်ရည်တိုက်မယ်၊ အရောက် ပို့ပေးမယ်၊ ဘယ်ကိုသွားမလဲသာ ပြော၊ ခင်ဗျားဗျာ၊ ပျောက်လှချီ လား"

"တာမွေမှာဗျ၊ မြို့ထဲမှာ မဟုတ်တော့ဘူး"

"ဂျာနယ်တိုက်လား၊ မဂ္ဂဇင်း တိုက်လား"

"ဂျာနယ်ပါဗျာ"

ကျွန်တော့်မှာ သတိထား၍ ဖြေကြားနေရသည်။ သူက ကျွန်တော့်ကို ခွန်အားပြည့်ဝစွာ ပြုံးရွှင်ချိုသာလေလေ ကျွန်တော့်မှာ မချိတင်ကဲဖြစ်ရလေလေပင်။

"အေးဗျာ၊ မတွေ့တာ တော် တော်ကြာပြီနော်၊ ကျွန်တော်လည်း မြို့ထဲမရောက်ပါဘူးဗျာ၊ ဟို တစ်လောက ခင်ဗျားမိန်းမနဲ့ တွေ့တယ်၊ Ruby Mart မှာ"

"သူ ပြောပါတယ်၊ ဒီလိုပါပဲ ဗျာ၊ အလုပ်ရှိတဲ့နေရာ လူက ရွှေ့ ပေးရတာပဲ"

သူက ရယ်မောပါသည်။ ထိုရယ်သံသည် ကျွန်တော့်ကို အနေကျပ်စေပါသည်။ သူ အခုလို ကိန်းကြီးခန်းကြီး ရောက်သွားရသည် ကို ယခင်ကပင် ကြားပြီးသား။ ပွဲပေါက်တစ်ခု တိုးသွားရာမှ ဆက် ကာဆက်ကာ အဆင်ပြေသွားသည် ကို ကြားပြီးသား။ တွေ့လျှင်ညှင်း လိုက်ဦးမည်ဟု တွေးထားပြီးသား။ ယခုကျမှ ကျွန်တော် ဘာဖြစ်နေမှန်း မသိ။ ဘဝတူလုပ်ဖော်ကိုင်ဖက် တစ်ဦး တစ်နှစ်ကျော်ကျော်အတွင်း ကိုယ့်ထက်အဆင့်မြင့်ဘဝကို ပိုင် ဆိုင်သွားသဖြင့် ကျွန်တော်တို့ ကြုံနေကျအတိုင်း ကြုံနေရသည် ဖြစ်မည်။

"ကျွန်တော် ခင်ဗျားကို သတိ ရပါတယ် ကိုစိုးရယ်။ တကယ်ပါဗျာ၊ ဂျာနယ်တွေမြင်တိုင်း လမ်း ၃၀ က အခန်းလေးကို မမေ့ဘူး။ စက္ကူပုံတွေ ပေါ်မှာ တိုးဝှေ့အိပ်ရတာလေ"

သူက အတိတ်ကိုဆွသည်။ လွန်ခဲ့သော ဆယ်နှစ်ကျော်ကာလ က ပုံရိပ်တွေကို တသသပြန်ခံစား ပြသည်။ သို့သော် ကျွန်တော် သူ့လို မခံစားမိ။ ကျွန်တော့်ဘဝက စက္ကူပုံ ပေါ် အိပ်ရသည့်အခြေမှ စားပွဲ ကုလားထိုင်နှင့် စာထိုင်ရေး၍ ပြုရ သည့်မှတစ်ပါး ဘာမှမထူးခြားသေး။ ခေတ်ကြီးထဲမှာ သွားသွားလာလာ လုပ်လုပ်စားစားပင် ရှိသေး၏။

သူက ကန်တော်ကြီးဘက်သို့ ကားကို ဦးတည်လိုက်ပြီး စိတ်တိုင်း ကျမှာ သောက်ရအောင်ဟု ဆိုလာ သည်။ ကျွန်တော်လည်း ကားမှန် အနက်ထဲမှ မြင်နေရသည့် လမ်း ဘေးတစ်ဝိုက်ကို ကြည့်နေမိသည်။

လက်ဖက်ရည်ဆိုင်က အလု အယက်စည်းကားနေ၏။ ကားများ က အဝင်အထွက်မပြတ်လှ။ ကား နေရာချပေးသည့် ကောင်လေးက အဆင်ချောချော ကားရပ်နိုင်ရန် စီစဉ်ညွှန်ကြားပေးနေသည်။ ကား ပါကင်ရပြီးသည်နှင့် သူရော ကျွန်တော်ပါ ဆိုင်ထဲ ဝင်ခဲ့ကြ သည်။

"မှာဗျာ၊ လက်ဖက်ရည် ပြီးမှ သောက်၊ တစ်ခုခု အရင်စားဗျာ"

"ပေါင်မုန့်ထောပတ်သုတ်"

ကျွန်တော်က အနားရှိ စားပွဲ ထိုးလေးကို မှာလိုက်သည်။ ဘာသောက်မလဲဟု ကောင်လေးက ထပ်မေးသဖြင့် လက်ဖက်ရည်ပါ တွဲ၍ မှာလိုက်သည်။

စားပွဲပေါ်သို့ သူ တင်လိုက် သည့် ပိုက်ဆံအိတ်အထူကြီးကို ကျွန်တော် သတိထားမိသည်။ သူက လိပ်စာကတ်လေးတစ်ကတ် ထုတ် ပြီး ကျွန်တော့်ကို ပေးပါသည်။

"မင်းရဲကျော်စွာ ပွဲစားတန်းမှာ ကျွန်တော် အမြဲရှိတယ်ဗျ၊ အားတဲ့ အခါ လာလည်ပါဗျာ၊ စကားပြောရ တာပေါ့"

ကျွန်တော် သူ့လိပ်စာကတ်ကို တစ်ချက်မျှကြည့်ပြီး အိတ်ထဲ ထိုး ထည့်လိုက်သည်။

"ဆေးလိပ်သောက်ဗျာ၊ ရော့"

သူက ကျွန်တော့်ကို ဆေးလိပ် တစ်လိပ်ထုတ်ပြီး ကမ်းပေးသည်။ ကျွန်တော် သူ့ကို မအီမသာဖြစ်နေ စိတ်များ လျော့ပါးလာသည်။ သူက ကိုယ်တိုင် မီးခြစ်ခတ်ပြီး မီးညှိပေး လာပြန်သည်။ ကျွန်တော် မီးညှိ ဖွာရှိုက်ရင်း သူ့ကို ပြုံးရယ်ပြသည်။

သူက လက်တစ်ဖျစ်ဖျစ်လိုက် ပြီး ခေါင်းညိတ်ပြ၏။ ကျွန်တော် သူ ဘာဆိုလိုသည်ကို မသိသဖြင့် ကြောင်အအ ဖြစ်သွားရသည်။

"အပြုံးဗျ. . . ကိုစိုးရ. . . အပြုံး . . . ကျွန်တော့် ဘဝ ပြောင်းလဲလာခဲ့တာ အဲဒီအပြုံးပဲဗျ သိလား၊ ဟား ဟား"

သူက ခပ်ကျယ်ကျယ် ရယ် သည်။ ကျွန်တော်လည်း ရယ်သည်။ သူနှင့်ကျွန်တော့်ကြားတွင် ခြားထား

"

ငနဲက ဖော့ဦးထုပ်နဲ့
နေကာမျက်မှန်နဲ့
ဟာဝေယံရှပ်နဲ့ကိုး။
ကျွန်တော်က
ဘာရယ်မဟုတ်ပါဘူး။
ကိုယ့်ဆီမှာတည်းတဲ့
ဧည့်သည်လို့ထင်ပြီး
ပြုံးပြ ခေါင်းညိတ်ပြ
လိုက်တာ၊ ခင်ဗျား သိလား
ကိုစိုး။ ငနဲက ခိုးထုပ်ခိုးထည်
နဲ့ကိုး။ ကျွန်တော့်ကို
အတင်းလိုက်ပြီး
ရှင်းပြတော့တာပဲ။ သူနဲ့
တွဲလာတာ
ဘယ်သူမှတ်လဲ . . . .



သော ဘဝကွာဟချက်များ ကွာကျသွားသည်ထင်။ သူက အားရပါးရရယ်မောပြီးကာမှ လာချပေးသော လက်ဖက်ရည်ကို အောက်ခံပန်းကန်ပြားထဲသို့ ဖိတ်စင်ကျနေသည့်အတွက် ပန်းကန်လုံးထဲသို့ ပြန်ထည့်သည်။

"ကျွန်တော့် မယားညီအစ်ကို ကိုကျော်ဖြိုးကို သိတယ်မို့လား"

"အိမ်၊ ခြံ၊ မြေလုပ်တဲ့သူမို့လား"

"၁၆ လမ်းကလေဗျာ၊ ကျွန်တော်တို့ စက္ကူဖိုးတွေလျော်ရတော့ ငွေသွားချေးတာလေဗျာ၊ သွားခါခါနဲ့ တရုတ်ကပြားလေဗျာ"

ကျွန်တော်က ခေါင်းညိတ်ပြသည်။ သူက စားပွဲပေါ်သို့ ကားသော့ကို ပစ်တင်ပေးရင်း

"အဲဒါ သူ့ကားပေါ့ဗျာ၊ ကျွန်တော့်ကို သူဝယ်ပေးတာ ၂၃၀ တန်တယ်"

ကျွန်တော်က လက်ဖက်ရည်ကို တစ်ငုံသောက်ရင်း ပေါင်မုန့်တစ်ချပ်ကို ဖဲ့လိုက်သည်။ သူ့စကားက ဆက်ရန်ရှိသေးသည်ကိုး။

"တစ်သက်လုံး တစ်ပြားကို နှစ်ပြားမှတ်ပြီး ခွာလာတဲ့ငနဲဗျ။ ချက်ကောင်းကို သိသွားတယ်"

ကျွန်တော် နည်းနည်းစိတ်ဝင်စားသွားသည်။ သူလိုလူတစ်ယောက်အဖို့ ကောက်ကာငင်ကာ ပွပေါက်တိုးသွားရခြင်း၌ ဘယ်နည်းနဲ့မှ သမာအာဇီဝကျဖွယ် မမြင်။ ပြီးတော့ သူ့မယားညီအစ်ကိုဆိုသူ၏ စရိုက်ကို ကျွန်တော်ကိုယ်တွေ့ ကြုံပြီးသား။ ကျွန်တော်တို့နှစ်ဦး လွန်ခဲ့သောဆယ်နှစ်ကျော်က ပုံနှိပ်တိုက်တွင် အလုပ်လုပ်ခဲ့ကြသည်။ ကျွန်တော်တို့ တာဝန်ယူရသော ညဆိုင်းဆင်းရသည့်တစ်ညတွင် သူနှင့်ကျွန်တော် ကာလာရိုက်ချက်များမှားသဖြင့် စက္ကူဖိုးငွေ လျော်ကိန်းဆိုက်တော့သည်။ ထိုကာလက ငွေငါးသောင်းဆိုသည်မှာ ကျွန်တော်တို့အတွက် တကယ့် အားပါးပါးငွေကြေးပင်။ ကြံ၍ တွေး၍ရသမျှ လိုက်လံချေးငှားရာတွင် ထိုကိုကျော်ဖြိုးဆိုသူ၏ အိမ်ခြံမြေအကျိုးဆောင်ထံသို့လည်း ရောက်ခဲ့သည်။ တစ်ပြားတစ်ချပ်ပင် မစတော်မမူ။ မမူသည့်အပြင် ကျွန်တော်တို့အား လူ့လောက၏ အောက်ဆုံးအလွှာများအဖြစ် မထီမဲ့မြင် ဆက်ဆံလွှတ်လိုက်သေးသကိုး။

"ကျွန်တော် ချောင်းသာမှာ အလုပ်သွားလုပ်တာ မှတ်မိသေးလား ကိုစိုး။ ပွဲစားလုပ်တာလည်း မကိုက်၊ ဂျာနယ်တိုက်မှာလည်း အဆင်မပြေလို့ နယ်က သူငယ်ချင်းနဲ့ စားပွဲထိုးသွားလုပ်တာလေ"

"မှတ်မိတယ်"

"အေးဗျာ၊ အဲဒီမှာလည်း သူဌေးက ကောင်းတယ်၊ မန်နေဂျာတို့ လက်ထောက်မန်နေဂျာတို့က ကပ်ဖားယပ်ဖားတွေဗျ။ ကျွန်တော်တို့မှာ စားရတာလည်း မလောက်မငေ၊ နေရတာလည်း စုတ်တီးစုတ်ပဲ့၊ ဒဏ်ကြေးတွေကလည်း စုံနေတာပဲ။ ဝတ်စုံစွန်းရင် တစ်မျိုး၊ နောက်ကျရင် တစ်မျိုး၊ ဧည့်သည်က ကွန်ပလိန်းတက်ရင် တစ်မျိုး၊ တစ်လ တစ်လ လုပ်ခလစာနဲ့ လျော်ကြေးနဲ့ အကြွေးနဲ့ ပြီးနေတာပဲ။ တစ်ခုပဲ ကောင်းတယ်။ လူတွေ့ရင် နှစ်နှစ်ခြိုက်ခြိုက်ပြုံးပြတတ်တာပဲ ကိုစိုးရ၊ အဲဒါလေးနဲ့ အလုပ်ဖြစ်ခဲ့တာ ကိုစိုးရေ"

ကျွန်တော် သူ့ကို ယခုမှပင် သတိထားကြည့်လိုက်သည်။ သူနှင့် ကျွန်တော် အသက်လေးဆယ်တန်းချင်းအတူတူ သူ့ရုပ်ရည်က ဖိအားတွေမရှိ။ ပေါ့ပါးလွတ်လပ်နေသည်။ ရယ်ရယ်မောမော ပြောပြောဆိုဆိုနေသည်ကို ကျင့်သားရနေသည့်ပုံ။ ဟိုတုန်းကလို လောကကြီးနှင့် ဖက်၍ ရန်ဖြစ်နေသူမျိုးမဟုတ်တော့။

"တစ်ရက်ကျတော့ ကျွန်တော် ဈေးထဲမှာ ခေါင်းလျှော်ရည် သွားဝယ်ရင်း ငနဲနဲ့ ပက်ပင်းတိုးတော့တာပဲဗျာ၊ တိုးပေမယ့် ကျွန်တော် သူ့ကို သဲသဲကွဲကွဲ မမှတ်မိဘူးဗျ။ ငနဲက ဖော့ဦးထုပ်နဲ့ နေကာမျက်မှန်နဲ့ ဟာဝေယံရှပ်နဲ့ကိုး။ ကျွန်တော်က ဘာရယ်မဟုတ်ပါဘူး။ ကိုယ့်ဆီမှာ တည်းတဲ့ ဧည့်သည်လို့ထင်ပြီး ပြုံးပြခေါင်းညိတ်ပြလိုက်တာ၊ ခင်ဗျား သိလား ကိုစိုး။ ငနဲက ခိုးထုပ်ခိုးထည်နဲ့ကိုး။ ကျွန်တော့်ကို အတင်းလိုက်ပြီး ရှင်းပြတော့တာပဲ။ သူနဲ့ တွဲလာတာ ဘယ်သူမှတ်လဲ"

"ဘယ်သူလဲဗျ"

"ခွေးမသား၊ ဝါးခယ်မဇာတ်ခင်းလာတာလေ၊ အိမ်ကိုတော့ ယိုးဒယားမှာ အရောင်းအဝယ်ရှိလို့ဆိုပြီး လိမ့်ထွက်လာတာ။ ကျုပ်မိန်းမအောက်မှာ ညီမနှစ်ယောက်ရှိသေးတယ်၊ သူက အငယ်ဆုံးကောင်မလေးနဲ့ဗျ။ ကျွန်တော်က မှတ်မိတာ မဟုတ်ဘူး၊ သူ့လေသံကို ဖမ်းပြီး အကွက်နင်းရတာဗျ။ ဟားဟား ဟား. . ခွေးမသား။ ထိုင်ရှိခိုးမတတ်ပဲဗျို့"

ကျွန်တော်လည်း ဝမ်းသာအားရရယ်မောပါသည်။ ကျွန်တော်တို့ ပုရိသများသည် ကိုယ်မကျေနပ်သော ကိုယ့်ဘက်တော်သားတစ်ဦး ဒုက္ခလှလှတွေ့သည့်အခါ ရယ်မောအားရဖြစ်ရသည်ပင်။

"ကိုစိုးရေ၊ သူနဲ့ကျွန်တော် ရန်ကုန်မှာတုန်းက ရေကျော်လမ်းမကြီးမှာ မြေကွက်တစ်ကွက် ငြိသေးတယ်ဗျ။ ကျွန်တော်က တစ်ဖက်က ဝယ်လက်နဲ့ ပတ်သက်တယ်၊ သူက မြေရှင်ဘက်က အကျိုးဆောင်လေဗျာ၊ ကျွန်တော်က အဖျားအနားစားရမလားလို့ သူ့ဆီ ခဏ ခဏ သွားတယ်။ ငနဲက သိတဲ့အတိုင်းပဲ။ ပိုင်ရှင်ကိုကိုင်ပြီး ဈေးတွေ မြင့်သထက်မြင့်နေတာ၊ အမိကကတော့ အဲဒီမြေကွက်အရောင်းအဝယ်ကို ကျွန်တော်နဲ့ပတ်သက်ပြီး မဖြစ်ချင်တာဗျ၊ ညစ်တာ ညစ်တာ ခွေးမသားက ကျွန်တော်ပွဲဖြစ်ရင် ပိုက်ဆံရသွားမှာ စိုးလို့ ညစ်ထားတာလေ။ ချောင်းသာမှာလည်း ဆုံရော။ နောက်သုံးရက်မှာ အရောင်းအဝယ်ပြန်ကမ်းလှမ်းတော့တာပဲ။ ကျွန်တော့်ဝယ်လက်က ယုံတောင်မယုံဘူး။ ဒီလောက်ဈေးတက်နေတာကို ပြန်လျှော့ရောင်းပေးတာလေ၊ သူက ကျွန်တော့်ကို ပွဲခအပြင် သီးသန့်ပေးသေးတယ်။ ဟိုငနဲကလည်း သူ့ဝေစုပါ ကျွန်တော့်ကို ပေးတယ်၊ နှုတ်ပိတ်ခပေါ့ဗျာ၊ အဲဒီမတ်တူးရွှေငါးက သူပေးတဲ့ဝေစုနဲ့ ဝယ်တာ၊ တန်လိုက်တဲ့အပြုံးဗျာ၊ ဟား ဟား"

"ခင်ဗျား ခယ်မလေးရော ဘယ်ရောက်သွားလဲ"

"အခု ကိုရီးယားပို့လိုက်ပြီ၊ အလကားပါဗျာ"

"ခင်ဗျား မိန်းမ မသိဘူးလား"

"ဘယ်သိပါ့မလဲ၊ သူ့မိန်းမပဲ သိတယ်"

"ဘယ်လို"

ကျွန်တော့်အံ့သြမှုကို သူက ဘာမှမဖြစ်။ လောကရေးရာများကို အိဝနေသည့် ပွဲစားတစ်ဦးလို မထေမဲ့မြင်ပြုံးလိုက်ပါသည်။

"ခက်တယ် ကိုစိုး၊ ဒီကမ္ဘာလောကကြီးမှာ ကိုကျော်ဖြိုး မိန်းမအကြောက်ဆုံးအရာဟာ အဲဒါပဲ။ ကျွန်တော့် မိန်းမသိသွားမှာအကြောက်ဆုံးဗျ။ အင်း ကျွန်တော့်မိန်းမပါးစပ်လည်း ခင်ဗျားသိတဲ့အတိုင်းပဲလေ။ ဟိုတုန်းက ကျွန်တော်တို့ ရှုန်းကန်ခဲ့ရတာတွေ၊ ညီအစ်မချင်း ငွေတစ်ပြားတောင်ချေးမရတဲ့ နာကြည်းချက်တွေကအပြည့်ဗျ။ ဒီကိစ္စသာ ကျွန်တော့်မိန်းမသိရင် သိန်းထောင့်ငါးရာပေါက်တာထက် ဝမ်းသာမှာ၊ ကိုကျော်ဖြိုး မိန်းမကြောက်တာလည်း အဲဒါပဲလေ။ အခုတော့ ကျွန်တော်နဲ့ ကိုကျော်ဖြိုးက လုပ်ဖော်ကိုင်ဖက်ပေါ့ဗျာ။ ညီအစ်မနှစ်ယောက်ကတော့ ဘယ်တော့မှ တည့်မှာ မဟုတ်ဘူး"

"ဟော့ လူကြီး ဘာကား ကိုင်ထားလဲဗျ"

ကျွန်တော်တို့စကားဝိုင်းထဲသို့ အသားညိုညို၊ ဝဝဖိုင့်ဖိုင့် ပုဂ္ဂိုလ်တစ်ဦး မေးခွန်းသံနှင့် ဝင်ရောက်လာသည်။

ကိုတောက်သည် အသင့်လေ့ကျင့်ထားသော ကမ္ဘာ့သုံးအပြုံးဖြင့် စားပွဲမှ ထကာ ဝင်လာသူထံလှည့်၍ နှုတ်ခွန်းဆက်လိုက်ပုံမှာ ကျွန်တော့်အတွက် မမေ့စရာပင်။ သြော် သူတို့ကျတော့လည်း ဟုတ်လို့ပါတကား။ ကျွန်တော် သူတို့ကို အားကျ၍ သူတို့နှင့်ဝင်ဆုံစေခြင်းငှာ အပြုံးတစ်ချက် ဝှံကြည်မိရာ ကျွန်တော့်မျက်နှာ ဘာဖြစ်သွားပါလိမ့်။

မာန်(တောင်လုံးပြန်)



# ကုလားမ ခြေတောက်

ထက်မြက်ခိုင်ရှင်

ဝတ္ထုတိုရသ

(၁)

ရွာလူကြီး ဦးစိန်ကတုံးက ပါးစပ်ကနေ တဖျစ်တောက်တောက် ပြောပြီး ဝုန်းဆိုထိုင်ချလိုက်တယ်။ သူ့မျက်နှာတစ်ခုလုံးကလည်း မရောင်းရလို့ အထပ်ထပ်အခါခါ ပြန်ကြော်ခံထားရတဲ့ ဝက်ဆီဖတ်ကျနေတာပဲ။ နီရဲရှုံ့တွနေတယ်။

ဒေါသထွက်လွန်းလို့ သူ့မျက်နှာက ပေါက်ထွက်တော့မယ့် အနာစိမ်းလိုဖောင်းတင်းနေတယ်။ သွေးပေါင်တက်နေတဲ့ အချိန်ဆို ဦးစိန်ကတုံးတစ်ယောက် ဦးနှောက်သွေးကြောပြတ်ပြီး နေရာမှာတင် ခေါက်ခနဲပွဲချင်းပြီးလောက်တယ်။

အဲဒီလိုမဖြစ်ခံနိုင်ရိုးလား။ ကြည့်ဦးလေ။ သူ့တူမတစ်ယောက်ပေါ့။ သူ့တူမဆိုပေမယ့်လည်း သူညီနှစ်ဝမ်းကွဲ ယောက်ဖရဲ့ တူမ ဝမ်းကွဲက သူအင်မတန်စက်ဆုပ်မုန်းတီးပြီး မစင်ထက်တောင် ရွံရှာလွန်းတဲ့ တပန်ရွာက 'လောရှည်ကောင်' နဲ့ လိုက်ပြေးသွားတာကို။

ကဲ စဉ်းစားကြည့်တော့။ သူ ဘယ်လောက် ဒေါသထွက်နေမလဲ ဆိုတာ။

"တောက် ရာဇဝင်ရိုင်းလိုက်လေကွာ။ ဆန်ကောလောက်မှ ဖောက်မနက်"

ဇနီးဖြစ်တဲ့ ဒေါ်ထွေးခင်နဲ့ သမီးခင်လေးဝေတို့က အဖေဖြစ်တဲ့ သူ့ကို မော့ကြည့်လိုက်တယ်။ ဒေါ်ထွေးခင်က ဆန်ပြာလက်စ ဒန်အိုးဖုံးကို ဘေးချပြီး။

"ဩော်. . . ကိုကတုံးနှယ်။ ဆန်ကော က ငါးခြောက်လှန်းထားလို့ ဒန်အိုးဖုံးနဲ့ ဆန်ပြာမိတာပါတော်။ ဆန်ကောလောက် ဖောက်မနက်ဘူးဆိုပေမယ့် ကျုပ်တို့အတွက် အဆင်ပြေပါတယ်။ ဘာလဲ. . . ရှင်က ဆန်ကောနဲ့ မဟုတ်ဘဲ ဒန်အိုးဖုံးနဲ့ ဆန်ပြာမိလို့ ကျုပ်တို့ မိသားစု သိက္ခာကျသွားမယ်လို့ ထင်နေသလား"

အလိုက်ကန်းဆိုးမသိ ဝင်ပြောရကောင်းလား ဆိုပြီး ဦးစိန်ကတုံးက ဇနီးသည်ကို မျက်ထောင့်နီကြီးနဲ့ တစ်ချက်ကြည့်လိုက်တယ်။

"ဟာ မင်းကလည်း တစ်မှောင့်၊ ငါက မင့်ပြောတာ မဟုတ်ဘူးကွ"

"မသိဘူးလေတော်။ ရှင် က ကျုပ်တို့ သားအမိ ဆန်ပြာနေတဲ့ အနားဝုန်းဆိုထိုင်ချလိုက်ပြီး ပြောတော့ ကျုပ်တို့ပြောတယ် အောက်မေ့တာပေါ့"

"ဟုတ်သားပဲ အဖေရယ်။ အမေ ထင်တာလည်း မမှားပါဘူး။ သမီးတို့ကိုပြောတာ မဟုတ်ရင် အဖေက ဘယ်သူ့ကို ဒီလောက် ဒေါသ ထွက်နေရတာလဲ"

သမီးဖြစ်တဲ့ ခင်လေးဝေက ဝင်မေးလိုက်တယ်။

ဦးစိန်ကတုံး မျက်နှာကြီးက ရုတ်တရက် ကော်ရည်နဲ့ သုတ်လိုက်သလို ပြန်တင်းသွားတယ်။

"ဘယ်သူရှိရမှာလဲ။ ငဖိုးလှတို့





မယ်သုန်တို့ရဲ့ သမီးမိရွှေပုပေါ့။ လင့်နောက်လိုက်ပြေးသွားလို့ကွ၊ ခွေးဇာတ်ခင်းသွားလို့၊ တောက်"

"ဩော် . . . ဘာများလဲလို့။ လင် ယူတာပဲရှင်။ ခွေးဇာတ်ခင်း တယ်လို့လည်း မခေါ်ပါဘူး။ အဲဒီ လိုသာဆို ရှင်နဲ့ ကျုပ်လည်း လွန်ခဲ့ တဲ့ အနှစ်နှစ်ဆယ်လောက်က တည်းက ခွေးဇာတ်ခင်းခဲ့သလို ဖြစ် နေပြီ"

"ဟာ . . တယ် လေ. . . ဘာ တွေ လျှောက်ပြောနေမှန်း မသိ ဘူး။ အဲဒီ့လင်က ရိုးရိုး လင်မဟုတ် ဘူးကွ။ ရိုးရိုးလင်ဆိုရင် ခွေးဖြစ်နေ ပစေ ငါစိတ်မဆိုးဘူး။ အခုတော့ကွာ ဟိုဘက် ရွာက လော ရှည်ကောင် နဲ့မှ လိုက် ပြေးရတယ် လို့။ တစ်သက် လုံး ထိန်းလာ တဲ့ သိက္ခာ ဒင်းနဲ့မှ ပျက် ရပြီ။ အယုတ် တ မ ၁ မ . . ငါ . . လေ . . ဟင်း . . . "

ရွာလူကြီး ဦးစိန်ကတုံးက ပြောရင်းပြောရင်း ဒေါသတွေ တလိမ့်လိမ့် တက်လာတယ်။ လော ရှည်ဟေ့ဆိုတာနဲ့ လူကို အသာထား ဦး။ ပဲလင်းမြွေသီးကိုတောင် ချမ်း သာမပေးဘူး။ သူ့အိမ်မှာ ပဲလင်း မြွေသီးဟင်းချက်ဖို့ မပြောနဲ့ ရွာမှာ တောင် အဲဒီ့အသီး လုံးဝမစိုက်ရ ဘူး။

မတော်တဆ ဖြတ်သွားဖြတ် လာ မြွေကို တွေ့ရင် တောင် တွေ့ရာ သချိုင်းခါးမဆိုင်းဘဲ တွေ့ရာနဲ့ ကောက်ဆော်ပစ်တာ။

သေသွားပြီဆိုရင်တောင် မြွေ သေကို ဒီအတိုင်း လွှင့်မပစ်ဘူး။ အပိုင်းပိုင်း အတစ်တစ် အားရပါးရ ခုတ်ပြီးမှ လွှင့်ပစ်တာ။

အဲဒီလောက်ထိ ဦးစိန်ကတုံး က လောရှည်ကောင်တွေကို မုန်း တာ။

လောရှည်ကောင်လို့ ကြား လိုက်တာနဲ့ သူ့တင်ပါးကို အပ်နဲ့ ထိုးစွလိုက်သလို တွန့်ခနဲ တွန့်ခနဲ ဖြစ်သွားတတ်တယ်။

အဲဒီလို ဖြစ်ရတာကလည်း နောက်ကြောင်းတွေက အများကြီး ရှိထားတာကိုး။

ဦးစိန်ကတုံးတို့ ကုက္ကိုကုန်းရွာ နဲ့ တပန်ရွာဆိုတာ နှစ်မိုင်သာသာ လောက်ပဲဝေးတာ။

အဲ . . ဒါပေမဲ့ ရေခြားမြေ ခြားက လူတွေလိုပဲ အသွေးအမွေး ချင်းက တော်တော်လေးကွာခြား တယ်။

ကုက္ကိုကုန်းရွာ တစ်ရွာလုံးက အရပ်ပုကြပြီးတော့ တပန်ရွာက လူတွေက ထူးထူးခြားခြားကို အရပ် ရှည်ကြတယ်။

ဇာတ်နိမ့် ဇာတ်မြင့်ဆိုတာ သူတို့ ရွာနှစ်ရွာကို ခွဲထားသလားလို့ တောင် ထင်ရတယ်။ တကယ်ကို

အံ့ဩစရာပါပဲ။ ပုတဲ့လူတွေကျတော့ အရပ်က လေးပေလောက်ပဲ ရှိကြတယ်။

အဲ. . ရှည်တဲ့လူများကျတော့လည်း ခုနစ်ပေနီးပါး ရှည်ထွက်နေကြတာကိုး။

သူတို့နဲ့စကားပြောတဲ့အခါ ကုက္ကိုကုန်းရွာက လူတွေက မော့ကြည့်ကြည့်ပြီးစကားပြောကြရတယ်။ တပန်ရွာသားတွေကပဲ အပေါ်စီးက ငုံ့ကြည့်နေသလိုမျိုး ဖြစ်နေတယ်။

ဒါကလည်း တကယ်တော့ ပြဿနာရဲ့ အဓိကအကြောင်းတော့လည်း မဟုတ်ပြန်သေးဘူး။ အဓိကအကြောင်းက ဦးစိန်ကတုံးရဲ့ အစ်မ မစိန်တလုံးကစခဲ့တာပါပဲ။

ဦးစိန်ကတုံးက တပန်ရွာသားတွေကို ငယ်ငယ်ကတည်းက တူးခါးနေအောင် မုန်းတယ်။ ကြက်ဟင်းခါးသီးထဲ ခွေးတောက်ရွက်ထည့်ကြော်ရင်တောင်မှ အခါးသက်သာဦးမယ်။

ဦးစိန်ကတုံး ရင်ထဲက အခါးကတော့ ထန်းလျက်ဘယ်နှပိဿာစားစား ဒီတစ်သက်ပြေပျောက်ဖို့ မရှိဘူး။

"တောက်"

ဦးစိန်ကတုံးက စဉ်းစား စဉ်းစားရင်းနဲ့ ထပ်ပြီး ဒေါသထွက်လာပုံရတယ်။

"ဩော် မိုက်လိုက်တဲ့ အစ်မရွှေပုရယ်။ ဒုတိယကြိုးကြိုး စိန်တလုံး နေရာကို အမွေဆက်ခံတော့ မယ်ထင်ပါရဲ့"

ခင်လေးဝေက အဲဒီလို ညည်းညည်းညူညူလေး ပြောလိုက်တယ်။ မှတ်မှတ်ရရ ဦးစိန်ကတုံး အသက်နှစ်ဆယ် အရွယ်လောက်တုန်းကပေါ့။ သူ့မှာ သူ့ထက်အသက်ခုနစ်နှစ်ကြီးတဲ့ မစိန်တလုံးဆိုတဲ့ အစ်မတစ်ယောက်ရှိတယ်။ သရက်သီးလို ပုပုလုံးလုံးနဲ့ ချစ်စရာလေးဆိုပြီး မိဘတွေက ချစ်စနိုးခေါ်ကြရင်း စိန်တလုံးဆိုပြီး အမည်တွင်သွားတာပေါ့။

တစ်နေ့မှာ မစိန်တလုံးက အိုးချင်းထားအိုးချင်းထိ ဆိုသလို တပန်ရွာက လောရှည်ကောင် တစ်ယောက်နဲ့ လိုက်ပြေးသွားတယ်။

အဲဒီတုန်းက ဦးစိန်ကတုံးက မြို့ပေါ်မှာ တက္ကသိုလ်သွားတက်နေတာဆိုတော့ သူပြန်လာတော့မှ သူ့အစ်မရဲ့ သတင်းကို ကြားလိုက်ရတယ်။

ဒါပေမဲ့ အစ်မယောက်ျား ဦးစိန်ကတုံးရဲ့ ယောက်ဖ အဲဒီ လောရှည်ကောင်က သစ္စာမရှိဘူး။ မစိန်တလုံးကိုလည်း အမျိုးမျိုးနှိပ်စက်တယ်။ နောက်ဆုံးတော့ မစိန်တလုံးကို ကလေးတစ်ကောင်နဲ့ထားခဲ့ပြီး ထွက်သွားတော့တယ်။

အဲဒီတုန်းကများ ဦးစိန်ကတုံးဟာ အဲဒီ သူ့ယောက်ဖလောရှည်ကောင်ကို မော့မော့ကြည့်ပြီး စကားပြောရတာတွေ၊ ဟိုကောင်က အထက်စီးက ငုံ့ကြည့်ပြီး ရယ်တာတွေကို ပြန်တွေးမိရင် ရင်ထဲမှာ မချိအောင်နာတယ်။

ဒါပေမဲ့ မစိန်တလုံးခမျာတော့ လောရှည်ကောင်ကို သံယောဇဉ်မပြတ်တဲ့အတွက် အိပ်ရာထဲပုန်းပုန်းလဲရင်းကနေ နောက်ဆုံးအသက်ပါ ပါသွားတော့တယ်။

ဦးစိန်ကတုံးဟာ အစ်မ စိန်တလုံးကို သိပ်ချစ်တဲ့သူဆိုတော့ သူ့အစ်မသေရတာ လောရှည်ကောင်ကြောင့်ဆိုပြီး သိပ်ကို နာကြည်းသွားတယ်။ နာကြည်းတာမှ တပန်ရွာ တစ်ရွာလုံးကို နာသွားတာ။ မုန်းသွားတာ။

အဲဒါနဲ့တင် ဇာတ်လမ်းက ပြီးမသွားဘူး။ သူ့အစ်မ စိန်တလုံးနဲ့ လောရှည်ကောင်နဲ့ ရတဲ့ကလေးက ကျန်ရစ်ခဲ့သေးတယ်။ အဲဒီ့ကလေး ပုံစံကိုလည်း ကြည့်ဦး။ အပေါ်ပိုင်းကပုပြီး ခြေထောက်နှစ်ချောင်းထဲ ပေါင်ရင်းကစပြီး ရှည်ထွက်နေတယ်။ ဦးစိန်ကတုံးဟာ အဲဒီ့ကလေးကို မြင်ရလေ လောရှည်ကောင်ကို ပိုပြီး စိတ်နာလေပဲ။

ပိုဆိုးတာက ရွာကလူတွေ။ တစ်နေ့တစ်နေ့ ကလေးကိုကြည့်ကြည့်ပြီး

"ဟယ် ဒီကလေးက Dolly ရုပ်လေး နဲ့ တူလိုက်တာ။ ခြေထောက် တစ်ခု ပဲ အရှည်ကြီးဖြစ်နေတယ်နော်။ ဘိုမ ရုပ်လေးကျနေတာပဲ"

"ကြည့်ဦး. . သူ့မျက်နှာလေးက သူ့ဦးလေး ကိုစိန်ကတုံးနဲ့ တထေရာတည်းပဲနော်"

"နှာခေါင်းလေးနဲ့ ပါးစပ်လေးက ပိုတူတယ်ဟ။ သေချာကြည့်ပါဦး"

ရွာကလူတွေက ကလေးကို ကြည့်လိုက် ဦးစိန်ကတုံးကို ကြည့်လိုက်နဲ့ မှတ်ပုံတင်တိုက်စစ်နေသလို လာလုပ်နေကြတယ်။

အဲဒီ့ အသံတွေက ဦးစိန်ကတုံး နားထဲကို ဖယောင်းရည် ကျိုလောင်းသလို ပူလောင်ပြီး အတုံးအခဲလိုက်ကြီး ဖြစ်ကျန်ရစ်ခဲ့တယ်။ တချို့ဆို ရှိသေး။

"ဟယ် တူမလေး တစ်ယောက်တည်းရှိတာဆိုတော့ကို စိန်ကတုံးကတော့ တုန်နေအောင်ချစ်မှာပဲနော်"

ဒင်းကို မချစ်တဲ့အပြင်။ လောရှည်ကောင်ရဲ့ သွေးမို့ သတ်ပစ်ချင်နေတာကိုတော့ ဘယ်သူမှ မသိကြဘူး။

မျိုးမတူတဲ့လူကို ယူလို့ကလေးတောင် လူပုံမထွက်ဘူးဆိုတဲ့ အစွဲက အဲဒီကတည်းက အမြစ်တွယ်သွားတယ်။

နောက်ပိုင်းကျတော့ ဦးစိန်ကတုံးပို့သတဲ့ မေတ္တာကြောင့်လားတော့မသိဘူး၊ အဲဒီကလေး လေးလည်း သက်ဆိုး မရှည်ရှာပါဘူး။ ဖျားပြီးဆုံးသွားတယ်။

ပြောချင်တာက ရွာလူကြီး ဦးစိန်ကတုံးဟာ လောရှည်နဲ့ ပတ်သက်ရင် ဆတ်ဆတ်ထိမခံဘူးဆိုတာပါပဲ။

တုတ်တပြက် ဓားတစ်ပြက် ဆွဲဖို့လည်း ဝန်မလေးဘူး။

အဲဒီ့အထာကို ကောင်းကောင်းကြေတဲ့ ဇနီးနဲ့သမီးက လောရှည်ကောင်နဲ့ ပတ်သက်ပြီး ဦးစိန်ကတုံး စိတ်ဆိုးပြီဆိုရင် သူတို့ ဘာလုပ်ရမလဲဆိုတာ တန်းပြီး သဘောပေါက်တယ်။

တကယ်ဆို မိရွှေပု မပြောနဲ့ ဒီရွာက ဘယ်သူဖြစ်ဖြစ် ဘယ်လောရှည်ကောင်နဲ့ပဲ လိုက်ပြေးလိုက်ပြေး၊ နောက်ဆုံးခွေးကိုပဲ လင်တော်ချင်တော် သူတို့နဲ့ ဘာမှမဆိုင်ဘူး။ ဒါဟာ လူတစ်ဦးချင်းစီတိုင်းရဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်လို့ ဒေါ်ထွေးခင်တို့ သားအမိက ခံယူထားသလို။

ဒါပေမဲ့. . .

ဒေါ်ထွေးခင်က ဝါရင့်မင်းသမီးကြီးတစ်ယောက်လို မျက်နှာအမူအရာကို ချက်ချင်းပြောင်းပစ်လိုက်တယ်။ ဆန်ပြာလက်စ ဒန်အိုးဖုံးကြီးကို 'ဂွမ်း'ခနဲ အသံမြည်အောင်

**ကျေးဇူး
ကန်းတဲ့ကောင်၊
လောရှည်က
မင်းယောက်ဖ
မို့လို့လား၊
မော့မော့ကြည့်ပြီး
စကား ပြောရတာကို
သာယာနေတယ်
ပေါ့လေ...
ဟုတ်လား . . .**



ဆောင့်ချလိုက်တယ်။

ပြီးတော့ လုံချည်ကို မာန်ပါပါနဲ့ ပြင်စည်းလိုက်တယ်။

အင်္ကျီလက်တွေ ဘာတွေ ပင့်တင်လို့. . .

မသိရင်ဘဲ အခုချက်ချင်း မိရွှေပုကို အရေခွံနွှာတော့မယ့် အတိုင်း။

"တောက် . . . ဒီကောင်မ တော့လား။ နေပစေ။ ကျုပ် ပါးရှစ်စိတ်ကွဲအောင် သွားရိုက်ပစ်မယ်။ ပါးစပ်ထဲက သွားအတောင့်လိုက် ကျွတ်ထွက်အောင်ကို လုပ်မယ်။ ဘယ်မလဲ။ ကျုပ်အခုချက်ချင်း သွားမယ်။ လောရှည်ကောင်ကို လည်း သတ်မယ်။ အယုတ်တမာမ၊ သေနာမ"

ဒေါ်ထွေးခင်က မိရွှေပုကို

အယုတ္တ အနတ္တမျိုးစုံဆဲရေးပြီး စိတ်ဆိုးလွန်းလို့ တဆတ်ဆတ်တုန်နေတယ်။ ခင်လေးဝေက အမေ့ရဲ့ လက်ကို ခပ်တင်းတင်းဆွဲထားပြီး။

"အို. . . အမေရယ် စိတ်ကို ထိန်းပါဦး။ ကျော်မကောင်းကြားမကောင်းတွေ ဖြစ်ကုန်ပါဦးမယ်"

"ဖယ်. . . ဖယ် ငါ့ကိုမဆွဲနဲ့။ ဒါမျိုးက လုပ်လို့မရဘူး"

ရွာလူကြီးဦးစိန်ကတုံးကတော့ စိတ်ဆိုးလွန်းလို့ အမောဖောက်နေတဲ့ နွားအိုကြီးတစ်ကောင်လို အသက်ကို ခပ်ပြင်းပြင်းရှူသွင်းရှူထုတ်လုပ်နေတယ်။

ဒေါ်ထွေးခင်က သမီးဖြစ်သူလက်ကနေရုန်းလည်းရုန်း တစ်ချက်တစ်ချက်လည်း ဦးစိန်ကတုံးအခြေအနေကို ဒိုးဒိုး ကြည့်နေရသေးတယ်။

''ဖယ်စမ်းပါသမီးရယ်။ အမေ့ကို ဆွဲမထားစမ်းပါနဲ့။ အမေဒေါသထွက်လွန်းလို့ပါ။ သွားသတ်မယ်။ ဟိုလောရှည်ကောင် သူ့ကို မသတ်ခင် သတ်မှဖြစ်မယ်။ ဒီရွာမှာ ဒုတိယ မစိန်တလုံး နောက်ထပ်မရှိစေရဘူး"

ဦးစိန်ကတုံးက သူ့အစ်မနာမည်ပါလာတော့ ဒေါ်ထွေးခင်ကို တစ်ချက် ဆတ်ခနဲလှမ်းကြည့်လိုက်တယ်။ ရုတ်တရက်သူ့ စိတ်တွေ အုံ့ကွလာတယ်။ ဒါကိုသိတဲ့ ဒေါ်ထွေးခင်က အသံကို မြှင့်ပြီး။



"ဖယ်. . လွှတ်. . လွှတ်စမ်းလို့ ငါ ပြောနေတယ်။ ငါ့ကို မဆွဲနဲ့"

ဒေါ်ထွေးခင်က အတင်းရုန်းတယ်။ သမီးဖြစ်သူကလည်း အနီးမှာရှိတဲ့တိုင်ကို ခြေစုံကန်ပြီး မလွှတ်တမ်းဆွဲထားတယ်။ လွှတ်သွားလို့ မဖြစ်ဘူးလေ။ လွှတ်ထွက်သွားရင် ဒေါ်ထွေးခင် ဘာဆက်လုပ်ရမှန်း မှ မသိတော့တာ။

နောက်ဆုံး ဒေါ်ထွေးခင်က တက်မတက်ချက်မတက် ဖြစ်တော့မှ ဦးစိန်ကတုံး နည်းနည်းစိတ်ပြေသွားတယ်။

သိတယ်မဟုတ်လား။

လူဆိုတာ ကိုယ် စိတ်ဆိုးနေတုန်း ကိုယ့်ဘက်က ကူပြီး ကိုယ့်ထက်ပို စိတ်ဆိုးပေမယ့် သူရှိရင် စိတ်ကအလိုလို လျှော့ကျသွားတာ ထုံးစံပဲလေ။

''ပြန်ထိုင်နေစမ်းပါကွာ။ မိန်းမ ဗုက လင့်နောက်လိုက်ပြေးသွားပါပြီဆိုမှ။ မင်းက ဘယ်မှာ သွားရိုက်မှာတုံး"

ဦးစိန်ကတုံး အဲဒီလိုပြောတော့မှ ဒေါ်ထွေးခင် ဟင်းချက်ပြီး ငြိမ်နေလိုက်ရတယ်။ မငြိမ်လို့လည်း မဖြစ်ဘူးလေ။ သမီးကဆွဲ သူကရုန်းနဲ့ လက်တွေလည်းနာလှပြီကိုး။ ခင်လေးဝေက

"အဲဒီတော့ အဖေက ဘာဆက်လုပ်ဖို့ စဉ်းစားထားလဲဟင်"

"ဟ ဘာလုပ်ရမှာလဲ။ အဖေ့ဥပဒေအတိုင်း မိန်းမ ဗုကို ဒီရွာစာရင်းက ရာသက်ပန်ပယ်ဖျက်ရမှာပေါ့"

ဇနီးနဲ့သမီးလည်း ဦးစိန်ကတုံးရဲ့ စကားကိုကြားတော့ တော်တော်လေးစိတ်ပျက်သွားတယ်။ သူထုတ်ထားတဲ့အဲဒီဥပဒေကြီးဟာ ဘယ်လိုမှ အဓိပ္ပာယ်မရှိဘူးဆိုတာ ရွာကလူတော်တော်များများ သိကြတယ်။

ဒါပေမဲ့ အဲဒီရွာမှာသူက ရွာသူကြီးလည်း ဖြစ်ပြန်၊ အရေးဟယ်အကြောင်းရယ်ဆို လူကြီးသူမ စာတတ်ပေတတ်ဆိုလို့ သူပဲရှိတာ။ အဲဒီတော့ သူ့ကို ဘယ်သူမှဘာမှ ပြန်မပြောရဲကြဘူး။

ဦးစိန်ကတုံးက တက္ကသိုလ်က ဘွဲ့မရခဲ့ဘူးဆိုပေမယ့် တက္ကသိုလ်တက်ထားဖူးတာဆိုတော့ ရွာမှာဆိုရင် ပထမပြန်အောင်ထားတာလောက်ကို ပေါက်ရောက်တာကိုး။

ဒါပေမဲ့ သိကြတဲ့အတိုင်း အဲဒီလို ဟိုမရောက် ဒီအရောက် မတောက်တစ်ခေါက်တွေ ရှုံးရင် တခြားလူ ရှုံးတာထက် ပိုပြီးထိန်းရခက်တယ် မဟုတ်လား။

သူ့အစ်မ မစိန်တလုံးကို လောရှည်ကောင် ပစ်ပြေးသွားပြီးကတည်းက ဦးစိန်ကတုံးက တပန်ရွာသားတွေကို မုန်းတီးပြီး ရန်ငြိုးဖွဲ့ထားတယ်။

အသွေးအမွေးထူတဲ့ ဒီလောရှည်ကောင်တွေဟာ 'ဒီ ဒယ်အိုးဖင်က ထွက်တဲ့ အိုးမည်း ဒီအိုးမည်းပဲ' ဆိုပြီး အားလုံး သိမ်းကျုံးနာကြည်းပစ်လိုက်တယ်။

သူ့ယောက်ဖ လောရှည်ကောင်ကို မော့မော့ကြည့်ခဲ့ရတာကို တစိမ့်စိမ့်တွေးပြီး အခဲမကျေဖြစ်နေတယ်။

"ငါ တစ်နေ့ရွာကို အုပ်ချုပ်ခွင့်ရတဲ့သူဖြစ်ရင် လောရှည်ကောင်တွေနဲ့ ငါ့ရွာက အမျိုးတွေ မယူဖို့ ရွာဥပဒေထုတ်မယ်" လို့ တိတ်တိတ်လေး စိတ်ကူး ယဉ်ထားခဲ့တာ။

ဟော အခုလို ခေတ်ပြောင်းလာတဲ့အခါမှာတော့ ပညာလေးကလည်း မတောက်တစ်ခေါက်တက်၊ တက္ကသိုလ်လေးကလည်း တက်ဖူးဆိုတော့ ဦးစိန်ကတုံးက ကုက္ကိုကုန်းရွာမှာသူဖြစ်ချင်တဲ့ ရွာအုပ်ချုပ်ရေးမှူးရာထူးကို ရသွားပါလေရော။ ရွာသူရွာသားအားလုံးကလည်း သူ့ကို ရွာလူကြီးအဖြစ် ကျေနပ်သဘောတူကြတယ်။

ရုံးပြင်ကနွားကိစ္စလေးတွေမှာလည်း နည်းနည်းပါးပါး ကျွမ်းကျင်ဆိုတော့ ရွာသူရွာသားတွေကြားမှာ ဘာပြဿနာပဲရှိရှိ ဦးစိန်ကတုံးက ဖြေရှင်းပေးရင် အားလုံး အဆင်ပြေသွားရော။

အဲဒါကြောင့် ရွာကလည်း သူ့ကို လေးစားကြည်ညိုကြတာပေါ့။

ဒါပေမဲ့ တစ်နေ့မှာ ရွာသူကြီး ဦးစိန်ကတုံးဟာ သူတို့ နားမလည်နိုင်တဲ့ ဥပဒေသစ်တစ်ခု ကုက္ကိုကုန်းမှာ ထုတ်လိုက်တယ်။

"ကုက္ကိုကုန်းရွာက အမျိုးသမီးကြီးငယ်မှန်သမျှ အမျိုးမတူတဲ့ တပန်ရွာက လောရှည်ကောင်နဲ့ မယူရ။ ယူရင် ရွာစာရင်းက ရာသက်ပန် ထုတ်မယ်။ ရွာရိပ်တောင် မနင်းရ"ဆိုပြီး ပြင်းပြင်းထန်ထန် အာဏာတည်လိုက်တယ်။ ပြီးတော့ ဒါဟာအမျိုးကို ချစ်လို့၊ ကိုယ့်လူမျိုးကို ချစ်တဲ့ လူတွေအတွက် အမျိုးဂုဏ်ကို ထိန်းသိမ်းရာ ရောက်တယ် ဘာညာနဲ့ ကြီးကြီးကျယ်ကျယ်တွေလည်း ပြောသေးတယ်။ အပုမျိုးနဲ့ အရှည်မျိုးဆိုတော့ ရုတ်တရက်ကြည့်လိုက်ရင် ရွာလူကြီး ဦးစိန်ကတုံး ပြောတဲ့ အမျိုးမတူဘူးဆိုတဲ့ စကားကမှန်သလိုလိုတော့ ရှိသား။

ဒါပေမဲ့ အဲဒါကို ဥပဒေကြီးနဲ့ ကြီးကြီးကျယ်ကျယ် တားမြစ်ထားဖို့မှ မလိုတာ။ မသကာစည်းရုံးတယ်ဆို တော်သေးတာပေါ့။

ရွာသူရွာသားတွေကလည်း ပထမတော့ ရွာလူကြီးကို ဘယ်လိုပါလိမ့်ဆိုပြီး နားမလည်ဖြစ်သွားကြတယ်။

ဒါပေမဲ့ တစ်ယောက်ကနေ နှစ်ယောက်၊ နှစ်ယောက်ကနေ သုံးယောက်က အမျိုးကိုချစ်သယောင်ယောင်၊ ရပ်ရွာကိုသစ္စာစောင့်သိသယောင်နဲ့ နာမည်ကောင်းယူပြီး ရောရောယောင်ယောင်ခေါင်းညိတ်ကြတော့ တခြားလူတွေလည်း မနေသာတော့ဘူးပေါ့။

အားလုံးခေါင်းညိတ်သဘောတူလိုက်ကြတယ်။

တကယ်တမ်းဆိုရင် သူတို့စိတ်ထဲမှာ အမျိုးကို ချစ်တာ၊ သစ္စာစောင့်သိတာ၊ ဘာတစ်ခုမှ မရှိဘူး။ ဒီရွာမှာနေတယ်။ ဒီရွာလူကြီးကိုပဲ ဘာပြဿနာရှိရှိ နောက်ဆုံးငွေရေးကြေးရေးကအစ အားကိုးနေရတာဆိုတော့ ရွာလူကြီးကျေနပ်ဖို့

ဟုတ်ကဲ့ပါ ပေါ့။

သဘောတူပါတယ်ပေါ့။

ထောက်ခံပါတယ်ပေါ့။

တချို့တလေ ဥပဒေကို နားလည်တဲ့ လူတွေကလည်း ရှိတော့ရှိပါရဲ့။ ဒါပေမဲ့ ကိုယ်က တစ်ယောက်တည်းကွက်ပြီး သဘောမတူပြန်ရင်လည်း သစ္စာဖောက်ကြီးလိုလို၊ ရွာကိုမချစ်တဲ့ လူလိုလို၊ ရွာ တစ်ပါးကိုပဲ အထင်ကြီးတဲ့ ဆန်ကော

လောက်မှ ဖောက်မနက်တဲ့ ကောင်လိုလို၊ အထင်ခံရဦးမယ်။ ဝိုင်းပြီးကဲ့ရဲ့ မေးငေါ့ကြဦးမယ်လေ။

"ရွာလူကြီး ခင်ဗျား လုပ်နေပုံတွေ တစ်ခုမှ သောက်ချိုးမပြေဘူး" လို့ ပွင့်ပွင့်လင်းလင်း ပြောရအောင်လည်း အရင်က သူ့ကျေးဇူးတွေကလည်း ရှိခဲ့ဖူးတော့ "ကျေးဇူးကန်းတဲ့ ကောင်၊ လောရှည်က မင်းယောက်ဖမို့လို့လား၊ မော့ မော့ကြည့်ပြီး စကား ပြောရတာကို သာယာနေတယ် ပေါ့လေ. . . ဟုတ်လား" လို့ လက်ညှိုးငေါက်ငေါက် ထိုးပြီး ဝိုင်းဆဲခံရဦးမယ်။ အဲဒါကြောင့် အားလုံးက အချင်းချင်း မတိုင်ပင်ရပါပဲ ကိုယ်စီကိုယ်စီ အတွေးတွေနဲ့ပဲ အရာအားလုံးကို ထောက်ရှုလို့ တစ်ညီတစ်ညွတ်တည်း သဘောတူပစ် လိုက်ကြတယ်။ မတူလို့လည်း မရဘူး။ ကြည့်ဦး ပြောပုံက။

"ဒီလောရှည်ကောင်တွေကို မော့မော့ကြည့်ပြီးစကားပြောနေရတာကို စိတ်နာကြစမ်းပါ"တဲ့ မနာလည်း အတင်းဖွတ် စိတ်နာ. . ပဲ။

အဲဒီတုန်းကဆို ဝန်ခံကတိ လက်မှတ်ထိုးပွဲတွေ ဘာတွေလုပ်ပြီး တော်တော်လေး ကြီးကြီးကျယ်ကျယ် ဖြစ်လိုက်ကြသေးတယ်။

အဲဒီတုန်းကဆို ကံစမ်းမဲတွေ ဘာတွေတောင်ဖောက်လို့။

ငွေသားဆု သက်သက်ပေါက်တဲ့ လူက ပေါက်. . .

ဒန်အိုးပေါက်တဲ့ လူကပေါက်

အဝတ်ထည့်လျှော်တဲ့ ကော်ဇလုံပေါက်တဲ့ လူကပေါက်နဲ့ တစ်ရွာလုံး အုတ်အော်သောင်းတင် ပျော်နေကြတယ်။ ရွာသူရွာသားတွေမပြောနဲ့၊ အိမ်မှာ အတူနေတဲ့ ဇနီးနဲ့သမီးက အဖေဖြစ်သူရဲ့ ဥပဒေဟာ ဘာအဓိပ္ပာယ်မှ မရှိဘူးဆိုတာ သိရက်နဲ့တောင် လောရှည်ကောင်နဲ့ ပတ်သက်ပြီး ဦးစိန်ကတုံးက တစ်တောင်လောက် စိတ်ဆိုးပြီဆိုရင် သူတို့က တစ်လံလောက် စိတ်ဆိုးပြလိုက်တယ်။

အဲဒါမှ ဦးစိန်ကတုံးက ကျေနပ်တာ၊ သဘောကျတာကိုး။ အဲဒါကြောင့်မို့လို့ စောစောက ဒေါ်ထွေးခင်က ဦးစိန်ကတုံးထက် နှစ်ဆပိုပြီး စိတ်ဆိုးပြလိုက်တာပေါ့။

သူကတော့ မသိဘူး။ သူ့ရွာကလူတွေကြားမှာသူ့အမိန့်ဟာ ဥပဒေကဲ့သို့ အာဏာတည်သွားပြီလို့ ယုံကြည်ပြီး ကျေနပ်နေသူက ရွာလူကြီး ဦးစိန်ကတုံး။

သူ့အမိန့်ဟာ တစ်ရွာလုံးကို တောင်တည်စေတယ်ဆိုတဲ့

"တယ် တော်တဲ့ ငါပါလား" ပေါ့။ ဦးစိန်ကတုံး မိန့်မိန့်ကြီးပြုံးတယ်။

အဲဒီလို ဂုဏ်ယူလို့မှ မဆုံးသေးဘူး။ သူ့အမျိုးတစ်ယောက် က တပန်ရွာသားလောရှည်ကောင်နဲ့ လိုက်ပြေးသွားပြီဆိုတော့ ဦးစိန်ကတုံး ငယ်ထိပ်မြွေဟောက်ပေါက်ပြီပေါ့။

ဦးစိန်ကတုံးမျက်နှာက ငရုတ်သီးရေထဲခေါင်းစိုက်နှစ် ခံထားရတဲ့ လူလို စပ်ဖျင်းဖျင်း ပူစပ်စပ်နဲ့ အခံရခက်နေတဲ့ပုံ။ သူ့တူမမိတင်စန်း လောရှည်ကောင်နဲ့ လိုက်ပြေးသွားတာဟာ သူ့ကို ဘယ်ပြန်ညာပြန် ဆင့်ကဲ့ဆင့်ကဲ ပါးရိုက်သွားတာထက်တောင် အခံရခက်နေတဲ့ပုံ။

အဲဒီ တစ်ညနေလုံး ဦးစိန်ကတုံး တစ်ယောက် စိတ်ဆိုးလွန်းလို့ ထမင်းမစားဘဲ အိမ်ရှေ့မှာပဲငုတ်တုတ်ကြီး ထိုင်နေတော့တယ်။

(၂)

နောက်တစ်နေ့မှာ လောရှည်ကောင်နဲ့ လိုက်ပြေးသွားတဲ့ မိရွှေပုရဲ့ မိဘနှစ်ပါးရောက်လာပြီး ငိုကြီးချက်မနဲ့ တောင်းပန်ကြတယ်။ သူတို့လည်း ကတိဝန်ခံချက်မှာ လက်မှတ်က ထိုးပြီးသားဆိုတော့ ငိုရှုံ့အပြင်ဦး စိန်ကတုံးကို မလှန်ရဲဘူးလေ။

ပွဲအထိမ်းအမှတ်နဲ့ကံစမ်းမဲပေါက်တုန်းကတောင် မဲပေါက်တဲ့ ဒန်အိုးကြီးကို တပျော်တပါးနဲ့ အိမ်ကို သယ်ယူသွားခဲ့ကြသေးတာကိုး။

ဦးစိန်ကတုံးက ဘာမှ ပြန်မပြောဘဲ မျက်နှာကို ခပ်တင်းတင်းထားပြီး ရွှေရောင်အိတ်နဲ့ သေသေချာချာထည့်ထားတဲ့ စာရွက်ရှည်ကြီးကို ဖြန့်ချလိုက်တယ်။ မသိရင် သူ့ပုံစံက စစ်တပ်မှာ စစ်သားတစ်ယောက် ကျဆုံးလို့ အမိန့်စာပြန်တဲ့ ပုံစံမျိုး။

ငိုတဲ့လူကငို၊ မျက်နှာ မသာမယာနဲ့ ထိုင်နေတဲ့ လူတွေက ထိုင်နေနဲ့ တကယ့်ကို အသုဘမြင်ကွင်း တစ်ခုကို ဖြစ်နေတယ်။

ဒီထဲမှာ ရွာသူကြီး ဦးစိန်ကတုံးကတော့ အသည်းမာတဲ့ အာဇာနည်ခေါင်းဆောင် တစ်ယောက်ရဲ့ မျက်နှာလို တည်ငြိမ်နေတယ်။

**ဦးဖိုးလှကြီး ဒေါ်မယ်သုန်တို့၏ သမီး မိရွှေပုအား ဒီနေ့မှစ၍ ကုတ္တိုကုန်းရွာ၏ အမြဲတမ်း ရွာသူအဖြစ်မှ ပယ်ဖျက်လိုက်သည်။ ကုတ္တိုကုန်းရွာတွင် နှစ်စဉ် နှစ်တိုင်း ပြုလုပ်လေ့ရှိသည့် ရွာရှင်ပြုပွဲတွင် မိရွှေပု မပါဝင်စေရ။ ရွာနှင့်စပ်ဆိုင် ပတ်သတ်သည့် သာရေးနာရေးကိစ္စများတွင် မိရွှေပု လုံးဝလာခွင့်မရှိ။ ရွာထိပ်ညောင်ပင်၏ ၂ ပေ ပတ်လည် မြေကြီးကို မိရွှေပု နင်းခွင့်မရှိ။**

**ပုံ**

**ရွာသူကြီး စိန်ကတုံး**

ဦးစိန်ကတုံးက အဲဒီလို ကြေညာပြီးတာနဲ့ စာရွက်ကို ဆတ်ခနဲ ပြန်သိမ်းလိုက်တယ်။ ပြီး ဘာမဆိုင် ညာမဆိုင် စားပွဲခုံပေါ်မှာ တင်ထားတဲ့ ရေနွေးကရားကို မြေကြီး ပေါ်ခွမ်းခနဲ ချခွဲလိုက်တယ်။ ပြီးတော့ ဝုန်းဆိုအိမ်ထဲ ပြန်ဝင်သွားတော့တယ်။ အားလုံးက ခေါင်းတခါခါ စုပ်တသပ်သပ်နဲ့ မိရွှေပု အတွက် စိတ်မကောင်းဖြစ် သွားကြတယ်။ ပြီးတော့ ရွာလူကြီး အိမ်ထဲကနေ အလျှိုလျှိုနဲ့ ပြန်ထွက်လာကတော့ ပါတယ်။

(၃)

အဲဒီလိုနဲ့ နောက်တစ်နေ့ မှာပဲ မိရွှေပုရဲ့အမေ ဒေါ်မယ်သုန်က ခုနစ်သံချီဟစ်ပြီး မနက်အစောကြီး ရောက်လာတယ်။

"အံမယ်လေး. . . အစ်မထွေးခင်ရဲ့။ ကျုပ်သမီးလေး ရွှေပု လင့် နောက်လိုက်ပြေးရတာ ဘယ်သူ့ စနက်ထင်လို့တုံးတော့ အစ်မသမီးခင်လေးဝေရဲ့ လက်ချက်ပါတော်"

ဒေါ်မယ်သုန်ရဲ့အသံကြောင့် ဒေါ်ထွေးခင်က ပဲပိုးထိုးရွှေနေရင်း တန်းလန်း။

"ဟဲ့ . . . ဩော်. . . မယ်သုန် နှယ် မနက်စောစောစီးစီး အော်ကြီးဟစ်ကျယ်နဲ့ ဘာတွေ ဖြစ်လာတာတုံး"

"ဘာဖြစ်ရမှာတုံးအစ်မရဲ့။ ကျုပ်သမီးလေးကို လောရှည်ကောင်နဲ့ လိုက်ပြေးဖို့ အစအဆုံး ကူညီခဲ့တာ အစ်မ သမီးပါတော်"

"ဟဲ့ ဟဲ့ နင်ဟာက သေချာရဲ့လား။ ဘာအထောက်အထားရှိလို့ ငါ့သမီးကို လာစွပ်စွဲနေရတာလဲ။ အိုးစွပ်ခွက်စွပ် မစားဖူးပေါင်တော်"

"ဒီမှာစာ။ အစ်မ သမီးရေးထားတဲ့စာ။ မယုံရင် ဖတ်ကြည့်"

"မှန်းပြစမ်း"

ဒေါ်ထွေးခင် စာကို ယူဖတ်ကြည့်လိုက်တယ်။

ဒေါ်မယ်သုန်ရဲ့ အော်သံကြီးကြောင့် ဘေးနားအနီးတစ်ဝိုက်အိမ်ထဲက ရွာသူရွာသားအချို့ပါ ရောက်



လာကြတော့တယ်။ ရွာလူကြီး ဦးစိန်ကတုံးနဲ့ သမီးဖြစ်သူ ခင်လေးဝေတို့လည်း အိမ်ထဲက ကပျာကယာ ထွက်လာကြတယ်။

ဒေါ်မယ်သုန် ပြောတာလည်း ကြားရော ဦးစိန်ကတုံးမှာ ရင်ဝ ဆောင့်ကန်ခံလိုက်သလို အောင့် မျက်သွားတယ်။

စာထဲမှာက မိရွှေပုလင်နောက် လိုက်ဖို့ တပန်းရွာလူကြီးရဲ့သား ဖုန်းမောင်နဲ့ ခင်လေးဝေတို့က အစ အဆုံး ကူညီပေးတဲ့အကြောင်း ရေး ထားတယ်။ ပြီးတော့ တပန်းရွာသား ဖုန်းမောင်နဲ့ ခင်လေးဝေတို့ မေတ္တာ မျှနေပြီဆိုတဲ့အကြောင်းကလည်း စာအရ ထင်ရှားနေတယ်။

ဦးစိန်ကတုံးက ကွမ်းသီးအလုံး လိုက်နင်နေတဲ့လူလို ဘာမှမပြောနိုင် ပဲ တောင့်တောင့်ကြီး သတိလစ်နေ သလား ထင်ရတယ်။ မျက်နှာတစ်ခု လုံးကလည်း ပေါက်ထွက်တော့မယ့် ဖားဖိုကြီးအတိုင်းပဲ။

ကြည့်ဦးလေ။ သူက လောရှည် ကောင်နဲ့ လိုက်ပြေးသွားတဲ့ ရွှေပုကို ခပ်တည်တည်နဲ့ အမိန့်စာတွေ ဘာတွေပြန်ပြီးတော့မှ သူ့သမီး အရင်းခေါက်ခေါက်က တပန်းရွာ က ကောင်နဲ့ ကြိုက်နေတယ်ဆိုတော့

လိုက်ပြေးအောင်ကူညီပေး လိုက်တာကလည်း သမီးဖြစ်သူ ခင်လေးဝေ. . .

ဒါနဲ့ ဦးစိန်ကတုံးက သမီးဖြစ်


“

ရွာလူကြီး
ဦးစိန်ကတုံးလည်း
သမီးဖြစ်သူကို
မျက်စိ ဆံပင်မွေးစူးပေမယ့်
ဘယ်လိုပြောရမှန်းမသိဘူး။
အတော်ဝှကျနေတယ်။
အချိန်ကြာလာတဲ့အခါမှာ
တော့ “ခင်လေးဝေ”ဆိုတဲ့
နာမည် အစား
“ကုလားမခြေထောက်နဲ့
ကောင်မလေး”လို့
အမည်တွင်လာတယ် . . .




သူကို မျက်မှောင်ကုတ်ပြီး ကြည့် လိုက်တယ်။

“မိခင်လေး. . . စာထဲက ဖုန်းမောင်ဆိုတာ တပန်းရွာက လော ရှည်ကောင် ဟုတ်လား။ မှန် မှန် ပြောစမ်း၊ သမီးနဲ့ဘယ်လိုပတ်သက် သလဲ”

“ဟို . . . ဟို. . . သမီး. . အဲ. . အဲဒါ. . . ဟိုဒင်း. . . ချစ် . . . ချစ်သူတွေပါ အဖေ”

သမီးဖြစ်သူ အပြောကြောင့် ပါးစပ်အဟောင်းသားဖြစ်ပြီး အားလုံး အံ့သြသွားကြတယ်။

သမီးဖြစ်သူရဲ့ အဖြေစကား လည်း ကြားရော ရွာလူကြီး ဦးစိန်ကတုံး မိုက်ခနဲ ဖြစ်သွားလို့ ဒေါ်ထွေးခင်က ထိန်းလိုက်ရတယ်။ ဒါပေမဲ့ ဦးစိန်ကတုံးက ဇနီးဖြစ်သူ ထိန်းထားတဲ့ လက်ကို ဆောင့်ရုန်းပြီး ခင်လေးဝေနားကို ဒေါကြီးမောကြီးနဲ့ လမ်းလျှောက်သွားတယ်။

“မိခင်လေး. . . နင်ဘာပြော လိုက်တယ်။ ဖအေကတော့ ကိုယ့် ရွာသူရွာသားတွေ အားလုံး မမှား သင့်တာ မမှားရအောင် ထိန်း ကျောင်းပြုပြင်နေတဲ့ အချိန်မှာ သမီးလုပ်တဲ့သူက နောက်ကျောကို ဓားနဲ့ ထိုးလိုက်တာပေါ့လေ။ ငါ့ မျက်နှာကို ကတ္တရာစေးပုံးထဲ ဆွဲ နှစ်လိုက်တာပေါ့လေ. . ဟုတ်လား . . . ဟင်. . . တောက်”

“ဟို . . ဟို . . သမီးရှင်းပြပါ ရစေ အဖေရယ်”

“တော် . . . ဘာမှ ရှင်းမပြ နဲ့။ နင့်မှာ ကြိုက်စရာ လူတော်တော် ရှားသလား။ နင်ဟာ ငါ့သမီး ဖြစ်ပြီး ငါ့သွေးတစ်စက်မှ မပါဘူး။ ဒီလို အမျိုးဂုဏ်ကို နင်ကစပြီး မထိန်းမှ တော့ ငါ နွားလုံးလုံးဖြစ်ပြီ ပေါ့ဟဲ့။ ဒီလို ကိုယ့်အမျိုးကို မချစ်တတ်တဲ့ လူ။ သစ္စာဖောက်တဲ့ လူဟာ ဒီဘဝ မှာတင် မကဘူး။ နောင်သံသရာ တစ်လျှောက်လုံး ဘယ်တော့မှ မကောင်းစားဘူး မိခင်လေးရဲ့။ နင် နားလည်လား။ ဘာလဲ နင်က ဒင်း တို့ကို တစ်သက်လုံး မော့ကြည့်ပြီး စကားပြောချင်နေတယ်ပေါ့ ဟုတ် လား။ တောက်. . . တယ်လေ. . . ငါ လုပ်လိုက်ရ”

ဦးစိန်ကတုံးဟာ စိတ်ဆိုးလွန်း လို့ နတ်ပူးသလို အသားတွေက ဆတ်ဆတ်တုန်တက်လာတယ်။ ခင်လေးဝေက-

“မဟုတ်သေးပါဘူး အဖေရယ်။ ဟို. . ဟို အဖေနားလည်အောင် ဘယ်ကို ပြောပြရမလဲ။ အဲဒါကလေ အဖေ့အနေနဲ့ ဥပဒေကြီး ထုတ်ပြီး တားမြစ်ပိတ်ပင်လို့ရတဲ့ အရာတော့ မဟုတ်ဘူးအဖေရဲ့”

“တော်. . . နင့်ပါးစပ်ကို အခု ပိတ်။ နင်ဟာ ကိုယ့်အမျိုးကို ချစ်ရ ကောင်းမှန်းမသိတဲ့ အသားထဲက လောက်ထွက်တဲ့မိန်းမ မိုက်မ။ နင့် အစားငါရှက်တယ်။ ငါရှက်တယ် သိလား။ ငါက အသက်နဲ့ လူလုပ် တာ မဟုတ်ဘူး။ အရှက်နဲ့ လူလုပ် တာဟဲ့။ အမျိုးအတွက်ဆိုငါ အသေ လည်း ခံရဲတယ်။ ဦးစိန်ကတုံးဟာ ပြောပြောဆိုဆိုနဲ့ နံရံထောင့်မှာ ချိတ်ထားတဲ့ ဓားကြီးဆွဲယူပြီး ကိုယ့် လည်ပင်းကို ကိုယ်ပိုင်းဖို့ ပြင်လိုက် တယ်။

“အံမယ်လေး။ လုပ်ကြပါဦး တော့။ ကိုကတုံး လက်လွန်မယ် လက်လွန်မယ်”

ဇနီးဖြစ်သူက ဆွဲလည်းဆွဲရင်း တခြားလူတွေကိုလည်း အကူအညီ တောင်းလိုက်တယ်။ အားလုံးဆွဲ ဟယ် လွဲဟယ်နဲ့ ဝိုင်းလုပ်ကြတော့ မှ ဦးစိန်ကတုံးလက်ထဲက ဓား လွတ်ကျသွားတော့တယ်။

ဒါနဲ့ ခင်လေးဝေလည်း သူ့ အဖေစိတ်ကို သိသူဆိုတော့ ဆန့် ကျင်ပြီး ဘာစကားမှထပ်မပြော တော့ဘူး။ လောရှည်ကောင်နဲ့ ပတ်သက်ရင် အဖေဟာ အရူးတစ် ယောက်လို ဘာလုပ်ဖို့မှ ဝန်မလေး ဘူးဆိုတော့ သမီးဖြစ်တဲ့သူက အလျှော့ပေးရတော့တာပေါ့။

လူဆိုတာ မွေးကတည်းက ရှည်ချင်ရှည်မယ်။ ပုချင်ပုမယ်။အဲဒီ ရှည်တဲ့ လူနဲ့ပုတဲ့လူ ချစ်ကြကြိုက် ကြတာဟာလည်း လူတစ်ယောက် ချင်းစီရဲ့ ဆုံးဖြတ်ချက်ပဲဟာ။

ဦးစိန်ကတုံးကတော့ ဒါကို နားမလည်ဘူး။

အရှည်ရှည်တဲ့ ကောင်တွေဟာ သူ့အတွက်တော့ မမွှန်ရာယ်ကောင် တွေပဲ။

တစ်နေ့ ခင်လေးဝေက တော ထဲကိုသွားပြီး ထီးရိုးဝါးရှည် တစ် ချောင်းခုတ်ပြီး အိမ်ယူလာတယ်။ အဲဒီနောက်မှာတော့ ဝါးလုံးကို အသေအချာ ခုတ်ထွင်းပြီး ဖြတ်ယူ ပြီး ကုလားမခြေထောက်လုပ် တယ်။

ပြီးတော့ အဲဒီ ကုလားမ ခြေ ထောက်ကြီးကိုတပ်ပြီး တစ်ရွာလုံး လည်သွားနေတော့တယ်။ ကုလားမ ခြေထောက်ကြီးစီးထားတာဆိုတော့ သူ့အရပ်က မြင့်သွားလိုက်တာ လောရှည်ကောင်တွေနဲ့ နင်လား ငါလားပဲ။

ရွာထဲသွားလည်း ကုလားမ ခြေထောက်ကြီးတကားကား။

အိမ်မှာနေရင်လည်း ကုလားမ ခြေထောက်ကြီး တပ်ပြီး ခြံထဲ လျှောက်သွားနေတယ်။

ရွာလူကြီး ဦးစိန်ကတုံးလည်း သမီးဖြစ်သူကို မျက်စိ ဆံပင်မွေးစူး ပေမယ့် ဘယ်လိုပြောရမှန်းမသိ ဘူး။ အတော်ဝှကျနေတယ်။

အချိန်ကြာလာတဲ့အခါမှာ တော့ ‘ခင်လေးဝေ’ဆိုတဲ့ နာမည် အစား ‘ကုလားမခြေထောက်နဲ့ ကောင်မလေး’လို့ အမည်တွင်လာ တယ်။

ဒေါ်ထွေးခင်က-

“ကိုကတုံး ရှင့်သမီး ကုလားမ ခြေထောက်ကြီးတကားကားနဲ့ ရှင် ဒီအတိုင်းပဲ ကြည့်နေတော့မှာလား။ မပြောတော့ဘူးလား”

“အိုကွာ. . . ဘာပြောရမှာ လဲ။ လောရှည်ကောင်နဲ့ မယူရင် ပြီးတာပဲကွာ။

အဲဒီအချိန်ကစလို့ ရွာလူကြီး ဦးစိန်ကတုံးဆိုတဲ့ နာမည်လည်း တစ်စစပျောက်သွားပြီး “ဟိုကုလား မခြောက်ထောက်နဲ့ ကောင်မလေးရဲ့ အဖေ”လို့ပဲ ခေါ်ကြတော့တယ်။

ရွာလူကြီး ဦးစိန်ကတုံးမှာ တော့ နာသာခံခက်ကြီးကို ဖြစ်လို့ ပြီးတော့ ခက်နေတာ တစ်ခုရှိသေး တယ်။

ရွာလူကြီး ဦးစိန်ကတုံးက သူ့ သမီးကို စကားပြောတဲ့အခါ ခေါင်း မော့မော့ပြီး ပြောနေရတာပဲ။

**ထက်မြက်နိုင်ဖင်**

နွေကလည်း နွေ၊ ရေကလည်း ရေသေရက်။

သည်ကနေ့ လပြည့်ကျော် ဆယ်ရက်ဖြစ်သည်ကြောင့် ရေသေရက်ထုံးစံအတိုင်း ပင်လယ်ဒီရေက ထုံ့ပိုင်း ထုံ့ပိုင်းနှင့် ပျင်းတိပျင်းတောင်း တက်နေသည်။ ပင်လယ်ကမ်းစပ်ကျွန်းရွာတွင်ပင် သည်လောက်ရေသေလျှင် ဟိုးဝေးဝေးက တောင်စဉ်တောင်တန်း ပြာညို့ညို့ ကြားချောင်းဖျားပိုင်းမှာ ခိုဝင်နေသည့် မြို့သို့ မစို့မပို့ဒီရေရောက်ဖို့ အရေးမှာ မျှော်တော်ယောင်နှင့် အချိန်ကုန်ရမည်ဖြစ်ခြင်း။ ထို့ကြောင့်လည်း သည်နေ့ကျွန်းရွာမှ သည်။ သို့နှင့် ချက်ကြီးနေထိုင်ရာ မန်ကျည်းတောရွာသို့ လျှောက်လာလိုက်သည်။

"ဟာ ဆရာပါလား"

အိမ်ဝင်းထဲ ခြေလှမ်းဝင်လိုက်သည်နှင့် အိမ်ဒဏ်ခံအဖီတွင် ရေနွေးကြမ်းသောက်နေသည့် ချက်ကြီးက ပျာပျာသလဲ ကြိုဆိုကာ နေရာချပေးသည်။

"အေးတင်ရေ၊ ဆရာ့အတွက် အဖန်ခွက်ယူခဲ့ဟေ့၊ ဒီမှာ မလာစဖူး ဆရာထွန်းကျော် ရောက်လာတယ်။ ထိုင်ပါဆရာ အဖန်ရည်ကလေး သောက်ပါဦး။ နွေကလည်း ပူပါဘိသနဲ့။ ဆရာတပည့် မောင်သောင်း

# ညမြို့ဝေသော် ၊တောင်ကုတ်၊ တက်ခတ်သား

illustration by aungkyaw@09421054457

ဝတ္ထုတိုရသ

ပုံမှန်ထွက်နေကျ လိုင်းစက်လှေများမှာ အရွယ်ကြီးသည်က တစ်ကြောင်း၊ ဆိုက်ရောက်ချိန် စကောစကဖြစ်မည် တစ်ကြောင်းကြောင့် မထွက်ကြဘဲ သည်အတိုင်း ရပ်နားထားကြသည်ဆို၏။ သူ့ရွာဓလေ့နှင့်သူ ဟုတ်နေသော်လည်း ကျွန်းသို့ အလုပ်ကိစ္စရှိမှ တစ်ခါတစ်ရံလာသည့် ကိုထွန်းကျော်ကဲ့သို့ ဧည့်သည်အဖို့ ပြန်စရာ စက်လှေမရှိ၍ စိတ်ကသိကအောက် ဖြစ်ရပြီ။

"ကျွန်းက အုန်းသီးတွေ မြို့ကို ပို့နေကျ ချက်ကြီးလှေနဲ့ကြုံရင် လိုက်လို့ရနိုင်တယ်ဗျ"

သည်အတိုင်းဆိုလျှင် ရွာသားများအကြံပြုသည့်အတိုင်း ချက်ကြီးလှေကြုံကို အားကိုးဖို့သာရှိတော့ ကတော့ ဒီအချိန် ဖမ်းမမိတော့ဘူး ဆရာရေ၊ စာမသင်ချင်တဲ့ကောင် အခုတော့ လတ်လျားလတ်လျားနဲ့ ချောင်းဆင်းဖို့ အဖော်လိုက်စပ်နေရောပေါ့။ ငါးရယ်လို့ ဟုတ်တိပတ်တိရတတ်တာလည်း မဟုတ်ဘဲနဲ့၊ ဆရာသင်ပေးခဲ့ဖူးတဲ့ ကျောင်းစာတွေအားလုံးလည်း အခုဆို ချောင်းရေထဲ ကျပျောက်ကုန်ပြီနေမှာပေါ့။ ဒီကောင့်နှယ် သေစာရှင်စာတောင် အနိုင်နိုင်ရယ်၊ အားမလိုအားမရနဲ့ ရိုက်မောင်းပုတ်မောင်းသင်ပေးတဲ့ ဆရာ့ကိုပဲ အားနာစရာဖြစ်ကျန်ခဲ့ရော"

ချက်ကြီးက အားတက်သရော ပြောနေသလောက် ကျန်ခဲ့ပြီဖြစ်သော ဝါကျင့်ကျင့်အတိတ်ကာလ



တစ်ခုဆီသို့ ပြန်လည်ရင်မခုန်တော့သည့် ကိုထွန်းကျော်က အသိအမှတ်ပြုသည်ဆိုရုံကလေး ပြုံးတုံ့တုံ့။

"ဆရာ့ကို မတွေ့တာ ကြာနေလို့လားတော့ မသိဘူးဗျ။ အသားနည်းနည်းညိုသွားသလားတောင် မှတ်တယ်၊ အဲ . . . ဒါနဲ့ ဆရာရယ်၊ အခု ဘာကိစ္စ"

ချက်ကြီးက စကားရွှန်းရွှန်းဝေအောင် ပြောနေရင်းမှ သတိရသွားဟန်ဖြင့် ကိုထွန်းကျော်ကို ကြည့်ကာ မေးလာသည်။

"မြို့ကို သွားမယ့်လှေကြုံရလို ရငြားလာကြည့်တာပါ"

ချက်ကြီးက ကိုထွန်းကျော်ကို အံ့သြသလို ပြန်ကြည့်ကာ ခဏတိတ်ဆိတ်သွားသည်။ ပြီးတော့ သက်ပြင်းမျဉ်းမျဉ်းချသည်။

"မြို့ကို အုန်းသီးပို့စရာတော့ ပုံနေတယ်ဆရာ၊ လှေနောက်လိုက်ပြီး တက်ခတ်လှော်ပေးမယ့် တက်ခတ်သားမရနိုင်လို့ ဒီအတိုင်း ထိုင်နေရတာ ရွာမှာကလည်း ဆရာရယ် ရေခူဖမ်းကြ၊ ပုစွန်ကန်ဆည်ကြ လုပ်နေကြတာနဲ့တင် ငွေရှာနေကြတော့ တက်ခတ်လိုက်တာက ပင်ပန်းသလောက် ကြေးမကိုက်ဘူးဆိုပြီး မလိုက်ချင်ကြဘူးလေ၊ ရေထရက်မှာ ဆည်ဖို့တဲ့ အလုပ်တွေ နားတော့မှ တက်ခတ်သားတစ်ယောက်လောက်ရအောင် ဆွဲခေါ်ရတော့မှာပေ့ါ၊ ဒီတစ်ရက် နှစ်ရက်တော့ စောင့်ရဦးမယ်ဆရာရေ့"

တစ်ချိန်လုံးမျှော်လင့်ထားသမျှတို့ကား ချက်ကြီးစကားကြောင့် တစ်စစီပျောက်လွင့်ကုန်ချေပြီကော။ သည်အတိုင်းဆိုလျှင် သည်နေ့မြို့ကို ပြန်ရောက်ဖို့အရေးလမ်းစ ပျောက်ပြီမို့ မွန်းကျပ်သွားသည်။ ကိုထွန်းကျော်အဖို့ သည်ညချိန်းဆိုထားသည့်ကိစ္စများ ရှိသေးသည်ဖြစ်၍ ရောက်အောင်သွားဖို့ပဲ စိတ်စောနေ၏။

"မင်း အုန်းသီးပို့စရာရှိတယ်ဆိုရင် ဒီညသွားလို့ဖြစ်တယ် မဟုတ်လား ချက်ကြီး၊ ငါ တက်ခတ်သားအဖြစ် လိုက်ပေးမယ်လေကွာ"

"ဗျာ"

ချက်ကြီးက ကိုထွန်းကျော်စကားကို ကြားလိုက်သည့်အခါ သူ့နားကို သူမယုံနိုင်ဖြစ်လျက် ပါးစပ်အဟောင်းသားနှင့် အံ့သြနေသည်။

"တကယ်ပါကွ၊ မင်းသွားမယ်ဆိုရင် ငါကိုယ်တိုင် တက်ခတ်ပြီး ဝင်လှော်ပေးမယ်"

ချက်ကြီးက ခေါင်းတညိတ်ညိတ်နှင့် စဉ်းစားသလို လုပ်နေသည်။ ဖြူန်းခနဲ သူမျှော်လင့်မထားသည့် အခြေအနေကြောင့်လည်းကောင်း၊ ငြင်းပယ်ရမှာခက်နေ၍လည်းကောင်း အကျပ်ရိုက်နေရှာသည်။

"ဆရာ့မှာ ဒီလောက်တောင် အရေးကြီးနေလို့လားဟင်"

"သေရေးရှင်ရေးတော့ မဟုတ်ပေမယ့် ဒီနေ့ည အရောင်းအဝယ်ကိစ္စ ချိန်းထားတာ ရှိလို့ပါကွာ"

"ငါနဲ့ မတွေ့ခဲ့ရင် ကိုယ့်ဖောက်သည် သူများဆီပါသွားဖို့ ကျိန်းသေတယ်။ ဒါကြောင့် ဖြစ်နိုင်သမျှ သွားနိုင်အောင် စဉ်းစားပေးစေချင်တယ်၊ ခုနကပြောသလို ငါ တက်ခတ်သားလုပ်မယ်၊ မြို့ကအပြန်ကတော့ မင်းဆီ လှေကြုံစီးမယ့်လူတွေများတာ ငါ သိတယ်"

ကိုထွန်းကျော် စကားဆုံးသောအခါ ချက်ကြီးက မျက်စိကလယ်ကလယ်နှင့် နားမလည်သလို ကြည့်နေပြန်၏။

"နေပါဦး ဆရာရယ်၊ နွေရာသီကျောင်းပိတ်ရက်ဖြစ်လို့ ဆရာအားနေမယ်ပဲ ထင်တာ၊ အလုပ်ရှိရင်လည်းပဲ ရုံးကိစ္စဖြစ်ရမှာပေ့ါ၊ ဘယ့်နှယ် အခုဆရာပြောသမျှမှာ အရောင်းအဝယ်ပဲဖြစ်နေတော့ နားမလည်တော့ဘူးရယ်"

ချက်ကြီးစကားကြောင့် ကိုထွန်းကျော် တစ်ချက်တွေသွားရာက ချက်ချင်းပြုံးလိုက်သည်။

"ဟား ဟား ဟား ချက်ကြီးရာ၊ ဘဝကို ပုံသေမတွက်နဲ့ ဒီရွာက ပြောင်းခဲ့ပြီးတဲ့နောက်ပိုင်း သိပ်မကြာခင် ငါ ကျောင်းဆရာအလုပ်က ထွက်လိုက်တယ်၊ ရေခူ၊ ငါး၊ ပုစွန်၊ ဂဏန်း ဒိုင်ခွဲတွေဖွင့်ပြီး အရောင်းအဝယ်လုပ်နေတာ၊ အခုလည်း ကွျန်းကိုဆင်းပြီး ပုစွန်ကန်တွေက ပုစွန်တွေကို ချုပ်ဝယ်ဖို့ ရောက်လာတာလေ၊ ငါ့မှာ အခု ကျောင်းကိစ္စလို့မှ မရှိတော့တာ၊ ပီတိကိုစားရင်း အားကုန်လာလို့ ကောင်းနိုးရာရာ စမ်းတဝါးဝါးလုပ်ကြည့်နေတာပေ့ါ ရှင်းပြီလား၊ ကဲပါကွာ ဒီအကြောင်းတွေကို လှေပေါ်မှာ ဆက်ပြောကြမယ်၊ မင်းကကော အုန်းသီးတွေ လှေပေါ်ချဖို့ သေချာပြီလား ချက်ကြီး၊ မြန်သွားအောင် ငါလည်း ဝင်ကူရအောင်လို့"

◆

အုန်းသီးတင်လှေကြီး၌ ကိုထွန်းကျော်နှင့် ချက်ကြီးတို့၏ ရွှေမြို့တော်သွား ရေလမ်းခရီး။

မြစ်ပြင်ကျယ်ကြီးကို ညနေခင်းနေချိုချိုတွင် ဖြတ်သန်းရသဖြင့် လေပြည်လေညင်း ဆော်သွင်းကာ သာတောင့်သာယာရှိလှသည်။ အခုတော့ ချက်ကြီးတို့ အုန်းသီးလှေက တောင်ကုတ်ချောင်းဝသို့ ဝင်ခဲ့ပြီ။ တုံ့တုံ့ယုံ့ယုံ့နှင့် နှေးကွေးလေးလံသည့် ဖျားတက်ဒီရေကြောတွင် မျောနေသည့် လှေကအစာဝအိနေသည့် မြွေကြီးတွားသွားနေသည့်

**ဆရာထွန်းကျော်ကို အားမကျဘူးလား ငါ့သားရာ၊ ပညာနဲ့အသက်မွေးတော့ ဘယ်လောက်များ သက်သာလိုက်သလဲလို့၊ အချိန်တန်တော့ မြို့ပေါ်တက် လစာထုတ်၊ ကြော့ကြော့ မော့မော့နဲ့ စားချင်တာ ဝယ်စား၊ ဝတ်ချင်တာ ဝယ်ဝတ်၊ ရွာမှာဆိုလည်း . .**



နှယ် လှုပ်လီလှုပ်လဲ့။ သည်နေရာက နေ ငါးမိုင်ခန့်ဝေးသေးသည့် မြို့မှ ပန်းမြောက်တောင်စေတီကို ဖွေးဖွေး ဖြူဖြူဖူးတွေ့နေရသည်။ သည်နှုန်း အတိုင်း သွားလျှင်ဖြင့် နောက်ထပ် အနည်းဆုံး သုံးနာရီ။

လှေကို ပဲ့ကိုင်လာသည့်ချက်ကြီးက ကိုထွန်းကျော်၏ တက်ခတ် နေပုံကို ကြည့်ကာ စိတ်ပျက်လှပြီ။ ခတ်တက်ဆိုသည်က သာမန်လှော် တက်ထက် အရိုးအရွက်ပိုကြီးကာ ထိုကြီးမားမှုကိုပင် အားသာချက် ယူ၍ သူ့အလေးနှင့်သူ အားခပ်ပါပါ ခတ်တတ်ရသည်။ သို့မဟုတ်လျှင် ခတ်တက်၏ ကြီးမားမှုက တက် ခတ်သူကို ကသိကအောက်ဖြစ်စေ၏။ ယခု ဆရာထွန်းကျော်ကို ကြည့် ရသည်မှာ ခတ်တက်ကို စီးစီးပိုင်ပိုင် မရှိလှပေ။ တက်ချက်လှော်အား ပျော့သည့်အထဲ တက်ပြားကရေမှာ တွဲလဲလိုက်ပြီး ထစ်ငေါ့နေ၍ လှေ အသွားနှုန်းကို ဆွဲထားသကဲ့သို့ ဖြစ် နေသေးသည်။ ထို့ကြောင့် ချက်ကြီး ကပင် ပဲ့ကိုင်ရင်းဖြင့် ကျိတ်၍ လှော်ရသည်။ စကတည်းက သည် အတိုင်းဖြစ်မည်ဟု မျှော်လင့်ထားပြီး ဖြစ်ရာ ချက်ကြီးအဖို့ ဘာမျှမထူး ဆန်း။

“ဆရာက တက်ခတ်နိုင်မှာ မဟုတ်ဘူးဗျ။ ပဲ့ကိုင်ပြီးတော့ လိုက်ပါလားဗျာ။ သက်သောင့် သက်သာလည်း ဖြစ်မယ်။ ကျွန်တော် ပဲ ခတ်တက်နဲ့ အသားကုန်ဆွဲလှော် မယ် သိလား”

လှေထွက်ခါနီးမှာ ချက်ကြီးက လက်ရုံးဆန့်တန်းပြရင်း တက်ခတ် ဖို့ တောင်းဆိုခဲ့သေးသည်။

“ဖြစ်မှာ မဟုတ်ဘူးချက်ကြီးရ၊ ဒီလမ်းကြောင်းမှာက ငါက သွားနေ ကျမဟုတ်တော့ ရေအူကြောင်းကို မသိဘူး၊ သောင်ကမ်းတင်တာတို့ ရေမြုပ်ငုတ်တွေ ကျောက်တွေ တိုက်မိတာတို့ တစ်ခုခုဖြစ်သွားရင် ဒုက္ခတွေ့မှာလေ၊ မင်းပဲ ပဲ့ကိုင်စမ်း ပါကွာ၊ ငါက တက်ခတ်တာ မင်း လောက် မကျွမ်းကျင်ရင်သာ နေ မယ်၊ အားကုန်ထုတ်သုံးမှာပေါ့၊ ငါ့ကို ယုံကြည်စမ်းပါဟ”

တကယ်ဆိုလျှင် ကိုထွန်းကျော် ကို တက်ခတ်သားနေရာပေးထားရ ခြင်းအပေါ် ချက်ကြီးအားတုံ့အားနာ ဖြစ်မိသည်။ တက်ခတ်ရသည်မှာ ပင်ပန်းသဖြင့် အကြမ်းသမားများနှင့် သာ သင့်လျော်၏။ ကျောင်းစာသင် ခန်းက အရိပ်အောက်မှာ မြေဖြူ ကိုင်နေခဲ့သည့်လက်များက တက် ခတ်ဖို့ သန်မာပုံမပေါ်သေးချေ။

“မင်းဟာ နွားလောက်တောင် အသုံးမကျဘူး။ ဆရာထွန်းကျော် တစ်ယောက်လုံး အဘွားအိမ်မှာ လာနေပြီး စာပြပေးတာတောင် ငါးဆင်းမျှားရ၊ ငှက်ပစ်ထွက်ရနဲ့ ရှောင်ပြေးတယ်၊ ငါ့တုန်းက ရွာမှာ စာသင်ကျောင်းမရှိခဲ့လို့ စာမတတ် တာကွ၊ မင်းလို ကိုယ့်အိမ်မှာ ဆရာ နဲ့ အခန့်သားသင်ရလို့ကတော့”

“ဆရာထွန်းကျော်ကို အားမကျ ဘူးလား ငါ့သားရာ၊ ပညာနဲ့အသက် မွေးတော့ ဘယ်လောက်များ သက် သာလိုက်သလဲလို့၊ အချိန်တန်တော့ မြို့ပေါ်တက် လစာထုတ်၊ ကြော့ ကြော့မော့မော့နဲ့ စားချင်တာ ဝယ် စား၊ ဝတ်ချင်တာ ဝယ်ဝတ်၊ ရွာမှာ ဆိုလည်း ချစ်ချစ်ခင်ခင်နဲ့ ဟိုက ဒီကခေါ်ကျွေး၊ ဆရာဆိုတဲ့ဂုဏ်ကို ငါ့သားသာ ပိုင်ဆိုင်ခဲ့မယ်ဆိုရင် ဒီအဖေ အလုပ်လုပ်ရင်း သေစမ်း ပါစေ၊ ငါ့သားသာ ကြိုးစားစမ်းပါ၊ တံငါနားနီး တံငါ မုဆိုးနားနီး မုဆိုး ဆိုသလို မင်းကိုလေ ကျောင်းဆရာ ဖြစ်စေချင်လို့ ဘာမှမခိုင်းဘဲ ဆရာ ထွန်းကျော်အနီးမှာပဲ နေခိုင်းတာ သိလား”

ကိုထွန်းကျော် ရွာမှာ ကျောင်း ဆရာလာကျတုန်းက အားကျပြီး မောင်သောင်းကို ချောက်တစ်ခါ၊ ချော့တစ်လှည့် ဆုံးမခဲ့ရသည်များကို ချက်ကြီး လုံးဝမမေ့။ မောင်သောင်း က ပေတေပြီး ကျောင်းကထွက်ခဲ့၍ သာ သည်အတိုင်း ထိုင်ကြည့်နေရ သည်။ ကျောင်းဆရာဖြစ်စေချင် သည့် ဆန္ဒက လျော့မသွားသေးပေ။ ဆရာထွန်းကျော် ပြောပြခဲ့သည်များ ကိုလည်း အသည်းစွဲအောင် မှတ်မိ နေတုန်း။

“ပညာ သမာ အာဘာ နတ္ထိ တဲ့ မောင်သောင်းရေ။ ပညာနဲ့ တူညီတဲ့ အလင်းရောင်ဆိုတာ မရှိလို့ ဆိုတယ်၊ မဟောသဓာ ပညာ ရှိကိုပဲ ကြည့်၊ အမှန်တရားတွေကို ပညာနဲ့ ဖော်ထုတ်သွားတာလေ၊ လောကကို ရင်ဆိုင်ဖြတ်သန်းရာမှာ အမှားအမှန်ခွဲခြားသိမြင်ပြီး လူ့ဘဝ အချိန်ကို တန်ဖိုးရှိရှိ အသုံးချနိုင် အောင် ပညာနဲ့ ရှုမြင်ရတယ်။ ပညာ အသိကို ရအောင် စာတတ်ဖို့ လိုတယ်။ မင်းတို့တစ်ရွာလုံး စာတတ် ပညာတတ်ဖြစ်အောင် ဆရာက မင်းတို့ရွာမှာ ကျောင်းဆရာ လာလုပ်နေတာ၊ နောက်ပိုင်းမှာ မင်းတို့ကိုယ်တိုင် ပညာတတ်ပြီး ကျောင်းဆရာ ဆက်လုပ်ကြရမယ် နော်”

ကိုထွန်းကျော်၏ အဆုံးအမ စကားများကို ချက်ကြီးလည်း သဘောကျသည်။ ထို့ကြောင့်လည်း မောင်သောင်းကို ပညာတတ်လည်း ဖြစ်စေ၊ ကျောင်းဆရာလည်း ဖြစ်စေဖို့ စိတ်ထက်သန်ခဲ့ခြင်း ဖြစ်၏။

ယခုတော့ ချက်ကြီးမတွေး တတ် တွေးတတ်နှင့် နားဝေတိမ် တောင် ဖြစ်နေရပြီ။ ချက်ကြီးအား ကျခဲ့ဖူးသူ ဆရာထွန်းကျော်ကား ကျောင်းဆရာတစ်ဖြစ်လဲပြီး ကျောင်းစာမှာ အဖတ်ဆည်မရခဲ့ သည့် သူ့တပည့်ရင်းကြီးမောင် သောင်းကဲ့သို့ပင် ငါး၊ ပုစွန်၊ ဂဏန်း ရေခူတို့ကို လိုက်ရှာနေပါပကော။ ဆရာဟူသည် အနာဂတ်မျိုးဆက် သစ် ကျောင်းသားလူငယ်အပေါင်း တို့၏ ပဲ့ကိုင်ရှင်ဖြစ်ကြောင်း မောင် သောင်း၏ စာစီစာကုံးမှာ ဖတ်ခဲ့ရ တုန်းက ရေကြောင်းမှာ လှေလောင်း လှော်ခတ်သွားလာနေရသူ ချက်ကြီး တစ်ယောက် အကွင်းအကွင်း မုန့်တီဟင်းဆိုသကဲ့သို့ စိတ်ထဲ အထင်းသားမြင်ကာ သဘောအကျ ကြီး ကျခဲ့၏။

ဟောကြည့်၊ ယခုတော့ သူနှင့် မျက်နှာချင်းဆိုင်ထိုင်ကာ တက်ခတ် သားလုပ်နေသည့် ကျောင်းဆရာ လူထွက် ကိုထွန်းကျော်မှာမူ တက် ခတ်သားတို့ ထုံးစံအတိုင်း ဦးတည် ရာဆီ အမြဲညွှန်ပြသည့် လှေဦးကို ကျောခိုင်းလျက် ဖြစ်ကတတ်ဆန်း လှော်ခတ်ရင်း ချက်ကြီးပဲ့ကိုင်ရာသို့ ယုံကြည်စွာ လိုက်ပါနေချေသည် တကား။

**လှမြင့်အောင် (တောင်ကုတ်)**

ဒီမှာကြည့် ဖောင်ခေါက်မယ်ဆိုရင် စာမျက်နှာနံပါတ်တွေကို အရင်မမှားအောင် ဂရုတစိုက်နဲ့စစ်၊ ပြီးရင် စာဖောင်ရဲ့ အငယ်ဆုံးစာမျက်နှာကို အပေါ်ဆုံးအမြင့်မှာထား၊ အခု အစ်မတို့ခေါက်တဲ့ ရုပ်ပြစာအုပ်က ရှစ်မျက်နှာ တစ်ဖောင်ဆိုတော့ နံပါတ်တစ်စာမျက်နှာကနေ နံပါတ်ရှစ်စာမျက်နှာအထိကို ခေါက်လိုက်ရင် ဖောင်နံပါတ်တစ်ပြီးပြီ၊ နောက်စာမျက်နှာကိုးကနေ စာမျက်နှာဆယ့်ခြောက်အထိက ဖောင်နံပါတ်နှစ်၊ ရှစ်မျက်နှာခြားစီပေါ့ဟာ၊ အဲဒီရှစ်မျက်နှာခြားစီကို ဖောင် တစ်၊ နှစ်၊ သုံးဆိုပြီး ဖောင်မခေါက်ခင် စာမျက်နှာအစဉ်လိုက် သေသေချာချာကြည့်ပြီး တစ်ပုံချင်းစီပုံရတယ်၊ ပြီးတော့ တစ်ဖောင်ချင်းကို မမှားအောင် စာမျက်နှာတွေကို စစ်ပြီးခေါက်ပေတော့-

ပါးစပ်ကတရစပ်ပြောရင်း စာရွက်ကိုခေါက်ပြနေတဲ့ မကြီးထားသင်ကြားပေးနေတာကို ခင်မေစေ့စေ့စပ်စပ်လိုက်မှတ်ရင်း စာဖောင်စာရွက်တွေကို လိုက်ခေါက်နေမိသည်။ သူ့ရဲ့ဘေးတစ်ယောက်ခြားမှာလည်း မစူရီက နွဲ့ရီကို ဖောင်ခေါက်နည်းသင်ပေးနေတာကို တွေ့နေရသည်။ ဒီအလုပ်ကို တစ်ရက်တည်းအတူတူ ဝင်လုပ်ခဲ့ကြသူများဖြစ်ပြီး ဘဝတူခြင်းလည်းဖြစ်၍ ခင်မေနှင့်နွဲ့ရီတို့နှစ်ယောက်မှာ တခြားသူများထက် ပိုမိုခင်မင်မိကြသည်။

စာအုပ်ချုပ်အလုပ်ကို ယခုမှစလုပ်ဖြစ်သည့်အတွက် သူတို့နှစ်ယောက်လုံး ပညာသင်နေ့စားအနေဖြင့် အလုပ်အစအဆုံးကို တောက်တိုမယ်ရ ဝိုင်းလုပ်ပေးနေရခြင်းဖြစ်သည်။ တခြားအလုပ်တွေမရှိ၍ အားနေချိန်များတွင် စာဖောင်ခေါက်တာသင်ပေးရန် အလုပ်ရှင်ဦးညီညီမှာထားသည့်မို့ စာမျက်နှာမမှားအောင် စာဖောင်စီပုံတွေ၊ ဖောင်ခေါက်ရမယ့် လက်အနေအထားတွေကို ရသလောက်အချိန်မှာ ဖောင်ခေါက်ဝါရင့်နေပြီဖြစ်တဲ့ မကြီးထားနဲ့





ဝတ္ထုတိုရသ



မစုရီတို့က လုပ်ပြရင်း သင်ပေးနေကြခြင်းဖြစ်သည်။

"အစ်မထားတို့ခေါက်ထားတဲ့ စာရွက်ခေါက်လေးတွေက ထပ်ထားရင် ခေါးစက်ဖြတ်ထားသလို ညီညီညာညာနဲ့ကြည့်လို့သိပ် ကောင်းတာပဲနော်၊ ပြီးတော့ မြန်လိုက်တာမှ စာရွက်သံလေးတွေက ရွှီးခနဲရွှီးခနဲနဲ့ တရုတ်သိုင်းကားတွေထဲက ခါးသမားတွေ ဓားသမားတွေ ဓားကစားနေတာ ကြနေတာပဲ၊ ခင်မေလည်း အဲဒီလို စာဖောင်တွေကို ခေါက်တတ်ချင်လိုက်တာ"

ခင်မေရဲ့အားကျသံနဲ့ ပြောလိုက်တဲ့ စကားကို နားထောင်ပြီး မကြီးထားက ဘာမှမပြောဘဲ ပြုံးနေသည်။ ဘေးကဘိုင်းနင်းခုံမှာနွဲ့ရီကို သင်ပေးနေတဲ့ မစုရီက ရယ်ကျဲကျဲ မျက်နှာနဲ့ ပြန်ပြောလိုက်သည်။

"ဟဲ့ ခင်မေရဲ့၊ ငါတို့ဖောင်ခေါက်သက်က နင့်အသက်လောက်ရှိနေတာကိုလည်း ထည့်ပြောဦးလေ၊ နင်ပြောသလို တရုတ်သိုင်းကားထဲက ဓားသမားတွေသာ ငါတို့ဖြစ်ခဲ့ရင့် ငါတို့ရဲ့အဆင့်က အခုလောက်ဆို ဝူတန်တို့ လောက်ငူဂိုဏ်းတွေရဲ့ ဂိုဏ်းချုပ်တွေ တောင် ဖြစ်နေလောက်ပြီ၊ ဟုတ်တယ်မလား မထား"

"အင်း ဝူတန်တို့ လောက်ငူဂိုဏ်းတွေမှာ ဂိုဏ်းချုပ်ဖြစ် မဖြစ်တော့ မသိဘူး၊ တရုတ်သိုင်းကားတွေထဲက နာမည်ကြီးဂိုဏ်းတစ်ဂိုဏ်းဖြစ်တဲ့ သူတောင်းစားဂိုဏ်းမှာတော့ ကျိန်းသေဖြစ်နိုင်လောက်တယ်"

မစုရီစကားအဆုံး မကြီးထား ဘာမှမပြောခင် ဆယ်ချိုးစာအုပ်အတွက် စာဖောင်တွေ ဖြတ်ပေးနေတဲ့ ခါးစက်ခုံပေါ်က အောင်ဝင်းရဲ့ အသံကျယ်ကြီးနဲ့ အော်ပြောလိုက်သံကြောင့် အလုပ်လုပ်နေသူအားလုံး၏ ရယ်မောသံကြီးဟာ အောင်ဝင်းကို မစုရီ၏ မသာလေးဆိုသည့် ထောပနာပြုသံအား ဖုံးလွှမ်းသွားတော့သည်။ ခင်မေအတွက်တော့ မိသားစုလေးတစ်စုလို ဖြစ်နေသည့် ဒီစာအုပ်ချုပ်အလုပ်ကို အဖေ့ကြောင့် ဝင်လုပ်ခွင့်ရတာမို့ စိတ်ထဲကနေ အဖေ့ကို ကျေးဇူးတင်နေမိသည်။ နောက်ပြီး အဖေ့ကို သတိရရင်း မျက်ရည်များပင် ဝဲလာမိတော့သည်။

♦

အခုလာမည့် ၁၁ လပိုင်းဆိုလျှင် ခင်မေအသက် ၁၆ နှစ်ပြည့်ပြီ ဖြစ်၏။ အဖေရှိစဉ်တုန်းက အဖေအလုပ်ဆင်းသော စာအုပ်ချုပ်အလုပ်ကို ခင်မေထမင်းချိုင့်ပို့ရင်း မကြာခဏရောက်ဖူးခဲ့သဖြင့် အလုပ်ထဲမှ လူအတော်များများနှင့် ရင်းနှီးနေခဲ့သည်။ သူမနှင့် သက်တူရွယ်တူများ အလုပ်လုပ်နေကြသည်ကိုတွေ့တိုင်း ပိုက်ဆံအမြဲလိုအပ်နေသည့် မိသားစုအတွက် ကိုယ်တိုင်ဝင်ရောက် လုပ်ကိုင်ချင်စိတ်များ ခင်မေ့စိတ်ထဲ ဖြစ်ပေါ်လေ့ရှိသည်။ သူမ၏ အလုပ်လုပ်လိုစိတ်ကို အဖေသိအောင်ဖွင့်ပြောပြတိုင်း "ပညာတတ်ကြီးဖြစ်အောင် အရင်လုပ်ပါ သမီးရယ်၊ ဒါမှ သမီးညီမလေးနဲ့ မောင်လေးကို သမီးကြီးရဲ့ လုပ်ရပ်အပေါ် စံနမူနာပြုပြီး အဖေဆုံးမလို့ရမှာ၊ တစ်နှစ်မှ စာမေးပွဲမကျဘဲ ကိုယ့်အသိစိတ်နဲ့ ကိုယ် ကြိုးစားပြီး စာတော်တဲ့ သမီးမို့ အဖေမျှော်လင့်မိတာပါ။ ဆယ်တန်းအောင်ပြီးမှ အလုပ်ဝင်လုပ်နော် သမီးကြီး"ဆိုသည့် ခေါင်းတစ်ခါခါရမ်းရင်း ပြန်ဖြေသော အဖေ၏ စကားသံများကို ကြားနေရမြဲပင်။

အဖေ၏ မျှော်လင့်တက်ကြွနေသော မျက်လုံးအစုံကိုကြည့်ရင်း ခင်မေကိုးတန်းစာမေးပွဲကို ကြိုးကြိုးစားစားဖြေဆိုခဲ့၏။ ကိုးတန်းစာမေးပွဲအောင်စာရင်းမထွက်ခင်မှာပင် အဖေရုတ်တရက် ကွယ်လွန်သွားသဖြင့် သူမ၏ ကိုးတန်းစာမေးပွဲအောင်ခြင်းကို အဖေ သိမသွားရှာခဲ့ပေ။ အဖေဆုံးပြီး ကလေးသုံးယောက်နှင့် ကသီလင်တဖြစ်နေသည့် အမေ့ကိုသနား၍ အဖေလုပ်ခဲ့သော အလုပ်ရဲ့ အလုပ်ရှင်ဦးညီညီက ခင်မေကိုခေါ်ပြီး အလုပ်လုပ်ခိုင်းတာကြောင့် ခင်မေ အခုအလုပ်ကို ရရှိနေခြင်းဖြစ်သည်။ ခင်မေ ကျောင်းထွက်ပြီး အလုပ်လုပ်နေခြင်းကို တမလွန်မှ အဖေသာသိလျှင် မည်သို့မျှ စိတ်ကောင်းနိုင်မည်မဟုတ်ပေ။

"ဟော့ ခင်မေ ဘာငိုင်နေတာလဲ၊ နင့်ကိုငါခေါ်နေတာကြာလှပြီ၊ ဘာလဲ. . . အိမ်အကြောင်း တွေးနေပြန်ပြီလား၊ တော်တော့ ရပ်အမြန်၊ အခုချက်ချင်း နင့်ရှေ့က စာရွက်ပုံကို ဟိုဘက်နည်းနည်းရွှေ့လိုက် အဲဒီကြားမှာ ဖောင်နံပါတ်ကိုးထားရမှာ၊ ဒီမှာ ချဖို့နေရာကျပ်နေလို့ ဒါဘဲ ထပ်မပြောဘူး"

အဖေ့ဆီသို့ အတွေးရောက်သွားသော ခင်မေ့စိတ်ကို အကြောင်းသိ နွဲ့ရီက အလုပ်ရှင် ဦးညီညီပြောတဲ့လေသံအတိုင်း နောက်ပြောင်ပြောရင်း အလုပ်ထဲ စိတ်ပြန်ရောက်အောင် လုပ်ပေးလိုက်ခြင်းဖြစ်သည်။ နွဲ့ရီကိုပြုံးပြလိုက်ရင်း ရှေ့မှာရှိတဲ့ စာရွက်ပုံကို အသာမရွှေ့ပြီး နွဲ့ရီလက်ထဲက ဖောင်နံပါတ်ကိုးကို ယူ၍ ဖောင်နံပါတ်ရှစ်နဲ့တစ်ဆယ်ကြားမှာ နေရာချထားလိုက်သည်။

"ခင်မေနှင့်နွဲ့ရီ အဲဒီ ဆယ်ချိုးစာအုပ်ကို ခါးစက်ကဖြတ်ပြီးသားအစာသွပ်ဖောင်တွေနဲ့ အတူတူတစ်ပေါင်းတည်းထားနော်၊ ဟိုဘက်က ဆယ်ချိုးတက်ကျမ်းစာအုပ်က စာဖောင်တွေနဲ့ သွားမရောမိစေနဲ့၊ တစ်ခါတည်းစာတွေကို စစ်ပြီးမှချ၊ အောင်ဝင်းခါးစက်ဖြတ်ပြီးရင် ခေါက်ပြီးသားစာဖောင်တွေ သူ့ဖောင်နဲ့သူကြိုးချည်လိုက်တော့၊ ၅ နာရီထိုးတော့မယ်၊ အလုပ်တွေ လက်စသတ်ကြဟေ့"

အရင်က အဖေ့လက်ထောက် ဦးမောင်နိုင်က အဖေမရှိတော့လို့ စာအုပ်ချုပ်ခေါင်းဆောင်အနေနဲ့ အလုပ်အားလုံးကို စီမံခန့်ခွဲပေးနေရသည်။ ဦးမောင်နိုင်က သဘောကောင်းပြီး စိတ်ရှည်တာကြောင့် အလုပ်သမားအားလုံး၏ ချစ်ခင်မှုကို ခံရသည့်စာအုပ်ချုပ် ခေါင်းဆောင်တစ်ယောက်လည်းဖြစ်သည်။စာဖောင်တွေအားလုံး သူ့နေရာနဲ့သူနေသားတကျထားပြီးချိန်မှာ ခင်မေတို့ရဲ့တစ်နေ့တာ အလုပ်ပြီးဆုံးသည့် အလုပ်သိမ်းချိန် ၅ နာရီခွဲသွားပြီဖြစ်သည်။

♦

ဒဂုံတောင်ပိုင်း ၇၂ ရပ်ကွက်တွင်နေသော ခင်မေ့အနေဖြင့် ဒဂုံတောင်မြောက်လမ်းဆုံကို ကားစီး၊ ထိုမှ တိုးကြောင်လေးဘူတာသို့ လမ်းလျှောက်၊ နောက် သူမအလုပ်ရှိရာ ကံဘဲ့ဘူတာသို့ မြို့ပတ်ရထားစီးရင်း နေ့စဉ်လိုပင် အလုပ်အသွားအပြန်လုပ်နေရ၏။ အလုပ်ဆင်းရမည့်နေရာက မြို့ပတ်ရထားဘူတာနှင့် နီးနေသည့်အတွက်ကြောင့်လည်း ခင်မေ့အတွက် နေ့စဉ်ခရီးစရိတ် ခေါင်းခဲစရာကို အထိုက်အလျောက် ဖြေရှင်းပြီးသား ဖြစ်စေခဲ့သည်။

ပုံနှိပ်ပြီးစက္ကူထုတ်များသယ်၊ သယ်ပြီးသောစက္ကူထုတ်များကို ဖောင်ခေါက်မည့်သူများအတွက် နေသားတကျနေရာချပေး၊ စာအုပ်အတွက်ရေခံကော်ကပ်စသည့် စာအုပ်ချုပ်ခြင်းနှင့်ဆိုင်သော တောက်တိုမယ်ရအလုပ်များကို ကန်စွန်းရွက်တစ်လှည့် ပဲပြုတ်တစ်ခါ သာထည့်နိုင်ခဲ့သော ကော်ထမင်းဗူးလေးမှ ထမင်းစားသည့်အချိန်နှင့် နေ့လယ် ၂ နာရီလက်ဖက်ရည်သောက်ချိန်ခဏသာနားပြီး တစ်နေ့ကုန် ဆက်တိုက်နီးပါး အလုပ်လုပ်ခဲ့ရသဖြင့် ညပိုင်းအိမ်ရောက်ချိန်တွင် ခင်မေ့ဗိုက်ထဲ တဂွီဂွီဆာလောင်နေပြီဖြစ်၏။ ဆာလောင်နေသော ဗိုက်ကို ခဏမေ့ထားရင်း အကျႌအဝတ်အစားပင် မလဲနိုင်ဘဲ ညစာအတွက် ချက်ပြုတ်နေသော အမေရှိရာ မီးဖိုချောင်သို့ ခင်မေဝင်ကူရပြန်သည်။

"အမေ ရော့၊ ဒီနေ့ရတဲ့ လုပ်ခထောင့်နှစ်ရာထဲက ခုနစ်ရာကို အမေယူ၊ မနက်အတွက်လမ်းစရိတ်သုံးရာ သမီးသိမ်းထားလိုက်မယ်။ ကျန်တဲ့ နှစ်ရာကို အငယ်နှစ်ယောက်ကို မုန့်ဖိုးပေးလိုက်မယ်နော်"

"အေး အေး"

အမေက ချက်လက်စ ပဲနီလေးဟင်းအိုး မြန်မြန်ကျက်အောင် ထင်းထပ်ထည့်ပြီးမှ ခင်မေ့လက်ထဲက ပိုက်ဆံကို လှမ်းယူလိုက်သည်။ အမေ့နဖူးပြင်က ချွေးသီးလေးများကိုကြည့်ရင်း ကျက်ပြီးစထမင်းအိုးပေါ်တင်ထားတဲ့ ဝါးယပ်တောင်ကို လှမ်းယူပြီး ခပ်ပြင်းပြင်းလေး ခပ်ပေးနေလိုက်သည်။ ပြီးမှ ဘေးမှာထိုင်နေသော အမေ့ကို ခင်မေ

> ခင်မေရယ် လက်ဖက်ရည် သောက်ချိန်တိုင်း မစုရီကို အရှုံးအမြဲပေးပြီး ငါကိုယ်တာထဲက လက်ဖက်ရည် တစ်ငုံ ဘာဖြစ်လို့တိုက်လဲ နင် သိလား . . .

လှမ်းပြောလိုက်သည်။

"အမေ နားတော့ သမီးဆက်လိုက်မယ်၊ ဒီနေ့ အမေရော တွက်ခြေကိုက်ရဲ့လား"

''သိပ်တွက်ခြေမကိုက်ဘူး သမီးရဲ့၊ ရေမလာလို့ အဝတ်မလျှော်ရတဲ့အိမ်နဲ့ မီးပူတိုက်နေရင်း မီးပျက်သွားလို့ ဆက်မတိုက်ဖြစ်တဲ့ အိမ်နဲ့၊ ဒီနေ့ လုပ်ခနည်းနည်းပဲ ရတယ်၊ အငယ်ကောင်က အမေချက်တဲ့ ပဲနီလေးဟင်းမစားရတာကြာပြီ ဆိုလို့ ရှိတဲ့ပိုက်ဆံနဲ့ သူစားချင်တာလေး ဝယ်ချင်နေတာလေ"

"အမေ့သားက ပဲထဲမှာ တောင်ဈေးအကြီးဆုံး ပဲနီလေးမှ ကြိုက်တာနှယ်နှယ်ရရတော့ မဟုတ်ဘူးနော်၊ အမေ. . . ဒါနဲ့ အငယ်နှစ်ယောက်လုံး မမြင်ပါလား၊ စာရော ကျက်ရဲ့လား"

''အမေပြန်ရောက်တော့မှ စာကျက်တာပြီးသွားတာ၊ စာကျက်ပြီးတာနဲ့ အလတ်မရင်မေက မိသက်တို့အပ်ချုပ်ဆိုင်ဘက်ထွက်သွားလေရဲ့၊ အဲဒီမှာ ဝင်ကူရင်း စက်ချုပ်ရင်း စက်ချုပ်တာတွေ လိုက်မှတ်နေမှာပေါ့၊ သူ့ဝါသနာလည်း သမီးအသိသားနဲ့၊ ဟိုအငယ်ကောင်တင်မောင်ကတော့ ထုံးစံအတိုင်း ၄-လမ်းထိပ်ဂိမ်းဆိုင်မှာ သူငယ်ချင်းတွေ ကစားတာ ထိုင်ကြည့်နေမှာပေါ့ သမီးရဲ့"

အမေ့ရဲ့အဖြေစကားကို နားထောင်ရင်း ခင်မေအတွေးထဲ အခုမှ ၇-တန်းနှင့် ၅ တန်းသာရှိသေးသည့် အငယ်နှစ်ယောက်အတွက် ကြိုးစားအလုပ်လုပ်ရင်းပိုက်ဆံရှာရဦးမည်ဟု တွေးတောနေမိသည်။ ကျန်းမာရေးမကောင်းသော အမေ့ကိုလည်း သူများတကာတွေအိမ်သို့ သွားကာ အဝတ်လျှော်၊ မီးပူတိုက် လုပ်ပေးနေရသည့် အလုပ်မှ ခင်မေ အနေနှင့် အနားယူစေချင်ပေပြီ။ သို့သော် သူ၏ ပညာအရည်အချင်းနှင့် ငယ်ရွယ်သောအသက်ကြောင့် ယခုဝင်ငွေထက်ပိုသော အလုပ်ကို မရှာဖွေနိုင်ခဲ့ပေ။ အဝတ်လျှော်၊ မီးပူတိုက်အလုပ်ကို အချိန်ပိုင်းလိုက်လုပ်နေသော အမေ့ဝင်ငွေကခင်မေတို့မိသားစု အတွက် အဓိက ဖြစ်၍ အမေအလုပ် မဖြစ်သောနေ့များတွင် ထမင်းတစ်လုံးသာ တည်ပြီး လမ်းထိပ်ဟင်းဆိုင်မှ ငါးပိရည်တို့စရာ သုံးရာဖိုးဖြင့် မိသားစုလေးယောက်ညစာ ဖြေရှင်းခဲ့ရသည့်ရက်များလည်းရှိခဲ့ဖူး၏။

"ဟင်း. . ."

''ဟဲ့ သမီးခင်မေ ဘာတွေတွေးပြီး သက်ပြင်းချနေတာလဲ၊ ပဲဟင်းအိုးဝေကျနေပြီ၊ ဟင်းအိုးဖုံးကို မြန်မြန်ဖွင့်လိုက်ဦး"

အတွေးများနောက်ပါသွားသဖြင့် ပစ္စုပ္ပန်အနေအထားကို ခင်မေမေ့သွားသည်။ အမေသတိပေးသံကြားမှ လက်နှီးစုတ်ကို ကိုင်ပြီး ပဲဟင်းအိုးအဖုံးကို ခပ်သွက်သွက်ဖွင့်လိုက်မိသည်။ ပဲစေ့လေးများအပေါ်သို့တက်ကာ ပွက်ပွက်ဆူနေသည့် ပဲနီလေးဟင်းကို ဇွန်းဖြင့် အသာမွှေကာ အပေါ့အငန် မြည်းလိုက်သည်။

"အတော်ဘဲ အမေရေ၊ ပဲဟင်းအိုး ချလိုက်တော့မယ်၊ နောက်ထပ် ဘာတည်စရာ ကျန်သေးလဲ"

''အားလုံးပြီးပြီ၊ မီးဖိုထဲက ထင်းတွေကို ထုတ်ပြီး ကျန်တဲ့မီးငွေ့လေးနဲ့ ရေနွေးအိုး ပြန်နွေးထားလိုက်တတော့၊ သမီးလည်းချွေးတိတ်အောင် ခဏစောင့်ပြီး ရေမိုးချိုးဖို့လုပ်၊ အငယ်နှစ်ယောက် ပြန်လာရင် အားလုံးစုပြီး ထမင်းစားကြတာပေါ့"

ခင်မေအမေ့ကို ခေါင်းညိတ်ပြလိုက်ရင် ရေချိုးဖို့ပြင်ဆင်လိုက်သည်၊ ရေချိုးအပြီး သနပ်ခါးလိမ်းနေချိန်တွင် အပြင်မှ ပြန်ရောက်လာသော အငယ်နှစ်ကောင်၏ အသံကို ခင်မေကြားလိုက်ရသည်။ အမေနှင့်အတူ ထမင်းဝိုင်းကူပြင်ပေးနေသော မောင်ငယ်က. . .

"ရှယ်ပဲဟေ့၊ ပဲနီလေးဟင်းရယ် ငါးပိရည်ရယ်ကို ထမင်းနဲ့နယ်ပြီး ဆွဲလိုက်တော့မယ်၊ အမေ့ကိုသားက အဲဒါကြောင့် ချစ်တာ"

"အပိုတွေပြောမနေနဲ့၊ ပဲဟင်းချက်ပေးလို့ ချစ်တဲ့သူကများ . . . ဟဲ့ နေဦးလေ၊ အမေနဲ့မကြီးကို ဦးချလိုက်ဦး"

''သိပါတယ် မလတ်ရာ၊ သားနေ့တိုင်းဦးချပြီးမှ စားတာပါနော်"

"ကဲ နှစ်ယောက်လုံး စကားပြောတာရပ်ကြ၊ နင်တို့အစ်မကို ခေါ်လိုက် ထမင်းစားတော့မယ်လို့"

"မကြီးရေ ထမင်းစားမယ်ဗျို့"

"မကြီးရေ ထမင်းစားလို့ရပြီ"


အငယ်နှစ်ယောက်၏ အသံမဆုံးခင်မှာပင် ခင်မေထမင်းစားပွဲသို့ ထွက်လာခဲ့သည်။ ရှိတာလေးနှင့် အဆင်ပြေအောင်စားတတ်သော အငယ်နှစ်ယောက်ကို ကြည့်ရင်း ခင်မေ့ရင်ထဲ စိတ်မကောင်းဖြစ်မိသည်။ ထမင်းစားရင်း ဘဝပေးအခြေအနေကို နားလည်သော ညီမငယ်နှင့် မောင်ငယ်လေးအတွက် ဒီဘဝမှလွတ်အောင် ဘယ်လိုကြိုးစားရမလဲဟု ခင်မေထပ်ပြီး တွေးနေမိပြန်သည်။ မိမိကိုယ်တိုင်အတွက်လည်း အဖေ အမြဲလိုလိုပြောခဲ့ဖူးသည့် "ပညာတတ်ကြီးဖြစ်အောင် အရင်လုပ်ပါ သမီးရယ်"ဆိုသည့် တမလွန်မှ အဖေမျှော်လင့်ချက်ကို ဖြည့်ဆည်း ပေးချင်နေမိသည်။

♦

"ခင်မေ မနက်ဖြန်ကျရင် ငါ အလုပ်ထွက်တော့မယ်"

"ဟင်"

စာအုပ်ချုပ်အလုပ်ကို တစ်ရက်တည်း အတူတူဝင်လုပ်ဖော် နွဲ့ရီ၏ စကားကြောင့် ခင်မေ့နှုတ်မှအံ့သြသင့်စွာ"ဟင်"ဟုပင် ထွက်သွားမိသည်။ နေ့လယ် ထမင်းစားအပြီး အနားဌဘယ်သူမှ မရှိချိန်ကို စောင့်၍ နွဲ့ရီက ခင်မေ့ကို တိုးတိတ်စွာပြောလိုက်ခြင်းဖြစ်သည်။ နှစ်နှစ်



ကျော်ခန့် တစ်နေ့ကုန် အတူတူ စလိုက်နောက်လိုက်ဖြင့် တတွဲတွဲ လုပ်ခဲ့သူ အချင်းချင်းမို့ သံယောဇဉ် ရှိနေခြင်းကြောင့်လည်း ခင်မေ့စိတ်ထဲမကောင်းဖြစ်သွားမိသည်။

"ဘာဖြစ်လို့ထွက်လာမှာလဲ နွဲ့ရီရာ၊ အခုနင်ဖောင်ခေါက်လည်း ကျွမ်းကျင်လာပြီပဲ၊ ရွက်ရေတစ်ထောင်ခေါက်ရင် လေးရာနဲ့ တစ်နေ့ကို ရွက်ရေခြောက်ထောင်လောက်တောင် ခေါက်နိုင်နေပြီပဲဟာ၊ နောက်ဒီထက် မြန်လာရင် တစ်နေ့ လေးငါးထောင်ဝင်ငွေရှိတော့မယ့် ဥစ္စာ၊ စဉ်းစားပါဦးဟာ"

"ခင်မေရယ် ငါအများကြီး စဉ်းစားတာပေါ့။ ငါ့မိသားစုအကြောင်း နင်အစအဆုံးသိနေတာပဲ၊ လေဖြတ်ပြီး အိပ်ရာထဲလဲနေတဲ့ အဖေရယ် ပြီးတော့ ငါ့အောက်က အငယ်လေးယောက်ရယ်အတွက် ဒီအလုပ်ထက် ပိုက်ဆံပိုရမယ့် အလုပ်ကို မပြောင်းမဖြစ်ပြောင်းလုပ်မှ ဖြစ်တော့မှာမို့လို့ပါ။ အလုပ်ရှင်ဦးညီညီနဲ့ ဦးမောင်နိုင်ကိုတော့ လွှန်ခဲ့တဲ့ တစ်ပတ်လောက်ကတည်းက ပြောထားပြီးပြီ၊ ကျန်တဲ့လုပ်ဖော်ကိုင်ဖက် ဘဝတူသူတွေကို မနက်ဖြန်ကျမှ နင်ပြောပြလိုက်နော် သူငယ်ချင်း၊ ငါကိုယ်တိုင်ဖွင့်ပြောရင် ငိုမိမှာစိုးလို့ပါဟယ်"

အသံတုန်တုန်လေးဖြင့် ပြောနေတဲ့ နွဲ့ရီမျက်နှာလေးကို ကြည့်ပြီး ခင်မေကိုယ်တိုင်ပင် ငိုချင်သလို ဖြစ်လာမိသည်။ နွဲ့ရီစကားဆက်ဖို့ လုပ်နေတုန်းတွင် မကြီးထားတို့ အနားရောက်လာသဖြင့် နွဲ့ရီက ပြောလက်စ စကားကိုဖြတ်လိုက်သည်။ စာဖောင်ဆွဲရန်အတွက် ကိုယ့်နေရာကိုယ် သွားထိုင်ရင်း အလုပ်ဆက်လုပ်နေလိုက်သည်။ လက်က စာဖောင်ဆွဲနေပေမယ့် ခင်မေ့စိတ်ထဲ ပိုက်ဆံပိုရသည့် အလုပ်ဟု နွဲ့ရီပြောလိုက်သော စကားကို ကြားယောင်နေမိ၏။ အလုပ်သိမ်း၍ ညနေအိမ်ပြန်ချိန်တွင် နွဲ့ရီနဲ့အတူတူ လိုက်ပြန်ကာ အလုပ်အကြောင်းကို မေးကြည့်ပြီး အဆင်သင့်ပါက မိမိလည်း အလုပ်ပြောင်းသင့်က ပြောင်းလုပ်မည်ဟု စိတ်ကူးထားလိုက်မိသည်။

"အောင်ဝင်းကာဗာတွေကို လိုင်းချိုးလိုက်တော့၊ လေးလိုင်းချိုးနော်၊ စာအုပ်အနှောင့်ကိုလည်း သေသေချာချာတိုင်းဦး၊ ခင်မေက ဖောင်ခေါက်ပြီးရင် ကျန်တဲ့ဖောင်အရေအတွက်ကို ရေပြီး စာရင်းလုပ်ထား၊ နွဲ့ရီ ဒီဘက်ကိုလာ အဲဒီအစာသွပ်ဖောင်တွေကို သူ့အထပ်နဲ့သူ ရေပြီးထပ်ထားလိုက်၊ စာရင်းလည်းတို့ထားဦးနော်၊ မထားနဲ့ မစုရီ တစ်ယောက်က ကော်သုတ်၊ တစ်ယောက်က ကာဗာကပ်အနှောင့်တိုက်၊ အနှောင့်ကို လုံးမနေစေနဲ့၊ ဟိုဘေးက ကောင်မလေးတွေ စက္ကူဖြတ်စအသန့်တွေကို သတ်သတ်ထားပြီး အိတ်တစ်အိတ်ထဲထည့် ကျန်တဲ့ဖြတ်စအကုန်ကို ရောထားလိုက် နောက်မှ အိတ်ကြီးထဲကို ပေါင်းထည့်မယ်"

ဦးမောင်နိုင်ရဲ့ စေ့စပ်သည့် ခိုင်းစေမှုအောက် ခင်မေတို့ တစ်တွေရဲ့ လက်တွေမနားရတော့ပေ။ အလုပ်ထဲကို စိတ်ပြန်ရောက်သွားတဲ့ ခင်မေလည်း ဖောင်ကျန်တွေ စစ်လိုက် စာရင်းမှတ်လိုက်နှင့် သူ့ကို ခိုင်းထားသည့်အလုပ် မမှားယွင်းအောင် လုပ်နေမိတော့သည်။ လုပ်ရင်းကိုင်ရင်းပင် နေ့လယ် ၂ နာရီကျော်ကျော်လောက်ဖြစ်သွားသည်။ ထိုအချိန်ရောက်လျှင် စာအုပ်ချုပ်လုပ်ငန်းများ၏ ထုံးစံ လက်ဖက်ရည်သောက်ချိန် ခဏအနားရကြသည်။ တိုင်ကီလို့ခေါ်သည့် လက်ဖက်ရည်ချိုင့်ဆွဲမှာပြီး ပလတ်စတစ်ခွက် အသေးလေးတွေထဲ နည်းနည်းစီထည့်၍သောက်ကြခြင်းဖြစ်သည်။

"ဟဲ့ နွဲ့ရီ အရင်လို ဉာဏ်စမ်းစာအုပ်ထဲက မေးခွန်းတွေမေးတမ်းကစားဦးမလား ကျန်တဲ့သူတွေ ဝင်မဖြေကြေးနော်"

"ဘာလဲ ရှုံးတဲ့သူက နိုင်တဲ့သူကို လက်ဖက်ရည်တစ်ငုံတိုက်ကြေးပဲလား အစ်မစုရီ"

"အေးပေါ့ဟ"

မစုရီ သူလက်ဖက်ရည်ပိုသောက်ချင်သည့်နေ့တိုင်း စိန်ခေါ်နေကျ ဉာဏ်စမ်း ကစားနည်းကစားဖို့ နွဲ့ရီဘက်လှည့် စကားစလိုက်သည်။ ခင်မေတို့က မစုရီမေးသည့် မေးခွန်းတိုင်းမသိဘူးဟု ပြန်ဖြေရင်း အမြဲလိုလို ရှုံးတတ်သော နွဲ့ရီအား မကစားဖို့ ပြောတိုင်း ခေါင်းလေးတစ်ခါခါဖြင့် လက်ဖက်ရည်တစ်ငုံကို နွဲ့ရီက မစုရီအား တိုက်မြဲပင်။

"သောက်ရတာမှ နှစ်ငုံစာလောက်ရှိတဲ့ လက်ဖက်ရည်ကို လောင်းကြေးထပ်ကစားနေသေးတယ်၊ အံ့ပါ့၊ စုရီရယ် နင်ကလည်း ကလေးကို"

နားထောင်နေတဲ့ မကြီးထားက ဝင်ပြောပေမယ့်လည်း နွဲ့ရီက ဘာမှမပြောဘူး။ ခပ်ပြုံးပြုံးနဲ့ မေးမယ့် မေးခွန်းကိုစောင့်နေပုံနဲ့ မစုရီကိုကြည့်နေသည်။ မစုရီက ဘာမေးရင်ကောင်းမလဲဆိုပြီး မေးစေ့ကို လက်ညှိုးနဲ့ထောက် စဉ်းစားပြီး . . .

"ကဲ နွဲ့ရီ အစ်မ မေးတော့မယ်နော်၊ ရှမ်းတိုင်းရင်းသားအမည်တစ်မျိုးနဲ့ နောက်က အရောင်တစ်ရောင်ပေါင်းထားတဲ့ မြို့တစ်မြို့ရဲ့ အမည်"

မျက်လုံးကလေးထောင့်ကပ်ပြီး စဉ်းစားနေသော ချစ်စရာကောင်းတဲ့ နွဲ့ရီကိုကြည့်ရင်း ယနေ့တစ်ရက်သာ မိမိတို့နှင့်အတူတူ အလုပ်တွဲလုပ်တော့မည် အကြောင်းတွေးမိကာ ခင်မေမျက်ရည်ဝဲချင်လာသည်။ အဖြေမရသဖြင့် ခေါင်းခါပြလိုက်သော နွဲ့ရီကြောင့် စုရီက သူ့လက်ဖက်ရည်ခွက်မှ လက်ကျန်လက်ဖက်ရည်ကို အကုန်မော့သောက်လိုက်ပြီး နွဲ့ရီ ရှေ့သို့သူခွက်ကိုထိုးပေးလိုက်သည်။ နွဲ့ရီက ပြုံးပြုံးတုံ့တုံ့ အမူအရာဖြင့် လက်ဖက်ရည်တစ်ငုံစာကျော်အောင် လောင်းထည့်ပေးရင်း မစုရီ ဖြေလာမည့်အဖြေကို စောင့်နေလိုက်သည်။

"ကဲ အဖြေပေးတော့မယ်နော်၊ သေသေချာချာမှတ်ကြ၊ ရှမ်းတိုင်းရင်းသားထဲမှာ ဓနုဆိုတာရှိတယ်၊ နောက် အရောင်ထဲက တစ်ရောင်က အဖြူရောင်၊ အဲဒီ တော့ ဓနုနဲ့ ဖြူပေါင်းထားတဲ့ ဓနုဖြူမြို့ပေါ့"

"ဟယ် ဟုတ်သားပဲ"

နွဲ့ရီရဲ့ "ဟယ် ဟုတ်သားပဲ" ဆိုသည့်စကားသံကို နားထောင်ပြီး လက်ဖက်ရည် လက်ကျန်တစ်ငုံစာကို အရသာခံသောက်နေတဲ့ မစုရီကိုကြည့်ပြီး အောင်ဝင်းက တစ်ခန်းထလာတော့သည်။

"သူများဝေစုကို သောက်လိုက်စားလိုက်ရမှ နေသာထိုင်သာရှိတဲ့ သူမျိုးတွေရဲ့ ခန္ဓာကိုယ်အနေအထားတွေဟာ များသောအားဖြင့် ဝတုတ်ဘုတ်ဆုံပုံမျိုးတွေ ပေါက်ကုန်တတ်တယ်နော် မကြီးထား၊ အခုလည်း ကြည့်ပါလား နွဲ့ရီဝေစုလက်ဖက်ရည်တစ်ငုံစာကို သောက်ရင်း ပြုံးနေလိုက်တာများ မစုရီပုံက သွားစွယ်နှစ်ဖက်က အကျရည်အနီရောင်တွေကပ်ပြီး သရဲကားတွေထဲက အချိုးမကျတဲ့ စည်ပိုင်းပုံခန္ဓာကိုယ်နဲ့ သွေးစုပ်ဖုတ်ကောင်ပြုံးနေသလိုပဲ၊ ပြီးတော့ . . ."

အောင်ဝင်းရဲ့ မခံချင်အောင် နောက်ပြောင်ပြောသံမဆုံးခင်မှာဘဲ မစုရီက သူ့နံဘေးက ဖောင်ခေါက်ရင်သုံးတဲ့ စလစ်ဒုတ်နဲ့ အောင်ဝင်းကို ကောက်ပေါက်လိုက်သည်။ ပြောလက်စစကားကိုရပ်ပြီး ရှောင်လိုက်တဲ့ အောင်ဝင်းကြောင့် အလုပ်အတွက်ပြောမလို့ရောက်လာတဲ့ ဦးမောင်နိုင်ရင်ဘတ်စလစ်ဒုတ်မှန်သွားတော့တာပေါ့။ အလုပ်သမားတွေအပေါ် အကြောင်းသိဦးမောင်နိုင်က ဘာမှမပြောပေမယ့် မစုရီက လက်အုပ်ကလေးချီပြီး မျက်နှာငယ်လေးနှင့် တောင်းပန်နေပုံက ဖိုးဝရုပ်ကြီး ခုန်ဆွခုန်ဆွဖြစ်နေသလို ရယ်စရာကောင်းနေတာကြောင့် အားလုံးရဲ့မျက်နှာတွေ ပြုံးစိစိဖြစ်ကုန်ကြသည်။ ဦးမောင်နိုင်ကိုယ်တိုင်လည်း မျက်နှာပိုးသတ်ထားတဲ့ မျက်နှာပေးဖြင့် . . .

"ကဲ အားလုံးအလုပ်စကြတော့၊ သုံးနာရီတောင် ထိုးတော့မယ်၊ အလုပ်မသိမ်းခင် စာအုပ်အကုန်လုံး အဖုံးအပြီးကပ်၊ ဒါမှ နောက်နေ့မနက်ကော်ခြောက်မှာ၊ ဒီညကော်သိပ်ပြီး မနက်ဖြန်စောစော စာအုပ်ဖြတ်နိုင်ဖို့လုပ်ကြ၊ အောင်ဝင်းပေးထားတဲ့ နမူနာဆိုဒ်အတိုင်း ဖြတ်နော်၊ ဗိုက်သားကို ဓားအဟောင်းနဲ့ ဖြတ်ပြီးမှ ဓားအသစ်လဲပြီး စာအုပ်ဖင်နဲ့ခေါင်းကိုဖြတ်၊ ဟဲ့ စုရီ နင်

ကလည်း မကြီးမငယ်နဲ့ ကလေးတွေကို မထိန်းဘဲ သူတို့နဲ့ အတူတူလိုက် ကစားနေတယ် မဟုတ်လား"

"ဟုတ်ကဲ့ ဟို မဟုတ်ကဲ့၊ အဲ မဟုတ်ပါဘူး ဆရာနိုင်"

ဦးမောင်နိုင်အမေးကို အမှားအယွင်းတွေနဲ့ ပြန်ဖြေလိုက်တဲ့ မစုရီကြောင့် မျက်နှာပိုးသတ်ထားတဲ့ ဦးမောင်နိုင်သာမက အလုပ်ဖော်တွေအားလုံး တဟားဟား ရယ်နေကြပေမယ့် အဲဒီရယ်သံတွေထဲ ခင်မေနဲ့ နွဲ့ရီတို့ရယ်သံက အသက်မပါဘူးဆိုတာကို ဘယ်သူမှ သတိမထားမိခဲ့ကြဘူးလေ။

♦

"ပိုက်ဆံအများကြီးမရပေမယ့် ပျော်စရာကောင်းတဲ့ လုပ်ဖော်ကိုင်ဖက်တွေနဲ့ လုပ်ရတဲ့ စာအုပ်ချုပ်အလုပ်ကို ငါလည်း ဘယ်ထွက်ချင်ပါ့မလဲ ခင်မေရယ်၊ ဒါပေမဲ့ ညပိုင်းလေးပဲလုပ်ပြီး မနက်ပိုင်းမှာ လေဖြတ်နေတဲ့ အဖေကို ပြုစုနိုင်မှာမို့ သွားလုပ်ရမှာလေ၊ မလွဲသာတဲ့ ငါ့မိသားစု အခြေအနေကြောင့်ပါ သူငယ်ချင်းရာ"

ညနေအလုပ်သိမ်းပြီး နေ့စဉ်ရထားစီးပြန်သောခင်မေကို နှုတ်ဆက်တဲ့အနေနဲ့ ဘူတာဘက်လိုက်ပို့ရင်း နွဲ့ရီက ပြောပြနေခြင်းဖြစ်သည်။ မိသားစု စားဝတ်နေရေးအတွက်ကြောင့် အလုပ်ပြောင်းရခြင်းအပေါ် နွဲ့ရီစိတ်မကောင်းဖြစ်နေမှန်း ခင်မေစိတ်ထဲ နားလည်သဘောပေါက်နေမိသည်။

"ဒါနဲ့ နင်က ဘယ်လို အဆက်အသွယ်နဲ့ အဲဒီအလုပ်ကို ဆက်စပ်မိတာလဲ၊ ပြီးတော့ ဘာလုပ်ရမှာလဲ"

"အိမ်နားက အစ်မကြီးတွေရဲ့ အဆက်အသွယ်နဲ့ မြို့ထဲက စင်တင်စားသောက်ဆိုင်မှာ လုပ်ရမှာလေ၊ သီချင်းဆိုပြီး ဆိုင်ကိုလာတဲ့သူတွေကို ဧည့်ခံပေးရတဲ့ အလုပ်ပေါ့ဟာ၊ ငါ့အသံကို စစ်တာအောင်လို့ အလုပ်ဝင်လို့ရတာလေ"

"နင့်အခက်အခဲနဲ့ နင်ဆိုတော့ ငါဘာမှ မပြောတော့ပါဘူး နွဲ့ရီရာ၊ အဲဒီလို ဆိုင်တွေကို လာတတ်တာက ညပိုင်းသောက်စားလာတဲ့သူကများတယ်လို့ ငါကြားဖူးထားတော့ ဘာပဲဖြစ်ဖြစ် သတိတော့မလွှတ်စေနဲ့ပေါ့ သူငယ်ချင်းရာ"

"အေးပါ ခင်မေရဲ့၊ ငါ့ အတွက် စိတ်မပူပါနဲ့၊ ငါ့ကိုယ်ငါထိန်းနိုင်ပါတယ်၊ နင့်ကိုငါတစ်ခုမှာခဲ့စရာရှိတယ်၊ အင်း မှာစရာဆိုတာထက် အကူအညီတောင်းဖို့ဆိုရင် ပိုမှန်လိမ့်မယ်"

နွဲ့ရီ၏စကားကို နားထောင်ပြီး ခင်မေက ခေါင်းညိတ်ပြလိုက်ရင်း. . .

"နင်နဲ့ငါကြားမှာ ဘာမှ စကားပလ္လင်ခံစရာမလိုပါဘူး နွဲ့ရီရာ၊ ဘာအကူအညီလဲ၊ ငါ အတတ်နိုင်ဆုံး ကူညီပေးပါ့မယ်၊ ပြောသာပြော သူငယ်ချင်း"

"အေးပြောပါ့မယ်၊ မစုရီမေးတဲ့ ဉာဏ်စမ်းမေးခွန်းတွေက ငါတို့ဖောင်ခေါက်ဆွဲပြီး လုပ်လာတဲ့ စာအုပ်တွေဆိုတော့ တော်တော်များများရဲ့အဖြေကို ငါသိထားပြီးသားလေ၊ နင်ကတောင် တစ်ခါတလေ သိရက်နဲ့ မဖြေနိုင်တဲ့ငါ့ကို မှတ်ဉာဏ်နည်းလှချည့်လား နွဲ့ရီဆိုပြီး ကရုဏာဒေါသနဲ့ အပြစ်တင်သေးတယ် မဟုတ်လား၊ ဒါပေမဲ့ ခင်မေရယ် လက်ဖက်ရည်သောက်ချိန်တိုင်း မစုရီကို အရှုံးအမြဲပေးပြီး ငါ့ကိုယ်တာထဲက လက်ဖက်ရည်တစ်ငုံဘာဖြစ်လို့တိုက်လဲ နင်သိလား"

နွဲ့ရီ၏ အမေးကို ခင်မေလုံးဝ နားမလည်နိုင်အောင် ဖြစ်သွားခဲ့၏။ သူ့အကူအညီတောင်းမည့် အကြောင်းကို မပြောဘဲ မစုရီအား လက်ဖက်ရည်တိုက်သည့် အကြောင်း စကားဦးလှည့်သွားသဖြင့် ခင်မေနွဲ့ရီကို ခေါင်းခါပြလိုက်သည်။

"လက်ဖက်ရည်အရမ်းကြိုက်ပေမယ့် နေ့တိုင်းဝယ်မသောက်နိုင်ပါဘူးဟယ်။ ငါက မိသားစုများတော့ အိမ်စရိတ်မလောက်မှာစိုးတာနဲ့ နေ့ခင်းဘက်အလုပ်ကတိုက်တဲ့ လက်ဖက်ရည်နှစ်ငုံစာလောက်နဲ့ ရသေ့စိတ်ဖြေနေနေရတာပေါ့ဆိုပြီး ငါ့ကို ဖောင်ခေါက်သင်ပေးရင်း မစုရီ ညည်းညည်းနေတာ အမြဲလိုလို ကြားနေရတယ်လေ၊ ငါကလည်းငါ့မိသားစုအခက်အခဲလည်းနဲ့ ငါဆိုတော့ ဘယ်လိုလုပ်ဝယ်တိုက်နိုင်မှာလဲ သူငယ်ချင်းရာ၊ အဲဒါကြောင့် နေ့လယ်ဘက်ရတဲ့ ငါ့ရဲ့ လက်ဖက်ရည်ကိုယ်တာထဲက မစုရီကို အမြဲတမ်းအရှုံးပေးပြီး တိုက်ဖြစ်နေတာပေါ့။ ငါ ဒီအတိုင်းရော့ မစုရီ သောက်ဆိုရင် သူကရော ငါ့ဆီက လက်ဖက်ရည်ကို ယူပြီးသောက်ပါ့မလား၊ ဘယ်လိုလုပ် သောက်ပါ့မလဲနော်၊ အဲဒါကြောင့် အမြဲလိုလို ရှုံးတတ်တဲ့ငါ့ကို နင်ကမကစားဖို့ ပြောတိုင်း ခေါင်းခါပြဖြစ်နေတာပေါ့ သူငယ်ချင်းရာ၊ ပြီးတော့ မစုရီက ငါ့ရဲ့ ဆရာလေ"

နွဲ့ရီ၏ မထင်မှတ်သောစကားကြောင့် ခင်မေအံ့အားသင့်သွားခဲ့သည်။ ကျေးဇူးတရားနဲ့ ဘဝတူခြင်းအပေါ် စာနာနားလည်တတ်သော နွဲ့ရီကိုလည်း ပိုမို ချစ်ခင်သွားမိသည်။ စကားအရှည်ကြီး ပြောလိုက်လို့ မောသွားပုံရတဲ့ နွဲ့ရီက ပါးစပ်ကလေးဟ လေတွေမှုတ်ထုတ်ရင်း သက်ပြင်းချလိုက်တာကိုလည်း တွေ့လိုက်ရသည်။

"အခု ငါအလုပ်ကထွက်ရင် ငါ့အစား နင်က မစုရီကို ဉာဏ်စမ်းမေးခွန်းတွေ မေးနိုင်ပြီး နင်ကိုယ်တာထဲက လက်ဖက်ရည် တစ်ငုံစာလောက်ကို တိုက်ပေးပါလား၊ ငါတောင်းချင်တဲ့ အကူအညီက အဲဒါပါ ခင်မေရာ၊ နင်လုပ်ပေးနိုင်တယ် မဟုတ်လား"

နွဲ့ရီ၏ရင်ထဲမှ အတွင်းစိတ်ကို ခင်မေသဘောပေါက်သွားသဖြင့် ခပ်သွက်သွက်ပင် ခေါင်းညိတ်ပြလိုက်သည်။ မျက်ရည်များရစ်ဝဲနေသော မျက်လုံးအစုံဖြင့် ပြုံးလိုက်သော နွဲ့ရီ၏ လက်ကို ခပ်တင်းတင်း ဆုပ်ကိုင်နှစ်သိမ့်လိုက်ရင်း. . .

"စိတ်ချ နွဲ့ရီ၊ ဒီအကူအညီက ငါ့အတွက် ဘာမှမပန်းကြီးတာမှ မဟုတ်တာ၊ ငါ နင့်ကိုယ်စား မစုရီအတွက် လုပ်ပေးပါ့မယ်"

"ခင်မေရယ်၊ ငါလေ ဘဝတူလုပ်ဖော်ကိုင်ဖက်တွေအတွက် အများကြီးကူညီချင်တယ်ဟာတကယ်၊ ဒါပေမဲ့ ငါကိုယ်တိုင်ပြည့်ပြည့်စုံစုံမရှိတော့ လက်တွေ့ဘာတစ်ခုမှ လုပ်ပေးနိုင်ခဲ့ဘူး၊ တတ်နိုင်တဲ့ အသေးအမွှား လက်ဖက်ရည်တစ်ငုံစာလေးလောက်နဲ့ ဘဝတူတွေရဲ့ဆန္ဒကို မသိမသာဖြည့်ပေးရင်းနဲ့ပဲ စိတ်ထဲ ဖြေသိမ့်နေရတာပေါ့။ ဒီအကြောင်းကို သူများတကာတွေကြားရင် ရယ်စရာတောင်ဖြစ်နေမလား မသိဘူးနော်"

"ဘယ်သူ့အတွက် ရယ်စရာဖြစ်ဖြစ် ငါကတော့ နင့်ရဲ့ စိတ်ဓာတ်ကို လေးစားတယ် နွဲ့ရီ၊ ဘယ်လိုပဲဖြစ်ဖြစ် စိတ်ထားနူးညံ့ပြီး သူတစ်ပါးအပေါ် စာနာတတ်တဲ့ ငါ့သူငယ်ချင်းတစ်ယောက် အလုပ်နေရာသစ်မှာ မိတ်ဆွေကောင်းတွေနဲ့ဆုံတွေ့ပြီး မိသားစုအတွက် ရည်မှန်းထားတဲ့ ရည်ရွယ်ချက်တွေ အမြန်ဆုံး အောင်မြင်ပါစေလို့ ငါဆုတောင်းပေး နေပါ့မယ်"

"ကျေးဇူးပါပဲ ခင်မေရာ၊ ဟောဟိုမှာ နင်စီးရမယ့် ရထားတောင်လာနေပြီ၊ ရော့ ခင်မေ ငါ့လုပ်မယ့် ဆိုင်ရဲ့ လိပ်စာနဲ့ဖုန်းနံပါတ်၊ နင် အခက်အခဲရှိလို့ အလုပ်လာလုပ်ချင်တယ်ဆိုရင် ငါ့ဆီကို ဖုန်းဆက်လိုက်၊ အတတ်နိုင်ဆုံး နင့်ကိုငါအကူအညီပေးမယ်၊ ငါအဆင်ပြေရင်လည်း နင်တို့ဆီလာခဲ့မယ်၊ ကဲ သူငယ်ချင်းတာ့ တာ့"

ဆုပ်ကိုင်ထားတဲ့လက်ကို ခင်မေဖြည်ပေးလိုက်ပေမယ့် နွဲ့ရီက ချက်ချင်းမသွားဘဲ၊ သူအားကိုးတဲ့လူတစ်ယောက်ကို လွှတ်ထွက်သွားမှာကြောက်တဲ့ ကလေးတစ်ယောက်ဖက်သလိုမျိုး ခင်မေကို လှမ်းဖက်ထားလိုက်သည်။ ခင်မေကလည်း နွဲ့ရီကို လက်နှစ်ဖက်ကမ်းပေးရင်း တင်းတင်းကျပ်ကျပ်လေး ပြန်ဖက်ထားလိုက်မိသည်။ တသိမ့်သိမ့် ရှိုက်နေသည့် ရင်နှစ်ခုကြောင့် ဖက်ထားတဲ့ ခင်မေနှင့်နွဲ့ရီတို့၏ ခန္ဓာကိုယ်နှစ်ခုလုံး တုန်တုန်ခါခါ ဖြစ်နေသည်ကိုတော့ သူတို့နှစ်ယောက် ခံစားသိရှိနေမိသည်။

သို့သော်. .

တုန်တုန်ခါခါ သူတို့ဘဝတွေအတွက် ဘယ်အချိန်တွင်မှ တည်တည်ငြိမ်ငြိမ်ဖြစ်စေနိုင်မည့် အနေအထားမျိုး ရောက်ရှိလာနိုင်မည်ဆိုသည်ကိုတော့ သူတို့ကိုယ်တိုင် တိတိပပ မသိရှိနိုင်ခဲ့ပေ။

ညိုရင်

# မန္တလေးအတွေး မန္တလေးအရေး



ကိုထွန်း
(လမ်း-၈၀)

## ကြိုတင်ဘွတ်ကင်လုပ်လိုက်ချင်

ပြီးခဲ့တဲ့ တန်ဆောင်တိုင်ညတုန်းကပေါ့။ အလုပ်လည်းအားလူလည်း အနား ရတဲ့အချိန်လေးမို့ ကိုယ့်မိတ်ဆွေတွေ အတူဆုံကြဖို့ စိတ်ကူးနဲ့ ညစာထမင်းဝိုင်းလေး စီစဉ်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ လေးနှစ်တုန်းကလည်း ဒီလိုမိတ်ဆုံထမင်းစားပွဲလေး ကျင်းပခဲ့ဖူးပါတယ်။ အဲဒီတုန်းက လားရှိုးကဒေါက်တာလင်းထွဋ်နဲ့ စန္ဒရားဆရာ ဦးသိန်းမောင်တို့လည်း မန္တလေးကို လာတာနဲ့ ကြုံနေတော့ ကျွန်တော်ဧည့်ခံတဲ့ ထမင်းစားဝိုင်းကအော်ဂင်သံ၊ သီချင်းဆိုသံတွေနဲ့ တော်တော်လေးစိုပြည် အိုလကေ သွားခဲ့တာကလား။ ရာသီဥတုက စိမ့်စိမ့်လေးအေးပြီး နေလို့ထိုင်လို့ ကောင်းရုံလေး။ ရွှန်းမြတဲ့ လရောင်အောက်မှာ ကျွန်တော်တို့ ဘိုးတော်တွေအားလုံး မေတ္တာဓာတ်တွေ ကူးစီးပြီး ငယ်မူငယ်သွေးတွေနဲ့ ပျော်ရွှင်နေခဲ့ကြပါတယ်။ ဒီနေရာမှာ ပြောစရာလေးရှိပါတယ်။ အများစုက နှစ်သစ်ကူးတွေ့ဆုံ ညစာစားပွဲတို့ သင်္ကြန်တွင်းဆုံတာတို့ လုပ်ပေမယ့် ကျွန်တော့်မှာတော့တန်ဆောင်တိုင်ညမှာ စီစဉ်ရခြင်းက အကြောင်းရှိတာကိုးနော့။

ကျွန်တော်တို့ ငယ်ဘဝက မန္တလေးမှာ သင်္ကြန်ပြီးရင် တန်ဆောင်တိုင်ရက်တွေကပျော်စရာအကောင်းဆုံးပါ။ တန်ဆောင်မုန်းလဆန်း (၁၄)ရက် (အဖိတ်နေ့) ရောက်ရင် စစ်ကိုင်းကို ကထိန်ခင်းသွားကြလို့ တစ်မြို့လုံး ချောက်ကပ်သွားလေ့ရှိပါတယ်။ အဲဒီညက စစ်ကိုင်းတောင်ဟာ မန္တလေးကပရိသတ်တွေနဲ့ ပြည့်နေပါတယ်။ ဒါပေမဲ့ နှစ်တွေလည်း ကြာညောင်း၊ခေတ်တွေလည်း ပြောင်းလဲသွားတဲ့အခါ အနေအထားတွေကလည်း ပြောင်းလဲသွားပါတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်

သူက ကိုထွန်းရဲ့ စာဖတ်ပရိသတ်
ဆိုတော့ လစဉ် ရတီမဂ္ဂဇင်း ထွက်တိုင်း
အငှားဆိုင်က အဦးဆုံးငှားပြီး
ကျွန်တော့်ရဲ့ မန္တလေးအတွေး၊
မန္တလေးအရေးထဲမှာ သူ့အကြောင်း
ဘာတွေများ ရေးထားသတုံးဆိုပြီး
ဖတ်သတဲ့။ မဟုတ်တာတွေ ရေးလို့တော့
အကြောင်းသိရစေ့မယ်တဲ့။
အလိုလေးဗျာ၊ ကြိမ်းဝါးလိုက်ပုံက
ကြောက်စရာပါလား။

လောက်ကစပြီး ရပ်ဝေးနေရာတွေကို ကထိန်သွားခင်းကြတာမျိုးတွေရှိလာပါတယ်။ ဒီလိုနဲ့ တန်ဆောင်တိုင်အချိန်ဆိုရင် မန္တလေးကထိန်တွေဟာ စစ်ကိုင်းကို တဖြည်းဖြည်းမေ့လျော့ သွားကြပါတယ်။ မူဆယ်တဲ့၊ မော်လမြိုင်တဲ့၊ ကျိုက်ထီးရိုးတဲ့၊ ငပလီတဲ့၊ အဲဒီလို ဝေးလံတဲ့ နေရာတွေအထိ ကထိန်ခင်းသွားကြတော့တာပါ။ အချို့က တောင်ကြီး တန်ဆောင်တိုင်ကို သွားကြပြန်ပါတယ်။ ဒီလိုနဲ့ နှစ်တွေ ပြောင်းရွှေ့လာရင်း လွန်ခဲ့တဲ့ ၅နှစ်လောက်ကထင်ရဲ့၊ ပြင်ဦးလွင်မှာ တန်ဆောင်တိုင်ရက် မီးပုံးပျံပွဲကျင်းပတော့ မန္တလေးကလူငယ်တွေ အဲဒီကိုရောက်သွားကြပါလေရော။ သွားရေးလာရေးကလည်း အရင်ကနဲ့ မတူတော့ဘူး။ ဆိုင်ကယ်တွေ ဖောချင်းသောချင်း ဖြစ်နေတာမို့ မိုင်လေးဆယ်လောက်ရှိမယ့် ပြင်ဦးလွင်ကို ဆိုင်ကယ်နဲ့ဒိုးကြတော့တာပါ။ သူတို့ခေတ်နဲ့ သူတို့အရွယ်၊ ပျော်ပျော်ပါးပါးသွားကြလာကြ၊ အဲ . . . ကျွန်တော်တို့ကတော့ တဖြည်းဖြည်း အိုပယ်ဘဝထဲရောက်လာလေသမို့ တန်ဆောင်တိုင်ရောက်ရင် အိမ်မှာဘုတ်ထိုင်ထိုင်ရင်း အိမ်စောင့်အဖြစ်ကျန်ရစ်ရ ပါလေရော။ ဒါကြောင့်မို့ ကျွန်တော်က အိုပယ်တွေစုပြီး ညစာစားပွဲ စီစဉ်ရခြင်းဖြစ်ပါတယ်။

ဒါပေမဲ့ ဒီနှစ်တော့ အရင်တစ်ခါကလောက် လူမစုံတော့ဘူး။ မိတ်ဆွေရှေ့နေကြီး ဦးထွန်းအောင်ကျော်ကလည်း ဖျားနေလို့မလာနိုင်။

ဦးဘိုလေးကလည်း သူ့လေဒီနေမကောင်းလို့ ဆေးခန်းပို့ရမှာမို့ ဆောရီးလုပ်လိုက်ပြန်ပါတယ်။ သူ့လေဒီ မမမြကို ဆေးခန်းပို့ပြီး အိမ်မှာ တစ်ယောက်တည်းထားခဲ့လို့လည်း မဖြစ်ဘူးလေ။ သူတို့ခမျာလည်း အိမ်က ကလေးတွေ တန်ဆောင်တိုင်မှာ အပြင်ထွက်လည်ကြတော့ သည်လင်မယားနှစ်ယောက်ပဲအိမ်စောင့်အဖြစ် ကျန်ရစ်ရရှာတာပါ။ ဒီတော့ ကျွန်တော့်ရဲ့ ညစာစားပွဲဟာ မန္တလေး သောက်ရေသန့်က ကိုကြီးတင်၊ မဟာနန္ဒာကိုမျိုးဝင်း၊ ဆရာဆူးငှက်၊ ဆရာနေဝင်းမြင့်၊ ဆရာမခင်ခင်ထူး တို့ဇနီးမောင်နှံနဲ့ ဥတ္တရလွင်ပြင်ကိုသန်းဌေးတို့နဲ့ပဲ ဝိုင်းဖွဲ့ လိုက်ရပါတယ်။ ကျကျနန စားဖွယ်သောက်ဖွယ်တွေနဲ့စီစဉ်ထားတဲ့ ကျွန်တော့်ရဲ့ ညစာစားပွဲဟာ ကိုယ့်လူတွေက သိပ်အားမပေးနိုင်ကြရှာပါဘူး။ ကိုဆူးကလည်း နှလုံးသွေးကြောက ဘာဖြစ်လို့ဆိုလား။

ထမင်းမစားခင် သောက်ဆေးလေးနဲ့ အရင်ဆုံး နှစ်ပါးသွားလိုက်ရပါတယ်။ ကိုနေဝင်းမြင့်ကလည်း ဆီးချို၊ သွေးတိုးတွေရှိသမို့ အစားအသောက်ကို စိတ်ထင်တိုင်း မကြိုက်နိုင် ရှာတော့ပါဘူး။ ကိုမျိုးဝင်းနဲ့ ကိုကြီးတင်တို့လည်း ထိုနည်းလည်းကောင်းအတိုင်းပေါ့။ ကျွန်တော်လည်း သွေးတိုးကရှိ၊ အစာအိမ်ရောဂါက မပင့်မဖိတ်ဘဲ ရောက်လာလို့ အစားအစာကို ဘရိတ်နဲ့ တို့ထိမြည်းကြည့်ရုံလောက်ပဲ လုပ်နိုင်ပါတော့တယ်။

အားလုံးထဲမှာ ဒေါင်ဒေါင်မြည်ဆိုလို့ ကိုသန်းဌေး(ဥတ္တရလွင်ပြင်)ပဲ ရှိပါတော့တယ်။ သူက ကျွန်တော့်ထက် ၂နှစ်၊ ၃နှစ်လောက် အသက်ကြီးပေမယ့် ကျန်းမာသန်စွမ်းမြဲ၊ ပေါ့ပေါ့ပါးပါး သွားနိုင်လာနိုင်မြဲ။ သူ့ကို ကြည့်ရင်း မနာလိုတောင်ဖြစ်သွားမိပါတယ်။

အဲဒီညက ရောက်လာတဲ့ ကျွန်တော့်မိတ်ဆွေတွေကို ကြည့်ရင်း သက်ပြင်းမှုတ်ထုတ်လိုက်မိပါတယ်။ လွန်ခဲ့တဲ့ လေးနှစ်က ညစာစားပွဲဆုံကြတဲ့သူတွေကလည်း ဒီလူတွေပါပဲ။ ဒါပေမဲ့ စိတ်နောက်ကိုယ်ပါ မဟုတ်တော့ဘဲ ခန္ဓာက မီးဝါပြနေပါ ပြီ။ အစားအသောက်လေးမှားတာ ဖြစ်ဖြစ်၊ အနေအထိုင်မဆင်ခြင် မိလို့ပဲဖြစ်ဖြစ် ရောဂါတွေက ဝင်လာဖို့ တာစူနေပါပြီ။ ပြီးတော့ အရင်ကလို မဟုတ်ဘဲ အကြမ်းပတမ်းခံနိုင်စွမ်းရည်ကျလာခဲ့ပါတယ်။

ချစ်ချစ်ကတော့ ကိုယ့်ထက်တောင် ချူချာသေးဗျာ။ ရောဂါကလည်း တယ်ပြီးပေါလှပါတယ်။ ရောဂါစုံတော့ သောက်ဆေးတွေကလည်း အမယ်စုံတယ်။

ဆွေမျိုးတွေထဲမှာတော့ မဆရာဝန် တစ်ယောက်ရှိလို့သာပေါ့။ နို့မဟုတ်ရင် မချောင် . . .။ ကျွန်တော်တော့ ချစ်ချစ်ကိုကြည့်ရင်း . . . အိုး . . . တော်ပြီ၊ တော်ပြီ၊ သူ့အကြောင်းကို ဒီထက်ပို ရေးလို့မဖြစ်ဘူး။ သူက ကိုထွန်းရဲ့ စာဖတ်ပရိသတ်ဆိုတော့ လစဉ်ရတီမဂ္ဂဇင်း ထွက်တိုင်း အငှားဆိုင်က အဦးဆုံးငှားပြီး ကျွန်တော့်ရဲ့မန္တလေးအတွေး၊ မန္တလေးအရေးထဲမှာ သူ့အကြောင်းဘာတွေများ ရေးထားသတုံးဆိုပြီး ဖတ်သတဲ့။ မဟုတ်တာတွေ ရေးလို့တော့အကြောင်းသိရစေ့မယ်တဲ့။ အလိုလေးဗျာ၊ ကြိမ်းဝါးလိုက်ပုံက ကြောက်စရာပါလား။ အဲဒါကြောင့်မို့ ဤမှာတင် ဒက်စတော့ အုပ်လိုက်ရတာပေါ့နော။

အမှန်တော့ ကျွန်တော်ကလည်း မကောင်းဘူး။ ဘယ်လိုညဉ်ရယ်မသိ၊ ချစ်ချစ်စိတ်တိုရင် ပိုပြီး ဒေါသဖြစ်အောင် စချင်ကလိချင်တာကလား။

အဲသမှာ သူစိတ်ဆိုးသွားပြီး ကျွန်တော့်ကို မခေါ်မပြောတော့ဘူး။ ဒါပေမဲ့ ကြာရှည်ကြီးနေလို့ ဘယ်ဖြစ်ပါ့မလဲ။ စိတ်ဆိုးနေတဲ့အချိန် စာပေဟောပြောပွဲတွေ ထွက်ရတော့ သူစိတ်ဆိုး ပြေရပြီလေ၊ ကျွန်တော့်အတွက် အဝတ်အစားတွေ၊သောက်ဆေးတွေနဲ့ ပရုတ်ဆီဘူးပါ မကျန်ထည့်ပေးရင်း ဘယ်ပစ္စည်းက ဘယ်နေရာမှာ ထည့်ထားတယ် စသဖြင့်မှာရလို့ စကားမပြောဘဲ မဖြစ်တော့ဘူးပေါ့၊ လင်နဲ့မယား လျှာနဲ့သွားတဲ့။ တစ်ခါတလေတော့လည်း ထိမိကိုက်မိကြမှာပေါ့။ ဘာထူးဆန်းတာမှတ်လို့။ ကျွန်တော်က စာပေဟောပြောပွဲတွေကို ကိုယ့်ဝန်းကျင်အနီးအနားလောက်ပဲ လက်ခံပါတယ်။ ရပ်ဝေးခရီးတွေတော့ သွားခဲပါတယ်။ ဟောပြောတာက အချိန်တစ်နာရီကျော်၊ သွားရတဲ့ ခရီးကနေကုန်နေခန်းမို့ ကြာတဲ့အခါ ခရီးပန်းတဲ့ဒဏ်ကို မခံနိုင်တော့ဘူး။ အသက်အရွယ်ကြောင့်လည်း ပါမယ်ထင်ပါရဲ့။ ဒါပေမဲ့ ကျွန်တော့်ဆရာ ဆရာဦးကိုလေး (အင်းဝဂုဏ်ရည်)ကတော့ စွမ်းပါပေဗျာ။ တစ်လတစ်လ သွားလိုက်တဲ့ စာပေဟောပြောပွဲခရီးတွေက အနီးအဝေးစုံသမှစုံ။ အသက် (၈၀) နားကပ်နေတာတောင် ယနေ့ အချိန်အထိ ကျန်းမာရွှင်လန်းနေတဲ့ ကျွန်တော်တို့ ဆရာပါ။ ပြောရရင် မြန်နှုန်းမြင့်တဲ့ ခေတ်မှာ ဆရာက ခေတ်နဲ့အတူ လိုက်နိုင်နေတာဖြစ်ပါတယ်။ ကဲ . . . ကိုယ့်ဆရာတောင် အားကောင်းမောင်းသန်ဖြစ်နေရင် ကိုထွန်း. . . နင်ကဘာလို့ ထုံထိုင်းလေးလံ နေရသလဲ။ ကြိတ်လိုက်စမ်းကွာ . . . လို့ ကိုယ့်ကိုယ်ကိုယ် အင်အားတွေ တိုးပြီး မာန်တင်းလိုက်ရပါ တော့တယ်။ အမှန်တော့ ခေတ်ကလည်း အဲဒီလို လှုပ်ရှားနိုင်မှ ကျွန်တော်တို့ကို လက်ခံမှာပါ။

အမြန်ခေတ်ဆိုတဲ့အတိုင်း သွားလာရေး၊ ဆက်သွယ်ရေးတွေကလည်း အရင်ကထက်ပိုပြီး

ကောင်းလာပါတယ်။ ကျွန်တော်တော့ အခြားစီးပွားရေးလုပ်ငန်းတွေထက် ခရီးသွားလာရေးကဏ္ဍမှာ ပုဂ္ဂလိက ပြိုင်ဆိုင်မှုတွေ အားကောင်းလာတယ်လို့ ထင်ပါတယ်။ အထူးသဖြင့် ရန်ကုန်-မန္တလေး ခရီးသည်တင်ကား ပြေးဆွဲမှုတွေပေါ့။ လေအိတ်ကားတဲ့၊ကားအဲကွန်းပါမှတဲ့။ မော်တော်ကားလိုင်းတွေကလည်း တစ်နှစ်ထက်တစ်နှစ် တိုးချဲ့လာတာကိုသတိပြုမိပါတယ်။ ပြီးခဲ့တဲ့ ဝါဆိုပွဲက ရွာကိုခဏပြန်သွားတော့ ရန်ကုန်မှာ ဝန်ထမ်းဖြစ်နေတဲ့ တူမလေး တစ်ယောက်နဲ့ တွေ့ဖြစ်ပါတယ်။ အရင်တုန်းက ရန်ကုန်နဲ့ရွာ မပြောနဲ့။ ရွာကနေ မန္တလေးကိုသွားရတာတောင် အတော်မလွယ်တဲ့ အဖြစ်ပါ။ ရွာက မုံရွာကိုသွား၊ ပြီးမှ မုံရွာ မန္တလေး ပြေးဆွဲနေတဲ့ ဘတ်စ်ကားတွေစီး၊ အဲသလို ခရီးသွားလာခဲ့ရပါတယ်။ အခုတော့ဖြင့် မဟုတ်ဘူး။ ရွာနဲ့ရန်ကုန် တစ်နေ့မော်တော်ကားခုစီးနဲ့ တိုက်ရိုက်ပြေးဆွဲနေသတဲ့။ ကျွန်တော့်မှာ အံ့ဩလွန်းလို့ ပါးစပ်အဟောင်းသားဖြစ်သွားပါတယ်။

"ခရီးသည်ကော ရကြရဲ့လား" ကိုယ့်အလုပ်မလုပ်ဘဲ မဆီမဆိုင် မေးမိတဲ့ကျွန်တော့်ကို အနားမှာရှိတဲ့ ဦးလေးက ပြုံးရယ်ရင်း ခရီးသည်တွေကပေါပါ့မောင်၊ ကုန်ရော၊ ခရီးသည်ရော နေ့တိုင်းအပြည့်ကွလို့ ပြောလိုက်ပါတယ်။ ဟုတ်တာပေါ့။ လေးငါးဆယ်နှစ်အတွင်း မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးလာတဲ့ ရွာရဲ့အခြေအနေကို ကျွန်တော်မေ့နေတယ်။ အခုအခါမှာ ရွာကလူတွေ ရန်ကုန်လောက်တင်မဟုတ်တော့ဘဲ မလေးရှား၊ စင်ကာပူ၊ ဂျပန်နဲ့ ကိုရီးယားအထိ ခြေဆန့်နေကြတာပါ။ အရင်တုန်းက ပဲအိတ်တွေ၊ နှမ်းအိတ် တွေ အပြည့်တင်ပြီး တအိအိ မောင်းနှင်နေတဲ့ ကုန်ကားကြီးပေါ် လိုက်လာရတဲ့ အတွေ့အကြုံနဲ့ လူလားမြောက်ကြီးပြင်းလာရတဲ့ ကျွန်တော်ဟာ ရွာရဲ့ အပြောင်းအလဲကိုကြည့်ပြီး ဂလိုဗယ်လိုက်ဇေးရှင်းထဲက ရွာပါကလားကွယ်လို့ မှတ်ချက်ပြုလိုက် ရပါတော့တယ်။ ရပ်ဝေးခရီးထွက်ဖို့ တွန့်ဆုတ်နေတဲ့ ကျွန်တော်ဟာ ပြီးခဲ့တဲ့ နိုဝင်ဘာလကုန်ပိုင်းက ရန်ကုန်ကို နေ့ချင်းပြန် ခရီးတက်သုတ်ရိုက် သွားလိုက်ရပါတယ်။ မန္တလေးက GI ခရီးသည် ကားကို ညမှာစီး၊ နောက်တစ်နေ့ ရန်ကုန်ရောက်၊ တစ်နေ့ခင်းလုံး ကိုယ့်အလုပ်ကိစ္စအတွက် လုပ်စရာရှိတာလုပ်၊ ည၉နာရီရောက်တော့ ရန်ကုန်က ပြန်လာခဲ့ရတာပါ။ မော်တော်ကားလက်မှတ်ကို အသွားအပြန် ဝယ်ထားလို့ အဆင်ပြေပါတယ်။ ခရီးသွားမယ့်ညက မန္တလေး ချမ်းမြရွှေပြည် မော်တော်ကားကြီးဝင်းထဲ



ကို သွားရပါတယ်။ ကျွန်တော် ရန်ကုန်မသွားဖြစ်တာ တစ်နှစ်နီးပါးရှိနေပါပြီ။ မော်တော်ကားကြီးဝင်းထဲမှာ များလွန်းတဲ့ ခရီးသည်လေအိတ်ကားတွေကိုကြည့်ရင်း အံ့အားသင့်နေမိပါတယ်။ နေ့စဉ်သွားလာနေကြတဲ့ ခရီးသည်တွေ ပေါလွန်းလို့လည်း ပြေးဆွဲနေတဲ့ မော်တော်ကားတွေ ပေါများလာခဲ့တာပါ။ အရင်တုန်းက မန္တလေး ချမ်းမြရွှေပြည် မော်တော်ကားကြီးဝင်းဟာ ကုန်တင်ကားတွေ၊ ခရီးသည်ကားတွေနဲ့ ပြည့်သိပ်နေပါတယ်။ အခုတော့ ကုန်တင်ကားတွေက မန္တလေးမြို့ရဲ့ တောင်ဘက်အစွန်ဆုံး စွယ်တော်ကားဂိတ်ကို ရောက်သွားလို့ ခရီးသည်ကားတွေပဲ ကျန်ရစ်ခဲ့ပြီး နေရာကျယ်ကျယ်ဝန်းဝန်းရှိသွားခဲ့ပါတယ်။ ဒါပေမဲ့ မော်တော်ကားကြီးဝင်းရဲ့ ပုံစံက ဘာမှ ပြောင်းလဲမှုမရှိပါဘူး။ စည်းကမ်းမဲ့ဆိုင်ကယ်တက္ကစီတွေ၊ မော်တော်ကားအချို့နဲ့ ဆိုင်ကယ်တွေကလည်း ယာဉ်ကြောမှားပြီး ဝင်ချင်သလိုဝင် ထွက်ချင်သလိုထွက်၊ ခရီးသည်ကားတွေ ရပ်ထားရတဲ့ နေရာတွေမှာလည်း မိုးရွာတဲ့အခါ ဗွက်ထနေလို့ အဲဒီအထဲမှာပဲ ဖြစ်သလို မော်တော်ကားရပ်၊ ခရီးသည်တွေတင်၊ တော်တော်စိတ်ပျက်ဖို့ကောင်းတဲ့ မြင်ကွင်းပါ။ မော်တော်ကားကြီးဝင်းထဲ ဝင်လာတဲ့ ယာဉ်မှန်သမျှ ဂိတ်ဝင်ကြေးကောက်ခံတတ်ရုံကလွဲလို့ သင့်တင့်တဲ့ ဝန်ဆောင်မှု ဘာမှလုပ်ပေးဖော်မရပါဘူး။ တံခါးဖွင့်လိုက်လို့ နိုင်ငံခြားခရီးသည်တွေလည်း မန္တလေးကို အရောက်အပေါက် များနေပါပြီ။ ဘယ်နေရာမှာ ဘယ်လိုဖြစ်နေလို့ နိုင်ငံခြားသားတွေ မြင်ရင် ရှက်စရာကောင်းတယ်လို့ ပြောကြ၊ ရေးကြတဲ့ စာတွေကို အစိုးရထုတ် သတင်းစာတွေမှာ ရံဖန်ရံခါ ဖတ်ရပါတယ်။ ရှက်ရမှန်းသိရင် မိမိကိုယ်တိုင် အဦးဆုံး ပြုပြင်ရမှာပါ။ လူတွေကို အပြစ်တင်စရာ၊ အပြစ်ပုံချစရာ အကြောင်းမရှိပါဘူး။

ရန်ကုန်မှာ တစ်နေကုန် အလုပ်လုပ်ပြီး မော်တော်ကားက ည ၉နာရီမှ ထွက်မှာဖြစ်ပေမယ့် ရန်ကုန်ရဲ့ မော်တော်ကား အသွားအလာ ကျပ်တည်းမှုကို စိုးရိမ်တာနဲ့ ည ၇နာရီခွဲကတည်းက တက္ကစီငှားပြီး အောင်မင်္ဂလာအဝေးပြေးကားဂိတ်ကို သွားခဲ့ပါတယ်။ရန်ကုန် အောင်မင်္ဂလာအဝေးပြေးကားကြီးဝင်းကတော့ မန္တလေးချမ်းမြရွှေပြည်မော်တော်ကားကြီးဝင်းနဲ့ နှိုင်းယှဉ်ရင် စနစ်ကျတာကို သတိပြုမိခဲ့ပါတယ်။ ဒါပေမဲ့ အောင်မင်္ဂလာအဝေးပြေး ကားကြီးဝင်းမှာလည်း ဖြည့်စွက်ဆောင်ရွက်စရာတွေကျန်ပါသေးတယ်။ ခရီးသည်တွေ သွားလာရေးအတွက် စိတ်တိုင်းကျအောင်ဆောင်ရွက်တဲ့နေရာမှာ ခရီးသည်တင်မော်တော်ကားတွေတင် မဟုတ်ဘဲ မော်တော်ကားတွေ ရပ်နားရတဲ့နေရာမှာ သူ့နေရာနဲ့သူ စနစ်တကျဖြစ်ဖို့ သန့်ရှင်းဖို့ကိစ္စတွေ ဆောင်ရွက်ကြရမှာပါ။

မော်တော်ကားပေါ် တက်ဖို့ ဟန်ပြင်နေတုန်း လူတစ်ယောက်က ပခုံးကိုတို့လိုက်လို့ လှည့်ကြည့်လိုက်မိပါတယ်။

ဟာ . . . စိုးလှ။ မဆုံဖြစ်တာကြာပြီဖြစ်တဲ့ သူ့ကို တွေ့လိုက်ရလို့ ဝမ်းသာအားရ ဖြစ်သွားပါတယ်။ စိုးလှက ညီလို ခင်မင်နေတဲ့ သူငယ်ချင်းပါ။ ပြီးမှသူ့အကြောင်းကို ပြန်ပြီး သတိရလိုက်မိပါတယ်။ သူက GI မော်တော်ကားအသင်းရဲ့ ဘာမှန်းမသိတဲ့ နေရာမှာ တာဝန်ယူထားရတာတဲ့။ မင်းနေရာက အုပ်ချုပ်ရေးမှူးရာထူးလား မေးလိုက်တော့ အဲသလိုလည်း မဟုတ်ဘူးတဲ့။ ဒါပေမဲ့ ရန်ကုန်-မန္တလေး၊ မန္တလေး-မူဆယ်၊ ရန်ကုန်-ကော့ကရိတ် စသဖြင့် မော်တော်ကားတွေ ချောချောမွေ့မွေ့ ပြေးဆွဲနိုင်ဖို့က သူ့တာဝန်တဲ့။ ကိုယ့်နေရာကိုယ့်

ရာထူးက ဘာမှန်းတော့မသိဘူး အစ်ကိုရေ။ ခဏနေရန်ကုန်ရောက်လိုက်၊ ပြီးတော့ ကော့ကရိတ် သွားလိုက်၊ တစ်ခါ မူဆယ်မှာ ရက်တစ်ပတ်လောက် ရုံးထိုင်လိုက်ပဲ ပြောလိုက်လို့ ကျွန်တော့်မှာ ရယ်လိုက်ရတာ။ သူ့အနေအထားက ဥပမာပေးရရင် ဌာနလက်ကိုင်မရှိတဲ့ ဝန်ကြီးဆိုတာမျိုးလည်း မဟုတ်၊ လုပ်စရာနေစရာတွေ များပြားပြီး ရာထူးမရှိတဲ့ သူလို့ပြောရမလား။ ဒီမှာတင် ချစ်စရာကောင်းတဲ့ ကျွန်တော်တို့ မန္တလေးရဲ့ စီးပွားရေးလုပ်ငန်းဆောင်ရွက်ပုံကို သတိရလိုက်မိပါတယ်။ မန္တလေးသားတွေ စီးပွား ရေးလုပ်ကြတာက ရန်ကုန်နဲ့ မတူဘူး။ ဒါရိုက်တာတွေ၊ မင်ဘာအဖွဲ့ဝင်ရာထူးတွေ မထားကြ၊ မယူကြဘူး။ စီးပွားရေးလုပ်ငန်းတစ်ခုမှာ သူသည် အရေးပါအရာရောက်သူဖြစ်သလို သူသည် အဲဒီလုပ်ငန်းရဲ့ ဝန်ထမ်းအလုပ် သမားတစ်ဦးလည်း ဖြစ်ပါတယ်။

သူ့ကိုကြည့်ရင်း မိတ်ဆွေကိုဘိုလေးကို သတိရလိုက်မိပါတယ်။ လွတ်အိတ်ကြီးလွယ်ပြီး ဟိုင်းလတ်ကားနဲ့ သွားလာနေတဲ့ ကိုဘိုလေးဟာ ပေါ့သေးသေး မဟုတ်။ သူ့ သူငယ်ချင်းရဲ့ ကုမ္ပဏီမှာ Human Resources Manager တဲ့။ ကျွန်တော်က နားမလည်လို့ အဲဒါကို မြန်မာလို ဘယ်လိုခေါ်သလဲ မေးလိုက်မိပါတယ်။ သူက ပြုံးဖြဲဖြဲနဲ့ အင်္ဂလိပ်လိုကတော့ တော်တော်ကြီး ကျယ်နေတာ။ အလုပ်သမားတွေ ကြီးကြပ်နေရတာဖြစ်လို့ မြန်မာလို တိုက်ရိုက်ဘာသာ ပြန်လိုက်ရင် ကူလီခေါင်းပါပဲဆိုပြီး ပြောလိုက်ပါရော။ ကဲ သူ့အလုပ်နဲ့ သူ့ရဲ့အမိပ္ပာယ် ဖွင့်ဆိုချက်က ဘယ်လောက် လက်တွေ့ကျပါသလဲ။

စိုးလှနဲ့တွေ့မှ အပြိုင်အဆိုင် ဝန်ဆောင်မှုတွေနဲ့ မော်တော်ကားပြေးဆွဲနေကြပုံကို အနည်းအပါးသိချင်လာတာနဲ့ မေးမြန်းကြည့်မိပါတယ်။

အထူးသဖြင့် ရန်ကုန်-မန္တလေး ပြေးဆွဲနေတဲ့ ခရီးသည်တင်မော်တော် ကားတွေမှာ ဝန်ဆောင်မှုအတွက် အမျိုးသမီးဝန်ထမ်းတွေထားတာကို တွေ့ရလို့ပါ။

လေယာဉ်ပေါ်မှာ လေယာဉ်မယ်ရှိသလိုမျိုးပေါ့။ သူတို့ကို မော်တော်ယာဉ်မယ်လို့ အမည်ပေးရင် ကောင်းမလား၊ ဒါလည်း သိပ်မကြိုက်လှပါဘူး။ ကျွန်တော်ပေးတဲ့ နာမည်က သိမ်နုပ်တယ်လို့ ထင်လို့ပါ။ အမျိုးသမီးဝန်ထမ်းတွေအတွက် လစာဘယ်လိုပေးသလဲ မေးလိုက်တော့ စိုးလှက လစာနဲ့ မဟုတ်ဘူး။ ခေါက်ရေနဲ့ ပေးရတာ။ ရန်ကုန်နဲ့မန္တလေး အသွား တစ်ခေါက် ရှစ်ထောင်ကျပ်ရတဲ့ အကြောင်း ပြောကြပါတယ်။ မူဆယ်တို့ ကော့ကရိတ်တို့ကိုသွားရရင်ရတဲ့ငွေက ဒီထက်ပို သွားပါပြီ။ ဒီတော့ ကလေးမလေးတွေ တစ်လ ၂သိန်းနီးပါး ဝင်ငွေရှိတဲ့အကြောင်း သိရပါတယ်။ ဒီဝန်ဆောင်မှုလုပ်ငန်းကို အလုပ်လုပ်ချင်တဲ့သူတွေ ပေါသတဲ့။ အလုပ်လျှောက်လွှာတွေ စိစစ်ရွေးချယ်၊ သင်တန်းပေး၊ လက်တွေ့စစ်မေးပြီးမှ ခန့်သတဲ့။ ဒါကြောင့် ထင်ပါတယ်။ ဝန်ထမ်းဖြစ်တဲ့ ကလေးမလေးတွေရဲ့ဝတ်စားဆင်ယင်မှုနဲ့ ပြောဆိုလုပ်ကိုင်မှုတွေဟာ ခရီးသည်တွေအတွက် ကျေနပ်စရာဖြစ်ပါတယ်။ သူတို့အတွက် ဝတ်စုံဖိုးကတစ်သိန်းကျတဲ့ အကြောင်း၊ မိတ်ကပ်ဖိုးလည်း မော်တော်ကားအသင်းက ကျခံပေးရတဲ့ အကြောင်း၊ စနစ်ကျကျဆောင်ရွက်ပေးသလို ရတဲ့လခကလည်း ကောင်းတာမို့ မန္တလေးက နာမည်ကြီး ကျူရှင်တစ်ခုမှာ တစ်လ ၇ သောင်းကျပ်နဲ့ အလုပ်လုပ်နေတဲ့ ကလေးမလေးတစ်ယောက်လည်း သူတို့ဆီမှာဝန်ထမ်းလာလုပ်တဲ့ အကြောင်းလည်း ပြောပြပါသေးတယ်။

စိုးလှနဲ့ စကားပြောရင်းအောင်မင်္ဂလာအဝေးပြေးမော်တော်ကားကြီးဝင်းထဲမှာ တန်းစီရပ်ထားတဲ့ မော်တော်ကားတွေကလည်း ငေးစိုက်ကြည့်နေမိပါတယ်။ အဲသလိုကြည့်ရလောက်အောင် ကောင်းသထက်ကောင်းတဲ့ မော်တော်ကားတွေ ချည်းဖြစ်လို့ပါ။ တရုတ်ကလာတဲ့ ခရီးသည်တင်လေအိတ်မော်တော်ကားကတော့ တစ်စီးကို သိန်း ၁၂၀၀ ရှိသတဲ့။ ဟောဟို အသစ်ကျပ်ချွတ်မော်တော်ကားကြီးတော့ ဂျာမဏီက လာတာဖြစ်ပြီး တစ်စီးကို သိန်း ၂၄၀၀ တန်သတဲ့။ရန်ကုန်-မန္တလေး ပြေးဆွဲနေတဲ့ မော်တော်ကားအသင်းတွေဟာ ကိုယ့်မော်တော်ကားကို ခရီးသည်တွေ စီးချင်အောင် ဝန်ဆောင်မှုတွေ ကြိုးစားဆောင်ရွက်နေကြတာဖြစ်ပါတယ်။ မော်တော်ကားအသင်းဟာရန်ကုန်-ကော့ကရိတ်ပြေးဆွဲရာမှ လုပ်ငန်းချဲ့ပြီး မြဝတီအထိ ပြေးဆွဲဖို့စီစဉ်နေတာကို သိလိုက်ရပါတယ်။ ခရီးစဉ်တွေ မများလွန်းဘူးလားကွာ။ မြဝတီအထိ လုပ်ငန်းချဲ့ဖို့ လိုသလားကျွန်တော်က မေးလိုက်တော့ မလုပ်လို့မဖြစ်ဘူးအစ်ကိုရ၊ မကြာခင်မှာ ထိုင်းဘက်ကလည်း ရန်ကုန်အထိ ဒီခရီးစဉ်ပြေးဆွဲဖို့ စီစဉ်နေကြ ပြီလို့ ပြောလိုက်ပါတယ်။ ဟုတ်ပါတယ် လာမယ့်နှစ်ဆိုရင်ထိုင်းနိုင်ငံဘက်က မော်တော်ကားတွေ မြဝတီ - ရန်ကုန်လိုင်းကို ဝင်လာတော့မှာ ဖြစ်ပါတယ်။ အလားတူပဲ အိန္ဒိယနိုင်ငံ မိုးရေးနဲ့ မန္တလေးကိုလည်း အိန္ဒိယဘက်က မော်တော်ကားတွေ ပြေးဆွဲဖို့ စီစဉ်နေကြောင်း သိရပါတယ်။ အချိန်တန်တော့ မော်တော်ကား ထွက်တော့မှာမို့ စိုးလှကို နှုတ်ဆက်ပြီး မော်တော်ကားပေါ်ကို တက်လိုက်ပါတယ်။ အအေးခတ်သိပ်မကြိုက်လို့ မော်တော်ကားပေါ်မှာ စောင်ခြုံပြီး သက်သောင့်သက်သာ လှဲလိုက်ပါတယ်။ တစ်ယောက်ခုံဝယ်ထားလို့ အနားက ခရီးသည်အတွက် စိတ်အနှောင့်အယှက်ဖြစ်စရာ မလိုတော့ဘူးပေါ့။လဆုတ်ရက်ဖြစ်လို့ လမ်းတစ်လျှောက် ပတ်ဝန်းကျင် တစ်ခုလုံး မည်းမှောင်နေပြီး အချို့နေရာတွေမှာ ဖန်ချောင်းမီးရောင် အလင်းဖျော့ဖျော့ကို ကွက်တိကွက်ကြား တွေ့ရပါတယ်။ နောင် သုံးလေးနှစ်ကြာရင် ခရီးသွားလာမှုတွေ ဘယ်လိုရှိမလဲ မေးရင် ယခုထက် တိုးတက်လာမှာပါလို့ ကျိန်းသေပေါက်ပြောနိုင်ပါတယ်။ ပြီးတော့ ယနေ့ပုဂ္ဂလိကတွေဘာ ကြောင့်အားထုတ်ပြိုင်ဆိုင်မှုတွေ လုပ်ရသလဲဆိုရင်ခရီးသည်တွေက ကျေနပ်ထောက်ခံမှုကို ရချင်လို့ဖြစ်ပါတယ်။ ဝန်ဆောင်မှု ကောင်းသထက်ကောင်းအောင် ဆောင်ရွက်ပေးနိုင်မှုလည်း နှစ်ခြိုက်အားပေးကြမှာပါ။ အစိုးရနဲ့ အစိုးရလုပ်ငန်းဌာနတွေလည်း ထိုနည်းတူစွာပါပဲ။ ရိုးရိုးလွယ်လွယ်ပြောရရင် ပြည်သူလူထုက ရွေးကောက်တင်မြှောက်တဲ့ အစိုးရဟာ ပြည်သူလူထုရဲ့ အရေးကိစ္စကို ဆောင်ရွက်ပေးနိုင်မှ သဘောကျကြမှာဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးဟာ သံသရာခရီးသည်တွေဖြစ်ပါတယ်။တစ်နည်းအားဖြင့် ခရီးသွားနေကြရတာပါ။ ခရီးသွားကြရင်း ခေတ်ဆိုတဲ့ မှတ်တိုင်တွေ၊ နှစ်တွေ သက္ကရာဇ်တွေကို ဖြတ်သန်းလာခဲ့ကြပါပြီ။ ဒီလိုသွားကြရတာကို စိတ်ကျေနပ်မှုဖြစ်အောင် အစိုးရက ဆောင်ရွက်ပေးရမှာပါ။ ဒီမိုကရေစီခေတ်မှာ အစိုးရကို ပြည်သူ လူထုက မွေးထုတ်ပေးလိုက်တာကိုးနော့။

ယင်းသမို့ကြောင့်ကျွန်တော်က အစိုးရဆိုသည်မှာလည်း ပြည်သူလူထုက ပေးအပ်သည့် တာဝန်ကို ပြည်သူလူထုအကျိုးစီးပွားဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှု လုပ်ငန်းတစ်ခုသာ ဖြစ်ပါကြောင်း၊ ဒက်ဖနေရှင်း ဖွင့်၍ သကာလ အဆိုပါ ဝန်ဆောင်မှုတွင် အားလုံး စိတ်ကျေနပ်အောင် ဆောင်ရွက်ပေးဖို့ လိုပါကြောင်း၊ ငါ့ကျောင်းနေ ငါ့ဂါထာရွတ်ရမှာပဲဆိုသည့် အတွေးအမြင်တွေ ခေတ်ဟောင်းမှာ ကျန်ရစ်ခဲ့ပြီဖြစ်ပါကြောင်း၊ ဝန်ဆောင်မှုဆိုသည်မှာလည်း လုပ်ငန်းသဘောအရတင် မဟုတ်ဘဲ စေတနာကောင်းတွေ ဖြည့်စွက်ပေးဖို့ လိုပါကြောင်း၊ ဒါမှသာလျှင် ကျွန်ုပ်တို့က မဆွတ်ခင်ကတည်းက ညွှတ်ကျပြီး တုံ့ပြန်မေတ္တာ၊ စေတနာတွေ ထားရှိမှာဖြစ်ပါကြောင်း နားလည်သမျှ ပြောကြားလိုက်ရပြီး သို့ကလို စိတ်တိုင်းကျလုပ်ဆောင်ပေးမည်ဆိုလျှင်ဖြင့် ကျွန်ုပ်တို့က ကြိုတင်ဘွတ်ကင်ချိတ်ထားမည်ဖြစ်ကြောင်း ထပ်မံပြောမိပါသတတ်။

**ကိုထွန်း(လမ်း၈၀)**



# မမရတီ

လူမှုရေး | အချစ်ရေး | ကျန်းမာရေး | အနုပညာရေး

သို့
မမရတီ

မင်္ဂလာပါ။ ရတီဝိုင်းတော်သားအားလုံးကျန်းမာပါစ။

မမရတီ .. ယမမင်းကတော့ ရက်ရက်စက်စက်ခေါ်လိုက်ပုံများ အဆိုတော်စန္ဒီကို စောစီးစွာခေါ်လိုက်ပုံ။ ဒါဒါတို့တစ်တွေ ဘုရားသခင် ဖန်ဆင်းပေးထားတဲ့လူတွေမို့ မွေးပြီးကတည်းက သေဆုံးဖို့ကို ထမင်းစား ရင်းစောင့်နေရသလိုပေါ့နော်။ စန္ဒီမိသားစုကို ဒါဒါက ထပ်တူကြေကွဲရ ကြောင်းပြောပေးပါနော် မမရတီ။

အဆိုတော်စန္ဒီ ကောင်းကင်သုခဘုံဘဝသို့ ရောက်ပါစေ။

ဒါဒါ
ရွှေကျင်မြို့

**ဒါဒါရဲ့ ကြေကွဲမှတ်တမ်းကို မမရတီက တစ်ဆင့် စန္ဒီရဲ့ ကျန်ရစ်သူ မိသားစုသိအောင် ဖော်ပြပေးလိုက်ပါပြီနော်။**

သို့
မင်္ဂလာပါမမရတီ

သမီးက ရတီရဲ့ ပရိသတ်တစ်ယောက်ပါ။ ရတီ ရဲ့ ကဏ္ဍတွေကို သမီး အမြဲတမ်း အားပေးနေတယ်ဆိုတာ ရတီဝိုင်းတော်သား တွေကို ပြောပြ လိုက်ပါမမရတီ။ ဒီလထုတ် ရတီမှာပါတဲ့ ဆရာရေအေးရဲ့'တောထွက်ခြင်း' ဝတ္ထုတိုလေးကို ဖတ်ရတာ အရမ်းကြိုက်ပါ တယ်ဆိုတဲ့ အကြောင်း ဆရာ့ကို ပြောပေး ပါနော်။ အဲဒီလို စာကောင်းကောင်းတွေကို ဆက်ရေးပါလို့ ပြောချင်ပါတယ်။ နောက်ပြီး 'သံသယအကျဉ်းသား'ဆိုတဲ့ ဝတ္ထုလေးကလည်း အရမ်း ကောင်းပါတယ်။ အဲဒီလိုဝတ္ထု ကောင်းကောင်းလေးတွေကို အမြဲ ဖတ်ချင်ပါတယ် မမရတီရေ။ စာကောင်းပေကောင်း တွေကို ဖတ်ရတဲ့ အတွက်လည်း ရတီကို ကျေးဇူးတင်ပါတယ် မမရတီရေ။

ရတီမဂ္ဂဇင်း ဆက်လက်အောင်မြင်ပါစေလို့ ဆန္ဒပြုပါ တယ်။

ခင်သီတာ
အောက်ပုဇွန်တောင်လမ်း
ပုဇွန်တောင်




**နိုဝင်ဘာလထုတ်မှာပါတဲ့ ရတီဝတ္ထု တိုတွေကို ကြိုက်နှစ်သက်တယ်ဆိုလို့ ဝမ်းသာပါတယ် ညီမ ခင်သီတာရေ။**





**ဆရာရေအေးတိုလည်း ညီမ ခင်သီတာရဲ့ အားပေးမှုကို စကားလက်ဆင့် ကမ်းလိုက်ပါ့မယ်နော်။ ရတီ မဂ္ဂဇင်းကလည်း ရသစာပေကောင်းကောင်း တွေကို ဆက်လက်ဖတ်ရှုရအောင် အစဉ်အမြဲ အားထုတ်နေပါတယ်။**

သို့

မမရတီရေ

မီးငယ်လေးစာရေးလိုက်ပါတယ်။ မီးငယ်လေးက ရတီမဂ္ဂဇင်းရဲ့ ပရိသတ်ပါ။ မီးငယ်လေး မမရတီကို အကူအညီတောင်းစရာတစ်ခု ရှိလို့ပါ။ မမရတီကူညီပါနော်။ အဲဒါကတော့ ကိုဘန်နီဖြိုးနဲ့ အင်တာဗျူးကို ရတီ မဂ္ဂဇင်းမှာဖတ်ချင်လို့ပါမမရတီ။ အဲဒါဖော်ပြပေးပါနော်။ ကိုဘန်နီဖြိုးကို လည်း ပြောပေးပါနော်။ မီးငယ်လေးက အမြဲတမ်းအားပေးနေပါတယ်လို့။ သူ့ရဲ့ 'အလွမ်းပြေအနမ်း'နဲ့ 'နှစ်ပတ်လည်' သီချင်းကိုဆိုရင် အရမ်းကြိုက်လို့ စိတ်ထဲမှာတောင် အမြဲလိုလို ဆိုနေတတ်ပါတယ်။

မီးငယ်လေး

ခဝဲခြံ၊ အင်းစိန်။

**မီးငယ်လေးရေ အဆိုတော်ဘန်နီဖြိုးကို ရတီစာမျက်နှာ ထက်မှာ ဖော်ပြပေးနိုင်အောင်လို့ အယ်ဒီတာအဖွဲ့လည်း ကြိုးစားနေပါတယ်တဲ့။ မအားလပ်တတ်တဲ့ ဘန်နီဖြိုးရဲ့ နေ့ တစ်ဝက်စာလောက်ကို အယ်ဒီတာအဖွဲ့က ရယူနိုင်ရင် မီးငယ်လေးဆန္ဒတွေ ပြည့်ဝလာမှာပါ။ ဆက်လက် စောင့် မျှော်လိုက်ပါဦးနော်။**



သို့

မမရတီ

မင်္ဂလာပါရှင့်။ ညီမလေးက ရတီရဲ့ ထာဝရ ပရိသတ်ပါ။ မမရတီကို ညီမလေးရင်ဖွင့်ချင်တာ လေးတစ်ခုရှိနေပါတယ်မမရတီ။ အဲဒါကတော့ ညီမလေးရဲ့ ဝါသနာက အနုပညာလုပ်ငန်းပါ။ ညီမလေးက မော်ဒယ်အလုပ်ကို အရမ်းဝါသနာ ပါပါတယ် မမရတီ။ ဒါပေမဲ့မမရတီရယ် ညီမလေး က နယ်ကဆိုတော့ အဆက်အသွယ် လည်းမရှိဘူး ပေါ့။ ရန်ကုန်လာပြီးမော်ဒယ် သင်တန်း တွေကိုတ က်ဖို့ခွင့်တောင်းတော့လည်း မိဘတွေက ခွင့်မပြုပါ ဘူး။ သူတို့က ပညာရေးကိုပဲအာရုံစိုက်စေချင်ပါတ ယ်။ ညီမလေးက အခုဆယ်တန်းပါ။ ညီမလေးက စာမေးပွဲအတွက် ပြင်ဆင်နေရပါတယ်။ အောင်မယ် လို့လည်း ယုံကြည်ချက်ရှိပါတယ်။ ဒါပေမဲ့ ဆယ်တန်း အောင်ပြီး သွားရင် အနုပညာလုပ်ငန်းကို လုပ်ချင် တယ်လို့ အိပ်မက်တွေ ကြိုမက်ပြီး စိတ်ကူးယဉ်နေမိ တာကြောင့် ခွင့်တောင်းလိုက်မိတာပါ။ အနုပညာ လုပ်ငန်းကိုလုပ်ရင်း ပညာဆက်သင်မှာပါ။ အဲဒါကို မိဘတွေက လုံးဝလက်မခံဘူး ဖြစ်နေတယ်မမရတီ။ ညီမလေးကလည်း အချိန်တွေ နီးကပ်လာလေ စိတ်က အဲဒီကိုရောက်လေပဲ။ ဘယ်လိုလုပ်ရမလဲ ဟင်။ မမရတီ အကြံပေးပါဦးနော်။

ရတီကို

အားပေးနေမယ့်

ညီမလေး သွန်းသရဖီ၊ မြန်အောင်

**အနုပညာတိုမှ ဝါသနာပါတဲ့ ညီမလေး သွန်း သရဖီရေ။ ညီမလေးရဲ့ အနုပညာဗီဇပိုးကို မမရတီ နားလည်ပါတယ်ကွယ်။ အနုပညာ အရည်အသွေးရှိရင် အဆက်အသွယ် ရှိစရာ မလိုပါဘူး။ ဒါပေမဲ့ ဆယ်တန်းဖြေခါ နီးသားသမီးတစ်ဦးကို ပိုင်ဆိုင် ထားတဲ့ မိဘတွေရဲ့ ခံစားချက်ကိုလည်း နားလည်ပေးဖို့လိုမယ် လို့ သတိပေးပါရစေ။ မမရတီ အနေနဲ့ကတော့ အခုလို ပညာရေး အရေးကြီးနေတဲ့ကာလမှာ အခြား စိတ်ဝင်စားမှုတွေကို ခဏမေ့ ထားပြီး စာမေးပွဲအောင်မြင်ပြီးတဲ့ အချိန်ကျမှ အနာဂတ်ကို စဉ်းစားစေချင်ပါတယ်။ ဆယ်တန်း ကျောင်းသူလေး တစ်ယောက် အနေနဲ့ အနာဂတ်အတွက် အချိန်တွေအများကြီးရှိသေးတာမို့ လက်ရှိပစ္စုပ္ပန်မှာပဲ အာရုံထားပြီး အကောင်းဆုံးကြိုးစားဖို့ အကြံ ပေးပါရစေ။**

သို့

မမရတီ

ခုတစ်လော နာမယ်ကြီးနေတဲ့မယ်ကောင်မလေးက နိုင်ငံတော် အကြီးအကဲ တစ်ယောက်ရဲ့ ဘာဘာညာညာနဲ့ ဘာညာသာရကာ ဆိုတာ ဟုတ်လားဟင်။ ပြီးတော့လည်း သူက သူ့ဖိနပ်ကို သူကိုယ်တိုင် မစီးတတ်ဘူး ဆိုတာရော ဟုတ်လား။ အဲဒါကို ဖြေပေးပါနော်။ ဒီမှာသင်းတို့ သူငယ်ချင်းတွေ သူ့အကြောင်းတွေကို ငြင်းနေကြရတာ ကြာနေပြီမမရတီ။ သူက အရင်ကလည်း နာမည်ကြီးဂိုဏ်းစတား တစ်ယောက်ရဲ့ သမီးလို့လည်း သတင်းထွက်ခဲ့သေးတယ်နော်။

သင်းနဲ့

သူငယ်ချင်းတစ်စု

**သင်းနဲ့ သူငယ်ချင်းတစ်စုပြောသလို နာမယ်ကြီး မယ်ကလေးက နိုင်ငံ တော်အကြီးအကဲတစ်ယောက်ရဲ့ ဘာဘာညာညာနဲ့ ဘာညာသာ ရကာ ဆိုတာ ဟုတ်မဟုတ်မေးဖို့ရာ 'ဘာဘာညာညာ' ဆိုသူနဲ့ တွေ့တဲ့ အခါ မေးကြည့်မှသိရမှာပါပဲ၊ သူ့ဖိနပ်ကို ကိုယ်တိုင်စီးတတ် မတတ် ဆိုတာကတော့ သူ့ပြိုင်ပွဲစဉ်တစ်လျှောက်မှာ ဖိနပ်စီးပြိုင်ပွဲပါတယ်လို့ မကြားမိတော့ မမရတီလည်းမသိရပါ။ သူက နာမယ်ကြီးဂိုဏ်းစတား တစ်ယောက်ရဲ့ သမီးဆိုတာကတော့ မဟုတ်ရပါဘူးကွယ်။**

မမရတီ

# ဖူးနသစ်လွင်
# ကဗျာဥယျာဉ်

## အချစ်ဦးရေနှင်းတွေဝေတော့…

နှင်းဆွတ်အေးလျ　အရှုံးဖြစ်
ဆောင်းအလှပွင့်ဖူး　မှတ်ကျောက်အသစ်တင်
သဇင်ဦးတွေ　ဂန္ထဝင်ဖွဲ့
ဝေနေလိုက်တာ။　စာတင်ခဲ့နော်။

ရှုမဝဖွေးဆွတ်　ထူးဆန်းသမို့
ပင်လုံးညွှတ်မျှ　ရှုံးနိမ့်နေပြီ
တသအဖော်　အလွမ်းသရဖူ
ဆွေးမျှော်တနို　ကယ်သူမဲ့ဝေး
ငိုချင်သလိုလို။　ဖြေဆေးမရှိ
　ဆွေးငြိနာဝတာ
ညာမုန်းမရ　ဝေဒနာဝတ်
တစ်ခါတုန်းက　ရွတ်ဖန်ဆင်းလို့
သာတဲ့လအောက်　မိုးလင်းမှာ ကြောက်သူပါ။
ကောက်ခဲ့ပန်းတွေ
နွမ်းခွေမခြောက်　ပုံပြင်အသစ်
ခေါင်းအုံးအောက်မှာ　အချစ်က တီထွင်
နှစ်ကြာရှည်လျား　သံယောဇဉ်စာတ်
ချစ်ကဗျာတွေ အားငယ်　အရှင်လတ်လတ်ကို
သနားတယ်ဆိုရင်။　သတ်ခဲ့….
　ငဲ့ကွက်မညှာ
မေ့ဆဲကေထက်　ဘယ့်တွက်များကွယ်
ရက်ဆက်ပန်ပေး　တွယ်တာခဲ့သမျှ
ပန်းလေးဘဝ　ဟေမန္တကို
ကိုယ်ချင်းစာပြပါကွယ်။　လှပစွာနှုတ်ဆက်ခွင့်ပြုပါမေ။ ။
မကြုံဖူးသမို့　နိုင်လွန်း

## အဟုန်

လှိုင်းကပုတ်ပုတ်
လေက လှုပ်လှုပ်
မိုးကရွာရွာ---------
လေပေါ်က ကိုတံငါ
ဒီတစ်ခါ အကောင်ခပ်ကြီးကြီး------------
အိမ်က ချစ်သမီးလေး
ဆေးဖိုးကိစ္စပြီးလောက်ပါရဲ့-------
မောင်မောင်စိုးလင်း





# ဖူးနုသစ်လွင် ကဗျာဥယျာဉ်

## သံသယအချစ်

လွဲချော်မှုတွေက
အကောင်းမသေမှတော့
သဟဇာတဖြစ်ဖို့ဆိုတာ
ကိုယ့်ကိုယ်ကိုယ်သာ အဖြေရှာ
ဝေဒနာတစ်ခုလို ရင်ထဲမှာ
နိုးလိုးခုလုတွေနဲ့
မသေချာမရေရာတဲ့ ချစ်ခြင်းတွေက
ရင်တွင်းမှာ နေရာယူခဲ့
မတူညီတဲ့ နှလုံးသားမှာ
သံသယအများတွေနဲ့
တစ်ဖက်သားအပေါ်
လွဲချော်မှုနဲ့ ဆက်ဆံ
ဟန်ချက်မညီ ဂုဏ်ရည်မမျှ
ဘဝနှစ်ခု ပေါင်းစပ်မှုက
တစ်ခုခုတော့ တစ်ခုခုပဲလေ
လွဲချော်မှုတွေက ရင်တွင်းမှာ
အကောင်းမသေဖြစ်ပေမယ့်
အချစ်ဆိုတာ ဘယ်ကလာ
တွယ်တာရာကစ သဟဇာတဖြစ်
သံသယနဲ့ ချစ်ခဲ့တယ်။

ကျော်လွင်ဦး (ပျဉ်းမနား)



## အကြင်နာရိပ်ဝယ်

ဒီချစ်ခြင်းတွေ
မယွင်းသံသရာ
ရှည်ကြာအထိ ရှိနေမယ်၊

နှိုက္ခာန်မဝင်သမျှ
ကာလများစွာ
ဘဝများစွာ
ရှည်ကြာမှာပဲ . . .။

နူးလိုနူး
ပန်လိုပန်
ခွေလိုခွေ
နှင်းလိုနှင်း
ပစ်လိုပစ်
သခင့်ခြေဖဝါးအောက်
ဝပ်စင်းမောက်လျက်
လိုအပ်ချက်တွေ
ဖြည့်စွက်နေမည်
နောက်ဆုံးထွက်သက်အထိပေါ့။

နွေဝေနှင်း (မန္တလာမြေ)



ဖူးနုသစ်လွင်

# ကဗျာဥယျာဉ်



## အဆိပ်ဖြစ်တဲ့အချိန်

တရွေ့ရွေ့နဲ့မြန်နှုန်းမြင့်အချိန်တွေက
တန်ဖိုးသတ်မှတ်ပုံ မတူညီတော့
ငါ့အနားသတ်တွေမှာ
ရေမကြည်မြက်မနုတော့ဘူး
ငါက အလင်းကို
အမှောင်ထဲက စောင့်နေပုံမျိုး
ကိုယ့်လမ်းကိုယ် ပိတ်ရပ်မိတယ်
ပန်းတချို့မှာ အဆင်းရနံ့မဲ့နေတာ
လေညင်းရဲ့အပြစ်မဟုတ်သလို
ငါတို့ရှင်သန်မွေးဖွားရာအရပ်ကို
လက်မခံဘဲ ငြင်းပယ်လို့မရဘူး
အတ္တနဲ့မှသား တွဲသုံးနေတဲ့ခေတ်
အတုအပမဟုတ်တောင်
ပုံစံတူ အထပ်ထပ်နဲ့
ဘယ်မှာလဲ ဘဝဆိုတာ...
ပန်းတိုင်မသိဘဲ တာထွက်များလာတော့
လက်ထဲက အချိန်တွေလည်း
မနေ့ကလိုပဲ
လောင်ကျွမ်းကုန်ဆုံးသွားတယ်။

ရွှေဒဂုံ (မတ္တရာ)

## သေချာမှုမပါခဲ့တဲ့ သက်သေပြချက်

ဖြည်းဖြည်းပဲ ခေါင်းစဉ်တပ်ကြည့်ရအောင်
အလွမ်းဆိုတာ ဘယ်လိုအကျိုးသက်ရောက်မှုရှိသလဲ
ဘေးထွက်ဆိုးကျိုး ဘယ်လောက်များများပါမလဲ
ရင်ဘတ်ထဲ အနည်းနဲ့အများ စိုက်ဝင်ဖူးကြမှာတော့အသေချာ
တိမ်တိုက်တွေ ငွေ့ရည်ဖွဲ့တယ်
ရွာချတယ်
နောက်ဆုံး တိမ်တိုက်ဆိုတာ မြေပြင်ပေါ်က
ရေစီးကြောင်းလေးဖြစ်သွားရော
ဆိုင်တော့ မဆိုင်ပါဘူး
မျက်ရည်စီးကြောင်းက နှလုံးသားနဲ့ ငွေ့ရည်ဖွဲ့တယ်ဆိုတာ
ဒဏ္ဍာရီအဆိုတစ်ခု ဖြစ်ချင်လည်း ဖြစ်ခဲ့မှာပဲ
မျက်ရည်ဆိုတာ ဘာကယ်မီကယ်လ်မှာမပါတဲ့ဓာတ်ပြုမှုဆို
စကားလုံးခပ်ကြမ်းကြမ်းတွေနဲ့ ဖွဲ့စည်းထားတာလား
မျိုချမရတဲ့အမှားတွေကို ဆုပ်ကိုင်ထားတာလား
သီးသန့်ဖြစ်တည်မှုဆိုတာလား
တကယ်တမ်းက
နားလည်မှုတွေ ခဏခဏ ဆွဲအဆုတ်ခံရတာ
နာမနာ မသေချာပေမယ့်
ရင်နာတယ်လို့ ပြီးစလွယ်သတ်မှတ်လိုက်တာ
တကယ်ကို ပြီးစလွယ် စီးစလွယ်
အမြဲတမ်း မကျက်တဲ့ ဒဏ်ရာနက်နက်ထဲကို
လက်သန်းလေးနဲ့ ကလော်ပြီးဆော့ရတဲ့အရသာ။
ကိုယ်တိုင် သဘောအကျကြီးကျလို့
နာရင်းနဲ့ ကျင်လာရတဲ့ ဝေဒနာကို
ကြင်ကြင်နာနာနဲ့ အနာဖေးလေး ဆွဲခွာပစ်။
အပြုံးဖွဖွလေးတွေနဲ့ ဖုံးဖုံးဖိဖိ ထားသွားခဲ့။
ငါ့မျက်လုံးတွေ မိတ်မရှမရှင်း
ငါနိုင်နေတယ် (နိုင်တယ်လို့ထင်တာပဲ)
ဟိုးလွန်ခဲ့လေပြီးကတည်းက
အိပ်မက်တွေနဲ့ ခြေတစ်လှမ်းစာ ဝေးတယ်
တကယ် တစ်လှမ်းစာ။
ဘယ်တော့မှ မမီနိုင်မယ့် တစ်လှမ်းစာ။
ဒီတစ်လှမ်းပြီးရင် ဘာမှမလိုတော့ဘူး။
ဘာမှလည်း ထပ်မလိုတော့ဘူး
ချိုသည် ခါးသည် မခြည်းဘဲနဲ့ ပြည့်စုံမှုကို ရှာတွေ့လိမ့်မယ်။
ခပ်ဖွဖွလည်း ထပ်ပြုံးမိမယ်။
နောက်ထပ် ခြေတစ်လှမ်း အလိုမှာပေါ့ ...။

မိုးအိပ်မက်



# ဖူးနုသစ်လွင်
# ကဗျာဥယျာဉ်

## ညီမလေးရေးမယ့် ပန်းချီကား

ရှိနေတဲ့နောက်က မြူဝတ်မှုန်သေးမွှားတဲ့ စိတ်ကူး
ကြယ်ကြွေတွေနောက်က ဝမ်းပန်းတနည်း ရှိုက်ရှိုက်နေတဲ့
တယောသံက
လောကထဲ နှမ့်ရောက်လာတဲ့ ကလေးရဲ့ငိုသံလို ရှစ်းမှာ
ရေးရေးလေးအနံ့ခွဲ
ဖြစ်စဉ်တစ်ခုလုံး ခြုံကြည့်မလား အစိတ်အပိုင်းတစ်ခုချင်းကို
ကြည့်မလား
ပြောင်းရွှေ့သွားတဲ့ တနင်္ဂနွေနောက်ကရက်စွဲတွေ
သဏ္ဍာန်ပြောင်းသွားတဲ့အရောင်စုံရှက်ခြောက်ကြွေတွေ
ဒေါင်လိုက်ဆွဲခံရတဲ့ပန်းပွင့်လက်ချပ်သံတွေ
ပျံသန်းဖို့အတွက် အားယူနေတဲ့အိပ်တန်းဝင်မိသားစုငယ်တွေ
အပြာရောင်လေထုမှာ ...
အပြာရောင်လေထုမှာ ရာသီသုံးမျိုးလုံးချိတ်ဆွဲလို့
စိတ်ထဲကသိပြီး ထုတ်ပြောဖို့မလိုအပ်တဲ့ အနုပညာ
အသံတွေပါ ဝှက်ပြီးထည့်ထားသလို နားစည်ကိုရိုက်ခတ်နေတဲ့
မမြင်နိုင်တဲ့ ဟိုးအဝေးတစ်နေရာက နေညိုချိန်ဆွဲလည်းသံတွေနဲ့
ညီမလေးဖျားနေတုန်းက နုတ်ခမ်းလေးနဲ့ ဆွဲတဲ့ပန်းချီလေ
ဘောင်မရှိတဲ့ ပန်းချီကားချပ်ထဲကို
ညနေခင်းကြီး တစ်ခုလုံး ခုန်ဆင်းသွားတော့တယ်။

ကိုနတ်



## ဆက်ကြိုး

နေရှိုင်းကို လွန်ကာမှ
ဆွေးဖွယ်ပန်းတို့က ဆီးကြိုဖွေ့ဖက်
သံသရာရဲ့ဆီမီးတွေ ထိန်ထိန်ညီးတောက်
ဒါတွေအကုန်လုံးက
တောင်ကွေ့လမ်းပေါ်က ဖြူလွလွပန်းတွေဖြစ်တယ်
ညစခန်းလေးထဲက တရိပ်ရိပ်တိုး
နာကျင်ခြင်းတွေဖြစ်တယ်
ဘယ်တော့မှ မမေ့နိုင်တဲ့အရာ နှောင်ဖွဲ့သော
ကြိုးတွေဖြစ်တယ်
လေညှင်းလွင့်သော မြူနှင်း ... ရေညှိစီးသော ရွက်ဝါ
ဟိုတစ်ကွေ့ ဒီတစ်ကွေ့ အကွေ့ကွေ့တွေနဲ့
လောကစီးကြောင်းထဲ
ဝင့်ကြွားစွာ စီးဝင်သွားကြရ
ဒီကို မလွန်နဲ့ ... ဒီစည်းကိုမကျော်နဲ့
တမလွန်၌ ပွင့်လူးခဲ့ဖူးသော အဖြူစတွေ တဖျပ်ဖျပ်လွင့်
လူ့ချော်ပုစီးကြောင်းထဲ အခါခါမျောပါခဲ့ဖူး
အရင်နှစ်ဘဝခြားတည်းက ချစ်ခဲ့ရသူ
အသူရကာယ် ဘုံသူမလေး နေရင်ချို ...။

ရွှေကြယ်မိုး



သတင်းများနှင့် ဖက်ရှင်

## REVLON ရဲ့ Age Defying with DNA Advantage ပစ္စည်းသစ်မိတ်ဆက်ပွဲ







REVLON မှ အသစ်ရောက်ရှိလာသော Age Defying with DNA Advantage ပစ္စည်းသစ်များ မိတ်ဆက်ပွဲအခမ်းအနားကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့၊ ညနေ ၃ နာရီတွင် ရန်ကုန်မြို့၊ ပြည်လမ်းပေါ်ရှိ Janction Square ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါအခမ်းအနားသို့ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အနုပညာရှင်များ၊ စာနယ်ဇင်းမီဒီယာများနှင့် Janction Square သို့ ဈေးဝယ်လာကြသော Customer များ တက်ရောက်ခဲ့ကြပြီး REVLON ၏ Age Defying with DNA Advantage ပစ္စည်းသစ်များတွင် ပါဝင်သော Renewist Complex သည် Cell အသစ်များကို ရှင်သန်စေပြီး နုပျိုမှုကို အကူအညီပေးနိုင်သည့် DNA auto repair process ကို ကူညီပံ့ပိုးပေးပြီး နုပျိုမှုကို အစဉ်ပေးစွမ်းနိုင်ကြောင်းလည်း သိရသည်။

## The Chic Magazine သုံးနှစ်ပြည့် ဖက်ရှင်ရှိုးပွဲ ကျင်းပ




The Chic Magazine ၏ သုံးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် မြန်မာ့ပထမဆုံးရေကူးကန် ဖက်ရှင်ရှိုးပွဲကြီးကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်၊ နံနက် ၆ နာရီအချိန်တွင် Chatrium Hotel (Poll Side)၌ ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။ အဆိုပါပွဲတွင် ဒီဇိုင်နာများဖြစ်ကြသော မပုံ့ (My Favourite)၊ သက်နှင်းအေး(DoZo) နှင့် ဂျိုကာတို့၏ နောက်ဆုံးပေါ် ဖက်ရှင်ဝတ်စုံများကို အနုပညာရှင် မော်ဒယ်များမှ ဝတ်ဆင်ပြသခဲ့ကြပြီး အဆိုတော်များမှလည်း တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။









# စာရေးဆရာမောင်ဆွေသက်၏ စာအုပ်မိတ်ဆက်ပွဲ

စာရေးဆရာမောင်ဆွေသက်၏ ထိုင်းနိုင်ငံသံတမန်ဘဝအတွေ့အကြုံများကို ရေးသားထားသည့် 'ဧရာဝတီမှ ကျောက်ဖယားသို့'စာအုပ်နှင့် တတိယအကြိမ် (ထပ်မံဖြည့်စွက်ချက်များနှင့်အတူ) ပြန်လည်ထုတ်ဝေသော 'ကဒူးမမှ မော်ဖသို့' စာအုပ်များနှင့် ပတ်သက်၍ တင်ပြပွဲအခမ်းအနားကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့၊ နေ့လယ် ၁ နာရီတွင် ရန်ကုန်မြို့ရှိ Orchid Hotel ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါ စာအုပ်များသည် သမိုင်းအချက်အလက် အမှားအယွင်းမရှိအောင် စီစဉ်ရေးသားထားသည့် စာအုပ်ဖြစ်ပြီး၊ 'ဧရာဝတီမှ ကျောက်ဖယားသို့' စာအုပ်ကို ထိုင်းဘာသာဖြင့် ထုတ်ဝေရန် စီစဉ်ထားကြောင်း သိရှိရသည်။

# Wuttisak Clinic Beauty & Skin Center သစ်ထပ်မံဖွင့်လှစ်






အလှအပ၊ အသားအရေနှင့် အရေပြားရောဂါဗေဒဆိုင်ရာ လုပ်ငန်းဖြစ်သော Wuttisak Clinic Beauty & Skin Centre သစ်ကို နိုဝင်ဘာလ ၂၉ ရက် ညနေ ၅ နာရီက အမှတ်-၆၀၈၊ ကုန်သည်လမ်းနှင့် ၃၁ လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ခဲ့သည်။ Wuttisak Clinic သည် အဆင့်မြင့် ဆန်းသစ်သော ခေတ်ရှေ့ပြေးနည်းပညာဖြင့် ဝန်ဆောင်မှုပေးနေသည့် လုပ်ငန်းတစ်ခုဖြစ်ကာ မြန်မာနိုင်ငံတွင် centre နှစ်ခုဖြင့် ဝန်ဆောင်မှုပေးနေပြီဖြစ်သည်။ Wuttisak Clinic သည် သုံးစွဲသူ customer များကို အကောင်းဆုံးဝန်ဆောင်မှုပေးရုံတင်မက သုံးစွဲသူ၏ လိုအပ်ချက်နှင့်အညီ အလှအပနှင့် အသားအရေပိုင်းဆိုင်ရာ ကုန်ပစ္စည်းပေါင်း ၃၀၀ ကျော်လည်း ထုတ်လုပ်ပေးထားပါသည်။ ၁၄ နှစ် အတွင်း Wuttisak Clinic ၏ အလှအပနှင့် အသားအရေပိုင်းဆိုင်ရာ လုပ်ငန်းနှင့်စပ်လျဉ်း၍ Trusted Brand Award 2012 နှင့် 2013 ၌ Reader Digest ( Thailand) ၏ အသားအရေအလှအပဆိုင်ရာဆုများ၊ APEA 2012 ပွဲ၌ ခွဲစိတ်ကုသမှုဆိုင်ရာ လုပ်ငန်းထူးချွန်ဆု Qutstanding Entrepreneurship Awards၊ အင်္ဂလန်နိုင်ငံ super brand အသင်းအဖွဲ့မှ ပေးအပ်သော super brand 2013 ဆုများကိုလည်း ရရှိခဲ့သည်။ ကမ္ဘာတစ်ဝန်း ဆိုင်ခွဲပေါင်း ၁၄၀ ကျော်ကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။ Wuttisak တွင် ဝါရင့်ဆရာဝန်ပေါင်း၊ ဆေးကုသမှု ကျွမ်းကျင် အတတ်ပညာရှင် အယောက် ၂၅၀ ကျော်၊ ဝန်ထမ်း ၄၀၀၀ ကျော်နှင့် ဝန်ဆောင်မှုပေးနေကြောင်း သိရသည်။ ယခုတွင် Wuttisak Clinic သည် ထိုင်းနိုင်ငံတစ်နိုင်ငံလုံးအနှံ့ ဆိုင်ခွဲအများအပြားတိုးချဲ့ ဖွင့်ထားပြီး အနာဂတ်ဝန်ဆောင်မှု အနေဖြင့် သုံးစွဲသူ Customers များထံသို့ အိမ်တိုင်ရာရောက် ဝန်ဆောင်မှုပေးရန် စီစဉ်နေကြောင်းလည်း သိရသည်။








## ဦးခင်ညွန့်နှင့်အင်တာဗျူးစာအုပ် စာနယ်ဇင်းရှင်းလင်းပွဲ

လျှပ်တစ်ပြက်ဂျာနယ် အယ်ဒီတာချုပ် ဦးမြတ်ခိုင်၏ ဗိုလ်ချုပ်ကြီးဟောင်း၊ ထောက်လှမ်းရေး ညွှန်ကြားရေးမှူးဟောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးခင်ညွန့်နှင့် အင်တာဗျူးကို အလွယ်တကူ ဖတ်ရှုလေ့လာနိုင်စေရန် ရည်ရွယ်ပြီးထုတ်ဝေခဲ့သည့် စာအုပ်ထွက်ရှိခြင်း စာနယ်ဇင်းရှင်းလင်းပွဲကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက်နေ့၊ မွန်းလွဲ ၁ နာရီတွင် ကန်တော်ကြီးမျှော်စင်ကျွန်းအတွင်းရှိ ကရဝိတ်နန်းတော်၌ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါအခမ်းအနားကို ဗိုလ်ချုပ်ကြီးဟောင်း ဦးခင်ညွန့်ကိုယ်တိုင် တက်ရောက်ခဲ့ပြီး၊ ဦးနေဝင်း၏ မြေးဖြစ်သူ အေးနေဝင်းလည်း တက်ရောက်ခဲ့ကြောင်း သိရသည်။ ယင်းစာအုပ်ကို ကွာလတီစာပေတိုက်မှ စီစဉ်ထုတ်ဝေခဲ့ခြင်း ဖြစ်ကြောင်းလည်း သိရှိရသည်။

## Miss Apyosin Beauty Contest ကျင်းပ







အပျိုစင်မဂ္ဂဇင်း၏ နှစ် (၂၀)ပြည့် အမှတ်တရအဖြစ် Miss Apyosin Beauty Contest ပြိုင်ပွဲကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့ ညနေ ၄ နာရီအချိန်တွင် Strand Hotel ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲတွင် အပျိုစင်အလှမယ်(၁၈)ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး Miss Apyosin ဆုကို ခါးနံပါတ်(၁၅) လရိပ်ပြာက ရရှိခဲ့ကြောင်း သိရသည်။ သရဖူမဂ္ဂဇင်းနှင့် Wellness မဂ္ဂဇင်း အယ်ဒီတာချုပ် ဒေါ်နန်းအိအိဇာ၊ ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်)၊ ဓာတ်ပုံပီတာ၊ နိုဘယ်ကလင်းနစ်မှ ဒေါက်တာမြင့်ဦး၊ ခွန်းဆင့်နေခြည်နှင့် မိုးယုစံတို့မှ ဒိုင်များအဖြစ် ဆောင်ရွက်ခဲ့ကြပြီး၊ ဆုများကို အပျိုစင်မဂ္ဂဇင်းမှ ဦးမြင့်လွင်နှင့် နန်းခင်ဇေယျာတို့က အသီးသီးချီးမြှင့်ပေးခဲ့ကြောင်းသိရသည်။

အဆုံးမဲ့သော ပင်လယ်ပြင်ကြီးကို နေ့စဉ်ကြည့်ရင်း သူ့ကိုယ်ရည်ကိုယ်သွေးတွေ ကျဆင်းလာသည်။ သူ၏ထက်သန်လှသော ဆရာဝန်ကောင်းတစ်ယောက် ဖြစ်လိုစိတ်တွေ လျော့ပါးလာသည်။ ယခုအချိန်မျိုးမှာ ဆေးရုံမှာရှိနေသင့်သည်။ လူနာတွေအနားမှာ တရစ်ဝဲဝဲ ရှိနေသင့်သည်။ လူနာတို့အား စိတ်ရောကိုယ်ပါ ဝေဒနာသက်သာအောင် နည်းအမျိုးမျိုးနှင့် ဆောင်ရွက်နေသင့်သည်။ ယခင်ကဆိုလျှင် သူသည် ဆေးရုံကို ကိုယ့်အိမ်လို သဘောထားသူ။ ဆေးရုံကင်တင်းမှာ စားပြီး ဆေးရုံမှာ အိပ်တတ်သူ။ အိမ်ပြန်အိပ်သည့် ရက်များတွင်လည်း ညဉ့်နက်မှ ပြန်တတ်သည်။

ကိုရီးယားမင်းသားဂျန်ဒေါင်ဂန်ကို မြန်မာပရိသတ်က ဆည်းဆာရင်ခုန်သံရုပ်ရှင်ကားကိုစွဲ၍ ဒါရိုက်တာရင်ဟု ခေါ်ကြသည်။ ဒါရိုက်တာရင်ပါဝင်သည့် နှလုံးလှ ဆရာဝန်ရုပ်ရှင်ကားထဲမှ ဇာတ်ဆောင်ဆရာဝန်ကင်ဆူးယွန် (ဒါရိုက်တာရင်) က "ငါ့ရဲ့ဆေးရုံဟာ ငါ့ရဲ့အိပ်ခန်းထက် နွေးထွေးတယ်၊ လူနာတွေဟာ ငါ့ရဲ့



မင်းဘဝကို
**အောင်မြင်ချင်ရင်**
စာကြိုးစား၊
**ပညာတတ်အောင်သင်၊**
ဗာရာဏသီပြည်မှာ
**အချမ်းသာဆုံး**
သူဌေးဖြစ်နိုင်တဲ့
ကံပါပေမယ့်
**လုံ့လမရှိရင်**
သူတောင်းစား
**ဖြစ်တယ်ကွ . .**

မိသားစုပဲ" ဟု ပြောခဲ့သည်။ သည်စကားကို သူအလွန်သဘောကျသည်။ သူသည် နှလုံးလှဆရာဝန်ဖြစ်သည်။ လူနာတွေအပေါ် သံယောဇဉ်ကြီးသည်။ ကရုဏာထားသည်။ ဆေးပညာ၌လည်း လူငယ်ဆရာဝန်တွေထဲမှာ ထူးချွန်သူဖြစ်သည်။ ထူးချွန်အောင်လည်း ငယ်စဉ်ဘဝကစ၍ ကြိုးစားခဲ့ရသည်။ ယခုတော့ တတ်နိုင်သမျှ လူနာတွေနားမှာ မနေမိအောင် ကြိုးစားသည်။ အလုပ်ချိန်မကုန်မီ ဆေးရုံမှထွက်လာခဲ့သည်။ ပင်လယ်ပြင်နှင့်နီးသည့် သူငှားနေသောအိမ်မှနေ၍ ပင်လယ်ပြာနှင့် တဝုန်းဝုန်းအော်မြည် ပြေးလွှားနေသည့် လှိုင်းလုံးတွေကို ထိုင်ကြည့်နေတတ်သည်။ လှိုင်းတွေ. . . လှိုင်းတွေ . . . အင်တွေအားတွေနှင့် ပင်လယ်ပြင်မှာ ခုန်ပေါက်ပြေးလွှားနေလိုက်တာ. . . ဒါဟာ လှိုင်းဘဝရဲ့ လုပ်ငန်းတာဝန်တွေတဲ့လား . . . လှိုင်းရဲ့ဝါသနာတဲ့လား. . . ပင်ပန်းလိုက်ပါဘိခြင်း. . . နောက်ဆုံးကျတော့ လှိုင်းရဲ့ကျေးဇူးကို ဘယ်သူက မှတ်တမ်းတင်မှာတဲ့လဲ. . . ဆရာဇော်ဂျီကတော့ လှိုင်းကလေးသင်ကဗျာနဲ့ ကျေးဇူးတင်ခဲ့ပါရဲ့ . . . လူတွေက လှိုင်းစီးပြီး အရသာခံကြပေမယ့် လှိုင်းကိုတော့ ကြောက်တာပဲမဟုတ်လား . . . လှိုင်းနောက်ဘယ်သူက လိုက်ချင်မှာလဲ. . . လှိုင်းငြိမ်သွားတော့လည်း ဘယ်သူက သတိရတမ်းတနေမှာလဲ. . . ငါလည်း လှိုင်းပါပဲလေ။

လူနာတွေအနားမှာ မနေရဘဲ လှိုင်းတွေကို ထိုင်ကြည့်နေရသည့်အတွက် သူခံစားရသည်။ လူနာတွေဟာ ဆရာဝန်တွေရဲ့ ကြင်နာမှုကို လိုအပ်သလို ဆရာဝန်ဆိုတာလည်း ကြင်နာရမယ့် လူနာကို လိုအပ်တာပါပဲ။ သူဆိုသည့် ဒေါက်တာငြိမ်းအောင်သူမှာ လူနာတွေကို ကြင်နာနိုင်သည့် နှလုံးသားလည်းရှိသည်။ အချိန်တွေလည်း ပေးနိုင်သည်။ လူနာတွေအားကိုးလောက်အောင် ပညာလည်းရှိသည်။ ပညာထူးချွန်အောင်လည်း ငယ်ဘဝမှစ၍ ကြိုးစားသင်ယူခဲ့သည်။ လူနာများ၏တာဝန်ကျေဆရာဝန်ကောင်းဖြစ်ရန် သူ့မှာ ပြီးပြည့်စုံနေပါသည်။ သူ တစ်ယောက်တည်း ပြုံးလိုက်မိသည်။ ပြီးပြည့်စုံခြင်းသည် အပြစ်အနာအဆာအဖြစ်နှင့် ဘဝကို ဒုက္ခပေးတတ်သည်ကို သူ မသိခဲ့ပါလား။

ငယ်ဘဝကိုပြန်တွေးလိုက်လျှင် စာတော်အောင် ကြိုးစားရမည်ဟု နားမလည်သေးခင် အရွယ်က ပျော်စရာကောင်းလှသည်။ ကျောင်းမှာလည်း သူငယ်ချင်းတွေနှင့် ကစားသည်။ အိမ်ပြန်ရောက်လျှင်လည်း အိမ်နားက ဘောလုံးကွင်းထဲပြေးပြီး မိုးချုပ်သည်အထိ ဘောလုံးကန်သည်။ သူငယ်ချင်းတွေကလည်း ပေါများလိုက်သည့် ဖြစ်ခြင်း။ ဘောလုံးကန်ရန် လာခေါ်သည့် သူငယ်ချင်းတွေက တစ်ပုံတစ်ပင်။ အဆော့မက်လွန်း၍ အဆင့်က အောက်ဆုံးမှာ။ စာတော်ပြီး အဆင့်ကောင်းသည့် သူငယ်ချင်းတွေကလည်း သူ့ကို ကြင်နာကြသည်။ သနားလေး ဘာလေးတွက်ပြကြသည်။ သူငယ်ချင်းတွေ၏ ကျေးဇူးကို သတိရနေဆဲပါ။ သနားညှဲ့သောကောင်လေးဘဝက စာတော်သော သူငယ်ချင်းများ။ သူတို့ ဘယ်များရောက်ကုန်ကြပြီလဲ။ ကောင်မလေးတွေကလည်း မြန်မာစာ သင်ပေးသည်။ စာညံ့သောသူ့ကို ကြင်နာလိုက်ကြသည့်ဖြစ်ခြင်း။

ဘောလုံးကန်လွန်း၍အဆင့်အောက်ဆုံးရောက်လာသောအခါ မေမေလည်း မကယ်နိုင်တော့။ စာမေးပွဲရီပို့ကတ်ကို မေမေ လက်မှတ်ထိုးမပေးရဲတော့။ ဖေဖေကိုယ်တိုင် လက်မှတ်ထိုးမည်ဟု ဆိုသည်။ ဖေဖေက ကစားခွင့်မပေးတော့။ ပြင်းပြင်းထန်ထန် ကိုင်တွယ်သည်။ ကျောင်းက ပြန်လာသည်နှင့် သူ့ကိုယ်တိုင် စောင့်ပြီး စာကျက်ခိုင်းသည်။ သနားတွေ တွက်ရသည်။ ဘောလုံးကွင်းဆီသို့ လှမ်းမျှော်ကြည့်ရင်း ဝမ်းနည်းနေတတ်သည်။ ဝမ်းနည်းရင်းနှင့် စာတော်လာသည်။ အဆင့်တက်လာသည်။ "လူတစ်ယောက်မပြောနဲ့ နိုင်ငံတစ်နိုင်ငံကြီးပွားတိုးတက်ဖို့ဆိုတာ ပညာကလွဲပြီး အားကိုးစရာဘာမှမရှိဘူး။ မင်းဘဝကို အောင်မြင်ချင်ရင် စာကြိုးစား၊ ပညာတတ်အောင်သင်၊ ဗာရာဏသီပြည်မှာ အချမ်းသာဆုံး သူဌေးဖြစ်နိုင်တဲ့ ကံပါပေမယ့် လုံ့လမရှိရင် သူတောင်းစားဖြစ်တယ်ကွ၊ အဲ့ဒီလူဟာ လောကုတ္တရာရေးမှာ ကြိုးပမ်းရင် မဂ်ဖိုလ်နိဗ္ဗာန်ရောက်နိုင်ပါရက်နဲ့ မကြိုးစားတော့ သူတောင်းစားဘဝနဲ့ နိဂုံးချုပ်ရတယ်"

ဖေဖေ၏ ဆုံးမစကားတွေကို ကြားယောင်မိသည်။

"ဆရာကြီး ပီမိုးနင်းက ပြောတယ်။ လူဆိုတာ ကိုယ့်ကိုယ်ကိုယ် ရိုသေလေးစားမှ ကမ္ဘာကြီးတစ်ခုလုံးက လေးစားလာမှာတဲ့။ လူတော်လူကောင်းဖြစ်မှ ဂုဏ်ရှိမှာ၊ လူတွေက လေးစားကြမှာ"

ကလေးတစ်ယောက်၏ မသိတသိအသိလေးနှင့် ဖေဖေ၏စကားလုံးကြီးကြီးများကို ခံယူခဲ့ရသည်။

"ဆရာကြီးပီမိုးနင်းက ပြောသေးတယ်ကွ၊ လောကမှာ အချိန်သူဌေးတွေဟာ ရွှေသူဌေး၊ ငွေသူဌေး၊ ပညာသူဌေး၊ အလုပ် သူဌေးမဖြစ်နိုင်ဘူး၊ တို့မြန်မာပြည်မှာ အချိန်မိလျှံနာတွေများလွန်းလို့ ငွေမိလျှံနာတွေ ရှားပါးတာတဲ့၊ ဘောလုံးကန်တယ် ဆိုတာလည်း အချိန်ဖြုန်းတာပဲ"

ဖေဖေကြီးကြပ်သောသူ့ဘဝ ပြောင်းလဲသွားသည်။ မွန်းမွန်းကျပ်ကျပ်နှင့်စာဖတ်ရင်း အဆင့်တက်လာသည်။ ဆရာမတွေကပင် ချီးကျူးစပြုလာသည်။

''ဒီလ ငြိမ်းအောင်သူ တစ်ယောက်တည်း သနားတစ်ရာ ရတယ်။ ဉာဏ်စမ်းပုစ္ဆာတွေများတော့ အမှတ်ပြည့်ရတဲ့သူ နည်းသွားတယ်"

သနားဆရာမက ချီးကျူးသည်။ မြန်မာစာဆရာမကလည်း သူ့အဖြေလွှာကို မြှောက်ပြကာ "ငြိမ်းအောင်သူ အမှတ်အများဆုံးပဲ၊ အမှတ် ၈၀ ရတယ်" ဟု ပြောလာသည်။

"ငြိမ်းအောင်သူက ဉာဏ်ကောင်းတာပဲ၊ အဆော့မက်လွန်းလို့ အဆင့်တွေကျခဲ့တာ"

သူ့အောင်မြင်မှုအတွက် ဆရာ၊ ဆရာမတွေအားလုံး ပျော်ရွှင်နေကြသည်။ သူ့နားတွင် ဝိုင်းဝိုင်းလည်နေသော သူငယ်ချင်းများ ဘယ်ပျောက်

နေမှန်း မသိ။ ကြက်ပျောက်ငှက် ပျောက် ပျောက်နေသည်။ သူတစ်ယောက်တည်း ထမင်းစားရသည်။ သူ၏စာတော်သော သူငယ်ချင်းများသည် ယခင်နေ့များကလည်း ပြုံးပြုံးရွှင်ရွှင်မရှိ။ မျက်နှာထား တည်တည်တင်းတင်းဖြစ်နေကြသည်။

"ငါ့သားက အတန်းထဲမှာ အတော်ဆုံးဖြစ်မှာ၊ အိုး ... တစ်ကျောင်းလုံးမှာ အတော်ဆုံးဖြစ်လာမှာ၊ ဘယ်ကမလဲ တစ်ပြည်လုံးမှာ အတော်ဆုံးဖြစ်လာမှာ"

ဖေဖေက သူ့ကိုဖက်ပြီး အားရပါးရပြောသည်။ မေမေ ပြုံးနေသည်။ ဖေဖေနှင့်မေမေကြောင့် အားတက်ပျော်ရွှင်သလို ရှိသော်လည်း ပြည့်ပြည့်ဝဝမပျော်နိုင်။ ရင်ထဲမှာ ပဟေဠိရှိနေသည်။

"ဆရာမတွေကလည်း သားအဆင့်တွေ ခုန်ကျော်တက်လာလို့ ပျော်နေကြတယ် မဟုတ်ဘူးလားသား"

မေမေဝင်ပြောတော့ သူ ခေါင်းညိတ်မိသည်။

"ဒါ ... ဒါပေမဲ့ ..."

ဒါပေမဲ့ ဘာဖြစ်လဲသား"

"သူငယ်ချင်းတွေကတော့ မပျော်ကြဘူး"

"ပျော်ချင်ပျော်၊ မပျော်ချင်နေ စာတော်ဖို့ပဲ အရေးကြီးတယ်၊ ပညာရှိမှ လောကမှာ နေရာကောင်းရပြီး တင့်တယ်မှာသားရဲ့။ အင်းဝခေတ် စာဆိုရှင်မဟာရဋ္ဌသာရက ပညာတတ်တဲ့သူရဲ့ တင့်တယ်ပုံကို သိပ္ပံခေါင်ဖျား၊ တတ်မြောက်များမူ တောသားရန်အောင် ခြသေ့်ယောင်သို့၊ မရှောင်မညှာ၊ တင်းတင်းမာ၍ ပညာရဲရင့် ပွဲလယ်တင့်၏တဲ့"

ဖေဖေ့စကားတွေကို နားဝင်တစ်ချက် မဝင်တစ်ချက်နှင့် မပျော်မရွှင်ဖြစ်နေသည်။ နောက်နေ့တွေမှာလည်း စာတော်သည့် သူငယ်ချင်းတွေက သူ့ကို ဟက်ဟက်ပက်ပက် မခေါ်ချင်ကြ။ သန့်စင်သည် သချ်ာတော်သည်။ သချ်ာညံ့သောသူ့ကို သနားသည်။ သချ်ာပြပေးလေ့ရှိသည်။ သန့်စင်ကို သူချစ်ခင်သည်။ စိတ်ကောင်းရှိသူ၊ ရိုးသားဖြူစင်သူဟု သတ်မှတ်ထားသည်။ သန့်စင်ကြိုက်တတ်သော ဟင်းဆိုလျှင် အပိုထည့်လာသည်။ အိမ်က ထည့်ပေးရန်မေ့နေလျှင်ပင် သူမစားဘဲ သန့်စင်ကို ကျွေးသည်။ ငါးပေါင်းထုပ်၊ ပုစွန်ငါးဆုပ်လုံးဟင်းများဖြစ်သည်။ သည်နေ့လည်း သန့်စင်အတွက် ပုစွန်ငါးဆုပ်လုံး ပိုထည့်လာသည်။

အတန်းထဲရောက်သည်နှင့် သန့်စင်ရှိရာသို့ ပြေးသွားသည်။

"မင်းကြိုက်တဲ့ ပုစွန်ငါးဆုပ်လုံးဟင်းပါတယ်" သူ့အပြောကို သန့်စင်က မတုံ့ပြန်။

"မင်းကြိုက်လို့ မေမေက ပိုထည့်ပေးလိုက်တယ်"

"ဟင့်အင်း၊ ငါ ပုစွန်ငါးဆုပ်လုံးဟင်း မကြိုက်တော့ဘူး"

မဖြေချင့် ဖြေချင်နှင့်ပြောသည်။

"ဟင် ... ဘာဖြစ်လို့လဲ၊ နေမကောင်းလို့လား၊ နည်းနည်းတော့ စားပါကွာ၊ ငါက မင်းစားစေချင်လို့ ယူလာတာ"

"တော်စမ်းပါကွာ၊ ဒီမှာ ငါ စာကျက်နေတယ်၊ မင်းပုစွန်ငါးဆုပ်လုံးကို မစားချင်ဘူး"

သူ နားမလည်နိုင်တော့။ အတန်ကြာငိုင်နေပြီးမှ သူ့နေရာသို့ ပြန်လာသည်။ တစ်နေ့လုံး ဝမ်းနည်းနေမိသည်။ အိမ်ပြန်ရောက်တော့ ထမင်းချိုင့်ထဲက ပုစွန်ငါးဆုပ်လုံးတွေ ကျန်နေသည်။

"ဟင် ... ဟင်းတွေလည်း မကုန်ပါလား၊ သန့်စင်ကိုမကျွေးဘူးလားကွယ်"

"သူ မစားဘူးမေမေ၊ ပုစွန်ငါးဆုပ်လုံးဟင်းကိုလည်း မစားတော့ဘူးတဲ့"

သူ ပြောရင်း ငိုသံပါလာသည်။ သူငယ်ချင်း စွန့်ခွာသွားသည့်အတွက် ဝမ်းနည်းရသည်။

"ထူးဆန်းလိုက်တာ၊ သန့်စင်က ဒီဟင်းကို သိပ်ကြိုက်တာ"

"သားရေ ... လာ သချ်ာတွက်ကြစို့"

စီးကျလာသည့် မျက်ရည်တွေကို သုတ်ပြီး သချ်ာတွက်သည်။

"သားက သိပ်ဉာဏ်ကောင်းတာပဲ၊ အရင်ကသာ ကြိုးစားခဲ့ရင် ဒီထက်တော်မှာ၊ အခုလည်း ခြောက်တန်းပဲရှိပါသေးတယ်။ တက္ကသိုလ်ဝင်တန်းမှာ ခြောက်ဘာသာဂုဏ်ထူးရှင်ဖြစ်၊ မြန်မာတစ်ပြည်လုံးအမှတ်အများဆုံး ၁၀ ထဲမှာပါမှာ"

ဖေဖေ့မျှော်လင့်ချက်တွေ ... ဖေဖေက စိတ်အားထက်သန်နေသည်။ နောက်တစ်နေ့မှာလည်း သူ့ကို အိမ်စာကူတွက်ပေးတတ်သော ကျော်မင်းက သူ့အနားမကပ်တော့။ စာမတော်သည့် သူငယ်ချင်းများနှင့် သာအရောတဝင်နေသည်။ သန့်စင်အမေနှင့်ကျော်မင်းအမေကလည်း သူ့ကိုမြင်လျှင် မျက်နှာထားတင်းသွားကြသည်။

လပတ် ၆ လပတ် စာမေးပွဲတွေမှာ ယခင်က အဆင့်ကောင်းသူများကို ကျော်တက်လာသည်။ စာမေးပွဲတိုင်းမှာလိုလို ပထမရသည်။ ပထမရဖန်များတော့ ဒုတိယမရချင်တော့။ ပထမဆိုသည့် ဂုဏ်ကို ထိန်းသိမ်းရင်း စာကိုဖိကျက်ဖြစ်သည်။ စာဂျပိုးဖြစ်လာသည်။ ဆရာ၊ ဆရာမတွေအလယ်မှာ မျက်နှာရသည်။ ဆရာမများနှင့် ရင်းနှီးတော့ ကပ်ပါးရပ်ပါး လုပ်သူဟု သရော်ကြသည်။ စာညံ့သူများကလည်း စာတော်သောသူနှင့် ဝေးဝေးနေလာသည်။ စာတော်သူတွေကလည်း သူ့ကို မပေါင်းချင်ကြတော့။ သူ့မှာ သူငယ်ချင်းမရှိ။ သူငယ်ချင်းမရှိသည့်အတွက် စာပိုကျက်ဖြစ်သည်။



စာပို၍ တော်လာသည်။

"လူတစ်ယောက်ကို ဆင်းရဲတွင်းထဲကို တွန်းချတာ ပညာမဲ့ခြင်းပဲ၊ လူတစ်ယောက်ကို ချမ်းသာသုခတွေ ပေးနိုင်တာကလည်း ပညာရှိခြင်းပဲ၊ နိုင်ငံတစ်နိုင်ငံကို ဆင်းရဲစေတာကလည်း ပညာမဲ့ခြင်းပဲ၊ နိုင်ငံတစ်နိုင်ငံကို ကြွယ်ဝချမ်းသာစေတာလည်း ပညာရှိခြင်းပဲ"

ဖေဖေ၏ အထပ်ထပ်ပြောမဆုံးသော စကားများ။

"သားမှာ သူငယ်ချင်းမရှိတော့ဘူးဖေဖေ"

သူ့ခေါင်းကလေးကို အသာအယာပွတ်ပြီး "ပညာနဲ့တူတဲ့ မိတ်ဆွေ မရှိတဲ့သားရဲ့၊ ပညာဟာ သားရဲ့မိတ်ဆွေကောင်းပဲ"

ဖေဖေ့ကို မဆန့်ကျင်တော့ဘဲ စာကိုသာ ကြိုးစားသည်။ တစ်ကျောင်းလုံးမှာ ထင်ပေါ်ကျော်ကြားလာသည်။ တက္ကသိုလ်ဝင်တန်းရောက်လာသည်။ ခြောက်ဘာသာဂုဏ်ထူးရလိမ့်မည်ဟု ဆရာ၊ ဆရာမတွေက ထင်ကြေးပေးသည်။ ထိုအချိန်တွင် မမျှော်လင့်သော ကြမ္မာဆိုးဝင်လာသည်။ ဖေဖေ ကားတိုက်မှုဖြစ်ပွားပြီး သေဆုံးသွားသည်။ မျှော်လင့်ချက် ရွှေတောင်ကြီး လဲပြိုသွားသည်။ သန့်စင်နှင့် ကျော်မင်း ရောက်လာသည်။ သူတို့၏ မိဘများလည်း လာကြသည်။

"မင်း ကျောင်းဆက်တက်ဖို့ လွယ်ပါတော့မလားဟင်၊ အင်း ... စာသင်ပေးမယ့်လူလည်း မရှိတော့ အဆင့်တော့ကျသွားမှာပဲ။ မင်းအမေကလည်း ကျူရှင်ထားနိုင်မယ်မထင်ဘူး၊ ဟုတ်တယ်မဟုတ်လား"

သန့်စင်က ကြည်လင်ရွှင်ပျစွာ မေးမြန်းပြောဆိုသည်။

"တက္ကသိုလ်ဆက်မတက်နိုင်ရင် ဆရာဝန်ဖြစ်ဖို့ မလွယ်တော့ဘူး။ ဆရာဝန်မဖြစ်တော့လည်း အလုပ်ကလေးဘာလေး ဝင်လုပ်ပေါ့"

"တက္ကသိုလ်ဆက်မတက်နိုင်ရင် မူလတန်းဆရာလောက်တော့ ဖြစ်နိုင်ပါတယ်"

"အဝေးသင်ဆက်တက်ရင်လည်း ရတာပဲ"

သန့်စင်နှင့် ကျော်မင်း တစ်ယောက်တစ်လှည့်စီ အကြံပေးနေကြသည်။

သူ့နှလုံးသားမှာ နာကျင်ခံစားရလွန်း၍ သူတို့ဘာတွေပြောနေသည်ကိုပင် မတွေးနိုင်ခဲ့။

"မင်း သူငယ်ချင်းတွေက မင်းအဖေဆုံးသွားတာကို တော်တော်ကျေနပ်နေပုံရတယ်။ သူတို့ကို အမီမလိုက်နိုင်တော့ဘူးလို့ ထင်နေကြပုံရတယ်။ ဒီမှာ ငြိမ်းအောင်သူ ဘာမှမပူနဲ့၊ မင်းသာ စာကြိုးစား၊ လုံ့လ စိတ်ဓာတ်မကျနဲ့၊ ဆရာဝန်ဖြစ်တဲ့အထိ ဒေါ်လေးကျောင်းထားပေးမယ်"

မေမေ၏ညီမ ကျောင်းဆရာမအပျိုကြီးက မခံချင်၍ သူ့ကို အားပေးသည်။ အားပေးသည့်အတိုင်းလည်း ကူညီသည်။ တက္ကသိုလ်ဝင်တန်းကို ခြောက်ဘာသာဂုဏ်ထူးနှင့် အောင်ပြီး ဆေးတက္ကသိုလ်မှာ တက်ရသည်။


ကျော်မင်းနှင့်သန့်စင်လည်း ဆေးကျောင်းရောက်သည်။ ဆေးတက္ကသိုလ်မှာဆုံတော့ သူတို့ မျက်နှာပျက်နေကြသည်။ သူ့ရင်ထဲမှာ ဆူးတွေပေါက်နေသည့် အလျောက် သူ့မာနတွေကို ဆန္ဒအဖြစ် ပြောင်းလဲကာ နှလုံးသားနှင့် ဦးနှောက်၌ မြှုပ်နှံထားလိုက်သည်။ သူပို၍ တော်လာသည်။ ဆေးကျောင်းက သူငယ်ချင်းတွေ မနာလိုလောက်အောင် သူက ထူးချွန်နိုင်လွန်းသည်။ ဆရာတွေက ချစ်ကြသည်။

"တောသားကများ ... ဘာများတော်နေရတာလဲ၊ မှော်အောင်လာသလားမှ မသိတာ"

မြို့ကြီးသားသူငယ်ချင်းတွေက ရန်လိုစိတ်ဖြင့် နှိမ်ကြသည်။ ဆရာတွေကို အနီးကပ်ပေါင်းကာ သူ့အကြောင်းတွေကို မကောင်းပြောကြသည်။ ကောင်မလေးတွေက သူ့ကို အထင်ကြီးကြသည်။ သူ့ကို ပြိုင်ဘက်အဖြစ် သဘောထားသလို ချစ်သူအဖြစ်လည်း လက်ခံချင်ကြသည်။ သူက ဘယ်သူ့ကိုမှ စိတ်မဝင်စားသောအခါ ရန်ပြုလိုကြသည်။ ဆရာတွေ၏ အထင်ကြီးမှုပျက်ပြားအောင် ဆောင်ရွက်ကြသည်။ ဂုဏ်ထူးရသင့်ပါလျက် မရတာတွေ ရှိလာသည်။ သူ့ကို မုန်းသူများသည် တကယ်တော့လည်း တစ်တန်းတည်းသား သူငယ်ချင်းများသာ ဖြစ်ပါသည်။ တစ်ခါတစ်ရံ အတူသွား၊ အတူလာ၊ အတူစာကျက်ဖော်များလည်း ဖြစ်ကြပါသည်။

ကောင်းထက်သည် သူ့ကို ခင်သော်လည်း မေသူက သူ့ကို စိတ်ဝင်စားဟန် ပြသောအခါ မေသူနှင့် ပတ်သက်၍ ဝန်တိုစိတ် ဖြစ်လာသည်။ မိန်းကလေးများက ထူးချွန်သူကို ကြိုက်ကြသည်။ ရင်းနှီးချင်ကြသည်။ သူ့ဘက်က ခပ်တင်းတင်း မပြုံးမရယ် မလှိုက်မလှဲနေသော်လည်း မေသူက သူ့ကို ခင်မြဲခင်သည်။ သူ၏တင်းသော၊ မရယ်တတ်သော၊ မလှိုက်လှဲတတ်သော မျက်နှာကိုပင် ကြည့်မဝဖြစ်နေတတ်သည်။ မေသူ၏မျက်ဝန်းအကြည့်များက အမြဲတမ်းအချစ်ရည်ရွှန်းလဲ့နေတတ်သည်။ ရွှန်းလဲ့သော အချစ်ရည်တွေ သူ့အပေါ် ဖြာကျနေသော်လည်း သူမခံယူရဲပါ။ နှလုံးသားက ကြည်နူးမိသော်လည်း မျက်နှာကိုတော့ တင်းထားသည်။ စာကြည့်နေခိုက်မှာတော့ သူ့စိတ်တွေ တည်ငြိမ်နေတတ်သည်။ နူးညံ့နေတတ်သည်။

ကောင်းထက်သည် သူနှင့် စာအတူကြည့်လေ့ရှိသည်။ ဆေးပညာစာအုပ်တွေအကြောင်း ဆွေးနွေးရလျှင် တက်ကြွပျော်ရွှင်သည်။ သူ့အပေါ် မေသူ၏အာရုံစူးစိုက်မှုကို



မြင်ရသောအခါ ကောင်းထက် မျက်နှာပျက်နေသည်။ သူ့ဆီ အလာ ကျဲလာသည်။ ကောင်းထက် မရှိတော့ အဖော်မဲ့လာသည်။ ကျောင်းမှာတော့ စာတော်သော သူ့အနားမှာ ဆေးကျောင်းသူလေးတွေ တရစ်ဝဲဝဲ ရှိနေတတ်သည်။ ဆင်းရဲချမ်းသာ မရွေး ကောင်မလေးတွေက သူ့ကို ခင်သည်။

မနသိဗ္ဗိကုမ္ပဏီပိုင်ရှင်၏ တစ်ဦးတည်းသော သမီးဖြစ်သည့် မြပုလဲသွယ်သည် သူနှင့်အတူစကား ပြောတတ်သည်။ စာအတူကြည့်တတ်သည်။ စာမေးတတ်သည်။ စားသောက်ဆိုင် တစ်ခုခုသို့ အတူသွား၍ စားတတ်သည်။ "ကိုအောင်ရယ်၊ လိုက်ခဲ့ပါ၊ ကိုအောင်နော်၊ တစ်တန်းတည်းသားချင်းကို မာန မထောင်နဲ့ သိလား"

မြပုလဲသွယ် ခေါ်လွန်း၍ အားနာစိတ်နှင့် လိုက်ခဲ့ရသည်။

"ကျွန်တော့်ကို သိပ်ကြီးကျယ်တဲ့ စားသောက်ဆိုင်တွေကို ခေါ်မသွားနဲ့နော်၊ မလိုက်ချင်ဘူး၊ ဟိုနား ဒီနားဆို တော်ပြီ"

မြပုလဲသွယ်က သူ့အလိုကို လိုက်သည်။ ကျောင်းနှင့်နီးသည့် နေရာက စားသောက်ဆိုင်ဈေးတန်းလေးမှ အတူစားရန် သွားကြသည်။ သူ့ပခုံးကို တွန်းကာတိုက်ကာ ရယ်ကာမောကာ ငဲ့ကာ စောင်းကာ ကြည့်ရင်း လိုက်ပါလာသည်။ စားသောက်ဆိုင်ထဲသို့ ဝင်လိုက်သည်နှင့် ရှေ့ဆုံးစားပွဲတွင် ထိုင်နေသော မေသူ့ကို တွေ့ရသည်။ သူတို့နှစ်ယောက်ကို အတူတွေ့လိုက်ရသည်နှင့် တစ္ဆေခြောက်ခံလိုက်ရသလို မေသူ ထိတ်လန့်သွားဟန်တူသည်။ ပါးစပ်ကလေး ဟသွားသည်။ မျက်နှာဖြူဖျော့သွားသည်။ သူ့ကို စိုက်ကြည့်နေသော မေသူ့မျက်ဝန်းများမှာ မျက်ရည်တွေ ဝန်းစုလာသည်။

"အို . . . မေသူ . . . မေသူ . . . ဘာဖြစ်လို့ မျက်ရည်တွေ ဝိုင်းလာရတာလဲ၊ ငိုတော့မလို့လား၊ ဘာဖြစ်လို့ငိုရမှာတဲ့လဲ မေသူရယ်၊ ကိုယ်က မင်းအတွက် ဘာမို့လို့လဲ၊ မင်းနဲ့ကိုယ်က သူစိမ်းတွေပဲ၊ ကိုယ့်အဖို့တော့ အားလုံးဟာ သူစိမ်းပါပဲ၊ ကိုယ်စာတော်လာတဲ့ နေ့ကစပြီး သူစိမ်းတွေဖြစ်သွားကြတာ၊ လောကမှာ ကိုယ်တစ်ယောက်တည်းလို့ သတ်မှတ်ထားတာ"

စိတ်ထဲက အဆက်မပြတ် ပြောဆိုနေမိသည်။ သူ့ရင်ထဲက စကားတွေကို မေသူသိနိုင်မည် မထင်ပါ။ သူ၏ ပြုံးရယ်ခြင်းကင်းသော ခံစားမှုမဲ့မျက်နှာနှင့် ဥပေက္ခာ မျက်ဝန်းအေးစက်စက်များကိုသာ တွေ့ရပါလိမ့်မည်။ မေသူ့မျက်ရည်ဥများသည် ပါးပေါ်သို့ လိမ့်ဆင်းလာသည်ကို တွေ့လိုက်ရသည်။

"မငိုပါနဲ့ မေသူ၊ မငိုပါနဲ့ . . . ဘာဖြစ်လို့ငိုရတာလဲ မေသူရယ်"

စိတ်ထဲမှ စကားတွေ နှုတ်မှ လွတ်ထွက်လုဆဲဆဲအချိန်တွင် မြပုလဲသွယ်က သူ့လက်ကိုဆွဲကာ စားပွဲတစ်ခုဆီသို့ ခေါ်လာခဲ့သည်။ မိန်းကလေးတစ်ဦး၏ ပိုင်စိုးပိုင်နင်း လက်ဆွဲခေါ်ခြင်းခံရသည့်အတွက် အနေရခက်သွားသည်။ အထူးသဖြင့် မေသူ့ရှေ့မှာဆိုတော့ စိတ်ဆင်းရဲမိသည်။ မေသူနှင့် သူက မည်သို့မျှ မဆိုင်ပါဘဲလျက် မည်သည့်အတွက် ဆိုင်သလိုလို ဖြစ်နေရတာတဲ့လဲ။

မေသူနှင့် မကြာခဏဆုံသည်။ မေသူ့ကို တောင်းပန်ချင်သည်။ ဘယ်မှာတောင်းပန်လို့ ဖြစ်မှာတဲ့လဲ။ ဘယ်လိုတောင်းပန်ရမလဲ။ မေသူကတော့ သူ့ကိုတွေ့တိုင်း နာနာကျင်ကျင်ကြည့်သည်။ မျက်ရည်တွေ ဝေ့ဝဲနေတတ်သည်။ မေသူ ဘာဖြစ်နေတာတဲ့လဲကွယ်။ ကိုယ်ဘာလုပ်ပေးရမလဲ။

"ဒီမှာ ကိုအောင်၊ ရှင်က သိပ်တော်တဲ့လူဆိုတော့ ပုလဲနဲ့လက်ထပ်၊ ရှင့်ကို မိုးထိအောင် တော်စေရမယ်၊ ဖေဖေက အကုန်ပံ့ပိုးပေးမှာ၊ ပုလဲလည်း ရှင်နဲ့ လက်ထပ်ရင် တော်လာမယ်၊ ပုလဲတို့နှစ်ယောက် အမေရိကကို သွားကြမယ်၊ ကိုအောင်က အထူးကု ဆရာဝန်ကြီးဖြစ်တဲ့အထိ ပညာသင်၊ ပုလဲက ရှင့်ရဲ့အိမ်ရှင်မ လုပ်မယ်၊ အိုကေ"

သူ အထိတ်တလန့် ဖြစ်သွားသည်။ မေမေ့ကို ဘယ်သူ့နဲ့ထားခဲ့ရမှာလဲ၊ ပညာတော်ဖို့အတွက် ချစ်မှန်း၊ မချစ်မှန်း ဘာမှန်းညာမှန်း မသိတဲ့ မိန်းမတစ်ယောက်နဲ့ တစ်သက်လုံး နေသွားရမှာလား၊ ဆင်းဆင်းရဲရဲနဲ့လည်း သူက တော်ခဲ့တာပဲလေ၊ တော်ဖို့အတွက်တော့ မချစ်တဲ့မိန်းမတစ်ယောက်ကို မယူဘူး. . .

သူ ငြင်းခဲ့ပါသည်။ မြပုလဲသွယ် အသည်းဟက်တက်ကွဲသွားအောင် သူ ငြင်းခဲ့ပါသည်။ သို့ပေမဲ့ မြပုလဲသွယ်ကိုမှီပြီး တော်ချင်သူ၊ အမေရိကားသွားချင်သူ ဇော်မင်း၏ မုန်းတီးမှုကိုခံရသည်။ ဇော်မင်း၏ဖခင်က ထိပ်တန်းအရာရှိကြီး တစ်ဦးဖြစ်သည်မို့ အရှိန်အဝါကိုသုံးသည်။ သူ့လိုစာတော်သူအနေနှင့် ဆေးကျောင်းမှာ အလုပ်ရနိုင်ပါလျက် ဇော်မင်းဖခင်၏ ဖိအား ပေးမှုကြောင့် သူ့မှာ ပင်လယ်ကမ်းခြေက ရေလုပ်ငန်းကို ဦးစားပေးသည့် မြို့ငယ်လေးသို့ ရောက်ခဲ့သည်။ ငါးတွေ ပေါပေါစားရသည်။ သူ့ပတ်ဝန်းကျင်မှာ ငါးညှီနံ့တွေ သင်းနေသည်။

ပညာဆက်သင်ခွင့် မရသော်လည်း သူစိတ်မပျက်။ မေမေ့ကိုခေါ်ကာ တံငါမြို့လေးမှာ တက်တက်ကြွကြွ အမှုထမ်းသည်။ လူနာတွေသည် သူ့သူငယ်ချင်းများ ဖြစ်လာသည်။ လူနာခုတင်တွေက သူ လည်ပတ်ရာ နေရာများဖြစ်လာသည်။ လူနာတွေက ချစ်ကြသည်။ သူကလည်း လူနာတွေကို သံယောဇဉ်ကြီးသည်။ ငယ်ရွယ်သော သူ့ကို 'ဒေါက်တာလေး' ဟု ခေါ်ကြသည်။ ပို၍ပို၍ ချစ်ကြသူတွေက 'ဒေါက်လေး' ဟုခေါ်သည်။ အဘိုးအဘွားတွေက ရင်နှစ်သားလို ချစ်ကြ၍ 'သား' ဟုခေါ်သည်။ ပိုပိုကဲကဲ ကောင်မလေးတွေက သူ့ကွယ်ရာမှာ 'ကိုကိုဒေါက်တာ' ဟု ခေါ်သည်။ လူနာတွေက မနက်လင်းသည်နှင့် သူ့ကို မျှော်ကြသည်။ သူကလည်း သူ၏ကျွမ်းကျင်မှုနှင့် ပေါင်းစပ်ကာ လူနာမှန်သမျှကို သူ့မိသားစုလို သဘောထားသည်။

သူ့ကိုချစ်ကြလွန်း၍ သူနှင့်အတူ လုပ်ဖော်ကိုင်ဖက်တွေက မကြည်ကြတော့။ သူနှင့် ခွာလာသည်။ စုဝေး၍ သူ့အတင်းတွေ ပြောလာကြသည်။ သူတို့အားလုံး အထက်က ဆရာဝန်မကြီးကို လက်

အို...မေသူ...မေသူ ...
ဘာဖြစ်လို့ မျက်ရည်တွေ
ဝိုင်းလာရတာလဲ၊
ငိုတော့မလို့လား၊
ဘာဖြစ်လို့ငိုရမှာတဲ့လဲ
မေသူရယ်၊ ကိုယ်က
မင်းအတွက် ဘာမို့လို့လဲ၊
မင်းနဲ့ကိုယ်က
သူစိမ်းတွေပဲ၊
ကိုယ့်အဖို့တော့
အားလုံးဟာ သူစိမ်းပါပဲ၊
ကိုယ်စာတော်လာတဲ့
နေ့ကစပြီး သူစိမ်းတွေ
ဖြစ်သွားကြတာ၊ လောကမှာ
ကိုယ်တစ်ယောက်တည်းလို့
သတ်မှတ်ထားတာ . .

ဆောင်ပဏ္ဏာတွေပေး၍ သူ့ကို မုန်းလာအောင် ဖွဲ့နွဲ့ပြောဆိုကြသည်။

"ဒေါက်လေး. . . ဒေါက်လေးနဲ့ တခြားဆရာဝန်တွေကို လူလို့တောင် မထင်တော့ဘူး။ ဒေါက်တာကြီးကိုတောင် ဖုန်လေတဲ့ ငါးပိရှိတယ်လို့တောင် မထင်ကြဘူး"

"ငြိမ်းအောင်သူကို ဆေးရုံအုပ်ကြီးများ ထင်နေသလား မသိဘူး။ သူ့အိမ်မှာများ လက်ဆောင်ပစ္စည်းတွေ ပေါလိုက်တာ၊ မိုးမလင်းခင်ကတည်းက လူည်းတွေတန်းစီပြီး ရောက်နေတာ၊ ငှက်ပျောခိုင်တွေ အပြည့်နဲ့ အုန်းသီးနုနုတွေလည်း

**ဒီငှက်ပျောသီးလေး၊**
**ပုစွန်တုပ်ကလေး၊**
**ငါးခြောက်ကလေးကိုများ**
**ဝန်တိုနေရသလား၊ ဝန်တိုချင်ရင်**
**ရန်ကုန်ကို တက်ခဲ့စမ်းပါ၊**
**တစ်နေ့ တစ်နေ့**
**အထူးကုဆရာဝန်တွေ ရတဲ့**
**ငွေတွေကိုမြင်ရင် အကုန်လဲသေကုန်မှာ၊**
**မင်းသာ ရန်ကုန်မှာဆိုရင်**
**အထူးကုဆရာဝန်ဖြစ်နေပြီ . . .**

ပေါမှပေါ၊ ပုစွန်ခြောက်ထုပ်တွေက အပုံလိုက်"

"ပုစွန်တုပ် လတ်လတ်ဆတ်ဆတ်တွေ လာပို့တဲ့သူက တစ်မျိုး၊ ငါးကြော်နပ်တွေက တစ်ချိုင့်ကြီး"

ဆရာဝန်တွေ၊ ဆရာဝန်မတွေက ဆေးရုံအုပ်ကြီးကို လက်ထောက်ချသည်။ ခပ်အေးအေးနေတတ်သော ဆရာမကြီးပင် ကြားဖန်များတော့ ကိုယ့်ကိုယ်ကိုယ် အားငယ်လာသည်။ ဟုတ်တော့ ဟုတ်သားပဲဟု တွေးလာသည်။ ဒေါက်တာငြိမ်းအောင်သူ ရောက်လာကတည်းက သူ့မှာ လာဘ်လာဘနည်းလာသည်။ လူနာတွေ၏ အားကိုးရာသည် ငြိမ်းအောင်သူပဲ ဖြစ်နေသည်။ ငြိမ်းအောင်သူအိမ်ကို သွား၍ မနီးမဝေးက လှေလာသည်။ နှင်းမှုန်ဖွဲ့ဖွဲ့မသဲမကွဲအောက်မှာ လှည်းတွေရပ်ထားသည်။ လှည်းပေါ်မှာ လူနာတွေပါသည်။ စောင်တွေခြုံ၍ ကွေးနေကြသည်။ ညည်းနေကြသည်။

မကြာမီ ရွှေတံခါးကြီးပွင့်သွားသည်နှင့် "ဖွင့်ပြီ. . . ဖွင့်ပြီ. . . ဒေါက်လေးက တို့အသံတွေ ကြားတယ်နဲ့တူတယ်. . . သူခများ အိပ်ရေးပျက်ရှာပြီ" ဟု တစ်ယောက်တစ်ပေါက်ပြောကာ အိမ်ထဲသို့ တိုးဝှေ့ဝင်သွားကြသည်။ ရွာသားတစ်ယောက်လက်မှာ ငါးကြင်းကြီးတစ်ကောင် ပါသည်။ တစ်ယောက်က ကျွတ်ကျွတ်အိတ်နှင့် ထည့်ထားသော ပုစွန်တုပ်ကြီးတွေကို ယူလာသည်။ တစ်ယောက်က သဘော်သီးမှည့်မှည့်ဝင်းဝင်းတွေကို တောင်းနှင့် ထည့်လာသည်။

ဆေးရုံအုပ်ကြီးနှုတ်ခမ်းတွေ စူလာသည်။ ခါးထောက်လိုက်မိသည်။ တကယ်ကို ဒေါသဖြစ်စရာပါလား။ အမယ်လေး . . . နွားရှေ့ထွန်ကျူးနေလိုက်တာ . . .

သူဆိုသည့် ဒေါက်တာငြိမ်းအောင်သူကတော့ သူ့ဆေးရုံအုပ်ကြီးကိုလည်း မမြင်နိုင်။ တစ်လမ်းလုံးကျိတ်မိုတ်ခံစားလာရသည့် လူနာမျိုးစုံကိုသာ အာရုံစိုက်၍ ပျာပျာသလဲ ဆေးကုရသည်။ ထမင်းကြော်တစ်ဇွန်းနှစ်ဇွန်းကို ကော်ဖီနှင့် မျှောချရသည်။ သည်လူတွေဟာ သူ့မိတ်ဆွေတွေပဲ. . . သူ့မှာ ဘယ်တုန်းကမှ မိတ်ဆွေမရှိခဲ့။ အထီးကျန်ဆန်သော သူ့ဘဝကို လူနာတွေက ပျော်ရွှင်စေသည်။

''မေတ္တာတရားဆိုတာ ဒီလောကမှာ ဝယ်ယူလို့မရဘူး သားရဲ့၊ ကိုယ်က သုံးစွဲလို့ပဲရတာ။ သားရဲ့ ရင်ထဲက မေတ္တာတွေကို ပေါပေါများများ ထုတ်သုံးလိုက်စမ်းပါ. . . အဲ . . . သူများကို မေတ္တာပေးဖို့ အတွက် ကိုယ့်မှာ ပညာရှိဖို့ လိုတယ် နော်"

ဖေဖေ့စကားကို ကြားယောင်လိုက်မိသည်။ ငါးညှီနံ့သင်းသော ပင်လယ်ကမ်းခြေမှာ သူ နေတတ်လာသည်။ နေရင်းနှင့် လုပ်ဖော်ကိုင်ဖက်တွေ၏ စိမ်းကားမှုကို ခံလာရသည်။ ဆေးရုံအုပ်ကြီးက သူ့ကိုမြင်လျှင် ရှောင်သွားသည်။ ပိုဆိုးသည်က သူ့လူနာတွေကို မာန်မဲကြခြင်းဖြစ်သည်။ တခြားဆရာဝန်တွေက လူနာတွေကို ဂရုမစိုက်တော့သည့်အတွက် စိတ်မကောင်းဖြစ်ရသည်။ သူ ကျောပေးလိုက်သည်နှင့် သရော်လှောင်ပြောင်သံတွေ ကြားနေရသည်။

"ဒီတစ်ခေါက် ရန်ကုန်တက်ရင် သူ့ကို တစ်နေရာရာ ပြောင်းရအောင် စီစဉ်ရမှာပဲ"

လက်ထောက်ဆရာဝန်တစ်ဦးကို ပြောပြနေသည့် ဆေးရုံအုပ်ကြီး၏ စကားကို ကြားရသည်။

"တစ်ခုတော့ ရှိတယ်။ သူမရှိရင် ဒီဆေးရုံအင်အားလျော့သွားမှာပဲ။ သူက နေ့ညမရွေး တာဝန်ယူပေးနေတာ။ ပညာလည်း တော်တော့ လုပ်ငန်းလည်း ကျွမ်းကျင်တယ်"

ဆေးရုံအုပ်ကြီး၏ ထပ်ဆင့်ပြောစကားမဆုံးမီမှာပင် လက်ထောက်ဆရာဝန် ဦးမင်းလွင်က "လင်းတလောက်တော့ ငှက်တိုင်းလှပါတယ် အစ်မရယ်၊ နွားရှေ့ထွန်ကျူးနေတော့ အစ်မ စိတ်ညစ်နေရမှာပေါ့"

"ဟုတ်ပါတယ်၊ သူ့ကို ပြောင်းအောင်လုပ်ရမှာပဲ"

"သူ့ကို ဘာမှလုပ်စားစရာမရှိတဲ့ နေရာမျိုး ပို့မှဖြစ်မှာပဲ"

"မထင်နဲ့ ကိုမင်းလွင်၊ သူက သဲကန္တာရထဲမှာတောင် အိုအေစစ်တွေ့မယ့်လူမျိုး၊ လူကတော့ တကယ်တော်တာ၊ ဆေးပညာမှာတော့ ပါရမီရှင်ပဲ၊ စေတနာလည်း ကောင်းတယ်၊ တာဝန်လည်း ကျေတယ်"

"အစ်မကို ထိခိုက်မှာစိုးလို့ ပြောတာပါ"

လေပျော့လေးနှင့် ပြောသည်။ သူတို့စကားသံတွေကို ကြားရတော့ သူ စာမေးပွဲတွင် အမှတ်ကောင်း၊ အဆင့်တက်လာစဉ်က ဖြစ်ရပ်များကို ပြန်၍မြင်ယောင်လာသည်။ သူ့ကို တော်စေချင်လွန်းသည့် ဖေဖေကိုလည်း သတိရလိုက်သည်။ တော်တာဟာ အမှားလားဖေဖေရယ်. . .။

တကယ်တော့ သည်မြို့လေးက သူမပြောင်းချင်ပါ။ သည်မြို့က လူတွေနှင့် ရွာတွေကလူတွေကို

သံယောဇဉ်ကြီးလှသည်။ ဆေးရုံအုပ်ကြီးနှင့် အဖွဲ့ကို ဘယ်လိုများ အံတုနိုင်မှာတဲ့လဲ. . .

သူ အကြံ ရခက်နေစဉ်မှာ သူ့ဆရာနှင့်တွေ့သည်။ ဆေးတက္ကသိုလ်က ဆရာပါ။ သူ့အဖြစ်အပျက်ကို ရင်ဖွင့်ပြလိုက်သည်။ ဆရာက ဟားတိုက်ရယ်သည်။ "ဒီငှက်ပျောသီးလေး၊ ပုစွန်တုပ်ကလေး၊ ငါးခြောက်ကလေးကိုများ ဝန်တိုနေရသလား၊ ဝန်တိုချင်ရင် ရန်ကုန်ကို တက်ခဲ့စမ်းပါ၊ တစ်နေ့တစ်နေ့ အထူးကုဆရာဝန်တွေရတဲ့ ငွေတွေကိုမြင်ရင် အကုန်လဲသေကုန်မှာ၊ မင်းသာ ရန်ကုန်မှာဆိုရင် အထူးကုဆရာဝန်ဖြစ်နေပြီ၊ မြပုလဲသွယ်ကို ငြင်းလိုက်တာ မှားတယ်၊ နိုင်ငံခြားမှာဆိုရင် မင်းလို တော်တဲ့လူအတွက် တော်ချင်သလောက် တော်လို့ရတယ်၊ ဦးနှောက်စွမ်းအားကို ဘယ်သူကမှ ဖိနှိပ်နင်းချေထားလို့ မရဘူး။ ငါက မင်းအတွက် မိုးကောင်းကင်က အိပ်မက်တွေ မက်ခဲ့တာ၊ အခုတော့ ကောင်းကင်က ပင်လယ်ထဲမှာ ရေနစ်နေတာကိုး၊ မင်းနိုင်ငံခြားထွက်"

"ကျွန်တော်က ဒီမှာပဲ နေချင်ပါတယ် ဆရာ၊ ဒီမြို့ ဒီရွာက လူတွေနဲ့ မခွဲချင်ပါဘူး ဆရာ"

"အေး . . . ဒီမှာပဲ နေချင်ရင် မင်း ခပ်ညံ့ညံ့နေ"

"ဗျာ. . . ဘယ်လို. . . ကျွန်တော် နားမလည်ဘူး ဆရာ"

"မင်း အရည်အချင်းတွေကို သိပ်မပြနဲ့၊ မင်း စေတနာတွေကို သိပ်မပြနဲ့၊ ခပ်ညံ့ညံ့ ခပ်မှိန်မှိန်နေ၊ မင်း နိုင်ငံခြားကို ထွက်ချင်တယ်ဆိုရင်ပြော၊ ဆရာ အဆက်အသွယ် ရှာပေးမယ်"

သူ မစဉ်းစားတော့ပါ။ ခပ်ညံ့ညံ့ပဲ နေလိုက်သည်။ သူ့ သံယောဇဉ်က သည်နေရာက ခွာ၍ မရတော့ပါ။ ယမုန်နာ သီတာ သောင်ခြေဦးမှာပဲ ပျော်တတ်နေပြီ။ သည်သောင်ယံက မခွာရက်နိုင်ပြီ။ ဆေးရုံမှာ အချိန်ပြည့်မနေတော့။ ဆေးခန်းကိုလည်း ပိတ်လိုက်သည်။ ပင်လယ်ပြင်ကိုပဲ ထိုင်ကြည့်နေသည်။ သူ တဖြည်းဖြည်း ညံ့လာသည်။ သို့ပေမဲ့ လုပ်ဖော်ကိုင်ဖက်တွေနှင့် အဆင်ပြေလာသည်။

"ငြိမ်းအောင်သူရေ . . . မင်း ပြောင်းရမယ်ထင်တာ၊ မပြောင်းရဘဲ မမပဲ ပြောင်းရတယ်"

"မမ ဘယ်ပြောင်းရတာလဲ ဟင်"

ဆေးရုံအုပ်ကြီးကို ခရီးဦးကြို ပြုလိုက်သည်။ အိမ်ထဲမှာ ထိုင်မိသည်နှင့် မေမေက ငါးရံ့ခြောက်ဖုတ်နှင့် ရေနွေးကြမ်းချပေးသည်။ ဆားပေါ့ခြောက်နီနီရဲရဲကို ကြည့်ရင်း . . .

"အင်း. . . နောက်ဆိုရင် ငါးရံ့ခြောက်နဲ့ ဝေးပြီ ငြိမ်းအောင်သူရေ"

"ဘယ်ပြောင်းရမှာလဲ. . . မမ"

"အညာက အင်မတန်သွေ့ခြောက်ပြီး ဘာမှမရှိတဲ့ မြို့"

"ဩော်. . . ဒါပေမဲ့ မမရယ် . . . သဲကန္တာရထဲမှာလည်း အိုအေစစ်ရှိပါတယ်. . ."

ဆေးရုံအုပ်ကြီးက ယဲ့ယဲ့ပြုံးသည်။

"ငါ့ကို ကူပြီး သိမ်းထုပ်ပေးဦးနော်"

"စိတ်ချပါ မမ. . . ကျွန်တော် အားလုံး လုပ်ပေးပါ့မယ်"

ဆေးရုံအုပ်ကြီးနှင့်အတူ သူ့ကို မုန်းတီးသော ဒေါက်တာမင်းလွင်လည်း ပြောင်းရသည်။ ငါးညှီနံ့ရောသော ပင်လယ်လေကို အားရပါးရ ရှူရှိုက်လိုက်သည်။

♦

ပင်လယ်လေညှင်းနုနု အေးအေးကို ခံစားရင်း မျက်လုံးကို မှိတ်ထားလိုက်သည်။ ဘုတ်မ၏ တအီအီ အသံကို ကြားနေရသည်။ လေတိုက်ခတ်၍ အုန်းပင်တို့၏ တရှဲရှဲမြည်သံကို ကြားနေရသည်။

"အောင်. . ."

အသံကြောင့် မျက်လုံးဖွင့် ကြည့်လိုက်သည်။ မျက်လုံးမဖွင့်ခင်ကပင် မည်သူမည်ဝါမှန်း သိလိုက်သည်။ လောကမှာ သူ့ကို 'အောင်' ဟု ခေါ်သူတစ်ဦးပဲ ရှိသည်လေ။

မျက်ရည်ဝေ့ဝဲနေသည့် မျက်ဝန်းများက နှစ်ကာလရှည်ကြာသည့် အောက်မေ့တမ်းတခြင်းတို့ကို ဖော်ပြနေသည်။ မေသူ. . . မေသူပဲဖြစ်သည်လေ။

မြို့နှင့် ဝေးကွာနေသည်မှာ ကာလကြာပြီဖြစ်၍ မေသူ၏အဆင်အပြင်က ခေတ်ဆန်နေသည်ဟု ထင်မိသည်။

"မေသူ့ကို ဆီးကြိုပါဦး အောင်ရယ်"

သူ့ကို ကမ်းပေးသည့် မေသူ့လက်ကလေးကို လှမ်းဆုပ်လိုက်သည်။

"မေသူ ဘာလာလုပ်တာလဲ ဟင်"

"ဒီမြို့က ဆေးရုံကို မေသူ ပြောင်းလာတာလေ၊ ဒေါက်တာ မင်းလွင်နေရာကိုပါ"

"ရန်ကုန်မှာ မေသူ အဆင်ပြေနေတယ်မဟုတ်လား"

"ဒီမြို့ကို မေသူ တောင်းလျှောက်ခဲ့တာ၊ ဘာဖြစ်လို့ လျှောက်ခဲ့တာလဲဆိုတော့ အောင်ရှိလို့၊ အောင်နဲ့ မခွဲချင်လို့"

မျက်ရည်တွေ ပြည့်ဝန်းနေသော မျက်လုံးများကို ယခုတစ်ကြိမ်မှာတော့ အရှုံးပေးလိုက်ရသည်။ သည်မျက်ဝန်းတွေကို သနားခဲ့ရသည်မှာ ကြာခဲ့ပါပြီကော။ သူ့မိုးကောင်းကင်အိပ်မက်များအတွက် ဥပေက္ခာပြုခဲ့ရသော အချစ်ရည်ရွှန်းလဲ့သည့် မျက်ဝန်းများ။ ပြီးတော့ မျက်ရည်ဝန်းဝေ့သည့် မျက်ဝန်းများ။

မေသူ့ပခုံးလေးကို ဖက်ထားလိုက်သည်။ နဖူးပေါ်မှ ဆံစလေးတွေကို ပင့်တင်ပေးလိုက်သည်။ သည် တစ်ကြိမ်မှာတော့ သူ အားငယ်နေသည်။

"ကိုယ်က မေသူချစ်တဲ့ အောင်မဟုတ်တော့ဘူး၊ အခုကိုယ်က ခပ်ညံ့ညံ့အောင် ဖြစ်သွားပြီ"

မေသူက နူးညံ့စွာ ပြုံးလိုက်သည်။

"ခပ်ညံ့ညံ့ပဲ ကောင်းပါတယ် အောင်ရယ်၊ မေသူလည်း ခပ်ညံ့ညံ့ကိုပဲကြိုက်ပါတယ်။ အို . . . လူတွေ အားလုံးကလည်း ခပ်ညံ့ညံ့ပဲ ကြိုက်ကြပါတယ် အောင်ရယ်"

**မမိုးမြေ**

ဒီနေ့ ကျွန်တော့်ရင်ထဲမှာ အရမ်းကို မွန်းကျပ်နေတယ်။ ဒါကြောင့် အလုပ်ကနေအိမ်ကို အစောကြီး ပြန်လာခဲ့ပါတယ်။ အိမ်ရောက်တော့လည်း အိပ်ခန်းထဲကို တန်းပြီးဝင်လာခဲ့တယ်။ အခန်းထဲရောက်တော့စာအုပ်စင်တစ်ခုလုံး ရှုပ်ပွနေတာကို မြင်လိုက်ရသဖြင့်
"မေမေ. . ကျွန်တော့်အခန်းထဲ ဘယ်သူဝင်သေးလဲ" ကျွန်တော် ဒေါသစိတ်ကြောင့် အသံခပ်ကျယ်ကျယ်နဲ့ အော်လိုက်မိတော့ မေမေက

"ဘယ်သူဝင်ရမှာလဲ ဘိုဘိုပဲပေါ့။ သားက သူ့အတွက်ပုံပြင်စာအုပ်ဝယ်ခဲ့ပေးတယ်ဆိုပြီး ဝင်ရှာနေလေရဲ့"

မေမေ့ရဲ့စကားကြားတော့မှ ကျွန်တော်မနေ့က ဘိုဘို့အတွက် ပုံပြင်စာအုပ်လေးဝယ်ခဲ့တာကို သူ့ကိုပြောပြီး မပေးမိတာကို သတိရသွားမိတယ်။ ကျွန်တော်လည်းဘာမှ မပြောတော့ဘဲ အခန်းတံခါးကို လော့ခ်ချလိုက်ပါတယ်။ ရှုပ်ပွနေတဲ့ စာအုပ်စင်ကိုရှင်းရင်း ကျွန်တော် အမြတ်တနိုးနဲ့ သိမ်းထားတဲ့ဗလာ စာအုပ်လေးကိုမြင်ပြီး မကြည့်ဖြစ်တာကြာနေပြီဖြစ်တဲ့ စာအုပ်လေးကို ကောက်ကိုင်လိုက်ရင်းက တစ်ချိန်တုန်းကအတိတ်ဆီသို့ ကျွန်တော့်အတွေးတွေက ရောက်သွားခဲ့ပါတယ်။


♦


ကျွန်တော်တက္ကသိုလ် ပထမနှစ်ကို စတက်ရမယ့်နေ့မှာ တက်ကြွစွာနဲ့ မနက်အစောကြီးထ၊ ရေမိုးချိုး၊ အဝတ်အစားလဲပြီး မေမေပြင်ပေးတဲ့ မနက်စာတောင်မစားဘဲ ကားဂိုဒေါင်ကကားထုတ်ပြီး ကျောင်းကို ထွက်လာခဲ့တယ်။

ကျွန်တော် ဒဂုံတက္ကသိုလ်ရဲ့ မုခ်ဦးဝကိုရောက်တော့ မနက်က လင်းရှင်းနေတဲ့ကောင်းကင်ကြီးက ချက်ချင်းပဲညို့မှိုင်းပြီး ရွာချပါလေရော။ မိုးကသိပ်မသည်းလို့ တော်သေးတယ်။ ကျွန်တော်လည်း ကျွန်တော်အတန်းတက်ရမယ့် မြန်မာစာဆောင်ရှေ့မှာ ကားကိုပါကင်ထိုးဖို့ နေရာရှာနေတုန်း ကျွန်တော့် မြင်ကွင်းထဲဝင်လာတာက ကောင်မလေးတစ်ယောက်။ ဆံပင်က ရှည်ရှည်၊ ဝတ်ပုံစားပုံက မြန်မာဆန်ဆန်၊ မျက်နှာကိုကြည့်လိုက်တော့ သနပ်ခါးနဲ့၊ ခြေထောက်ကိုကြည့်ပြန်တော့ မန္တလေးကတ္တီပါဖိနပ်စီးလို့။ သူရဲ့ အသွင်အပြင်နဲ့ မလိုက်ဖက်တာက မိုးရွာနေတာကို ထီးမဆောင်းဘဲ မိုးရေထဲ ဒီအတိုင်းသွားနေတာဗျ။ ဘယ့်နှယ် ဗျာ မိန်းကလေးဖြစ်ပြီး မိုးရေထဲ ထီးမဆောင်းဘဲသွားတာ ကျွန်တော့်မျက်စိထဲ ကြည့်ရတာတစ်မျိုးပဲ။ သူထီးများမပါလို့လား။ မဖြစ်နိုင်ပါဘူး။ တက္ကသိုလ်ကျောင်းသူတစ်ယောက်က ထီးမပါဘူးဆိုတာတော့ မဖြစ်နိုင်ဘူး။ ဘယ်လို မိန်းကလေးမျိုးပါလိမ့်။ ကျွန်တော်သိချင်စိတ်တွေ ဖြစ်ပေါ်လာမိတယ်။ ဒါနဲ့ပဲ ကားပေါ်က ထီးကိုယူပြီး သူမနောက်ကို ကျွန်တော် အပြေးလေး ပဲလိုက်လာခဲ့မိတယ်။ နောက်ပြီး

# မြနှင်းပုံ

ရည်ညွှန်းဖွဲ့ သီချစ်သူဆီ





မိုးဖွဲဖွဲလေးအောက်မှာ မိန်းကလေး ဖြစ်ပြီး ထီးမဆောင်းတဲ့သူ့ကို ထီးမိုး ပေးမိပြန်တယ်လေ။ အဲဒီအခါ သူ့ရဲ့ တုံ့ပြန်ချက်က

"ဘာလုပ်တာလဲ. . . အခု ချက်ချင်း ငါ့အပေါ်မှာမိုးထားတဲ့ ထီးကို ပြန်ရုပ်လိုက်စမ်း" သူ့ရဲ့ စူးရှခက်ထန်လှတဲ့ အမိန့်ပေးသံ အောက်မှာ ကျွန်တော်ကြောင်အမ်း အမ်းဖြစ်မိသွားပြီး "မိုးတွေရွာ နေတာကို နင် ထီးမဆောင်းဘဲ လျှောက်သွားနေတာ အမြင်မတော် လို့ ထီးဆောင်းပေးတာ ဘာဖြစ်လဲ"

"မိုးဖွဲလေးတွေကျနေတာကို များ ယောကျ်ားလေးဖြစ်ပြီး ကြောက်နေလိုက်တာ။ ငါကဒီမိုး လောက်ဆို ထီးဘယ်တော့မှ မဆောင်းဘူး။ ဒါကြောင့် နင်လည်း ငါ့ကို ဆောင်းပေးစရာ မလိုဘူး"

"နင်ကစကားပြောတာ အသံ ကနည်းနည်းဝဲတယ်နော်တိုင်းရင်း သားလား"

"ဟုတ်တယ် ငါကမွန်"

ကျွန်တော်လည်းအားရဝမ်းသာနဲ့

"ဟုတ်လား ငါက ရှမ်း"

"နင့်ကို ဘယ်သူကမေးလို့လဲ"

သူ့ရဲ့တုံ့ပြန်ပြောစကား အောက်မှာ ရုတ်တရက်ကျွန်တော် ဘာပြန်ပြောရမှန်းမသိဖြစ်သွား တယ်။

"မဟုတ်ဘူးလေဟာ ငါက တိုင်းရင်းသားတွေဆိုရင်ခင်လို့ပါ"

"နင့်စကားကလည်းဘာလဲဟ မြန်မာနိုင်ငံမှာနေကြတဲ့ သူတွေ အချင်းချင်းကို ဘယ်လူမျိုးကို တိုင်း ရင်းသားမဟုတ်ဘူးလို့ သတ်မှတ် ထားလို့လဲ။ ငါကတော့ ငါတို့နိုင်ငံက လူမျိုးအားလုံးကို တိုင်းရင်းသား တွေလို့ပဲသတ်မှတ်တယ်၊ငါ အတန်း တက်လိုက်ဦးမယ်"

စာသင်ခန်းဘက်ယွန်းနေတဲ့ သူ့ကို ရုတ်တရက်ကျွန်တော်ဆွဲ လိုက်ပြီး

" ငါနဲ့ကန်တင်းလိုက်ခဲ့ပါလား။ သူငယ်ချင်းဖြစ်တဲ့ အထိမ်းအမှတ်နဲ့ နင့်ကိုငါမုန့်ဝယ်ကျွေးချင်လို့"

"ငါ့လက်ကို ခုချက်ချင်း လွှတ် လိုက်စမ်း၊ ဘယ်သူကနင့်ရဲ့ သူငယ် ချင်းလဲ၊ ငါက ခုမှစတွေ့တဲ့ သူနဲ့ သူငယ်ချင်းမလုပ်ဘူး" ခင်မင် သူပေါတဲ့ကျွန်တော်မှာ သူနဲ့ ကျမှပဲ သူငယ်ချင်းဖြစ်ဖို့ ကမ်းလှမ်းတာကို အငြင်းခံလိုက်ရတာ တော်တော် ရယ်ချင်မိသွားတယ်။ဒါနဲ့ ကျွန်တော် လည်း အတန်းတက်ချင်စိတ် ပေါ် လာတာနဲ့ စာသင်ခန်းထဲ ဝင်သွား လိုက်မိတယ်။ အတန်းထဲရောက် တော့ ဆရာရဲ့အပြန်အလှန် မိတ်ဆက်ခိုင်းမှုကြောင့် သူ့နာမည် နှင်းယမုံ ဆိုတာသိခဲ့တယ်။ နောက်တော့လည်းသူနဲ့ ကျွန်တော် သူငယ်ချင်းဖြစ်ခဲ့ပါတယ်။

♦

ဒီလိုနဲ့ ပထမနှစ်မှာ သူရယ်၊ နောက် ကိုညီရယ်က ကျွန်တော့်ရဲ့ အခင်မင်ဆုံး သူငယ်ချင်းတွေဖြစ် သွားတယ်။ အတန်းသိပ်မမှန်တဲ့ ကျွန်တော်နဲ့ ကိုညီက ကျူတိုရီရယ် ဖြေချိန်ဆို သူ့ဆီကစာကိုကူးရေး တတ်ပြီး သူကတော့ စာမကျက်တဲ့ ကျွန်တော့်တို့ နှစ်ယောက်ကို အမြဲပဲ ဆရာကြီးလေသံနဲ့ဆုံးမတတ်ပြီး သူရေးထားတဲ့စာတွေကို လည်း ပြလေ့ရှိပါတယ်။ ပထမနှစ် စာမေး ပွဲကြီးဖြေဆိုဖို့ နီးလာပြီ။ ခက်တာ ကကျွန်တော့်မှာ စာမေးပွဲအတွက် ကျက်ဖို့စာမရှိဘူး ဖြစ်နေတယ်။ ဒါနဲ့ပဲသူ့ဆီကို ဖုန်းဆက်မိတော့

"စိုင်းနောင် နင်ဟာလေ ဘယ်တော့မှကြိုကြိုတင်တင်မရှိ ဘူး။ ခုစာမေးပွဲကဖြေရတော့မယ်။ ဘယ်လိုလုပ်မလဲ"

"ဘယ်လိုလုပ်ရမှန်းမသိ လို့ နင့်ဆီကိုဖုန်းဆက်တာပေါ့ "

"အေး. ဒါဆိုငါစာမေးပွဲ အတွက်ကျက်ရမယ့် စာတွေကို မိတ္တူကူးခဲ့ပေးမယ်။ မနက်ဖြန် ကျတော့ယူ ဟုတ်ပြီလား"

"လိမ္မာလိုက်တဲ့ သူငယ်ချင်း ဒါကြောင့် နင့်ကိုငါခင်တာ"

"အပိုတွေပြောမနေနဲ့ ငါ စာကျက်ရဦးမယ် ဖုန်းချလိုက် တော့"

ဒီလိုနဲ့ ကျွန်တော်လည်း သူ့ရဲ့ ကျေးဇူးကြောင့် ပထမနှစ်စာမေး ပွဲကို အောင်မြင်ခဲ့ကြတယ်။

♦

ဒုတိယနှစ်ကိုတက်တဲ့ အချိန် မှာတော့သူက ဂုဏ်ထူးတန်းတက် ချင်လို့ဆိုပြီး စာကိုအသည်းအသန် ကြိုးစားနေလေရဲ့။ နောက်ပြီး ကျွန်တော်နဲ့ ကိုညီအတွက် စာမေး ပွဲဖြေရင် အဆင်သင့်စာဖတ်လို့ရ အောင် နှစ်စကတည်းက စာအုပ် တစ်ယောက်တစ်အုပ်စီနဲ့ စာရေး ထားပေးတယ်။ တစ်နေ့မှာတော့ ကျွန်တော်က

"ယမုံ တကယ်လို့ပေါ့ နင် ယောကျ်ားယူရင် ဘယ်လိုလူမျိုးကို ယူချင်လဲ"

"ရှမ်း လူမျိုးကို"

ဘာကြောင့်မှန်းမသိ ကျွန်တော် ဝမ်းသာသွားတယ်။ ဒါနဲ့ ကျွန်တော် သူ့အဖြေကို တိတိကျကျသိရအောင် ထပ်မေးမိတော့

"ဘာဖြစ်လို့ ရှမ်းလူမျိုးကို ယူချင်တာလဲ"

"ရှမ်းပြည်ကို ရောက်ဖူးချင် လို့"

ကျွန်တော်ကိုယ့်နဖူးကိုယ်ရိုက်မိပြီး

"အောင်မယ်လေးဗျ သေလိုက် ပါတော့၊ ရှမ်းပြည်ကိုရောက်ဖူး ချင်လို့ ရှမ်းလူမျိုးကိုလိုချင်တာပေါ့ ဟုတ်လား"

"ဟုတ်တယ်လေ၊ ငါက ရှမ်းပြည်ကို ရောက်ဖူးချင်နေတာ ခုချိန်ထိ မရောက်ဖူးသေးဘူး၊ ဒါ ကြောင့် ရှမ်းလူမျိုးကို ယူချင် တယ်လို့ပြောတာ တကယ်ယူမယ် လို့တော့ မပြောပါဘူး"

"ဒါဆိုနင် ဘယ်လို ယောကျ်ား လေးမျိုးကို သဘောကျလဲ"

"အင်္ကျီအကွက်ဝတ်ထားတဲ့ သူကိုသဘောကျတယ်"

"နင့်အဖြေကြီးကလည်း ဘယ် လိုကြီးလဲဟ၊ ငါမေးတာက စိတ်ကူး ထဲက နင့်ချစ်သူက ဘယ်လိုပုံစံ မျိုးလဲဆိုတာကို သိချင်တာ၊ အခု တော့ အင်္ကျီအကွက်ဝတ်တဲ့သူတဲ့၊ အဲဒါဆို အင်္ကျီအကွက်ဝတ်တဲ့သူတွေ နင့်ကို ရည်စားစကားပြောရင် နင် အကုန်လုံးကို ပြန်ကြိုက်မှာပေါ့ ဟုတ်လား"

"မကြိုက်ပါဘူး၊ နင်မေးတာက ဘယ်လိုယောကျ်ားလေးမျိုးကို သဘောကျလဲလို့မေးတာလေ၊ နင် က ချစ်သူရွေးရင် ဘယ်လို လူမျိုး ကို ရွေးမလဲလို့မေးတာမှ မဟုတ်တာ၊ ဒါကြောင့်ငါကအင်္ကျီအကွက်ကြိုက် တော့ အင်္ကျီအကွက်ဝတ်တဲ့သူတွေ ကို သဘောကျတယ်လို့ပြောတာ ပေါ့"

"ဟုတ်ပါပြီ ဒါဆို ဘယ်လို လူမျိုးကို ချစ်သူအဖြစ်ရွေးချင်လဲ"

"ငါ့ချစ်သူဖြစ်လာမယ့်သူကအ ပေါ်ယံကဖုံးလွှမ်းထားတဲ့ အရေခွံ အလှတရားထက် အတွင်းစိတ် သဏ္ဍာန်လှပတဲ့ သူဖြစ်စေချင်တယ်၊ နှလုံးသားဆိုတာကလည်း ခက်သား ဟ၊ ကိုယ်က ဘယ်လိုလူမျိုးကို လိုချင်ပါတယ်၊ ကိုယ့်ချစ်သူက ဘယ်လိုအရည်အချင်းတွေနဲ့ပြည့်စုံ ရမယ်လို့ စံထားထားပေမယ့်လည်း အဲဒီလို အရည်အချင်းတွေနဲ့ ပြည့်စုံနေတဲ့သူ ကိုယ့်နားမှာရှိနေ ပြန်တော့လည်း နှလုံးသားကလို ချင်မှ မရှိပြန်ဘူးလေ။ ဒါကြောင့် ငါရွေးချယ်မယ့်သူဟာ ငါ့ကိုချစ်ပြီး ငါကပြန်ချစ်နိုင်တဲ့သူ တော့ ဖြစ်စေချင်တယ်။ ငါ့ ချစ်သူ ဟာ ရုပ်ချောဖို့မလိုဘူး၊ ဒါပေမဲ့ စိတ် သဘောထားတော့ ကောင်းစေချင် တယ်၊ ပိုက်ဆံချမ်းသာဖို့မလိုဘူး၊ ဒါပေမဲ့ ငါ့ရဲ့ကျန်တဲ့သက်တမ်းမှာ အိပ်ရာနဲ့ထမင်းဝိုင်း မြဲအောင် တော့ ထားနိုင်သူဖြစ်စေချင်တယ်၊ အဲဒီလောက်ဆိုရပြီ၊ နောက်ပြီး လူ တစ်ယောက်မှာ ကောင်းကွက်ရှိ သလို ဆိုးကွက်လည်းရှိတယ်၊ ဒါကြောင့် ငါရွေးချယ်တော့မယ်ဆို ရင် သူ့ရဲ့အများ လက်မခံနိုင်တဲ့ အကျင့်က ငါသည်းခံနိုင်တဲ့ အကျင့်ဆိုရင် အဲဒီလူကို ငါရွေးချယ် မယ်။ ခု လောလောဆယ်တော့ ငါ ရည်းစားထားဖို့ အစီအစဉ်မရှိဘူး"

ကျွန်တော်ကသာသိချင်တာ တွေကို သူ့ကိုမေးမိတာပါ။ သူက တော့ ကျွန်တော့်ကို အဲဒီကိစ္စနဲ့ ပတ်သက်ပြီးမမေးဘူး။ ကျွန်တော် ကလည်း သူ့ကို အလားတူမေးခွန်း မျိုးကို ပြန်မေးစေချင်ခဲ့တာပါ။ ကျွန်တော် အမှန်အတိုင်း ဝန်ခံရရင် ကျွန်တော် သူ့ကိုချစ်မိနေပြီဗျ။ ကျွန်တော် သူ့ကိုဘယ်စံနှုန်းနဲ့မှ မတိုင်းဘဲနဲ့ကို ချစ်မိတာပါဗျာ။ ဘယ်လောက်တောင်လဲ ဆိုရင် ကျွန်တော့်ကျောင်းကိုရောက်ရင် သူ့မျက်နှာလေးကိုအရင်ဆုံး မြင် လိုက်ရပြီးမှ တခြားတစ်နေရာရာ ကိုသွားတာ။ ကျွန်တော်သူ့ကို

ဖွင့်ပြောဖို့လည်း အကြိမ်ကြိမ်ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့လည်း စကားအစပျိုးလိုက်တာနဲ့ သူ့ရဲ့စကားပိတ်လုံးတွေ အောက်မှာ ကျွန်တော်အကြိမ်ကြိမ် ဆွံ့အခဲ့ရတာပါပဲ။ နောက်ဆုံးကျွန်တော့်အိပ်မက်တွေအထိရောက်လာပြီး နှိပ်စက်ခဲ့တာလည်း အကြိမ်ကြိမ်ပါပဲ။

♦

ဒီလိုနဲ့ ကျွန်တော်တို့ ဒုတိယနှစ်ရဲ့ ပထမနှစ်ဝက်စာမေးပွဲကြီး ဖြေဆိုခဲ့ကြတယ်။ ဒီတစ်ခါတော့ သူရေးပေးထားတဲ့ စာအုပ်ကြောင့် ကျွန်တော်ရော၊ ကိုညီပါစကို စေ စီးစွာကျက်နိုင်ခဲ့ပြီး စာမေးပွဲကိုလည်း ကောင်းစွာဖြေနိုင်ခဲ့ပါတယ်။ ဒုတိယနှစ်ရဲ့ နှစ်ဝက်ကျောင်း စဖွင့်ချိန်မှာတော့ ကျွန်တော် သူ့ကိုတွေ့ချင်စိတ်များပြီး ကျောင်းကိုအစောကြီးထွက်လာခဲ့တယ်။ နောက်ပြီးကျောင်းရောက်တဲ့အခါ ကျွန်တော်သူ့ကို ချစ်ရေးဆိုမယ်ဆိုပြီး အားခဲလာတာပေါ့။ လမ်းတစ်လျှောက်လုံးလည်း ကားသာမောင်းနေတာ စိတ်ကတော့ သူ့ကို ဘယ်လိုစကားလုံးမျိုးတွေနဲ့ ချစ်ခွင့်ပန်ရမလဲဆိုပြီး စကားလုံးကိုရွေးချယ်နေတာပေါ့။ ခက်တာက သူက မိန်းမပီသပြီး မိန်းမဆန်တဲ့ မိန်းကလေးဖြစ်နေတာပဲ။ တကယ်လို့ နုရွတဲ့စကားလုံးလေးတွေနဲ့ သူ့ကို ချစ်ခွင့်ပန်ရင် သူကလှောင်ရယ်မှာ ကျိန်းသေပဲ။ ဒါဆိုတိုပြတ်ပြတ် စကားလုံးလေးတွေကိုပဲသုံးရမလား။ ဒါဆိုလည်း အချစ်ဆိုတဲ့ အဓိပ္ပာယ် ဘယ်ပီသတော့မလဲ။ ဩော်နောက်ပြီး ကျွန်တော်က သူနှစ်သက်တဲ့ အင်္ကျီအကွက်ကလေးကိုဝတ်ထားတယ်ဗျ။ ကျွန်တော်ကလည်း ဘာဖြစ်မှန်းမသိပါဘူး။ ရှော့ပင်းစင်တာတွေရောက်ရင် အင်္ကျီအကွက်တွေကိုပဲ ဝယ်နေမိတယ်။ နောက်ပြီး ကျွန်တော် စဉ်းစားထားသေးတယ်။ တကယ်လို့သူနဲ့ ကျွန်တော် ချစ်သူ တွေဖြစ်ရင် သူ့ကိုတောင်ကြီးကိုအလည်ခေါ်သွားမယ်ပေါ့။ ဩော် ဒါနဲ့ ကျွန်တော်တို့ကျောင်းစဖွင့်တဲ့လက ဒီဇင်ဘာလလေ။ ဒီဇင်ဘာလမှာ သူ့မွေးနေ့ရှိလို့ သူ့မွေးနေ့အတွက် ကျွန်တော်လက်ဆောင်ယူလာခဲ့တယ်။ အဲဒါကတော့ သူအရမ်းကြိုက်တဲ့ အင်္ကျီအကွက်ကလေးတစ်ထည်ပေါ့။ သူ့ကို မွေးနေ့ လက်ဆောင် အရင်ပေးရရင်ကောင်းမလား၊ ဒါမှမဟုတ် ချစ်ရေးအရင်ဆိုရကောင်းမလား။ ကျွန်တော်ဆုံးဖြတ်လိုက်တယ်။ သူ့ကိုအရင်ဦးဆုံးချစ်ရေးဆိုမယ် နောက်မှ ဝမ်းသာသွားအောင် မွေးနေ့လက်ဆောင်ပေးမယ်။ ကျွန်တော် အတွေးပေါင်းမြောက်မြားစွာနဲ့ စိတ်ထဲမှာ ပီတိဖြစ်နေတယ်။ ကျောင်းရောက်တော့ သူက ကျွန်တော့်ထက်အရင်စောရောက်နေတယ်လေ။ နောက်ပြီး သူ့မျက်နှာက နွမ်းဖက်ဖက်နဲ့ အိပ်ရေးမဝတဲ့ပုံစံဖြစ်နေတယ်။ ကျွန်တော်လည်း သူနေမကောင်းဘူးထင်ပြီး စိုးရိမ်သွားမိတယ်။ ဒါနဲ့

"ယမုံ နင်နေမကောင်းဘူးလား မျက်နှာလည်းမကောင်းဘူး"

"အေး. . ငါဒီကျောင်းပိတ်ရက်မှာ အိပ်မက်ဆိုးတွေဆက်တိုက်မက်နေတယ်။ အဲဒါနင့်ကိုပြောပြချင်လို့ ကျောင်းကို အစောကြီးရောက်နေတာ၊ လာဟာ ဒီနေ့အတန်းမတက်တော့ဘူး ကန်တင်းသွားမယ်"

သူဘယ်လိုအိပ်မက်မျိုးကို မက်လို့ ဒီလောက်တောင်သွေးပျက်နေရတာလဲဆိုပြီး ကျွန်တော့်ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားမိတယ်။ ကျွန်တော်တို့နှစ်ယောက်ကန်တင်းမှာ မုန့်မှာကြရင်း

"ယမုံရယ် နင်ဘယ်လို အိပ်မက်မျိုးတွေမက်လို့ ဒီလောက်တောင် ချောက်ချားနေရတာလဲ၊ မျက်နှာလေးတောင် တော်တော်ချောင်ကျသွားတယ်"

"အေး. . . ငါဘယ်လိုပြောရမှန်းမသိတော့ပါဘူးဟာ။ ငါစဉ်းစားထားတာက ဒီစာသင်နှစ်မှာရည်းစားထားမယ်ပေါ့၊ အရင်ကတော့ အဲဒီလိုတစ်ခါမှမစဉ်းစားဖူးပါဘူးဟယ်။ ဒါပေမဲ့ ငါလည်း အရွယ်ရောက်ပြီး မိန်းကလေး တစ်ယောက်လည်း ဖြစ်တယ်။ နောက်အမေကပြောတယ် မိန်းကလေးဆိုတာ အိမ်ထောင်ပြုမယ်လို့ ဆုံးဖြတ်ထားရင် ကိုယ့်ကို လိုလိုလားလားနဲ့ ချစ်ခွင့်ပန်တဲ့သူရှိတဲ့အချိန်မျိုးမှာ စဉ်းစားထားတဲ့။ အရွယ်လွန်မှဆို မကောင်းဘူးတဲ့။ အဲဒါကြောင့်ငါကလည်း ဒီနှစ်တော့ ချစ်သူရှာတော့ မယ်ပေါ့။ အဲဒီလို စဉ်းစားပြီးအိပ်လိုက်တာဟယ်။ အိပ်မက်ထဲမှာ အဘိုးအိုတစ်ယောက်က "သမီးတဲ့ နင်အခုချစ်သူထားလို့မရသေးဘူးတဲ့။

"

ငါသူ့ကိုစတွေ့တော့ သူက

ငါ့အလုပ်ခန်းရဲ့ရှေ့က

ပြတင်းပေါက်မှာရပ်နေတာ၊

အိပ်မက်ထဲမှာ

အမြဲတမ်းမြင်နေကျ အင်္ကျီနဲ့၊

နောက်ပြီး ဆယ့်နှစ်နှစ်လောက်

အလွတ်ရနေတဲ့

ကျောပြင်ကြီးဆိုတော့

မြင်လိုက်တာနဲ့ ငါ့ကိုယ်က

ကြက်သီးတွေ ထလာတယ်။

ယောက်ျားပေါင်းမြောက်မြားစွာက

ငါ့ကို ရည်းစားစကားပြောတာကို

တစ်ခါမှ မခုန်ဖူးတဲ့ ငါ့နှလုံးက

သူ့ကျောပြင်ကြီးကိုလည်း

မြင်ရော. . . .

သမီးအခုချစ်သူထားလိုက်ရင် သမီးလက်မောင်းလေးမှာ မှတ်ပေးထားတဲ့ အတိတ်ကချစ်သူကို ဘယ်တော့မှ မြင်ရတော့မှာ မဟုတ်ဘူးတဲ့လေ"

"လက်မောင်းကအမှတ်ဆိုတာ ကဘာကိုပြောတာလဲ"

"ငါ့ရဲ့ဘယ်ဘက်လက် မောင်းမှာ မွေးရာပါအသည်းပုံ အမှတ်လေးပါတယ်ဟ။ အဲဒါနင့်ကိုငါ တစ်ခါမှမပြောပြရသေးဘူး"

"ဟုတ်လား. . ထူးဆန်းလိုက်တာ. . ငါ့ကိုပြလို့ရလား၊ ငါကြည့်ချင်လို့"

"ရပါတယ်၊ ဒီမှာလေ"

ဟုတ်ပါရဲ့ဗျာ သူ့ရဲ့ဘယ်ဘက်လက်မောင်းအတွင်းဘက်ခပ်ကျကျမှာ အသည်း ပုံအမှတ်လေးကအထင်အရှားပါပဲ။ အဲဒီအခါမှာ ကျွန်တော့်စိတ်က ဝမ်းနည်းမှုကို ခံစားလိုက်ရပြီး ဝမ်းနည်းတဲ့စိတ်ကို ထိန်းရင်း

"ဒါနဲ့ နင့်အိပ်မက်အကြောင်းလေးဆက်ပါဦး"

"အဲဒီအဘိုးကပြောတော့ ငါက သမီးအဲဒါကိုမယုံဘူး၊ လက်တွေ့ဘဝကိုပဲ ယုံတယ်လို့ ပြန်ပြောလိုက်တာပေါ့၊ အဲဒါကို သူက မယုံလို့မရဘူးတဲ့လေ၊ ငါက လည်း အဲဒီလူရှိရင် သူကဘယ်သူလဲ ဆိုတာကို ပြောပြလို့ပြန်ပြောလိုက်တာပေါ့၊ နောက်ပြီး သမီးအနီးအနားမှာရှိတဲ့သူလားလို့မေးတော့ သူက သမီးနားကလူတွေတစ်ယောက်မှ မဟုတ်ဘူးတဲ့၊ ငါကလည်း ဒါဆိုသူဘယ်လိုလူမျိုးလဲ ဆိုတာကို ပြလို့ပြောလိုက်တာပေါ့"

"အဲဒီတော့ပြလား"

"အင်း. . ပြတော့ပြတယ်. . "

သူ့ရဲ့ပြတ်တောက်သွားတဲ့စကားကို ကျွန်တော်က သိချင်ဇောကြီးစွာဖြင့်

"ဘယ်လိုပုံစံမျိုးလဲ"

"ဟင်း. . . . "

သူကသက်ပြင်းတစ်ချက်ချရင်း

"မျက်နှာလည်းမမြင်ရပါဘူးဟာ၊ နောက်ကျောကြီးပဲမြင်ရတယ်"

"ဟင် နင့်ဟာကလည်း ဘယ်လိုကြီးလဲဟ၊ အဲဒီလိုဆိုရင် စိတ်ထဲသိပ်မထားပါနဲ့ဟာ"

"အေး ငါလည်း ပထမတော့ စိတ်ထဲမထားပါဘူးဟာ၊ ဒါပေမဲ့ အဲဒီအိပ်မက်ကို တစ်ပတ်တိတိ မက်တယ်ဟ၊ အခုဆိုရင် တစ်ပတ်တစ်ခါလောက်မက်တယ်၊ ငါက စိတ်ထဲမထားဘူးဆိုပေမယ့် အဲဒီလို မက်တာတွေများလာတော့ သူ့မျက်နှာကို မြင်ဖူးချင်လာတယ်"

"နင်မြင်ရတဲ့ကျောပြင်ကြီးက အင်္ကျီအကွက်ဝတ်ထားလား" ကျွန်တော်ဘာလို့မှန်းမသိ အဲဒီမေးခွန်းကိုမေးမိသွားတယ်။

"မဟုတ်ဘူး တီရှပ်အနက်နဲ့၊ အခါခါမက်လည်း အဲဒီ အင်္ကျီနဲ့ပဲ"

"အဲဒါဆိုရင်နင့်အကြိုက်တော့ မဟုတ်ဘူးပေါ့"

"အေး ငါ့အကြိုက်တော့ မဟုတ်ဘူး၊ ဒါပေမဲ့မြင်ပါများတော့ သူဘယ်လိုလူမျိုးလဲဆိုတာကို ငါသိချင်လာတယ်"

အဲဒီနေ့က ကျွန်တော့်ရဲ့ စိတ်ကူး အိပ်မက်လေး ပျက်ပြယ်သွားရတယ်ဗျာ။ သူ့ကိုပေးမယ်ဆိုတဲ့ မွေးနေ့လက်ဆောင်လေးတောင်မပေးဖြစ်တော့ပါဘူး။ အဲဒီနေ့က အိမ်ကို စောစောပြန်ဖြစ်ခဲ့ပါတယ်။ ကျွန်တော့်ရင်ထဲမှာလည်း ဟာတာတာနဲ့ ဝမ်းနည်းမှုထုထည်က ကြီးမားလွန်းလို့ မျက်ရည်တောင်ကျမိတယ်ထင်တယ်။ အချစ်နဲ့ပတ်သက်ပြီးမာနကြီးတဲ့ ကျွန်တော့်ရဲ့သူငယ်ချင်း ၊ ကျွန်တော့်လို သူငယ်ချင်းအရင်းကြီးကိုတောင် လက်ကိုင်ခွင့်မပေးတဲ့သူ အခုတော့ ကိုယ်လည်း တစ်ခါမှမမြင်ဖူး၊ ကိုယ့်နားမှာလည်း မရှိတဲ့လူကို အိပ်မက် ခဏခဏ မက်ရုံနဲ့ စွဲလမ်းနေတာကိုတော့ ကျွန်တော် တော်တော်လေးခံစားရတယ်။ အဲဒီစာသင်နှစ်တစ်နှစ်လုံးတီရှပ်အမည်းဝတ်ထားတဲ့ကျောပြင်တွေကို လိုက်ကြည့်ရတာ သူ့မှာအမော။ တစ်ခါတလေ ကျွန်တော့်မှာ မနေနိုင်လွန်းလို့ ယမုံရယ် ကိုယ့်နားမှာမရှိတဲ့သူကို စွဲလမ်းနေမယ့် အစား အနားမှာရှိတဲ့သူကို တန်ဖိုးထားကြည့်ပါလားလို့ မေးမိတော့၊ သူက "ငါလည်း ဒီလိုရူးနှမ်းတဲ့ ကိစ္စမျိုးကို မစွဲလမ်းတော့ဘဲ နင်ပြောသလို ငါ့ကိုတန်ဖိုးထား ချစ်ခင်တဲ့သူတွေထဲက တစ်ယောက်ကို ရွေးမယ်လို့ ငါတွေးကြည့်ဖူးပါတယ်။ အဲဒီလို တွေးလိုက်တိုင်း အိပ်မက်က ဆက်တိုက်မက်တော့တာပဲ"လို ပြန်ပြောတတ်တယ်။

ဒီလိုနဲ့ သူခံစားနေရတဲ့စိတ်ခံစားချက်ကြောင့် ကျွန်တော့်ရဲ့ စိတ်ခံစားချက်ကို မဖွင့်ဟရက်တော့ပါဘူး။ ဒီလိုနဲ့ သူလိုအပ်တဲ့ အကူအညီမျိုးကိုပဲ ပေးနေမိတယ်။ အေးလေ အချစ်ဆိုတာ ပိုင်ဆိုင်ရမှ မဟုတ်ပါဘူး၊ ချစ်သူရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်တာကလည်း အချစ်ပါပဲ။ ဒါပေမဲ့ သူ့အတွက် ခံစားနေရတဲ့ကျွန်တော့်ရဲ့ ခံစားချက်ကလည်း တစ်စစနဲ့ပြင်းထန်လာတာကြောင့် နောက်ဆုံးနှစ်အတန်းကို အဝေးသင်ကိုပြောင်း ပြီးတက်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော် သူ့ကိုမြင်နေရရင် ကျွန်တော့်ရဲ့ရောဂါကပိုပြီးတိုးလာလို့ပါ။ ကိုညီလည်း ကျွန်တော်နဲ့အတူတူ အဝေးသင်ကို ပြောင်းခဲ့ပါတယ်။ သူနဲ့မတွေ့ဖြစ်တဲ့ အချိန်တွေမှာ ကျွန်တော့်စိတ်ကို တည်ငြိမ်အောင် ကြိုးစားခဲ့ပါတယ် ။

♦

ကျွန်တော် နောက်ဆုံးနှစ်စာမေးပွဲ ဖြေခါနီးမှာ သူ့ကိုသွားတွေ့တော့

"စိုင်းနောင်နင်ကငါ့ဆီတောင် မလာတော့ဘူး။ ဘာဖြစ်တာလဲ"

"ယမုံရယ် အခုငါကကျောင်းကိုအဝေးသင်ပြောင်းပြီး ကတည်းက အလုပ်လုပ်နေပြီလေ"

"ဒါနဲ့ကိုညီရော သူလည်းငါ့ဆီကိုမရောက်ဘူး"

"ကိုညီလည်းအလုပ်လုပ်နေပြီ၊ သူ့အလုပ်ကနယ်ခဏခဏသွားရတော့ နင့်ဆီကိုမရောက်ဖြစ်တော့တာပါဟာ"

"ဒါနဲ့ နင့်ရဲ့ နောက်ကျောကြီးကိုရော ရှာတွေ့ပြီလား"

"မတွေ့ပါဘူးဟယ်။ ငါလည်း သိပ်ပြီး မစွဲလမ်းတော့ပါဘူး၊ ဒါပေမဲ့ ရည်းစားထားတော့မယ်လို့ စဉ်းစားလိုက်တာနဲ့ အဲဒီအိပ်မက်ကို မြင်မက်တော့တာပဲ၊ ငါလည်းစိတ်ညစ်တာနဲ့ ရည်းစားထားဖို့တောင် မစဉ်းစားတော့ပါဘူးဟာ"

"နင်ဒီတစ်ခါအိပ်မက်မက်ရင် မေးကြည့်ပါလား၊ ဘယ်တော့လောက်တွေမှာလဲလို့"

"မေးကြည့်ဖူးပါတယ်။ အသက်သုံးဆယ်ကျော်မှတွေ့ မှာတဲ့"

"ဟင်. . နင့်ဟာကလည်း အဓိပ္ပာယ်မရှိလိုက်တာဟာ၊ နင်က အခုမှ နှစ်ဆယ့်တစ်နှစ်ပဲ ရှိသေးတာ ဆယ်စုနှစ် တစ်စုလောက်တောင် စောင့်ရဦးမယ်"

"အေးဟာ ငါလည်းအတိတ်ဘဝက ဘာအကုသိုလ်တွေလုပ်ခဲ့လို့လည်းမသိပါဘူးဟာ၊ အခုတော့ ငါက ဘာသာရေးကိုတော်တော်လေး လုပ်ဖြစ်နေပြီ။ အဲဒီ အိပ်မက်အတွက်လည်း စိတ်ထဲမှာဖိစီးမှု မထားတော့ပါဘူးဟာ၊ နောင်ဘဝမှာ ဒီလိုမဖြစ်ရအောင် အခုကတည်းက ငါ့ကံကိုငါပြုပြင်နေတယ်"

♦

ဒီလိုနဲ့ သူနဲ့မတွေ့ဖြစ်တာ နှစ်နှစ်လောက် ရှိသွားပါပြီ။ ကိုညီလည်း ကျောင်းပြီးတော့ အလုပ်ကနယ်ပြောင်းရတာမို့နယ်ကိုရောက်သွားပြီး ကျွန်တော်နဲ့ရောသူနဲ့ပါအဆက်အသွယ်အတော်လေး ပျက်သွားပါတယ်။ သူနဲ့ ကျွန်တော် မတွေ့ဖြစ်ပေမယ့် သူနဲ့ပတ်သက်တဲ့ သတင်းကိုတော့ ကျွန်တော် အမြဲနားစွင့်နေမိပါတယ်။ သူ မဟာတန်း ဆက်တက်နေတယ်ဆိုတဲ့ သတင်းကိုတော့ကျွန်တော် ကြားပါတယ်။ မဟာတန်းပထမနှစ်ဝက်မှာ သူကျန်းမာရေးမကောင်းလို့ ကျောင်းနား လိုက်ရသေးတယ်တဲ့။ အဲဒီသတင်းကြားတော့ ကျွန်တော် သူ့ဆီရောက်ဖြစ်ခဲ့ပါတယ်။ အကျိုးအကြောင်းမေးကြည့်တော့ သူ မဟာတန်းမှာ သူ့ဘဝအတွက် အဖော်မွန်ရွေးချယ်ဖို့ ဆုံးဖြတ်လိုက်ရာက စတော့တာပဲတဲ့။

"ငါလည်း ဒီလိုအိပ်မက်မျိုးမှာ မရူးသွပ်ချင်တော့ပါဘူးစိုင်းနောင်ရယ်၊ ဒါကြောင့် ငါ့ကိုခွင့်ပန်တဲ့ သူတွေထဲက သင့်တော်မယ်ထင်တဲ့ သူကို ရွေးချယ်မယ်လို့ဆုံးဖြတ်လိုက်ကတည်းကစပြီး ညတိုင်း အဲဒီအိပ်မက်မက်တော့တာပဲ။ ဒီတစ်ခါမှာတော့ ငါကလည်းဘယ်လောက်ပဲဒီ အိပ်မက်မက်မက် မစွဲလမ်းတော့ဘူးလို့ဖြတ်လိုက်တာ။ နောက်နေ့ကစပြီး အိပ်မက်မက်ပြီးရင်အရင်လို လူက မလန်းဆန်းတော့ဘူး၊ နုံးခွေပြီး ခေါင်းလည်းအရမ်းကိုက်တယ်။နောက်ပြီး ခေါင်းတစ်ခုလုံးလည်း အရမ်းနာလာတာပဲ၊ ပြီးတော့အန်လည်းအန်တယ်၊ တစ်ခါတစ်ခါဆို အိပ်ရာကတောင် မထနိုင်ဘူး၊ ကျောင်းလည်းဆက်တက်လို့မရတော့ဘူး၊ အခုငါ အာရုံကြောအားဆေးတွေ စားနေရတယ်"

"ဝဋ်ကြီးလိုက်တာ ယမုံရယ်" ကျွန်တော်သူ့ရဲ့အဖြစ်ကို ဘယ်လိုမှမကယ်နိုင်ပါ။ သူ့အဖြစ်ကကယ်ရင် ပိုဆိုးမယ့် အဖြစ်လေ။ ဒီလိုနဲ့ သူနဲ့ ကျွန်တော်ထပ်ပြီးတော့ ဝေးခဲ့ကြပြန်တယ်။ ဒီတစ်ခါတော့ နှစ်တွေ တော်တော်လေးကြာခဲ့တယ်။ ကြာခဲ့တာမှ ဆယ်စုနှစ်တစ်စုနီးပါးလောက်ကို ကြာခဲ့ပါပြီ။ ဒီကြားထဲမှာ ကျွန်တော်လည်း မိဘတွေမိတ်ဆက်ပေးတဲ့ သိမ့်နဲ့လက်ထပ်ဖို့ စေ့စပ်ဖြစ်ခဲ့ပါတယ်။ ကျောင်းတုန်းက ရခဲ့တဲ့ဒဏ်ရာလည်း ကျက်စပြုနေပါပြီ။

ဒီနေ့တော့ ကျွန်တော်အလုပ်ကို အသွား အမှတ်မထင်တွေ့လိုက်ရတာက

"ယမုံ. . ."

"ဟယ်. . . စိုင်းနောင်. . . ငါတို့မတွေ့တာတောင် တော်တော်လေးကြာနေပြီနော်"

"အေးဟုတ်တယ်. . . ခုနင်ဘယ်ကိုသွားမလို့လဲ"

"အလုပ်သွားမလို့"

"နင်အလုပ်လုပ်နေပြီလား"

"အေး. . လုပ်နေပြီ"

"ရုံးချိန်နီးနေပြီလား၊ အချိန်ရသေးတယ်ဆိုရင် ငါနဲ့ကော်ဖီလိုက်သောက်ပါလား"

"အခုတော့အချိန်မရတော့ဘူး၊ ရုံးချိန်နီးနေပြီ။ နေ့လယ်ထမင်းစားချိန်ဆိုရင်တော့ တွေ့လို့ရမယ်"

"အေး. . ဒါဆိုနေ့လယ်ကျရင် နင့်ရုံးကို ငါလာခဲ့မယ်"

"အေး. . လာခဲ့"

ကျွန်တော်လည်း သူ့ဆီက ရုံးလိပ်စာနဲ့ဖုန်း နံပါတ်တောင်းပြီး ကျွန်တော့်ရဲ့အလုပ်ကို လာခဲ့ပါတယ်။ အလုပ်ရောက်တော့လည်း

စိတ်ထဲမှာမွန်းကျပ်သလိုရှိတာနဲ့ ဝန်ထမ်းတွေကိုမှာစရာရှိတာမှာပြီး အိမ်ကို ပြန်ခဲ့ပါတယ်။ အိမ်ရောက်တော့လည်း ကျွန်တော့်ရဲ့ စိတ်တွေနောက်ကျိနေပြီး ရင်ထဲမှာတင်းကျပ်တဲ့ခံစားမှုကြောင့် အခန်းထဲတန်းဝင်လာခဲ့မိတယ်။ သြော်. . သူနဲ့တွေ့လိုက်ရင် ကျွန်တော့်ရဲ့စိတ်ခံစားမှုက မဟောင်းသေးဘူးထင်ပါရဲ့ဗျာ။ ရင်ထဲမှာ သူ့ကြောင့် တစ်စုံတစ်ခုခံစားနေရစဉ်မှာပဲ ကျောင်းတုန်းက သူ ရေးပေးထားတဲ့စာအုပ်ကို အမှတ်မထင်တွေ့မိတာပါပဲ။ ဒီစာအုပ်လေးက ကျွန်တော့်ဘဝအတွက် အမှတ်တရအဖြစ် တစ်သက်လုံးသိမ်းထားမယ့် စာအုပ်လေးလေ။ ဒီလိုနဲ့ ခဏလေး အတွင်းမှာပဲ ကျွန်တော့်ရဲ့အတွေးတွေက အတိတ်ဆီပျံ့လွင့်ပြီး များသွားလေရဲ့။ နာရီကိုကြည့်လိုက်တော့ နေ့လယ်ထမင်းစာချိန်တောင်ရောက်လုပြီလေ။ ဒါနဲ့ကျွန်တော့်ရဲ့ အတွေးတွေကိုဖြတ်၊ သူ့ဆီဖုန်း ဆက်ပြီး သူ့ရုံးကို လိုက်သွားခဲ့မိတယ်။ သူ့ရုံးရောက်တော့ သူ့ကိုခေါ် ထမင်းဆိုင်မှာ ထမင်းကို အတူစားရင်း ကျွန်တော်အရမ်းသိချင်နေတဲ့ မေးခွန်းကိုမေးလိုက်မိပါတယ်။

"ယမုံ. . အခုနင့်ရဲ့အိပ်မက်ကျောပြင်ကြီးကို တွေ့ပြီလား၊ အချိန်ကလည်း ဆယ်စုနှစ်ကျော်လာပြီလေ"

ကျွန်တော်မေးလိုက်တဲ့မေးခွန်းကို သူကအတန်ကြာအောင် စဉ်းစားပြီးမှ တိုးညင်းတဲ့ လေသံလေးနဲ့

"အေး. . . တွေ့ပြီ"

"ဘယ်တုန်းကတွေ့တာလဲ၊ ဘယ်မှာတွေ့တာလဲ၊ သူကဘယ်လိုပုံစံမျိုးလဲ၊ ဘာလုပ်လဲ၊ နင်ရောခုပျော်နေလား"

ကျွန်တော်လည်း အံ့သြမှုတွေနဲ့အတူ သိချင်ဇောဖြင့် မေးခွန်းတွေကို တရစပ်မေးလိုက်မိတယ်။

"စိုင်းနောင်ရယ် နင့်မေးခွန်းတွေကလည်း များလိုက်တာ ဘယ်ကနေစဖြေ ရမှန်းတောင်မသိတော့ဘူး"

"ငါ အရမ်းသိချင်လို့ပါဟာ။ မြန်မြန်ဖြေစမ်းပါ"

"ဘယ်တုန်းကတွေ့တာလဲဆိုတော့ ငါဒီအလုပ်ဝင်ပြီး တစ်လမပြည့်ခင်မှာ၊ ဘယ်မှာစတွေ့တာလဲဆိုတော့ ငါ့အလုပ်ခန်းရဲ့ရှေ့မှာ၊ ဘယ်လိုပုံစံမျိုးလဲဆိုတော့ နင့်လိုခန့်ခန့်ချောချောကြီးမဟုတ်ဘူး၊ ခုငါပျော်လားဆိုတော့ အရမ်းဝမ်းနည်းနေရတယ်"

"ယမုံရယ် နင်ဒီလောက်တောင်စောင့်လာခဲ့ရတာ အခုလူကိုတွေ့တော့လည်း ဝမ်းနည်းနေရတုန်းပဲလား၊ ငါ့ကိုပြောပြစမ်းပါဦး နင် သူ့ကိုစတွေ့တော့ ဘယ်လိုခံစားရလဲဆိုတာ"

"ငါသူ့ကိုစတွေ့တော့ သူက ငါ့အလုပ်ခန်းရဲ့ရှေ့က ပြတင်းပေါက်မှာရပ်နေတာ၊ အိပ်မက်ထဲမှာ အမြဲတမ်းမြင်နေကျအင်္ကျီနဲ့၊ နောက်ပြီး ဆယ့်နှစ်နှစ်လောက် အလွတ်ရနေတဲ့ ကျောပြင်ကြီးဆိုတော့ မြင်လိုက်တာနဲ့ငါ့ကိုယ်က ကြက်သီးတွေထလာတယ်။ ယောကျ်ားပေါင်းမြောက်မြားစွာက ငါကိုရည်းစားစကားပြောတာကို တစ်ခါမှမခုန်ဖူးတဲ့ငါ့နှလုံးက သူ့ကျောပြင်ကြီးကိုလည်းမြင်ရော တဒိန်းဒိန်းနဲ့ ခုန်လာတယ်။ ငါလည်း ရုတ်တရက်ဘာလုပ်ရမှန်းမသိတာနဲ့ အခန်းထဲကို ပြေးဝင်ခဲ့မိတယ်၊ နောက်ပြီး တုန်ခါနေတဲ့ ငါ့နှလုံးကို ငြိမ်အောင် ခဏလေး နေလိုက်တယ်။ ငါ့နှလုံးခုန်နှုန်းပုံမှန်လေး ပြန်ဖြစ်သွားတော့မှ ငါသတိရလိုက်တာက သူ့မျက်နှာကို ငါမကြည့်လိုက်မိဘူးဖြစ်သွားတယ်။ ငါ့နှယ်နော် ဆယ်နှစ်ကျော်ကျော်လောက်ကတည်းက မြင်ဖူးချင်နေတဲ့သူ့ကို လူကိုယ်တိုင်တွေ့တာတောင်မှာ မျက်နှာမမြင်လိုက်ရဘူးဆိုပြီး ငါ့ကိုငါ အားမလိုအားမရဖြစ်မိတယ်။ အဲဒီနေ့က ကံကောင်းလို့မသေတာ"

"ဟင်. . . ဘာဖြစ်လို့လဲ"

"ကတုန်ကယင်နဲ့ အိမ်ကိုပြန်တာ မျက်လုံးတွေလည်းဝေဝါးနေတယ်လေ၊ ကားလမ်းဖြတ်ကူးတာ ကားလာတာကို မမြင်လို့ ကားသမားက သူထောင်ကျမှာနောက် အရင်သေမှာကနင်တဲ့ဆိုပြီး ပြောသွားတယ်၊ အိမ်ရောက်တော့လည်း ထမင်းမစားနိုင်ဘူး၊ အစောကြီးအိပ်ရာဝင်တော့လည်း အိပ်လို့မပျော်ဘူး၊ ငါ့စိတ်ထဲမှာသူ့ကို အရမ်းမြင်ဖူးချင်ပေမယ့် ဒါဟာအိပ်မက်ပဲ တကယ်ဖြစ်လာမှာ မဟုတ်ဘူးလို့ ထင်ထားခဲ့တာ"

"အေးလေ ဘယ်အိပ်ပျော်ပါ့မလဲ၊ လူကိုမမြင်ဖူးတုန်းကတောင် နင်ဒီလောက်ခံစားနေရတာ၊ ခုလူကိုမြင်တော့ ပိုခံစားရမှာပေ့ါ၊ မရေရာ မသေချာတဲ့ မျှော်လင့်ခြင်းက တကယ်ဖြစ်လာတာကိုး"

"ခံစားရတာတော့မပြောပါနဲ့တော့ဟာ၊ ငါ့စိတ်ကိုအတန်တန်ထိန်းထားတဲ့ကြားထဲက မျက်လုံးထဲက မျက်ရည်တွေအလိုလို ကျလာတယ်။ ပြီးတော့နှလုံးလည်းအရမ်းအောင့်လာတယ်။ မျက်လုံးကမျက်ရည်တွေ ထွက်ပါများလာတော့ ငါ့ကိုယ်ငါတောင် ပြန်ပြီးစိုးရိမ်သွားပြီး အိပ်ရာဘေးက လက်နှိပ်ဓာတ်မီးကိုယူ မျက်လုံးကအရည်တွေကို လက်နဲ့သုတ်ပြီး ဓာတ်မီးနဲ့ထိုးကြည့်ရတယ်"

"ဟင်. . . ဘာဖြစ်လို့လဲ"

"အဲဒီမျက်ရည်တွေက အရမ်းထွက်လွန်းလို့ အရောင်က အကြည်ရောင်မဟုတ်ဘဲ၊ အနီရောင်ဖြစ်သွားမှာ စိုးလို့လေ"

"ဖြစ်မှဖြစ်ရလေယမုံရယ်၊ သူ့မျက်နှာကိုမြင်တော့ ဘယ်လိုခံစားရလဲ"

"မျက်နှာကိုစစချင်းမြင်တော့ ဟွန်း. . ရုပ်ကလည်းဆိုးလိုက်တာ၊ ဒါကြောင့် ငါ့အိပ်မက်မှာ မျက်နှာမမြင်ရတာလား မသိဘူးဆိုပြီး ဖြစ်တယ်ဟာ၊နောက်ပြီး ကျောကိုမြင်သလောက်တော့ ရင်မခုန်ဘူး"

"အဆန်းပါလား၊ ခုကောနင်သူနဲ့တွေ့ဖြစ်သေးလား၊ အဆင်ရောပြေလား"

"အင်း. . ခုတော့ ငါသူနဲ့အမြဲလိုလိုတော့တွေ့ဖြစ်တယ်။ ဒါပေမဲ့ အဆင်တော့မပြေပါဘူးဟာ၊ ငါသူ့ကျောကိုမြင်ပြီး သုံးလလောက်ကြာမှ မျက်နှာကိုမြင်ရတာ၊ ခုတော့ငါသူ မျက်နှာကိုပါရင်ခုန်နေပါပြီ၊ ဒါပေမဲ့ ငါ့အဖြစ်က အချစ်ကို စတွေ့တဲ့အချိန်မှာပဲ ကံတရားကလှဲချော်စေခဲ့ပြီ ထင်ပါတယ်ဟာ"

"ဘာဖြစ်လို့လဲ၊ သူကနင့်ကိုမချစ်ဘူးလား"

"ငါ့ကိုချစ်ဖို့မပြောနဲ့ သူနဲ့ငါရင်းတောင်မရင်းနှီးဘူး၊ ဆယ်စုနှစ်တစ်စုကျော်အောင် အိပ်မက်နဲ့အနှိပ်စက်ခံနေရတဲ့ ငါ့ဘဝက ခုတော့လူကိုယ်တိုင် နှိပ်စက်တာခံနေရသလိုပဲ"

"နင်တို့အခုအမြဲတွေ့ဖြစ်နေတာပဲ၊ သူနဲ့ရင်းနှီးအောင်မနေဘူးလား၊ နောက်ပြီး နင်သူ့ကို သဘောကျနေတာကို သူသိအောင်လုပ်လေ"

"ငါသူနဲ့ ရင်းနှီးအောင်လည်းမနေဘူး၊ နောက်ပြီးငါသူ့ကိုဘယ်လောက်ပဲသဘောကျကျ သူသိအောင်ဘယ်တော့မှ မလုပ်ဘူး၊ ငါ့မှာမာနရှိတယ်၊ နင့်ကိုငါအရင်တုန်းက ခဏခဏပြောဖူးပါတယ်၊ တကယ်လို့အိမ်ထောင်ကျခဲ့ရင် ငါ့ကိုရတဲ့သူက ဘယ်တော့မှ နောင်တမရစေရဘူးလို့၊ ဒါပေမဲ့ အိမ်ထောင်မကျခင်အထိတော့ ငါ့ဘက်က အချစ်ကိုသိက္ခာနဲ့ ဘယ်တော့မှမလဲဘူး၊ နောက်ဆုံး ငါခံစားရလွန်းလို့ ငါ့ခန္ဓာကိုယ်ကြီးကို ရေဝေးမှာ လွှင့်ပစ်လိုက်ရပါစေဦး ငါ့သိက္ခာကို ဘယ်တော့မှာ မချဘူး၊ ငါ့ကိုအရူးလို့ပဲပြောပြော ဒါငါ့ရဲ့ တစ်ခုတည်းသောမာနပဲ၊ နောင်လာမယ့်ဘဝဘဝတွေမှာ ဒီလိုရှုပ်ထွေးတဲ့ ကိစ္စမျိုးတွေကင်းရအောင် ဘာသာရေးကိုဖိလုပ်မိတယ်၊ ကိုယ်စိတ်ချမ်းသာဖို့ထက် သူများစိတ်ချမ်းသာစေမယ့် လုပ်ရပ်မျိုးတွေကိုပိုလုပ် ဖြစ်တယ်၊ ကိုယ်အောင်မြင်ဖို့ထက် သူများရဲ့အောင်မြင်မှုကို ပိုအလေးထားပြီး ကူညီပေးချင်မိတယ်"

အဲဒီနေ့က ကျွန်တော်သူနဲ့ စကားတွေအတော်ပြောဖြစ်ခဲ့ပါတယ်။ ဒီတစ်ခါတော့ ကျွန်တော် သူ့အတွက် နည်းနည်းတော့စိတ်အေးသွားသလိုပဲ။ ဆယ်စုနှစ်တစ်စုကျော်အောင် အိပ်မက်ထဲက ချစ်သူကိုအစွဲအလမ်းတစ်ခုနဲ့ စောင့်စားခဲ့တဲ့ ကျွန်တော့်ရဲ့ သူငယ်ချင်း။ တွေ့ပြန်တော့လည်း အချစ်ကိုသိက္ခာနဲ့ မလဲနိုင်တဲ့ ကျွန်တော့်သူငယ်ချင်းကံကောင်းမယ်လို့ ကျွန်တော်ထင်ပါတယ်။

မြနှင်းပုံ




ဒါရိုက်တာ မီးပွား၏

# အချစ်ကသင့်အား ပြုစားခဲ့သော

မောင်အိမ်စံ

လွန်းထားထား၏ ဝတ္ထုကို မိုးနီလွင် ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာမီးပွား ရိုက်ကူးသည့် 'အချစ်ကသင့်အားပြုစားခဲ့သော' သည် စရိုက်မတူသူတို့အကြားရှိ ပဋိပက္ခနုနုလေးများကို ရိုက်ကူးပြသထားသည့် ဗီဒီယိုဇာတ်ကား တစ်ကားဖြစ်သည်။ ငယ်စဉ်ကလေးဘဝကပင် ဘုရားဈေး၌ ကစားစရာဝယ်ပေးရာမှ လူမိုက်ဘခက်ကဖမ်းယူခိုင်းစားခံရသော သက်နှင်း (မောင်မှတ်) အဖြစ် နေတိုးက သရုပ်ဆောင်ပြီး၊ သက်နှင်းကို စာသင်ပေးသော ပညာတတ် ဆရာမလေး ယုယအဖြစ် သက်မွန်မြင့်က သရုပ်ဆောင်ထားသည်။ သက်နှင်း၏ ဖခင်နှင့် မိခင်အဖြစ် ထွန်းထွန်းဝင်းနှင့် စိုးမိုးကြည်၊ ညီနှင့် ညီမအဖြစ် ကြယ်စင် (စွမ်းရည်လင်း)နှင့်လမင်း (ချောချော) တို့က ကူညီပံ့ပိုးထားသည်။ ဇာတ်ကောင် နည်းပြီး၊ ရိုက်ကွင်းလည်း နည်းသဖြင့် ထုတ်လုပ်သူ အကြိုက် ဗီဒီယိုကားတစ်ကား ဖြစ်ပါသည်။

ဘုရားဖူးသွားရင်း သက်နှင်းကို ကစားစရာဝယ်ပေးပြီး ဇနီးနှင့်သားငယ်ဆီ လှည့်အထွက် သက်နှင်းအရုပ်ဖြင့် ကစားနေစဉ် လူမိုက်ဘခက်က သက်နှင်းကို ဖမ်းယူသွားကာ မွေးစားခဲ့သည်။ ကျောမှာ အမှတ်ရှိနေသဖြင့် မှတ်ကြီးဟု အမည်ပြောင်းကာ နှစ်ပေါင်း ၂၀ ခန့် ဘခက်က မှတ်ကြီးကို ခိုင်းစားခဲ့သည်။ ထွန်းထွန်းဝင်းနှင့် စိုးမိုးကြည်တို့တွင် ကြယ်စင့်အပြင်သမီးငယ် ချောချောပါ မွေးဖွားလာသည်။ တစ်နေ့ သားကြီး သက်နှင်းကို ရှာရန် ဘုရားသို့အလာ လမ်းတွင် လူငယ်တစ်ဦးကို ဝိုင်းရိုက်နေသည်ကိုတွေ့သဖြင့် ဆင်းပြီး ဖျန်ဖြေရာတွင် မှတ်ကြီး အင်္ကျီပြုပြီး ကျောမှ အမှတ်ကိုမြင် လိုက်ရသဖြင့် ရဲစခန်း အပ်ရန်ဟုပြောကာ အိမ်သို့ ခေါ်လာခဲ့သည်။ ကြယ်စင်နှင့်လမင်းက လက်မခံ။ DNAစစ်ဆေးကြည့်ရာ သက်နှင်း ဖြစ်နေသဖြင့် အိမ်တွင်

မိသားစု နေ ထိုင်ကြသည်။ မူလတန်း ပညာကိုသာ သင်ခဲ့ရသော သက်နှင်း ကို ဆရာမယုယက အင်္ဂလိပ်စာ သင် သည်။ သက်နှင်းက ယုယအပေါ် ချစ်ခင် ဖွဲလမ်းလာသော်လည်း ဖွင့် မပြောရဲခဲ့ပါ။ ထိုစဉ် ကြယ်စင်နှင့် ယုယစေ့စပ်လိုက်သဖြင့် သက်နှင်း ယုယကို ခိုးပြေးသည်။ ယုယက လက်မခံ။ သက်နှင်းကို မုန်းသွား သည်။ သက်နှင်း၏ နှလုံးသားကို မြင်လာသောအခါ၌ သူတို့ အကြင် လင်မယားအဖြစ် ပေါင်းသင်းကြ သည်။

ဇာတ်လမ်းက ဤမျှသာ။

(၂)

လွန်းထားထား၏ အခြားဝတ္ထု များကဲ့သို့ပင် ဤဇာတ်လမ်းမှာ လည်း ဘဝထဲမှ ဇာတ်လမ်းမဟုတ်။ စာရေး ဆရာက စားပွဲပေါ်တွင် အကွက်ချ ရေးသားထားသော ဇာတ်လမ်းဖြစ် သည်။ သို့ရာတွင် ကြေးညီနောင် ပုံပြင်ထဲကကဲ့သို့ လူမိုက်ဘခက်နှင့် အတူနေလာခဲ့ ရသော သက်နှင်းနှင့် ဓနရှင်လူတန်းစား အသိုက်အဝန်း၌ ပေါက်ဖွား ရှင်သန်နေရသော ကြယ်စင်၊ လမင်းတို့၏အကြား၌ ပဋိပက္ခလေး များကို ဇာတ်ညွှန်းရေးသားသော မိုးနီလွင်သည်လည်းကောင်း၊ ထို ပဋိ ပက္ခလေးများကို ပရိသတ်စိတ်ဝင်စား လာစေရန် ရိုက်ကူးပြသသော မီးပွား သည်လည်းကောင်း၊ အနုပညာမြောက် ရေးသားပြသနိုင်ခဲ့သဖြင့် ဤဇာတ်ကား လေးမှာ ကောင်းနေခဲ့ပါသည်။

ကျွန်တော်သဘောကျသည် မှာ ရွှေပင်နားသဖြင့် ရွှေကျေးဖြစ် လာစေရန် ဆရာမလေး ယုယ၏ ကြိုးပမ်းမှုနှင့် သက်နှင်း၏ ပြောင်း လဲ တိုးတက်လာမှုများ ပင်ဖြစ် သည်။ အတန်းစာဘွဲ့ရမှ ပညာ တတ်ဟု သတ်မှတ်၍မရ။ အတန်းစာမသင်ဘဲ ဘွဲ့ရ ပညာတတ် အရည်အချင်း မျိုးလည်း ရှိနိုင်ပါ၏။ ထို့အပြင်အချစ်၏ ပြုစားမှု ကြောင့် ကြိုးစားလိုက်နာလာ သော သက်နှင်း၏ပြောင်းလဲလာ မှုများသည် ကြည့်ရသူ ပရိသတ်ကို အားမာန်ပေးပါ၏။

ကြယ်စင်နှင့် ယုယတို့ တစ်ဦး ကိုတစ်ဦး ချစ်သွားကြသည်ကို မပြ ဘဲ စေ့စပ်တော့မှ ဘွားခနဲ ဖော်ပြ လိုက်ခြင်းသည် ခပ်တုံးတုံး လူကြိုက် သော ပြကွက်မျိုးသာ ဖြစ်ပါ၏။ သဘာဝယုတ္တိ ခိုင်မာမှု မရှိပါ။ ဆရာမကို လိုက်ပို့ရန် ညီအစ်ကို နှစ်ယောက် ပြိုင်ဆိုင်ကြပုံ၊ အပေါင်း အသင်းများနှင့် မိတ်ဆက်ပေးပုံများ လောက်နှင့် ကြယ်စင်နှင့် ယုယ ချစ်သူဖြစ်သွားပုံမှာ မလုံလောက် ပါ။ ကြယ်စင်နှင့် ယုယ၏အထိ အတွေ့ scene များကို ဒါထက်ပြ သင့်ပါ၏။

**အမိန့်အာဏာဖြင့်**
**ပြုပြင်ပြောင်းလဲ**
**သည်ထက်....**
**အချစ်၊**
**မေတ္တာဖြင့်**
**ပြုပြင်**
**ပြောင်းလဲသည်က**
**ပို၍ အောင်မြင်နိုင်ကြောင်း....**

"ရည်းစားထားမယ်ဆိုရင် ဘယ်လို လူမျိုးကိုထားမလဲ" "ဘယ်လိုလူမျိုးကို အိမ်ထောင်ဖက်ရွေး မလဲ" "ကျွန်မကို ဦးဆောင်နိုင်တဲ့လူ၊ ကျွန်မထက်တော်တဲ့ လူမျိုးကို ရွေးမယ်၊ အဓိကပညာ တတ်ရမယ်၊ အရည်အချင်းရှိရမယ်၊ အဲဒါမှ ကျွန်မ အားကိုးလို့ရမှာပေါ့"

"မ, ထက်တော်တဲ့လူ တော် တော်ရှားမှာပဲနော်" သက်နှင်းနှင့် ယုယ စကားပြောခန်းသည် သက် နှင်း၏ နိမ့်ကျခံစားမှုကို ပုံဖော်နိုင် သော Dialogue များဖြစ်ပါသည်။

မီးပွားသည် သက်နှင်း၏စရိုက် ကို ကင်မရာဖြင့် ပုံဖော်ရာတွင် ထိ ထိမိမိပုံဖော်နိုင်ခဲ့ပါသည်။ ထမင်း စားခန်းတွင် လက်နှင့် စားသည့် အခန်း၊ ဇွန်းခက်ရင်းနှင့် ပေါင်မုန့် ကြက်ဥကြော်စားရန် ဆရာမ သင် သည့်အခန်း၊ အိုင်ပက် ပျောက်ခန်း၊ ဘောင်းဘီ၊ အင်္ကျီနှင့် နာရီယူဝတ် သည့်အခန်း၊ ယုယကို သိပ်လှတာပဲ ဟု ပြောချင်၍ လမင်းကို သွားမေး ရာ လမင်းက ချောက်တွန်းပြီး You are ugly ဟု ပြောလိုက်သဖြင့် လူ ဘုံအလယ်တွင် များပြောခန်း၊ ရုပ်ရှင် ကြည့်ခန်း၊ လက်စွပ်ခိုးခန်း . . . စသည်တို့တွင်မီးပွားသည် သက်နှင်း စရိုက်ကိုပရိသတ်ရင်ထဲသို့ အရောက် ပို့ပေး နိုင်ခဲ့ပါသည်။ ရုပ်လုံးဖော် ပစ္စည်းများအဖြစ် ခြင်္သေ့ရုပ်တု၊ တိမ် ကြားထဲမှ လမင်း၊ ပန်းပွင့်များကိုသုံး ၍ ရိုက်ကူး ပြသသည်။



ဆိုရသော် ထစ် ခနဲဆို လျှင် ဒေါသ ထွက်သော စိတ်၊ လူကြီးလူ ကောင်း မဆန်သော အပြုအမူ၊ ဒေါသ တကြီး ပြောဆိုမှု စသည့် ယခင် ပတ်ဝန်းကျင်မှ အကျင့်စရိုက်များကို ဆရာမ သည် ပြုပြင်ခဲ့ပါ၏။ အောင်မြင် ခဲ့ပါ၏။ အမိန့်အာဏာဖြင့် ပြုပြင် ပြောင်းလဲသည်ထက် အချစ်၊ မေတ္တာဖြင့်ပြုပြင် ပြောင်းလဲသည်က ပို၍ အောင်မြင် နိုင်ကြောင်း ဤဗီဒီယို ဇာတ်ကားက သက်သေခံနိုင်ခဲ့ပါသည်။ ဤသည်မှာ ရည်ရွယ်ချက် ကောင်းရုံ မျှမက ကြည့်ရှုမိသူ ပရိသတ်များ အတွက် အကျိုးပြုနေသော ဇာတ်ကား တစ်ကားဟု ဆိုနိုင်ပါသည်။ 'အချစ် ကသင့်အားပြုစားခဲ့သော်' ဇာတ်ကား တွင် အသက် ၂၀ ကျော်အရွယ် စရိုက်ကြမ်းနေသော သက်နှင်းကို ယဉ်ကျေးလာစေရန် ပြုပြင်ရသော၊ စာသင်ပေးရသော ဆရာမ ယုယအဖြစ် သရုပ်ဆောင် ရသည့် သက်မွန်မြင့်အ ဖို့ ဇာတ်ကောင်စရိုက်ဝင်ရန် သရုပ် ဆောင်ရသည်မှာ အလွန်ခက်ခဲပါ သည်။ ဤမျှ ခက်ခဲသော ဇာတ်ရုပ်ကို ပီပီပြင်ပြင် သရုပ်ဆောင်နိုင်ခဲ့သော သက်မွန်မြင့်ကို ချီးကျူးမိသည်။ နေတိုးသည်လည်း မှတ်ကြီးအဖြစ် သက်နှင်းအဖြစ် သရုပ်ဆောင်နိုင်ခဲ့ သည်။ စွမ်းရည်လင်း၊ ချောချော၊ ထွန်းထွန်းဝင်းနှင့် စိုးမိုးကြည်တို့ သည်လည်း သရုပ်ဆောင်ပီပြင်ကြ ပါသည်။

ခြုံ၍ဆိုရသော် 'အချစ်က သင့် အားပြုစားခဲ့သော်'ဇာတ်ကားသည် ယနေ့ထွက်ရှိနေသော ဗီဒီယိုဇာတ် ကားများထဲတွင် အားမာန်ကို ပေး သော အကျိုးပြုဇာတ်ကား တစ်ကား ဖြစ်ပါသည်။

**မောင်အိမ်စံ**

**ယခုလအညွှန်း**


၁။ နှစ်ဆယ်ရာစု မျက်ရည်စက် များ
၂။ မတော်တဆ အချစ်
၃။ မောင့်ချစ်သူ ဗမာမလေး



အယ်ဒီတာအဖွဲ့

# WOMEN FORUM

# အနာဂတ်အားဂါ့ အမျိုးသမီးများ

မြန်မာနိုင်ငံရှိ အမျိုးသမီးများအားလုံး စွမ်းဆောင်ရည်မြင့်မားလာပြီး အမျိုးသမီးများရဲ့ အခွင့်အရေးရပိုင်ခွင့်များကို အပြည့်အဝ ခံစားရရှိနိုင်စေရန်နှင့် အမျိုးသမီးတို့၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေး ကျား၊ မရေးရာ တန်းတူညီမျှရေးနှင့် အမျိုးသမီးများ၏ အခွင့်အရေးများကို အသိအမှတ်ပြု နားလည်လက်ခံနိုင်စေမည့်စနစ်များ ဖွဲ့စည်းပုံများနှင့် လုပ်ထုံးလုပ်နည်းများအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပြီး အောက်တိုဘာလ ၂၉ ရက်နေ့မှစ၍ ၃၀ ရက်နေ့ထိ အင်းလျားလိတ်ဟိုတယ်၌ ဒုတိယအကြိမ်မြောက် အမျိုးသမီး ဖိုရမ်ကို ကျင်းပခဲ့သည်။ အဆိုပါ ဖိုရမ် ဖြစ်မြောက်ရေးအတွက် ပါဝင်ဆောင်ရွက်ကြသူများနှင့် ဒုတိယအကြိမ် အမျိုးသမီးဖိုရမ်မှာ လာရောက်ဆွေးနွေးခဲ့ကြသူများရဲ့ စကားသံများကို ဖော်ပြလိုက်ပါတယ်။

## ဒေါ်မြတ်စုခိုင်
**(အုပ်ချုပ်ရေးမှူး - ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားရပ်ကွက်)**



အမျိုးသမီးအများစုက မလုံခြုံမှုကို ခံစားနေရတယ်။ နိုင်ငံခြားမှာဆိုရင် မိန်းကလေးတစ်ယောက် ဘယ်အချိန်ပဲ အပြင်ထွက်ထွက် အန္တရာယ်မရှိဘူး။ ဒီမှာက ည ၉ နာရီလောက် မိန်းကလေးတစ်ယောက်က အပြင်မှာ လျှောက်သွားနေရင် မလုံခြုံတော့ဘူး။ မလုံခြုံတဲ့ အပြင် လူတွေရဲ့အမြင်တွေကလည်း ခက်နေတယ်။ ဒီလိုအသေးအဖွဲ့လေးတောင်မလုံခြုံဘူး။ အခုအချိန်မှာ ကျွန်မတို့ လူ့အဖွဲ့အစည်းထဲမှာလည်း ဆုံးဖြတ်နိုင်တဲ့အမျိုးသမီးတွေ ပေါ်ထွက်လာကြပါပြီ။ တချို့တွေကျတော့လည်း ယောကျ်ားယူမှ ဘဝ ရပ်တည်နိုင်မယ်ဆိုတဲ့ အတွေးတွေ ရှိကြတယ်။ ကိုယ်တိုင်ရပ်တည်ကြည့်ဖို့ ယုံကြည်မှုမရှိကြဘူး။ မြန်မာအမျိုးသမီးတစ်ယောက်ကရှေ့ထွက်ပြီး ဦးဆောင်ဖို့ဆိုရင် လုံခြုံမှုရှိရင် ထွက်ရဲပါတယ်။ လုံခြုံမှုမရှိတဲ့ ပတ်ဝန်းကျင်မှာ ဘယ်မိန်းကလေးမှ သူ့ရဲ့စွမ်းဆောင်ရည်ကိုမထုတ်နိုင်ပါဘူး။ ဒါကြောင့် ကျွန်မတို့အမျိုးသမီးတွေရဲ့ ဘဝမြင့်တက်လာဖို့က လုံခြုံရတဲ့ ပတ်ဝန်းကျင်တစ်ခုရှိနေဖို့လိုပါတယ်။

## ဒေါ်မေစံပယ်ဖြူ
**(ကျား၊ မရေးရာတန်းတူ ညီမျှရေးကွန်ရက်)**



ကျွန်မတို့ ဒီဖိုရမ်ပြီးတဲ့အခါမှာလည်း ဒီဖိုရမ်က ဆွေးနွေးတင်ပြချက်တွေကို ကြေညာချက်တစ်စောင် ထုတ်မှာပါ။ ထူးချွန်တဲ့သူတွေက ကဏ္ဍတိုင်းမှာရှိပါတယ်။ ဒါပေမဲ့လည်း အဲဒီအမျိုးသမီးတွေက ဦးဆောင်မှုနဲ့ ဆုံးဖြတ်ချက်ချနိုင်တဲ့ နေရာတွေမှာ ပါဝင်သင့်သလောက် ပါဝင်ခွင့် မရရှိကြသေးဘူးဆိုတဲ့ အချက်ကိုတော့ ကဏ္ဍပေါင်းစုံက လူတွေအားလုံးက တညီတညွတ်တည်း ဆွေးနွေးသွားတယ်။ အမျိုးသမီးတွေကလည်း ပါဝင်ချင်ကြပါတယ်။ ဒီလိုအမျိုးသမီးတွေ ပါဝင်ခွင့်ရဖို့အတွက် လူမှုပတ်ဝန်းကျင်ကလည်း အတားအဆီးတွေ ဖြစ်နေတယ်။ သူတို့မိသားစုဝင်တွေ ထဲမှာလည်း အခက်အခဲအတား အဆီးတွေရှိနေတယ်။ အမျိုးသမီးတွေ ပါဝင်ခွင့်ရလာအောင် နိုင်ငံတော်အနေနဲ့ မူဝါဒချမှတ်ထားတာ ဒါမှမဟုတ်လည်း ဥပဒေပြုပြီးတော့ ပြဋ္ဌာန်းပေးတာတွေက မရှိသလောက်ပဲ အားနည်းနေတယ်။ အမျိုးသမီးတွေ ပါဝင်ခွင့်အခုလို နည်းနေရခြင်းကလည်း ကျွန်မတို့ရဲ့ လူမှုအဖွဲ့အစည်းကိုယ်တိုင်ကလည်း သူတို့ရဲ့ အခွင့်အရေးပြင်တယ်ဆိုတာကို ကျယ်ကျယ်ပြန့်ပြန့်သိမနေသေးတာလည်း အဟန့်အတားတစ်ခု ဖြစ်နေတယ်။ သူတို့ရဲ့မိသားစုဝင်တွေကလည်း ပါဝင်ခွင့်ရအောင် လုံလောက်တဲ့ ကူညီမှုတွေမပေးတာကလည်း တစ်ခုဖြစ်တယ်။ ပြီးတော့ နိုင်ငံတော်အနေနဲ့လည်း မူဝါဒပိုင်းဆိုင်ရာ အားနည်းနေတာ ဥပဒေပြဋ္ဌာန်းပေးထားတာတွေ မရှိသေးတာကြောင့် အမျိုးသမီးတွေက အခုလိုကဏ္ဍတိုင်းမှာ ပါဝင်ခွင့် မရရှိကြသေးတာလို့ မြင်ပါတယ်။ အမျိုးသား၊ အမျိုးသမီးဦးရေကို ဘယ်ကဏ္ဍမှာပဲဖြစ်ဖြစ်တန်းတူညီမျှ ဒါမှမဟုတ်လည်း အနည်းဆုံး ၃၀ ရာခိုင်နှုန်းလောက်တော့ ပါဝင်စေသင့်တယ်။ ဒါက အင်မတန်အရေးကြီးပါတယ်။

## နန်းသဇင်မင်း
(Colourful Girl အဖွဲ့)



လူ့အဖွဲ့အစည်းရဲ့ အတွေးတွေကို ပြောင်းဖို့လိုနေပြီ။အမျိုးသားတွေရဲ့ စိတ်ပိုင်းဆိုင်ရာခံယူချက်တွေလည်း ပြောင်းသင့်တယ်။ အခုက အရင်တုန်းကနဲ့ မတူတော့ဘူး။ အမျိုးသမီးတွေက အရည်အချင်းတွေကို ပြလာနိုင်နေပြီ။ အမျိုးသမီးတွေစုလိုက်ရင်အတင်းပြောကြတယ်ဆိုတဲ့ခေတ် မဟုတ်တော့ပါဘူး။ အချင်းချင်း လက်တွဲခေါ်ကြတာတွေ၊ ခံစားချက်တွေမျှဝေကြတာတွေ လုပ်ကြပါတယ်။ ကျွန်မတို့အမျိုးသမီးထုအားလုံးအတွက် ဒီထက်ပိုကောင်းတဲ့ အခြေအနေဖြစ်ဖို့ ဘာတွေလုပ်ကြမယ်ဆိုတဲ့ ဆွေးနွေးမှုတွေကို အခု Forum ကနေ လုပ်ကြပါတယ်၊ အမျိုးသမီးတွေဆိုတာနဲ့ ဘောင်တစ်ခုထဲမှာပဲ မနေဘဲနဲ့ တကယ့်လူ့ဘောင်သစ်ထဲကို တိုးထွက်ပြီး တည်ထောင်နိုင်ဖို့ ကျွန်မတော့ မျှော်မှန်းပါတယ်။

## မေသကြိန်ဟိန်
CEO (Shwe Myitmakha Media Group)



အခုဒီပွဲမှာ လက်ရှိမြန်မာနိုင်ငံမှာ အမျိုးသမီးတွေရဲ့ ပါဝင်မှုတွေ အကြောင်းဆွေးနွေးကြတယ်။ နိုင်ငံရေးနယ်ပယ်မှာဆိုရင် အမျိုးသမီးပါဝင်မှု အရမ်းနည်းတယ်။ လွှတ်တော်ထဲမှာဆိုရင် အမျိုးသမီးက ၄. ၃ ရာခိုင်နှုန်းပဲရှိတယ်။နောက်ပြီး တရားစီရင်ရေးမှာလည်း အမျိုးသမီးက နည်းတယ်။ ဥပမာ - မုဒိမ်းမှုတစ်ခုမှာဆိုရင် အဓမ္မကျင့်ခံရတဲ့ အမျိုးသမီးတစ်ယောက် ရဲစခန်းကိုတိုင်ရင် ရဲကလည်း အမျိုးသား၊ ဆေးစစ်ချက်ယူတဲ့ ဆရာဝန်ကလည်း အမျိုးသား၊ ဆုံးဖြတ်ပေးမယ့် တရားသူကြီးကလည်း အမျိုးသားပဲ။ ဒီလိုကိစ္စတွေကိုလည်း အခုဆွေးနွေးခဲ့ကြတယ်။ စီးပွားရေးလောကမှာဆိုလည်း တကယ်ကို အရေးကြီးဆုံးဖြတ်ချက်ချရမယ့် ရာထူးတွေမှာ အမျိုးသမီးတွေ အရမ်းနည်းကြပါတယ်။ တောင်ကိုရီးယားမှာဆိုရင် လွှတ်တော်ထဲမှာ အမျိုးသမီးက ၂၃ ရာခိုင်နှုန်းရှိတယ်။ စီးပွားရေးနယ်ပယ်မှာလည်း CEO အမျိုးသမီးက ၅၁ ရာခိုင်နှုန်းရှိတယ်။ ဒီတော့ ကျွန်မတို့အမျိုးသမီးတွေကလည်း ကိုယ့်အရည်အချင်းကိုပြသဖို့ အတွက် ကြိုးစားရမယ်။ ထိပ်ပိုင်းကို ရောက်အောင်တက်ဖို့လည်း ကိုယ်က ကြိုးစားရမယ်။ သားကို သခင်

လင်ကိုဘုရားဆိုတဲ့ စနစ်အောက်မှာပဲ ရှင်သန်နေလို့ မရဘူး။ အမျိုးသမီးက အမျိုးသားနဲ့တန်းတူပါပဲ။ ကျွန်မတို့မီဒီယာလောကမှာဆိုရင်တကယ် အရေးကြီးတဲ့ သတင်းမျိုးတွေကို အမျိုးသားသတင်းထောက်ကိုပဲ တာဝန်ပေးလေ့ရှိတယ်။ ဒီလိုကိစ္စမျိုး ကြုံလာခဲ့ရင် ကျွန်မတို့အမျိုးသမီးသတင်းထောက်တွေကလည်း ကိုယ်လည်း တာဝန်ယူနိုင်ကြောင်း ပြသရမယ်။ ကိုယ်တိုင်ကလည်း အရည်အချင်းရှိအောင် ကြိုးစားရမယ်။ တာဝန်ယူရဲရမယ်။ ဒီလို Forum မျိုးက အခုလို မြို့ပြအဖွဲ့အစည်းမှာ အပြင်နယ်တွေမှာလည်း အမြဲလုပ်သင့်ပါတယ်။ ဒါမှနယ်မှာ ရှိနေတဲ့ အမျိုးသမီးထုအားလုံးပါအောင် လုပ်သင့်တယ်။ ဒါမှအမျိုးသမီးအားလုံးရဲ့အသံကို ကျွန်မတို့က ကြားရမှာပါ။

## ဒေါ်ရွှေရွှေစိန်လတ်
**ဒါရိုက်တာ (ဖန်မီးအိမ်)**



အခုလုပ်တဲ့ Forum က ဒုတိယအကြိမ်ပါ။ ပထမအကြိမ်တုန်းက အဖွဲ့အစည်းခုနစ်ဖွဲ့ စုပေါင်းပြီး လုပ်ခဲ့တာ။ အခုကတော့ ၁၉ ဖွဲ့ ပေါင်းပြီးလုပ်တာပါ။ ရည်ရွယ်ချက်ကတော့ အစ်မတို့ အမျိုးသမီးတွေရဲ့ ဘဝဖွံ့ဖြိုးတိုးတက်ပြီးတော့ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းတွေမှာ ပါလာဖို့ပါ။ နိုင်ငံတည်ဆောက်ရေးဆိုတာ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနဲ့ ဥပဒေပြုရေးကဏ္ဍတွေမှာ အမျိုးသမီးတွေရဲ့ပါဝင်မှုနဲ့ ခေါင်းဆောင်ရမှုများလာဖို့ပါ။ နောက်ပြီး စီးပွားရေးကဏ္ဍတွေမှာ အမျိုးသမီးခေါင်းဆောင်မှုတွေ များလာဖို့နဲ့ မီဒီယာတွေမှာလည်း အမျိုးသမီးတွေနဲ့ ပတ်သက်ပြီး အလေးပေးခံရမှုတွေ များလာဖို့အတွက် ရည်ရွယ်ပါတယ်။ အမျိုးသားတွေကလည်း ပူးပေါင်းပါဝင်လာပြီး အမျိုးသမီးတွေရဲ့ ခေါင်းဆောင်မှုကို အားပေးထောက်ခံလာစေချင်တယ်။ ဒီလို Forum တွေလုပ်တာက အမျိုးသမီးအဖွဲ့တွေအားလုံးနဲ့ Network ချိတ်နိုင်တယ်။ အခုဆိုရင် တက်ရောက်တဲ့ အဖွဲ့အစည်းတွေကလည်း ၁၀၀ ကျော် ၂၀၀ လောက် ရှိတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေရော နိုင်ငံရေးပါတီတွေရော တက်ကြတာဆိုတော့ သူတို့တွေက နေတစ်ဆင့် ရှေ့မထွက်သေးတဲ့ အမျိုးသမီးတွေဆီအထိ ရောက်အောင်မျှော်မှန်းထားပါတယ်။

## နန့်ခင်အေးဦး
**(တရင်အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့)**




ဒီ Forum မှာ နယ်တွေမှာလည်း ဒီလို Forum မျိုးတွေ လုပ်ပေးဖို့ တော်တော်များက တောင်းဆိုကြတယ်။ ဒီလိုလုပ်ဖို့က ကျွန်မတစ်ယောက်တည်းရဲ့ အမြင်နဲ့ ပြောရရင်တော့ ခက်ခဲတယ်။ အခုအချိန်က နိုင်ငံက ပြုပြင်ပြောင်းလဲဖို့ ကြိုးစားနေတယ်။ စတင်ပြောင်းလဲနေတယ်ဆိုပေမယ့် အုပ်ချုပ်ရေးယန္တရားတွေ အာဏာစက်တွေက အောက်ခြေအထိ သိပ်မရောက်သေးဘူး။ အပြောင်းအလဲသိပ်ပြီး မလုပ်နိုင်သေးတဲ့ အခြေအနေတွေရှိနေတော့ ဒီလို Forum မျိုးတွေ နယ်တွေမှာ လုပ်ဖို့ဆိုတာ ခက်ခဲပါတယ်။ အမှန်ကတော့ မြို့ကြီးပြကြီးတွေနဲ့ သိပ်မဝေးတဲ့ နယ်တွေရွာတွေမှာရှိတဲ့ အမျိုးသမီးတွေမှာတောင်မှ သူတို့ရဲ့ Capacity က တော်တော်လိုပါတယ်။ သူတို့ရဲ့ အတွေးအခေါ် အယူအဆတွေက မြို့ကြီးတွေမှာရှိတဲ့ အမျိုးသမီးတွေနဲ့ ယှဉ်ရင် နိမ့်ကျ နေသေးတယ်။ ဒီတော့ အမျိုးသမီးတို့ရဲ့ အသံ Women's Forum က ဒီထက်ပိုပြီးတော့ နယ်တွေမှာပါ ဆင်းပြီး လုပ်နိုင်မှ အမျိုးသမီးထုရဲ့ အသံကိုပိုပြီးတော့ ပီပီပြင်ပြင်ကြား ရမယ်။ အမျိုးသမီးအများစုက ရှေ့ထွက်ဖို့ဆိုရင် သူတို့ကိုယ်သူတို့ ယုံကြည်မှုမရှိကြဘူး။ တစ်ကမ္ဘာလုံးက အမျိုးသမီးတွေက အမျိုးသားတွေထက် ခြေတစ်လှမ်းနောက်ဆုတ်နေရတဲ့ သဘောမျိုးရှိတယ်။ အမျိုးသမီးတစ်ယောက် ရှေ့ထွက်ဖို့က ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိဖို့ လိုတယ်။ ငါ့မှာလည်း အရည်အချင်းရှိတယ်။ ငါလည်းလုပ်နိုင်တယ်ဆိုတဲ့ စိတ်ဓာတ်မျိုးတွေရှိလာဖို့ကကျွန်မတို့ကအားပေးရပါမယ်။

## ဒေါ်သင်းသင်းအောင်
**(မဇ္ဈိမမီဒီယာ ပူးတွဲတည်ထောင်သူ အကြံပေးအယ်ဒီတာ)**



ကျွန်မတို့ မြန်မာ့လူမှုအသိုင်းအဝိုင်းထဲမှာ အမျိုးသမီးနဲ့အမျိုးသားတွေကို မြင်တဲ့အမြင်က မတူဘူး။ အမျိုးသမီးတွေကို အမျိုးသားတွေထက်နိမ့်ကျတယ်လို့ တွေးကြတယ်။ အမျိုးသမီးတွေဆိုရင် အိမ်ထောင်မှုထိန်းသိမ်းရမယ်။ ကလေးထိန်းရမယ်။ ဒီလိုပဲ တွေးကြတယ်။ ဒါကြောင့်လည်း နိုင်ငံရေးခေါင်းဆောင်နေရာတွေမှာ အမျိုးသမီးတွေကို မတွေ့ရသလောက်ဖြစ်တာပါ။ ဒီအကြောင်းတွေကို အခု Forum မှာ အဓိကထားပြီးဆွေးနွေးကြပါတယ်။ ဒီလို ကျား၊ မခွဲခြားပြီး ဆက်ဆံနေတာတွေက အုပ်ချုပ်ရေးပိုင်းတွေမှာ အမျိုးသမီးတွေ မထွက်လာအောင် တားဆီးထားတာပါပဲ။ အခု လွှတ်တော်ကိုယ်စားလှယ်တွေထဲမှာဆိုရင် အမျိုးသမီးအင်အားအရမ်းနည်းနေတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေ၊ ဝန်ကြီးတွေ၊ နိုင်ငံရေးခေါင်းဆောင်တွေ၊ သမ္မတတွေ၊ ဝန်ကြီးချုပ်တွေဆိုရင် အမျိုးသားတွေပဲ လုပ်နိုင်တယ် လုပ်သင့်တယ်လို့ ထင်ကြတယ်။ ဒီအမြင်တွေကို ပြောင်းရပါမယ်။ နောက်ပြီး အခု လောလောဆယ်အရဆိုရင် အမျိုးသမီးတွေကို ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေတွေ ပိုပြီးလိုတယ်။ အမျိုးသမီးတွေရဲ့ စွမ်းအင်မြှင့်တင်နိုင်တဲ့ ဥပဒေတွေ ချမှတ်ဖို့လိုတယ်။ ဒီလို ဥပဒေတွေချမှတ်နိုင်ဖို့ ပါဝါ၊ အာဏာရှိတဲ့ အမျိုးသမီးတွေ လွှတ်တော်ထဲမှာ များများရှိမှဖြစ်မယ်။ အဲဒီလိုဖြစ်ဖို့က လွှတ်တော်ထဲမှာက အမျိုးသမီးအင်အား အနည်းဆုံး ၃၀ ရာခိုင်နှုန်း မပါမဖြစ်ပါရမယ်။ နိုင်ငံတော်ကလည်း ဥပဒေပေါ်လစီမူဝါဒအရ မပါမနေရဆိုတဲ့ ဥပဒေကိုချမှတ်ပေးဖို့ လိုပါတယ်။

**အယ်ဒီတာအဖွဲ့**




DR.MYAT THIT

(MANDALAY)

## မကာရရာသီဖွား (Capricon)

ဒီဇင်ဘာ (၂၂) ရက်မှ ဇန်နဝါရီ (၂၁) ရက်



သင့်အတွက် ရောက်ရှိလုပ်ကိုင်ရာ နေရာတိုင်း နာမည်မရ၊ အကောင်းမမြင်ခြင်း ခံရတတ်၏။ အရည်အချင်းကောင်းများကို မျက်ကွယ်ပြုခံရတတ်သည်။ ကိုယ်တိုင်အနေအထိုင်နှင့် စကားပြောတတ်ရန် လိုသည်။ ပညာရေး အရည်အချင်း ပြည့်မီပေလိမ့်မည်။ ထူးချွန်ရန်အထိ ရှိနိုင်ပေသည်။ လုပ်ငန်းတာဝန်ပိုင်းတွင် ခရီးထွက်ရတတ်သည်။ ရာဇဝင်ဥစ္စာအိမ်ထောင်ဖက်ကြောင့် သားသမီးမိုက်ကြောင့် ကုန်စေတတ်ပေသည်။ အချစ်ရေး ရှုးမိုက်ဆဲဖြစ်တတ်သည်။

**ယတြာ။ ။ ကြာပွင့် ၅ ပွင့် လှူပါ။**

## ကုမ်ရာသီဖွား (Aquarius)

ဇန်နဝါရီ (၂၂) ရက်မှ ဖေဖော်ဝါရီ (၁၈) ရက်



သင့်အတွက် အသိအမြင် အတွေးအခေါ်မြင့်မားသော်လည်း တပည့်များနှင့် လုပ်ဖော်ကိုင်ဖက်တို့ မလိုက်နိုင်တတ်ပေ။ ဆွေမျိုးသားချင်းအရေးပါ ဖြေရှင်းကူညီရတတ်ပေသည်။ ပညာရေးအဆင့်မြင့်ဘွဲ့အတွက် အဆင်ပြေမည်။ အလုပ်အကိုင်အရည်အချင်းရှိ စစ်ဆေးခြင်း အကျိုးရှိပေလိမ့်မည်။ မြေနှင့်ပတ်သက်၍ အကျိုးရှိစေမည်။ အချစ်ရေးဦးစားပေးရုံမက မင်္ဂလာမြင်သည်။

**ယတြာ။ ။ မွေးနံ့ဘုရား ရေသပ္ပာယ်ပါ။**

## မိန်ရာသီဖွား (Pisces)

ဖေဖော်ဝါရီ (၁၉) ရက်မှ မတ် (၂၀) ရက်



သင့်အတွက် လုပ်ငန်းပိုင်းငွေများ မြှုပ်နှံမှု များနေတတ်ပေသည်။ အတိုက်အခိုက်ကျော်ဖြတ်နိုင်ပေမည်။ ပညာရေးနာမည်ကောင်း ရရှိလာမည်။ ဘွဲ့၊ ဘွဲ့လွန်အတွက် အကျိုးရှိပေမည်။ အကြံအစည် အောင်မြင်စေလိမ့်မည်။ မြေ၊ အဆောက်အဦကောင်း အသစ်ဝင်တတ်သည်။ အခွန်ထမ်းရန် ကိစ္စ စကားပြောရလိမ့်မည်။ ရေလမ်း အကျိုးရှိမည်။ အိမ်ထောင်ရေး ခွဲနေရတတ်သည်။ အချစ်ရေး အဆင်ပြေစေလိမ့်မည်။

**ယတြာ။ ။ စာအုပ်ကုသိုလ်ပြုပါ။**

## မိဿရာသီဖွား (Aries)

မတ် (၂၁) ရက်မှ ဧပြီ (၂၀) ရက်



သင့်အပေါ် အများမုန်းမည့် အပြုအမူမျိုးကို ရှောင်သင့်ပေသည်။ လက်တွဲဖော်များနှင့် အဆင်ပြေလျှင် ကောင်းပေမည်။ အပြောအဆိုယဉ်ကျေးသိမ်မွေ့အောင် ကြိုးစားသင့်ပေသည်။ အလုပ်ပြောင်းရန် မစဉ်းစားသင့်ပါ။ ပညာရေးဆရာများ၏ ဖေးမမှုဖြင့် ကံကောင်းလာစေမည်။ ကျန်းမာရေး မထင်မှတ်ဘဲ ညံ့စေတတ်သည်။ ဂရုစိုက်သင့်ပေသည်။ အချစ်ရေး စိတ်မောမည်။ အိမ်ထောင်ရေး အမှောင်လွှမ်းနေမည်။

**ယတြာ။ ။ ဗယာကြော် လှူပါ။**

## ပြိဿရာသီဖွား (Taurus)

ဧပြီ (၂၁) ရက်မှ မေ (၂၁) ရက်



သင့်အတွက် ကြိုးစားရုန်းကန်မှု ကောင်းမွန် အဆင်ပြေသော်လည်း ငွေအကုန်အကျ အထူးများပေသည်။ စုဆောင်းငွေ ထိခိုက်တတ်သည်။ လူမျိုးခြား အကျိုးပြုသည်။ ခရီးတို အကျိုးရှိစေမည်။ ပညာရေး အဆင်ပြေတိုးတက်မည်။ မနာလိုပြောဆိုမှုတို့ ခံရတတ်သည်။ အတ္တစိတ်များသူနှင့် သတိထား၍ လက်တွဲလုပ်ကိုင်သင့်သည်။ မြေနှင့်ပတ်သက်၍ ကံကောင်းလာပေလိမ့်မည်။ ပြည်ပအလုပ်အကိုင်ကိစ္စ အဆင်ပြေပါမည်။ အချစ်ရေး ချောမွေ့ပျော်ရွှင်မှု ရရှိပေလိမ့်မည်။

**ယတြာ။ ။ ဆန်ကုသိုလ်ပြုပါ။**

## မေထုန်ရာသီဖွား (Gemini)

မေ (၂၂) ရက်မှ ဇွန် (၂၁) ရက်



သင့်အတွက် အောင်မြင်မှုတို့ အနှောင့်အယှက်နှင့်အပြိုင် ရင်ဆိုင်ကြုံတွေ့လာရတတ်ပေသည်။ စကားများများ မပြောသင့် သတိထားသင့်ပေသည်။ ပညာရေးအခြေအနေ ထက်မြက်ထူးချွန်ပေမည်။ ခရီးများများ သွားလာမှုအကျိုးထူးမည်။ ရပ်ဝေး အကြောင်းပြု၍ အဆင်ပြေကံကောင်းပေသည်။ လက်တွဲဖော်များနှင့် စိတ်ဝမ်းကွဲ တတ်၍ သတိပြုပါ။ အချစ်ရေး ထင်တိုင်း မကြံသင့်ပါ။ အမှားကြုံလာလိမ့်မည်။

**ယတြာ။ ။ သင်္ကန်းလှူပါ။**

## ကရကဋ်ရာသီဖွား (Cancer)
ဇွန် (၂၂) ရက်မှ ဇူလိုင် (၂၂) ရက်



သင့်အတွက် လုပ်ငန်းတွင်းအမှားများကို လွှန်ကျူးမိတတ်သည်။ စိတ်ညစ်ရတတ်သလို မကောင်းမှုလုပ်ဆောင်တတ်သူနှင့် လက်တွဲမိတတ်သည်။ နေရာပတ်ဝန်းကျင် ပြောင်းလဲခြင်းတို့ ကြုံတွေ့ပါလိမ့်မည်။ မြေ၊ တိုက်ခန်းရောင်းဝယ်မှု အကျိုးရှိစေလိမ့်မည်။ ပညာရေးအမှားများတတ်၍ ဂရုစိုက်ပါ။ စာသင်ခန်းနှင့် လူတခြားစီရှိနေတတ်သည်။ လောင်းကစားရှောင်ပေးပါ။ အချစ်ရေး မတည်မြဲတတ်ပါ။

**ယတြာ။ ။ သပြေ ၅ ညွန့်လှူပါ။**

## သိဟ်ရာသီဖွား (Leo)
ဇူလိုင် (၂၃) ရက်မှ ဩဂုတ် (၂၂) ရက်



သင့်အတွက် စုဆောင်းသိုမှီး၍ အဆင်ပြေလာမည်။ လုပ်ငန်းပိုင်း အောင်မြင်မှုရရှိစေတတ်သည်။ ကုသိုလ်ရေး လုပ်ရတတ်၏။ မင်္ဂလာကိစ္စ ပေါ်စေတတ် အောင်မြင်စေတတ်သည်။ ဝင်ငွေပိုင်းတိုးပွားမှုရှိမည်။ အများအပေါ် ဩဇာလွှမ်းစေတတ်သည်။ အချစ်ရေး မျက်နှာများ စေလိမ့်မည်။ ပြည်ပအလုပ်အကိုင် အဆင်ပြေလိမ့်မည်။ အခန်းနေရာရွှေ့ပြောင်းရတတ်သည်။ ကားအပြောင်းအလဲ အကျိုးပေးသည်။ ခရီးသွားလုပ်ငန်း အောင်မြင်မည်။

**ယတြာ။ ။ မင်းကွတ်သီးလှူပါ။**

## ကန်ရာသီဖွား (Virgo)
ဩဂုတ် (၂၃) ရက်မှ စက်တင်ဘာ (၂၂) ရက်



သင့်အတွက် တဖြည်းဖြည်းဖြင့် လုပ်ငန်းပိုင်းတို့မှာ အောင်မြင်ကံကောင်း လာစေတတ်သည်။ ငွေ၊ ဘဏ္ဍာရေးကိစ္စတို့ အခက်အခဲကို ရင်ဆိုင်ကျော်ဖြတ် နိုင်ပေမည်။ မိသားစုတွင်း တကွဲတပြားနေရတတ်သည်။ လူမှုရေးစိတ်ဝမ်းကွဲစရာများ ကျန်ရှိနေသေးသည်။ ပညာရေးတိုးတက်မှု သိသာမည်။ အချစ်ရေး ထင်သလို မဟုတ်နိုင်သေးပါ။ စားပွဲရုံလုပ်ငန်းအဆင်ပြေမည်။

**ယတြာ။ ။ အချိုရည်လှူပါ။**

## တူရာသီဖွား (Libra)
စက်တင်ဘာ (၂၃) ရက်မှ အောက်တိုဘာ (၂၂) ရက်



သင့်အတွက် ထုံးတမ်းဓလေ့ထက် ခေတ်မီစွာ အနောက်တိုင်းပုံကို အလေးထားနေထိုင်မှုတို့ ပိုမိုနှစ်သက်လာစေတတ်သည်။ ပညာရေးအဆင်ပြေသော်လည်း ကျောင်းမှန်မှန် မတက်လိုတတ်ပေ။ စိတ်မငြိမ်ပါ။ ခရီးရှည်ပြည်ပ အကျိုးပေးစေလိမ့်မည်။ အိမ်ထောင်ရေး လူမှုရေးတို့မှာ များစွာပင် ရှုပ်ထွေးပွေလီပေလိမ့်မည်။ ငွေကျန်ကိစ္စ စကားများရတတ်သည်။ အချစ်ရေး သစ်လွင်တောက်ပသောသူကို စိတ်ဝင်စားမိပြီး အဟောင်းကို ပစ်ပယ်ရတတ်သည်။

**ယတြာ။ ။ ကောက်ညှင်းပေါင်းလှူပါ။**

## ဗြိစ္ဆာရာသီဖွား (Scorpio)
အောက်တိုဘာ (၂၃) ရက်မှ နိုဝင်ဘာ (၂၂) ရက်



သင့်အတွက် မြေ၊ ခြံ၊ ယာကိစ္စ ပြဿနာပွားရတတ်သည်။ ရုံးအမှု အခင်းအရှုပ်အထွေး ရင်ဆိုင်ရတတ်ပေသည်။ ပညာရေး ခဏ ခဏ ကျောင်းခေါ်ချိန်မမှန်၍ ဒုက္ခတွေ့လိမ့်မည်။ ငွေအသုံးအစွဲလျှော့ပါ။ အပျော်အပါး အလှအပ ဦးစား မပေးသင့်ပါ။ နိုင်ငံခြားအလုပ် လျှောက်ထားခြင်း အောင်မြင်ပါလိမ့်မည်။ ဟိုတယ်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး သတိထားလုပ်ကိုင်ပါ။

**ယတြာ။ ။ ငှက်လွှတ်ပေးပါ။**

## ဓနုရာသီဖွား (Sagittarius)
နိုဝင်ဘာ (၂၃) ရက်မှ ဒီဇင်ဘာ (၂၁) ရက်



သင့်အတွက် အိမ်တွင်းထူထောင်လုပ်ငန်း အောင်မြင်မှုတို့ ရရှိလာစေ တတ်ပေသည်။ ဝင်ငွေပိုင်းတိုးပွားအောင်မြင်ကံကောင်းစေ၏။ စာနာ ထောက်ထားကူညီသူ တွေ့ရတတ်သည်။ ပညာရေး ကြိုးစားမှုအကျိုးခံစားရမည်။ စက်၊ ယာဉ်စိတ်တိုင်းမကျ ဖြစ်စေတတ်သည်။ အချစ်ရေး စိတ်ပွင့် သော်လည်း တိတ်တိတ်ကွဲ၍ နေလိမ့်မည်။ ပြည်ပနှင့်ဆက်ဆံသော စီးပွားအကျိုးရှိစေလိမ့်မည်။ အိမ်ထောင်ရေး ခရီးမချောမွေ့ တတ်ပေ။ အမှောင်လမ်း လျှောက်ရဆဲ ဖြစ်လိမ့်မည်။

**ယတြာ။ ။ ထီးအနီ ၇ လက်လှူပါ။**

ဒေါက်တာမြတ်သစ် (မန္တလေး)

## လက်ကိုင်ဖုန်းပေါ်က

# ဗက်တီးရီးယားများ

**ကျော်ဦး**

၂၀၁၂ ခုနှစ်က အာဖရိကတိုက် ယူဂန်ဒါနိုင်ငံတွင် အီဘိုလာအမည်ရှိ ဗိုင်းရပ်ပိုးတစ်မျိုး ပေါက်ပွားကာ ယင်းဗိုင်းရပ် ကူးစက်ခံရသူတို့တွင် ပြင်းထန်စွာ ဖျားခြင်း၊ ကြွက်သားနာကျင်ခြင်း စသည့် ရောဂါများအပြင် သေဆုံးမှုများပင် ရှိခဲ့သည်။ ယင်းအချိန်က အီဘိုလာရောဂါသည် တစ်ဦးသည် ယူဂန်ဒါနိုင်ငံ ကာဂါဒီဆေးရုံတွင် တက်ရောက်ကုသနေစဉ် လက်ကိုင်ဖုန်းကို အိပ်ရာဘေးတွင် ချထားရာ ယင်းကို ဆေးရုံလာသူ တစ်ဦးကတွေ့၍ လူနာ၏အလစ်တွင် ခိုးယူသွားသည်။



ဖုန်းပိုင်ရှင်လူနာသည် သူ့ဖုန်းအခိုးခံရကြောင်း ရဲကို အကြောင်းကြားအမှုဖွင့်ပြီး မကြာမီပင် အီဘိုလာရောဂါဖြင့် သေဆုံးသွားသည်။ ရဲတို့သည် သူခိုးကို ဖမ်းဆီးရန် ဖုန်းနံပါတ်ဖြင့် ခြေရာခံမိအောင် ကြိုးစားသည်။ စီစဉ်ဆဲကာလတွင်ပင် သူခိုးက ဆေးရုံသို့ရောက်လာသည်။ ဖုန်းကို ခိုးမိကြောင်း ဝန်ခံသည်။ လက်ကိုင်ဖုန်းမူလပိုင်ရှင်၏ အီဘိုလာပိုင်းရပ်များ လက်ကိုင်ဖုန်းတွင်ကပ်နေရာမှ သူခိုးထံ ကူးစက်သွား၍ ဆေးရုံသို့ လူနာအဖြစ် ရောက်လာခြင်း ဖြစ်သည်။

မိုက်ကရိုလှိုင်းများကြောင့် လက်ကိုင်ဖုန်းသုံးသူများ၏ ဦးနှောက်ထိခိုက်ခြင်း ရှိမရှိကို ငြင်းခုံနေရဆဲဖြစ်သော်လည်း လက်ကိုင်ဖုန်းများတွင် လူကိုအန္တရာယ်ပေးနိုင်သော ဗက်တီးရီးယားများ၊ ပိုင်းရပ်များ ကပ်နေနိုင်ကြောင်း ယူဂန်ဒါလက်ကိုင်ဖုန်းသူခိုး၏ ဖြစ်စဉ်က အထင်အရှား သက်သေပြလိုက်သည်။



လက်ကိုင်ဖုန်းများတွင် ဘိုထိုင်အိမ်သာအိုး အဖုံးများထက် ဗက်တီးရီးယားပိုမိုခိုအောင်း စွဲကပ်နေနိုင်သည်ဟု ပြောခြင်းမှာ လွန်သည်ဟု မဆိုနိုင်ချေ။ အိမ်သာအိုးအဖုံးများကို မသန့်သော နေရာ၊ ရောဂါပိုး ခိုကပ်နိုင်သည့် နေရာများဟု လူတို့က မှတ်ယူထားတတ်သဖြင့် မသုံးမီ သုတ်သင်တတ်ကြသော်လည်း လက်ကိုင်ဖုန်းများကို အချိန်မှန် သန့်ရှင်းရေးလုပ် သုတ်သင်ပေးသည့် အကျင့်မှာ အတော်များများတွင် မရှိသေးချေ။

လက်ကိုင်ဖုန်းများကို မိမိတစ်ဦးတည်းကသာ ကိုင်သုံးနေပါက ဗက်တီးရီးယား ကပ်ငြိနေသော်မှ အန္တရာယ်မရှိလှပေ။ အခြားသူတစ်ဦးဦးကို ပေးသုံးမိလျှင်တော့ သုံးစွဲသူ၏လက်မှ ပိုးများအပြင် သူ၏ ထွက်လေတွင်ပါသည့် ရောဂါပိုးများလည်း ဖုန်းတွင် ဝင်ရောက်ကပ်ခို၍ ပါလာနိုင်သည်ကို သတိပြုဖို့ လိုအပ်သည်။

ဥဥ

လက်ကိုင်ဖုန်းများကို
မိမိတစ်ဦးတည်းကသာ
ကိုင်သုံးနေပါက
ဗက်တီးရီးယား
ကပ်ငြိနေသော်မှ
အန္တရာယ်မရှိလှပေ။
အခြားသူတစ်ဦးဦးကို
ပေးသုံးမိလျှင်တော့ . . . .

လက်ကိုင်ဖုန်းပြောသည့်အခါ ပါးစပ်နှင့်နားအနီးသို့ကပ်၍ ပြောရသဖြင့် လူမှ လက်ကိုင်ဖုန်း မျက်နှာပြင်သို့ရောက်လာသော အနွေးဓာတ်များသည် ဗက်တီးရီးယားတို့ ခိုအောင်းပွားများဖို့ အခြေအနေကောင်းများပင် ဖြစ်သည်။

လက်ကိုင်ဖုန်းသုံးသူများသည် အများသုံးအိမ်သာ၊ အားကစားခန်းမများ၊ ဈေးဆိုင်များ၏ လှေကားလက်ရမ်းများစသည်တို့ကို သုံးမိ ကိုင်မိရာမှ အခြားသူများ၏ ရောဂါပိုးများ ကပ်ငြိလာကာ လက်ကိုင်ဖုန်းမှ တစ်ဆင့် ထပ်မံရောဂါပိုးများ ပြန့်ပွားသွားတတ်သည်။

အမေရိကန်နိုင်ငံ ချီကာဂိုမြို့ ရုံးတစ်ရုံးရှိ ရုံးသူရုံးသားများ၏ လက်ကိုင်ဖုန်းအချို့ကို တောင်းယူ၍ လေ့လာသုတေသနပြုခဲ့ရာ သာမန်ထက် အဆမတန် များနေသော ကိုလီဖောင်းဗက်တီးရီးယား အရေအတွက်ကို တွေ့ရှိခဲ့ရသည်။ ကိုလီဖောင်းဆိုသည်မှာ လူ့ကျန်းမာရေးကို တိုက်ရိုက်အန္တရာယ်မပြုသော်လည်း လူ့မစင်တွင် အမြဲတွေ့ရသော ဗက်တီးရီးယားဖြစ်၍ အရာဝတ္ထုတစ်ခုသည် လူ့မစင်နှင့် ထိတွေ့ခဲ့မှု ရှိမရှိစစ်ဆေးလျှင် ယင်းအရာတွင် ကိုလီဖောင်း ပါ မပါကို စစ်ရသည်။ လေ့လာသော လက်ကိုင်ဖုန်းများတွင် ကိုလီဖောင်းယူနစ် ၂၇၀၀ မှ ၄၂၀၀ အထိ တွေ့ခဲ့ရသည်။

အလားတူ ၂၀၁၁ ခုနှစ်က အမေရိကန်တက္ကသိုလ်ကျောင်းသားများကိုင်သော လက်ကိုင်ဖုန်း ၁၀၀ ကို လေ့လာခဲ့ရာ ရောဂါပိုးပေါင်းများစွာ တွေ့ခဲ့ရသည်။

၂၀၁၀ ခုနှစ်ကလည်း ရောဂါဗေဒပါရဂူတစ်ဦးက အိုင်ဖုန်းနှင့် အိုင်ပက်အသုံးပြုမှုများကို ဩစတေးလျနိုင်ငံတွင် သုတေသနလုပ်ခဲ့ရာ ထိတွေ့မျက်နှာပြင်များမှတစ်ဆင့် ရောဂါပိုးကူးစက်နိုင်ခြေ အလွန်များသည်ဟု ကောက်ချက်ချခဲ့သည်။ အိုင်ပက်ရောင်းသော ဆိုင်များတွင် ဝယ်သူများက အိုင်ပက် အိုင်ဖုန်းတို့ကို စမ်းသုံးကြသဖြင့် ထိတွေ့မျက်နှာပြင်များမှတစ်ဆင့် တစ်ဦးမှ တစ်ဦးသို့ ရောဂါပိုးကူးစက်နိုင်ခြေ ပိုများသည်။

လက်ကိုင်ဖုန်းများ၊ အိုင်ပက်များ၊ တက်ဘလက်များသည် အီလက်ထရွန်းနစ်ကိရိယာများ ဖြစ်ကြသည့်အတိုင်း 'နူသည်' 'ရေထိလျှင်ပျက်တတ်သည်' ဟု တွေးထင်တတ်ကြခြင်းကြောင့် ယင်းကိရိယာများကို သန့်ရှင်းရေးလုပ်ရန်လည်း ဝန်လေးတတ်ကြသည်။

ကိရိယာကို မထိခိုက်စေဘဲ လက်ကိုင်ဖုန်း၊ တက်ဘလက်စသည်တို့၏ မျက်နှာပြင်ကို သန့်ရှင်းရေးလုပ်ရန် မည်သည့်နည်းက အသင့်တော်ဆုံးဖြစ်သည်ဆိုသည်ကို သိရှိရန် ရေ၊ အရက်ပြန်၊ မှန်သန့်ဆေးစသည်တို့နှင့် အမျိုးမျိုးစမ်းသပ်ခဲ့ရာ အရက်ပြန်သည် အသင့်တော်ဆုံးဟု သိရသည်။ မိမိသုံးသောဖုန်းကို အရက်ပြန်ဆွတ်ထားသော နူးညံ့သည့်အဝတ်စဖြင့် တစ်နေ့တစ်ကြိမ် ဆေးကြောသင့်သည်။ အခြားသူတစ်ဦးကို ပေးသုံးပါက သုံးပြီးတိုင်း ဆေးကြောနိုင်လျှင် ပို၍ ကောင်းသည်။

ကျော်ဦး

# မရှိလျှင်မကောင်း ဖုန်းအကြောင်း




ကိုလင်းမာန်အောင်

အချို့ကုမ္ပဏီကြီးများတွင် အထက်လူကြီးများကို ဖုန်းဖြင့် ခေါ်ဆိုပြောပြနိုင်ရန် အလွန်ပင်ခက်ခဲတတ်ကြသည်။ အရေးကြီးသော သတင်းအချက်အလက် အကြံပြုပေးခြင်းအပေါ် ရုံးဌာနဖုန်းလိုင်းများမှ ပြောပြရန် အလွန်ခက်ခဲတတ်၏။ ခက်ခဲအောင်လုပ်ထားကြောင်းကို အချို့သော အထက်လူကြီးများ လုံးဝမသိ။ အခက်အခဲပြဿနာများကို မသိခြင်းနှင့်ပင် သာယာနေတတ်ကြသည်။

အစည်းအဝေးခန်းထဲရောက်နေလို့၊ အခြားသူတစ်ဦးနှင့် ဖုန်းပြောနေလို့၊ ဖုန်းမအားသေး လို့၊ သူ့ဟန်းဖုန်းနံပါတ်ကို ဘယ်သူ့ကိုမှ မပေးရဘူး ပြောထားလို့ စသည့်လက်အောက်ငယ်သားများ၏ ဆင်ခြေလွှယ်လွယ် အသုံးအနှုန်းများက တွေ့ဆုံပြောကြားအကြံပြုလိုသူကို ခက်ခဲအောင် လုပ်ထားတတ်ကြသည်။

**သင့်ထံသို့ ဖုန်းခေါ်ဆိုသူများ ဘာကို လိုချင်လို့ ဆက်တာလဲ**

ကုမ္ပဏီ သို့မဟုတ် ဌာနတစ်ခုအကြီးအကဲ တာဝန်ထမ်းနေသူတစ်ဦးသည် ဖုန်းတစ်လုံးမှ ရင်းသံမြည်လာလျှင် ပထမဆုံးလက်အောက်ငယ်သားတစ်ဦးကို စတင်ဖုန်းပေးကိုင်တတ်ကြ၏။ ထိုသို့ ကိုင်တွယ်လက်ခံပြောဆိုရသော သူများအတွက် အထူးသတိထားစရာ လိုအပ်ချက်များရှိသည်။

"ဖုန်းခေါ်ဆိုသူတစ်ဦးသည် ဘာအတွက် ဖုန်းဆက်လာသလဲ" ဟူသော အဓိကအချက်ဖြစ်သည်။ ဖုန်းပြောသူတစ်ဦး၏ လိုအပ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) အလွယ်တကူ မိမိပြောလိုသူနှင့် ဆက်သွယ်မှုရရှိလိုသူဖြစ်ခြင်း

(၂) တုံ့ပြန်ပြောဆိုမှုကို ရရှိလိုသူဖြစ်ခြင်း

(၃) မိမိလိုအပ်ချက်ကို အချိန်တိုအတွင်း ရရှိလိုသူဖြစ်ခြင်း

(၄) မိမိအပေါ် ငြင်းဆန်မှုကို မလိုလားသူဖြစ်ခြင်း

ဖုန်းခေါ်လာသူတစ်ဦးသည် မိမိပြောဆိုလိုသူနှင့် အလွယ်တကူ ဆက်သွယ်မှုကို ရယူလိုသူ ဖြစ်နေတတ်သည်ကို ဖုန်းလက်ခံပြောဆိုရသူတိုင်း အထူးသတိပြုတတ်ရန် လိုသည်။ ၎င်းတို့အတွက် ပို၍ခက်ခဲမှုရှိသွားအောင် ပြုလုပ်ပေးလိုက်လျှင် မိမိတို့ကုမ္ပဏီအတွက် Customer တစ်ဦးလျော့ သွားပြီး အထင်သေးစိတ်ဖြစ်အောင် ဖန်တီးပေးလိုက်သည်နှင့် အတူတူပင်ဖြစ်သည်။

တုံ့ပြန်ပြောဆိုမှုကို အထူးလိုအပ်နေသူတစ်ဦးအဖြစ်လည်း သတိပြုပါ။ မိမိအား ဖုန်းခေါ်ဆိုလာသူသည် လိုအပ်သည့်အကြောင်းအရာများကို စုံစမ်းပြန်ကြားပေးခြင်း၊ တုံ့ပြန်ပြောဆိုမည့် သူကို ရှာဖွေနေခြင်းဖြစ်သည်။

၎င်း၏ လိုအပ်သည့် အကူအညီအတွက် တုံ့ပြန်ချက်ကို အချိန်တိုတိုအတွင်း ရယူရန် လိုအပ်နေသူဟုလည်း သတိပြုရန်လိုသည်။

ဖုန်းခေါ်လာသူတစ်ဦးသည် 'မသိ၊ မရှိ၊ ဖုန်းများနေတယ်" ဟူသော တုံ့ပြန်ပြောဆိုမှုကို လုံးဝမလိုလားသူတစ်ဦးဖြစ်ကြောင်း ကိုယ်ချင်းစာရန်လိုသည်။

ထို့ကြောင့် Receptionist (သို့) Secretary စသည့် တာဝန်ယူထားသူများသည် ဖုန်းတစ်ကြိမ်ဝင်လာတိုင်း အမြဲစိတ်အနှောင့်အယှက်ဖြစ်နေရ သူများဖြစ်နေပါက ၎င်းတာဝန်ကို ကျေပွန်အောင် လုပ်ဆောင်နိုင်မှုအတွက် အားနည်းသွားတတ်သည်။

**သင်နှင့် တွေ့ဆုံဖုန်းပြောလိုသူများအတွက် ဆိုးရွားစွာကြုံတွေ့ခံစားရသော စိတ်အနှောင့်အယှက်များ**

(၁) သင့်ကုမ္ပဏီ ဖုန်းနံပါတ်ကို ရှာဖွေရန် ခက်ခဲအောင် လုပ်ထားခြင်း

(၂) ဖုန်းဖြင့် တွေ့ဆုံပြောကြားရန် ကန့်သတ်ချက်များရှိနေခြင်း

(၃) ဌာနတစ်ခုမှ တစ်ခုအပေါ် ဖိအား အလွန်ပေးထားခြင်း

(၄) ဘာသာစကားနားမလည်မှုကြောင့် ထပ်ကာတလဲလဲ ဘာသာပြန်ပြောနေရခြင်း

(၅) မိမိတို့ကြိုက်နှစ်သက်ရာ သီချင်း၊ တေးဂီတ နားထောင်နေစဉ်ဖြစ်၍ တစ်ဖက်သူအား ဖုန်းကိုင်ထားစေခြင်း

(၆) မသိသူတစ်ဦးအဖြစ် ဆက်ဆံပြောဆိုနေခြင်း

(၇) 'ဒါ မင်းအလုပ်မဟုတ်၊ မင်းနဲ့မဆိုင်ဘူး' ဟု ပြောဆိုလိုက်ခြင်း

(၈) ဖုန်းပြောသူ၏ ခံစားချက်များ ထုတ်ဖော်ပြောမိဖြတ်တောက်ပြောဆိုခြင်း

(၉) ပြောဆိုနေမှုအပေါ်တွင် နှစ်သက်အားရ ကျေနပ်မှုကို မပေးနိုင်ခြင်း

(၁၀) ဘာလုပ်ပေးနိုင်ပါသည်ဟု တုံ့ပြန်ရမည့် စကားကို မေ့လျော့နေခြင်းတို့ ဖြစ်သည်။

ဖုန်းတစ်လုံးသည် အလွန်အရေးပါလှသည်။ သို့ရာတွင် တယ်လီဖုန်းပြောဆိုဆက်ဆံမတတ်သောကြောင့်လည်း ပို၍ဒုက္ခပေးတတ်ကြောင်း အထူးသတိပြုရန် လိုအပ်ပါကြောင်း။

ကိုလင်းမာန်အောင်

# Int'l News

ဖြိုးဖြိုးစုစည်းတင်ပြသည်။






## အလင်းနဲ့မှတ်တမ်းဝင်ခဲ့တဲ့ မိသားစု

ဒေးဗစ်ရစ်ချတ်စ်အတွက်တော့ အားလပ်ရက်ရာသီဟာ ပျော်ရွှင်မှုတွေ၊ ကောင်းချီးဩဘာသံတွေ ညံတဲ့အချိန်ပါ။ ဂင်းနစ်ကမ္ဘာ့မှတ်တမ်းဝင်နိုင်ခဲ့တာမို့လည်း စိတ်လှုပ်ရှားနေကြတယ်။ ဩစတြေးလျမြို့တော် ကင်မ်ဘာရာကအိမ်မှာ မီးလုံးပေါင်း သန်းတစ်ဝက်ကျော်နဲ့ အလှပြုပြင်ဆင်ယင်ထားကြတာပါ။ ဒီအဆောက်အဦလေးရဲ့ ထူးခြားလှပတဲ့ အလင်းတွေအတွက် ခေါင်းစဉ်တစ်ခုခု ရစေချင်ခဲ့ကြတယ်။ အံ့ဩဖွယ်ရာအလင်းတွေဟာ ၃၁ မိုင်တောင်ရှည်လျားပါတယ်။ ရစ်ချတ်ဟာ ၂၀၁၁ မှာ မီးလုံးပေါင်း ၃၃၁၀၃၈ လုံးနဲ့ အလှဆင်ခဲ့ပြီး ကမ္ဘာ့မှတ်တမ်းဝင်ခဲ့ပါတယ်။ အဲဒီလို အလင်းတွေ ထူးခြားလှပနေနိုင်ဖို့က လတွေ အတော်များများ အချိန်ပေးရတာကြောင့် နောက်တစ်ကြိမ် အလှမဆင်တော့ဘူးလို့လည်း ဆုံးဖြတ်ချက် ချခဲ့တယ်။ ၂၀၁၂ မှာ နယူးယောက်၊ Lagrangeville မိသားစုတစ်စုက အဲဒီအခွင့်အရေးကိုအရယူပြီး မီးလုံးပေါင်း ၃၄၆၂၈၃ နဲ့ အလင်းတွေ ခင်းကျင်းပြသလိုက်တယ်။ ရစ်ချတ်က ဒီနှစ်မှာသူ့ရဲ့မှတ်တမ်းကို ပြန်သိမ်းယူချင်ရုံမဟုတ်ဘဲ သူ့ရဲ့ စံချိန်ကို အချိန်အကြာကြီး ထိန်းသိမ်းထားချင်တာပါ။ ၂၀၁၃ မှာတော့ မီးလုံးအရေအတွက် ၅၀၂၁၆၃ အထိ တိုးပြီးအလှဆင်ခဲ့တာပါ။ ဂင်းနစ်အဖွဲ့က မီးလုံးတွေ တစ်ခုစီ မရေတွက်ခဲ့ပါဘူး။ မီးလုံးဝယ်ယူခဲ့တဲ့ လက်ခံဖြတ်ပိုင်းတွေရယ်၊ သန်းတစ်ဝက်ရှိတဲ့ အလင်းတွေကြားအကွာထဲမှာရှိနေတဲ့ LED မီးလုံးတွေကို ရေတွက်ပြီး စစ်မှန်ကြောင်း သက်သေပြတာပါလို့ ရစ်ချတ်က ပြောပြပါတယ်။ ရစ်ချတ်မိသားစုဟာ အိမ်နီးချင်း ထောင်ပေါင်းများစွာဆီက အလှူငွေတွေ ကောက်ခံရ ယူခဲ့ပါတယ်။ ပြီးခဲ့တဲ့ ၂ နှစ်က ဒေါ်လာ ၇၈,၀၀၀ မွေးကင်းစကလေး ရုတ်တရက်ဆုံးပါးတဲ့ရောဂါစု (AIDS) နဲ့ Kids ACT အတွက် လှူဒါန်းဖို့ ရန်ပုံငွေရှာခဲ့ကြတာပါ။ အဲဒီ လှူဒါန်းငွေတွေနဲ့ AIDS နဲ့ ကလေးငယ်ဆုံးပါးခဲ့တဲ့ မိသားစုတွေအတွက် ကျန်းမာရေးအတိုင်ပင်ခံ နှစ်ဦး ငှားရမ်းပေးနိုင်ခဲ့ကြတယ်။ ဒီနှစ်အတွက်တော့ ဒေါ်လာ ၁၀၀,၀၀၀ စုဆောင်း နိုင်ဖို့ ရစ်ချတ်က မျှော်လင့်ထားပါတယ်။ "အဲဒါဟာ ကျွန်တော်တို့ရဲ့ စိတ်ပါဝင်စားမှု" ပါလို့ ဆိုတယ်။ ရစ်ချတ်နဲ့ ဇနီး ဂျိန်းနီရန်တို့ရဲ့ ကလေးငယ်တစ်ဦး လွန်ခဲ့တဲ့ ဆယ်စုနှစ်က AIDS နဲ့ ဆုံးရှုံးခဲ့ရတယ်။ သူတို့မှာ ကလေး ၃ ယောက်ရှိကြတယ်။ အသက် ၁၃ နှစ်နဲ့ ၆ နှစ်ကလေးတို့ပါ။ ရစ်ချတ်ဒီဇိမ်ကိန်းကို အောက်တိုဘာလက စတင်ခဲ့တယ်။ အလုပ်မသွားခင်၊ အလုပ်ကပြန်လာတဲ့ အချိန်နဲ့ အလုပ်အားရက်တွေမှာ မီးလုံးတွေ တပ်ဆင်ခဲ့တာပါ။ ဂင်းနစ်အဖွဲ့ မရောက်လာခင်ညက နောက်ဆုံးမီးလုံးတစ်လုံးတပ်ဆင်နေခဲ့ပါတယ်လို့ ရစ်ချတ်က ပြောပါတယ်။ ဂင်းနစ် website မှာ "ခရစ္စမတ်မီးအလင်း အများဆုံးအိမ် သန်းတစ်ဝက်ကျော်ပါတယ်" လို့ ဖော်ပြထားပါတယ်။ မီးလုံးလေးနဲ့ပြည့်နေတဲ့ လိုဏ်ခေါင်းအောက်မှာ ဖြတ်လျှောက်လိုက်တာနဲ့ အချိန်ကိုက်ထွက်ပေါ်လာတဲ့ ဂီတတေးသွားလေးကို နားထောင်ရတာ ကြည်နူးစရာပဲလို့ ဧည့်ပရိသတ်တွေက ချီးမွမ်းကြတယ်။ ရစ်ချတ်မိသားစုရဲ့ လျှပ်စစ်မီတာခကတော့ လစဉ် ဒေါ်လာ ၂၅၀၀ လောက် ကုန်ကျမှာပါ။ "လျှပ်စစ်မီတာခကုန်ကျစရိတ်ဟာ ရန်ပုံငွေ လှူဒါန်းတာထက်တော့ နည်းပါသေးတယ်။ အဲဒီကုန်ကျစရိတ်ကို ဇနီးသည်က မသိပါဘူး။ သူ့ကိုသွားမေးရင်လည်း ကျွန်မ မသိချင်ပါဘူးရှင်လို့ပဲ ဖြေပါလိမ့်မယ်" လို့ ရစ်ချတ်က ပြောပါတယ်။

# ဂျပ်စတင်ဘီဘာရဲ့ ဆေးမင်ကြောင်အလှ ပြသ



'All That Matters' အဆိုတော်လေးရဲ့ အစီအစဉ်တွေ ပြည့်နေတဲ့ ဩစတြေးလျ ခရီးစဉ်မှာ ဘိုင်ရွန်ဘေး၊ Wategos Beach မှာ ရေလွှာလျှောစီးရင်း အနားယူခဲ့ပါတယ်။ သူငယ်ချင်းတချို့နဲ့ နာရီအနည်းငယ် အချိန်ဖြုန်းခဲ့ကြတယ်။ ရေလွှာလျှောစီးဘုတ်ပြားပေါ်မှာ ကျင်လည်စွာ တွဲခိုဆော့ကစားနေတဲ့ ဘီဘာဟာ သူ့ရဲ့ဝမ်းဗိုက်ကြွက်သားတွေကိုလည်း လှစ်ပြထားတယ်။ ဘီဘာရဲ့ခန္ဓာကိုယ်ဟာ ကြည့်ကောင်းလာတယ်လို့ သူ့ရဲ့ပရိသတ်တွေက ချီးမွမ်းပါတယ်။ ဘီဘာ ကမ်းခြေမှာ ဆော့ကစားနေတဲ့ ဓာတ်ပုံတွေ Twitter မှာတင်လိုက်တော့ဆယ်ကျော်သက် မိန်းကလေးတွေရဲ့ တွတ်စီတွတ်စီသံလေးတွေ ညံစီသွားတော့တယ်။



ဘီဘာရဲ့ ဘယ်ဘက်လက် ဖျံကလင်းယုန်ငှက်တစ်ကောင် ပုံ ဆေးမင်ကြောင်အသစ်ကိုလည်း ပြသလိုက်တယ်။ အသက် ၁၉ နှစ်အရွယ် ကနေဒါးယန်း အကျော်အမော်လေးရဲ့ ဩစတြေးလျ ခရီးဟာ Believe အယ်လ်ဘမ် ဖျော်ဖြေရေးပွဲ ခရီးစဉ်ထဲက နောက်ဆုံး ဂီတပွဲဖြစ်ပါတယ်။ ၂၀၁၂ စက်တင်ဘာ ၂၉ ရက်နေ့က ယူနိုက်တက်စတိတ်မှာစတင်ခဲ့ပြီး အမေရိက၊ ဥရောပ၊ အာရှ၊ အာဖရိက၊ ဩစတြေးလျနဲ့ နယူးဇီလန်မှာ show ပေါင်း ၁၅၀ ခန့် သီဆို ခဲ့တာပါ။ ဩစတြေးလျမှာ Gold Coast ဟိုတယ်မှာ တည်းခိုခဲ့ပြီး ဟိုတယ်ရဲ့နံရံမှာ graffiti ဆေးခြယ်ရေးဆွဲခဲ့ပါတယ်။ ဘီဘာက သူ သဘောကျတဲ့ ကာတွန်းရုပ်ပုံတစ်ခုကို အလင်းပါ (fluorescent) မှုတ်ဆေးမျိုးနဲ့ ဆွဲခဲ့ပါတယ်။ တချို့ဩဇီတွေက ဘီဘာရဲ့ လက်ရာကို လက်ခံကြပေမယ့် တချို့ကတော့ စမ်းတဝါးဝါးရေးဆွဲထားတဲ့လက်ရာမျိုးလို့ ထင်မြင်ကြတယ်။ Gold Coast ဟိုတယ်ကပဲ နံရံဆေးခြယ်ပန်းချီရေးဆွဲဖို့ ခွင့်ပြုပေးခဲ့တာပါ။ ဘီဘာရဲ့လက်ရာကို ဖယ်ရှားပစ်မှာ မဟုတ်ဘူးလို့လည်း ဟိုတယ်ပြောရေးဆိုခွင့်ရှိသူက ပြောကြားလိုက်ပါတယ်။

# နှောင့်နှေးနေတဲ့ ချာလီချက်ပလင်ကမ္ဘာ

ချက်ပလင်ရဲ့ ကမ္ဘာဟာ ဖရန့် ၅၅ သန်း (ဒေါ်လာ သန်း ၆၀) တန်တဲ့ စီမံကိန်းပါ။ အဲဒီစီမံကိန်းကတော့ ၂၀၁၅ မှာ ချာလီချက်ပလင်ရဲ့ ဆွစ်ဇာလန်က အိမ်ကို ပြတိုက်အဖြစ် ပြောင်းလဲဖွင့်လှစ်နိုင်ဖို့ပါ။ ဒါပေမဲ့ အခုတော့ အဆောက်အဦထဲမှာ ကျောက်ဂွမ်းသတ္တု အမှုန်အမွှား asbestos တွေ တွေ့ရှိရတာကြောင့် နှောင့်နှေးစရာ ဖြစ်လာပါတယ်။ ချက်ပလင်ရဲ့စံအိမ်ဟာ ဗော့ဒ်ဒေသ၊ Corsier-sur-vevey က Le Manoir de Ban စံအိမ်ပါ။ ဂန္ထဝင်ရုပ်ရှင် သရုပ်ဆောင်၊ ဒါရိုက်တာလည်းဖြစ်တဲ့ ချာလီချက်ပလင်ဟာ အဲဒီအိမ်မှာ သူ့ရဲ့ နောက်ဆုံး ၂၅ နှစ်တာ ကာလတွေ ကုန်ဆုံးစေခဲ့တယ်။ စီမံကိန်းရဲ့ အစပိုင်းမှာ ခွင့်ပြုချက်ရရှိဖို့နဲ့ စံအိမ်ကနေ ပြတိုက်အဖြစ်ပြောင်းလဲတဲ့အခါ ဘဏ္ဍာရေးပံ့ပိုးမှုအတွက် ၁၀ နှစ်ခန့် လှုပ်ရှားဆောင်ရွက်ခဲ့ကြရတာပါ။ ဒီစီမံကိန်းအတွက် ခွင့်ပြုချက်ကို Vevey ဧရိယာ




ထဲက မြူနီစီပယ် ၁၀ ခုမှာ တောင်းခံခဲ့ရတယ်။ အစီအစဉ်စတင်နိုင်တဲ့ အချိန်မှာမှ ရှာဖွေတွေ့ရှိမှုပေါ်ပေါက်လာခဲ့ပါတယ်။ ပထမတော့ အမိုးမှာပဲ အဲဒီသတ္တုအမှုန်အမွှားတွေ ရှိတယ် ထင်ခဲ့ကြပေမယ့် နောက်ပိုင်းမှာ ပန်းချီကားတွေ၊ ကြမ်းပြင်၊ ဆက်ကြောင်းတွေ၊ နေရာတိုင်းမှာ တွေ့ခဲ့ရတယ်လို့ ဗိသုကာပညာရှင်၊ စီမံကိန်းတာဝန်ရှိသူ ဖီးလစ်မေလန်က ပြင်သစ်သတင်းစာ 20 Minutes ကိုပြောကြားခဲ့ပါတယ်။ အဲဒီအမှုန် အမွှားတွေ ဖယ်ရှားတဲ့အခါ အနည်းဆုံး သုံးလခန့် အချိန်ယူရမှာပါ။ ၁၉၉၀ အစော ပိုင်းကာလအထိ အဲဒီသတ္တုမှုန်ကို မီးအန္တရာယ်ကာကွယ်နိုင်ဖို့ ဆွစ်ဇာလန်မှာ အသုံးများခဲ့ကြတယ်။ နောက်ပိုင်းကာလ တွေမှာ ကျန်းမာရေး ထိခိုက်နိုင်တာကြောင့် အသုံးမပြုဖို့တားမြစ်ခဲ့တာပါ။ အဲဒီ asbestos အမျှင်၊ အမှုန်အမွှားတွေဟာ အဆုတ် နာရောဂါ ဖြစ်ပွားစေနိုင်ပါတယ်။ asbestos တွေ ဖယ်ရှားရာမှာ ဖရန့် ၂၀၀,၀၀၀နဲ့ ၃၀၀,၀၀၀ ကြားကုန်ကျမှာပါ။ ပြတိုက်မှာ စကီးနှင်းလျှောစီး အပန်းဖြေစခန်းနဲ့ အနားယူပန်းခြံတွေလည်း ပါဝင်လိမ့်မယ်။ ပြတိုက်မှူးကတော့ ချာလီချက်ပလင်ရဲ့ သားဖြစ်တဲ့ ဆွစ်နိုင်ငံသား မိုက်ကယ်ချက်ပလင်ပါ။




# ရီရိုဒီ ဂျနေးရိုးရဲ့ ၂၀၁၃ ခရစ္စမတ်သစ်ပင် အလှဆင်



ကောင်းကင်ဆီ ၈၅ မီတာအမြင့်ထိ မြင့်မားပြီး မီးရောင်စုံအလှအပတွေနဲ့ မွမ်းမံထားတဲ့ ရီရိုရဲ့ ခရစ္စမတ်သစ်ပင်ဟာ ကမ္ဘာတစ်ဝန်းမှာ အကြီးဆုံးပါ။ လေထဲမှာ မီးရှူးမီးပန်းတွေ လွှတ်တင်၊ အင်မတန်ကြီးမားတဲ့ ခရစ္စမတ်သစ်ပင်မီး အလှဆင်တာဟာ ရီရို ဒီဂျနေးရိုးရဲ့ အမှတ်အသားတစ်ခုလိုပါပဲ။ ဘရာဇီးနိုင်ငံ ရီရိုဒီဂျနေးရိုးမြို့ Lagoa မှာ နိုဝင်ဘာ ၃၀ ရက်နေ့က မီးအလှဆင်အခမ်းအနား စတင်လိုက်တာပါ။ အဲဒီမီးအလှဆင်အခမ်းအနားဟာ ရီရိုမှာတော့ ကာနီဗယ်ပွဲတော်၊ နှစ်သစ်ပွဲတော်ပြီးရင် အကြီးကျယ်ဆုံးအခမ်းအနားပါ။ ခရစ္စမတ်အားလပ်ရက်ကာလတွေ တစ်လျှောက်လုံး မီးထွန်းညှိထားမှာပါ။ ဒီနှစ်ဟာ ၁၈ ကြိမ်မြောက် မီးအလှဆင်ခြင်းဖြစ်ပြီး Lagoa ဒေသ Cantagalo ပန်းခြံမှာ ရှိပါတယ်။



ညနေ ၈ နာရီကနေ မီးအလင်းစဖွင့်မှာဖြစ်ပြီး အကအဖွဲ့တွေလည်း ဖျော်ဖြေပါတယ်။ Charles Dicken ရဲ့ အားလပ်ရက်ဂန္ထဝင်သီချင်း A Christmas Carol သီချင်းကိုလည်း သီဆိုကြမှာပါ။ Chirs Van Allsburg ရဲ့ The Polar Express လည်းအပါအဝင်ပါ။ အံ့ဘနန်း ထူးခြားလှပလွန်းတဲ့ မီးရှူးမီးပန်းတွေလည်း ပစ်လွှတ်ပါလိမ့်မယ်။ နှစ်တိုင်းမှာ မတူကွဲပြားတဲ့ မီးပွင့်အပြင်အဆင်လေးတွေဖန်တီးကြတယ်။ မီးပွင့်ပေါင်းသုံးသန်းကျော်၊ တဖျတ်ဖျတ်မှိတ်ချည်ဖွင့်ချည်မီးအလင်းနှစ်ထောင်ခန့်၊ ပိုက်လုံး မီတာတစ်ရာ၊ LED ရောင်ပြန် တစ်ရာ တပ်ဆင်ထားပါတယ်။ ၂၀၁၃ အတွက် ခေါင်းစဉ်က 'A celebration of Life' ပါ။ ခရစ္စမတ်ပင်ဟာ ပထမဆုံးအပြာရောင်မီးနဲ့ စတင်လင်းလက်လာပြီး ငါး၊ လင်းပိုင်၊ ကြယ်ငါး နဲ့ ရေနဂါးပုံသဏ္ဍာန်လေးတွေ ပုံဖော်ပါတယ်။ ပင်လယ်သမုဒ္ဒရာထဲက သတ္တဝါလေးတွေကို ဂုဏ်ပြုချင်တာလို့ ဆိုတယ်။ ပြီးရင်တော့ နွေးတဲ့ အရောင်အသွေး ဖြည်းဖြည်းချင်း ပြောင်းလဲသွားပြီး ကောင်းကင်မှာ ငှက်လေးတွေ အုပ်စုသင်းဖွဲ့ပျံသန်းနေတဲ့ပုံစံ ပုံဖော်ပါတယ်။ မီးအစိမ်းရောင်က သစ်တောကို ကိုယ်စားပြုပြီး လိပ်ပြာလေးတွေနဲ့ မျောက်၊ ဘရာဇီးကလူသိများလှတဲ့ ကြက်တောစသဖြင့် တဖြည်းဖြည်းချင်း ပြောင်းလဲသွားတာပါ။ နောက်ပိုင်းမှာ လူမျက်နှာ သဏ္ဍာန်ပြောင်းလဲပြီး လူသားသက်ရှိဘဝကို ချီးမွမ်းတဲ့အခမ်းအနားအဖြစ် သစ်ပင်ရဲ့ အရောင်အသွေးတွေ၊ စိမ်းမြမြ အရောင်ပြောင်းလဲသွားခဲ့တယ်။ ရီရိုရဲ့ ခရစ္စမတ်သစ်ပင် ဒီဇိုင်းပညာရှင်က အေဘယ်လ်ဂိုးမက်စ်ဖြစ်ပါတယ်။





# အွန်လိုင်းမှာ လျှို့ဝှက်ပေါက်ကြားသွားတဲ့ ဝတ္ထုတိုတွေ

JD Salinger ထုတ်ဝေဖြန့်ချိခြင်းမပြုလိုတဲ့ ဝတ္ထုတိုသုံးပုဒ်ဟာ အခုရက်ပိုင်းမှာ အွန်လိုင်းမှာ ပြန့်နေခဲ့ပါတယ်။ The Ocean Full of Bowling Balls, Paula နဲ့ Birthday ဝတ္ထုတိုသုံးပုဒ်ဟာ အမေရိကန်စာကြည့်တိုက်နှစ်ခုမှာပဲ ဖတ်ရှုနိုင်တာပါ။ The Catcher in the Rye ရေးသားခဲ့တဲ့ အမေရိကန်စာရေးဆရာ JD Salinger ရဲ့ အဲဒီ ဝတ္ထုတိုသုံးပုဒ်ဟာ scan ကော်ပီဖတ်ထားပြီး အွန်လိုင်းမှာ တင်ခဲ့ရာက လျင်လျင်မြန်မြန်ပျံ့နှံ့ သွားခဲ့တာပါ။ 'ဝတ္ထုတိုသုံးပုဒ်' လို့ နာမည်ပေးထားတဲ့ ကော်ပီပေါင်းချုပ်ရဲ့ ကျောဘက်မှာ အနက်ရောင် အဖုံးပါရှိပြီး ထုတ်ဝေသူဆီ ဝတ္ထုတိုတွေ အကြောင်း ဆွေးနွေးရေးသားထားတဲ့ Salinger ရဲ့ စာတစ်စောင်လည်းပါရှိတယ်။ လောစ့်အင်ဂျယ်လိစ် တိုင်းမ်သတင်းစာက ဝတ္ထုဝေဖန်ရေး ဆရာ ဒေးဗစ်အူလင်းက 'The Ocean Full of Bowling Balls' ဆိုရင် တစ်ခါမှ မဖတ်ဖူးခဲ့ဘူး။ အဲဒီဝတ္ထုဟာ Princeton တက္ကသိုလ်စာကြည့် တိုက်မှာ စုဆောင်းထားတဲ့ Salinger ရဲ့ စာပေ လက်ရာတွေပါ။ ကျောင်းကဆရာတွေနဲ့ စာသင် သားတွေသာ ဖတ်ရှုနိုင်တယ်။ တခြားနှစ်ပုဒ် ကိုတော့ University of Texas ရဲ့ Ransom Center မှာဖတ်ဖူးခဲ့တယ်။ ဒီဝတ္ထုတိုသုံးပုဒ်က တကယ့်အစစ်အမှန်တွေလို့ ပြောပါတယ်။ Ransom Center မှာ လက်ရေးစာမူ မိတ္တူတွေ ရှိပြီး ဧည့်သည်တော်တွေ ဖတ်ရှုနိုင်ပေမယ့် ဖြန့် ဝေဖို့ကိုတော့ တားမြစ်ထားပါတယ်။ Princeton စာကြည့်တိုက်က လက်ရေးစာမူကို မိတ္တူကူးဖို့က ပိုပြီးခက်ခဲနိုင်တယ်လို့ ဆိုတယ်။ Salinger ရဲ့



ပုံနှိပ်စာမူ The Catcher in The Rye ဟာ လောကကြီးကို ငြီးငွေ့စိတ်ပျက်နေတဲ့ ဆယ်ကျော် သက်မိန်းကလေးတစ်ဦးရဲ့ ပုံပြင်တစ်ပုဒ်ပါပဲ။ အမေရိကန်မော်ဒန်ဝတ္ထုလောကမှာ အင်မတန် အရေးပါတဲ့ ဝတ္ထုတစ်ပုဒ်ဖြစ်ခဲ့ပါတယ်။ ကော်ပီ ၆၅ သန်းကျော် ရောင်းချနိုင်ခဲ့တယ်။







© Getty Images for Centrepoint



© PA


# *Living on a Prayer* သီချင်းကိုသီဆိုခဲ့တဲ့ မင်းသားဝီလျံ

ရန်ပုံငွေပျော်ပွဲရွှင်ပွဲတစ်ခုမှာ မင်းသားဝီလျံဟာ ဘွန်ဂျိုဗီနဲ့ အတူတွဲလို့ Living on a Prayer သီချင်းကို သီဆိုခဲ့ပါတယ်။ ဘွန်ဂျိုဗီရဲ့ hit အဖြစ်ဆုံး သီချင်းကို ဧည့်သည်တော် ၆၀၀ ခန့်နဲ့ တခြား ဂီတကြယ်ပွင့်တွေရှေ့မှာ သီဆိုခဲ့ကြတာပါ။ Kensington Palace Centrepoint မှာ ပြုလုပ်တဲ့ လူငယ်အိုးအိမ်မဲ့ကုသိုလ်ဖြစ်အဖွဲ့က ပြုလုပ်တဲ့ အခမ်းအနား Winter Whites ပျော်ပွဲရွှင်ပွဲအပြီးမှာ အံ့အားသင့်ဖွယ်ကောင်းတဲ့အခိုက်အတန့်လေး အတူဆင်နွှဲခဲ့ကြတာပါ။ တေလာဆွစ်ဖ်လည်း ပါဝင်သီဆိုခဲ့တယ်။ အဲဒီပွဲမှာ ဂျွန် မင်းသားဝီလျံ ပေးအပ်တဲ့ Centerpoint Great Britain Youth Inspiration Award ဆု ကို ဘွန်ဂျိုဗီရရှိခဲ့ပါတယ်။ ဝီလျံဟာ Centerpoint ရဲ့ ထောက်ပံ့လှူဒါန်းသူအဖြစ် ၂၀၀၅ ခုနှစ်ကတည်းက လှုပ်ရှားခဲ့တယ်။ နိုင်ငံတစ်ဝန်း လူငယ်အိုးအိမ်မဲ့အဆုံးသတ်ရေး လုပ်ဆောင်ချက်တွေမှာ အမြဲလှုံ့ဆော် အားပေးခဲ့သူပါ။ Centerpoint ရဲ့ ရည်မှန်းချက်ကတော့ အိုးအိမ်မဲ့ လူငယ် ၈၀,၀၀၀ ရဲ့ ဘဝအခြေအနေ တိုးတက်တောက်ပလာစေဖို့ မိသားစုကို အထောက်အပံ့ပေးခြင်း၊ အဆောက်အဦနဲ့ အလုပ်အကိုင် ရှာဖွေပေးခြင်းစတာတွေ ဆောင်ရွက်နေပါတယ်။ ဘာမင်ဂန် မြို့တော်ကောင်စီမှာ အသက် ၁၆ ကနေ ၂၅ အတွင်း လူငယ် ၄၅၀၀ ခန့် အိုးအိမ်မဲ့နေကြတယ်။ “ဘယ်လိုလူငယ်လေးပဲ ဖြစ်ဖြစ် သေရေးရှင်ရေးတမျှခက်ခဲကျပ်တည်းနေတဲ့ စီးပွားရေး အခြေအနေ၊ ပြဿနာတွေပြည့်နေတဲ့ မိသားစုမှာမွေးဖွားလာဖို့ တောင်းဆိုကြမှာ မဟုတ်ဘူး။ ဘယ်လို လူငယ်လေးတစ်ဦး တစ်ယောက်ကမှ မျှော်လင့်ချက်မဲ့ ရလဒ်ပဲရှိလာမယ့် လမ်းမပေါ် ထွက်လာချင်ကြမှာ မဟုတ်ဘူး။ လမ်းမပေါ်မှာ ရုန်းမထွက်နိုင်တဲ့ အခြေအနေမျိုးပဲ မျှော်လင့်ချက်မဲ့စွာ လည်ပတ်နေမယ်။ အဲဒါ သူတို့သိကြပါတယ်။ ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်း၊ အုပ်စုတွေရဲ့ သင်္ကေတဆိုတာ အကူအညီလိုအပ်တဲ့နေရာကို အားလုံးစုပေါင်းပြီး ဖြည့်ဆည်းပေးဖို့ပါ။ သူတို့ဒီလို အခြေအနေမျိုးနဲ့ ရှင်သန်နေရတယ် ဆိုရင်တောင် လူတစ်ယောက်စီတိုင်းရဲ့ ဘဝတွေဟာ တိုင်းတာပြလို့မရလောက်အောင် တန်ဖိုးကြီးမားပါတယ်” လို့ ဝီလျံက ပြောခဲ့ပါတယ်။ ဒါပေမဲ့ ဒီလို နောက်ထပ်တစ်ခါ သီချင်းမဆိုတော့ပါဘူးလို့လည်း ရယ်ရယ်မောမောဆိုခဲ့တယ်။





ဖြိုးဖြိုး



အင်္ဂလန်နှင်းဆီ ကိတ်ဝင်းဆလက် လန်းဦးမယ့်

# A LITTLE CHAOS

ရဲသစ်

Reader တို့ Revolutionary Road တို့နဲ့ ပုရိသကမ္ဘာမှာ တာစားခဲ့သလို ရွှေကမ္ဘာလုံးဆုရော၊ အော်စကာရွှေစင်ဆုပါ သိမ်းပိုက်နိုင်ခဲ့သူ အလန်းဇယားမင်းသမီးချော ကိတ်ဝင်းဆလက်နဲ့ပတ်သက်ရင် တော်တော်များများက စိတ်ဝင်တစား ရှိနေကြဆဲပဲ ဖြစ်ပါတယ်။ အင်္ဂလန်စတား ဒါရိုက်တာ ဆမ်မင်းဒီခ်နဲ့ ၅ နှစ်ကြာ လက်တွဲခဲ့ပေမယ့် အခုချိန်မှာတော့ လက်တွဲဖော်သစ် နက်ခ်ရော့စ်ရိုးခ်နဲ့ ဘဝသစ်တည်ဆောက်ထားသူ ကိတ်ဟာ ဘဝပြဿနာတွေ ဘယ်လောက်ပဲ ရှုပ်ထွေးရှုပ်ထွေး ရိုက်ကွင်းကိုတော့ အပျက်မခံခဲ့တာကတော့ ချီးကျူးစရာလို့ ဆိုရမှာပဲ မဟုတ်ပါလား။

၂၀၁၁ မှာ Carnage၊ ၂၀၁၂ မှာ Contagion နဲ့အတူ ၂၀၁၃ အတွက် ဇာတ်လမ်းသစ် Labor Day တို့ကို ဖန်တီးခဲ့သူကိတ်ဟာ Labor Day အထူးပွဲကို မပေါ့မပါးဝတ်စုံဆန်းနဲ့ တက်ရောက်ခဲ့တာကိုလည်း ပါပရာဇီတွေက သဘောတွေ့နေကြပါတယ်။

Commauder of the order of the British Empire Award ကို ဘက်ကင်ဟမ်နန်းတော်က ဂုဏ်ပြုချီးမြှင့်ခြင်းခံထားရသူ ကိတ်ဟာ ရီဒင်သူချောတစ်ဦးဖြစ်ပြီး အခြေခံလူတန်းစား မိဘ ၂ ပါးက ပေါက်ဖွားလာခဲ့သူ ငွေကြယ်ပွင့်တစ်ပွင့်ပါပဲ။ မွေးချင်း ၄ ဦးအနက် ဒုတိယအကြီးဆုံးသမီးဖြစ်ပြီး ချာတိတ်မလေးအရွယ်ကတည်းက အဆိုအကကို ခုံမင်ဝါသနာထုံခဲ့သူတစ်ဦးပဲ ဖြစ်ပါတယ်။ Red Roots Theatre School မှာ ပညာဆည်းပူးခွင့်ရခဲ့ပြီး ၁၂ နှစ်သမီးအရွယ်ကတည်းက ကင်မရာရှေ့စတင်ရောက်ရှိခွင့် ရခဲ့သူ အနုပညာပါရမီရှင် မိန်းမလှတစ်ဦးပဲ ဖြစ်ပါတယ်။ ဘီဘီစီရဲ့နာမည်ကြီး ရုပ်သံစီးရီးတွဲတစ်ခုဖြစ်တဲ့ Darlene Season မှာ စတင်ပြီး အနုပညာစွမ်းပြခဲ့သူ ကိတ်ဟာ ဇာတ်ကားကြီး အနေနဲ့ ကတော့ ဒါရိုက်တာ ပီတာဂျက်ဆင်ရဲ့ Heavenly Creatures ဇာတ်ကားမှ စတင်ပါဝင် ခွင့်ရခဲ့တာ ဖြစ်ပါတယ်။ ရှိတ်စပီးယားရဲ့ ပြဇာတ် တစ်ပုဒ်ဖြစ်တဲ့ Hamlet ကို ပြန်လည် ပုံဖော်ရာမှာ မိန်းမချောလေးဆိုဖီလီရာအသွင်နဲ့ ကိတ်ဝင်းဆလက် လိုက်ဖက်ညီခဲ့တာကလည်း အားလုံးအသိပဲ ဖြစ်ပါတယ်။


Titanic ပြီးရင် Finding Neverland တို့ Eternal Sunshine of Spotless Mind တို့ဟာ ကိတ်ကို ကမ္ဘာကျော်မင်းသမီးတစ်လက် ဖြစ်စေခဲ့တဲ့ ပေါက်ဇာတ်ကားတွေပဲ ဖြစ်ပါတယ်။ အလန်းဇယားကိတ်ဟာ ပထမဆုံးအိမ်ထောင်ဖက် ဂျင်ဆီရာပတန်နဲ့ ၁၉၉၈ မှာ လက်ထပ်ခဲ့ပြီး ၃ နှစ်အကြာမှာ လမ်းခွဲခဲ့ကြသလို ဘဝတူဒါရိုက်တာ ဆမ်နဲ့ ၂၀၀၃ မှာ လက်ထပ်ခဲ့ပြီး ၂၀၀၉ မှာ နှုတ်ဆက်လက်ပြခဲ့ကြသူဖြစ်တာကြောင့် အိမ်ထောင်ရေးကံခေသူတစ်ဦးပါလို့ ဖွသူတွေက ဖွကြပါတယ်။ အရင်အိမ်ထောင်ဟောင်းတွေနဲ့ ရင်သွေး ၂ ဦးရရှိခဲ့သူ ကိတ်ဟာ အခုလက်တွဲဖော် နက်ခ်အတွက် ရင်သွေးလေးလွယ်ထားရပြီး ဖြစ်တာကို Labor Day ဇာတ်ကားဖွင့်ပွဲမှာ ပရိသတ်တွေကို အသိပေးခဲ့ပြီး ဖြစ်ပါတယ်။ အင်္ဂလန်ဂုဏ်ဆောင် အနုပညာငွေကြယ်ပွင့်ကိတ်ဟာ ၂၀၁၄ အတွက်လည်း ဒရာမာဇာတ်ကားသစ် A Little Chaos ကို ဖန်တီးနေပြီး ခံစားတင်ပြသူက ဒါရိုက်တာ အလန်ရစ်ခ်မင်နဲ့ ဇာတ်ညွှန်းက နာမည်ကြီးအဲလစ်ဆင်ဒီဂန်ပဲ ဖြစ်ပါတယ်။ ဘဝပြဿနာအဖုံဖုံကို သွေးအေးအေးနဲ့ ရင်ဆိုင်ဖြေရှင်းတတ်ပြီး ဖြစ်လာသမျှကို အကောင်းမြင်ရှုထောင့်က ကြည့်တတ်သူ မိန်းမချောလေး ဆာဘနီဒီဘာရာအသွင်နဲ့ ကိတ် ပီပီပြင်ပြင် အနုပညာစွမ်းပြဦးမှာဖြစ်ပြီး ဒါရိုက်တာ အလန်ကိုယ်တိုင် ပါဝင်သရုပ်ဆောင်မှာ ဖြစ်တာကြောင့်လည်း ဝေဖန်ရေးဆရာတွေ ကြိုလင့်နေတဲ့ ဒရာမာ တစ်ပုဒ်ပါပဲ။ သရုပ်ဆောင်ကောင်းသလို အဆိုလည်းပိုင်နိုင်သူ ကိတ်ဟာ သူမရိုက်ကူးခဲ့တဲ့ ဇာတ်ကား ၅ ကားရဲ့ ဇာတ်ဝင်တေးကို ကိုယ်တိုင်သီဆိုခဲ့တာကို ကြည့်မယ်ဆိုရင်လည်း သူမရဲ့ အနုပညာဗီဇကို မှန်းဆမိနိုင်ကြမှာပါ။ အသက် ၃၀ မတိုင်ခင်မှာ အော်စကာဆန်ခါတင်စာရင်း၄ ကြိမ်ပါဝင်တဲ့အထိ ပိတ်ကားထက်မှာ ပိုင်နိုင်သူ ကိတ်ရဲ့ ဒရာမာဇာတ်လမ်းသစ် A Little Chaos ကို စောင့်မျှော်ရင်း ကိတ်ရဲ့ တတိယမြောက် ရင်သွေးလေးဟာ သားသားလေးဖြစ်မလား၊ မီးမီးလေးဖြစ်မလားဆိုတာ နားစွင့်ကြပါစို့လား။

ရဲသစ်



**Profile**

**အမည်** - ကိတ်အဲလိဇဘက် ဝင်းဆလက်
**ဇာတိ** - ရီဒင်း(ယူကေ)
**သက္ကရာဇ်** - ၅. ၁၀. ၁၉၇၅
**အလုပ်အကိုင်** - အဆိုတော်၊ သရုပ်ဆောင်
**အိမ်ထောင်** - ၃ ဆက်
**ရင်သွေး** - ၂ ဦး
**ပေါက်ဇာတ်ကား** - Reader
**ကြွယ်ဝမှု** - ၁၅၀ သန်း
**နေထိုင်** - လန်ဒန်၊ နယူးယောက်



# Yati Korea

ခင်မြင့်စံ

## အဟော့ဆုံးနာမည်ကြီးမိခင်သစ်များ

တစ်သားမွေး တစ်သွေးလှနေတဲ့
မိခင်အသစ်စက်စက် ကိုရီးယား
မင်းသမီးများကတော့
မင်းသမီးဆွန်ထယ်ယောင်း၊
Tablo ရဲ့ဇနီး၊ တောင်ကိုရီးယားရဲ့
နာမည်အကြီးဆုံး အစီအစဉ်တင်ဆက်သူစာရင်းဝင်
ယွန်းမီရေး၊ အဆိုတော်ဟဟ၊
ကိုရီးယားရဲ့ ဘာဘီရုပ်လေးလို့ ခေါ်ခံရတဲ့
မင်းသမီးဟန်ချေယောင်းတို့ရဲ့
မီးဖွားပြီးနောက် အလှများကိုလည်း
ပရိသတ်ကြီးကို မိတ်ဆက်ပေးလိုက်ပါတယ်။






## ကိုရီးယားကလေးသရုပ်ဆောင်သူငွေးလေးများ

ကိုရီးယားရဲ့ ကလေးသရုပ်ဆောင်များက တော်သလောက် ဝင်ငွေလည်း ကောင်းကြပါတယ်။ သူတို့ရဲ့အလားအလာကလည်း နာမည်ကျော်လာရင်ကျော် လာသလောက်အရွယ်ရောက်လာတာနဲ့ အမှုမင်းသား၊ မင်းသမီးတွေဖြစ်သွားကြတာဟာဆိုရင် ၇နှစ်အရွယ်မှာ Stairway to Heaven မှာ စတင်သရုပ်ဆောင်ခဲ့တဲ့ မင်းသမီးလေးပက်ရှင်ဟေးနဲ့ ၅ နှစ်သားကတည်းက မော်ဒယ်၊ ၇ နှစ်သားမှာသရုပ်ဆောင်စလုပ်ခဲ့တဲ့ မင်းသားဂျန် ဠွန်ဆုတ်တို့က နမူနာပါပဲ။

ကလေးသရုပ်ဆောင်ဆိုတာ ဇာတ်ကားတစ်ကားလုံးမှာ ပါဝင်ရတာ မျိုးမဟုတ်ဘဲ အချိန်အကန့်အသတ်နဲ့သာ ပါဝင်ရတာကြောင့် ပျမ်းမျှဝင်ငွေကို ယှဉ်ရင်တော့ သူတို့ကပိုများပါလိမ့်မယ်။ Kim Yoo Jung ဆိုတာကတော့ ကိုရီးယားရဲ့လူသိအများဆုံး ကလေးသရုပ်ဆောင်ပါ။ သူရဲ့ဝင်ငွေဟာ မကြာသေးခင်က "Good Day"ဇာတ်လမ်းတွဲမှာဆိုရင် ဇာတ်လမ်းတစ်ပိုင်းကို ဒေါ်လာငါးထောင်ကျော်ရရှိတယ်လို့သိရပါတယ်။ အလားတူ Kim So Hyun ဆိုတဲ့ ကလေးသရုပ်ဆောင်မင်းသမီးလေးကလည်း ဇာတ်လမ်းပိုင်းတစ်ခုကို ဒေါ်လာငါးထောင်ခန့်ရရှိပါတယ်။ လူကြီးသရုပ်ဆောင်ဘက် ခြေလှမ်းစပြုနေတဲ့ မင်းသားငယ်လေး Yeo Jin Goo ကတော့ "A Frozen Flower" နဲ့ "Mr. Perfect" တို့လိုရုပ်ရှင်များအတွက် တစ်ကားကို ဒေါ်လာတစ်သောင်းကနေ ငါးသောင်းပျမ်းမျှရရှိတယ်လို့ သိရပါတယ်။



# ရှော့

ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်ဟာ
ကိုရီးယား အနုပညာရှင်များကိုချစ်တဲ့ ပရိသတ်များအတွက်
ရှော့ရစရာတွေများခဲ့ပါတယ်။
အဲဒီ အဖြစ်အပျက်တွေထဲကတချို့ကတော့ . . . .






**1.** မင်းသားဆန်းချုနဲ့ Se7ven တို့ စစ်မှုထမ်း တာဝန်ချိန်အတွင်းမှာ အနှိပ်ခန်း သွားခြင်းကို စုံစမ်းထောက်လှမ်းခံရပြီး ရုပ်သံအစီအစဉ်တွင်ဖော်ပြခံရကာ အပြစ်ပေးခံရခြင်း။

**2.** စစ်မှုထမ်းချိန်အတွင်း ချစ်သူ မင်းသမီး ကင်မ်ထယ်ဟီးနှင့် ချိန်းမိသောကြောင့် မင်းသားရိန်း အပြစ်ပေးခံရခြင်း။

**3.** မင်းသမီးလီအွန်ဆောင်နဲ့ ဆိုတိုင်းဂျိတို့ နာမည်ကျော်နှစ်ဦးရဲ့ မင်္ဂလာပွဲကို လျှို့ဝှက်ကျင်းပခဲ့ခြင်း။

**4.** f x အဆိုမလေးများအဖွဲ့က ဆူလီတစ်ယောက် Eunhyuk နဲ့ တွဲနေကြောင်း သတင်းများထွက်ပေါ်ခဲ့ခြင်း။

**5.** H.O.T အဖွဲ့က အဖွဲ့သား တိုနီအန်း ၊ ရှင်ဟွာ အဖွဲ့သားများ စတဲ့ အနုပညာရှင် အဆိုများဟာ အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပွဲများကို တရားမဝင် ဘောလုံးလောင်းကစား လုပ်ခြင်းကြောင့် ထောင်ချခံရခြင်းကိုမီဒီယာတွင် ဖော်ပြခံရခြင်း။

**6.** ၂၀၁၃ နိုဝင်ဘာလ ၂၁ ရက်က ထွက်ပေါ်ခဲ့တဲ့ အဆိုတော်မလေး Ailee ရဲ့ အမေရိကပညာသင် ကျောင်းသူဘဝတုန်းက အဝတ်ဗလာ မော်ဒယ်ပြနေပုံ အင်တာနက်တွင် ပေါ်ထွက်လာခြင်း။

**7.** မင်းသမီး ပက်ဆီယွန်း အပါအဝင် မင်းသမီးအချို့ မူးယစ်ဆေးသုံးစွဲမှုနဲ့ ထောင်ဒဏ်ချမှတ်ခံရခြင်း တို့ဖြစ်ပါတယ်။

■

---

# အနုပညာခရီးကိုမနားတမ်း ဆက်လျှောက်နေတဲ့ မင်းသမီးကြီးဂျောင်အဲရိ



ကိုရီးယားဇာတ်လမ်းတွဲ အတော်များများမှာ ပါဝင်သရုပ် ဆောင်ထားလို့ ပရိသတ်ကြီးနဲ့ရင်းနှီးပြီးသားဖြစ်တဲ့ မင်းသမီးကြီးတစ်ယောက်ဖြစ်တဲ့ ဂျောင်အဲရိ အကြောင်းကို ဒီလမှာ မိတ်ဆက်ပေးချင်ပါတယ်။ အသက်ကြီးပေမယ့် အမြဲ စတိုင်ကျ ထူးခြားနေတာကြောင့် ပေါ်လွင်တဲ့ ဇာတ်ပို့တစ်ယောက်အဖြစ် အမြဲတွေ့မြင်ရတဲ့ ဂျောင်အဲရိဟာ သရုပ်ဆောင်အလုပ်ကို ၁၉၇၈ခုနှစ်ကတည်းက လုပ်ကိုင်ခဲ့တာဖြစ်ပါတယ်။ အသက်ကတော့ ၅၃ နှစ်ရှိပြီဖြစ်ပါတယ်။

သူမဟာ ၁၉၇၈ ခုနှစ်များနောက်ပိုင်းမှာ ကေဘီအက်ကစ်နဲ့ အမ်ဘီစီရုပ်သံများမှာ တစ်ရှိန်ထိုး အောင်မြင်လာခဲ့တဲ့ ဆုတွေရတဲ့ မင်းသမီးတစ်လက် ဖြစ်ခဲ့ပေမယ့် ၁၉၈၅ ခုနှစ်မှာ အိမ်ထောင်ပြုပြီးတဲ့နောက် ယာယီအားဖြင့် သရုပ်ဆောင်အလုပ်ကို ရပ်နားပြီး အမေရိကန်ကို ပြောင်းရွှေ့နေထိုင်ခဲ့ပါတယ်။ ၃ နှစ်ကြာပြီးတဲ့နောက် အနုပညာ လောကကိုရော ကိုရီးယားကိုရော တစ်ကျော့ ပြန်လာခဲ့တာဟာ ယနေ့တိုင်ပဲ ဖြစ်ပါတယ်။ သူမရဲ့ သရုပ်ဆောင်ဘက်မှာ အံ့မခန်းစွယ်စုံရပုံကတော့ ပရိသတ်ကြီးကိုယ်တိုင်ကြည့်ခဲ့တဲ့ ဇာတ်ကားများနဲ့တင် အကဲဖြတ်နိုင်မယ်လို့ ယုံကြည်ပါတယ်။ အဲရီဟာ လူမှုရေးလုပ်ငန်းများမှာလည်း စေတနာ့ဝန်ထမ်းဖြစ်ပြီး ဝတ်မွတ်ခေါင်းပါးတဲ့ကလေးများကိုလည်း ထောက်ပံ့ ပေးကမ်းသူဖြစ်ပါတယ်။ အိမ်ထောင်ရေးမှာတော့ နှစ် ၂၀ ကြာ ခင်ပွန်းဖြစ်သူနဲ့ ပေါင်းသင်းခဲ့ပြီး ၂၀၀၅ ခုနှစ်မှာ ကွာရှင်းခဲ့ပါတယ်။ သမီးတစ်ယောက် ထွန်းကားခဲ့ပြီး ၂၀၁၁ ခုနှစ်မှာ လုပ်ငန်းရှင်တစ်ယောက်နဲ့ နောက်အိမ်ထောင်ပြုခဲ့ပါတယ်။

Like a Fairytale(ဂျန်မီ၏ မိခင်အဖြစ်), Glass Mask (ရှင်ဟယ်ဆွန်း), Welcome Rain To My Life (ဒမ်ဘီရဲ့ မိခင်ရင်းအဖြစ်), Smile Donghae (ဒုန်ဟယ်ရဲ့ မိထွေးအဖြစ်), Temp tation of Wife (လုပ်ငန်းရှင် မင်ဟွန်ဂျိုးအဖြစ်)ဇာတ်ကားများအပါအဝင် ဇာတ်ကားပေါင်း မြောက်မြားစွာနဲ့ ပရိသတ်အသိအမှတ်ပြုခံခဲ့ရပါတယ်။ အနုပညာထူးချွန်ဆုပေါင်း ၁၁ဆု ရထားပါတယ်။ နောက်ထပ်ဇာတ်လမ်းသစ်များမှာလည်း ပါဝင်သရုပ်ဆောင်လျက်ရှိပါတယ်။









# ၂၀၁၃ ရဲ့ လူကြိုက်အများဆုံး ကိုရီးယားသီချင်းများ

၂၀၁၃ ခုနှစ်မှာ ရေပန်းစားလူကြိုက်များပြီး ပရိသတ်တွေ အင်တာနက်က ဒေါင်းလုပ်ရယူမှု အများဆုံး ကိုရီးယားသီချင်းများရဲ့ ပိုင်ရှင် အဆိုတော်များကတော့ PSY, EXO, SISTAR, 4MINUTE တို့ ဖြစ်ပါတယ်။ ဂမ်နမ်စတိုင်နဲ့ ကမ္ဘာသိခဲ့တဲ့သီချင်းပြီးတဲ့နောက် PSY ဟာ "Gentleman" သီချင်းနဲ့ ပါလူကြည့်အများဆုံး ကိုရီးယားသီချင်းကို ပိုင်ဆိုင်ထားပြီး Baechigi ရဲ့"Shower of Tears" သီချင်းကတော့ ကိုရီးယားမှာ တချို့ရက်သတ္တပတ်များမှာ PSYရဲ့ သီချင်းကိုတောင်ကျော်ဖြတ် လွှမ်းမိုးနိုင်ခဲ့ပါတယ်။

SISTAR ရဲ့ "Gone Not Around Any Longer" က တတိယ၊ Roy Kim ရဲ့ "Bom Bom Bom" က စတုတ္ထနဲ့ Leessang ရဲ့ "Tears" က ပဥ္စမလိုက်ပြီး အဲဒီနောက်မှာတော့4MINUTE ရဲ့ "What's Your Name" , SISTAR ရဲ့"Give It To Me" စတဲ့ သီချင်းများက လူကြိုက်အများဆုံးနဲ့ Download ရယူမှု အများဆုံးဖြစ်ကြောင်း ကိုရီးယားသီချင်းဝါသနာရှင်များအတွက် လေ့လာနားထောင်နိုင်ဖို့ အသိပေးလိုက်ပါတယ်။

စင်မြင့်ခံ

# Yati FilmFeeling

ဖြိုးဖြိုးစုစည်းတင်ပြသည်။




## Jack Ryan: Shadow Recruit

**Action / Drama / Thriller**

**Paramount Pictures**


ဒါရိုက်တာ - Kenneth Branagh
ထုတ်လုပ်သူ - Lorenzo di Bonaventura, Mace Neufeld
ဇာတ်ညွှန်း - Adam Cozad, David Koepp
ဝတ္ထု - Jack Ryan by Tom Clancy
သရုပ်ဆောင်များ - Chris Pine, Kevin Costner, Kenneth Branagh, Keira Knightley

စစ်အေးခေတ်နောက်ပိုင်း သူလျှိုထားမှုတွေ အကြောင်း အသေးစိတ်ရေးသားခဲ့တဲ့ နာမည်ကျော် အမေရိကန်စာရေးဆရာ Tom Clancy ရဲ့ စီအိုင်အေ သုတေသနအရာရှိ Jack Ryan ဇာတ်ကောင်၊ ဇာတ်လမ်းတွဲတွေရဲ့ ၅ ပိုင်းမြောက် ရုပ်ရှင်ပါ။ ပြီးခဲ့တဲ့ ၄ ပိုင်းမှာတော့ ဂျက်ရိုင်ယန်အဖြစ် အလက်ဆ်ဘောလ်ဒ်ဝင်၊ ဟယ်ရီဆန်ဖို့ဒ်နဲ့ ဘန်အက်ဖလက်ခ်တို့ သရုပ်ဆောင်ခဲ့ကြတယ်။ Shadow Recruit မှာတော့ Start Trek into Darkness နဲ့ Rise of the Guardians သရုပ်ဆောင် ခရစ်ပိုင်းက ဂျက်ရိုင်ယန်အဖြစ် ပါဝင်ထားတယ်။

ဒါရိုက်တာကတော့ Thor ဒါရိုက်တာ Kenneth Branagh ပါ။ စီအိုင်အေ လျှို့ဝှက် သုတေသနအရာရှိ လူငယ်လေး ဂျက်ရိုင်ယန်က ယူအက်စ်စီးပွားရေးကို ပြိုလဲပျက်စီးအောင် အကြမ်းဖက်တိုက်ခိုက်မှုတစ်ခုနဲ့ ကြိုးစားမယ့် ရုရှားရဲ့ကြံစည်မှုကို ဖော်ထုတ်မှာပါ။ လိမ်လည် လှည့်ဖြားခြင်းပရိယာယ်က ကစားပွဲတစ်ပွဲပဲ။ အဲဒီ ကစားပွဲမှာ ကစားတဲ့ရုရှားဇာတ်ကောင် ဗစ်ခ်တာ ချဲရဲဗင် (Kenneth Branagh) က ပြောတယ်။

"မင်းတို့ အမေရိကန်တွေဟာ မင်းတို့အကြောင်းပဲ တွေးကြတယ်။ သိသာလွန်းတယ်။ မင်းလည်း အရိုင်းကောင်ပဲဖြစ်မှာပဲ" တဲ့။ "မင်းကသာ ဆတ်ဆတ်ထိမခံ ဖြစ်နေတာပါကွာ" လို့ ဂျက်ရိုင်ယန်ကပြန်ပက်တယ်။ ယုံကြည်မှုဆိုတာ အထင်အမြင်မှားခြင်းတစ်ခု၊ ဉာဏ်ကြီးတာကသာ လက်နက်တစ်ခု။ အဲဒီလို အယူအဆတွေနဲ့ အပြန်အလှန်ပစ်ပေါက်၊ ကစားနေကြတဲ့ ကြမ်းကြမ်းရမ်းရမ်းကစားပွဲမှာ ဂျက်ရိုင်ယန်ရဲ့ ဇနီးအလှလေး ကက်သီရိုင်ယန် (Keira Knightley) က ဓားစာခံ ဖြစ်ဦးတော့မယ်။ Tom Clancy ရဲ့ စီအိုင်အေ အေးဂျင့်ဝတ္ထုတွေကို ဗီဒီယိုဂိမ်းများစွာ ထုတ်လုပ်ခဲ့ကြတဲ့ အထိ အက်ရှင်ပရိသတ်တွေ အကြိုက်တွေ့ခဲ့ပေမယ့် စာရေးဆရာရဲ့နောက်ထပ် စီအိုင်အေအေးဂျင့်ဇာတ်လမ်းတွေ ဖတ်ရှု၊ ဂိမ်းတွေဆော့ကစားဖို့ မဖြစ်နိုင်တော့ပါဘူး။ အောက်တိုဘာ ၁ ရက်နေ့က Tom Clancy ဆုံးပါးခဲ့ပါပြီ။ တိုက်ဆိုင်စွာပဲ Shadow Recruit ရုပ်ရှင် ပိုစတာကို အောက်တိုဘာ ၂ ရက်နေ့မှာ ထုတ်ပြန်လိုက်ပြီး၊ ရုပ်ရှင်နမူနာကို အောက်တိုဘာ ၃ ရက်နေ့က ဖြန့်ချိပြသခဲ့ကြတယ်။

# I, Frankenstein




**Action / Fantasy / Sci-Fi**


**Lionsgate**

ဒါရိုက်တာ - Stuart Beattie
ထုတ်လုပ်သူ - Tom Rosenberg, Gary Lucchesi, Andrew Mason, Richard S. Wright
ဇာတ်ညွှန်း - Stuart Beattie
ဝတ္ထု - story by Kevin Grevioux, Stuart Beattie, Based on graphic novel I, Frankenstein by Kevin Grevioux
သရုပ်ဆောင်များ - Aaron Eckhart, Bill Nighy, Yvonne Strahovski, Miranda Otto, Socratis Otto, Jai Courtney, Kevin Grevioux





အင်္ဂလိပ်စာရေးဆရာမ Mary Shelley ရဲ့ ၁၉ ရာစုက ကျော်ကြားခဲ့တဲ့ Gothic ဝတ္ထုဇာတ်ကောင် ဖရန်ကန်စတိန်းကို အခြေခံရိုက်ကူးထားတာပါ။ သိပ္ပံပညာရှင်ကြီး ဖရန်ကန်စတိန်းရဲ့ သိပ္ပံစမ်းသပ်ခန်းထဲက ထွက်ပေါ်လာခဲ့တဲ့ ကိုးရိုးကားယား ပုံပမ်းမကျနဲ့ သတ္တဝါကြီး Adam က အဓိက ဇာတ်ကောင်အဖြစ် ပါဝင်ထားတယ်။ အာဒမ် (Aaron Echart) ဟာ အလောင်းကောင်တွေရဲ့ အစိတ်အပိုင်းတွေ စုစည်းပေါင်းစပ်၊ လျှပ်စစ်ဓာတ် ရိုက်သွင်းပြီး ရှင်သန်လာခဲ့ရသူပေါ့။ ရှေးဟောင်း မြို့တော်ကြီးထဲက ထာဝရ ရှင်သန်နိုင်ကြတယ်ဆိုတဲ့ လူမျိုးစု နှစ်စုရဲ့ တိုက်ပွဲကြီးက အပြင်းအထန် ဆင်နွှဲနေကြတာ။ ကြာမြင့်နေခဲ့ပြီ။ မပြီးနိုင်မစီးနိုင်၊ မနိုင် မရှုံး၊ အပြီးမသတ်နိုင်တဲ့ စစ်ပွဲကြီးမှာ အာဒမ်က သူ့ကိုယ်သူ ရှာဖွေတွေ့ခဲ့သတဲ့။ သူ ဘာလုပ်ရမယ်ဆိုတာ သိခဲ့တယ်။ သူက အဆုံးသတ်လမ်းဆီ ခေါ်သွားမှာလားပဲ။ ဘီလူး မိစ္ဆာကြီးတွေရဲ့ ခေါင်းဆောင် နာဘီးရီးရပ်စ် (Bill Nighy)၊ အာဒမ်ကို အကူအညီပေးမယ့် မိန်းကလေးတာရာ (Yvonne Strahovski)၊ Gargoyle လူမျိုးစုရဲ့ ဘုရင်မလီယိုနိုး (Miranda Otto)၊ Gargoyle စစ်တပ်ရဲ့ ခေါင်းဆောင် ဂီဒီယွန်(Jai Courtney) နဲ့ အာဒမ်ကို ဖန်တီးခဲ့တဲ့ သိပ္ပံပညာရှင်ကြီး ဒေါက်တာဗစ်တာဖရန်ကန် စတိန်း (Aden Young) တို့ ရဲ့ သေသေကျေကျေ တိုက်ပွဲတွေကို ဩစတြေးလျ မဲလ်ဘုန်းရှူခင်းတွေမှာ ဖန်တီးရိုက်ကူးထားပါတယ်။




# Labor Day

**Drama**

**Paramount Pictures**

| | | |
|---|---|---|
| ဒါရိုက်တာ | - | Jason Reitman |
| ထုတ်လုပ်သူ | - | Lianne Halfon, Russell Smith, Jason Reitman, Helen Estabrook |
| ဇာတ်ညွှန်း | - | Jason Reitman |
| ဝတ္ထု | - | Based on Labor Day by Joyce Maynard |
| သရုပ်ဆောင်များ | - | Kate Winslet, Josh Brolin, Gattlin Griffith, Tobey Maguire |

ဟန်နရီဝီးလ်လား (Tobey Maguire)ဆိုတဲ့ လူ၊ အသက် ၃၀ နှစ် အစောပိုင်းနေ့တစ်နေ့ထဲမှာ သူ့ရဲ့ အသက် ၁၃နှစ်ငယ်ဘဝနေ့ရက်တွေကို တွေးတော၊ အချိန်တွေ၊ နေ့ရက်တွေ၊ အဖြစ်အပျက်တွေကို ပြန်လည် ရေတွက်ကြည့်နေတယ်။ နွေနေ့ရက်တွေကုန်ခါနီး အားလပ်ရပ်ဟာ အရင်ရက်တွေလိုပဲ အထီးကျန်ခြောက်ကပ်စွာ ကုန်ဆုံးသွားမှာပါပဲ။ ဟန်နရီလေး (Gattlin Griffith) သူ့ရဲ့အချစ်တော် ဟမ်းစတားလေးနဲ့ ဆော့ကစားရင်း တီဗီအစီအစဉ်တွေ ကြည့်တစ်ချက် မကြည့်တစ်ချက်နဲ့၊ တစ်ခဏလေးအတွင်း သူ့ရဲ့အတန်းဖော်သူမလေးကို သတိရလိုက်သေးတယ်။ ဟန်နရီရဲ့ မေမေက အိမ်ထောင်ကွဲနေသူ၊ စိတ်ဓာတ်အမြဲကျဆင်း၊ မြင်မြင်ရာကို ကြောက်ရွံ့နေတတ်တဲ့ အမျိုးသမီးတစ်ဦး အဒဲလ် (Kate Winslet) ပေါ့။ မနှစ်မြို့စရာ စည်သွတ်ဘူးတွေနဲ့ အအေးခံအစား အစာတွေသာ အော်ဂလီဆန်လောက်အောင် နေ့တိုင်းစားသောက် အသက်ဆက်ခဲ့ရတဲ့ မိသားစုထဲက မိန်းကလေးတစ်ဦး၊ အဒဲလ်ဟာ လူထူထူထပ်ထပ်နဲ့ ဟင်းလင်းပြင်ကို အကြောက်လွန်တဲ့ Agoraphobia ရောဂါမျိုး တောင်ရှိနေသလားပဲ။ တစ်ရက် Labor Day မတိုင်ခင်နေ့မှာပေါ့ သိပ်ကိုပျင်းရိငြီးငွေ့လာတဲ့ ဟန်နရီက အဒဲလ်ကို ဈေးဝယ်ထွက်သွားကြဖို့ ပူဆာတယ်။ စူပါမားကက်ကြီးထဲမှာ ဗိုသီဖတ်သီ လူတစ်ဦးနဲ့ ဟန်နရီဆုံတယ်။ အဲဒီလူ ဖရန့် (Josh Brolin) ဦးခေါင်းမှာ ဒဏ်ရာကြီးနဲ့၊ သွေးစီးယိုကျနေတယ်။ လူစိမ်းသိပ် ကြောက်တတ်တဲ့မေမေ အဒဲလ်နဲ့ ဟန်နရီတို့ အကူအညီပေးရတော့မယ်။ ဖရန့်က အကျပ်ကိုင်တာကြောင့် အိမ်ကိုခေါ်သွားကြရတယ်။ ဖရန့်ခ်က အကျဉ်းထောင်က ထွက်ပြေး လွတ်မြောက်လာခဲ့တဲ့ သူတဲ့။ အကျဉ်းသား၊ အပြစ်သား ဖြစ်နေခဲ့တဲ့ ဖရန့်ခ်ကို ကြောက်ရွံ့နေခဲ့ကြသေးတယ်။ နောက်တော့ ဟန်နရီကို ဘေ့စ်ဘောကစားဖို့ သင်ကြားပေးတဲ့သူ၊ အဒဲလ်ရဲ့ စိတ်ဓာတ်ကျဆင်းနေမှုတွေကို ဖယ်ရှားပေးလိုက်တဲ့ ဖရန့်ခ်ဖြစ်လာတော့တယ်။ ဟန်နရီဝီးလ်လား ပြန်လည်ရေတွက်နေခဲ့တဲ့ နေ့ရက်တွေ၊ အဖြစ်အပျက်တွေထဲမှာ စိတ်ချောက် ချားစရာတွေရှိနေခဲ့သလား ဒရာမာ ရုပ်ရှင်ကြိုက် ပရိသတ်တွေ သိချင်နေကြမှာ အသေအချာပါ။



# 47 Ronin




**Action / Adventure / Fantasy**

**Universal Pictures**

ဒါရိုက်တာ - Carl Erik Rinsch

ထုတ်လုပ်သူ - Scott Stuber, Pamela Abdy, Eric McLeod

ဇာတ်ညွှန်း - Chris Morgan, Hossein Amini

သရုပ်ဆောင်များ - Keanu Reeves, Rinko Kikuchi, Tadanobu Asano, Hiroyuki Sanada

၂၀၁၃ ရဲ့ နောက်ဆုံးနေ့ရက်တွေကို နှုတ်ဆက်လိုက်မယ့် ရုပ်ရှင်ပါ။ ၂၀၁၂ နိုဝင်ဘာ ၂၁ ရက်နေ့မှာ ပြသမယ်လို့ သတင်းထုတ်ပြန်ထား ခဲ့ကြပေမယ့် ၂၀၁၃ ဖေဖော်ဝါရီ ၈ ရက်နေ့ကို ရွှေ့ခဲ့ကြတယ်။ နောက်ထပ် တစ်ခါ ၂၀၁၃ ခရစ္စမတ်နေ့မှာ ပြသမယ်လို့ ဆိုထားပြန်တယ်။ ဟန်ဂေရီရဲ့မြို့တော် ဘူဒါပက်စ်မှာ 47 Ronin ဇာတ်ဝင်ခန်းတွေ စတင်ရိုက်ကူးထားတယ်။ ပြီးတော့ လန်ဒန်က စတူဒီယိုခန်းမထဲနဲ့ စကော့တလန် Isle of Skye၊ ရုပ်ရှင်ဇာတ်သိမ်းပိုင်း ကိုတော့ ဂျပန်မှာ ရိုက်ကူးခဲ့ကြတာပါ။ ၁၈ ရာစုက ဂျပန်ဆာမူရိုင်း အုပ်စုထဲက Forty - seven Ronin ရဲ့ တကယ့်ဘဝဖြစ်ရပ်တွေကို ဆန်းဆန်း ပြားပြားဇာတ်ရုပ်တွေနဲ့ ဖန်တီးရိုက်ကူးထားတဲ့ fantasy action ရုပ်ရှင်ပါ။ ရိုနင်ဆိုတာ ဆာမူရိုင်းအကြီးအကဲမရှိတော့တဲ့ အုပ်စုထဲက ဆာမူရိုင်း တစ်ဦးပေါ့။ ဂျပန်သမိုင်းမှတ်စုတွေမှာတော့ 47 Ronin ဆိုတာ အဲဒီခေတ်က ဆာမူရိုင်းသူရဲကောင်း Bushido ရဲ့ အမည်ဝှက်လို့ ဖော်ပြကြတယ်။ သူတို့ရဲ့အရှင်သခင်ကို လုပ်ကြံသတ်ဖြတ်သွားသူ ကို လက်စားချေလိုတဲ့သူ 47 Ronin ဆာမူရိုင်း ဇာတ်ကောင်ကိုင် (Kai) အဖြစ် Keanu Reeves က သရုပ်ဆောင်တယ်။ ဂျပန်သွေးတစ်ဝက် အင်္ဂလိပ်သွေးတစ်ဝက် Kai နဲ့အတူ Hiroyuki Sanada, Tadanobu Asano, Rinko Kikuchi, Kou Shibasaki နဲ့ Jin Akanishi တို့ပါဝင်ထားတယ်။ ထူးခြားတာ ပိုပြီး သဘာဝကျကျ ဖြစ်စေချင်တာကြောင့် ယူအက်စ်ရုပ်ရှင်လောကမှာ မှတ်မိ နေကြသရုပ်ဆောင်တွေကို ရွေးချယ်မထားပါဘူး။ စွန့်ပစ်ပယ်ခွာခြင်း၊ ကျွန်ပြုခြင်းတွေဟာ တစ်နေရာဆီ ဦးတည်နေပြီ။ အဲဒါ လက်စားချေဖို့ အတွက်ပါပဲ။ 47 Ronin ရဲ့ အပြင်းထန်ဆုံး သောရည်မှန်းချက်တဲ့။ အံ့ဘနန်း အထူးပြုလုပ်ချက်တွေ၊ ဘူဒါပက်စ်မြို့တော်အလှအပနဲ့ ဂျပန်က ဆာမူရိုင်းတို့ရဲ့ ပြောင်လက်ထက်ရှတဲ့ဓား တဝင့်ဝင့် ရင်ဆိုင်တိုက်ခိုက်ကြပုံတွေ အသည်းယားစဖွယ် ကြည့်ရှုနိုင်ကြပါလိမ့်မယ်။



# ယနေ့မှစ တောနှင့်တောင် အပေါင်မခံရ

နက္ခတ်နီ

(၁)

အကျင်တစ်ယောက် အဝတ်လှန်းဖို့ အိမ်ရှေ့ ထွက်လာတော့ ဆိုင်ကောင်တာ နောက်မှာထိုင်ရင်း ပြုံးပြုံးကြီးဖြစ်နေတဲ့ လင်တော် မောင်အရှောင်ကို အတွေ့မှာ ရုတ်တရက် ကြောင်သွားတယ်။

ဒီလို ပုံစံမျိုးနဲ့ သူ့ယောက်ျားကို တွေ့ရခဲ့တယ်မဟုတ်လား။ အဝတ်ဇလုံကို ခါးထစ်ခွင်ထားရင်း အကျင်ရပ်ကြည့်နေတာတောင် မသိလောက်အောင် အရှောင်တစ်ယောက် မျက်လုံးတွေပိတ်မတတ် ပြုံးနေပုံက မပြီးနိုင်မစီးနိုင်။

ဒါနဲ့ပဲ အနားကို အကျင် လျှောက်သွားပြီး ကောင်တာပေါ် အဝတ်ဇလုံ ပစ်တင်ရင်း

"ဟဲ့ အရှောင် နင်ဘာဖြစ်နေတာ လဲ"လို့ ဗမာသံ မပီကလာ နဲ့ မေးလိုက်တယ်။

"ဝေ"



သူ့အရှိန်နဲ့သူ အပြုံးလွန်နေတဲ့ အရှောင်လည်း လန့်သွားတယ်။

“အာ မီးမ လန့်လိုက်တာဟာ ဘာတုံး”

“ဘာဖြစ်ရမတုံး နင် စပ်ဖြီးဖြီး လုပ်နေတာ မိုးမမြင်လေမမြင်နဲ့လေ” လို့ အကျင်က ဘုတောလိုက်တယ်။

ဒီတော့မှ အရှောင်လည်း သူ့ ကိုယ်သူပြန်သတိထားမိပုံနဲ့ ရွှေသွား ဝင်းဝင်းတွေပေါ်တဲ့အထိ တခွီးခွီးနဲ့ ရယ်လိုက်တယ်။

“ဟင် ငါ့ယောက်ျား ရူးသွားပြီ လား၊ ပြုံးလိုက်ရယ်လိုက်နဲ့” အကျင့် စကားကြားတော့ အရှောင်မျက်နှာ ပိုးသတ်ပြီး သူ့မိန်းမက လက်ကာ တားရင်း “ပေါက်ပေါက်ရှာရှာ။ ငါ လား ရူးမှာ။ သွားသွား နင့်အလုပ် နင်လုပ်”။ ခပ်တည်တည် ပြန်ဟောက် ရင်းနဲ့ အံဆွဲထဲက စာရွက်တစ်ရွက်ထုတ်၊ နံရံက ထီးကောက်ကြီးကိုပါယူလို့ အပြင်ထွက်ဖို့ခြေလှမ်း ပြင်လိုက်တယ်။

“ဒီလောက် ပြောနေတာတောင် ခုက နင်ဘယ်ကိုလဲ”လို့ အကျင့်အမေး ကို အရှောင်က စည်ပိုင်းကြီးတစ်လုံး လှိမ့်သလို ရွာထဲဦး လှည့်သွားနေရင်း ကနေ “ဥက္ကဋ္ဌ အိမ်ကိုဟေ့”လို့ အော် ပြောလိုက်တယ်။

ဆောင့်ကြီး အောင့်ကြီးနဲ့ အဝတ် တွေတပြန်းပြန်းခါလှန်းရင်း အကျင် တစ်ယောက်တော့ အူ ကြောင်ကြောင် ပွစိပွစိနဲ့ပေါ့ ကျန်ခဲ့လေရဲ့။

(၂)

‘လက်ပံကုန်း’ရွာလေး အတွက် တော့ စိန်ရှောင်နဲ့ ကျင်ယုံတို့ လင် မယားကမရှိမဖြစ်။ တကယ်တော့ “လက်ပံကုန်း” တင် မကပါ။ ရွာနီး ချုပ်စပ် ကျေးရွာအုပ်စုအများစုအတွက် လည်း မရှိမဖြစ်ပါပဲ။ တရုတ်လူမျိုး များဆိုသော်လည်း အဘိုးအဘွား တွေစအခြေချပြီးနောက် ပါးပါး မား မား တို့အလယ်၊ အခုအရှောင်တို့အ ဆုံး ငယ်မွေးခြံပေါက်တွေ။ ဗမာ ရည်လည်ရုံမက စကားကြီး ဆယ်ခွန်း ထက်ပိုပြီး ဆယ့်တစ်ခွန်းအထိ ပြော တတ်သူတွေ မဟုတ်လား။ သူတို့ ဆွေစဉ်မျိုးဆက် လက်ဆင့်ကမ်း လုပ် လာသည်က ‘အပေါင်ဆိုင်’။

ဒါကြောင့်လည်း မရှိမဖြစ်လို့ ဆိုရခြင်းမဟုတ်ပါလား။

ဒါပေမဲ့အရှောင်ကတော့ ရွာထဲ လူထုပြီဆို သူ့အလုပ်ကို အမွှမ်းတင် ပုံက

“အရှောင်တို့က အပေါင်ခံပြီး အမြတ်ကြီးစားနေတယ်လို့ စိတ် မထားဘူး။ ဒါကူညီနေတာပဲ။ နင်တို့ ပိုက်ဆံလိုတယ်။ ဝ က ကူညီတယ်။ အဲဒီအတွက် အာမခံပစ္စည်းယူတယ်။ အပေါင်ဆိုင်မဟုတ်ပါဘူး။ဒါ ဆင်းရဲ သားဘဏ်ပါ”ဆိုပဲ။

ဟိုသတင်း ဒီသတင်းတွေ အစုံ နားထောင်၊ မြို့မှာလည်းပေါက် ပေါက်ရောက်ရောက်ရှိ၊ လူတကာနဲ့ အလွှမ်းသင့်တဲ့ အရှောင်က စကား ကြီးစကားကျယ်ပြောတော့ရွာသား တွေဆိုတာသိတဲ့အတိုင်း ဘယ်ပြန် ပြောတတ်မတုံး။ သည်းခံ နားထောင် ရတာပေါ့လေ။

ကွယ်ရာမှာတော့ သူတို့ လင် မယားကိုမပတ်သက်သင့်တဲ့အဓိပ္ပာယ် နဲ့ ရှောင်ကြဉ် ကြဉ်ရှောင် ရှယ်လို့ နာမည်နှစ်ခုတွဲခေါ်ကြတာတော့ရှိတာ ပေါ့။ ဒါပေမဲ့ တိုးတိုး တိတ်တိတ်ပါ ပဲ။ မတော်တဆ ကြားသွားလို့ စိတ်ခု မှဖြင့် အရေးပေါ် ငွေလိုခဲ့ရင် အခက် မဟုတ်လား။ ဒီတော့ မချိသွားဖြဲတဟဲ ဟဲနဲ့ ဟေး စိန်ရှောင်ကြီးရေ ကျင်ကျင် လေးရယ် လုပ်ရသပေါ့လေ။

ဒါပေမဲ့ အခုတစ်လောတော့ ဒီ လင်မယားနဲ့ ရွာသားတွေ အဆင် မပြေကြဘူး။ အဆင်မပြေတာက အပေါင်မခံလို့ ငွေမချေးလို့ မဟုတ် ပါဘူး။ အတိုးတက်ယူလို့လည်း မဟုတ်ပါဘူး။ ပြဿနာက တောင် ဗျ တောင် ။

လက်ပံကုန်းရွာနောက်က သဘာဝအတိုင်း ဖြစ်နေတဲ့ ‘လက်ပံ ကုန်းတောင်’ ကြောင့်ပါပဲ။

(၃)

တကယ်တော့ ‘တောင်’လို့သာ ခေါ်နေကြတာပါ။

ကြီးကြီးမားမားမဟုတ်သလို ဟိုး ရွာတည်ကတည်းက ရှိခဲ့တဲ့ ကုန်းမြေတစ်ခုကနေ ကြာမြင့်လာ တော့ ခြုံတွေ၊ သစ်ပင်တွေ၊ ဝါးရုံတွေ နဲ့ တောင်ကြီးလိုဖြစ်နေတာကို ခေါ်ကြ တာပါ။

ဒါပေမဲ့ ဒီတောင်ကို ရွာသား တွေကတော့သူ့သဘာဝအတိုင်း ထား ခဲ့ကြပေမယ့် အဲဒီလို မထားခဲ့ကြတာ က အရှောင်တို့အဘိုး ဦးဝီးတား။

သူက ဟိုးအရင်ကတည်းက တောင်ခြေမှာ ငှက်ပျောစိုက်တယ်။ ကွမ်းခြံလုပ်တယ်။ ဒါတင်မကပါဘူး။ တောင်ကိုရှင်းလင်း၊ ခုတ်သင့်တဲ့ နေရာခုတ်ထွင်ပြီး အလယ်မှာ တရုတ် နတ်ကွန်းတစ်ခု ဆောက်တယ်။ ဒီ လောက်ပဲလားဆိုတော့ မဟုတ်ပါဘူး။ တောင်ခြေ ပတ်ပတ်လည်ကိုလည်း ခြံစည်းရိုးခတ်လိုက်ပါတယ်။ အဲဒါက တကယ်တော့ ကြာခဲ့ပါပြီ။

အဲဒီတုန်းက တခြားရွာသား တွေမပြောကြဘူးလား၊ ပြောကြလား မသိပေမယ့် ရှေ့မီနောက်မီ အဘ ဦးရွှေတို့လို လူကြီးပိုင်းက ပြောတာ ကို ကြားဖူးသူတွေ စကားအရတော့ အဲဒီတုန်းကမြို့ကလူကြီးတွေတောင် လာကြည့်သေးသတဲ့၊ လာကြည့်တယ် ဆိုကတည်းက ခွင့်ပြုလို့ပေါ့။ သိလို့ ပေါ့။ ဒီလိုဆိုမှတော့ တောသူ တောင် သားတွေ ရုံးကြောက်ဂတ်ကြောက်နဲ့ ဘာပြောရဲ ခဲ့မတုံးလို့ပဲ အဖြေထုတ် လိုက်ကြသပေါ့လေ။

ဒီလောက်နဲ့တော့မဟုတ်ပါဘူး။ ဖြစ်ပုံက အရှောင့် လက်ထက်မှာ တစ်မျိုး တစ်ဘာသာဖြစ်လာတယ်။ ရွာထဲက ထင်းလိုချင်သူတွေ၊ အိမ်လေး ဆောက်ဖို့ ဝါးလိုချင်သူတွေခများ လွယ်လွယ် မရတာက စတာပါပဲ။ အရှောင့်ဆီမှာ ခွင့်တောင်းရတယ် လေ။ အဲဒီအခါ အရှောင်က ‘ရပါ တယ်။ ရပါတယ်။ ကိုယ့်ဆွေမျိုး ပေါက်ဖော်ချင်းပဲ။ ခုတ်ပါ။ ခုတ်ပါ။ ဒါပေမဲ့ တစ်ယောက်တစ်ဝက်နော်။ နင် ခုတ်လာတဲ့ တစ်ဝက် နင်ယူ၊ တစ်ဝက်ကို ဝ ယူမယ်။ ဒါ မတရား လုပ်တာမဟုတ်ဘူးနော်။ ဒါတောင် ကို ထိန်းသိမ်းစောင့်ရှောက် ခ။ သဘောတူရင် ခုတ်။ မတူရင်တော့ ဝ လည်းစိတ်မကောင်းပါဘူး”တဲ့။

အဲဒီလိုသဘောတူညီချက်ရမှ ခုတ်ရသဗျ။ မလိုပါဘူးကွာ။ ကိုယ့် ဘာသာခုတ်မှာပေါ့လို့တော့ မထင် နဲ့မောင်။ ခုနစကားကျန်ခဲ့တာက တောင်ပတ်လည်ခတ်တဲ့ခြံစည်းရိုး တင်မကဘူး။ တကယ်ကတောင် ပေါ်ဝင်ဖို့ထွက်ဖို့ ဝါးနဲ့လုပ်ထားတဲ့ “ခြံတံခါးအကြီးကြီးရှိသေးတယ်လေ။

**လူ့အခွင့်အရေး ဆိုတာကြီးကိုလည်း အခုမှ ကြားဖူးတာလေ။ အရှောင်ပြောပြောနေတဲ့ ဝ အခွင့်အရေးနဲ့ နင့် အခွင့်အရေးလောက် ပဲသိကြတာဆိုတော့ အူတိအူလယ်ပေါ့ . . . .**

အဲဒီ တံခါးသော့ကတော့ သိတယ် မဟုတ်လား။ အရှောင်က ကိုင်ထား တယ်ဆိုတာ။ ကဲ ဇာတ်လမ်းက တော့ အဲဒီကစပါတယ်။

(၄)

ပထမတော့ ရွာသားတွေ ဒီလို ပဲ လုပ်နေကြတာပါ။ နောက်တော့ မြို့ကပြန်လာတဲ့ ရွှေမိတို့ မောင်ညို တို့က ဒါကိုမကျေနပ်ကြဘူးလေ။

“ဒါ မတရားလုပ်တာဗျ။ ဘယ် နှယ့် ဒါ အားလုံးဘုံပိုင်။ ပြီးတော့ ဒါ ကျွန်တော်တို့ မြေ။ ကျွန်တော်တို့ ရွာ။ ဒီလိုဟာကို မောင်ပိုင်စီး အဲ မှားလို့ အရှောင်ပိုင်စီးထားတာ မဖြစ် သင့်ဘူး။ ရွာသူရွာသားတွေ လွတ်လပ် စွာ ပိုင်ခွင့်ရှိတယ်။ ဒါ လူ့အခွင့်အရေး ချိုးဖောက်တာပဲ” ဆိုတော့ ရွာသား တွေ ခများ မျက်လုံးလေး ကလယ် ကလယ်နဲ့ပေါ့။

လူ့အခွင့်အရေး ဆိုတာကြီးကို လည်း အခုမှ ကြားဖူးတာလေ။ အရှောင် ပြောပြောနေတဲ့ ဝအခွင့် အရေးနဲ့ နင့် အခွင့်အရေးလောက် ပဲသိကြတာဆိုတော့ အူတိအူလယ် ပေါ့။

ဒါပေမဲ့ ကျေးရွာဥက္ကဋ္ဌကြီး က တော့ တစ်ခွန်းတည်းပြောတယ်။

“ဟေ့ ဒါ တို့နဲ့မဆိုင်ဘူး။ ဟိုး

တုန်းက မြို့ကလူကြီးတွေလုပ်ခဲ့တဲ့ ကိစ္စ ။ နင်တို့မကျေနပ် မြို့တက်ရှင်း။ ငါလည်း မသိဘူး"တဲ့။ ပြတ်ကရော။

ဒီတိုင်းတော့ ပြီးသွားမလားဗျ။ ဘယ်နေမတုံး။ မောင်ညိုတို့ ရွှေမိတို့က ရွာသားတွေ လိုက်စည်းရုံးတာပေါ့။

"ဒီမှာ ကိုထွားကြီး ။ ခင်ဗျား စဉ်းစားကြည့်ဗျာ။ ခင်ဗျားဘယ်ရွာမှာမွေးလဲ"

"ဒီရွာကပေါ့ဟ။ မင်းကလည်း သိသားနဲ့"

"သိတယ်လေဗျာ။ ခင်ဗျားကို ပြောမလို့ စကားခံတာ"

"အချင်းချင်းပဲ ခံမနေနဲ့ရတယ်ပြော"

မောင်ညိုခေါင်းကုတ်တယ်။ ဒါပေမဲ့ ပြောရမယ်လေ။

"ကျုပ်တို့ဒီမြေဒီရွာမှာကြီးလာသလို ဒီမြေဒီရွာက သဘာဝ အရာတွေ ကျုပ်တို့ပိုင်တယ်ဗျ"

စကားဆုံးတော့ ကိုထွားကြီးက ချက်ချင်းပဲ"မင်းဟာဟုတ်သေးပါဘူးကွာ။ ဘယ်လိုလုပ် ပိုင်မတုံး။ ဒါကစာရွက်စာတမ်းကိစ္စဟ။ မင်းကြည့်လက်ပံချောင်း မင်းပိုင်လား။ အခုအင်းလုပ်ထားတယ်။ သောင်းညွန့်ကြီးပိုင်တယ်လေ။ တောင်ပိုင်းကထန်းတော မင်းပိုင်လား။ ဟိုအကောင်ရယ် ဘယ်သူ ဩော် ဥက္ကဋ္ဌ တူဖိုးလန်းပိုင်တယ်လေ။ နောက်လယ်တွေ အမလေး ငါလည်း သူရင်းငှားပါ မောင် ။ ဘယ်နှယ့်ပိုင် မတုံး"တဲ့

မောင်ညိုဘာပြောရမှန်းမသိဖြစ်သွားတယ်။ နောက်ဆုံးကြံရာမရတော့တာနဲ့

"ထားဗျာ။ ဒါပေမဲ့ ဒီလိုလုပ်ပါ။ ခင်ဗျား ကျွန်တော်တို့ ဒီကိစ္စ အရေးဆိုတဲ့အခါတော့ လိုက်ခဲ့ပါ။ ထိုင်နေဗျာ။ ဘာမှမလုပ်နဲ့ ရတယ်။ ဟုတ်ပြီလား" လို့ အတင်း ပြောပြီး ပြန်လာရတယ်။

ဒီလိုပဲ ရွှေမိတို့အဖွဲ့ကလည်း အားတတ်သရောပေါ့။

"ကဲပြောနေကြာတယ်။ ဒေါ်ကုလားမ ။ ဒါ အဒေါ်တို့ရပိုင်ခွင့်ကို လက်ဝါးကြီးအုပ်ထားတာ။ ဒီတော့ ဒီတောင်ကို ဒင်းဒီလိုလုပ်ထားတာကို ဖျက်ပေးရမယ်။ ကျွန်မတို့တောင်းဆိုကြမယ်"

ကုလားမမဟုတ်ဘဲ ဘာရယ်ကြောင့်မသိ ဒေါ်ကုလားမလို့တွင်နေတဲ့ ဒေါ်ကုလားမက

"ဟဲ့ ဖြစ်ပါ့မလား။ ငါ့ပစ္စည်းတွေ ပြန်တောင် မရွေးရသေးဘူး ရွှေမိရဲ့။ အခုလည်း ဒန်အိုးလေးပေါင်စရာရှိသေးတယ်။ ငါ့လင်စံတုတ်က သူ့လယ်မှာလုပ်နေတာနော်"လို့ ခပ်ရွံ့ရွံ့နဲ့မေးတယ်လေ။

ရွှေမိလည်း မတတ်နိုင်တော့ဘူး။ ဇာတ်လမ်းကစပြီးနေပြီဆိုတော့ လိုက်ခဲ့ကြဖို့သာခေါ်ရင်း တစ်အိမ်တက်ဆင်းလိုက်စည်းရုံးနေလေရဲ့။

အဲဒီအချိန်မှာ ရှောင်ကျင်တို့လင်မယားကတော့ ဟန်မပျက်ပါဘူး။ ဒါတွေသိနေပေမယ့် အပေါင်ဆိုင်ကတော့ လူမပြတ်တမ်းပေါ့လေ။ ဆိုင်ကယ်တွေပိုတိုးလာတယ်။



စက်ဘီးတွေ ဆိုင်ရှေ့ပါထုတ်ထားရတယ်။ လက်ကိုမလည်ဘူး။အရှောင်ကတော့ ရွှေသွားတဝင်းဝင်း ချွေးတစိုစိုနဲ့ပေါ့။ ဒါပေမဲ့ ထူးတာက အရှောင်တစ်ယောက် ခဏခဏ မြို့တက်တက်သွားတာပါပဲ။ ဒီလိုနဲ့ ----------။

(၅)

"အရှောင်အပိုင်စီးတဲ့ တောင်ကြီး ပြန်ပေး"

"လက်ဝါးကြီးအုပ်တဲ့ အရှုပ်မလုပ်နဲ့မလုပ်နဲ့"

" တို့တောင် တို့တော တို့သဘော တို့သဘော"

မနက် စောစောစီးစီး ဆူညံတဲ့ အသံတွေကြောင့် အရှောင်နိုးလာတယ်။

"ဟဲ့ဟဲ့ မီးမ ဘာတွေတုံး ထွက်ကြည့်စမ်း"လို့ ပိုးလိုးပက် လက် အိပ်နေတဲ့ ဘေးက အကျင့်ကို လှုပ်နှိုးရင်း အရှောင်လည်း ထထိုင်မိတယ်။ ပွဲက တော့စပါပြီ၊ အရှောင်တို့လင်မယားအိမ် တံခါးလေးဖွင့် ကြည့်တော့ . . . လားလား။

ရှေ့မှာ ရွာသားတွေ အုပ်လိုက်ကြီး။ အသံတွေကလည်းဆူလို့။ ထိုင်သူကထိုင်။ မတ်တတ်ရပ်ပြီး လက်သီး လက်မောင်းတန်းအော်နေသူတွေက အော်နေ။ လက်ထဲမှာလည်း သွပ်ပြားတွေကို တုတ်နဲ့ချီပြီး မီးသွေးခဲနဲ့ရေးထားတာက သူတို့အော်သံတွေကိုပါပဲ။

"လက်ပံတောင်နဲ့ အရှောင်လုံးဝမဆိုင်"

"အခုခြံဖျက် အခုလက်ထဲအပ်" ဆိုတာတွေလည်းပါတယ်။

အရှောင်ခေါင်းကုတ်ပြီး "ဝေးဘာတွေဖြစ်နေကြတာတုံး။ ကောင်းကောင်းမအိပ်ရပါလား နင်တို့ တော်တော်ဆူတယ်"လို့ ပြောလိုက်တယ်။

"အိပ်မနေနဲ့ ။ ခင်ဗျားမအိပ်ဖူးတာကျလို့။ ဒီမှာ ဒါရွာသားတွေရဲ့ဆန္ဒပဲ။ ခင်ဗျားဒါကို မလိုက်လျောရင် ဆိုင်ရာကနေလာမယ်"လို့ ပြောလိုက်သူကတော့ မောင်ညိုပါ။

အရှောင်လည်း ဒီတော့မှ မျက်လုံးမှေးမှေးတွေပိတ်မတတ်တခွီးခွီးရယ်လိုက်ရင်း "မောင်ညိုလေး မင်းစာသိပ်တတ်နေပါလားကွ။ လုပ်လေ။ လုပ်စမ်းပါ။ နင့်ဘာသာ ဆိုင်ရာမကလို့ သမ္မတကြီးပဲပြောပြော။ လုပ်ပါ။ ဝ လက်ခံမယ်။ လူကြီးတွေဆုံးဖြတ်ပစေ" လို့ ခပ်ပြတ်ပြတ်ပြောပြီး တံခါးကို ဆောင့်ပိတ် ဝင်သွားတယ်။

အော်လက်စ ရွာသားတွေလည်း ဆက်အော်ရမလား။ ဆက်ထိုင်နေရမလားမသိတဲ့မျက်နှာတွေနဲ့ ငူငူကြီးတွေဖြစ်လို့။

နောက်တော့ အလုပ်ရှိသေးတယ်ဆိုပြီး တစ်ယောက်ပြီး တစ်ယောက် ထွက်သွားလိုက်ကြတာ ကျန်ခဲ့တာက မောင်ညိုနဲ့ရွှေမိ။

သူတို့ကတော့ လက်မလျှော့ပါဘူး။ တကယ်တော့လည်း ကိုယ့်ရွာကိုယ့်မြေက သက်မဲ့အများ ပိုင်တောင် ။ ဒီလိုလုပ်တာကတော့ မဖြစ်သင့်တာမို့ နှစ်ယောက်သားခေါင်းချင်းဆိုင်ပြီး မြို့တက်ဖို့ ဆုံးဖြတ်လိုက်ပါတော့တယ်။

(၆)

အဲဒီလိုနဲ့ပေါ့လေ။

နောက်ဆုံးတော့ ရွာမှာပဲ မြို့က လူကြီးသူမတွေ ဆင်းလာတယ်။ တောင်ကိုကြည့်တယ်။ အရှောင့်အိမ်က ဧည့်ခံတဲ့ ဝက်သား သုံးထပ်သားနဲ့ ပွဲတော်တည်ပြီး အရှောင့်အိမ်မှာပဲ စည်းဝေးခေါ်ပါတယ်။

နက်ပြာရောင်ဝတ်စုံနဲ့ အစိုးရဌာနတစ်ခုက လူကြီးဆိုသူက

"ကဲ အားလုံးပဲ။ ဒီနေ့ ကျွန်တော်တို့နိုင်ငံဟာ ပြုပြင်ပြောင်းလဲရေးတွေ လုပ်နေပါတယ်။ လူကြီး တွေကလည်း စေတနာအပြည့်နဲ့ လုပ်နေတာမို့ ဒီလိုတွေ စိတ်ဝမ်းကွဲ ကြတာဟာ နိုင်ငံတော်ရဲ့ စေတနာကို မလေးစားရာ၊ မရှင့်ကျက်ရာကျပါတယ်။ ဒီတော့ အရှောင်တို့ ဆိုတာကလည်း ဆွေမျိုးပေါက်ဖော်တွေပဲ။ တစ်မြေတည်းနေသူတွေပဲ။ အချင်းချင်းပြဿနာ မဖြစ်ကြပါနဲ့။ ဟုတ်ပြီလား။ အားလုံးသိအောင်ပြောရရင် တကယ်တော့ ဒီတောင်က အရှောင့်အဘိုးလက်ထပ်ကတည်းက အဲဒီတုန်းက သူကြီးက ပေါင်ထားတာဗျ။ ဒီမှာ ကြည့်

စာချုပ်" လို့ ဝါကြန့်ကြန့်စာရွက်တစ်ရွက်ကိုထုတ်ပြပါလေရော။

မောင်ညိုတို့ ရွှေမိတို့မှာမျက်နှာကို မည်းလို့။ ကိုထွားကြီးက တိုးတိုးပြောတယ်။

"ငါပြောသားပဲ ။ ဒါစာရွက်စာတမ်းကိစ္စပါဆိုတာကို"

ဒါပေမဲ့ မောင်ညိုတို့ကလည်း ကန့်ကွက်တာပေါ့။

"လူကြီးမင်းများခင်ဗျား။ အရင်က လုပ်ခဲ့တာ ဆိုပေမယ့် ဒါတွေ ကျွန်တော်တို့မသိပါဘူး။ ဒီတော့ ရှာခံတွေမသိဘဲလုပ်တာ တရားမဝင်ပါဘူး။ ဒီတော့ အခု ပြောင်းလဲနေတဲ့ ခေတ်သစ်ကြီးမှာ ပြောင်းလဲမှုအတိုင်း လုပ်ပေးပါ။ ဒါဟာ ဘုံပိုင်ဖြစ်တဲ့ အတွက်အား လုံးလွတ်လပ်စွာ ထင်းရှာ ဝါးခုတ်နိုင်ဖို့ ခွင့်ပြုပေးပါ"လို့ တောင်းဆိုတယ်။

ဒီလိုနဲ့ ဆုံးဖြတ်ပေးပါမယ်ဆိုတဲ့စကားနဲ့ စည်းဝေးပွဲကပြီးသွားပါတယ်။

ရှာသားတွေလည်း ကိုယ့်အလုပ်ကိုယ်လုပ်။ ဒီလိုပဲနေမြဲ ပေါ့ဗျာ။ မကြာပါဘူး တစ်ပတ်လောက်မှာပဲ မြို့က စာထွက်လာပါတယ်။

"လက်ပံကုန်းရွာတွင် လက်ပံတောင်သည် သဘာဝအတိုင်းဖြစ်တည်နေသည့်တောင် မှန်ကန်ပါသည်။ သို့သော် ထိုတောင်အား ဦးစိန်ရှောင်တို့ ဘိုးဘွားစဉ်ဆက် ထိန်းသိမ်း စောင့်ရှောက်လာသည့် အတွက် ဦးစိန်ရှောင်တို့ ကျေးဇူးမကင်းသည်မှာလည်း မှန်ပါသည်။ သို့ရာတွင် လက်ပံကုန်းရွာသူရွာသားများ၏ လိုအပ်ချက်ကိုလည်း ဦးစိန်ရှောင်မှ စာနာသနားပါသဖြင့် လွတ်လပ်စွာခုတ်ခွင့်ပြုပါမည့် အကြောင်းတင်ပြသည့်အတွက်ယနေ့မှစ မည်သူမဆိုလွတ်လပ်စွာ ဝင်ထွက်နိုင်ပါကြောင်း အသိပေးပါသည်။ သို့သော် တောင်ပြုန်းတီးမှု မရှိစေရန် အတွက် ခုတ်ထွင်လိုပါက အရေအတွက်ကို ဦးစိန်ရှောင်ထံ တင်ပြရမည့်အပြင် ထိုတင်ပြမှုအား ဦးစိန်ရှောင်မှတစ်ဆင့်မြို့နယ်သို့တင်ကာ အမှန်တကယ်လိုအပ်ကြောင်း အတည်ပြုမှသာ ခုတ်ခွင့်ရမည် ဖြစ်သည်။ ထို့ပြင် ရွာသူရွာသားများ အနေဖြင့်

**တောနှင့်တောင်**
**အပေါင်ခံခြင်း**
**ယနေ့မှစ**
**မပြုရဟု**
**တားမြစ်လိုက်သည်**
**• • • • •**

လက်ပံတောင်တွင် ရှိသော တရုတ်ရိုးရာ နတ်ကွန်းအား ဖျက်ဆီးခြင်းမပြုရန် အထူးသတိ ပေးလိုက်ပြီး နတ်ကွန်းအနီး သန့်ရှင်းရေးကိုပါ တောင်တွင်းဝင်ထွက်သူတိုင်း မဖြစ်မနေလုပ်ရမည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။ အထူး အနေဖြင့်မူ ယနေ့မှစ၍ မည်သူမျှ တောနှင့်တောင် ပေါင်ခြင်း မပြုရဘဲ ဦးစိန်ရှောင်သည်လည်း တောနှင့်တောင် အပေါင်ခံခြင်းယနေ့မှစ မပြုရဟု တားမြစ်လိုက်သည်" တဲ့။

မောင်ညိုတို့ကတော့ တောက်တခေါက်ခေါက်ပေါ့လေ။ မကျေနပ်ဘူး။ အထက်ဆက်တက်မယ်လို့ တဖွဖွ ပြောနေပါတော့တယ်။ ရွှေမိကတော့ ရရင်ရ မရရင်ချမတဲ့။ ကျန်ရွာသူရွာသားတွေကတော့ မျက်လုံးလေးကလယ်ကလယ်။ ထင်းလုပ်ဖို့ အရေး မြို့နယ် ခွင့်ပြုချက်တင်ရဦးမတဲ့။ ပိုတောင်ခက်သွားသလားညည်းသူကညည်းကြတယ်။

ကိုထွားကြီးကတော့ ဘွင်းဘွင်းသမားပီပီ

"ဟေ့ ထင်းမရှိချက်မစားဘူးဟေ့။ တကတည်း တောနဲ့တောင် ပေါင်ရအောင်ကလည်း တောလည်း တို့မပိုင်၊ တောင်လည်း တို့မပိုင်။ ပေါင်ခဲ့တာက သူကြီးတဲ့။ သူ့သာ လိုက်ရှာပြီး နာရင်းနာနာ အုပ်ဖို့ပဲရှိတယ် လခွီး"လို့ အဆဲလေးနဲ့ ပတ်တောပိတ်တယ်။

(၇)

နောက်တစ်နေ့ကျတော့ အရှောင့် အပေါင်ဆိုင်နဖူးမှာ စာကြီးကို ထင်းနေတာပဲ။ ဘာတဲ့

"ယနေ့မှစ တောနှင့်တောင် မှလွဲ အကုန်အပေါင်ခံသည်"တဲ့။ လုပ်ပုံ။ လုပ်ပုံ။

အဲဒီနေ့မှာပဲ အပေါင်ဆိုင်ကောင်တာနောက်မှာထိုင်ရင်း စပ်ဖြီးဖြီးလုပ်နေတဲ့လင်တော်မောင်ကို အကျင်တွေ့တော့ ဒီတစ်ခါတော့ မနေနိုင်တော့ပါဘူး။

"ဟဲ့အရှောင် နင်ဒီလိုပြုံးပြုံးနေတာ တစ်ခါမကတော့ဘူး။ ငါ့လည်းပြောပါဦး ။ အဲလောက် သဘောကျနေရအောင် ဘာတွေအူမြူးနေတာလဲ"ဆိုတော့

အရှောင်က " ခွီးခွီး --ရယ်ချင်လို့ပါ အကျင်လေးရယ်။ ဪ ရွာသားတွေသနားစရာပါကွယ်။ နားမလည်ရှာကြဘူး။ ဒီမှာ နင်တောင်မသိဘူး။ ဒါ အဘိုးလက်ချက်ဟ" လို့ ပြောတယ်လေ။

ဒါနဲ့အကျင်ပိုစိတ်ဝင်စားသွားတယ်။

"ဘာတွေလဲအရှောင်။ ငါနားမလည်ဘူး။ နင်ဘာတွေပြဿနာရှာပြန်ပြီလဲ။ ဆိုင်လည်းမပိတ်ရတာကံကောင်းနော်။ စာတောင်ကပ်ထားရတယ်"လို့ ပြောတော့

"နင်မသိဘဲတော်စမ်းပါဟာ။ ဒီမှာ တကယ်တော့ ဒီတောင်က အပေါင်ခံထားတာမဟုတ်ဘူး နင်သိပြီလား"

"ဟင် ဒါဆို နင်လိမ်တာပေါ့။ ဒုက္ခပါပဲ။ ရွာသားတွေသိရင် ပိုဆိုးကုန်တော့မယ် ။ အရှောင် နင် ငါတို့ ဒုက္ခရောက်အောင်လုပ်နေတာ လား" လို့ အကျင်လည်း မျက်စိ မျက်နှာပျက်ပျက်နဲ့ ပြောတော့

အရှောင်စိတ်တိုသွားတယ်။ ဒါပေမဲ့ စိတ်တိုတာထက် ပိုပြီး ရယ်ချင်နေဟန်မျက်နှာနဲ့

"ခွီးခွီး. . . မီးမရယ် အရှောင်တို့ကမပိုင်ရင် လုပ်မလား။ ဒီမှာကြည့် တကယ်တော့ ဒီတောင်ကို အဘိုးက အပေါင်ခံထားတာ မဟုတ်ဘူး။ ဝယ်ထားတာ ။ ဝယ်ထားတာ။ သူကြီးက အပြတ်ရောင်းခဲ့တာဟေ့။ သိပြီလား"လို့လည်းပြောလိုက်ရော အကျင်တစ်ယောက် မှေးနေတဲ့ မျက်လုံးလေးပြူးလို့။

"ဟင် အဲလိုလား။ ဒါဆို အခုကပ်ထားတဲ့စာအရဆို မပိုင်တော့ဘူးလားဟဲ့"

ဒီတစ်ခါတော့ အရှောင်က ပိုင်ပိုင်ကြီးပြုံးလိုက်ပါတယ်။ ပြီးတော့မှ

"အကျင်ရယ် ။ ဒါ ရွာသားတွေ ကျေနပ်အောင်လုပ်လိုက်တဲ့အကွက်ပါ။ မပူပါနဲ့။ ပိုင်ဆိုင်မှုက ဒီမှာ စာချုပ်နဲ့လေ။ ဒီအတွက်လည်း ငါမြို့ကို လှူစရာရှိတာလှူပြီးသား။ ဝတို့ပဲ ပိုင်တာပါ ။ ခုတ်ကြပါစေ။ သူတို့ခုတ်ချင်စာတင်။ အပေါ်က ခွင့်ပြုမှ ခုတ်ကြလေ။ ခွီးခွီးနင့်ယောကျ်ားမပိုင်ဘူးလား။ စာကပ်တယ်။ ဟုတ်တယ်။ ဘာဖြစ်လဲ။ ယနေ့မှစ တောနှင့်တောင်မှလွဲ အကုန် အပေါင်ခံသည်။ အရောင်းအဝယ်မလုပ်ပါလို့မှ မပါဘဲလေ" လို့ပြောပြီး တခွီးခွီးရယ်ပါတော့တယ်။

ဒီတော့မှ အကျင်လည်း သူ့လင်တော်မောင် အရှောင်ပြုံးပြုံးနေပုံကို သဘောပေါက်ပြီး သူပါ အားရပါးရ ပြုံးနေပါလိုက်တာများ နှာခေါင်းလေးကိုတိုလို့။


ဒီလိုနဲ့ပဲ လက်ပံကုန်းရွာက လက်ပံတောင်ဇာတ်လမ်းဟာ ပြုံးပြုံးကြီးနဲ့အဆုံးသတ်သွားပါတော့တယ်။

အကြွင်းအကျန်ဆိုလို့ဟိုတစ်ခါ အရေးဆိုတုန်းက ကျန်ခဲ့တဲ့ ဆိုင်းဘုတ်တစ်ခုတောင် အရှောင်တို့က ကောက်ပြီး အိမ်နံရံလေး ကာထားတော့ အပေါ်က "ယနေ့မှစ တောနှင့်တောင်မှလွဲ အကုန် အပေါင်ခံသည်" ဆိုတဲ့စာအောက်မှာက အိမ်နံရံပေါက်ဖာထားတဲ့ဆိုင်းဘုတ်လေးမှာတော့ "အရှောင် အပိုင်စီးတဲ့တောင်ကြီးပြန်ပေး"ဆိုတာလေးက မှိန်လို့ ပျက်လို့ ။


နက္ခတ်နီ

# FUNNY PAGE


မေမေ
ပြုတ်ကျဦးမယ်နော်


ပြေးရတာချင်း အတူတူ


ကော်နက်ရှင်ကတော့ ရှယ်ပဲ...


ဪ...ကော်နက်ရှင်ရယ်
ဘယ်အချိန်ထိ စောင့်နေရဦးမှာလဲ


GENIUS
ကိုယ့်ကိုယ်ကိုယ်သတ်သေမယ်မကြံနဲ့နော်
သေနတ်နဲ့ ပစ်လိုက်မယ်


ဒီလူကြီးကတော့ နာတော့မယ်....

# ကတ်သီး ကတ်သတ် ပြောတဲ့

## တောက်တီး တောက်တဲ့



### တဏှာရာဂတွေကို ခေတ္တပယ်ရှားပေးကြစေလို

အနုပညာလောကထဲကို ဝင်လာတဲ့ အမျိုးသမီးလေးများဟာ ငွေကြေးရဲ့ဒဏ်ကို ခံနိုင်တဲ့သူ နည်းပါတယ်။ အပြိုင်အဆိုင်ဝတ်ချင်၊ သုံးချင်စိတ်တွေကြောင့် ကိုယ့်ကိုယ်ကိုယ် အနုပညာကြေးတင်မက အရှုပညာဈေးတွေပါ ဖွင့်ကြရတယ်။

မီဒီယာထက်ကနေ ရည်းစားမရှိသေးပါဘူးဆိုပြီး available လုပ်လို လုပ်၊ စူစူပြူပြူလေးများနဲ့ one get one free ပြောတော့မယောင်ယောင် မျက်နှာပေးမျိုး ပေးလိုပေး။ မီဒီယာများကလည်း အမျိုးသမီးတို့ ပုံရိပ်ကို လေးစားအားကျစဖွယ် မျိုးကို တယ်ပြီးအသားမပေးချင်။ မင်းသမီးနားထဲ မျှော့ဝင်လည်း သတင်း၊ ပါးစပ်ထဲ လျှာတစ်လစ်ဖြစ်လည်း သတင်း၊ အတ္တာထဲ အတ္တာဝင်လည်း သတင်း၊ နောက်ဆုံးသတင်းကတော့ ဟိုမင်းသမီး ပေါက်စလေးက ရွှကြေး သိန်း ၁၂၀ ဖွင့်လိုက်တဲ့သတင်း။ ဒါမျိုးကြားရင် ရှန်းကန်နေရပြီး ငွေလိုနေတဲ့ မိန်းကလေးငယ်လေးများက တလွဲအားကျနိုင်တယ်။ အားမကျဖို့ပြောရမယ်ဆိုရင် ပွဲစားတွေ၊ အောင်သွယ်တွေ၊ ခေါင်းတွေဆီမှာ အချိန်စာရင်း၊ လူစာရင်းနဲ့တကွ ကြေးစာရင်းတွေပါ ကိုင်ထားလို့ ကိုယ့်အနာဂတ်အတွက် သိက္ခာကို သူတို့ဆီမှာ စပေါ်တင်ထားရသလိုပါပဲ။ ပြန်ရွေးချင်ရင်လည်း ကြေးကြီးပါသနော်။




တိုင်းပြည်တိုးတက်အောင် ဝိုင်းကြ ဝန်းကြရမယ့်အချိန်မှာ ဦးဦးတဏှာပိတို့ကလည်း ခဏခဏထတတ်တဲ့ သွေးအထ လေအဖိရောဂါကို နိုင်အောင် သတ်လို့ တကယ်လိုအပ်တဲ့ နေရာတွေမှာ ဝိုင်းဝန်းကူညီကြပါဦး။ တဏှာရာဂ ကာယဆယ်ရေးတွေကို ခဏနားပြီး တိုင်းပြည်မှာ တကယ် လိုအပ်နေတဲ့ လူမှုရေးထည့်ဝင်ငွေတွေ၊ လူမှုရေး တာဝန်ယူမှုတွေဘက် ဦးလှည့်ကြပါဦးလို့။

## ယောင်တတ်ကြလွန်းလို့

ဒို့မြန်မာများဟာ သူများယောင်ရင် လိုက်ယောင်တတ်တဲ့အထဲ ထိပ်ဆုံးကလို့ပြောရင် နာကြဦးမယ်။ တောက်တဲ့မတို့ရွာထဲမယ် ဆီပုလင်းလေးကိုင်ပြီး လမ်းလျှောက်ရင်း နွားတစ်ကောင်လောက် သေးပေါက်တာ မြင်လိုက်လို့က တော့ ကိုယ့်လက်ထဲက ဆီပုလင်းကိုပါ သွန်ပစ်မိတာ။ အဲ . . . ဖေ့ဘုတ်ကြီးပေါ်မယ်ကြတော့ သူများ share ရင် လိုက်ရှဲ၊ သူများ ဆဲရင် လိုက်ဆဲ၊ သူများမည်းရင်လိုက်မည်း။ သူများသည်းရင်လိုက်သည်း။ သူများကဲရင် လိုက်ကဲ။ သူများဟဲရင် လိုက်ဟဲ။ သူများက ဒါကို profile ပြောင်းကြဟေ့ဆို လိုက်ပြောင်းနဲ့ ဟုတ်နေရော။

အကြောင်းကိစ္စတစ်ခုပေါ်လာရင် ပြဿနာအဆင့်ဟုတ်ရဲ့လား၊ ပြဿနာရောဟုတ်ရဲ့လား၊ ပြဿနာဆိုတာရော သေချာပြီလား၊ ဘာတွေကြောင့် အခြေအနေတွေက ကိုင်တွယ်ရခက်နေတာလဲ၊ အဖြေကို ရှာတွေ့နိုင်လားတွေ မစဉ်းစားဘဲ ပြဿနာပုံချဖို့ လူ (သို့) အဖွဲ့ကိုပဲ ချက်ချင်းတွေးပြီး တရားခံရှာတတ်တဲ့ ညဉ်တွေနဲ့ပဲ ဝိုင်းရေးတာ များကြတယ်။ ဖြစ်နိုင်၏ မဖြစ်နိုင်၏ သေချာမစဉ်းစား၊ အပေါ်ယံခံစားချက်လောက်နဲ့ပဲ နက်နက်နဲနဲ မစဉ်းစားဘဲ အပြစ်တင်ကြ၊ ဝေဖန်ကြ၊ လေကန်ကြဆိုတာ အားလုံးအသိပါပဲ။

ဒီတော့ကာ အားလုံးတိုးတက်ချင်ကြတယ်ဆိုရင်တော့ သူများယောင်အမောင်တောင်မှန်းမြောက်မှန်းမသိဘဲ လိုက်ယောင်တတ်တဲ့ ဒီလိုစတန့်မျိုးတွေကိုမလုပ်ကြတော့ပဲ ပြဿနာတစ်ခုကြုံလာရတယ်ဆိုရင် သေသေချာချာ လေ့လာသုံးသပ်၊ ကိုယ်ကိုယ်တိုင်လည်း အဖြေမှန်ရစေဖို့အတွက် ဝိုင်းစဉ်းစား၊ ဝိုင်းမေး ခွန်းထုတ်၊ အခြေအနေတွေကိုနားလည်ပြီး ဝိုင်းကူညီပေးတဲ့ စတန့်မျိုးပြောင်းထွင် ကြည့်ကြရအောင်လား။

တောက်တဲ့မရဲ့ညီမတစ်ယောက်လည်း အများကိုအားကျတော့ ဘာလုပ်လုပ် ဖေ့ဘွတ်ပေါ် တင်တာ။ အိပ်ရာထ၊ မျက်နှာသစ်၊ သွားတိုက်၊ ရေချိုး၊ အစာစား၊ အပြင်သွား၊ အိမ်ပြန်၊ TV ကြည့်၊ အိပ်ရာဝင်၊ အစီအစဉ် တိုင်းတင်တာ။ အိမ်ရဲ့နေရာအစုံ၊ အိမ်ဖော်အစုံ လူအကုန်အကြောင်း မသိချင်မှအဆုံး။ တစ်ရက်သားမယ် အိမ်ရှိလူကုန် အလှူသွားမယ်ဆိုပြီး တင်တော့ တစ်အိမ်လုံးအလွတ်ရနေတဲ့ FB ပေါ်က သူခိုးက အေးအေးဆေးဆေးလေးဝင်ခိုးပြီး message box ထဲကနေ ကျေးဇူးစကားဆိုပြီး နှုတ်ဆက်သွားလေရဲ့။





## Funny Photo









# ချစ်နေမှာပဲ


မောင်တောက်တီးတို့ သူငယ်ချင်းတစ်စုကတော့ ကွန်နက်ရှင်လေး နည်းနည်းကောင်းပြီဆိုတာနဲ့ facebook တစ်ခွင်ပြဲပြဲစင်အောင် မိန်းကလေး ချောချောလေးတွေ ရှာပုံတော်ဖွင့်နေကျပါပဲ။ အဲသလို ချောချောလေး တစ်ယောက်လောက်ကိုများ တွေ့လိုက်ပြီဆိုတာနဲ့ ကိုယ့်အချင်းချင်း ရှယ်ကြဖို့ကိုလည်း ကတိထားရသေးတယ်။ ပြီးမှ ကောင်မလေးတင်ထားတဲ့ ပုံတွေကို မွှေနှောက်ကြည့်ရှုပြီး ကွန်မင့်နုနုလေးတွေပေးကြ၊ Like တွေလုပ်ကြ၊ သူငယ်ချင်းအဖြစ် လက်ခံအောင် ပြောကြနဲ့ တော်တော်အလုပ်ရှုပ်ကြရတယ်။ အဲသလိုလုပ်နေကြချိန်မှာ ကွန်နက်ရှင်များကျသွားလို့ကတော့ သေပေတော့ MPT ပဲ။ MPT ကိုဆဲဆိုကြိမ်းမောင်းသံတွေ မကြားဝံ့မနာသာ ထွက်လာကြတော့တာပါပဲလေ။ ကွန်နက်ရှင်လေးကလည်းကောင်း သူတို့အသည်းအသန်လိုက်ချိတ်နေကြတဲ့ ကောင်မလေးတွေနဲ့ကလည်း အဆင်ပြေဆိုလို့ကတော့ မျက်နှာကြီးတွေ အဆီပြန်ပြီး၊ ပြုံးဖြီးဖြီးကြီးတွေဖြစ်၊ ထမင်းမေ့ဟင်းမေ့ ကွန်ပျူတာရှေ့က မထတော့ပဲကိုး။ ခုလည်း အလန်းစားကောင်မလေး တစ်ယောက်ကို မောင်တောက်တီးတို့ တစ်အုပ်စုလုံး ဝိုင်းပြီး 'ဂေါ်' နေကြပြန် သကိုး။ ကောင်မလေးကတော့ ခုထက်ထိ သူတို့ကို ဘာမှပြန်မပြောသေးပေမယ့် သူတို့ရဲ့ ကွန်မင့်တွေ၊ ကလိတိတိ ရိတိတိ စကားတွေ၊ မိတ်ဆက်စကားတွေ၊ အိပ်ခါနီး နှုတ်ဆက်စကားတွေ၊ မိုးလင်းနှုတ်ခွန်းဆက်တွေကတော့ ကောင်မလေးရဲ့ ပုံတွေအောက်မှာပြည့်နေပြီ။ အဲသလို 'ဂေါ်' ရေးပြနေကြတာ ၃ ရက်လောက်လည်းရှိရော ကောင်မလေးရဲ့ Wall ပေါ်မှာ လူတစ်ယောက်က ရေးထားတဲ့ စာပိုဒ်တစ်ခုကို တွေ့ကြရပါလေရော။




စာက ဒီလို "facebook တစ်ခွင်တွင် လွှန်စွာနှာဘူးထကြ ဂေါ်ကြောသန်ကြသည့် အမောင်လုလင်တို့သည် ကောင်မလေးလှလှ တစ်ယောက်တွေ့သည်နှင့် ချစ်ချာလေး၊ so sexy, so cute၊ ချစ်ချင်လိုက်တာ အစရှိသည်ဖြင့် ဝင်ရောက်မှတ်ချက်ပေးကြကာ၊ နေ့မနားညမအား ဝိုင်းဝန်းဂေါ်ကြရာ ယခု Wall ပိုင်ရှင်၏ ဓာတ်ပုံများအောက်တွင် ယင်းသို့သော မှတ်ချက်များကို ယခုတစ်လော ပို၍ ပို၍ တွေ့လာလေရကား မိမိခမျာ အသံကုန်ဟစ်၍သာ အတောမသတ် ရယ်မောလိုက်ချင်ပေတော့သည် တကား။

ဒါနဲ့ပဲ မောင်တောက်တီးတို့အုပ်စုလည်း ဘာကိုဆိုလိုမှန်းသေသေချာချာမသိကြတာနဲ့ အူကြောင်ကြောင်ဖြစ်နေတုန်း သူတို့ထက် facebook ဝါရင့်တဲ့ ငနဲတစ်ကောင်ရဲ့စကားကြောင့် အားလုံးပက်လက်လန်လုမတတ် ဖြစ်သွားကြရတော့သကိုး။ နောက်ပိုင်းစုံစမ်းကြည့်ကြတော့လည်း ဒီငနဲ ပြောတာ ဟုတ်တယ်။ မောင်တောက်တီးတို့ ဝိုင်းဂေါ်နေကြတဲ့ ကောင်မလေးဆိုတာ တကယ်တော့ ကောင်မလေးအစစ်မဟုတ်တဲ့ ဂေးလေးဆိုတာ သိရတော့တယ်။ ဒါတောင် မောင်တောက်တီးသူငယ်ချင်းတစ်ယောက်ကတော့ မလျှော့သေးဘူး။ "အိုကွာ. . . လှလို့လှတယ်ပြောတာပဲ. . . ဂေးမကလို့ ဘာကြီးဖြစ်နေဖြစ်နေ ချစ်စရာကောင်းရင်တော့ ချစ်နေမှာပဲ"တဲ့. . .။





# ပွင့်လင်းမြင်သာမှုရှိကြစေဖို့

၂၀၁၅ နီးလာလေလေ အသံပိုပြီးကျယ်လာလေလေဖြစ်တဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေးဆိုတာကြီးကို တောက်တဲ့မတို့ နားမလည်လို့ ဘယ်လိုအကြံမှမပေးနိုင်ပေမယ့်၊ ခုခေတ်မှာ လူပြောများလာတဲ့ ပွင့်လင်း မြင်သာမှုဆိုတဲ့ ဝေါဟာရကိုတော့ သဘောအကျသားရှင့်။

သူတို့ပြောကြသလိုဆိုရင်တော့ အရင်အစိုးရအဆက်ဆက်လက်ထက်မှာ ပွင့်လင်းမြင်သာမှုမရှိခဲ့သမျှအဝဝကို ဒီမိုကရေစီခေတ်မှာ အပြည့်အဝပွင့်လင်းမြင်သာမှုရှိလာအောင် ပြည်သူအားလုံးကဝိုင်းဝန်းကြိုးပန်းရမယ်ဆိုလားပဲ။ သတင်းတွေကိုပြည်သူဆီချမပြဘဲ ထိန်ချန်ထားတာ၊ နိုင်ငံတော်ဘဏ္ဍာရေးအသုံးစရိတ်နဲ့ပတ်သက်လို့ ပြည်သူကိုအသိမပေးဘဲ သုံးချင်သလို သုံးပစ်တာ၊ အများပြည်သူအကျိုးမှာ ငွေတွေမသုံးဘဲ စစ်တပ်ခေတ်မီတိုးတက်ဖို့အတွက် ငွေတွေကိုသုံးပစ်တာ၊ အစိုးရအဖွဲ့ဝင်တွေရဲ့ ပိုင်ဆိုင်မှုတွေကို ပြည်သူ မသိအောင် ဖုံးထားတာ... အို...ပွင့်လင်းမြင်သာမှု မရှိတာတွေ အများကြီးရှိခဲ့သကိုး။ ကြည့်စမ်း...ဒါတွေကို တောက်တဲ့မတို့ ရာစုနှစ်တစ်ဝက်စာလောက် ခံခဲ့ရတာကိုး။ ခုမှပဲသိရတော့တယ်။ ဒါကြောင့်လည်း ပွင့်လင်းမြင်သာမှုဆိုတာကို ပြည်သူတွေနားလည်သဘော ပေါက်သွားအောင် လုပ်ပေးတဲ့ အဖွဲ့အစည်းအဝဝကိုတောက်တဲ့မ ကျေးဇူးတင်လိုက်တာ မပြောပါနဲ့တော့ရှင်....။ ပြီးတော့ ဆက်စဉ်းစားမိလိုက်တာက ငယ်ငယ်က ဆိုခဲ့ရတဲ့ စာလေးပါ။ မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမည်၊ မိမိအတန်းကို ကောင်းအောင်ကြိုးစားမည်၊ မိမိကျောင်းကို ကောင်းအောင် ကြိုးစားမည်၊ မိမိတိုင်းပြည်အတွက် ကောင်းအောင်ကြိုးစားမည်ဆိုတာလေးကိုပါ။ ဒီသဘောအရဆိုရင် ပွင့်လင်းမြင်သာမှုဆိုတာ တစ်ဦးချင်း၊ တစ်အိမ်ချင်း၊ တစ်ရပ်ကွက်ချင်းကစပြီး ရှိနေမှသာလျှင် တိုင်းပြည်ကြီး တစ်ခုလုံး ပွင့်လင်းပြီး ပွင့်လင်းလူ့အဖွဲ့အစည်းကြီး ဖြစ်မယ်မဟုတ်ပါလား။ ဟဲ..ဟဲ... သဘော တရားကို လက်တွေ့အဖြစ်ချက်ချင်း ပြောင်းကြည့်လိုက်ဦးမယ်။




"ကဲ... အဖေတို့ အမေတို့... သမီးတို့တိုင်းပြည်ကြီး ပွင့်လင်းမြင်သာမှုရှိရေးအတွက် အဖေတို့အမေတို့ကိုယ်တိုင်လည်း ပွင့်ပွင့်လင်းလင်း ရှိကြမှ ဖြစ်မယ်နော်။ အဖေလည်း လခထုတ်ရင် အမေ့ကို ပိုက်ဆံအကုန်အပ်၊ ဟိုချောင်ထိုး သည်ချောင်ထိုးမလုပ်နဲ့။ ကြားပေါက်ရတာ ရှိရင်လည်း ဘတ်မထားနဲ့။ အမေကလည်း ဈေးဖိုးမကုန်ဘဲ ကုန်တယ်မလုပ်နဲ့။ အိမ်စရိတ်ကို မှန်မှန်ကန်ကန်သုံး။ မိသားစုအတွင်း အားလုံး ပွင့်လင်းမြင်သာမှု ရှိနေရမယ်နော်" လို့ ခပ်တည်တည်နဲ့ပြောချလိုက်တယ်။ အဖေကတော့ ရုတ်တရက် ကြောင်သွားပြီး မျက်လုံးကြီးပြူးကြည့်နေတယ်။ အမေကတော့ "ဟဲ့ တောက်တဲ့မရဲ့ ရှိုးရှိုးပဲလုပ်ပါ။ အဆန်းတွေ မထွင်စမ်းပါနဲ့။ တစ်သက်လုံး ငါတို့လင်မယား တည့်တည့်မတ်မတ်နေလာကြလို့ ညည်းတို့ဒီအရွယ်အထိ ကြီးပြင်းလာကြရတာ။ ခုမှ ပွင့်လင်းတာတွေ မပွင့်လင်းတာတွေ လာလုပ်မနေနဲ့။ ကိုင်း... ဒါဆို ညည်းတို့လည်း မုန့်ဖိုးညာမတောင်းနဲ့။ အပိုစရိတ်တွေ လာမပြနဲ့။ ရည်းစားနဲ့ သွားမယ်ဆိုရင် မှန်တဲ့အတိုင်းပြော။ ဟိုလိုလို သည်လိုလိုလုပ်ပြီး ညာထွက်မသွားနဲ့။ လုပ်လေ... လုပ်ပါ... စိမ်လိုက်စမ်းပါ" လို့ပြန်ပြောတော့တာပဲ။ မောင်တောက်တီးကတော့ အိမ်ကို အဘတ်ဆုံးကောင်ဆိုတော့ အခန်းထောင့်မှာ ကုပ်နေရင်းက တောက်တဲ့မကို ခေါင်းခါပြတယ်။ မဖြစ်နိုင်ဘူး သွားမလုပ်နဲ့ဆိုတဲ့သဘော။ အဖေကတော့ "သမီးရယ်...ပွင့်လင်းမြင်သာမှုရှိရမယ်ဆိုတိုင်း ပွင့်လင်းလိုက်လို့ကတော့ကွာ။ ကိုင်း.. ညည်းကိုယ်ညည်းပဲ ပြန်မေးကြည့်စမ်းပါ။ ဘယ်လောက် ပွင့်လင်းမြင်သာမှု ရှိနေပြီလဲလို့။ ဟိုကောင် ငဘတ်... တောက်တီးရော ဘယ်ချောင်ကုပ်နေတာလဲ။ လာစမ်းပါ။ ပွင့်လင်းမြင်သာလိုက်ကြချင်လွန်းလို့....ဟွင်းဟွင်း..."











AMERICAN VISION
the authorized dealer of Swarovski Eyewear in Myanmar
Tel: + (01) 242476 | 241897| 241898